



နွှတ္တကျောင်မြည်
မဂ္ဂဇင်း


S.A
Lighting
SOE AUNG & BROTHERS COMPANY LIMITED
စိုးအောင် (ဘရားသား)
首旺照明
MCB & RCCB
ABB
PVC-LINK
WIREMAN
legrand
U-LIT
MADE IN MALAYSIA
Jasmart
Switch & Socket
FKS
FSL
Light Up The World
LED Lighting
NIKKON
Made In Malaysia
LED
YiYuan Te
Lighting
Made In Malaysia
J-LITE
NISHU
AUTOMATIC VOLTAGE STABILIZER
MADE IN VIETNAM
QPS
Automatic Voltage Stabilizer
Made In Malaysia
Central Cables Berhad
Made In Malaysia
Magnum
Cable
XLPE
CROWN WIRE
PVC INSULATED POWER CABLE & WIRE
MITSUBISHI
LESSO
Building a Better Life
BOSCH
Invented for life
① No.156, (A/B) 30th Street, Pabedan Township, Yangon. 246434, 240105 FAX : 252320
② No.145, (A) 30th Street, Pabedan Township, Yangon. 248294, 246029, 246031, 385614
③ No. 15, Kaba Aye Pagoda Road, Yankin Township, Yangon. 663234, 665088, 662736, 662842, 701481, 09-31288118
④ No.1, Building (32), 7thJade Street, Saw Bwar Gyi Gone, Insein Tsp, Yangon. 644322, 663778, 09-43070670
⑤ No. 120, Pyay Road, 10 Miles Gone, Insein Tsp, Yangon. 663366, 662143, 666176, 09-421093254

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နဂါးရွှေရောင်ခြည်

နဂါးရွှေရောင်ခြည်

နဂါးရွှေရောင်ခြည်













## စက်ကြီး(၁၃)ပါး မန္တရားတော်

"ပြောင်း တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊
တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓါရဟန္တာစက်၊
မြင်းမိုရ်တောင်ဦး မကကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဇူး အထူးသိလျက် ဆရာ့စက်၊
ဝရဇိန်လက်နက် ပြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျွလျက် နတ်တို့စက်၊
ဘွဲ့မြူလက်နက် ဘီလူးစက်၊ တောင်ပုန်မြင်းလျက် ဂဠုန်စက်၊
အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊
သုံးတောင်သချာ ဟိမဝန္တာ အာဏာစိုးလျက် သီဟစက်၊
စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများငြိမ်မှု
မကောင်းသူတို့ ဝေးကကြဉ်ရှောင်၊ အောင်စေတတ်သည်၊ မြတ်သည့်ဆရာ ပညာတည်း။
ပြောင်း နမော ဗုဒ္ဓါနုဘာဝေန၊
ပြောင်း နမော ဓမ္မာနုဘာဝေန၊
ပြောင်း နမော သံဃာနုဘာဝေန၊
ပြောင်း ဒုရေ ဒုရေ သွား ဖုံ ဖုံ။"

လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း

# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း





ရှင်အရဟံ နေ့ပင်သိမ်ပြနေ၍
မုဋ္ဌေါတုက်တော်ကြီးကို ပေါက်ရောက်အောင်
အားထုတ်သွားနိုင်ခဲ့သော လူ့သူတော်ကြီးကို...

စာ-၅၁


စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
မအောင်မ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင့်
(စေတနိကာယကောဝိဒ၊ဝိနယရေ၊ဓမ္မာစရိယ)
* ဦးသီဟ
[သာသနဓဇဓမ္မာစရိယ]

ဥပဒေအကြံပေး
ဦးထွန်းဝိန်
B.A(Myanmar), H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S(Ygn)
ဒ-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A.A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.
T.L.R.M.(INDIA)

ထုတ်ဝေသူ
ဦးကျော်မိုးသိန်း(၀၀၇၃၄၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
၂၁၀၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးနန်းဝေ (ခ) ဦးရဲနိုင်(၀၁၂၈၅)
အောင်နန်းသစ်ပုံနှိပ်တိုက်၊ အမှတ်-၄၄၊ ၅၅-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မီးလုံးနှာစာပေ (တောင်ကြီး)၊
ဝင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော့နှကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၁၅(ပထမထပ်)၊ ၂၉လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၇၆၃၄၆၉၇၈၅၊ ၀၉ ၄၄၃၂၅၇၂၂၀။

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ
အမှတ် ၃၈၇
တန်ဖိုး – ၂၄၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်လေးရာကျပ်]
အုပ်ရေ
၁၀၀၀
ဖုန်း- ၀၉ ၇၇၆၃၄၆၉၇၈၅၊
၀၉ ၄၄၃၂၅၇၂၂၀။




F.1A. October, 2018.



မြန်မာနိုင်ငံတွင် တစ်ဆူတည်းသော
လက်တော်ရာဘုရားဖြစ်သည်
လက္ခဏာပညာရှင်များ ဖူးသင့်သောဘုရားဖြစ်သည် ... စာ-၉

ဒီဖြဲ့းရှုတော်အတွင်းမှ
ကြံ့ကြံလင်းအားဖြင့်သော စမ်းချောင်းမှ
နှမ်းညီနောင် ဖြစ်သည် ... စာ-၁၉



## * ဗေဒခုံမြင်းရောင်ခြည် *


ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊
နန်းစန္ဒာတိုင်းရင်းဆေးကုဌာနမှ
ဆရာမကြီးဒေါ်မြင့်စန်း(သိမ်ဖြူ) (တဆ-၀၁၁၅၇)
ပြောသော အသက်ရှည်စွာ အနာမဲ့ကြောင်း
နည်းလမ်းကောင်းများ [မြောင်းမြ မောင်ယဉ်ဆင့်] ၂၂၀


## ■ ပညာပေးရောင်ခြည် ■


နွေသားအလိုက် နေထိုင်ရာ ဒေသတွင် မည်သို့သော
အဆင့်အနေဖြင့် နေရမည်နည်း
[အောင်မြတ်စိုင်-မှုင့်ဖြူ] ၁၃၂
ဗေဒင်စာအုပ်များထဲမှ နဂါးလှည့်အယူအဆ
[ရွှေဘို ဦးအောင်သန်း] ၁၈၅


## လက္ခဏာရောင်ခြည်


လက္ခဏာပဟေဠိ အဖြေညှိကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၅၇
နာတာရှည်ရောဂါ ခံစားရတတ်သလား ၁၆၉
ရာနှုန်းပြည့်နီးပါး မှန်သော လက္ခဏာဟောကွက် ၂၀၅


## ☛ ဖမ်းရှုနှ်ရောင်ခြည် ☛


ပေါက်သိမ်ထူးကြီးများ [(မင်းတဲ)ရွှေမင်းသား-မန္တလေးမြို့] ၄၉
အံ့ဖွယ်ထူးခြား တည်ထားခဲ့သော မင်းဝံတောင်စွန်းမှ
ရွှေမုဒ္ဒောစေတီတော် [ရွှေမင်းသား-စစ်ကိုင်း] ၅၇
ထူးထွေဆန်းပြား ဒီပဲယင်းမြို့နယ်က
ဆင်နှာမောင်းစေတီတော်နှင့် ဂူတော်ကြီးဘုရား
[ဇော်ဝင်း-ဒီပဲယင်း] ၈၁
ဂရင်ဂျီ၊ လိပ်ခေါင်းနှင့် ရင်သားကင်ဆာအထူးကု
ရှေးကျိုးသာဆရာတော် ဘဒ္ဒန္တနိမလ [ရာဇာဝင်း-ယင်းမာ] ၉၇
တန်ခိုးထူးခြားသည့် ရေဖြူရွာ မိုးကောင်းဘုရား
[သစ်ဆုံ-အောင်မြင့်စော] ၁၂၉


## ○ အထူးကဏ္ဍရောင်ခြည် ○


လက်တော်ရာဘုရားသို့ ဖမိဋ္ဌာန်ခရီး
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၉
မြို့ဇေယျာတစ်လွှား ထူးခြားသိကြားဂူ
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၇
အံ့ဖွယ်ထူးခြား ပရိတ်ချည်နှင့် ထီးတင်သည့်
ဆရာတော်ဦးကုသလ(M.A)
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၂၅
သျှင်ပင်ရွှေစောလူးဘုရားနှင့် ရင်ပြင်ပေါ်ရှိ
ခေါင်းလောင်းစာများ [ရေနံမြေ လွှမ်းစု] ၃၃
သုနာပြုဘုရားရှင် အလိုတျ ဆေးပဌာန်းပွဲကြီးနှင့်
တုသိုလ်တော်များ စုဝေးရာ ဆံတော်ရှင် ကျိုက်သုတ်
စေတီတော်မြတ်ကြီး(၂) [ခင်ခင်ဝင်း-မောရဝတီ] ၇၃
မယ်တော်ကြီးဒေါ် သုမင်္ဂလာ၏ ဘဝမှတ်တမ်းအချို့နှင့်
ကန်တော့ပန်းလွှာ(၁) [ထက်မင်းကျော်စွာ] ၁၂၁

## ကိုယ်တွေ့ရောင်ခြည်

ပသျှူးရတနာ အဖြေရှာမလား
[ကလောင်စာဆို ပျိုးလက်ညို] ၂၃၃

နဂါးကို လှည့်စားခဲ့သူ တစ်ယောက်အကြောင်း
[နိုင်မင်းညို] ၂၄၅

ထုတ်ယူသုံးချ လူဝင်စားဘဝ [မောင်အောင်ဝင်းမန်း] ၂၅၂

ရွှေတောင်ကျော်နတ်မင်းနှင့် အလောင်းအစားပြုသူ
လူမိုက်ကြီး မိုက်တွင်း [ညိုမင်းထက်-မြန်မာစာ] ၂၆၅

ကြက်ပွဲနှင့် တစ်ပွဲထိုး ထုံးမန်း [စိုးရွှေစံ-ထူးကြီး] ၂၇၀

ထူးခြားသည့် သုံးဘဝလူဝင်စား
[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၂၉၇

## ကျင့်စဉ်ရောင်ခြည်

မြို့ဦးလွင်ဆရာတော် ဟောကြားတဲ့
ပရိတ်တရားတော်နဲ့ ပွဲတွေ့ဖြစ်ရပ်များ [မင်းရဲထွန်း] ၁၀၁

သမားဂုဏ်ပြ မြန်မာ့ရှေးဟောင်းကျင့်စဉ်
နည်းလမ်းလေး [ဦးကျော်မင်း-စစ်တွေ] ၁၄၈

ပရိတ်တော်မှ ပေးအပ်သော ကိုယ်တွေ့ကျင့်စဉ်
[ဦးတင်ဝင်း-အောင်လံ] ၁၄၉

## အစီအရင်ရောင်ခြည်

သက်ရောက်သောကြာ ရောက်သောအခါ
ဤသို့ယတြာ စီရင်ပါ [ပြည့်စုံမင်းလွင်-ပင်လည်ဘူး] ၇၂

ဘုရားလည်းပြု သမားကုသို့
[မောင်ဗဟိန်း-အင်းတော်] ၁၃၇

အိမ်ဂေဟာအတွက် အဆောင်အကာ ငွေမား
[ဟူဂျင်းဇီ] ၁၃၉

နတ်ငုံးပီယ လက်ဖွဲ့အစီအရင် [မောင်ရင်ထွေး-မအူပင်] ၁၇၇

ခေမံ [ဝမ်း-စက်မှုတက္ကသိုလ်] ၂၆၁

## အဂ္ဂိရတ်ရောင်ခြည်

လျှို့ဝှက်ပညာ ဒန်နှင့်နာ လိုရာဆေးဖော်သုံး
[ဆရာဦးကျော်လင်း-နေလဝိဇ္ဇာ] ၅၄

ရွှေဆတ်ကျောက်(သို့မဟုတ်)လက်ယာကန့် စီရင်နည်း
[တင်လှ-ဆ.မ(ငြိမ်း)] ၁၂၈

ထူးခြားဆန်းကြယ်သော ဓာတ်လုံးများ အပိုင်း(၅)
[ဦးမင်းဇင်-ရွှေနဝင်း] ၁၆၅

အဂ္ဂိရတ် သတ္တုစပ်သား ပြုလုပ်နည်း
[နာရဏီ-နှီးပဒေါ] ၁၈၉




ဘုရားရှင်ကိုယ်တော်တိုင်
ချီးမြှင့်ပေးတဲ့ ဂါထာတော်မို့
အစွမ်း အင်မတန်ထက်လှတယ်... စာ-၁၀၁

သိကြားဂူစေတီတော်မှ
နွားလားဥသဘရေထွက်ကို
ထူးခြားစွာ တွေ့ရသည်... စာ-၂၀





သိကြားတောင်ရှိ
သိကြားဂူစေတီမှ
သိကြားမင်းရုပ်တုမှာ ထူးခြားလှသည်... ➡ စာ-၁၈

သိကြားဂူတောင်ကြီးရှိ
သိကြားဂူချောင်မှ
မြွေသို့ ရေထွက်မှာ ... ➡ စာ-၂၀




**✱ ဂါထာမန္တန်ရောင်ခြည် ✱**

မောင်တောဒေသမှ ဆင်နိုင်မန္တန် [ဗိုလ်မင်း–မင်းလှ] ၁၄
ဘုရားတုန်းတောင် ဗောဓိတစ်ထောင်
ရေဆွမ်းဆရာတော်၏ ရောဂါပျောက်တင်းဂါထာ
[ညွန့်ဝင်း–နတ်တလင်း] ၆၅
ဘဝတစ်ခု ဂါထာတစ်ပုဒ် [လင်းနီတာ] ၁၈၁

**✱ ဆေးနည်းကုံရောင်ခြည် ✱**

သစ်စေးစက်လျှင် ဆေးနည်းတိုတစ်ခု
ထပ်၍အသိပေးချင် [မောင်ဖဲဟိန်း–အင်းတော်] ၃၁
အစားအသောက် မျိုချရန် ခက်ခဲနေပါလျှင်
[ဦးအေးရွှေ–ကနောင်] ၈၈
ချက်ချင်းကောင်းတဲ့ ရွှေငရုတ်ကောင်း [သက်သခင်] ၂၀၈
လေနာအတွက် ဆေးတစ်ခွက် [ချောင်းနက်သား] ၂၉၆

**◆ ဆေးဝေဒရောင်ခြည် ◆**

အရေပြား မှိုတက်ရောဂါ စိတ်ပျက်စရာမလိုပါ
[လှိုင်ဘုဏ်း–နမ့်ဆန်] ၆၁
လေဖြတ်ရောဂါအတွက် ဆေးတစ်လက်
[စလင်း ဦးကျော်] ၁၉၉
ဆရာဖန်၏ မြန်မာ့ဆေးတောင့်နှင့် မြန်မာ့အားဆေး
[အေးစံပယ်] ၂၇၉

**✱ ဂမ္ဘီရပုဂ္ဂိုလ်ရောင်ခြည် ✱**

ဘဝခြားလည်း ချစ်နေမယ် [ဦးမင်းညို–မြဝတီ] ၂၆၂
တမလွန်အနားစွန်းမှ ကွင်းပိုင်ကြီး ဦးသီ (အပိုင်း-၁)
[ဘုန်းမြတ်ဝေ–မအူပင်] ၂၈၉

**❑ မြန်မာ့နက်ရှုံး အယူးရောင်ခြည် ❑**

ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှာ
ပြောစရာဖြစ်တဲ့ နာမည်တွေ [ကောင်းမြင့်မြတ်စိန်] ၂၀၁

**✿ စာပေသုတရောင်ခြည် ✿**

လျှို့ဝှက်နက်နဲသော ဂုဏ်တော်ကိုးပါး
လောကီပညာအတွက် စီစဉ်ပူဇော်နည်းများ
[ရသဂန္ဓီရ ကျော်ဝင်းအောင်–ပြည်၊ ဆည်မြောင်း] ၂၁၇
ထူးဆန်းအံ့ဖွယ် သူယောင်မယ်နှင့်
နောက်ဆက်တွဲ ဇာတ်လမ်းများ(နောက်ဆက်တွဲ)
[မောင်အေးကြူ–စီးပွားရေး] ၂၈၄

ကိုယ်ခံပညာရောင်ခြည်

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း)(အမှတ်-၁၀)
[ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်] ၁၉၃

ကုထုံးရောင်ခြည်

ကျွန်တော်တို့နယ်ဘက် လေမဖြတ်ပါ
[ရဲရျိုးသူ-ဇော်မိုးမြိုင်] ၁၆၁
လူ့ခန္ဓာနှင့် ဆေးဓာတ်စာ [သန်းငွေ-ရွာသာကုန်း] ၁၆၂

သုတေသနရောင်ခြည်

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း[ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၉၇
မင်္ဂလာအခါ ရက်ယုတ်မှာ ဘယ်ခါမပြုအပ်
[နတ်မောက် ကြည်မြိုင်] ၂၂၃

မြန်မာ့ရိုးရာဆေးပင်ဆေးမြစ်ရောင်ခြည်

ဂန္ဓီရအသက်ရှည်ဆေး၏ နောက်ဆက်တွဲနှင့်
ပါဝင်သော ဆေးဖက်ဝင်အပင်များ [အောင်ဇ-LL.B] ၂၀၉
မိန်းမပျိုလေး၏ မျက်နှာပေါ်က အလှတရားအတွက်
ဣသရမူလီရွက် [မဒါးဒါး] ၂၈၀

[illegible]ရောင်ခြည်


နွားခွာရှည်လျှ ဂန္ဓီရ ဖြတ်ကြ စတီနည်း
[ရတနာ ဆင်မင်း-တုံ့ရွာ၊ ဆားလင်းကြီး] ၁၄၁
ကျွဲ၊နွား အစာထဲတွင် သံမှို၊ သံတိုသံစ ပါဝင်ခြင်းနှင့်
ကုသနည်း [ငွေသိန်း-တိ/မွေး/ကု] ၂၀၇

ကြည်ညိုခြင်းရောင်ခြည်

ရှေးမှတ်တမ်းမှတ်ရာနှင့် မုဖြာစုံလင်သည့်
အပယ်ရတနာဘုရား [စံထွန်းသာ] ၄၁

အောင်မြေရောင်ခြည်

စစ်ကိုင်းတစ်ခွင်သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိန်းပူဇော် ဂါထာတော်များ(၆၈)[မဟာဝိဇယစေတီ]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၀၅



ရမည်းသင်းမြို့နယ်၊ မိုးကုန်းကျေးရွာအုပ်စုအတွင်း
ရေဖြူကျေးရွာအရှေ့ဘက်ရှိ တန့်ဒိုးပြသော
မိုးကောင်းစေတီဖြစ်သည် စာ-၁၃၀


ကော့ပေါက်ဆရာတော်နှင့်
ဗောဓိတစ်ထောင်ဆရာတော်တို့
လက်ဝါးချင်းထပ်၍ သစ္စာပြုထားသည်... စာ-၉၀






မယ်တော်ကြီးဒေါ်သုမင်္ဂလ ငယ်ရွယ်စဉ်ကာလ
စေတီပေါင်းများ ပြုပြင်မွမ်းမံစဉ်က
ဘုရားဌာပနာ ရုပ်ပွားများနှင့်အတူ ... စာ-၁၂၂

ဆုတောင်းပြည့်နတ်ရဲ(အင်းစေတီ)မှ
နာမည်ကြီးလှသောနတ်ရဲပြာသာဒ်ဆောင်အား
ထူးခြားသောဓာတ်ပုံဖြင့်တွေ့ရှိသည် ... စာ-၁၀၉

## ✧ ထီဗေဒရောင်ခြည် ✧


၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်း
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၃၅

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှာ
ထီအတွက် ရွေးချယ်ပါ ဤဂဏန်း
[ဆရာ ရဲထက်-သုတေသီ] ၃၀၄


## ▲ စိုက်ပျိုးရေးရောင်ခြည် ▲


စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကြား အထူး
ရေပန်းစားနေသည့် ရေတျောက်ခက်အေဗိုလာ
[တင်ညိုအေး] ၁၇၁

အုန်းပင် အသီးတင်နည်း [ဇော်မျိုး] ၁၇၆


## ❖ ဗေဒင်ဖြင့်ကျန်းမာရေးရောင်ခြည် ❖


အသက်ရာကျော် အသွားဓါတ်ဘဲနှင့်
ကျန်းမာအသက်ရှည်နည်း [သာထက်ဇော်-မကွေး] ၁၅၃


## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊
စစ်ကိုင်း-မြစ်ငယ် ကားလမ်းပေါ်တွင်ရှိသော
"ရေလဲကျောင်း"ဆရာတော်ကြီး ဦးကုသလ(သုံးပန်လှ)
၏ အံ့ဩဖွယ် ထူးခြားချက်များ [သိမ်းငှက်] ၁၄၅


## ✎ ထူးခြားဆန်းကြယ်ရောင်ခြည် ✎


နှစ်ရာကျော် ညောင်ပင်ကြီး လဲကျသည့် ဖြစ်ရပ်ဆန်း
[ဒေါ်ခင်မမ-ကသာ] ၂၄၁

ထူးထူးဆန်းဆန်း ပတ်လည်နတ် [ကသာ သင်းမွှေး] ၂၅၇
ထူးခြားဆန်းပြားသော ဖူးယားအင်း [ဝွင်းလေး] ၂၆၈
နင်နေခဲ့ ငါသွားပြီ [လွယ်ကောင်းအောင်] ၂၇၃


## ❒ အမေးအဖြေရောင်ခြည် ❒


လက်ပံခါးပင်အကြောင်း အစုံအလင်သိလိုလှပါသည်
ပညာရှင်များ ဖြေကြားပေးပါရန်
[တင်အောင်မိုး-အ.မ.က၊ ရွာသီ] ၂၁၆


## ✳ ဝိဇ္ဇာဓရရောင်ခြည် ✳


သက်တော်ရှည် သိဒ္ဓိရှင်ဆရာတော်ကြီးများ၏
အဓိပ္ပာယ် နက်နဲသော စကားတော်များ(၄)
[သီတာဆန်း-မော်လမြိုင်] ၈၉

နေ့စဉ်သုံး အကောင်းဆုံးညွှန်းရောင်ခြည်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ
[သုခစုစံ–ကျိုက်လတ်] ၆၃

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟုဂျင်းဇီ] ၁၅၈

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် လာဘ်လာဘ
ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၈၃

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၉၁

မြန်မာ့ရိုးရာယဉ်ကျေးမှုရောင်ခြည်

(၇)ရက်သားသမီးတို့ ဘုရားတည်ကျောင်းဆောက်
ကုသိုလ် မပြုကောင်းသော နံဖိလာအရပ်ကို ရွေးချယ်ခြင်း
[ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်] ၂၁၄

ကျန်းမာရေး ဓာတ်စာရောင်ခြည်

(၁၂)လရာသီ နက္ခတ်ဓာတ်စာ (2018-August လအတွက်)
ဝါခေါင်လ သိဟ်ရာသီ နက္ခတ်ဓာတ်စာ
ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ
[ဆရာ မင်းချမ်းသာ] ၁၄၃

ဆီးချိုသွေးချို ရောဂါရှင်များအတွက် ဆေးဖက်ဝင်
အာဟာရ Diet ဟင်းလျာ စီမံနည်းများ(၆)
[မင်းချမ်းမြေ့–ပုသိမ်] ၃၀၂

စာပေလောကရောင်ခြည်

သာဓု မခေါ်လိုကြသူများ [မောင်သွေးရင့်] ၂၂၅
ကျွန်ုပ်နှင့် ပရလောကသားများ [မောင်ပညာ] ၂၃၉
ကိုယ်ဝန်ဆောင် လက်ဖျံရိုးနှင့် လျှောမွေးလက်ညှိုး
[ဦးစန်းမောင်–မြန်မာ့စိုက်ပျိုးရေး၊ ငြိမ်း] ၂၄၉
ငါးလေးကောင် [ထွန်းရင်–သဖန်းကိုင်း] ၂၇၇
သိုက်နန်းရှင် အသိပေးသည့် ဖြစ်ရပ်ဆန်း
[မောင်မျိုးသန့်–မအူပင်] ၂၈၁
စခန်းပေါ်က သရဲ [နှင်းနွယ်–ကြို့ပင်ကောက်] ၂၈၆
တစ္ဆေခြောက်သော ရေကန်ကြီး
[မေသစ္စာရှင်–ဘုတလင်] ၃၀၅



ဆရာဖောက်မှ
အရေးပါသိဒ္ဓိအဂ္ဂဝါ
ဟူသော
ဂါထာတော်ကို
ကျောဂါပျောက်ပြီး
ဆေးတိုးစေဖို့
နေ့စဉ်စီပွားရန်
အမြဲနှိ ရှိသည်...
စာ–၆၆





သိကြားရွာ
မှ
ထူးခြား
သော
မြဟ္မာ
ရေတွင်း
ကို
တွေ့
ရသည်...
စာ–၄၄





ဆေးဆော်ကြီး ... စာ–၉၄




# လက်တော်ရာဘုရားသို့

## အဓိဋ္ဌာန်ခရီး

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



▲ လက်တော်ရာ ဘုရားကို အနီးကပ် ဖူးတွေ့ရစဉ်

မြန်မာနိုင်ငံတွင် **တစ်ဆူတည်းသာရှိသော လက်တော်ရာဘုရားသို့** အဓိဋ္ဌာန်ခရီးတစ်ခေါက် ရောက်ရှိခဲ့ပါသည်။

လက္ခဏာပညာဖြင့် သက်မွေးဝမ်းကျောင်း ပြုနေသောကြောင့် လက်တော်ရာဘုရားသို့ မဖြစ်မနေ ရောက်ရှိဖူးရန် ရည်မှန်းချက်လည်း ရှိခြင်းကြောင့် ဖြစ်ပါသည်။

လက်တော်ရာဘုရား ပရိုက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ချောင်းဦး–အမြင့်သွား မော်တော်ကားလမ်း၏ လက်ဝဲဘက်၊ ချောင်းဦးမြို့မှ (၆)မိုင်ခန့် အကွာ၊ မုံရွာမြို့မှ (၁၅)မိုင်ခန့် အကွာ၊ တောကျောင်းလေးရွာအုပ်စု ထန်းတောကုန်းရွာတွင် တည်ရှိခြင်းဖြစ်သည်။

"လက်တော်ရာ ကျောင်းတိုက်" ဟူသော ရောမမုခ်ဦးကြီးအတွင်းသို့ ဝင်လိုက်သည်နှင့် ပြုပြင်ပြီး စေတီပုထိုးများ၊ ပြုပြင်ဆဲ စေတီပုထိုးများ၊ ပြင်ဆင်ရန်ကျန်သေးသော စေတီပုထိုးဟောင်းများ၊ သာသနိက အဆောက်အအုံများစွာတို့ကို မြင်တွေ့ရပါသည်။

သွပ်မိုးအနီနှင့် ဘုန်းတော်ကြီးကျောင်းအတွင်းမှာ ကျောင်းထိုင် **ဆရာတော် ဘဒ္ဒန္တနရိန္ဒ**ကို ပထမဆုံး သွားရောက် ဖူးမြော်ကြပါသည်။


ဆရာတော်ကြီးမှာ သက်တော် ရှစ်ဆယ်ကျော် ဖြစ်သည်။ ချောင်းဦးမြို့နယ်၊ မန်ကျည်းခွကျေးရွာ ဇာတိ ဖြစ်ကြောင်း သိရသည်။


လက်တော်ရာ ကျောင်းတိုက်သို့ ၁၃၃၈ ခုနှစ်ကတည်းက ရောက်ရှိသီတင်းသုံးခဲ့သဖြင့် **နှစ်ပေါင်း**




▲ လက်တော်ရာ ကျောင်းတိုက် အဝင်မုခ်ဦး

▼ လက်တော်ရာကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တနာဂိန္ဒ







ပြုပြင်နေဆဲဖြစ်သော ရတနာမရှုသော
ရှေးဟောင်းစေတီ

လက်တော်ရာ ကျောင်းတိုက် ပရိဝုဏ်မှ
ရတနာပြည့်စုံစေတီတော်ကြီး

**လေးဆယ်ကျော်ကြာအောင်** စဉ်ဆက်မပြတ် သာသနာဖွင့်ခဲ့ခြင်း ဖြစ်သည်။

ဆရာတော်၏ စီစဉ်ပေးမှုဖြင့် လက်တော်ရာဘုရား ဂန္ဓကုဋီတိုက်အတွင်းရှိ လက်တော်ရာဘုရားကို အနီးကပ် ဖူးမြင်ခွင့် ရခဲ့ပါသည်။

ဂေါတမ မြတ်စွာဘုရားရှင်၏ "**လက်တော်ရာ**"ဟု သမိုင်း မှတ်တမ်းအရ သိရှိရပါသည်။ ဘုရားသမိုင်းအကျဉ်းမှာ…

ဂေါတမ မြတ်စွာဘုရားရှင်သည် စန္ဒကူးကျောင်းတော်တွင် စံတော်မူ၍အပြီး ဒေသစာရီ ကြွချီတော်မူသောအခါ ဤအရပ်တွင် ရှိနေသည့် (၉)သောင်းသော ဘီလူးတို့အနက် (၅)သောင်းသော ဘီလူးတို့သည်…

"ဂေါတမ လာလေပြီ ငါတို့စကား ပြောခံ၍ နေချေသော် သူတစ်ပါး အသားမစားရတော့ပြီ"

ဟု ပြေးကြ ကုန်၏။

ကျန်နေသည့် (၄)သောင်းသော ဘီလူးတို့သာလျှင် ဘုရားရှင်အား ခရီးဦးကြိုဆိုကာ တရားနာကြရ၍ သောတာပန် တည်ကုန်ကြ၏။

ဘုရားရှင်သည် မန္တလေးတောင်သို့ ကြွချီမည်အပြုတွင် ရှင်အာနန္ဒာမှ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား ကိုးသောင်းသော ဘီလူးတို့အနက် ငါးသောင်းသော ဘီလူးတို့သည် ပြေးကြ၍ လေးသောင်းသော ဘီလူးတို့သာလျှင် အရှင်ဘုရား၏ ခြေတော်ရင်းသို့ ချဉ်းကပ်သည်မှာ အဘယ်သို့နည်းဘုရားဟု မေးလျှောက်တော်မူသည်။

ထိုအခါ ဂေါတမဘုရားရှင်သည် စေတီတော်၏ အရှေ့မြောက်ယွန်းတွင် ရပ်တော်မူ၍ တလင်းသာယာ



▲ လက်ဆောင်ရာ ကျောင်းတိုက် ပရိဝုဏ်တွင်းမှ ပြူပြင်ရန် ကျန်ရှိနေသေးသော ရှေးဟောင်းစေတီပြိုတစ်ဆူ

▼ မဟာဗောဓိအောင်သစ္စာ ရှစ်မျက်နှာဘုရား



လှမှာ လက်ယာ ရွှေလက်တော်ကို မြေ၌ ပုတ်၍ ရွှေလက်ဝါးတော်တွင် ကပ်၍ ပါလာသော မြေမှုန့်နှင့် ဥပမာ ပြုကာ…

'ချစ်သား အာနန္ဒာ… နှစ်သိန်းလေး သောင်းသော မြေကြီးသည် များ၏လော၊ ငါ၏ လက်ဝါးတော်တွင် ကပ်၍ ပါလာသော မြေကြီးသည် များ၏လော'

ဟု မေးတော်မူသည်ရှိသော် ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား… နှစ်သိန်းလေး သောင်းသော မြေကြီးကား များ လွန်းစွာတည်း၊ အရှင်ဘုရား၏ လက်ဝါးတော်မှာ ကပ်ပါလာသော မြေကြီးကား နည်းလွန်းစွတည်းဟု အရှင်အာနန္ဒာ လျှောက်တင် သော်…

'ညီချစ်သားအာနန္ဒာ… နှစ်သိန်းလေး သောင်းသော မြေကြီးနှင့် ဥပမာတူသည့် သူတို့သည် ငါ၏ အဆုံးအမ တရားတော် မြတ်ကို မယူသည့်သူ များ၏။ ငါ၏ တရားတော်ကို ယူသည့်သူတို့သည် ငါ၏ လက်ဝါးတော်တွင် ပါသော မြေမှုန့်နှင့် အတူသာတည်း'

ဟု ရှင်းလင်းချက် ဥပမာအ… ဂေါတမမြတ်စွာဘုရားရှင်၏ ရွှေ… လက်ဝါးတော်ရာအတိုင်း ထင်ကာ… ကျောက်ဖြစ်ပြီး မြေအောက်သို့ သံ… ဇတောင်ရှစ်ဆယ် နစ်ဝင်သွားလေ… သည်။

**တစ်နှစ်လျှင် ဧပါးလုံးတစ်ခုတက် တက်လာပြီး အရိမေတ္တေယျဘုရာ… ပွင့်တော်မူလျှင် အလိုအလျောက် မြေပြင်ပေါ် ပေါက်ရောက်လာမည်။**

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်… ယူတော်မူပြီးနောက် **သာသနာ…**





▲ မေတ္တာမုဒ္ဒိ ဆုတောင်းပြည့်ဘုရား
◀ အောင်တော်မူ ထီးဖြူဆောင်း ဘုရားကြီး
▼ သစ္စာမုဒ္ဒိ ဆုတောင်းပြည့်ဘုရား



**တော်နှစ် ၂၁၈ ခုနှစ် ရောက်သော အခါ သီရိဓမ္မာသောကမင်းသည် ထိုနေရာ အပေါ်တည့်တည့်၌ ရွှေလက်တော်ရာမြတ်ကို** တည်ထားပြီး အပေါ်ကို စေတီသံ ငါးထောင် တည်၍ ရွှေထီးငါးဆင့်ဖြင့် တည်ထား ကိုးကွယ်တော်မူခဲ့သည်။

ခေတ်အဆက်ဆက် ပြန်လည်ပြုပြင်မှုများဖြင့် ပုံစံပြောင်းနေပြီဖြစ်သည့် လက်တော်ရာကို ရွှေအပြည့်ချထားသည်။ အနီးတွင် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။

လက်တော်ရာကို ဖူးပြီးနောက် ကျောင်းဝင်းအတွင်းရှိ အခြားသော စေတီဘုရားများစွာကို ဖူးမြော်ကြပြန်သည်။

ပြုပြင်နေဆဲ ရတနာမဥ္ဇူသာ ရွှေပေါင်းစေတီတော်၊ ပြုပြင်ပြီးစ **ကိုယ်တော်ပျောက် စေတီနှင့်** ကိုယ်တော်ပျောက် ဗုဒ္ဓရုပ်ပွားတော်၊ **ပြုပြင်နေဆဲဖြစ်သော အောင်တော်မူ ထီးဖြူဆောင်း ဘုရားရုပ်ပွားတော်ကြီး။ သစ္စာမုဒ္ဒိ ဆုတောင်းပြည့် ဘုရားရုပ်ပွားတော်၊ မေတ္တာမုဒ္ဒိ ဆုတောင်းပြည့် ရုပ်ပွားတော်၊ ရတနာပြည့်စုံ စေတီတော်ကြီး။ မဟာဗောဓိ အောင်တော်မူ ရှစ်မျက်နှာဘုရား စသည်ဖြင့် စေတီဘုရား အတော်**များများကို ဖူးတွေ့ရပါသည်။

ထိုလက်တော်ရာဘုရား ပရိဝုဏ်မှ အခြားသော ဝိသေသထူး သမိုင်းထူး ရှိသည့် စေတီဘုရားများကို တစ်ဆူချင်း သီးခြား ဖော်ပြပေးလိုသဖြင့် လက်တော်ရာဘုရား အဓိဋ္ဌာန်ခရီးဆောင်းပါးကို နိဂုံးချုပ်ပေးလိုက်ပါသည်။

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

မောင်တောဒေသမှ

# ဆင်နိုင်မှန်




- ရခိုင်ပြည်နယ်၊ မောင်တောဒေသ၊ ရသေ့တောင်မြို့နယ် အနောက်ဘက် မေယုတောင်ခြေမှ ကျေးရွာတစ်ရွာဖြစ်သော ပြင်ရှည်ကျေးရွာ၌ ရှင်ပြုအလှူတော် မင်္ဂလာပွဲသို့ စာရေးသူ သွားရောက်ခဲ့ပါသည်။

အလှူရှင်ဦးမောင်ဘသိန်း + ဒေါ်ဥမနုတို့ (မိသားစု) စုပေါင်း လှူဒါန်းသော အလှူပွဲဖြစ်၍ ဆွေမျိုးမိတ်ဆွများ စုံလင်ကြသည်။

အလှူအစနေ့ ည(၇)နာရီခန့်တွင် **ဘူးသီးတောင်မြို့နယ်၊ သိန်တောင်ပြင်ရွာကျောင်းဆရာတော် ဦးဣန္ဒက** အရှင်သူမြတ်မှ ရှင်ပြုအလှူတော်(ည) တရားချီးမြှင့်ဟောကြားတော်မူပါသည်။

စာရေးသူနှင့်အတူ အစ်ကိုကြီးဦးသာညွန့်နှင့် ပိတောက်မြိုင်ရွာမှ အမျိုးသား/အမျိုးသမီး(၂၀)ဦးခန့် သွားရောက် တရားတော် နာယူခဲ့ကြပါသည်။

ည(၉)နာရီခွဲခန့်တွင် (၃)ဖာလုံခန့်သာ ကွာဝေးသော ပြင်ရှည်ရွာမှ ပိတောက်မြိုင်ရွာသို့ တရားပွဲအပြီး လာခဲ့ကြသည်။

ပိတောက်မြိုင်နှင့် ပြည်ရှည်ကျေးရွာကြားတွင် မေယုတောင်ကြောမှ စီးဆင်းလာသော "**နဂါးမအိုင်ရေတံခွန်**"နှင့် စပ်လျက် စမ်းချောင်းလေးတစ်ခု ရှိပါသည်။

နွေရာသီတွင် ရေ ဒူးဆစ်မျှသာရှိပြီး ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ငှက်စသော တိရစ္ဆာန်များ သောက်သုံးကြသည်။

စာရေးသူနှင့် အစ်ကိုကြီးဦးသာညွန့် တရားနာပြီး တရားသဘောများကို အပြန်အလှန် ဆွေးနွေးစကားပြောရင်း ပြန်လာခဲ့ရာ စမ်းချောင်းလေးနားအရောက် မာန်ဖီသောအသံကို ကြားလိုက်ကြသည်။

ချက်ချင်းသွားနေသော ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး နောက်မှ လိုက်လာကြသူများလည်း အားလုံး ရပ်တန့်လိုက်ကြသည်။

အစ်ကိုကြီးဦးသာညွန့်က ဓာတ်မီးထိုး၍ ကြည့်လိုက်ရာ ဆင်သားအမိ(၂)ကောင် ရေသောက်နေကြောင်း တွေ့ရသည်။

အစ်ကိုကြီးဦးသာညွန့်က…

'ဟေ့…ဟေ့…အားလုံး ဒီက သွားလို့မရတော့ဘူး။ ရှေ့မှာ ဆင်ရိုင်း(၂)ကောင် တွေ့တယ်။ နောက်က လူတွေ ငြိမ်ငြိမ်နေကြ သတိနဲ့နေကြ'

ဟု အားလုံးကို လှမ်းပြောလိုက်သည်။ အစ်ကိုကြီးက စာရေးသူအား…

'ညီလေး မင်းခေတ်မီးကို ယူပြီး ရှေ့ကို ထိုးထား'


ဟု ပြောပြီး ပေးသည်။ စာရေးသူလည်း ကြောက် ကြောက်လန့်လန့်နှင့် ခေတ်မီးကို ထိုးပြထားပါသည်။

အစ်ကိုကြီးဦးသာညွန့်က တောင်စောင့်နတ်၊ တောစောင့်နတ် နဂါးမအိုင်စောင့်ရှောက်သော နတ်များကို တိုင်တည် သစ္စာပြု၍ **ဆင်နိုင်မန္တန်ကို** (၇)ခေါက် ရွတ်လိုက်ပါသည်။

မန္တန်

'ဥုံ...ဟတ္ထိ ပတ္တလား ဂိမံ ဂစ္ဆဟိ သွာဟ သွာဟ'

မန္တန်ရွတ်ပြီး (၁)မိနစ်အကြာ ဆင်သားအမိ(၂)ကောင် လူတွေကို ရန်ရှာမှု မပြုတော့ဘဲ မေယုတောင်ပေါ်သို့ လှည့်ပြန်သွားပါသည်။ အစ်ကိုကြီးဦးသာညွန့် က...



'ကဲ...လာကြ...လာကြ၊ အန္တရာယ်မရှိတော့ဘူး၊ သွားနိုင်ပြီ'

ဟု လှမ်းပြောမှ အားလုံး စမ်းချောင်းလေးကို ဖြတ်ကျော်၍ ပိတောက်မြိုင်ရွာသို့ ရောက်ရှိခဲ့ကြသည်။

ရွာထဲမှ လူများလည်း ဆင်မာန်ဖီသံ ကြားကြ၍ အားလုံး အသင့်ရှိနေကြသည်။ စာရေးသူလည်း ဗဟုသုတများစွာ ရရှိခဲ့ပါသည်။

အစ်ကိုကြီးဦးသာညွန့်၏ ဆင်နိုင်မန္တန်ကို မှတ်တမ်းတင် နိုင်ရန်နှင့် အစ်ကိုကြီးအား ရှင်းပြပေးရန် တောင်းဆိုရာ အစ်ကိုကြီး ပြောပြသည်မှာ...

'ဒီမန္တန်က ဘယ်အချိန်ကာလ ဘယ်ပုဂ္ဂိုလ် စတင်ခဲ့တယ်ဆိုတာ အစ်ကို မသိဘူးပေါ့ကွာ။ ဒါပေမယ့် တစ်ဆင့်စကား တစ်ဆင့်နား ကြားဖူးတာကတော့ (အိန္ဒိယ)မုဆိုးတွေထံက ရတာလို့ ပြောတယ်။

အစ်ကိုကြီးလဲ ဒီလိုပဲ လက်ဆင့်ကမ်းရလာတာ ဖြစ်တယ်။ ငါတို့ဆီက လူတွေကတော့ ဒီမန္တန်ကို လူတော်တော်များများ သိကြပါတယ်။

အကြောင်းကိစ္စရှိလို့ တောင်ယာသွားရင် ဆင်နိုင်မန္တန်ကို ရွတ်ပြီး သွားကြတယ်။ ဆင်နဲ့ တွေ့ရင်လဲ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို သစ္စာပြု မန္တန်ရွတ်ကြတယ်။ အန္တရာယ် ကင်းကြပါတယ်။

တစ်ခုတော့ရှိတယ်ကွ။ ဒီမန္တန်က ဆင်နိုင်မန္တန် ဆိုပေမယ့် ဝိရုဠှ်မျိုးစုံကိုနိုင်တဲ့ မန္တန်ဖြစ်တယ်။ ယုံယုံကြည်ကြည်သာ ရွတ်ပါ။ အန္တရာယ်ကင်းပါတယ်'

ဟု အစ်ကိုကြီးဦးသာညွန့်က ရှင်းပြပါသည်။

စာဖတ်ပရိသတ်များအနေဖြင့် ဗဟုသုအဖြာဖြာ တိုးပွားကြစေရန် မှတ်တမ်းပြု ရေးသားဖော်ပြအပ်ပါသည်။

**[ဆင်နိုင်မန္တန်ကို ရေးသားဖော်ပြခွင့်ပြုပေးသော အစ်ကိုကြီးဦးသာညွန့် (ပိတောက်မြိုင်ရွာလူကြီး) အား ကျေးဇူးအထူးတင်အပ်ပါသည်။]**

*ဘေးဘယာ ကင်းရှင်းကြပါစေ။*

ဗိုလ်မင်း(မင်းလှ)

► ကျော် ငြာ ဆော င်း ပါ း ◄

● မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆဆလတိုး (၁၃၁၂) ●

# နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

## အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများ ပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(ဗျ/၃၅၆)မေတ္တာဗီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

---

**ဖြောင်းဖြ တောင်ယဉ်တင့်**

# မြင့်ရေယျာတာစ်ရှုမျှား

ထူးခြား သိကြားရုပ်

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)


စစ်ကိုင်း ရွှေမြို့တော်ကြီး၏ အနေအထားမှာ မြောက်အရပ်မှ စီးဆင်းလာသော ဧရာဝတီမြစ်ကြီးက ပွေ့ပိုက်ထားသကဲ့သို့ တည်ရှိနေပါသည်။

အေးမြချိုမြိန်သော ရေအလျဉ်ဖြင့် ထွေးပွေ့ထားသော်လည်း စစ်ကိုင်းမြို့အား နစ်မွန်းအောင် ဘယ်အခါကမှမပြုခဲ့။ ချိုမြိန်အေးမြသော မေတ္တာရေဖြင့်သာ ကျေးဇူးရှိခဲ့လေသည်။

အမတ်ကြီး ဦးပုညနှင့် ပန်းထိမ်ငစိန်သင်တို့၏ အသက်ကိုပင် မချွေခဲ့ပါ။

စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်၊ ပတ္တမြားစေတီနှင့် ရှင်ပင်နံ့ကိုင်းစေတီတော်များသို့ အဖူးအမြော်ရောက်ခဲ့သူတိုင်း ဧရာဝတီမြစ်ကြီးအား ရင်ပြင်တော်၏ အရှေ့၊ အရှေ့တောင်၊ အနောက်တောင်နှင့် အနောက်ဘက် မျက်နှာတို့တွင် ရှုမြင်ခံစား ကြည်နူးကြပါလိမ့်မည်။

ဧရာဝတီမြစ်ကြီးကား စစ်ကိုင်းတောင်တော်ကြီးအား ဦးညွှတ်လျက် အေးမြချိုမြိန်သော မေတ္တာရေဖြင့် လွှမ်းခြုံထားခြင်းကို မျက်ဝါးထင်ထင် ရှုမြင်နိုင်ကြပါ၏။



▲ ရွှေထီးတော် သုံးဆင့်မြင့် သိကြားရုပ်စေတီ ပေါ်
“ရှုဉာပတာဆုတောင်းပြည့်စေတီ”အား ပုံမြင်ရပုံ

▲ မြတ်စွာဘုရားကိုယ်တော်တိုင် ဧရာဝတီမြစ်ရေကို သောက်သုံးတော်မူခဲ့၏။

▲ ဧရာဝတီမြစ်ရေကို ချိုးရေတော်အဖြစ် သပ္ပါယ်တော်မူခဲ့၏။

▲ ဤမြစ်ရေကိုပင် သမားတော်ကြီးများက သိဒ္ဓိရေစင်အဖြစ် ဆေးဝါးဖော်စပ်ခဲ့ကြ၏။

▲ ရောဝတီမြစ်ရေအား အထွတ်အမြတ်ထား၍ ရယူလိုကြသောကြောင့် မဏိပူရ အာသံမှ ကသည်းလူမျိုးများက စစ်ပွဲကြီးဆင်နွဲကာ တိုက်ခိုက်ခဲ့ကြဖူးပါ၏။

စစ်ကိုင်းမြေနှင့် ရောရေကား ခြားနားခြင်းမရှိ တစ်မြေတည်း တစ်ရေတည်း ရှိနေခြင်းမှာ ဘုရားရှင်၏ အာနုဘော်နှင့် အနှိုင်းမဲ့ မေတ္တာကြောင့်ဖြစ်သည်။

စစ်ကိုင်းမြို့ကလေးမှာ စင်စစ်သေးသေးမွှားမွှားကလေးသာ။

မြောက်လတ္တီတွဒ် (၂၁)ဒီဂရီ မိနစ်(၅၀)နှင့် (၂၂)ဒီဂရီ (၁၃)မိနစ် အကြားရှိ၏။

အရှေ့လောင်ဂျီတွဒ် (၉၆)ဒီဂရီ (၃၆)မိနစ် နှင့် (၉၆)ဒီဂရီ (၁၃)မိနစ် အကြား ဖြစ်၏။

မြန်မာနိုင်ငံ၏ အလယ်ဗဟိုခန့်တွင် တည်ရှိ၍ အနုပိုင်း မိုးနည်းရပ်ဝန်း ဖြစ်၏။ အပူပိုင်းလွင်ပြင်နှင့် တောင်တန်းကြီးများက အမြဲစိမ်းသစ်တောကြီးများ မဟုတ်ပါ။

**စစ်ကိုင်းမင်းတို့၏ ပိုင်နက်ဖော်ပြချက်တွင် ငါးမျိုးကိုသာ** ဖော်ပြထားပါသည်။

၁။ ရွှေနန်းတော်နယ်၊

၂။ နန်းမြို့တွင်းနယ်၊

၃။ ရွှေမြို့တော်လေးပြင်လေးရပ်နယ်၊

၄။ ရွှေမြို့တော်နယ်ကြီးမှတ်အရပ်၊

၅။ လက်အောက်ခံနယ်ပယ်

ဟူ၍ ဖြစ်သည်။

စတုရန်းမိုင် သုံးဆယ်မျှသော အကျယ်အဝန်းရှိသော **"စစ်ကိုင်းနယ်မှတ်အရပ်"**သည် ရွှေနန်းတော်နှင့် နန်းမြို့တွင်းနယ် အပါအဝင် ရွှေမြို့တော် လေးပြင်လေးရပ်နယ် ဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆကြပါ၏။


ယနေ့ခေတ် စစ်ကိုင်းမြို့နယ်၏ အကျယ်အဝန်းသည် **(၄၈၅.၆) စတုရန်းမိုင်၊** ဧရိယာအားဖြင့် **(၃၁၀၅၀၂)ကေ** ဟူ၍ မြေစာရင်းဦးစီးဌာနမှ ဖော်ပြထားပါသည်ဟု မှတ်သားခဲ့ရပါ၏။



▲ သိကြားရွှေစေတီတော်မှ သိကြားမင်းကြီး၏ ပုံတော်

လွန်ခဲ့သော နှစ်ပေါင်းများစွာက စစ်ကိုင်းမြို့သည် မိုးနည်းဒေသဖြစ်သောကြောင့် ရေရှားပါးလှ၏။ မိုးရေအတွက် **"လွန်ဆွဲ"**ခဲ့ကြရ၏။

မြစ်ဆိပ်နှင့် အနီးဆုံးဖြစ်သော **သောတာပန်၊ ထုံးဘို၊ မင်းစံ၊ တကောင်း၊ ပန်းတော၊ ပွဲဆိပ်နှင့် မြေဝတီရပ်ကွက်**များသာ အခမဲ့ အခွန်လွတ် အေးမြချိုမြိန်သော



◀ သိကြားဝှမ်းစတီတော် အဝင်ဝမှ အနုပညာမြောက်သော ရွှေကာရံကိုင်ညီနောင်



▲ သိကြားဝှမ်းတော်အတွင်းမှ ကြည်လင်အေးမြသော စမ်းရေတွင်းမှ နဂါးညီနောင်၏ လည်ပင်းအထိ ရေပြည့်နေပုံ

ရောဝတီမြစ်ရေကို သောက်သုံးနိုင်ကြလေ၏။

မြို့တွင်း ရပ်ကွက်နေများကား နွားရေစည်လှည်းကိုသာ အားကိုးခဲ့ကြရလေ၏။

တောင်ရိုးပျော့ရဟန်းသာမဏေနှင့် သီလရှင်များအဖို့ မိုးရေကိုသာ ခံယူရ၍ ကန်ရေကို နှစ်ပေါက်မျှ သုံးဆောင်ချိုမြခြင်း ကြားရဖူးပါသည်။

မြေပြန့်၌မူ တူးတိုင်း ရေထွက်သည်သာ ဖြစ်၏။ ထွက်တိုင်း မြေအောက် ရေတို့သည်ကား သောက်သုံးလို့ ချိုမြခြင်း မရှိသည်မှာ အမှန်။

တချို့တလေ အဝီစိရေ ဒါချို ပေါ့ပေါ့ကိုသာ သောက်သုံးရှင်သန်ခွင့် ရကြပါသည်။

နှောင်းကာလ၌ စစ်ကိုင်းတောင်၊ မင်းဝံတောင်တို့တွင် တောရဝင်သူတော်စင်များကို **မူလရေစက်အသင်းကြီးက** ရေအလှူတော်ကြောင့် ရေအခက်ပြေစေခဲ့ပါ၏။

စစ်ကိုင်းတောင် မြန်အောင်ချောင်နှင့် ဟံသာဂီရိဆရာတော်တို့ကလည်း လက်လှမ်းမီရာ ချောင်များကို ရေစက်ထောင်၍ ရေကုသိုလ်ပြုခဲ့လေသည်။

သီတဂူ ရေအလှူတော်ကြီး ပေါ်ထွက်လာသောအခါ ချောင်ကြီး၊ ချောင်လတ်၊ ချောင်ငယ် မကျန် ရေအတွက် အခက်အခဲ လုံးဝ မရှိတော့ပါ။

ဤမျှအထိ သောက်သုံးရေကိစ္စကို ရေးသားဖော်ပြနေရခြင်းမှာ မိုးနည်းဒေသ အပူပိုင်းလွင်ပြင်တောင်ရိုးတစ်ခွင် စိမ့်ရေ၊ စမ်းရေ ထွက်နိုင်ချေ ရှားပါးနေကြောင်းကို သိစေလိုခြင်းသာ ဖြစ်ပါသည်။

တောင်ခြေမြေပြန့်တွင် ပေ(ရ၀)၊ (၈၀)အထက် တူးမှသာ ရေထွက်ရှိနိုင်ကြသောကြောင့် စစ်ကိုင်းတောင်၊ မင်းဝံတောင်တို့၌ အဘယ်သို့ရေထွက်ပါအံ့သနည်း။

ရောဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းသည် စစ်ကိုင်းတောင်တန်းကြီးဖြစ်၍ တောင်တော်၏ အရှေ့ဘက်ခြမ်းသည် စိမ်းစိုလန်းဆန်းသော သစ်ပင် သစ်တောများဖြင့် တန်ဆာဆင်ထားဟန် ရှိနေပါ၏။

အနောက်ဘက် မင်းဝံတောင်ကြောကား ရောဝတီမြစ်ကြီးနှင့် ဝေး၍ ဘယ်အခါမှာကြည့်ကြည့် နီပြေပြေ အရောင်အသွေးတို့ဖြင့် နွေးထွေးခြင်းကို အသွင်ဆောင်နေပါသည်။

စစ်ကိုင်းတောင်နှင့် မင်းဝံတောင် ညီနောင်ရင်းတို့သည် မတူညီသော ရေမြေအနေအထား၊ မတူညီသော အရောင်အသွေးတို့ဖြင့် အေးဆေးငြိမ်းချမ်းစွာ ယှက်သွယ်နေခြင်းမှာ **"အောင်မြေ"** ဖြစ်တည်နေခြင်း၏ မပြောင်းလဲသော သက်သေဖြစ်သည်။

သုဝဏ္ဏဂီရိ ဆော် စာမရီတောင်ထိပ်



▬ သိကြားဂူဘေးကီတော်မှ နွားပေါ်ဦးသောရေထွက်

▬ သိကြားဂူဘေးကီတော်မှ မြွေသုံးရေထွက်ကို မြင်တွေ့ရပုံ



**မှ ဥမင်သုံးထပ်ဘေးကို ကျော်၍လျှင် မာရွှေဆောင်၊ အနုရုဒ္ဓါဆောင်၊ ဗျူဟာဆောင်၊ ကဿပဆောင်တို့၏ အထင်ကရလှိုဏ်ကြီးသို့ ရောက်ရှိပါမည်။**

အနောက်မှ အရှေ့သို့ လှျိုမြောင်ချပ်ကြားလမ်းမှာ ဝဲယာနှစ်ဖက်၌ စစ်ကိုင်းတောင်၏ ရင်ခွင်သဖွယ် နေပြောက်မထိုးသော လမ်းကြောတစ်ခု ဖြစ်သည်။

မြောက်ဘက်မှ ပေ(၈၅၀)ခန့် မြင့်သော တောင်မြင့်ကြီးကား **"ပတ္တမြားတောင်"** ဖြစ်ပါ၏။ ပတ္တမြားတောင်၏ ဝဲယာ၌ **"ဗောဓိမဏ္ဍိုင်တောင်"**နှင့် **"ဓမ္မေယျပဗ္ဗတတောင်"**တို့က ရံထားလေရာ **"ဗောဓိမဏ္ဍိုင်ကျောင်းကြီး"**မှာ တောအုပ်အတွင်း ရောက်ရှိနေလေ၏။

တစ်ဆက်တည်း အခြားမလတ်သော **"သိကြားတောင်"**မှာ ထူးခြားလှသော တောင်တော်ကြီး ဖြစ်သည်။

ဤနေရာ တောရဌာမှာ ဓူရများစွာ ကျင့်ကြံအားထုတ်တော်မူကြသော ဆရာတော် သံဃာတော်သူတော်စင်များ ပျော်မွေ့ရာလည်း ဖြစ်၏။

တောရအရှည်ဝါသီ ပုဂ္ဂိုလ်တို့မှာ **မင်္ဂပေါက်ဖိုလ်ဝင်** ဖြစ်သည်နှင့် လိုက်လျောစွာ အများသူငါ အားလုံးတို့က အထူးယုံကြည် ပူဇော်ခြင်းကို ခံယူကြကုန်၏။

အုံ့ချီးဖွယ် ထေရုပ္ပတ္တိနှင့် ကျင့်စဉ်တို့ကား လျှို့ဝှက်သိပ်သည်းလွန်းသောကြောင့် သိရှိဖော်ပြရန် ခက်ခဲလွန်းလှပါ၏။

ဖော်ပြပါ **"သိကြားတောင်ကြီး"** မှာ **သမိုင်းဝင်တောင်အမှတ်(၃၃)** ပင်ဖြစ်၏။

**သိကြားတောင်တော်၏ အာမြဲ လှိုဏ်မြောင်ချပ်ကြား၌ သိကြားဂူကျောင်းနှင့်သိကြားဂူဘေးကီ၊ သိကြားရေကွင်း၊ မြွေသုံးရေတွင်းတို့ စုစည်းတည်ရှိပါလသည်။**


သိကြားတောင်လှျိုမြောင်၌ ချေ၊ ဒရယ်နှင့် တောယုန်များ ကျင်လည်ကျက်စားရာ ဘေးမဲ့တောအုပ်ကြီး ဖြစ်သည်။

ကြီးမားသော မြွေကြီးများအား တွေ့ရလေ့ရှိသော်လည်း ရန်မူခြင်း မရှိပါ။

ချောင်ပေါင်း ဇရပ်ပျက်များ၌ ကြောင်ဝံပိုက်များ၊ ရှဉ့်ပေါ်များနှင့် ဒီးဒုတ်ငှက်များက ပျော်မွေ့ပေါက်ပွားလျက် ရှိကြ၏။

တောပျော်သတ္တဝါများအား နံနက်ချိန်ခါနှင့် ညနေဆည်းဆာ အချိန်များတွင် ပျော်ရွှင်ကြည်နူးဖွယ် တွေ့မြင် ခံစားနိုင်ကြပေ၏။

"သိကြားဂူချောင်"သို့ ကားငယ်များ မောင်းဝင်နိုင်သည့် မုခ်ဦး ရှိပါသည်။ မုခ်ဦး သံပန်းနဖူးစည်းတွင်





▲ သိကြားဂူအတွင်းမှ ကျောက်စက်စမ်းရေ ထွက်ပေါက်

◀ သိကြားဂူအတွင်းမှ စမ်းချောင်းနှင့် ပူဇော်ရာဌာန

"သိကြားဂူချောင်" ကမ္ပည်းကို ထင်ရှားစွာ တွေ့မြင်နိုင်လေ၏။

ချောင်ပရိဝုဏ်အတွင်း အုတ်လှေကားမှ ပေသုံးဆယ်မျှ တက်ရောက်သွားပါက လှေကားထိပ်မှာပင် **သိကြားဂူစေတီတော်ကို** ဖူးမြော်နိုင်ကြပါသည်။

လှေကားထိပ် ဝဲယာနှစ်ဖက်တွင် **သိကြားမင်းကြီးနှင့် ဗြဟ္မာကြီးတို့၏** ဘုံနန်းအဆောင်အတွင်းမှ ဘုရားရှင်အား ပူဇော်နေဟန် ထားရှိပါသည်။

ဤနတ်မင်းကြီးများထံ ပူဇော်၍ အဓိဋ္ဌာန်ပြု ဆုတောင်းနိုင်ကြပါ၏။

စေတီအာရုံခံတိုက်၏ အလယ်ဗဟိုတွင် **ကရဝိက်ငှက် နှစ်ကောင်**တို့က အမြီးချင်းယှက်ကာ လိုဏ်ဂူဝ၏ အထက်၌ နေရာယူထားကြလေသည်။

ကရဝိက်ငှက်ကြီးများကား ဝဲယာနှစ်ဖက်သို့ ဆန့်ကျင်လျက် ကျော ပေးနေကြသော်လည်း နှုတ်သီးချွန်များကို လိုဏ်ဝရှိရာသို့ လည်ပြန် ရှုကြည့်နေကြဟန်ဖြစ်သည်။

များစွာသော စေတီပုထိုးများတွင် ကရဝိက်ငှက်ကြီးများကို ဤကဲ့သို့ မြင်တွေ့ရန် ရှားပါးလှတော့သည်။ အင်းလေး ဖောင်တော်ဦးဘုရား ရေယာဉ်နှင့် ကန်တော်ကြီးတို့မှာသာ တွေ့မြင်ရလေ့ ရှိပါ၏။

စစ်ကိုင်းတောင် တစ်ခွင်ကား ရှားရှားပါးပါး တွေ့ရသော ပုံဟန်ဖြစ်လေသည်။

**ဒီပဲယင်း ဆရာတော်ကြီး၏ အဆိုအမိန့်မှာ...**

'ကရဝိက်ငှက် အမှတ်အသားသည် ဘေးဥပဒ် အန္တရာယ်များကို တွန်းလှန်တိုက်ဖျက်နိုင်၏။

အလိုရှိရာဌာနသို့ စိတ်အေးချမ်းစွာ အဟန့်အတားမရှိ ရောက်ရှိစေ၏။ ဤမိက မာကျောစွာ ပြောဆိုသော်လည်း အပြစ်ပြောကြခြင်း မရှိ'

ဟူ၍ ဖြစ်ပါ၏။


အရှေ့ဘက်ရှိ ကရဝိက်ငှက်၏ တစ်တောင်ခန့်၌ "**ခွားလားဥသဘ**"၏ ဦးခေါင်းပုံ ရေထွက်ပေါက် ရှိလေသည်။ **ခွားလားဥသဘ၏ ပါးစပ်မှ ရေပြွန်ပေါက်** ပါရှိ၏။

ရေထွက်ပေါက်မှ ထွက်ကျသော ရေကို ရေကန်တော်အတွင်း စုဆောင်းထား၏။ အနောက်ဘက်ရှိ ကရဝိက်ငှက်၏ အနီး၌ ခြသေ့တစ်ကောင်၏ မျက်နှာနှင့် ပါးစပ်ဝတွင် ရေထွက်ပေါက် ပြုလုပ်ထားရှိပါ၏။

အချို့သော ပုဂ္ဂိုလ်များက "**နဂါးရေထွက်**"ဟု အဆိုဝါဒတစ်ခု ရှိနေပါသည်။

ဤရေထွက်ပေါက်ပြွန်မှ ရေကို ရေကန်ဖြင့် စုဆောင်းထားခြင်း မရှိပါ။

ယခုကဲ့သို့ ရေထွက်ပေါက်များကို "**အလောင်းတော်ကဿပ**"၏အနီးကပိုင်ရွာမှ အရှေ့တောင် တာတစ်သောင်းခန့်တွင် တည်ရှိသော



▲ စင်္ကြိုင်းတောင် သိကြားရှုချောင်သို့ အဝင်မုခ်ဦး

▼ သိကြားရှုသို့ လမ်းညွှန်ဆိုင်းဘုတ်



**"အမေရေယာဥ်နန်း"** အနီးတွင် ရှိနေ၏။

လိုဏ်ဂူတော်၏ အမိုးခုံး အရှေ့ထိပ်နှင့် အနောက်ဘက်ထိပ်တို့တွင် **"မနုသီဟ" နတ်ရုပ်ဆန်း**များက စောင့်ရှောက်နေကြပါသည်။

ဤသို့ မနုသီဟရုပ်များ ထားရှိခြင်းမှာ ရှေးမင်းများလက်ထက် စည်းမျဉ်းတွင် မင်းများသာ အသုံးပြုခွင့်ရှိသောကြောင့် **"မင်း တစ်ပါးပါး၏ ကုသိုလ်တော်"** ဖြစ်ကြောင်း **ရှေးရာ ဗိသုကာပညာရှင်ကြီး ဦးမြဝင်း(မြန်မာမှု)**က မှတ်ချက်ပြုပါသည်။

မနုသီဟရုပ်နှင့် ကျောင်းဆောင်တို့၏အကြားရှိ ဝဲယာ တစ်ဖက်တစ်ချက်၌ ရွှေကြာပလ္လင်ခံထားသော တံခွန်တိုင်များ ထူထားလေ၏။

ဤတံခွန်တိုင်များကို **"အောင်မြေ တံခွန်တိုင်"** အဖြစ် အမှတ်သညာ ပြုကြပါသည်။

တံခွန်တိုင်များအား အမြင့်ပေ သုံးဆယ်မှ လေးဆယ့်ငါးပေအထိ အဆင်ပြေသလို တည်ထားကြ၏။ ပါရမီတော်ဆယ်ပါး အပြားသုံးဆယ် ဖြစ်စေ၊ လေးဆယ့်ငါးဝါ ကာလပတ်လုံး တရားရေအေး တိုက်ကျွေးခဲ့သော ဂုဏ်ကျေးဇူးတော်ကို ရည်မှန်းခြင်းလည်း ဖြစ်သည်။

ကျွန်ုပ်တို့ အညာဒေသ၌ ရန်ငြိုး အာဃာတများ ပြေငြိမ်းရန်ဖြစ်စေ၊ အမုန်းတရားများ ပျောက်ပျက်ရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ပေါင်းစည်း ငြိမ်းချမ်းရေးအတွက် နဂါးနှင့်ဂဠုန်ရုပ်လုံးများ ရံ၍ တံခွန်တိုင်အောင်လံတော် ထူကြပါ၏။

ဒါယကာ၊ဒါယိကာမများ အတွက် ဆင်းရဲဒုက္ခ အကျပ်အတည်းမှ ကင်းဝေးရန်နှင့် ကံဇာတာ အလှည့်အပြောင်းကြောင့် ဖြစ်ပေါ်ရသော စိတ်ဓာတ်ကျခြင်းမှ ပြေပျောက်စေရန် နေ့သားအလိုက် တံခွန်တိုင် ပြုလုပ်ဖို့ လမ်းညွှန်ခဲ့ပါသည်။


- ▲ တနင်္ဂနွေသားသမီး ရွှေရောင် တံခွန်တိုင်
- ▲ တနင်္လာသားသမီး ငွေရောင် တံခွန်တိုင်
- ▲ အင်္ဂါသားသမီး အနီရောင်တံခွန်တိုင်
- ▲ ဗုဒ္ဓဟူးသားသမီး အစိမ်းရောင် တံခွန်တိုင်
- ▲ ကြာသပတေးသားသမီး အဝါရောင်တံခွန်တိုင်
- ▲ သောကြာသားသမီး အပြာရောင် တံခွန်တိုင်
- ▲ စနေသားသမီး အပြာရောင် တံခွန်တိုင်

**⚙ ရာဟုသားသမီးတို့ အတွက်မှာ**

ဗုဒ္ဓဟူးသားသမီးတို့အတွက် ပေးထားသော အစိမ်းရောင်တံခွန်တိုင်ကို ပြုလုပ်လှူဒါန်းခြင်းဖြင့် အောင်မြင်ခြင်းကို ရရှိကြပါမည်။

ကျောင်းဆောင်၏ အလယ်ဗဟိုတွင် မြတ်စွာဘုရား၏ မတ်ရပ်






◆ သိကြားဂူစေတီတော်မှ ဒုတိယအကြိမ် ကုသိုလ်တော် ကျောက်စာ

သိကြားဂူမှ တတိယအကြိမ် ကုသိုလ်တော် ကျောက်စာ ◆

မေတ္တာပြုပြန် မုဒြာကို ပူဇော်ထားပါ၏။

တတိယဆင့် အထက်ဆုံး အဆောင်၏ ဗဟိုလိုဏ်အတွင်း၌ စကျင်ကျောက်သား ဖလသမာပတ် ဝင်စားတော်မူပုံ မုဒြာဖြင့် ထားရှိပါသည်။

ဆင်းတုတော်၏ အရှေ့ဘက်တွင် နေမင်းကြီး၏ အမှတ်လက္ခဏာတော် ဥဒေါင်းပုံ ဖောင်းကြွလက်ရာဖြင့် ဖော်ပြထားလေ၏။

အနောက်ဘက်၌ကား ရွှေလမင်းကြီး၏ အမှတ်လက္ခဏာ ရွှေယုန်မင်းပုံ ပါဝင်လေသည်။ အဆောင်တော်၏ ဝဲယာအစွန်းထိပ်တွင် **ရွှေစေတီတစ်ဆူစီဖြင့်** ဆင်ယင်ထားလေ၏။

အဆောင်တော်၏ ဗဟိုချက်တွင် **"သိကြားဂူစေတီတော်"** တည်ရှိလေသည်။

စေတီတော်၏ ဘွဲ့တော်ကို ပြာသာဒ်ဆောင် နဖူးစည်းတွင် ထွင်းစာလုံးများဖြင့် ရေးထိုးဖော်ပြထားပါသည်။ ထင်ရှားစွာ မြင်နိုင်ခြင်း မရှိပါ။

စာတန်းပါ ဘွဲ့အမည်မှာ **"ရူဋ္ဌာ ပဘာ ဆုတောင်းပြည့်စေတီ"** ဖြစ်သည်။

၁။ သိကြားဂူစေတီတော်

၂။ သိကြားရေတွင်းစေတီတော်

၃။ ထီးသုံးဆင့် စေတီတော်

ဟူ၍ ဘွဲ့အမည်တော်(၄)မျိုးဖြင့် ထူးထူးခြားခြား လျှိုမြောင်ကြားတွင် စံနေတော်မူပါ၏။

ဘွဲ့အမည်တော် အားလုံးတွင် **"သိကြားဂူစေတီနှင့် သိကြားရေတွင်း"**မှာ စစ်ကိုင်း တစ်မြို့နယ်လုံး နှုတ်စွဲနေသည့်အမည်ဖြစ်၏။

စေတီတော်မှာ ပေ(၅၀၀)ခန့် တောင်နံရံအမြင့်တွင် တည်ရှိနေသည့်အတွက် ဖိနပ်တော်နှင့် ပစ္စယာသုံးဆင့်တို့အား ဖူးမြင်နိုင်ခွင့် မရှိပါ။

ရွှေခေါင်းလောင်းမောက်၌ ကား ရွှေခါးစည်း ထည့်၍မထားပါ။

ရွှေဖောင်းများကို ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်၊ မိဘဂုဏ်နှင့် ဆရာအရှင်တို့၏ ဆပ်မကုန်သော ကျေးဇူးတော် ဖော်ဆောင်ထားပါ၏။

စိုက်ထူထားသော ကျောက်စာ နှစ်ချပ် ရှိနေပါ၏။ ထိုကျောက်စာ ကမ္ပည်းမှာ...

"သက္ကရာဇ် ၁၂၅၇ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၂-ရက်နေ့တွင် ဒက္ခိဏာ ဆရာတော်ဘုရားကြီး ဝေယျာဝစ္စ ကပ္ပိယ ဦးသာကို အမှီပြု၍ "သိကြားဂူဟောင်း" ကို ပဌမဦးစွာ အရဏ်ခံ၊ တန်ဆောင်း၊ ဇရပ်၊ စောင်းတန်းလမ်းများကို လုပ်သူ အောက်မြို့ရွာ ဒလ-မင်းငယ်ရပ်နေ ကျောင်းဒကာ ဦးကံ၊ ကျောင်းအမကြီး မယ်မျှတ်၊ သားကြီး ရွှေထိုက်၊ သ္မီးမငွမ်းပုံ၊ မညိမ်းသာတို့၏ နိဗ္ဗာန်ဆုမြတ် နတ်လူ သာဓုခေါ်စေသောဝ်"

ဟု ပါရှိလေသည်။ ***(မူလသတ်ပုံအတိုင်း)***

ထို့ကြောင့် ကျောက်စာပါ မှတ်တမ်းအရ ဒုတိယအကြိမ် အလှူရှင်များ၏ ကမ္ပည်းဖြစ်လေရာ ပြန်လည်ပြုပြင်ခြင်းမှာပင် ယခုဆိုလျှင် နှစ်ပေါင်း(၁၂၂)နှစ် ကြာလေပြီ။


စာမျက်နှာ (၄၄) သို့

(ကြော်ငြာ ဆောင်းပါး)

# ကျားမှန်လျှင် အားသန်ရမည်

အမျိုးသား အားနည်းရောဂါ
(ပန်းသေ၊ ပန်းညှိုး)
ဖြစ်တတ်သူများမှာ...

၁။ မေထုန်မှု လွန်ကဲသူများ၊
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ၊
၃။ ကုန်ခန်းသွားသော သုက်၏ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည် မဖြည့်ဆည်းသူ များ၊
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ၊
၇။ အဆုတ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊
၉။ ဆီးချို၊ သွေးချိုရောဂါ ရှိသူများ၊
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။



၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊
၇။ အားအင်ကုန်ခန်းခြင်း၊
၈။ စကား မပီသခြင်း၊
၉။ စသံ၊ နသံ မကွဲပြားခြင်း၊
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါဝေဒနာခံစားရတဲ့ လက္ခဏာများကတော့...

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း၊
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ်ဝနေသော်လည်းစိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊
၄။ မောပန်းလွယ်ခြင်း၊
၅။ အစားအသောက် ပျက်ခြင်း၊
၆။ ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း၊
၇။ သတိမေ့လျော့တတ်ခြင်း

စတဲ့ အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာလက္ခဏာများဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ်(၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလ ပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ...

၁။ ဝေးတစ်လုံး တက်ခြင်း၊
၂။ ကာမရာဂစိတ် ကုန်ခန်းခြင်း၊
၃။ သုက်လွှတ်မြန်ခြင်း၊
၄။ သလုံးသားများ ခြောက်ခြင်း၊
၅။ သလိပ်အုပ်စု ခန်းခြောက်ခြင်း၊

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်း လက္ခဏာ (၁၁)ချက်ကို တွေ့ထိခံစားနေရပြီဆိုရင် မေ့လျော့ပေါ့ဆမနေပါနဲ့။ "ပြည်စိုး" အထူးကုတိုင်းရင်းဆေးခန်းကို အမြန်အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ - ၁၂၇၄)နဲ့ ဆရာဦးစိုးမော် (တဆ - ၂၆၁၁)တို့က အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ)များအပြင် အခြားရောဂါများဖြစ်တဲ့ ...

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်၊
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နှလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါများကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့် ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့် လိပ်စာ ...

မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့်နှင့်သား ဦးစိုးမော်
ပြည်စိုး အထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မုခ်၊
ကျိုက္ကဆံ ဘုရားဝင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09 31054631, 09 251031871**

အံ့ဖွယ်ထူးခြား ပရိတ်ချည်နှင့် ထီးတင်သည့်

# ဆရာတော် ဦးကုသလ (M.A)

ရွှေဇော်မြ
မောင်ကြည်သာသိန်း



- မဏိစည်သူမင်းကြီး တည်ထားသော ဖောင်တော်ကြီးဘုရား ထီးတင်စဉ်က

မိုးမခလို့ ပွင့်မရတဲ့ ပိတောက်၊ ခုများ ဘယ်ဆီရောက်နေပါလိမ့်။ ကံ့ကော်တွေကတော့ ခဲခဲလှုပ်မျှ ဖူးပွင့်နေလိုက်တာ တစ်ပင်လုံး ညွတ်လို့။

နေ့ရက်က တန်ခူးလဆုတ်(၁) ရက်(၁-၄-၂၀၁၈)ရဲ့ နေ့နံနက်ခင်း။ လေဟုန်စွင်းပြီး ဆိုင်ကယ်လေး (၁)စီး နှစ်ယောက်စီးလို့ ဖွေးရပ်မြေ အရုတ်မှော်ရွာကလေးဆီ။

ဥသျှစ်ပင်ကျောင်း ရွှေမျှင်တင် ဘုရားစေတီ ထီးတော်တင်လှူမယ့် ပွဲ မြိုင်မြိုင်သဲသဲ။ ထီးရဲ့ အလှူရှင် တွေကတော့ ဦးထွန်းရီ+ဒေါ်ခင်ရီ သားသမီးမြေးတစ်စု ကောင်းမှုတဲ့။

## ပရိတ်ချည်နဲ့ ထီးတော်တင်

'ပရိတ်ချည်နဲ့ ထီးတော်တင်မှာတဲ့'

'ဖြစ်နိုင်ပါ့မလား'

'သွားကြည့်...သိလိမ့်မယ်'

တဲ့။ စာရေးသူ လိုင်းကားစီးပြီး သွားနေတာက ဖွေးတောင်မြို့ အလွန် မောင်းထောင်ဂိတ်နား ရွှေပြည့်ဝင် ဖောင်တော်ဦးဘုရားဆီ။ ထီးတော်တင်မှာက (၄၅)တောင် အမြင့်ဆောင်တဲ့ **''ဖောင်တော်ကြီး ဘုရားစေတီ''**။

တည်ထားသူက **''မဏိစည်သူ''** မင်းကြီး၊ ရှေးနှစ်ပေါင်း(၂၀၀)ကျော်က စေတီ၊ တင်လှူမယ့် ဒကာက ရန်ကုန်က ပညာရေးမှူး(ငြိမ်း)။

လူတွေဆိုတာ နည်းပါ့ရိုးလား။ ပထမဆုံး ထီးတော်ကြီး လူလေး ယောက်လောက် မ,ရတဲ့ထီး။ ဆရာ တော်လေးဦးကုသလ ပရိတ်ချည်

ကြိုး(၆)ချောင်းနဲ့ ပန်းရထားမှာ ဆိုင်းပြီး တင်တော်မူပြီ။

'ကြွရောက်လာကြတဲ့ ညီ့ ပရိသတ်အပေါင်း ထီး,ဦးထုပ် မဆောင်းထားကြပါနဲ့၊ ဖိနပ်လဲ မစီး ပါနဲ့ ခင်ဗျာ... ဆရာတော်လေးကို လေးစားသောအားဖြင့်'

'ဟာ...ဆိုင်းကြိုး(၄)ပင် ပြတ်ပြီ ဟေ့'

'ထီးတော်ကြီး လှုပ်ယမ်းနေပြီ'

ဆရာတော်လေး ထပ်မံ ဆိုင်းပြီး နှုတ်တော်မှ ရွတ်ဖတ်နေပြီ။ မျက်နှာ တော်မှာ ချွေးများဝေဖြာ ပင်ပန်း ရှာနေပြီ။

'အောင်ပြီဟေ့... အောင်ပြီ ဟေ့...အောင်ပြီဟေ့'

ဆိုတဲ့အသံ မိုးသို့ လျှံဝေခဲ့ပြီ လေ။


ဆရာတော်လေး တပည့်ရင်းတွေ က ကိုသက်ထွန်းသန်းနဲ့ မဝင်းဝင်း ခိုင်။ နှစ်ဦးစလုံး (B.A) အောင်ပြီး သားတွေ။ အုတ်ဖို အထည်ချုပ် စက်ရုံကမန်နေဂျာ။ အပြန် စာရေး သူအိမ် ဝင်လာတယ်။

'ဆရာတော်ဘုရား တပည့်တော် အနီးကပ် ကြည့်နေတုန်း ကြိုး(၆) ကြိုးက (၄)ကြိုး ဘာလို့ ပြတ်သွား တာလဲ ဘုရား'

'နဂါးမယ်တော်တွေက ဝမ်းသာ အားရ တွဲလွဲခို ပျော်မြူးကြလို့ပါ ဒကာကြီး'

'အံ့ဖွယ်ထူးခြားလှပါတကား'

'အဖေကြီး (ဦးထွန်းကြိုင်) မကွယ်လွန်ခင်က ပြောဖူးတယ် ဘုရား... ဘုရားတည် ကျောင်း



တရုတ်မော်ရွာ ဥသျှစ်ပင်ကျောင်း

အင်္ဂုဏစေတီ(၁၀)ဆူ ထီးတော်မတင်မီ ပူဇော်ပွဲ ရစဉ်

ဆောက် ထီးတင်တဲ့သူဟာ တော်ရုံ ဘုန်းကံမရှိရင် တင်မရဘူးတဲ့ ဘုရား'

'ဟုတ်တယ် ဒကာကြီး'

---

ဦးကုသလ မိဘနှစ်ပါး

---

ဆရာတော် ဦးကုသလ(M.A)ရဲ့ မိဘနှစ်ပါး ဘွဲ့တော်မှာ ခမည်းတော် ကြီး အမည်က ''ဦးစိန်သောင်း''၊ မယ်တော်ကြီးက ''ဒေါ်တင်လှ''။ ဇာတိရပ်မြေက အုတ်ဖိုမြို့နယ်၊ ကျေးပျက်ရွာ။ ဝါတော်(၂၂)ဝါ။

---

တင်လှူတော်မူသည့် စေတီ

---

ဒီနေ့ တရုတ်မော် **''ရွှေမျှင်တင် စေတီ''** အပါအဝင် အဆူ(၅၀) ရှိခဲ့ပါပြီ။ ထီးတော် တင်လှူမရတဲ့ မည်သည့်ဒေသမဆို သွားရောက်



◆ အခုံးစေတီ ထီးတော်တင်လှူအပြီး ယခုတွေ့ရစဉ်

တင်လှူပေးတော်မူပါကြောင်း။

သီတင်းသုံးရာ အရပ်ဒေသ

ဆရာတော်ဦးကုသလ ယခုနေ့တိုင် သီတင်းသုံးတော်မူရာ အရပ်ဒေသမှာ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ **''တောင်ညိုလေးတောရ''**မှာ မိဘမဲ့ ကျောင်းသူ ကျောင်းသားပေါင်း (၃၀၀)ကျော်ကို ပညာသင်ပေး ကျွေးမွေးစောင့်ရှောက်နေဆဲပါ။

ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်း ထည့်ဝင်လှူဒါန်း ထီးတော်တင်လှူလိုရင်ဖြင့် အုတ်ဖိုမြို့မှ (၁)နာရီသာသာနဲ့ အရောက်သွားနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်လို့ နှိုးဆော်လိုက်ရပါတယ်။

ဘဝအစ ပထမ

'ဟဲ့...ဦးပဥ္စင်း ကုသလ'

'တင်ပ့ါ ဘုရား'

'ဒီနေ့ ကိုယ်တော် ခရီးဝေး သွားစရာရှိတယ်'

'တင်ပ့ါ'

'ဒီညနေတင်မယ့် ထီးတော်အတွက်...'

'ဒီအတွက် ဘာမှ ပူမနေနဲ့... ဘယ်ကိုယ်တော်တင်မှာလဲ ဘုရား'

'မောင်ပဥ္စင်းကုသလ တင်ရမယ်လေ'

ကုသလရင်ထဲ နာဂစ်မုန်တိုင်းဝင်သလို ရင်လှိုက်သည်းဖို။ ဆရာတော်ကြီး ကြွမြန်းသွားခဲ့ပြီ။

အာသံချဲ့စက်ဆီမှ...

'မင်္ဂလာအချိန်ခါ ကျရောက်တော်မူပါ၍ ပရိတ်ရွတ်ဆရာတော်ကြွချီတော်မူပါ့ဘုရား'

စည်တော် ရွှမ်းနေပြီ။ အောင်ရာအောင်ကြောင်း အောင်ဆုတွေ အခါခါတောင်းလို့...အောင်ကြောင်းဖြာဝေ အောင်ပါစေသော...အောင်စေသော...


ကုသလ ခြေတစ်လှမ်း ကုန္ဒေ တစ်သန်း တန်နေချေပြီ။ တစ်ခါတစ်ခါ ခြေတော်နဲ့မြေကြီး ထိမှ ထိရဲ့လား။

ဖြစ်မှဖြစ်ပ့ါမလား... ဝိုးတဝါးကွေးညွတ်၊ စိတ်နှလုံးညွတ်သည် ဘုံထွဋ်နတ်တောင် နေတိုးသော်... လတုဘုရင် နတ်သျှင်နောင်ရဲ့ ရတုပိုဒ်စုံထဲကလို စိုးတထိတ်ထိတ်။

'အို...ငါဟဲ့ယောကျ်ား ပင်းမြတ်တစ်ပါး ဘုရားသားတော် ကျွန်ုပ် ကုသလသည် မွေးသည်မှ ယနေ့တိုင်· မိဘနှစ်ပါး စောင့်ရှောက်ကျွေးမွေး လိုသေးမရှိ ပြုစု



• အလှူ့ဒကာကြီး ဦးထွန်းရှိန်
ကျောင်းထိုင်ဆရာတော် "ရှင်နာဂထေရ"



• ဆရာတော်ဦးကုသလ

ခဲ့ဖူးပြီ။

သတ္တဝါအများအပေါ် မေတ္တာရှေ့ထား၍ မေတ္တာသုတ် နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်ခဲ့ဖူးပြီ။ ငါးပါးသီလ ဒါနဝတ်ပုဒ်ဆိုးမှာ ရုံခြုံပါ၏။ သမာဓိထူထောင် ဝိပဿနာ အားထုတ် ပရဟိတ လုပ်ခဲ့ရိုး မှန်ပါ၏။

ဤမှန်ကန်သော သစ္စာတရားကြောင့် ယခု တင်လှူမည့် ထီးတော်သည် အောင်မြင်ပြီးမြောက်ပါစေသတည်း'

ရယ်လို့ သစ္စာပြု တိုင်တည်ပြီး ထီးတော်ကြီး တင်လှူပြီးတဲ့အခါ "နဘံမိုးထိ မိုးလုံးအိမ့် လူသာဓုခေါ်..., နတ်သာဓုခေါ်... ဘဝ်သို့ ညံ... ဖြိုးဖြိုးလျှံဝေ... အောင်ပါစေ... အောင်ပါစေ...အောင်ပါစေ'

'အောင်ပြီလားဟေ့'

'အောင်ပြီဟေ့'

'အောင်ပြီလားဟေ့'

'အောင်ပြီဟေ့'

'အောင်ပြီလားဟေ့'

'အောင်ပြီဟေ့'

'အဲဒီအသံတွေ ကြားရမှပဲ ငါ ထင်တဲ့ ထီးတော်မြတ်ကြီး အောင်မြင်ပြီးမြောက် ခရီးပေါက်ခဲ့ပြီဆိုတာ မှတ်လိုက်ရလို့ ပထမတန်း အောင်လက်မှတ်တော့ ရလိုက်ပါပြီပေါ့ ဒကာကြီး ဦးကြည်သိန်း'

'တင်ပ့ါ ဘုရား။ အဲဒီဆရာတော်ကြီးဆိုတာ...

မြန်မာနိုင်ငံမှာ အပ်ချုပ်မှုင်နဲ့ ထီးတော်တင်တဲ့ ဆရာတော်ကြီးပေါ့ ဒကာကြီး။ ခုတော့ ဇရာထောင်းလို့ နားခဲ့ပါပြီ ဒကာတော်။ အစစအရာရာ ကိုယ်တော့်ကို စိတ်ချစွာနဲ့ အပ်နှံခဲ့တယ်ဆိုတာ...'

'ဆရာတော်လေးရဲ့ မေတ္တာသစ္စာ သမာဓိ စွမ်းအားကြောင့်ပေါ့ ဘုရား'

ယုံမှားသံသယ မရှိရအောင် တရုတ်မော် ရွှေမျှင်တင်စေတီ ကျရင် မျက်ဝါးထင်ထင် တွေ့မြင်ရပြီပေါ့။

## ဥဿျစ်ပင်ကျောင်း ရွှေမျှင်တင်စေတီ ထီးတော် တင်လှူပြီ

၂၀၁၆ ခုနှစ်၊ ဇွန်ထုတ် ပါရမီမဂ္ဂဇင်း "**တရုတ်မော် ရွှေမျှင်တင်**



▲ ပရိတ်ချည်နဲ့ ထီးတော်တင်မြင်ကွင်း



▲ ကျေးရွာလေး ပျော်မွေ့ဖွယ်ရာ အုန်းပွဲရွက်လို့လာ

**ဘုရား ရှင်ပြင်တော်ပေါ်က အံ့သြဖွယ်ရာ ထူးသည့်ခြေရာ''** ဆောင်းပါးမှာ ရေးသားတင်ပြခဲ့ပြီးပါပြီ။

ဒီခြေတော်ရာလေး ရောက်ရှိပြီး (၁-၄-၂၀၁၈)မှာ ဒီစေတီကြီးမှာ ထီးတော်သစ် တင်လှူခဲ့ရပြီ။ ကျောင်းထိုင်ဆရာတော်ကြီး ဘွဲ့တော်က **''ရှင်နာဂသေန''**အရှင်သူတော်၊ စာရေးသူနဲ့ တွေ့ဆုံစကားပြောတော့ ဝမ်းသာကြည်နူး ပီတိလှိုက်ဖြာ။ ထီးတင်မယ့် ဒကာတော်တွေကလဲ ရှင်နာဂသေနရဲ့ ပစ္စည်းလေးပါးဒကာတော်တွေ။ တရုတ်မှော်ရွာလေးကနေပြီး ရွှေတောင်တည်ကုန်းရွာမဆီ ပြောင်းသွားခဲ့တာ (၁၀)နှစ်တောင် စွန်းခဲ့ပြီ။

ယခုအခါ ကျန်းမာရေးချို့တဲ့အသက်ကလဲ ဒကာကြီးဦးထွန်းရီက (၉၀)၊ ဒကာမကြီးဒေါ်ခင်ရီက (၈၇)တဲ့လေ။ သက်တော်ရှည်တွေပါလား။ သီလတန်ခိုးကြောင့် အသက်ရှည်၊ ဒါနကြောင့် ချမ်းသာသတဲ့လေ။

(၁-၄-၂၀၁၈) ညနေ (၅း၃၀) မင်္ဂလာအချိန်ကျလို့ ရှင်ကုသလမထေရ် ပရိတ်ချည်နဲ့ အရံစေတီ (၁၀)ဆူ ထီးတော်တင်လှူတော့မယ်။ မမြင်ဘူးလို့ လာကြည့်တဲ့သူတွေဆိုတာ ရင်ပြင်တော်အပြည့်။ မင်္ဂလာဆိုင်းတော်ကလဲ ''အောင်စေ…ပိုင်စေ…နိုင်စေ''တီးလို့ မြေလုံးဟည်းမျှ ခြိမ့်ခြိမ့်ညံခဲ့ပြီ။

ဒီစေတီ ဒီဘုရား ဘယ်သူတည်ထားတယ်ဆိုတာ မသိရပေမယ့် လက်ရာတွေက ပုဂံခေတ်မတိုင်ခင် ခေတ္တရာပျူမြို့ဟောင်းလက်ရာဆီ။

ရွာခံတချို့ မြေပဲနုတ်ရင်း ပျူနားတောင်း၊ ပျူပုတီးစေ့ ရခဲ့ကြောင်း ညီလေး''မောင်ဝင်း''က ပြောပြဖူးပါတယ်။

ဆိုင်းဆရာကြီးကတော့ **''ဒီခြေရာလေးတွေဟာ သျှင်သူငယ်ခြေရာ''**လို့ ပြောပြပါတယ်။

အရံစေတီ ထီးတော်လေးတွေကို ဆရာတော် ရှင်ကုသလက (၆)ကြိမ် (၆)ခါ လက်ယာရစ် လှည့်ပတ်စေ



◆ ရွှေထီးတော်အလှူရှင် ဦးထွန်းရီ + ဒေါ်ခင်ရီ
ညီမ မသန်းမြွေ့နှင့်အတူ



◆ အလှူ့အဂ္ဂ+အဂ္ဂမကြီး...ကြီး
စိန်ဖူးတော် လှည့်လည်ပူဇော်စဉ်

ပြီး ထီးတော်(၁၀)ဆူကို စေတီကြီး ဆီသို့ ဦးတည်ပြီး တင်လှူနေပြီ။ ပထမခေါက် ပရိတ်ချည်၊ ဒုတိယ ခေါက် တစ်သျှူး၊ တတိယခေါက် ပဝါသိုင်းလို့ ဆိုင်းကြိုးမပါ တင်လှူ နေပါပြီ။

လူတွေဆိုတာ မျက်တောင်မခတ် ရင်တလှပ်လှပ်နဲ့ ဖူးမဝ၊ ဦးချမဝ။ ထိုစဉ် နံ့သာဖြူရနံ့ သင်းပျံ့လှိုင်ဝေ။ နွေနေကလဲ ဒီနေ့မှ မပူ။ သိကြားမင်းကြီးကတောင် နေအပူက ဖယ်ပြီး ရင်ကို အေးမြစေခဲ့ပြီ။

စေတီကြီး ရွှေဆေးသုတ်တော့ အောက်ခြေ မပြီးပြတ်တော့ စာရေးသူ ဝင်ပြီး ကုသိုလ်ယူ ဆေးသုတ် ရင်း...

'ရှင်နေမင်း ထီးတော်တင်လှူမယ့် တစ်နေ့လုံး အပူကင်း၍ နေမင်းမသာ အေးရိပ်ဖြာ၍ ဘယာဝေးရှောင် အောင်စေကြောင်း မိုးအုံ့ပေးတော်မူပါ'

လို့ နှုတ်က သစ္စာပြုတော့ နံ့သာဖြူနံ့ သင်းပျံ့လို့ပါ။ စေတီ တန်ခိုးနဲ့ ရှင်ကုသလရဲ့ သစ္စာ၊ မေတ္တာတန်ခိုးကြောင့် ထင်ပါတယ်။ ထီးတင်ပြီးတဲ့တိုင် အေးမြဆဲရယ်ပါ။

## ရွှေထီးတော်ကြီး တင်လှူပြီး

(၂-၄-၂၀၁၈) နံနက်(၇း၄၀)နာရီ တိတိအချိန် ထီးတော်ကြီး တင်လှူ အပြီး နောက်ဆုံးအနေဖြင့် စိန်ဖူးတော်ကြီးကို ဆရာတော်ကုသလ ရင်ခွင်မှာပိုက်၊ ပဝါနဲ့သိုင်းချည်၊ ပန်းရထားမှာခိုစီး ''ဆွဲပေ့... ဆွဲပဟ'' ဆရာတော် ဘုရားစေတီ ထိပ်ဖျား ငြမ်းဆီကို (၃)မိနစ် အတွင်းရောက်ရှိ စိန်ဖူးတော် တင်အလှူအပြီး ရွှေမိုငွေမိုး ရွာသွန်း ဖြိုးလို့ အောင်စည်တီးလို့ အောင်မောင်းလှုံ့ဝေ ရွှေမှော်မြေမှာ ပရိတ်ချည်နဲ့ ထီးတော်တင်လှူပွဲ ခြိမ့်ခြိမ့်သဲသဲ ရင်ထဲပီတိ ဂွမ်းဆီထိသို့...

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၃၇၈)၊ ဆေးနည်းတိုရောင်ခြည် စာမျက်နှာ** (၁၃၀)တွင် **စာရေးဆရာ အေးချမ်းအောင် (ရမည်းသင်း)**၏ သစ်စေးစက်လျှင် ခေါင်းစဉ်ဖြင့် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

စာရေးသူကိုယ်တိုင် သစ်စေး စက်ဖူး၍ တစ်ကိုယ်လုံး ယားယံပြီး အခံရခက်စွာ အသင်ပြင်ထားသည့်ပမာ အပိမ့်များစွာဖြင့် ခံစားခဲ့ရဖူးပါသည်။

စာရေးသူ သစ်စေးစက်ပုံမှာ ငယ်ဘဝက ကသာမြို့ အမှတ်(၇)ရပ်ကွက် လျှပ်စစ်ကုန်းတွင် နေခဲ့ဖူးပါသည်။ နွေရာသီကျောင်းပိတ်ရက်တွင် အိမ်နီးချင်းဖြစ်သည့် ဒေါ်သောင်းရင်၊ သူ့သမီးကြီး မပဲ၊ မမဲ၊ စောရွှေတို့နှင့် အတူ ကသာမြို့ တောင်ပေါ်ကျောင်းရှိ သီလရှင်ကျောင်း အနောက်ခြမ်းနှင့် ကသာခရိုင်ရုံးဝင်း၏ နောက်ခြမ်း၊ ရပ်ကွက်(၉)ပတ္တမြားရပ်ကွက် အနောက်ခြမ်း၊ တရုတ်သင်္ချိုင်း၊ အစ္စလာမ်သင်္ချိုင်းနှင့် ပမာသင်္ချိုင်းတို့တွင် တောထွက်၍ ထင်းခွေသွားကြပါသည်။

အင်ကြင်း၊ သစ်အယ်၊ ရုံ၊ သစ်နီတို့ ပေါက်ရောက်သဖြင့် နွေကျောင်းပိတ်ရက် မဖွင့်မီ နေ့စဉ် နံနက်စောစော စားပြီး သွားကြပါသည်။

စာရေးသူမှာ ငယ်ရွယ်ဘဝမို့ **သစ်စေးပင်မှ** ခုတ်လျှင် သစ်စေးစက်ကြောင်း မသိပါ။ ယင်းမို့ကြောင့်လည်း သစ်စေးသားတွေ ခုတ်ခဲ့ပါသည်။

ခုတ်ပြီး ညှပ်ပိုင်းမှ စပြီး သစ်စေးစက်သည့် နေရာများ ယားယံလာပြီး အပိမ့်အဖုများ ထွက်လာပါသည်။

ကုတ်သော်လည်း အယားမပြေ။ သွေးစို့ထွက်လာသည့်အထိ ယားယံမှုဝေဒနာကား မသက်သာ။

အိမ်နီးချင်း ဒေါ်သောင်းရင်က **မုန့်ညင်းဆီနှင့် လူးလျှင် ပျောက်ကင်းကြောင်းပြော၍ လူးကြည့်သည့်** အခါပျောက်ကင်းသက်သာသွားသည်ကိုတွေ့ရပါသည်။

ယနေ့တွင်မူ စာရေးသူတို့ ထင်းခွေသွားသော နေရာများမှာ ရုံးအဖွဲ့အစည်းများ၊ လူနေအိမ်ခြေများဖြင့် စည်ကားနေပြီ ဖြစ်ပါသည်။

သင်္ချိုင်းကုန်းများမှာမူ ပတ္တမြားရပ်ကွက်အစွန် ကသာမြို့အဝင်(၅)ဖာ့လုံခန့်အကွာ၌ သင်္ချိုင်းကုန်းများ ရွှေ့ပြောင်းထားကြပြီးဖြစ်ပါသည်။

စာရေးသူနှင့်အတူ ထင်းခုတ်ထင်းခွေခဲ့သည့် ဒေါ်သောင်းရင်မှာမူ ကွယ်လွန်သွားပြီ ဖြစ်ပါသည်။



# သစ်စေးစက်လျှင်

## ဆေးနည်းတိုတစ်ခု ထပ်၍ အသိပေးချင်

စာရေးသူ ငယ်ဘဝကမူ တော်လှန်ရေး ကောင်စီခေတ်ဖြစ်၍ ပြည်သူ့ဆိုင်မှ ရောင်းချသည့် မြေပဲဆီမှာ အိမ်ထောင်တစ်စုလျှင် (၅၀)ကျပ်သားခန့်သာ ရောင်းသဖြင့် မလုံလောက်သည်ကအမှန် ဖြစ်သည်။

**မုန့်ညင်းဆီ အသုံးပြုရပါသည်။** မုန့်ညင်းဆီသည် အနံ့ဆိုးသည်မှအပ ဈေးသက်သာသည်။ မြေပဲဆီကဲ့သို့ ဆီစိမ်း ဆမ်းစား၍ မရပါ။

မုန့်ညင်းဆီကို ချက်ပြီး ဆီကျက်မှ ရှောက်ရွက် နှစ်ရွက်,သုံးရွက် ဆီအိုးကင်းထဲ ထည့်လိုက်မှ ဆီလည်း ကျက်သွားပြီး ဆီအနံ့လည်း မရှိတော့မှ ထမင်းဆီဆမ်း၊ ငါးခြောက်ဆီဆမ်း၊ မည်သည့်ဟင်းပဲ ချက်ချက် ရသွားပါသည်။

မုန့်ညင်းဆီ၏ အသုံးမှာ ကလေးတွေ ဗိုက်နာလျှင် ဝမ်းဗိုက်ပိုင်းကို အသာအယာလူးခြင်းဖြင့် သက်သာစေပါသည်။

ကလေးငယ်များ ရင်ကျပ်လျှင်ပင် ရင်ဘတ်ပိုင်းကို လူးခြင်းဖြင့်ကောင်းမွန်သက်သာစေသည်အထိစွမ်းပါသည်။

သစ်စေး စက်ခြင်း ကိုယ်တွေ့ ခံစားရသဖြင့် မုန့်ညင်းဆီကို အမှတ်ရသွားသဖြင့် ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ရပါသည်။

အာယု ဝဏ္ဏော သုခံ ဗလံ


**မောင်ဗဟိန်း(အင်းတော်)**

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာ့ပွနီရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/မိုလ်ကြီး) ဖနီးဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နှန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝ၀၈ တဆဆလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ အသားထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာ ပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နှန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူ့ဝတ်ပေါက်တစ်ချို့ ကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ ဓအအက်စ်ဖို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ သင့်မှားရောဂါများဖြစ်သော နှလုံး၊ ဓာတ်သွေးတို့ စီးပင်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်ဝေစာင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ခါး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ ဝ၂၉၁၇) ဖုန်း–ဝ၉–၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး


မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

# သျှင်ပင်ရွှေစောလူးဘုရား

## နှင့် ရင်ပြင်ပေါ်ရှိ ခေါင်းလောင်းစာများ

ရေနံမြေ လှမင်းရ



◆ သျှင်ပင်ရွှေစောလူးဘုရားစေတီ

သျှင်ပင်ရွှေစောလူး စေတီတော်သည် မြင်းမူမြို့ဦး ကုန်းမြင့်အငူတွင် တည်ရှိတော်မူပါသည်။ ထိုစေတီသည် ဒေဝါနံပိယဒဿီ ဘွဲ့ခံယူသော သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုဖြစ်၍ သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့ခြင်းဖြစ်သည်။

စေတီတော်၏ မူလဉာဏ်တော် အမြင့်မှာ (၅)တောင်ခန့်ဖြစ်သည်။ သို့ရာတွင် ခေတ်အဆက်ဆက် မွမ်းမံပြင်ဆင်ခဲ့သဖြင့် မျက်မှောက်ကာလတွင် (၅၇)ပေခန့်ရှိပေသည်။ ဘုရား၏ မူလဘွဲ့တော်မှာ မုဇ္ဈော ဖြစ်သည်။

**မုဇ္ဈောဆိုသည်မှာ လွတ်မြောက်ခြင်းသဘော ဖြစ်သည်။** အသောကမင်းကြီး လက်ထက် စေတီများ တည်၍ ပြီးစီးလုတွင် **လမင်းကို ရာဟုဖမ်းခြင်း (လပေုတ်ဖမ်းခြင်း)နှင့် ကြုံကြိုက်ခဲ့ရာ လုံးဝ ပြီးစီးသည့်အခါတွင် လမင်းသည် ရာဟုခံတွင်းမှ လွတ်ကင်းသည်နှင့် ကြုံလေသည်။**

ထို့ကြောင့် အသောကမင်းကြီး၏ ကောင်းမှုစေတီများကို မုဇ္ဈော စေတီဟု သမုတ်ခဲ့ခြင်း ဖြစ်ပေသည်။

မူလက ရွှေစောလူးဘုရားစေတီ



● ရွှေစောလှူဘုရား ဆောင်းတန်း



● ရွှေစောလှူ ဘုရားဆောင်းတန်းအတွင်းမှ ဘုရားတည် မော်ကွန်းဆိုင်းဘုတ်

မှာ လုံးဝန်းသော ပုံသဏ္ဌာန်ဖြစ်သည်။ မြတ်စွာဘုရား တရားဦးဟောတော်မူရာ မိဂဒါဝုန်တောတွင် တည်ထားတော်မူသော ဓမ္မရာဇိကစေတီတော်နှင့်သော် လည်းကောင်း၊ သရေခေတ္တရာခေတ်ဘောဘောကြီးဘုရားနှင့်သော် လည်းကောင်း တူပေသည်။

ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် ဘုရားစေတီ ကိုင်း၍ တည်ခဲ့ကြသဖြင့် ပုံ(၁)တွင် မြင်ရသည့်အတိုင်း ပြောင်းလဲလာခြင်းဖြစ်သည်။

ရွှေစောလှူဘုရားနှင့် ပတ်သက်၍ ရှေ့မှ **"သျှင်"**ခံကာ **"သျှင်ပင်ရွှေစောလှူ"**ဟု လည်းကောင်း၊ ရှေ့မှ **"ရှင်"**ခံ၍ **"ရှင်ပင်ရွှေစောလှူ"**ဟု လည်းကောင်း ရေးသားကြသည်ကို တွေ့ရသည်။

**သျှင်(ရှင်)ဆိုသည်မှာ မြတ်စွာဘုရားကို ဆိုလိုသည်။ ဂုဏ်တော်ကျေးဇူးတော်အပေါင်း၊ ကျက်သရေတော်အပေါင်းနှင့် ပြည့်စုံတော်မူသောဟု အဓိပ္ပာယ်ရသည်။**

ပုဂံခေတ် ကျောက်စာများတွင် **"သျှင်"**ကို အသုံးပြုနေပြီဖြစ်ကြောင်း တွေ့ရသည်။ ပုဂံခေတ် သက္ကရာဇ် ၆၇၀ ပြည့်နှစ်တွင် စစ်သူကြီးတုရင်ပို ရေးထိုးသော မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာ၊ ရွှေစည်းခုံ ဘုရားကျောက်စာတွင်...

'သဗ္ဗာ ကြည်ညိုတော်မူရှယ် ဖုရာသျှင်ကို လျှယော'

(သဗ္ဗါကြည်ညိုတော်မူ၍ ဘုရားရှင်ကိုလှူသော)

'ဖုရာသျှင်ကို ရေစက်ချရှယ်'

(ဘုရားရှင်ကို ရေစက်ချ၍)

ဟု တွေ့ရသည်။ သို့ဖြစ်၍ ဘွဲ့နာမံတော်မှာ ပုဂံခေတ်ကပင် **သျှင်ပင်ရွှေစောလှူ**ဟု တွင်နေခဲ့ဟန် တူပေသည်။

သက္ကရာဇ် ၄၄၆ ခုနှစ်တွင် နန်းတက်သော ကျန်စစ်သားမင်း

ကြီးသည့် ခမည်းတော် အနော်ရထာ လက်ထက် ပြီးစီးအောင်မြင်ခြင်း မရှိခဲ့သော အထက်ဖော်ပြပါ ရွှေစည်းခုံစေတီကို ဆက်လက် ဆောင်ရွက်ကာ တည်တော်မူခဲ့သည်ကို ထောက်ရှု၍ မြင်းမူအရပ်၌ ယိုယွင်းပျက်စီးနေသော မုတ္တော စေတီကို ဦးစွာပြင်ဆင် မွမ်းမံခဲ့သူမှာ ကျန်စစ်သားမင်းကြီး ဖြစ်နိုင်သည် ဟု ယူဆရသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက် မြင်းမူနယ်၊ ကန်တော်ရွာသူကြီး ဖေယျပုံ့ချို ရေးဖွဲ့သော နန်းကြာရွှေကူမော်ကွန်းတွင် . . .

'ခန့်တာရေတွက်၊ မြင်းမူတက်သို့ ငါးရက်နှင့်သာ၊ ဆိုက်ရောက်လာ၍ ဝိုလ်ပါညီစေ ထိုရပ်မြေ၌၊ တနေ့မမြင့် တနေ့လင့်၍ ပွင့်မည်အလောင်း မျှမတ်ပေါင်းနှင့်၊ ကြည်းကြောင်းတက်ခါ သန့်မြန်စွာဟု၊ ရတနာပြောင်ကျော်၊ ဆင်မြူတော်ကို၊ ထွန်းပေါ်နေတွင် ရွှေပက်တင်၍၊ အဂ်ီလေးပါး၊ ရံခန့်ထား လျက်၊ ဖြန့်သွားလေလျှင်၊ ထီးလိုက်ရှင် သည်'

ဟု ရေးသားထားပေရာ၊ မြင်းမူ အရပ်သို့ ထီးလိုင်ရှင် ခေါ် ကျန်စစ်သားမင်းကြီး ရောက်တော်မူခဲ့သည်မှာ သေချာပါသည်။

ထိုမင်းလက်ထက်မှာပင် မုတ္တော စေတီတော်အား ရွှေစောလူးဟူသော ဘွဲ့တော်ကို ကပ်လှူခဲ့သည် ဟု ယူဆရသည်။

ရွှေစောလူးဘုရား၏ အရှေ့ဘက် ရွှေစောလူး အင်းစပ်အနီး၌ သီရိ ဓမ္မာသောကမင်းကြီး၏ ကောင်းမှု



ရွှေစောလူးဘုရား အရှေ့တောင်ထောင့် ရှိ ကောင်းဘက်ခေါင်းလောင်းနှင့် ကျောက်စာ

ရေတွင်းပေါင်း ရှစ်သောင်း လေးထောင် အပါအဝင်ဖြစ်သော ရေတွင်းတစ်တွင်း ရှိပါသည်။

မူလရေတွင်းမှာ ယိုယွင်းခဲ့၍ ယခုအခါ **အများကောင်းမှုအဖြစ် ပုံ (၂)တွင်** မြင်ရသည့်အတိုင်း ပြုပြင်မွမ်းမံထားသည်ကို တွေ့ရသည်။

ရှေးအဖြစ်က အဆိုပါ ရေတွင်း၏ အရှေ့ဘက် အင်းအစပ်တွင် ရေကန်တစ်ကန်ရှိခဲ့သည်ဟု ဆိုပါသည်။ သို့ရာတွင် ယခုအခါ၌ လယ်ခင်းတွေဖြစ်၍နေပေရာ. . . မည်သည့်နေရာတွင် ရှိခဲ့သည်ဟု မသိနိုင်တော့ပါပေ။

**တစ်သီတစ်ရံတွင် ကျောက်လိပ်ကြီး တစ်ကောင်သည် ဖော်ပြပါ အင်းထဲ၌**

ကူးခပ်နေသည်ကို တွေ့မြင်ကြရသည်ဟု ဆိုပါသည်။ ထို ကျောက်လိပ်ကြီးကား ရောက်နှဲစောင့် လိပ်ကြီး ဖြစ်မည်လား မပြောတတ် ပါချေ။

ဘုရားရင်ပြင်၌ အသားပြာသာဒ်၊ အုတ်ပြာသာဒ်၊ ပန်းပုလက်ရာ၊ ဗိသုကာလက်ရာ၊ ပန်းပွတ်လက်ရာ စသည်ဖြင့် ရှေးဟောင်းအမွေအနှစ် ပန်းဆယ်မျိုးလက်ရာများကို တွေ့ရသည်။

အရုဏ်ခံ အသားပြာသာဒ်နှင့် အလောင်းမင်းသား တောထွက်ခန်း ရုပ်ကြွများကို **ပုံ(၃)**တွင် တွေ့မြင်ရသလို၊ အုတ်အင်္ဂတေရုပ်စုံပြာသာဒ်တွင်လည်း ပန်းတမော့လက်ရာနှင့် ရုပ်ကြွများကို **ပုံ(၄)**တွင် တွေ့ရမည် ဖြစ်သည်။'

ကျန်စစ်သားမင်းကြီး နတ်ရွာစံသောအခါ မြေးတော်အလောင်းစည်သူ**(မဏိစည်သူဟု လည်းကောင်း၊ နရပတိစည်သူဟု လည်းကောင်း ခေါ်တွင်ပါသည်)**သည် သက္ကရာဇ် ၄၇၃ ခုနှစ်တွင် နန်းတက်လေသည်။

ထိုအချိန်က သာသနာပြု ပုဂ္ဂိုလ်ရှင်အရဟံမထေရ်သည် ပုဂံ မင်းနေပြည်တွင် ရှိနေတော်မူရာ အလောင်းစည်သူ မင်းကြီးသည် ရှင်အရဟံ၏ အဆုံးအမကို ခံယူကာ သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။

ထိုမင်းကြီးသည် တိုင်းခန်းလှည့်လည်၍ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်သည်တွင် မြင်းမူအရပ်သို့လည်း ရောက်တော်မူခဲ့ပါသည်။ ထိုသို့ ရောက်တော်မူကြောင်း ပုဂံ



* ရွှေစောလူးဘုရား အရှေ့တောင်ထောင့်မှ ခေါင်းလောင်း(၂)လုံး

ခေတ် သက္ကရာဇ် ၆ရ၀ ပြည့်နှစ် စစ်သူကြီး တုရင်ပိုရေးထိုး ရွှေစည်းခုံဘုရားကျောက်စာတွင်...

'အလောင်းစည်သူ ဟိုင်းခွင်လှည့်လည်တော်မူသောအခါ ကူအနောက်အယို့ မျက်နှာပူလျက်တည်သတည်။ တည်သော ကူကို စစ်သူကြီး တုရင်ကပိုပဲတောလျှုတော်မြေကား ရမခြောက်ခင်'

ဟု ရေးထိုးထားသည်ကို တွေ့ရသည်။

တကယ်တော့ ရွှေစေတီဘုရား တည်ထားတော်မူခဲ့သော ပဒတ္တိုင်းရှာသည့် မြင်းမူမြို့၏ အနောက်မြောက်ဘက်၊ မြင်းမူနှင့် မနီးမဝေး တွင် တည်ရှိသည်။

ထို့ကြောင့် အလောင်းစည်သူမင်းကြီး မြင်းမူအရပ်သို့ ရောက်ခဲ့မည်မှာ ယုံမှားဖွယ် မရှိပါပေ။ အလောင်းစည်သူမင်းကြီး ရွှေစောလူးစေတီတော်သို့ အဖူးအမြော် ရောက်သည်တွင် ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖောင်တော်ပေါ်မှ ဖူးမြော်လေရာ မော်ပြီး ဖူးမြော်ရသဖြင့် ဗောင်းတော် ကျွတ်ကျလေသည်။

ထို့ကြောင့် ဗောင်းတော် ကျသည့်နေရာတွင် ဗောင်းတော်ကျဘုရား တည်တော်မူခဲ့ပါသည်။


**[ယခု ဗောင်းတော်ကျဘုရား တည်ရှိတော်မူသော နေရာမှာ သိမ်တော်ကြီးဘုရား၏ အနောက်တောင်ဘက်အနီးတွင် ဖြစ်၍ မူလတည်နေရာကား ဗောင်းတော်ကျဘုရား၏ တောင်ဘက်တည့်တည့် ရောဝတီမြစ်ဆိပ်ကမ်း အနီးရှိ ကျောက်ဆောင်(ရှိုင်စု ကျောက်ဆောင်ဟု ပြောကြသည်)၏ မြောက်ဘက်အစပ်ဟု ဆိုပါသည်။ စာရေးသူ]**

ဤသို့ဖြင့် ဗောင်းတော်ကျွတ်ကျသည့်နေရာကို ဗောင်းတော်ကျဘုရား၊ ဖောင်တော် ကူးခပ်သည့် နေရာကို ဖောင်တော်ကူးဘုရား၊ ဖောင်တော်ဆိုက်ကပ်သည့် နေရာကို ဖောင်တော်ဦးဘုရားဟု ဘွဲ့နာမံ တပ်ကာ အသီးသီး တည်ထားတော်မူခဲ့ပါသည်။

ရွှေစောလူးဘုရား၏ အနောက်



◆ ဖောင်တော်ဦးဘုရား



◆ ဖောင်တော်ဦးဘုရားနှင့် အုတ်ပြာသာဒ်

တောင်ဘက်ရှိ သိမ်တော်ကြီးဘုရား ကုန်းမှ တွေ့ရပြီး ယခု ဗောင်းတော်ကျ ဘုရား၌ရှိသော အင်းဝခေတ်ထိုး ခေါင်းလောင်းစာ တစ်ခုတွင်...

'၇၇၉ ခုနှစ်၊ နယုန်လပြည့်ကျော်(၃) ရက်နေ့ ကျောက်တလုံးရှာနေ ခေါင်းလောင်းအကာ မောင်ရွှေရို သမီးမောင်နှံက နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ ကြေးစင်ခေါင်းလောင်းကို မြင်းမှူရှာလယ် ရှေးမင်းတို့ တည်ထားကိုးကွယ်သည့် ဖောင်တော်ကူးဘုရားမှာ လှူဒါန်းသည်'

ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ထိုအဆိုအရ ရှေးမင်း (အလောင်းစည်သူ)သည် မြင်းမူ အရပ်၌ ဗောင်းတော်ကျဘုရား၊ ဖောင်တော်ကူးဘုရားနှင့် ဖောင်တော်ဦးဘုရားတို့ကို တည်ထားကိုးကွယ်တော်မူခဲ့သည်မှာ ထင်ရှားပါသည်။

မျက်မှောက်ကာလတွင် ရွှေစောလူးဘုရား၏ တောင်ဘက် ပေခြောက်ဆယ်၊ ခုနစ်ဆယ်ခန့် အကွာတွင် ဖောင်တော်ဦးဘုရားကို တွေ့မြင် ဖူးမြော်နိုင်ပါသည်။

ဖောင်တော်ဦးဘုရားဟု သိသာထင်ရှားနိုင်စေရန် **ပုံ(၅)**တွင် ဖော်ပြထားသည့်အတိုင်း အထက်ပစ္စယံ၌ ဖောင်ကြိုးပုံသဏ္ဍာန် ရစ်ပတ်ထားသည့်ကြိုးကို တွေ့မြင်ရမည် ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရသော် ဂေါတမဗုဒ္ဓ၏ သရီရဓာတ်တော် ကိန်းဝပ် စံပယ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှု သျှင်ပင်ရွှေစောလူး ဘုရားစေတီသည် သမိုင်းဝင် ဘုရားတစ်ဆူ ဖြစ်ပါသည်။

ထို့ကြောင့်ပင် အခါမလပ် ဆိုသလို ဘုရားဖူးသူများ၊ အလှူဒါနပြုသူများ၊ အဓိဋ္ဌာန်ဝင်သူများ၊ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ စသည်ဖြင့် စည်ကားလျက် ရှိပါသည်။

အထူးသဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ရက်တွင် ကြက်ပျံမကျ စည်ကားလှပါသည်။ ပွဲတော်ရက်မှာ ယခင်က ဝါခေါင်လဆန်း(၈)ရက်မှ ဝါခေါင်လဆန်း(၁၂)ရက်ထိ ဖြစ်သော်

လည်း ယခုမျက်မှောက်ကာလတွင် ဝါခေါင်လဆန်း(၈)ရက်မှ ဝါခေါင်လပြည့်နေ့ထိ ကျင်းပလျက်ရှိသည်။


ထိုသို့သော ပွဲတော်ရက်တွင် အနယ်နယ် အရပ်ရပ်မှ လာရောက် ရောင်းချကြသည့် ဆယ့်နှစ်ပွဲ ဈေးဆိုင်များ၊ မြို့ခံဈေးဆိုင်များ၊ စားဖွယ်စုံ ရောင်းသူဝယ်သူများ၊ ပွဲကြည့်သူ၊ ဈေးတန်းလျှောက်သူများ စသည်ဖြင့် အင်မတန် စည်ကားသိုက်မြိုက်လှသည့် ဘုရားပွဲတော်ကြီး ဖြစ်ပါလေတော့သည်။

## ခေါင်းလောင်းစာများ

သျှင်ပင်ရွှေစောလူးဘုရား ရင်ပြင်တွင် ခေါင်းလောင်းစာ အမြောက်အမြား တွေ့ရှိရသည်။ ယင်းတို့အနက် လက်လှမ်းမီရာအချို့ကို ဖော်ပြပါအံ့။

ဘုရား၏ အရှေ့တောင်ထောင့်ရှိ ခေါင်းလောင်းစာတွင် ခေါင်းလောင်းနှစ်လုံး ရှိသည်။ တောင်ဘက်ခေါင်းလောင်းမှာ ကမ္ပည်းစာ ရေးထိုးထားသော်လည်း မြောက်ဘက်ခေါင်းလောင်းမှာမူ ကမ္ပည်းစာ ရေးထိုးထားခြင်းမရှိပေ။ အဆိုပါ **ခေါင်းလောင်းစာ မူရင်းမှာ** အောက်ပါအတိုင်းဖြစ်သည်။

"စိရံတိဌတုသဒ္ဓမော တိဂ္ဃံ ရတနာနံ ရတနာသုမ္ဗား ဝိန္ဒိတွာရှိခိုး၍ သီရိခေတ္တရာမတိုင်း သရေခေတ္တရာပြည်ကြီးကို အစိုးရတော်မူသော နိဗ္ဗာန်ကျွန်းဦး စေတီတော် ဒါယကာ သီရိမဟာဓမ္မရာဇာ နာမံတော်ရှိသော ပြည်မင်းတရား၏အမတ် သုဝဏ္ဏတိတိုက်စား မောင်သာမြတ် ဇနီးမောင်နှံသည် သာသနာတော်၏



အရုက်ငံ့အသားပြောသာ

အတွင်း၌ လူ၏အဖြစ်ကို ရခဲခြင်း ဒုလ္လဘတရား ၅ ပါးကို အသင့်နှလုံးသွင်းမိ၍ အသင်္ခရိက ဉာဏသမ္ပယုတ်ဝေသာမနဿနှင့်တကွ ဆင်ခြင်သော လူအပေါင်းတို့၏ ကိုးကွယ်ပူဇော်ရာဖြစ်စေခြင်းငှာ၊

မြင်းမှူးအရပ်၌ ဘုရားသခင် ရုပ်ပွားဆင်းတု ဓာတ်တော်မွေတော်တို့၏ ကိန်းဝပ်ရာ စည်းခုံစေတီကို အုပ်အင်္ဂတေ ရွှေငွေမှုန်းမံ၍ တည်ထားကိုးကွယ်၏။ ထိုစေတီတော်အပြင်၌ အစည်ပပြတ် သဒ္ဒါဒါန ဖြစ်စေခြင်းငှာ၊ ကြေးစင်အချိန် အသပြာ တစ်သောင်းနှစ်ထောင်တရာကို ငွေစင်အချိန် အသပြာ နှစ်ရာခြောက်ဆယ်၊ လက္ခကကျွေးပေး၍ သွန်းလုပ်သည်၊

ခေါင်းလောင်းကို သာသနာတော် ၂၅၃၄၊ ကောဇာသက္ကရာဇ် ၁၁၇၂ ခု တပေါင်းလဆန်း ၁၅ ရက် ၆ နေ့တွင် ဆွဲထားတင်လှူ ပူဇော်ပါသည်၊ ဤသို့ပြုသော ကောင်းမှုကြောင့် မီးဆဲ့တပါးတို့၏ ကင်ညိန်ရာ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရော်သည်ဖြစ်စေသော၊ နိဗ္ဗာန်မရပိအကျား ဘဝအဆက်ဆက်တို့၌လည်း ဒုပယ်လေးပါး၊ ကပ်သုပ္ပား အရပ်ပြန်ရှစ်ပါး၊ ရန်သူငါးပါးတို့နှင့် ကင်းလွတ်၍ မြင့်မြတ်သော အမြိုး၌သာဖြစ်၍၊ အာယုဝဏ္ဏ သုခဗလ ပဋိဘာနတရားငါးပါး၊ သူတော် ဉစ္စာခွဲနှစ်ပါးနှင့် ပြည့်စုံသည်၊ စွန့်ကဲ့လှူဒါန်း ပေးကန်းသုန်းဆောင်၍ မကုန်နိုင်သော စည်းစိမ်၊ ဥစ္စာ ရတနာအပေါင်းနှင့် ပြည့်စုံသည် ဖြစ်စေသော၊

ဤကောင်းမှုအဘို့ကိုလည်း၊ ရေမြေသခင် ဘဝရှင်ပင်းတရားကြီး၊ အရှင်မိဘရား သားတော်သမီးတော် ကျေးဇူးအထူးတင်ပေသော၊ မိဘဆရာ ဆွေမျိုး ဉာတကာမှစ၍ သုံးဆဲ့တကုံ ကြင်လည်ကုံသော၊ ဝေနေယျ သတ္တဝါအား အမျှဝေပါ၏၊ သာဓုခေါ်ကြကုန်စေသော"

*[မူရင်း သတ်ပုံအတိုင်း]*

## ခေါင်းလောင်းစာတွင်

ရတနာသုံးပါးကို ဝန္ဒာမိရှိခိုး၍၊ သီရိခေတ္တရာတိုင်း၊ သီရိခေတ္တရာပြည်ကြီးကို အစိုးရတော်မူသော နိဗ္ဗာန်ကျွန်းဦးစေတီတော် ဒါယကာ "သီရိမဟာဓမ္မရာဇာ" ပြည်မင်းတရား၏အမတ် သုဝဏ္ဏတိတိုက်စား မောင်သာမြတ် ဇနီးမောင်နှံသည် မြင်းမှူအရပ် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်တို့ ကိန်းဝပ်စံပယ်တော်မူရာ စည်းခုံစေတီကို အုတ်အင်္ဂတေ ရွှေငွေတို့ဖြင့် မွမ်းမံ၍ တည်ထားကိုးကွယ်ခဲ့ကြောင်း...

ကြေးစင် အသပြာ တစ်သောင်းနှစ်ထောင့်တစ်ရာအား လက်ခငွေစင်အချိန် အသပြာနှစ်ရာ့ခြောက်

ဆယ် ကုန်ကျခဲ့ကြောင်း၊ ထို ခေါင်းလောင်းကို သာသနာ သက္ကရာဇ် ၂၃၅၄ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၁၅၂ ခုနှစ်၊ တပေါင်း လဆန်း (၁၅)ရက်၊ သောကြာနေ့ တွင် လှူ၍ ပူဇော်ခဲ့ကြောင်း…

ထိုသို့ပြုရသော ကောင်းမှုကြောင့် ဆယ့်တစ်ပါးသောမီးတို့ ကင်းငြိမ်း ရာ နိဗ္ဗာန်သို့ ရောက်ရပါလိုဟု ဆု တောင်းထားကြောင်း၊ နိဗ္ဗာန်မရမီ စပ်ကြား ဖြစ်လေရာ ဘဝတိုင်းတွင် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ငှစ်ပါး၊ ရန်သူမျိုးငါးပါးတို့ဖြင့် ကင်း ဝေး၍ မြတ်သောအမျိုး၌ ဖြစ်ရ ပါလို၏ဟု ဆုတောင်းထား ကြောင်း…

ပေး၍မကုန် လှူ၍မခန်းသော စည်းစိမ်ရတနာတို့အား ပိုင်ဆိုင်ရပါ လို၏ဟု ဆုတောင်းထားကြောင်း၊ ဤသို့ပြုရသော ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အရှင်မင်းတရားကြီး ဖြစ်သော ပြည်မင်းတရားနှင့်တကွ အရှင်မိဖုရား၊ သားတော်သမီးတော် တို့အား လည်းကောင်း၊ မိဘဆရာ ဆွေမျိုးညာတကာတို့အား လည်း ကောင်း အမျှပေးဝေပါကြောင်း ရေး သားထားသည်ကို တွေ့ရသည်။

အချို့သော ခေါင်းလောင်းစာ များမှာ ပျက်စီးမှုန်ဝါးနေပြီဖြစ်ရာ အဓိပ္ပာယ်ကို မှတ်ချက်ကောက် ကြောင်းမျှလောက်သာ ဖော်ပြနိုင်ပါ တော့သည်။

သျှင်ပင် ရွှေစောလူးဘုရား တောင်ဘက်၊ ဖောင်တော်ဦးဘုရား ၏ အရှေ့ဘက် ဘီလူးမရုပ်တုအနီး



အုတ်အင်္ဂတေလက်ရာပြာသာဒ်

တွင် ခေါင်းလောင်းတစ်လုံး ရှိပါ သည်။ ထိုခေါင်းလောင်းကို သက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် ဦးကြာ ပေါ် + ဒေါ်ကြည်သန်းတို့၏သား ဦးဖိုးစိုးနှင့် ဇနီး ဒေါ်ရွှေညိမ့်၊ သမီး မခင်ထိုက်တို့မိသားစုက လှူဒါန်းခဲ့ ကြောင်း တွေ့ရသည်။

အံ့ဆိုပါ ခေါင်းလောင်းသွန်းလုပ် ရာတွင် ကုန်ကျငွေနှင့် **ကြေးဝိသသာ ချိန်**ကို ဖော်ပြရာ၌…

'ဖောင်တော်ဦး စေတီတော်မြတ်အား ဆက်ကပ်ရည် ညောင်းသွန်းလောင်းအပ် သော ကြေးဝိသသာချိန် ၁၀၀၊ အဖိုးငွေ ၃၇၇ ပေးရသော ခေါင်းလောင်းကြီးကို' ဟု လည်းကောင်း…

ဆုတောင်းခြင်းနှင့် ပတ်သက်၍ ဖော်ပြရာ၌…

'ဤသို့လှူရသော မြတ်ပုညကြောင့် တစ်ဆယ့်တမီးတို့၏ ကင်းရာနိဗ္ဗူတာသို့ လျှင်မြန်ဆောစွာ ရောက်လိုရပါ၏' ဟု လည်းကောင်း ရေးထိုးထား

သည်ကို တွေ့ရသည်။

**(ဖော်ပြပါ ခေါင်းလောင်းစာမှာ ဖောင်တော်ဦးဘုရားသည် ရွှေစော လူးဘုရားအနီးတွင် ရှိကြောင်း ခိုင်လုံသော အထောက်အထား ဖြစ်ပါသည်။ *စာရေးသူ*)**

တစ်ဖန်…

ဘုရား၏ အနောက်ထောင့်တွင် ခေါင်းလောင်းသုံးလုံး တွေ့ရသည်။ ထိုသုံးလုံးအနက် အစောဆုံး ခေါင်း လောင်းမှာ သက္ကရာဇ် ၁၂၄၈ ခုနှစ် ထိုး ကျောက်စာရုံးရှေ့မှ ခေါင်း လောင်း ဖြစ်သည်။

ခေါင်းလောင်းဒါယကာမှာ မြင်းမူ ရပ်နေ ပြာသာဒ်ဒါယကာ ဦးဝပြော၊ နှမ–မမယ်သိုင်းနှင့်(သား)ဦးရွှေလုပ်၊ ဦးသာစုတို့ ဖြစ်ကြသည်။ ခေါင်း လောင်းစာကို လက်ကပုံစံဖြင့် ရေး ထိုးထားသည်ကို တွေ့ရသည်။

'ဩတ္တဝါရှင်လှ၊ ပူဇော်သက္ကာ၊ အတုလာ နတ္တရ၊ သဗ္ဗညုဟု၊ လူ့ဟာသခင်၊ ရှင်ဘင် စောလူး၊ ခြေတော်ဦးတွင်'

ထို ခေါင်းလောင်းစာအရ **"ရှင်ဘင်စောလူး"၊ "ရှင်ပင်စော လူး"**ဟူသော ဘုရားဘွဲ့တော်သည် ကုန်းဘောင်ခေတ်မှာလည်း ထင်ရှား လျက်ရှိကြောင်း သိရသည်။

ဤ ခေါင်းလောင်းစာတွင် သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ပါတော် မူခဲ့သော သီပေါမင်း၊ စုဖုရားလတ် နှင့်သမီးတော်များကို လည်းကောင်း၊ အလုံးစုံသော မျိုးမတ်တို့အား လည်းကောင်း ရည်မှန်းပြီး…

'စကြာတော်ရှင်၊ သခင်နန်းမဆောင်နေ၊ မဟေသီ မင်းမိဖုရား၊ သားတော်သမီး၊

 စာမျက်နှာ (၄၇) သို့

လေအတွက် အနေမခက်အောင်
လူတိုင်းအတွက် ဆရာဦးခင်ဆွေ၏

# တန်ခိုးရှင်

အမှတ်တံဆိပ်

# ကျောက်ပေါင်းလေနိုင်ဆေး




TMR-013669 (0820)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်–၁၈/၂၀၁၆(
တဆယလတိုး (1251)

လူ၏ခန္ဓာကိုယ်သည် ဓာတ်လေးပါးဖြင့် ဖွဲ့စည်းထားသည်ကို လူတိုင်းသိနားလည်သော်လည်း (ဝါယော)လေသည် အဓိကကျသည်ကိုမူ သတိမမူမိပေ။ ထို့ကြောင့် လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေချုပ်ခြင်း၊ ကျောရင်ဥပ်၍ အောင့်ခြင်း အထက်သို့ လေဆန်၍တအေ့အေ့နှင့် လေအန်ခြင်း၊ လေပူထခြင်း၊ ကြေညက်ခဲသောအစာနှင့် အအေးစာများစားမိ၍ အစာမကြေဖြစ်ခါ အစာမစားလိုခြင်း၊ အစာအိမ်လေနာဖြစ်ခြင်း၊ လေပွခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေချုပ်၍ ဝမ်း နေ့စဉ် ပုံမှန်မသွားသောကြောင့် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း ဝမ်းသွားအားမရ၍ ညှစ်၍သွားရခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးဂျွန်ခြင်းများ၊ ဝမ္မတာသွေးချုပ်ခြင်း၊ သွေးကျန်ခြင်းများ၊ လေသည်အထက်သို့သာတက်၍အောက်သို့မသက်ခြင်းကြောင့် အကြောတက်၊ အကြောတင်းခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း။

ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ ဖန်စာ၊ ချုပ်စာစားမိ၍ ကလေးလေနာခြင်း၊ လေထိုးခြင်း၊ လေဆန်နာဖြစ်ခြင်း၊ နို့အန်ခြင်းတို့သည် လေနှင့်ပတ်သက်သောကြောင့် လေသည်ပွားများနေလျှင် လည်းကောင်း၊ လေအားနည်း၍ လေချုပ်နေလျှင်လည်းကောင်း၊ အထက်ပါရောဂါများဖြစ်တတ်ပါသဖြင့် လေကို (အထူး)ဂရုစိုက်ရန် လိုအပ်ပေသည်။ သွေးအတွင်းရှိလေ၊ အသားအတွင်းရှိလေ၊ အကြောအတွင်းရှိလေ၊ အစာအိမ်အတွင်းရှိလေ အပူအပုပ်များအောက်သို့ တဖြူးဖြူးနှင့်သက်၍ သွေးလေ ညီညွတ်မျှတကာ နေ့စဉ် ဝမ်းမှန်ပြီး အဆီကျ၍ ကိုယ်လက်ပေါ့ပါးစေရန်အတွက် ထုတ်လုပ်ထားသောဆေး ဖြစ်ပါသည်။

တန်ခိုးရှင် ဆေးတိုက် အမှတ်–(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၄၂၈ ၆၃၅ ၂၂၅၊ ၀၉ ၈၆၃ ၅၂၂၅၊ ၀၉ ၂၅၀ ၀၁၅ ၀၈၇၊

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

ရှေးမှတ်တမ်းမှတ်ရာနှင့် မူဒြာစုံလင်သည့်

# အပယ်ရတနာဂူဘုရား

ခင်ထွန်းသာ

မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော **မြောက်ပိုင်း မဟာယာန ဗုဒ္ဓဝါဒနှင့် ဗြာဟ္မဏဆိုင်ရာ ဆေးရေးပန်းချီများ**ကို အမြောက်အမြား တွေ့ရှိလေ့လာနိုင်သော စေတီမှာ **အပယ်ရတနာဂူဘုရား** စေတီဖြစ်သည်။

**မြင်းကပါရွာ တောင်ဘက် ပုဂံမြို့ဟောင်းနှင့် သီရိပစ္စယာရွာသွား ကားလမ်း အနောက်ဘက် ဘေးကပ်လျက်ရှိသော အပယ်ရတနာစေတီသည် (၁၁) ရာစု နောက်ပိုင်း လက်ရာ မြန်မာ့ အခြေခံ ပန္နက်သလေးဘောင်ပုံ ရှိကာ မြောက်မျက်နှာမူသည့် အဆောက်အအုံ ဖြစ်သည်။**

ပုဂံခေတ်ဦး အနုပညာ၊ ဗိသုကာပညာအတိုင်း ထောင့်စေတီနှင့် ကလသာအိုး အယောင်စေတီများ။ ပစ္စယံ အဆင့်ဆင့်တွင် ဆင်မြေလျှောအမိုးများ၊ ယင်း အထက်တွင် **ခေါင်းလောင်းပုံ၊ ဓာတ်တော်တိုက်နှင့် ဖောင်းရစ် အဆင့်ဆင့် ချွန်တက်ကာ ကြည်ညိုဖွယ် သပ္ပါယ်လှသောစေတီ ဖြစ်သည်။**



အပယ်ရတနာဂူဘုရား၊ အရှေ့ဘက်အမြင်

ကျန်စစ်သားသည် စောလူးမင်းရန်ကြောင့် တိမ်းရှောင်နေရစဉ် အပယ်ရတနာမိဖုရားနှင့် တွေ့ဆုံလေ့ရှိသော နေရာတွင် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီဖြစ်သည်ဟု ဆိုသည်။

ဂူအတွင်းသို့ ဝင်မုခ် သုံးခုရှိသည်။ တိုက်မ ပတ်လည်တွင် ဖောက်လုပ်ထားသော ပြတင်းပေါက်များဖြင့် တန်ဆာဆင်ထားသည်။ အာရုံခံ စင်္ကြံပတ်လည်၌ **ဗုဒ္ဓဝင်ဇာတ်တော်**





အလောင်းရကျော ဘုရားစေတီ

ဘုရားရှေ့မှ ကမ္ပည်း



တောင်ဘက်မုခ်ဝမှ လောကနတ်ဆေးရေးပန်းချီ





• အလင်းမှ မှုရသော ရုပ်ပွားတော်



▲ ရုပ်ပွားတော်နှင့် နောက်ခံပံ့ပိုးကဲ ပန်းချီများ

**များ ရေးခြယ်ထားသော မွန်စာတန်းများဖြင့် ရှင်းလင်းထားသည်။** အလယ်တွင် ဘူမိဖဿမုဒြာ အုတ်ဆင်းတု တစ်ဆူရှိလေသည်။ မဟာယာန အယူအဆ၊ ဗြာဟ္မဏအယူအဆများကို နံရံပန်းချီများအရ လေ့လာနိုင်သည့်အပြင် **ထူးခြားသော မုဒြာများစွာကို လေ့လာရန် ကောင်းသောဘုရားတစ်ဆူ** ဖြစ်သည်။ မုဒြာအချို့မှာ...


- ❁ လက်ယာလက်ညှိုးအား အပေါ်သို့ ထောင်ပြထားသော သတိပေးဆုံးမဟန်၊ ကျန်လက်ချောင်းများအား ကွေး၍ ဆုပ်ထားသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ခါနီးတွင် ကုသိနာရုံ နောက်ဆုံးဩဝါဒပေးကြားသည့် "တဇ္ဇနီမုဒြာ"။
- ❁ လက်ဟယ်ဖဝါးအား ကွေး၍ ပန်းနှင့် ညီအောင် မြှောက်ရိုထားသည်။ လက်ချောင်းများအား ကွေး၍ ပန်းဘက် ညွှန်ပြသည်။ အတိတ်ကာလမှ ဘိုးဘွားများအား ပူဇော်ဟန် "ဟပ္ပနမုဒြာ"။
- ❁ မြန်မာ့သဘင်ပညာရှိ နတ်သိကြားများ၏ ကကြိုးကကွက်ဟန် အနေအထားကို သရုပ်ဖော်သည့် "လလိတခေပမုဒြာ" *(လောကနာထ ဓာတ်ပုံသတ်ဖြင့် သရုပ်ဖော်လေ့ရှိကြသည်)။*
- ❁ အတွင်းသို့ လှည့်ထားသော လက်နှစ်ဖက်အား လက်ကောက်ဝတ်နေရာဆီမှ ယှက်ကာ ရင်ဘတ်တော်ရှေ့ ကြက်ခြေခတ်ထားသည်။ လက်ယာဘက်တွင် မိုးကြိုးသွား (ပရမတ္ထသစ္စာ)။ လက်ဝဲလက်ပေါ်တွင် ဆည်းလည်း(ပညာ)အား ကိုင်ထားသည်။ "ဝဇီရာဟုက်ရမုဒြာ"။
- ❁ ဝိနာယက ဂြဟ္မာမင်း၏ ဆင်ဦးခေါင်းမှ နှာမောင်းကို ထောင်ထားသည့် သဏ္ဍာန်ပုံဆောင်ပြသော "ဝေနာယကီမုဒြာ"နှင့်
- ❁ သိဝနတ်မင်း၏ လက်ဟန်ပမာရှိသော(သိဝ)"သမ္မရာဇိက မုဒြာ"


**စသည်တို့ ဖြစ်ကြပေသည်။**

ဤဂူဘုရားသည် လေ့လာဖွယ် ထူးခြားများပြားသည့်အပြင် အစောင့်လုံခြုံရေး တာဝန်ခံ ဦးကျော်ရင်နှင့် သား မောင်ခိုင်ဇော်ထွန်းတို့မှာ အထူးဖော်ရွေသဘောကောင်းကြလေရာ ကြည်ညိုလေ့လာရေးအတွက် အဆင်ပြေလှပေလသည်။

**စံထွန်းသာ**

စာမျက်နှာ (၂၃)မှ အဆက်





▲ သိကြားဂူမှ ထိန်ကျော်ဂူသို့ တောင်အဆင်းလမ်း

◄ သိကြားဂူစေတီတော်မှ ထူးခြားသော "ဗြဟ္မာရေတွင်း"

သိကြားဂူကြီးကား စစ်ကိုင်းတောင်ကြီး၏ သမိုင်းသက်နှင့်အမျှ ဆိုရပါမူ နှစ်ပေါင်း ထောင်ကျော်နေပေရော့မည်။

တာတီယမြောက် အလှူရှင်များ မှာလည်း "သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် တန်ဆောင်မုန်းလတွင် ကညွတ်ကွင်း ဘုတာနေ ကိုဗိုကျူ၊ မမယ်အင်တို့ ကောင်းမှု" ဟု ရေးထိုးပါသည်။

သိကြားဂူအဝင်ဝမှာ အမြင့်(၅) ပေ (၁၀)လက်မသာ ဖြစ်၍ အရပ်မြင့် သူများအတွက် ဦးညွတ်၍ ဝင်ကြရ ပါမည်။

ဂူကြီးအတွင်း အဆင်းလမ်းမှာ အဆင်းအတက် ပြုလုပ်ထားလေရာ တစ်ဖက်လျှင် သုံးပေမျှရှိသော ကြောင့် စတီးလက်ရန်းအား ကိုင် တွယ်၍ ဆင်း,တက်နိုင်ပါ၏။

သိကြားဂူ၏ အောက်ခြေအထိ ပေသုံးဆယ်ကျော် ဆင်းကြရ၏။ ဂူအတွင်း၌ လျှပ်စစ်မီးထွန်းထား သည့်အတွက် အလင်းရောင် လုံ လောက်လှပါသည်။

ဂူအတွင်း၌ (၁၂)ပေခန့် ကျယ် ဝန်း၍ အမိုးနံရံမှာ (၁၀)ပေခန့် မြင့်ကြောင်း ခန့်မှန်းရပါ၏။ လက်ဝဲ ဘက် ကျောက်နံရံ အရင်းတွင် (၅)ပေ×(၈)ပေရှိသော **ထူးဆန်း သည့် ရေတွင်းကလေး** တည်ရှိနေ လေ၏။

စတုရံ ရေတွင်းကလေးအား ရှေးဟောင်း မြေအုတ်ကြီးများဖြင့် သေသပ်စွာ စီထပ်၍ အင်္ဂတေကိုင် ထားပါ၏။ ရေအနက် ရေခန(၆) ပေကျော်ကျော် ရှိလေသည်။

ကျောက်သား ကျောက်ပြင်မှ ရေထွက်အား ကောင်းသောကြောင့် အံ့ဖွယ်တစ်ပါး ဖြစ်နေပါသည်။

ရေတွင်းပေါင်အား နဂါးညီနောင် တို့က အမြီးချင်းယှက်၍ အရှေ့ဘက် သို့ မျက်နှာမူထားကြပါ၏။ နဂါး ညီနောင်တို့အလယ်မှ **"ကျောက် စက်ရေ"** ကို ခပ်ယူနိုင်ကြပါသည်။

ရေထွက်အား ကောင်းသော ကြောင့် ရေတွင်းကို ကျော်ထွက်၍ ဂူအတွင်းသို့ပင် စီးဝင်နေကြပါ သည်။

လိုဏ်ဂူအတွင်း စမ်းချောင်း သဖွယ် စီးဆင်းနေလေရာ ကျောက် စက်စမ်းချောင်းကလေးသည် တောင် မှ မြောက်ဘက်အရပ် ဂူအောက်ဆီ သို့ ဆန့်ကျင်စီးဝင်နေသည်ကို တွေ့ မြင်ရပါ၏။

ယခင်က (၇)ပေရှည်သော ကြိုး ဖြင့် ရေခပ်ယူခဲ့ကြရလေသည်။

**ကျောက်စက်စမ်းရေ စီးဝင်ရာ ဂူကြီး၏ အဝအကွာ့အဝေး ပေ(၄၀) ရှိနေ လေရာ မည်သည့်နေရာတွင် ရေလမ်း ဆုံသွားသည်ကို မသိရပါ။**

စစ်ကိုင်းတောင်ကြီးကား ပူပြင်း သော အညာဒေသ ဖြစ်သော်ငြား ကျောက်စက်စမ်းရေ ထွက်နေခြင်း ကား ထူးခြားဆန်းကြယ်သော သဘာဝတရား၏ လက်ဆောင် ဖြစ် လေ၏။

ကျောက်စက်ရေမှာ ချိုမြအေးစိမ့် နေသောကြောင့် **"သိကြားတောင်"**

"**သိကြားရေတွင်း**"ဟု အမည်တွင်ခဲ့လေသလားဟု တွေးထင်မိပါ၏။

လွန်ခဲ့သော သက္ကရာဇ် ၁၃၆၈ ခုနှစ်ခန့်တွင် ဓမ္မပူဇာ ဒါယကာတစ်ဦးမှ အထောက်အပံ့ ကုသိုလ်ပြုလုပ်လိုကြောင်း **မန္တလေးထုတ်သတင်းစာတွင်** ကြေညာခဲ့လေ၏။

"သိကြားဂူအတွင်း ကမ္မဋ္ဌာန်း ဘာဝနာဖြင့် အဝိဇ္ဇာနံ့ဝင်ပါက လိုဏ်ဂူတော်အတွင်းမှာပင် စားသောက်ဖွယ်ရာ (အရက်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲများ) တာဝန်ယူ လှူဒါန်းမည်။ ရက်ပေါင်း ၃၀၊ ၆၀၊ ၉၀ မည်မျှကြာပါစေ ကုသိုလ်ပါမည်။

လိုဏ်ဂူတော်အတွင်း ရပ်၊ထိုင်၊လျောင်း လျှောက်လှမ်းနိုင်အောင် လုံလောက်ပါသည်။ အခင်းကြီး အခင်းငယ် စွန့်ရန်ယာယီ ပါဝင်၏။

ဘာဝနာစီးဖြန်းလိုသူများ၏ ဆန္ဒအတိုင်း ဂုဏ်ရည်းကို သံတိုင်သံတံခါးဖြင့် လုံခြုံစွာ ကုသိုလ်တော်ပြုမည်"

ဟု ကြေညာခဲ့ဖူးပါသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန် **ဝိဓတောက်ချောင်ဆရာတော်ကြီးမှာ ဝိဋကတ်စာပေအရာ၌ ကျော်ကြားတော်မူပါသည်။** သံဃာတော်များကလည်း အလွန် လေးစားကြ၏။ ဝိနည်းတော်နှင့်အညီ အားထုတ်တော်မူကြ၏။

ဆရာတော်ကြီးကား စစ်ကိုင်းတောင်ကြီး၏ အနောက်မြောက်နှင့် အရှေ့မြောက်တစ်လွှား ချောင်များအထိ ဩဇာတိက္ကမ ကြီးခဲ့ပါသည်။

ထိုအချိန်ကာလ၌ သိကြားဂူချောင်တွင် ဦးစီးစောင့်ရှောက်ရန် တိုက်အုပ်ဆရာတော် မရှိသည့်



- ကြည်လင်အေးမြလှသော စမ်းရေကန်ကို မြင်တွေ့ရပုံ



- သိကြားဂူ အဝင်ဝမှ အနုပညာလက်ရာမြောက်လှသည့် ရွှေကရိုက်ညီနောင် ကနုတ်သစ်များ


အတွက် ပိဓတောက်ချောင်မှ "**စာချဆရာတော်ဦးနု**"အား စေလွှတ်၍ တာဝန်ယူစေ၏။


ဆရာတော်ဦးနုမှာလည်း အထူးနာမည်ကျော် စာချပုဂ္ဂိုလ်တစ်ပါးဖြစ်လေရာ သိကြားဂူချောင်သည် ပိုမို၍ ထွန်းတောက်ခဲ့လေ၏။

ကိုယ်ပိုင်မီးစက်ဖြင့် ပတ္တမြားစေတီအား ညစဉ်ညတိုင်း အလင်းမီးပူဇော်ခဲ့၏။

နှစ်ပေါင်း(၅၀၀) ရှိနေသည့်တိုင်အောင် သိကြားဂူကြီးမှာ ပျက်စီးခြင်း မရှိပါ။ ငလျင်ပြတ်ရွေ့ကြော၏ အန္တရာယ်လမ်းပေါ်တည်ရှိခြင်းကိုလည်းမမှု၊ ဂူကြီးအတွင်းမှ ကျောက်စက်ရေများ လျော့ပါးခြင်း မရှိသည်မှာ ထူးခြားလှ၏။

ရေ လှိုင်လှိုင်ထွက်နေသည့်အတွက် မိမိကြိုက်သလောက် ခပ်ယူသုံးစွဲနေသော်လည်း ကုန်ခန်းသွားခြင်း မရှိသည်မှာ အံ့တစ်ပါး ဖြစ်နေလေသည်။





● သိကြားဂူပထဝီစေတီသို့ တက်ရာ ကျောက်လှေကား
သိကြားဂူ စမ်းရေတွင်းသို့ ဆင်းသက်ရာ ဂူတွင်းလမ်းကလေး ◆

ဒေသခံများ၏ ယုံကြည်ချက်မှာ သိကြားရေတွင်းမှ ကျောက်စက်ရေသည် အစွမ်းအာနုဘော် ပြည့်ဝကြောင်း ဆန္ဒတူကြပါသည်။

အခြား ထူးဆန်းသော အရာမှာ **"မြဟ္မာရေတွင်း" ဟူ၍ ရေမပြတ်သော ရေတွင်းကြီးတစ်တွင်း သိကြားဂူချောင် ပရိဝုဏ်အတွင်း** တည်ရှိနေခြင်းဖြစ်သည်။

၁။ ဘုရားရှင် စစ်ကိုင်းတောင်သို့ ကြွရောက်စဉ် ရွှေပဝါတော် ချခဲ့ရာ ဌာနဖြစ်ခြင်း။

၂။ မြတ်စွာဘုရား ချိုးရေတော် သုံးသပ်ရာ ဌာနဖြစ်ခြင်း။

၃။ မြတ်စွာဘုရားရှင် သောက်တော်ရေအဖြစ် သုံးဆောင်ခဲ့ခြင်း၊

၄။ ရှင်တော်မြတ်ဘုရား၏ ရေသနပ်တော်ကို ဌာပနာ၍ စေတီတည်ခဲ့ခြင်း။

၅။ ဘုရားရှင် ဗျာဒိတ်တော် ရခဲ့သည့် တောင်တော်ဖြစ်ခြင်း။

၆။ သမထသုဿဆရာတော်ကြီး ဦးဝါသဝ (တမဲ့ဝိဇ္ဇာရေ)ကိုယ်တိုင် သိကြားဂူမှ ကျောက်စက်ရေစက်အား သတ္တဝါများ အကျိုးစီးပွားအတွက် မေတ္တာပို့ခဲ့လေ၏။

၇။ အင်းစတော်သောက်မျိုးရာ၌ လည်းကောင်း၊ ယတြာဒ္ဓိဆေးဖော်စပ်ရာ၌ လည်းကောင်း အသုံးပြုစေခဲ့၏။

၈။လောကီဆရာများ၊ စုန်းနှိပ်ဆေး၊ နတ်ဆိုးနှိပ်ဆေး၊ ပယောဂအတ်ပြန်ဆေးများအတွက် လက်သုံးများခဲ့သော ဘူဟုလုခရေစင်ဟု အဆိုရှိနေခဲ့ဖြစ်သည်။

၉။ ကျွန်ုပ်တို့ကဲ့သို့ ခပ်သျှာချာလူများသာ မျက်စဉ်းခတ်ရုံ၊ အမောပြေ သောက်ရုံ၊ ထိုးရုံမျှသာ အဟုတ်အဟတ် လုပ်ခဲ့ကြပါ၏။

သိကြားဂူစေတီတော်သို့ တစ်ခါ တစ်ခါက်တော့ ရောက်ဖူးကြစေချင်ပါသည်။ ဥမင်သုံးဆယ်ဘုရားမှ ပဂ္ဂကုမချောင်၊ အနုရုဒ္ဓါချောင်တို့ကို ကျော်လွန်ပြီး အရှေ့ဘက် လျှိုချုပ်ကြားသို့ ဓာတ်တိုင်(၃)ခန်းမျှသာ မောင်းရုံနှင့် ရောက်ရှိပါမည်။

အပြန်ခရီးကား လျှိုချုပ်ကြား အတိုင်း မောင်းသွားလျှင် **"ဇီဝိတ ဒါနဆေးရုံတော်"** သို့ ရောက်ရှိလေရာ ရေဝတီမြစ်ကြီး၏ လှပ ရှုမငြီးသော ရှုခင်းများကို ခံစားရင်း **"လေးကျွန်းမာန်အောင်"** ၌ အောင်မြေနင်း၍ ဆုတောင်းနိုင်ကြပါသည်။

*သိကြားရေစင်ဖြင့် အဝေရာ ဘေးမဲ့ အေးမြကျန်းမာကြပါစေ။*

**အောင်ရွှေမြတ်**
*(စစ်ကိုင်းတောင်)*

ကိုးကား

၁။ စစ်ကိုင်း သာသနာဝင်ကျမ်း အရှင်ကေလာသ၊

၂။ အောင်ငြိမ်းချမ်း၏ သုတေသနခရီး၊

၃။ မှန်နန်းရာဇဝင်

၄။ ဦးမျိုးမြင့်၏ ဝါစဉ်ဘုရားများ

စာမျက်နှာ (၃၉)မှ အဆက်

မှုကြီးမတ်ယယ်၊ အသွယ်သွယ်'

ဟု မေတ္တာပို့ အမှျပေးထားသည် ကို တွေ့ရသည်။

တစ်ဖန်...

အဆိုပါ ခေါင်းလောင်းသုံးလုံး အနက် သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် လှူဒါန်းသော ခေါင်းလောင်းစာမှာ လည်း နဘောကာရံဖြင့် ရေးထိုးထား ကာ အလောင်းစည်သူမင်းကြီး ပုဂံ မင်းနေပြည်မှ ဖောင်စကြာ ဖြန့်တော် မူရင်း၊ မြင်းမူအရပ်သို့ ရောက်ရှိ သာတော်မူကြောင်း တင်ပြထား သည်။

ခေါင်းလောင်းလှူသူမှာ ကျောင်း ဒါယကာကြီး ဦးကြာဖေါ်နှင့် ကျောင်းဒါယိကာမကြီး ဒေါ်မယ်စိုး တို့၏သား ပွဲစားဦးစိန်ဝင်းနှင့် မမယ်မို ရင်တို့ ဖြစ်ကြသည်။

ခေါင်းလောင်းတွင်...

'ထီးလှိုင်ရာဇာရှေးတခေတ်က၊ မြေမြ အစစ် စည်သူရာဇာသည်၊ ဤဇမ္ဗူ နာဂရာ တောင်လက်ျာ အရွှေ့အတွင်းမှာ၊ အောင်စကြာမယ္ဘင်း နာဝါပုံတို့ဖြင့်၊ နဂရာပုဂံမှာ မူရင်းဆယ့်မျိုးစေတို့ အညာ ဆန်ကာ ခပင်းလှတို့ကြိုရသော၊ မြင်းမူ မြို့တိရှုပ်ပွဲ မထိစည်သူရာဇာလှည့်ကာ'

***[မူရင်းသတ်ပုံအတိုင်း]***


အဆိုပါ ခေါင်းလောင်းသုံးလုံး တွင် သက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် လှူသော ခေါင်းလောင်းမှာ နောက် ကျလေသည်။ ခေါင်းလောင်းလှူသူ များမှာ ဦးသုခနှင့် ဒေါ်ချစ်မေတို့ ဖြစ်ကြ၍ နှစ်ဖက်သော မိဘများကို ညည်စူး၍ လှူဒါန်းထားကြောင်း သိ ရသည်။

ထိုခေါင်းလောင်းတွင် ရေးထိုး ထားသော ဆုတောင်းစာမှာ တိုတို တုတ်တုတ် ဖြစ်သော်လည်း လိုရင်း ရောက်ကာ ထိမိသည်။ အရေး အသားမှာ ညက်ညော၍ အသံသာ သည်ကို တွေ့ရသည်။

ဦးသုခနှင့် ဒေါ်ချစ်မေတို့ ဇနီး မောင်နှံသည် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်း၍ ရာဂမီးအစရှိသော ဆယ့်တစ်ပါးမီးတို့ ကင်းငြိမ်းရာ နိဗ္ဗာန်ရွှေပြည်သို့ တက်လှမ်းနိုင်ရန် ရည်သန်လျက် ခေါင်းလောင်းကို လှူကြောင်း...

'သံသရာ ဝဋ်ဒုက္ခမှ လျင်မြန်စွာ လွတ် မြောက်၍ ရာဂ စသောမီးတို့၏ ကင်းငြိမ်း ရာ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်သန်တောင့်တ သည်ဖြစ်၍'

ဟု ရေးထိုးခဲ့ပါသည်။



အသောကမင်းကြီးကောင်းမှု ရေတွင်း

**[ဤဆောင်းပါး ဖြစ်မြောက်ရေး အတွက် အကူအညီပေးခဲ့သော သျှင်ပင်ရွှေစောလူး ဘုရား ဂေါပကအဖွဲ့ဝင် ဦးလှေပေါ် (မြေ စာရင်းဦးစီး-ငြိမ်း)နှင့် ဂေါပက အဖွဲ့ဝင်အားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါသည်။]**

**ရေနံမြေ လွမ်းစု**

**မှီငြမ်း**

၁။ သျှင်ပင်ရွှေစောလူး ဘုရား သမိုင်း(မြင်းမူမြို့နယ်စာပြုအဖွဲ့)

၂။ မြင်းမူသမိုင်းထဲက ရွှေစောလူး (ဒေါက်တာ ထွေးထွေးကျော်- အရှေ့တိုင်းပညာ)

၃။ ဦးလှေပေါ် ပြောပြချက်

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အသိကျအကြောပြေ သီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဇင်း) ၁၃၀/၀၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်တဲ့ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်ဖောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်မလေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ/၃၅၆၊ မဟာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



★ ပိုင်တောက်ကျုံးရွာ နေထွက်သိမ်

(မင်းတဲ) မြေမင်းသား
မန္တလေးမြို့

# ပေါက်သိမ်ထူးကြီးများ

သာသနာတော်ကြီးကို နှစ်ပေါင်း (၅၀၀၀)ကျော် အရှည် တည်တံ့နိုင်မှာနိုင်အောင် စွမ်းဆောင်ရည် မြင့်မားစွာနှင့် အားထုတ်လုံးပမ်းခဲ့သူမှာ "ရှင်အရဟံ"မည်သော ရဟန္တာမထေရ်မြတ်ကြီး ဖြစ်၏။

ပုဂံခေတ်မှ သယ်ဆောင်လာခဲ့သော ဘာသာရေးယဉ်ကျေးမှုများကို ဆက်လက်ဖွံ့ဖြိုးအောင် အားထုတ်ခဲ့လေသည်။

ရှင်အရဟံနှင့် ပတ်သက်ခဲ့သော အကြောင်းအရာတို့သည် မြန်မာနိုင်ငံအနှံ့အပြားမှာ တွေ့မြင်ကြရမှာ ဖြစ်သည်။

ထို့ကြောင့်ပင် အခြားသော တော,တောင်,မြို့များနှင့် အတူ မန္တလေးမြို့မှာလည်း ဖူးတွေ့နိုင်ပါသည်။

တကယ်တော့မူ အခြားသော တော,တောင်,မြို့များနှင့် မတူညီနိုင်သော လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရသဖွယ် ကိန်းအောင်းလျက်နေသည့် ပါရမီစခန်းကြီးများကို ဝိသေသထူးစွာနှင့် တင့်တယ်လျက် တည်ရှိနေကြပါသည်။

**"နေထွက်သိမ်"**၊ **"မွန်းတည့်သိမ်"**၊ **"နေဝင်သိမ်"** ဤသိမ်ကြီးသုံးသိမ်သည် သာမည မဟုတ်ပါချေ။ အဓိကရ သိမ်ထူးကြီးများဖြစ်ကြ၏။

စုံစမ်းဖော်ထုတ်၍ မရသေးသော သိမ်ထူးကြီးများလည်း ရှိကြသေး၏။

တကယ်ဆိုရပါလျှင် မန္တလေးမြို့ကြီးထဲတွင် သိမ်ထူးကြီးများသည် (၉)သိမ်မျှ ထူးထူးခြားခြား တည်ရှိခဲ့သည်ဟု ကြားသိရပါသည်။

ကျောက်စာ မတွေ့ရသေးသဖြင့် ခိုင်ခိုင်မာမာ မတင်ပြဝံ့ပါ။ စုံစမ်းသုတေသနပြုလျက် ရှိ၏။

ထို့ကြောင့် ရှင်အရဟံသည် အခြားသော တော,တောင်,မြို့များနှင့် မတူညီသော သာသနိကအဆောက်အအုံများနှင့် သာသနာ့ပဋ္ဌာန်းဆက်များ မကွယ်ပနိုင်အောင် အဓိဋ္ဌာန်အောင်မြေ စခန်းကြီးများကို ထူးထူးခြားခြား သတ်သတ်မှတ်မှတ် ခိုင်ခိုင်မာမာ စိုက်ထူ၍ထားခဲ့လေ၏။

ဤကဲ့သို့သော အောင်မြေစခန်းကြီးများ မန္တလေးမြို့၌ တည်ရှိခဲ့လေသည်။

ဤ အဓိဋ္ဌာန်စခန်းကြီးဆီသို့ အမြို့မြို့ အနယ်နယ်မှ ပဋ္ဌာန်းဆက် ပါရမီရှင်များသည် အဓိဋ္ဌာန်ဝင်လျက် ရှိကြသည်။

မဖြစ်မနေ လာရောက်ကြပြီးလျှင် . ဝီရိယဖွဲ့ကောင်းကောင်းနှင့် ကြိုးစားပမ်းစား ပါရမီဆက် ဖွင့်ကြရပြန်၏။

အင်မတန် တန်ခိုးကြီး ထက်မြက်လှသည့် သိမ်ထူးကြီးများ ဖြစ်ကြလေ၏။

ထို့ကြောင့် ပါရမီရှင်တိုင်းအား နိုးကြားစွာဖြင့် လမ်းညွှန်လိုက်ရပါသည်။ .

မန္တလေးမြို့ထဲမှ နေပြီးလျှင် အရှေ့တောင်ထောင့် မြို့အထွက်သို့ သွားလိုက်ပါသော် **မန္တလေး–မြစ်ငယ်ဦးလွင်** ကားလမ်းကြီးကို တွေ့ရပေတော့မည်။

ဤလမ်းအတိုင်း တောင်ဘက်သို့ ဆက်၍ သွားလိုက်ပါလျှင် **အောင်ပင်လယ် ဘိုးဘိုး နန်းကို** တွေ့မြင်နိုင်ပါသည်။ ထိုမှ တောင်ဘက်သို့ ဆက်သွားလျှင် **လက်ကောင်းရွာ** ရောက်ပါပြီ။

လက်ကောင်းရွာမှ အနောက်တည့်တည့် မြေသားလမ်းအတိုင်း သွားလိုက်ပါမူ **ရှင်အရဟံသိမ်တော်ကြီး**ကို ဖူးတွေ့ရမည်ဖြစ်၏။

ဤသိမ်တော်ကြီးသည် **"နေထွက်သိမ်"** အောင်မြေစခန်းကြီးပင် ဖြစ်ပါသည်။ ရှေးဟောင်း **အဓိဋ္ဌာန်အောင်မြေစခန်းကြီး** ဖြစ်ပါသည်။

ခေတ်စနစ်တွေ အပြောင်းအလဲ နေဒဏ်, မိုးဒဏ်တို့ကြောင့် ဟောင်းနွမ်းဆွေးမြည့်လှသော ရှေးအဆောက်အအုံများကို အဓိဋ္ဌာန်အောင်မြင်ခဲ့ကြသည့် ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်များက အသစ်မွမ်းမံ တည်ဆောက်ထားခဲ့ကြ၏။

ဤနေထွက်သိမ်မှ ပြန်လည်ထွက်လာပါလျှင် လက်ကောင်းရွာထိပ်သို့ ရောက်ပြန်၏။ မန္တလေး–ပြင်ဦးလွင် ကားလမ်းအတိုင်း မြောက်ဘက်သို့ တစ်ဖန် သွားရမည် ဖြစ်ပါသည်။

မိမိ အစပထမ တွေ့မြင်ခဲ့ရသည့် **အောင်ပင်လယ်ဘိုးဘိုးကြီးနတ်စင်**မှနေ၍ **မြောက်ဘက်သို့** (၃)မိုင်မျှ သွားလိုက်ပါလျှင် **"ရှင်အရဟံသိမ်"**ကို တွေ့ရမည်ဖြစ်၏။

ဤသိမ်တော်ကြီးသည် **"မွန်းတည့်သိမ်"**တော်ကြီးပင် ဖြစ်၏။

ထိုသိမ်သည် ဟောင်းနွမ်းလှသည် ဖြစ်ခြင်းကြောင့် အသစ်တစ်ဖန် ပြုပြင်တည်ဆောက်ထားခဲ့ကြ၏။ **"မွန်းတည့်သိမ်"**ဟု အများကခေါ်၍ ဆိုင်းဘုတ်တပ်ထား၏။

အလားတူစွာပင် မန္တလေးတောင်ပေါ်တွင်လည်း **"မွန်းတည့်သိမ်"** ရှိနေပြန်သည်။ ရှေးဟောင်း မူလအဓိဋ္ဌာန်အောင်မြေ စခန်းကြီးပင် ဖြစ်ပါသည်။

ထူးခြားစွာပင် မွန်းတည့်သိမ် နှစ်သိမ် ဖြစ်နေပြန်၏။

အမှန်တော့ကား တန်ခိုးကြီး ဘုရားရှင်တို့သည် **နေထွက်ရာသို့ မျက်နှာတော်မူလျက်** ရှိကြရ၏။ ထို့ကြောင့် မွန်းတည့်သိမ် နှစ်သိမ်၏ ခြားနားချက်မှာ ဤသို့ ဖြစ်ပါသည်။

ရွာအနီးမှ သိမ်တော်ကြီး၏ ဘုရားရှင်သည် နေဝင်ရာသို့ မျက်နှာတော်ထား၍ သီတင်းသုံးနေပါသည်။ မည်သို့ပင်ဖြစ်စေ (မွန်းတည့်သိမ်)ဘုရားရှင်ပင် ဖြစ်ပါသည်။

ဤတွင် နေထွက်သိမ်၊ မွန်းတည့်သိမ် သိမ်နှစ်သိမ်အား တွေ့ရပြီ ဖြစ်ပါသည်။

နောက်သိမ်က ဘယ်အရပ်မှာလည်းဟု အမေးရှိလာပြန်သည်။

မန္တလေးမြို့တွင်းမှနေ၍ **မြို့၏အနောက်မြောက်အရပ်** သွားလိုက်



★ ကန်တော်ကောက်ရွာ မှန်တည့်သိမ်

ပါလျှင် **ဖိုးပေကုန်းအရပ်နှင့် ညောင်ကွဲအရပ်များကို** တွေ့ရမည် ဖြစ်ပါသည်။

ဤအရပ်များကို တွေ့ရပြီဆိုလျှင် တာရိုးပေါင်ကြီး၏ အနောက်ဘက်မှာ ကပ်လျက်ရှိသော **ရှင်အရဟံ သိမ်"နေဝင်သိမ်"** ဖြစ်ပါသည်။

ဤသိမ်ကြီးသည် ရှေးဟောင်းမူလ အောင်မြေအမိဋ္ဌာန်စခန်းကြီး ဖြစ်၏။

ဤသို့ဖြင့် ထူးခြားဘွယ်ဘနှင့် တည်ရှိနေကြသော နေထွက်သိမ်၊ မှန်းတည့်သိမ်၊ နေဝင်သိမ် ဟူ၍ မန္တလေးမြို့တွင် အဓိကရ ထင်ရှားလှသော သိမ်တော်ကြီးများကို ရှင်အရဟံသည် ထူးထူးခြားခြား သာသနာမှတ်တိုင်ကြီးအဖြစ် စိုက်ထူ ပူဇော်ထားခဲ့လေတော့သည်။

မြန်မာနိုင်ငံ မြေပုံကြီးအား အပိုင်းကြီးသုံးပိုင်း ခွဲကြည့်မည် ဆိုပါလျှင် မြန်မာနိုင်ငံအထက်ပိုင်း ဗဟို၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ မြန်မာနိုင်ငံအောက်ပိုင်း ဤကဲ့သို့ အပိုင်းကြီးသုံးပိုင်းတွင် မန္တလေးမြို့ကို ဗဟိုထား၍ စီပံပူဇော်ထားခဲ့သော ရှင်အရဟံသည် သူရိယ ရှင်နေမင်း၏ လင်းရောင်ခြည်အင်အားကို အခြေခံကျကျ အမိဋ္ဌာန်ဝင်ကြဖို့ ထူးကဲစွာနှင့် ဖော်ထုတ်ထားခဲ့သလို မြင်ယောင်ခံစားမိပါသည်။

ထို့ကြောင့် ကျွန်တော် ကြားဖူးသလို ပြောရလျှင်ဖြင့်ဟု အစချီလိုက်ပါသည်။

နေဝင်သိမ်(ရှင်အရဟံသိမ်) သည် ဘုရားရှင်သည် ဟိုခေတ် ဟိုအချိန်တုန်းက လူသူလေးပါး အသွားအလာ အလွန်နည်းလှပါသည်။

တစ်နှစ်နေ၍ တစ်ခါ မရောက်သူက အများအပြား ရှိကြ၏။ ရွာနီးချုပ်စပ်မှ ကလေးသူငယ်များသာလျှင် အဖော်ကောင်းနှင့် တွေ့လျှင် ဘုရားကြိုဘုရားကြား လယ်ကြိုလယ်ကြား သွားရောက် လှည့်ပတ်ကစားတတ်ကြ၏။

ကလေးသူငယ် တစ်သိုက်သည် တစ်နေ့လျှင် တစ်ခေါက်၊ နှစ်ခေါက် ပြေးလွှား ဆော့ကစားတတ်စမြဲပင် ဖြစ်၏။

ဤ ရှင်အရဟံသိမ် ဘုရားအို ကျောင်းပျက်ထဲတွင် အဘယ်က လူသူတော်ကြီးမှန်း မသိရသော တစ်ကိုယ်တည်း အဖော်မပါဘဲနှင့် အမြဲတမ်း ဘုရားရှေ့တော်မှောက်တွင် ထိုင်လျက်သား အမြဲတမ်း တွေ့နေရ၏။

ကလေးသူငယ်တစ်စု၏ မြင်ကွင်းတွင် ဤသို့ နှစ်ပတ်လည် တွေ့ကြရစမြဲပင် ဖြစ်၏။

နွေ–မိုး–ဆောင်း ရာသီတွေ အလီလီ ပြောင်းနေသော်လည်း ဤလူသူတော်ကြီးကို တွေ့နေ မြင်နေကြသော ဤလူငယ်တစ်သိုက်သည် အဆန်းတကြယ် မဟုတ်တော့ဘဲ ရောက်မြဲ လှည့်ပတ်သသောအမျိုးဖြင့် အချိန်တွေ ကုန်ခဲ့ကြရတော့သည်။

ရှင်အရဟံသိမ်ဘုရား လိုဏ်ဂူထဲတွင် ကျင့်ကြံပွားများ အဓိဋ္ဌာန်ဝင်နေသည့် ထူးခြားသော လူသူတော်ကြီးတစ်ဦးဟု ကလေးသူငယ်တစ်သိုက်က မထင်မှတ်ကြပေ။

ဤ လူသူတော်ကြီးသည်လည်း ဘယ်ကလာ၍ ဘယ်ကိုသွားမည်နည်းဟု စိတ်မဝင်စား။

မည်ရွေ့မည်မျှကာလက အစပြုပြီး အဓိဋ္ဌာန်ဝင်နေသည်ကို မည်သူမျှ မသိရ။

တစ်ခါတစ်ရံ လှမ်းလျှောက်နေခြင်း တစ်ခါတစ်ရံ ခေတ္တလဲလျောင်းနေခြင်းများကို တွေ့ရ၏။ သူ၏အနီး အိုးခွက်ပန်းကန် ဟူသမျှ လူအသုံးအဆောင်များအား မတွေ့ရ။

ကလေးသူငယ် တစ်သိုက်သည် ဤလူသူတော်ကြီး၏ အနီးအနားသို့ မထင်မှတ်ဘဲ ရောက်ရှိနေစဉ် အချိန်များ တိုးညှင်းစွာနှင့်...

'ဗုဒ္ဓေါ...ဗုဒ္ဓေါ...ဗုဒ္ဓေါ'

ဟု အနည်းငယ် ကြားသိခဲ့ရ၏။

မည်သည့်အချိန်သို့ပင် ရောက်စေကာမူ "ဗုဒ္ဓေါ"ဟူ၍ တရစ်ဝဲဝဲ မစဲဘဲ တသဲသဲ အားခဲနေတော့၏။

ဤ"ဗုဒ္ဓေါ" တစ်ဂုဏ်တော်ကိုပင် နေ့ရောညပါ အဆက်မပြတ် တရစပ် အကြားမရှိရလေအောင် ရွတ်ဆိုသံအား ကြားသိခဲ့ရပေါင်းများလေပြီဖြစ်၏။

ထို့ကြောင့် ဤလူသူတော်ကြီး၏ ဗုဒ္ဓေါပေါင်းများစွာ၊ နှစ်ပေါင်းများစွာ၊ အဓိဋ္ဌာန်ပေါင်းများစွာ...ဟု ဆိုပါလျှင် "ဗုဒ္ဓေါ"ကိန်းဂဏန်းများသည် အဘယ်မျှလောက် သူ၏ နှလုံးသည်းပွတ်တွင် ကိန်းအောင်းဆောက်တည် အဓိဋ္ဌာန်အောင်မြင်မှုကြီးကို မည်သူမျှ မသိနိုင်ပါချေ။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုလျှင်ဖြင့် မြစ်ရေသည် ရှင်အရဟံသိမ်ဘုရား၏ ခြေတော်ဦးသို့ မေးတင်လျက် ရှိ၏။

တကယ်ဆိုရပါလျှင် မြစ်ရေနှင့်တော့ အလှမ်းဝေးပါသည်။ သို့သော် မြစ်ပြင်ကျယ်ကြီးတမျှ အတိုးများလာလျှင် ခြေတော်ရင်းဆီသို့ ဖွေးဖွေးလှုပ်လှုပ် ခြေမျက်စိ မြုပ်ခဲ့ရပြန်၏။

အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်များမှာ စစ်ပြေးဘဝဖြင့် သံသရာလည်ခဲ့ကြသော ပြည်သူများသည် ဘုရားရှင်အား လှည့်မကြည့်နိုင်တော့ဘဲ ဘုရားငုတ်တို သဘောသို့ သက်ဆင်းကာ ရွှေ့လျောခဲ့ရလေ၏။

အခြားတစ်ဖက်မှာ သပြေပင်ကြီးများသည် အင်အားကောင်းစွာနှင့် အခက်အလက်တို့ဖြင့် ဝေစည်ကာနေကြတော့၏။

စာစ်ခုသော ဝါဆိုလမှာ ဖြစ်သည်...


'ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ်... ဘုရားငုတ်ကို ဟိုအကြားက မျှော့နက်မည်းကြီး တွယ်လိမ့်မယ်။

မျှော့နက်ဆိုတာ ဂျိုနဲ့လားလို့ မြွေနဂါးတောင် ကြောက်ဖူးကွယ်...တို့လဲ လိုက်မယ် အတူသွားစို့... အုန်းလက်နွားလဲ ယားနဲ့မယ်...သွားမယ်...သွားမယ်'

ဤသံပေါက်ကဗျာလေးသည် ချစ်စရာအရွယ် ကလေးငယ်တို့၏ မျှော့မကြောက် မြွေမကြောက် တကောက်ကောက် လိုက်၍ ဘုရားငုတ်တို ဟိုအကြား ဒီအကြား ရေစပ်အား ဖြတ်သန်း၍ သပြေသီးမှည့်များအား ပျော်ပျော်ပါးပါး သွားရောက်ကောက်ကြရန် အဖော်ညှိသံချိုသွေးထားသည့် သံပေါက်ကဗျာလေး ဖြစ်၏။

ဤ ခေတ်စမ်းကဗျာလေးနှင့် မခြားသော ဖြစ်ရပ်တစ်ခုသည် ဤဝါဆို,ဝါခေါင်လမှာ စတင်ခဲ့၏။

မြစ်ရေပြင်ကြီးသည် ဘုရားခြေတော်ရင်းသို့ တပြေးညီစွာ အသော့နှင့်၍ တအိအိ တသွင်သွင် အရှိန်အဟုန် ပိုကဲ၍ စီးဆင်းလျက် ရှိကြ၏။



ညှောင်ကွဲနေဝင်သိမ်တော်

ဘုရားငုတ်တို သမြေပြင်ကြီးကြား မှ မြွေမကြောက် ဖျော့မကြောက် မကြောက်တရားတို့မှ လွတ်မြောက် သွားသူပမာ ရှင်အရဟံ နေဝင်သိမ် အဝိဋ္ဌာန် လိုဏ်ဂူထဲမှနေ၍ ''ပုဒ္ဒေါ်'' ဂုဏ်တော်ကြီးကို ပေါက်မြောက် အောင်မြင်စွာနှင့် စခန်းသိမ်း၍ မြစ် ရေပြင်ကြီးပေါ်တွင် **ဤလူသူတော် ကြီးသည် အခန့်သား ထိုင်လျက် ရေအလျဉ် စီးရာနောက်သို့ ကွေ့ကာပတ်ကာ မျောပါသွားခဲ့ လေပြီတကား။**

သပြေသီးမှည့် ကောက်ရန် ဟန်ရေးပြင်နေကြသော လူငယ် တစ်သိုက်သည် ရေပြင်ကြီးပေါ်၌ ထိုင်၍ မျောပါသွားခဲ့သော လူသူ တော်ကြီးအား ပါးစပ်အဟောင်း သားများနှင့် အံ့သြခြင်း ဝမ်းမြောက် ခြင်း၊ စိုးရိမ်ခြင်း များစွာနှင့် ဝေးမော ကာ လွမ်းဆွတ်တသလျက် ကျန်ရစ် ခဲ့ကြလေတော့သည်။

ဤ လူငယ်တစ်သိုက်ထဲမှ ရပ်ကြည့်နေသူ မိန်းကလေးငယ် တစ်ဦးသည် **ယခု အသက်(၈၅)နှစ် အိုမင်းမစွမ်းသို့ ချဉ်းကပ်နေပါ သည်။**

နှစ်ပေါင်း မည်မျှ ကြာညောင်းခဲ့ လေပြီကို တွေးဆကြည့်ရန် ဖြစ်ပါ သည်။

ဤအဘွားရှင်၏ ကိုယ်တွေ့ ပြောကြားခဲ့သည်များကို ဆီလျော် အောင် ပြန်လည်၍ ရေးသားတင်ပြ ရခြင်းပင် ဖြစ်ပါသည်။

ဤသည်မှာ နေဝင်သိမ် ရှင်အရဟံသိမ်ထဲမှ ပေါက်မြောက် စခန်းသိမ်းသွားခဲ့သော လူသူတော် ကြီးတစ်ဦး ဖြစ်ပါသည်။

**ထိုနည်းတူစွာပင် ''အရှေ့နေထွက် သိမ်(ရှင်အရဟံသိမ်)''ထဲမှ အောင် မြင်စွာနှင့် စခန်းသိမ်း ပေါက်မြောက် သွားခဲ့သော ထေရာတော်တစ်ပါးကို လည်း မဟုတ်မသိ၊ ရုပ်ဝတ္ထု ပကတိ နှင့် သင်္ကန်းဆီး ဆေးသုတ်၍ ပလ္လင် ထက်ဝယ် စံပယ်တော်မူမှုအား တင်ရှိသောအခါက အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရိုက်မှာ ပျံမြောက်ခဲ့ပါသည်။**

ဤကဲ့သို့သော လူပုဂ္ဂိုလ် ရဟန်း ပုဂ္ဂိုလ်များသည် ဤသိမ်တော်ကြီး များမှ အောင်မြင်စွာနှင့် လွတ် မြောက်သွားကြသည့် ပါရမီ အရှင် မြတ်ကြီးများသာလျှင် ဖြစ်ကြလေ ပြီတကား။

**(မင်းတဲ)ရွှေမင်းသား**

**မန္တလေးမြို့**

လျှို့ဝှက်ပညာ

# ဒန်နှင့်ရာ

# လိုက်ရှာဆေးဖော်သုံး

သရက်ဦးကျော်လင်း
(နေလပီဇ္ဇာ)



ထွက်ရပ်လမ်းဖြစ်သော အဂ္ဂိရတ်ပညာ၏ အစတွင် ရှေးဦးစွာ **"ခဲဓာတ်"**ဟူသော **"တနင်္ဂနွေ ဂဠုန်"**ကို လိုရာသို့ နိုင်းစေနိုင်ရန်အတွက် ဒြသက်သွင်းဖို့ လိုအပ်ပေသည်။

ရုပ်တရားတို့၏ အသက်ဟူသည် **"တေဇော"**နှင့် **"ဝါယော"**ကို ဆို၏။ **"အရှင်ဓာတ်"**ဟုလည်း ခေါ်သည်။ **"အသေဓာတ်"**မှာ ပထဝီနှင့် အာပေါ်ကို မှတ်ရ၏။

အကျဉ်းအားဖြင့် ထင်ရှားစေရန် "တေဇော"ကြောင့်ပူ၍ "ဝါယော"ကြောင့် လှုပ်ရှားနေသောသူသည် လူရှင်,ဓာတ်အရှင်ဖြစ်၍... "ပထဝီ"ကြောင့် ငြိမ်၍ "အာပေါ်"ကြောင့် အေးစက်နေသော သူသည် လူသေ, ဓာတ်အသေ ဖြစ်သည်ကို မျက်မြင်နှင့် ပမာပြု၍ ဓာတ်အပေါင်းတို့၌ ဉာဏ်မြင်ကို ထိုကဲ့သို့ စွဲမြဲစွာ မှတ်သားရလေသည်။

**"ခဲဓာတ်"**ဟူသော **"ဂဠုန်"**ကို အသက်သွင်းရန်မှာ **ခဲ(၁၀)ကျပ်သားတွင် ပြဒါး(၁)ကျပ်သား ထည့်၍** မွှေလျှင် လွယ်ကူစွာ ပြာဖြစ်၏။ ထိုပြာကို **ပြာနီဆိုက်အောင် မီးပေးရသည်။ ပြာများ နီရဲလာပြီဆိုပါက ဂဠုန် အသက်ဝင်လာပြီဟူ၍** (ဝါ) **တေဇော ဝင်လာပြီ** ဟု မှတ်ရလေသည်။

သက်ရှိဂဠုန် ရှိသောအံရပ်၌ ကောင်းကင်တစ်ခွင် နီရဲ၍ လေနီကြမ်းကျသကဲ့သို့ မှတ်သားရ၏။ ထိုအတူ ထိုပြာနီကို သင့်တော်သော လုံနှင့်ထည့်ပြီး ဖိုခွင်အလိုက် ချိန်ဆ၍ ဖားဖိုနှင့် တစ်နာရီခွဲခန့် ထိုးလျှင် တေဇော ဝါယော ဆိုက်၍ "နဂါး"ဟူသော ပြဒါးကို ချုပ်နိုင်, ကုတ်နိုင်, သတ်နိုင်သော **"နာဂဠုန်"** ဖြစ်လေ၏။ အဂ္ဂိရတ်ပညာရပ်တွင် ရှေးဦးစွာ **"ခဲဂဠုန်–နာဂဠုန်"** ကို ကွဲပြားစွာ သိထားရန် အလွန် အရေးကြီးလှသည်။

**ဒန်ဟူသည် ကြေးနီတစ်ဆ နာနှစ်ဆနှင့် ပေါင်းထိုးပြီး သုံးကြိမ်ချက်၍ ကျန်သော ဓာတ်သားကို "ဒန်"ဟု ခေါ်၏။** ကြေးအစိမ်း,ခဲအစိမ်းကို အဖမ်း အချုပ် အကျွေးအမွေး ပြုလုပ်ရာ၌ ရှေးပညာရှင်များ ရှောင်ကြဉ်ကြလေသည်။

**ယနေ့ အဂ္ဂိရတ်လောက၌ ရဟန်းရှင်လူ အများအပြားမှ ခဲအစိမ်း,ကြေးအစိမ်းနှင့် အပြင်မီးကို အားကိုး သုံးစွဲနေကြသောကြောင့် အကျိုးမဲ့လျှက် အချိန်ကုန် ငွေကုန် လူပင်ပန်း ဖြစ်နေကြရလေသည်။**

**ခဲသည်** သီတတေဇော ရေဓာတ်ဖြစ်၍... **နာသည်** ဥဏှတေဇော မီးဓာတ် ဖြစ်၏။ ပြဒါးဟူသော နဂါးသည် ရေကို မကြောက်၊ မီးကိုမှ ကြောက်သည်။ ဒန်ပြုလုပ်မှု

ကြောင့် အယူမပြားစေရန် ဝိဇ္ဇာကျမ်း၌ ဝှက်၍ ရေးထားသော လင်္ကာမှာ...

'တည်လျက်နဂါး၊ တစ်ကိုထား၍၊ ထပ်ပွားဂျွန်၊ သုံးကြိမ်ကုန်အောင်၊ ချက်တုံပြီးမှ၊ အကျန်ရှိသော်၊ ပုံထုပတ္တမြား၊ နီထွားထွားကို၊ မှတ်ထားရေးက၊ အန္တောပြုလျက် အစတည်ဟန်'

ဟု အဂ္ဂိရတ်မီးပညာ၏ အစကို ဖော်ပြထားလေသည်။

ဒန်နှင့် နာမီး နှစ်ပါးပေါင်းစပ်လျှင် **ဝါယောလေဓာတ်ကြီး** ဖြစ်လာ၏။ ထိုအချက်ကို ရည်ရွယ်၍ ဝါယောဓာတ်နှင့် ပြီးကြဟန်ကိုပဲ ထွက်ရပ်ဆရာများ ဆိုကြလေသည်။

ဉာဏ်ကြီးရှင်ဖြစ်သော **ဣန္ဒာစရိယ ထွက်ရပ်ပေါက်ဆရာ**သည် ကြေးနှင့် ခဲကို အထင်သေးမိ၍ ကာလကြာရှည်စွာ ပင်ပန်းဆင်းရဲခဲ့ရ၏။ လမ်းပျောက်၍ ကြေးနှင့် ခဲကို ပြန်ကောက်မှ **ဒန်နာသုတလမ်းနှင့်** ထွက်ရပ်ပေါက်တော့သည်။

ထို့ကြောင့် "ဓာတ်ဉာဏ်က တစ်ပဲ၊ ငွေဉာဏ်က တစ်ခွဲ လွဲချင်တိုင်း လွဲရောပဟ" ဟူ၍ ညည်းတွားခဲ့လေသည်။ ထိုကြေးခဲ၏ အတွင်းမီး လုပ်ရတ်ကို ထွက်ရပ်ပေါက်ပညာရှင်များ နည်းအမျိုးမျိုးနှင့် ကွယ်ဝှက်၍ ရေးသားကြလေ၏။

**နေလကျမ်း၌လည်း...**

'နေယုန်ဒေါင်းယှက်၊ ဒွန်နှစ်ချက်ကို၊ တေဒဂ်ပိုင်၊ မကြံနိုင်၊ ကြံနိုင်ခဲ့စွ၊ လက်ထပ်ပြုမှ၊ ဝိသမာညို့၊ တယည့်တို့က၊ ထိုဆရာကို၊ မိဿဂုဏ်ထူး၊ ရှုတ်ချဖူး၏။ ကျေးဇူးမသိ၊ ချင်းသတ္တိကြောင့်၊ မသိပညာ၊ မပြရာတည်း'

**အဝိပ္ပာယ်မှာ...**နေလနှစ်ပါး ဓာတ်ရှိသော ကြေးနှင့်ခဲလုပ်ရတ်ကို လူတိုင်း မကြံနိုင်၊ ကြံနိုင်ခဲ၏။ ကြံနိုင်၍ သိလာလျှင် မပြောနှင့်။ ပြောခဲ့လျှင် လွယ်လွန်း၍ သင်ပြပေးသော ဆရာကို အထင်သေးလျက် ပြစ်တင်ရှုတ်ချဖူးကြောင်းကို မှတ်တမ်းတင် ရေးသားထားခဲ့ကြလေသည်။

ဓာတ်တို့ကို ဆောင်ရွက်ရာ၌ အပြင်မီးသည် မျက်မြင်ဖြစ်၍ လူတိုင်း သိနိုင်၏။ ဓာတ်ဓာတ်ချင်း သတ်သောအတွင်းမီးမှာ ဉာဏ်အရာသာဖြစ်၍ လူတိုင်း သိနိုင်ဖို့ရန်



အလွန် ခဲယဉ်းလေ၏။ ထွက်ရပ်ပေါက် ဆရာတို့၏ "ဉာဏ်ချင်းတူ လိုက်ခဲ့ကြ" ဟူသော အချက်မှာလည်း အတွင်းတေဇော ဓာတ်မီးကိုသာ ဆိုလိုသည်။

အတွင်းမီးကို ဉာဏ်ပေါက်မှ ကြိုးစားသလောက် ခရီးရောက်လိမ့်မည်။ အပြင်မီးကို အားကိုး၍ ကြိုးစားနေကြသော ဝါသနာရှင်များ အထူးသတိပြုရန် အချက်မှာ အပြင်မီးဟူသည် အတွင်းမီး လောင်ချက်ကောင်းအောင် အားပေးကူညီသော သဘောမျှသာ ဖြစ်လေသည်။

အပြင်မီး သက်သက်အားကိုး၍ ပိမိလိုရာသို့ ခရီးပေါက်လိမ့်မည် မဟုတ်ပါ။ အတွင်းမီးနှင့်သာ သိဒ္ဓိအဆင့်ဆင့်တက်၍ ဝိဇ္ဇာဖြစ်ကြလေသည်ကို သတိမူ၍ ကပိတစ်ဆူ လုပ်နေကြသော ညီအစ်ကိုများအား မှီခိုအားထားခဲ့ကြသော မီးအစဉ်အလာကို သည်းဘဝင်မှာ စွဲလောက်အောင် အခြေချပြီး နေလနှစ်ပါး ဉာဏ်ပညာနှင့် အမှန်မြင်ကာ ကြံတိုင်း အောင်စေရန်အောင် အမြဲတေ လျှို့ဝှက်အခန်းကို နောင်အရှည်မျိုးဆက် မပန်းကြလေအောင် ဘိုးထွက်လမ်း အရှင်ဓာတ်ကိုဖြင့် ဘဝင်ခစေဖို့ တင်ပြလိုက်ပါသည်။

ဆရာဦးကျော်လင်း
(နေလဝိဇ္ဇာ)

## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**
TMR 013991(1220)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 013991(1220)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဒနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅

အံ့ဖွယ်ထူးခြား တည်ထားခဲ့သော မင်းဝံတောင်စွန်းမှ

# ရွှေမုဋ္ဌောစေတီတော်

ရွှေမင်းသား
(စစ်ကိုင်း)



▲ အာရုံခံတန်ဆောင်းအတွင်းမှ
ရုပ်ပွားတော်

ရွှေမုဋ္ဌောစေတီတော် ▶




စစ်ကိုင်းတောင်ရိုးကြီး၏ အနောက်ဘက်တွင် ဆင်နှာမောင်းသဖွယ် တောင်မြောက်တန်းလျက် တည်ရှိနေသော ဤတောတန်းတောင်တန်းကြီးကို **မင်းဝံတောင်**ဟု ခေါ်ပါသည်။

ဤ မင်းဝံတောင်တန်း၌ ရှေးက အလောင်းတော်ဝံမင်း နေထိုင်သွားဖူးသောကြောင့် ထိုဝံမင်းကို ဂုဏ်ပြုသောအားဖြင့် မင်းဝံတောင်ဟု ခေါ်တွင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရပါသည်။

**ထို မင်းဝံတောင်တန်းကြီးသည် အင်းမတော်ကြီးပိုင်းကို ဘယ်ညာပတ်၍ တောင်တက်လို့ ဆင်းလာခဲ့ရာ ယခု ရွှေမုဋ္ဌောဘုရားကုန်းနေရာ၌ အဆုံးသတ်ကာ ငုပ်လျှိုးသွားပါသည်။**

ရွှေမုဋ္ဌောစေတီတော်ကြီး၏ အာရုံခံ တန်ဆောင်း မြောက်ဘက်ကျောင်းတိုက်၌ သီတင်းသုံးကာ ရွှေမုဋ္ဌော





◆ ရွှေမုဋ္ဌောဘုရားအကြောင်း ရှင်းပြနေသည့် ဆရာတော် ဦးနာယက

ပြိုပျက်ခဲ့ပြီးပြန်ပြင် တစ်ရှိန်တိုင်အစေတီတော် ◆

စေတီတော်ကြီးအား ထိန်းသိမ်း စောင့်ရှောက်နေသည့် ဆရာတော်ဘဒ္ဒန္တနာယကကို ဖူးတွေ့ရာ ဆရာတော်က စေတီတော်နှင့် ပတ်သက်၍ သိမှတ်စရာများကို ရှင်းလင်း မိန့်ကြားတော်မူပါသည်။

ဤရွှေမုဋ္ဌောစေတီတော်ကြီးကို **အသောကမင်းတရားကြီးက တည်ခဲ့ခြင်းဖြစ်ပါသည်။** မင်းဝံတောင်တန်း၌ ပထမဆုံးသော သာသနာပြုမင်း ဖြစ်သည်။


မင်းဝံတောင် သာသနာရောင်ဖြင့် ဖုံးလွှမ်းနိုင်ရန်အတွက် သာသနာ့အောင်လံ စတင်စိုက်ထူခဲ့သော သာသနာ့အောင်မြေအထိမ်းအမှတ်လည်း ဖြစ်ပါသည်။

ဤစေတီတော်ကြီး ဖြစ်ပေါ်လာပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ **သာသနာတော်နှစ် ၂၁၈ ခုနှစ် ရှိသောအခါ** တစ်ခုသော နံနက်ခင်းတွင် ပါသာဒိကဂုဏ်နှင့် ပြည့်စုံသော နိဂြောဓသာမဏေငယ်ကို အသောကမင်းကြီး စတင်မြင်ဖူးလိုက်ရသည်။ တရားတော်ကိုလည်း နာယူရသည်။ မူလက မိစ္ဆာဝါဒီဝင်ဖြစ်သူ အသောကမင်းကြီးသည် ထို သာမဏေ၏ တရားစကားတို့ကြောင့် ဗုဒ္ဓဘာသာအဖြစ်သို့ ရုတ်ခြည်း ကူးပြောင်းခဲ့ပါသည်။

ထို့နောက် အသောကမင်းကြီးသည် စေတီပေါင်း ရှစ်သောင်းလေးထောင်ကို **တစ်နေ့တည်း တစ်ပြိုင်တည်း လကြတ်ချိန်အခါကို ယူပြီး ဌာပနာသွင်းခဲ့ပါသည်။**


**ယင်းလကို ရာဟုဟင်းသော (သို့မဟုတ်) လကြတ်သော ပိဋိ=မုဋ္ဌပုဒ်ကို အကြောင်းပြု၍ မုဋ္ဌောစေတီဟု ခေါ်ကြောင်း သမိုင်းများမှာ ပြဆိုခဲ့ပါသည်။**

ဤမုဋ္ဌောစေတီတော်ကြီးကို **စင်ကြဲ(ဓကြမ်း)ချောင်း** ဘေးတွင် တည်ထားသောကြောင့် ရှေးက **စင်ကြဲ**



● ရွှေမုဋ္ဌောသပိတ်ထောက် ဘုရားအရှေ့ဘက်မြင်ကွင်း

● မုဋ္ဌောထက်မှ သိကြားမင်း ရေသွန်းနေပုံ



(ကြွမ်း)မုဋ္ဌောဟု ခေါ်ကြပါသည်။

အသင်္ခယာ စောယွမ်းမင်း စစ်ကိုင်းမြို့ကို တည်ထောင်စဉ်က တြင်းကျေနဝင်းကျေကိန်းတို့ဖြင့် စီမံရာဝယ် ဤမုဋ္ဌောစေတီတော်ကြီးမှာ အတွင်းမုဋ္ဌော(၉)ဆူတွင် တစ်ဆူအဖြစ် ပါဝင်ခဲ့ပါသည်။ **အတွင်းမုဋ္ဌော(၉)ဆူမှာ...**

၁။ အတွင်းစကြံ့မုဋ္ဌော (ယခုတုရား)

၂။ နံကိုင်းမုဋ္ဌော။

၃။ လပ်းဦးမုဋ္ဌော။

၄။ ရွှေတောင်ဦးမုဋ္ဌော။

၅။ ဆယ်တောင်မုဋ္ဌော။

၆။ ကန်စောက်မုဋ္ဌော။


၇။ သီးတောမုဋ္ဌော။

၈။ တောင်ငယ်မုဋ္ဌော။

၉။ စစ်သားမုဋ္ဌော

တို့ ဖြစ်ပါသည်။

အသောကမင်းကြီးက မုဋ္ဌောစေတီဟု ဘွဲ့အမည်တော်ပေးခဲ့သော်လည်း ယခုအခါ မြန်မာတို့က ရွှေဝိဂုံ၊ ရွှေမောဓောတို့လို မြန်မာဆန်ဆန် ရွှေတစ်လုံးတိုးပြီးလျှင်




**ရွှေမုဋ္ဌောစေတီတော်**ဟု ခေါ်ဆိုလျက် ရှိကြပါသည်။

**ဤ စေတီတော်ကြီး ပုံသဏ္ဌာန်မှာ ပုဂံခေတ်လက်ရာစေတီတော်နှင့် ပုံစံဆင်ဆင်တူသည်။ ပစ္စယံအထက်ဆုံးအဆင့်တွင် စေတီငယ်များ၊ တည်ရှိပြီး ပစ္စယံအောက်နားဆင့်မှာ ကလသာအိုးဆေး ပန်းဆိုက်ရေလျှမ်းအိုးကြီးများ တည်ထား ပါသည်။**

လေးဖက်လေးတန်ရှိ မိကျောင်းလှေကားများဖြင့် အထက်ဆုံးပစ္စယံအထိ တက်ရောက် ဖူးမြော်နိုင်ကြသည်။ မိကျောင်းပါးစပ်အောက်တွင် ဝံများ လက်ထောက်ထိုင်နေဟန်နှင့် ထိုမိကျောင်းလှေကား၏ အထက်မှာ ဘီလူးရုပ်များ လက်တစ်ဖက်က သန်လျက်ကိုင်၍ ကျန်လက်တစ်ဖက်က ဒူးပေါ်လက်တင်ထားသော ပုံဟန်များ တွေ့ရပါသည်။

အထက်ဆုံးပစ္စယံ၏ မုခ်တံကဲအထက်တွင် မိကျောင်းနှစ်ကောင် အမြီးဆက်နေရာ၌ သိကြားမင်းက ငွေသရုနှင့် သွန်းလောင်းနေဟန်ကိုလည်း တွေ့ရပါသည်။

စေတီတော်ကြီး၏ အင်္ဂါထောင့်တွင် ဂြိုဟ်ပြေနံ့ပြေ သုံးဆင့်တံခွန်တိုင်ဘုရားနှင့် ရဟန္တာသမုတ်ခဲ့သည် ဆိုသော သိမ်တို့ကိုလည်း တွေ့ရပါသည်။

စေတီတော်ကြီး၏ ပတ်လည်တွင် ရေးနှစ်ပေါင်းများစွာက စိုက်ထားခဲ့သော ခရေပင်ကြီးများလည်း ရှိကြသည်။ အေးချမ်းဆိတ်ငြိမ်ပြီး တရားဘာဝနာပွားများရန် ကောင်းလှသော နေရာထူးတစ်ခု ဖြစ်ပါသည်။

ရွှေမုဋ္ဌောစေတီတော် ဘုရားရှိခိုးဂါထာ

သံ်တံ ရာဇရာဇူပဳ၊
အတွင်းမုဋ္ဌောဂုဇေတီယံ။
စကြံနာမသပေတံ တံ၊
ဝန္ဒာမိ သိရသာအှံ။

**အဟံ၊** အကျွန်ုပ်သည်။ **ရာဇရာဇူပဳ၊** သီရိဓမ္မာသောကမင်း၊ အသန်ယာစောယွန်းမင်း အစရှိသော မင်းတရားတို့သည်။ **သန်တံ၊** တည်ထားပြုပြင် မွမ်းမံအပ်သော။ **စကြံနာမသမေတံ၊** စကြံဟူသော အမည်နာမနှင့်တကွဖြစ်သော။

**တံ အတွင်းမုဋ္ဌောဂုစေတီယံ၊** ထိုအတွင်းမုဋ္ဌော အမည်ရှိသော စေတီတော်မြတ်ကြီးကို။ **သိရသာ၊** ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ **အာဒရံ၊** လေးမြတ်ကြည်ညိုရိုသေလှစွာ။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

အံ့ဖွယ်ထူးခြား တည်ထားခဲ့သော မင်းဝံတောင်စွန်းမှ ဤမုဋ္ဌောစေတီတော်ကြီးသို့ အောင်မြင်ခြင်းနှင့် ချမ်းသာခြင်းကို လိုလားသူတိုင်း သာသနာ့အောင်မြေနင်း၍ အဓိဋ္ဌာန်ဝင်နိုင်ကြစေရန် လမ်းညွှန် ရေးသားလိုက်ရပါသည်။

***ရွှေမင်းသား(စစ်ကိုင်း)***





ရှိုင်းဘုကား
(နမ့်စန်)

# အရေပြား မှိုတက်ရောဂါ

## စိတ်ပျက်စရာမလိုပါ

ရုပ်ရှိရင် ရောဂါဆိုတာ ရှိနေမှာပဲဖြစ်ပါတယ်။ ရောဂါအကြီးအသေး အနုအရင့်သာ ကွာခြားနေပါလိမ့်မယ်။ ရုပ်တရားတိုင်း ရောဂါကို ရှောင်တိမ်းလို့ မရပါဘူး။

အချို့ အသက်အရွယ် ငယ်ငယ်လေးပါပဲ။ ဒါပေမယ့် ခံစားနေရတဲ့ရောဂါက ရုပ်နဲ့ မလိုက်ပါဘူး။ စားချင်တာ မစားရ၊ သွားချင်တာ မသွားရ၊ ရှောင်ရတိမ်းရတဲ့ အစားအစာတွေကလဲ များပါဘိသနဲ့။

ခုခေတ်ကြီးမှာ ဓာတုပစ္စည်းတွေနဲ့ စီမံထုတ်လုပ်ထားတဲ့ အစားအစာတွေက များလာတော့ (၉၆)ပါးမကတဲ့ ရောဂါတွေကလဲ အများသားလား။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးက အနာရောဂါများတဲ့သူဟာ အတိတ်ဘဝက ဘယ်လိုကံမျိုး ကျူးလွန်ခဲ့လို့လဲ ဆိုတာကို မှတ်မိလွယ်အောင် ကဗျာတိုတိုလေး ရေးသားထားတော်မူခဲ့ပါတယ်။

'ညှဉ်းဆဲသူကား အနာများ သနားကျန်းမာမည်'
ဆိုပြီး ရေးခဲ့တာပါ။

အတိတ်ဘဝတွေတုန်းက သက်ရှိသတ္တဝါတွေကို ညှဉ်းဆဲ သတ်ဖြတ်ခဲ့တဲ့သူတွေဟာ အနာရောဂါများတတ်ပါတယ်။ သနားကြင်နာမှု ရှိတဲ့သူတွေကတော့ ကျန်းကျန်းမာမာ နေထိုင်ရမယ်ပေါ့။

ဘုရားရှင် ဧွှေလက်ထက်တော်အခါတုန်းက အသက် (၁၆၀)ရှည်တဲ့ အရှင်ဗာကုလ ရဟန္တာမထေရ်ကြီးဟာ အသက်ရှည်ရှည် အနာကင်းကင်း ကျန်းမာချမ်းသာစွာနဲ့ ခန္ဓာကိုယ်ကြီးကို ထမ်းရွက်ပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါတယ်။

**အခု အရေပြား မှိုတက်ရောဂါ** ခံစားနေရတဲ့ ရဟန်းတစ်ပါး အကြောင်း ပြောပြချင်ပါတယ်။ အဲဒီရဟန်းက **ညောင်ရမ်းမြို့၊ ဇီးတော်အိုင်ကျေးရွာမှာရှိတဲ့ ဇီးတော်အိုင်ကျောင်း ဆရာတော်ဦးဘုမနပဲ** ဖြစ်ပါတယ်။

ဆရာတော်ဟာ သက်တော်(၅၀)ခန့်ရှိပြီး အသားညိုညိုဝဝခုံ့ခုံ့ စိတ်မြန်လက်မြန် ရှင်းရှင်းဘွင်းဘွင်း ပြောတတ်လေ့ ရှိပါတယ်။

စာရေးသူနဲ့ မတွေ့ဆုံဖြစ်တာ (၁၀)နှစ်ကျော်ခဲ့ပါပြီ။

မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားခြင်းကိုလဲ အံ့သြနေမိပါတယ်။

ကောင်းတဲ့ဘက်ကို မပြောင်းလဲဘဲ မကောင်းတဲ့ဘက်ကို ပြောင်းလဲသွားတော့ စိတ်မကောင်းဖြစ်မိတယ် ပေါ့။ သတင်းတော့ ကြားဖူးတယ်။ **ဆရာတော် အရေပြား ရောဂါ ဖြစ်နေတယ်။ အခြေအနေ သိပ်မဟန်ဘူး စသည်ဖြင့်ပေါ့။**

ဒီရောဂါ မဖြစ်ခင်က ညောင်ရမ်းနယ်မှာ သာရေး နာရေး ကိစ္စအဝဝ ဆရာတော် မပါရင် မပြီးသလောက် ပါပဲ။

ပွဲတိုင်းကျော်ကြားနေတဲ့ ဆရာတော်ကို ရုတ်တရက် မြင်တွေ့လိုက်ရတော့ အံ့သြသွားမိပါတယ်။ အကြောင်းစုံ မေးလျှောက်ကြည့်တဲ့အခါမှာ ၂၀၀၈ ပြည့်နှစ်ကစပြီး ခန္ဓာကိုယ်တစ်ခုလုံး ယားနာတွေ ပေါက်ခဲ့တာပါ။

ဆရာဝန်တွေက **အရေပြားမှိုတက်ရောဂါ**တဲ့၊ မြန်မာ အခေါ် အပူနာရောဂါဖြစ်တာပါလို့ ပြောပါတယ်။ အင်္ဂလိပ်ထိုးဆေးစားဆေးတွေနဲ့ (၁၅)နှစ်လောက် ကုသခဲ့ပါတယ်။

ဆေးရုံဆေးခန်းပေါင်းလဲ များလှပါပြီ။ ခဏလေး သက်သာပြီး ပြန်ဖြစ်လာတာပါပဲ။ အမြစ်ပြတ် ပျောက်သွားတာလို့ မရှိပါဘူး။ ဒီလိုနဲ့ ခန္ဓာကိုယ်တစ်ခုလုံး နေရာမလပ် ယားနေတော့တာပါပဲ။

ခရမ်းသီး၊ ငါးပိ၊ ပုဇွန်ခြောက်များ စားမိတဲ့ရက်ဆို မနားတမ်း ကုတ်ရတော့တယ်။ လူတစ်ကိုယ်လုံး အသား ထဲက ရှုစ်ရှစ်နဲ့ သွေးချင်းဖော်ကို နံတော့တာပါပဲ။

ရုပ်ပေါ်မှာ ဖြစ်တဲ့ ယားနာဆိုတော့ တရားရှုမှတ်လဲ ယားတာချည်းပဲ မှတ်နေရတယ်။ လူကြားသူကြား သွားရတာ အလွန် ရှက်စရာကောင်းပါတယ်။

ဟိုကုတ်ဒီကုတ်နဲ့ အငြိမ်ကို မနေရပါဘူး။ ကုတ်လိုက် ရင် အရေပြားက အဖတ်တွေ ကွာကျပါတယ်။ **အဲဒီ အရေပြားအဖတ်တွေကို တစ်နေ့တစ်နေ့မှာ တော်တော်များများ ရပါတယ်။**

ဒီလိုနဲ့ပဲ တဖြည်းဖြည်း စိတ်ဓာတ်တွေ ကျလာ အစားအသောက် စားရမှာတောင် ကိုယ့်ကိုယ်ကို ရွံလာ ပါတယ်။ **ညှီစို့စို့အနံ့တွေနဲ့ ရွံလို့** အစာမစားတော့ အားမရှိ ဖြစ်လာတယ်။ လမ်းတောင် မလျှောက်နိုင်တဲ့ အခြေအနေမျိုးထိ ရောက်လာခဲ့ပါတယ်။

ငါ ဒီရောဂါနဲ့ပဲ ပျံလွန်တော်မူမယ်လို့လဲ စိတ်ကို တုံးတုံးချထားပါတယ်။ ဟိုယခင်က ဝဝဖိုင့်ဖိုင့် ကြီးဖြစ်နေတဲ့ ခန္ဓာကိုယ်ဟာ ကြုံလှီပိန်ချုံးပြီး မျောက်အို လမ်း မလျှောက်နိုင်ဘဲ ဖင်တရွတ်တိုက် သွားနေရသလို ဖြစ်နေပါပြီ။

တစ်နေ့တော့ ကံကောင်း ထောက်မစွာဘဲ **အောင် သာရွာက ကိုမောင်မြင့်ဟာ** ဒုလ္လဘ ရဟန်းဝတ်ပါ တယ်။

အမြဲတမ်း ကုတ်နေတဲ့ ဆရာတော်ကို မြင်ရတာ စိတ်မချမ်းမသာ ဖြစ်လာပါတယ်။ သူ့ရဲ့ စိတ်ကူးဖြင့် ဆရာတော်ကို **တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပေးရရင် ကောင်းမှာပဲ** ဆိုတဲ့အတွေးနဲ့ ကျောင်းဝိုင်းထဲရှိ တမာ ပင်က အရွက်တွေကို ခူးပြီး ပြုတ်ပါတယ်။

အဲဒီ တမာရွက်ပြုတ်ရည်နဲ့ ယားနာတွေကို ဖန်ဆေးပေးပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံး တမာရွက်တွေနဲ့ နာနာပွတ်ပေးပါတယ်။

အဲဒီအခါမှာ ခါတိုင်းနေ့များကထက် နေရတာ အဆင်ပြေလာတယ်။ ယားတာလဲ သက်သာလာပါ တယ်။

**ဒီမှာတင် မြန်မာ့ဆေးပညာကောင်း တွေ့ပြီ၊ တမာရွက် ပြုတ်ရည်နဲ့ပဲ နေ့တိုင်း ရေလဲချိုး။ အဲဒီအရည်ကိုသောက်ရ ချက်နဲ့တစ်ခွက် အရင် သောက်ပြီးမှ ရေချိုးပါတယ်။**

(၇)ရက်ခန့်ရှိတဲ့အခါမှာ သိသိသာသာ သက်သာလာ တာကို တွေ့ရပါတယ်။

ဒါနဲ့ပဲ အင်္ဂလိပ်ထိုးဆေးစားဆေးများကို ငွေကုန်မခံ တော့ဘဲ တမာရွက်ပြုတ်ရည်ကို သောက်၊ ရေလဲ ချိုး၊ မြန်မာ့တိုင်းရင်းဆေးဖြစ်တဲ့ **စိန်သုံးလုံးဆေးကို စားလဲ စား၊ ရေနံကြီးနဲ့ လိမ်းလာလိုက်တာ (၃)နှစ်အကြာ မှာတော့ ကျန်းကျန်းမာမာ** စားနိုင်သောက်နိုင် ကောင်း ကောင်းကြီး အိပ်နိုင်ပြီး လူတောထဲမှာ ကျွန်ကြွမ်းမဲ့စွာ မကုတ်ရတော့ပါဘူး။

အရေပြားမှိုတက်ရောဂါနဲ့ ပတ်သက်ပြီး စိတ်ပျက်စရာ မလိုတော့ပါဘူးလို့ ဆိုတာကို မေတ္တာစေတနာနဲ့ တင်ပြ လိုက်ရပါတယ်။

**လှိုင်ဘုထီး(နမ့်စန်)**

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို ကြိုတင်လိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်သူမိတ်ဆွေကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများ ကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေး နေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေရန် အလို့ငှာ စေတနာရှေ့ထားလက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

* * *

မွေးလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**အောက်တိုဘာလ** (၂၃)ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၂၃)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၈)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၃၁)ရ၏။ ယင်း (၃၁)ကို တစ်လုံးတည်း ဖြစ်အောင် ပေါင်းလျှင် ၃ + ၁ = ၄ ရ၏။ ထို့ကြောင့် ထိုသူအတွက် **အောက်တိုဘာလ(၂၃)ရက်နေ့တွင် (၄) ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ ဟီးပွင့်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ ပိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမော တသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်း အံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက် ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း** ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၉** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ ၉ **ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

❖ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ❖

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | 1 ၄ | 2 ၅ | 3 ၆ | 4 ၇ | 5 ၈ | 6 ၉ |
| 7 ၁ | 8 ၂ | 9 ၃ | 10 ၄ | 11 ၅ | 12 ၆ | 13 ၇ |
| 14 ၈ | 15 ၉ | 16 ၁ | 17 ၂ | 18 ၃ | 19 ၄ | 20 ၅ |
| 21 ၆ | 22 ၇ | 23 ၈ | 24 ၉ | 25 ၁ | 26 ၂ | 27 ၃ |
| 28 ၄ | 29 ၅ | 30 ၆ | 31 ၇ | | | |

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လုံးလုံးလျားလျား လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ထောင်းဆုပြည့်ပါစေ။***

**သုခစုစံ(ကျိုက်လတ်)**

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆဆလ (၈၂၅၈)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကတည်းက ပြုံးခဲ့မိပါတယ်။



အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်သင့်စကားတစ်သင့်နားနဲ့ ကြားရမှ် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယပဗ္ဗာရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြွတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့် စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျက်ခဲ့ပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သိတန္တုဂျာ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအဆေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ စိုးရိမ်ပူပန်မှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မှုးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိပ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေး၊ ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၄၃၅၂၂၅၊ ၀၉ ၂၅၀၀၁၅၀၈၇။

**မြောင်းမြ မောင်ယဉ်တင့်**

ဘုရားကုန်းတောင်

# ဖောဓိတစ်ထောင် ရေဆွမ်းဆရာတော်

၏ ရောဂါပျောက်ကင်းဂါထာ

ညွန့်ဝင်း (နတ်တလင်း)

စာရေးသူတို့သည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် မိသားစု ဘုရားဖူးထွက်ခဲ့ပါသည်။ ပြည်မြို့ ဆယ်ထပ်ကြီးကျောင်းတိုက် ဆရာတော်ဦးဝိသုဒ္ဓနှင့်အတူ ပြည်မြို့ဝန်းကျင် ဘုရားများနှင့် ပြည်နှင့်နီးစပ်ရာ မြို့များမှ ဘုရားများကို လှည့်လည် ဖူးမြော်ကြရန် ဖြစ်ပါသည်။

လှည့်လည်ဖူးမြော်သည့် ဘုရားများတွင် ပြည်မြို့၏ တစ်ဖက်ကမ်း နဝဒေး မြစ်ကူးတံတားမှ ဖြတ်ကျော်သွားရသည့် ဥသျှစ်ပင်မြို့ ဘုရားကုန်းတောင် ဖောဓိတစ်ထောင် ဘုရားများလည်း ပါဝင်ပါသည်။

မွန်းလွဲပိုင်းတွင် ဘုရားကုန်းတောင် ဖောဓိတစ်ထောင်ဘုရားများသို့ စာရေးသူတို့မိသားစု ဝင်ခဲ့ကြသည်။ ဖောဓိတစ်ထောင် ဘုရားများကို မဖူးမြော်မီ **ဖောဓိတစ်ထောင်မှ ရေဆွမ်းဆရာတော် ဦးဝိမလအား** ဝင်ရောက်ဖူးမြော်ကြသည်။

ဆရာတော်ထံတွင် ဝင်ရောက်ဖူးမြော်ကာ သြဝါဒ ခံယူနေသော ဘုရားဖူး ပရိသတ်များကို တွေ့ရသည်။




♣ ဘုရားကုန်းတောင် ဖောဓိတစ်ထောင် ဆရာတော်ဦးဝိမလ

စာရေးသူတို့မှ မိမိအလုညှ်ကျအောင် စောင့်ဆိုင်းနေရပြီး အလှည့်ရောက်သည်နှင့် ဆရာတော်အား ဖူးမြင်ကာ လျှောက်ထားလိုသည်များကို လျှောက်ထားပါသည်။

လျှောက်ထားသည်မှာ အခြားမဟုတ်။ စာရေးသူ၏ အာရုံကြောရောဂါနှင့် စိတ်နှင့်ပတ်သက်သည့် ရောဂါအကြောင်းဖြစ်သည်။

စာရေးသူသည် ဦးနှောက် အာရုံကြော အားနည်းကာ ခေါင်းမူးခေါင်းမရှင်းခြင်း၊ အာရုံ များများမစိုက်နိုင်ခြင်း၊ ရင်ထဲတွင် ဝမ်းနည်းစိတ်ဝင်ကာ နှလုံးခုန်မြန်ခြင်းများ ခံစားခဲ့ရပါသည်။

ဆရာတော်အား အကြောင်းစုံလျှောက်ထား၍ ရောဂါအတွက် ကူညီလမ်းညွှန်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

ဆရာတော်က စာရေးသူတို့အား ငါးပါးသီလ ခံယူစေပြီး ရောဂါပျောက်စေရန်၊ ဆေးတိုးစေရန် အောက်ပါဂါထာဖြင့် ဘုရားတွင် ပုတီးစိပ် ဆုတောင်းရန် မိန့်ကြားခဲ့ သည်။ ထိုဂါထာမှာ...

'အရဟံ ဘဂဝါ သိဒ္ဓိ'

ဟူ၍ ဖြစ်သည်။

ထိုဂါထာကို ရွတ်ဆို ပုတီးတစ်လုံးစီချ စိပ်သွားရန် ဖြစ်သည်။

ပုတီးပတ်ရေ (၁၈)ပတ် စိပ်ရမည်ဖြစ်ပြီး စိပ်ပြီးသည်နှင့် မိမိရောဂါ ဆေးတိုးကာ ပျောက်ကင်းပါစေကြောင်း (၁၈)ခေါက် ဆုတောင်းရမည် ဖြစ်သည်။

စာရေးသူသည် ဘုရားဖူးရာမှ အိမ်ပြန်ရောက်သည့်နေ့မှစ၍ "**အရဟံ ဘဂဝါ သိဒ္ဓိ**"ဟူသော ဂါထာကို ရွတ်ဆို၍ ပုတီး(၁၈)ပတ် နေ့စဉ် စိပ်ကာ ရောဂါပျောက်စေကြောင်း ဆုတောင်းမှု မှန်မှန်ပြုခဲ့ပါသည်။

ဤသို့ ပုတီးစိပ် ဆုတောင်းမှုကာလ တစ်လခန့်ကြာသောအခါ ယခင်က ဆရာဝန်မျိုးစုံ၊ ဆေးမျိုးစုံဖြင့် အရှင်းပျောက်အောင် ကုသမရခဲ့သော အာရုံကြောနှင့် စိတ်ပိုင်းဆိုင်ရာရောဂါသည် တဖြည်းဖြည်း သက်သာပျောက်ကင်းလာခဲ့ပါသည်။

စာရေးသူတို့မိသားစုလည်း စာရေးသူ ရောဂါ သက်သာလာသဖြင့် ဝမ်းသာကျေနပ်ကာ ဆရာတော်ကိုလည်း ပိုမိုကြည်ညိုမိကြပါသည်။



မဟာဗိုတစ်ထောင် ရေဆွမ်းဆရာတော်ထံသို့ သွားရောက် ဖူးမြော်လိုပါလျှင် ပြည်မြို့မှ သွားလျှင် နဝဒေးရောဝတီမြစ်ကူးတံတားကို ဖြတ်ကျော်ရမည်။

ဆက်သွားလျှင် ပန်းတောင်းမြို့ကို ဖြတ်ကျော်ပြီး ဥသျှစ်ပင်မြို့နယ် တောင်တက်တောင်ဆင်းလမ်းများ အတိုင်း သွားပြီး ဘုရားကုန်းတောင် မဟာဗိတစ်ထောင်သို့ ရောက်ရှိမည် ဖြစ်သည်။

ဘုရားရုပ်ပွားတော်များကို ပလ္လင်နှင့်တကွ တစ်ထောင်ပြည့်အောင် ထုလုပ်ပူဇော်ထားသည့် မဟာဗိတစ်ထောင် ဘုရားများကိုလည်း ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်သည်။

ရေဆွမ်းဆရာတော်ထံ ဝင်ရောက်ဖူးမြော်၍ မိမိ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲများကို လျှောက်တင်၍ အခက်အခဲ လွတ်မြောက်မှု စရဏကျင့်စဉ်များကို ဩဝါဒခံယူ ကျင့်ကြံဆောင်ရွက်နိုင်ပါကြောင်း လမ်းညွှန်တင်ပြလိုက်ရပေသည်။

ညွှန့်ဝင်း(နတ်တလင်း)

F.9B. October, 2018.

# ဥနှဲရှက်

# သွေးကျဆေး

ကိုလွန်း (မင်းလှ)

ယခု ၂၀၁၈ ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့ သင်္ကြန်အတက်နေ့က ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရွှေလောင်းရွာသို့ ဇနီး၊ သမီး၊ သမက်၊ မြေး(၃)ယောက်တို့နှင့်အတူ မော်တော်ကားဖြင့် သွားကြရပါသည်။

ရွှေလောင်းရွာမှာ **မင်းလှမြို့အနောက်ဘက် (၁၀)မိုင်ခန့်အကွာ** မြစ်မခမြစ်၏အနောက်ဘက်တွင် ရှိပါသည်။ မော်တော်ကားဖြင့် တိုက်ရိုက်သွား၍ မရပါ။ မော်တော်ကားဖြင့်လည်း နွေအခါသာ သွား၍ရပါသည်။


နွေအခါမှာလည်း မြစ်မခမြစ်၏ အရှေ့ဘက်ကမ်းတွင်ရှိသော ဒီလိုင်းရွာသို့ တောလမ်းအတိုင်းသာ သွား၍ရပါသည်။ ဒီလိုင်းရွာတွင် ကားထားခဲ့ပြီး မြစ်မခကို ဖြတ်ကူးကာ ဆိုင်ကယ်ကယ်ရီဖြင့် ဆက်သွားရပါသည်။

ရွှေလောင်း၊ ဒီလိုင်း၊ ရွှေခဲရွာများသည် ရှေးမြန်မာ ဘုရင်များ လက်ထက်ကပင် တည်ရှိခဲ့သော ရွာကြီးများ ဖြစ်ကြပါသည်။

ရွှေလောင်း ရွာသို့ ကျွန်တော်တို့မိသားစု သွားရမည့်ကိစ္စမှာ ထိုရွာမှာ ကျွန်တော်၏ဇနီး ဇာတိဖြစ်ပါသည်။ ထိုရွာတွင် ကျွန်တော့်



ဥနှဲပင်



▲ ညိုမှက်

ယောက်ျမများ အဘိုးအဘွားများ တည်ထားခဲ့သော စေတီ၏ ထီးတော်အသစ်တင်ခြင်း၊ စေတီအား ရွှေသင်္ကန်းအသစ်ကပ်ခြင်း၊ တံခွန်တိုင်အား ပြုပြင်ခြင်း၊ ပျက်စီးသွားသော ဟသ်ာရုပ် အသစ်လုပ်ခြင်း စသည့် အလှူများအတွက် ရေစက်ချရန် သွားခြင်းဖြစ်ပါသည်။

ရွှေလောင်းရွာ ဘုန်းကြီးကျောင်းတွင် သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ လူပရိသတ်တို့အား ကျွေးမွေးခြင်းများကို ရွာမှ ဆွေမျိုးများက ညကပင် ချက်ပြုတ်ထားကြပါသည်။

လိုအပ်သော ငွေကြေးများကို ကြိုတင်ပေးထားပြီး ဖြစ်သဖြင့် အလှူရေစက်ချသောနေ့မှပင် သွားကြခြင်း ဖြစ်ပါသည်။

ရွှေလောင်းရွာတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်း အရှေ့ကျောင်းနှင့် အနောက်ကျောင်း ရှိပါသည်။ အရှေ့ကျောင်းမှာ သုဓမ္မာကျောင်းဖြစ်ပြီး အနောက်ကျောင်းမှာ ဒွါရကျောင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သွားသည်မှာ အနောက်ကျောင်း ဖြစ်ပါသည်။ ကျောင်းသို့ ရောက်သောအခါ ဆွေမျိုးများက အလှူအတွက် ချက်ပြုတ်ထားကြသည်မှာ အလွန်အားရစရာ ဖြစ်ပါသည်။

ဘုန်းတော်ကြီး၏ ညွှန်ကြားချက်အရ ရွာသူရွာသားများ ချက်ပြုတ်ထားကြသည်မှာ လိုလေသေးမရှိပါ။ သံဃာတော်များကပ်ရန် ဆွမ်းဟင်းလျာများကလည်း စုံပါသည်။

လူပရိသတ်အတွက်လည်း ဝက်သား၊ ကြက်သား၊ ငါးပေါင်းဟင်းချို၊ ငါးပိကြော် အချဉ်သုပ် စုံလှပါသည်။ ရွာသူရွာသားများကိုလည်း ကျေးဇူးတင်နေရပါသည်။

ဘုန်းတော်ကြီးအား ဦးချကန်တော့ပြီး ကျွန်တော်တို့အား ထမင်းကျွေးပါသည်။ ရေတစ်တန်၊ ကုန်းတစ်တန် လာရ၍ မောနေကြသလားမသိ ထမင်းစား၍ အလွန်ကောင်းကြပါသည်။

အထူးသဖြင့် ဝက်သားအိုးကြီးချက်က မြို့မှ လက်ရာ

တွေ့ထက် ပိုကောင်းနေသည်ဟု ထင်မိပါသည်။ သံဃာများ ဆွမ်းကပ်ပြီး လူပရိသတ်များ ထမင်းကျွေးပြီးမှ တရားနာ ရေစက်ချမည် ဖြစ်ပါသည်။ ထိုစဉ် ကျောင်းပေါ်တွင်...

'လုပ်ကြပါဦး...မချို သတိလစ်သွားလို့'

ဟု အော်သံကြားပြီး လူများ ဝိုင်းအုံကြည့်နေကြပါသည်။

'ဘာဖြစ်တာလဲ'

'မူးတယ် မူးတယ်ဆိုပြီး မချိုလဲသွားလို့'

'သူ့မှာ သွေးတိုး ရှိတယ်'

'ဟဲ့...ဟဲ့...ဆရာမခေါ် ဆရာမခေါ်'

'ဆရာမ မရှိဘူး၊ ဟိုဘက်ကမ်း လိုက်သွားတယ်'

'ဟိုမှာ ဆရာဝန် ရှိတယ်လေ'

ပြောနေကြသည်မှာ စုံနေပါသည်။ ကျွန်တော်နှင့် ပါလာသော ကျွန်တော့်သမက်မှာ ဆရာဝန်မှန်း သိသဖြင့် သူ့အား လက်ညှိုးထိုး ပြောနေကြပါသည်။

သို့သော် ကျွန်တော်တို့မှာ အလှူကိစ္စအတွက် ကုန်းတစ်တန်၊ ရေတစ်တန် လာရသဖြင့် ပေါ့ပေါ့ပါးပါး ဆေးနှင့်ပတ်သတ်၍ ဘာမှ ပါမလာပါ။ လူတွေကလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်ပြင် ဆရာဝန်ရှိနေသော်လည်း ဘာမှ လုပ်မပေးနိုင်၍ အခက်ကြုံနေပါသည်။

'ဟဲ့...ဘယ်သူဖြစ်တာလဲ၊ မိချိုလား'

'မှန်ပါ့...ဘုရား'

'ဒီဒကာမ သူ့မှာ သွေးတိုးရှိတာ သိသားနဲ့'

'မှန်ပါ့ဘုရား...ညက ဝက်သားဟင်းချက်တော့ သူ အိပ်ရေးလဲ ပျက်တယ်၊ ဝက်သားဟင်းမြည်းရင်းနဲ့ နည်းနည်းစားမိလိုက်တယ်လို့ ပြောတယ်'

'အေး...အေး...ကိစ္စမရှိဘူး၊ ဒကာကြီး ဦးတင်ဝင်း လာစမ်း'

'မှန်ပါ့'

'ဟိုအပင်က အရွက် (၄,၅)ရွက်လောက် သွားခူးစမ်း။ သတိမရရင် အရည်ညှစ်ပြီး ပါးစပ်ထဲထည့်... သတိရရင် ဝါးစားခိုင်းလိုက်'

'မှန်ပါ့... သတိက ရတစ်ချက် မရတစ်ချက်နဲ့ပါ ဘုရား'

ဦးတင်ဝင်း ထသွားပြီး အပင်မှ အရွက်များ ခူးလာကာ လူနာအား ထူပေးပြီး အရည်ညှစ်တိုက်သည်ကိုလည်း တွေ့ပါသည်။ သတိရလာတော့ အရွက်များကို ဝါးစားခိုင်းသည်ကိုလည်း တွေ့ပါသည်။

ထို့နောက် ရေတစ်ခွက် သောက်သည်ကို တွေ့ပါသည်။ ကျွန်တော်တို့ ဘုန်းကြီးနှင့် စကားပြောနေစဉ်မှာပင် မချို နေကောင်းသွားပြီး ကျွန်တော်အနားလာပြီး ဘုန်းကြီးအား ဦးချပါသည်။

'ဟဲ့... နင် သွေးတိုးရှိမှန်းသိရက်နဲ့ အဲဒီအရွက်ကို မနက်ကတည်းက စားထားပါလား'

'မှန်ပါ့...အလုပ်များသွားလို့ပါ ဘုရား'

'ဆရာတော်ဘုရား အဲဒါဘာရွက်လဲ၊ **ဥန္နဲရွက်လား** လို့'

ကျွန်တော် မေးလျှောက်မိပါသည်။

'ဟုတ်တယ်လေ ဒကာကြီး၊ **ဥန္နဲရွက် သွေးတိုးကိုတော့ တကယ်နိုင်တာ**'

'မှန်ပါဘုရား... ဥန္နဲရွက်အစွမ်း ခုမှ လက်တွေ့တွေ့ရပါတယ် ဘုရား'

'ရွာက လူတွေ သွေးတိုးရင် ဒီအရွက်ပဲ စားကြတယ်'

'ကျွန်တော်တို့ရွာမှာ သွေးတိုးရှိတဲ့ လူတွေ များပါတယ်။ ဒါပေမယ့် မြို့က ဆေးတွေ မသောက်ဖြစ်ပါဘူး။ ကျွန်တော်လဲ ရှိတယ်။ ဒီနေ့ ဝက်သားစားတော့၊ မနက်ထဲက အဲဒီအရွက် (၄,၅)ရွက် စားထားတယ်။ ဘာမှ မဖြစ်ဘူး'

ဟု ဦးတင်ဝင်းကလည်း ထောက်ခံပြောပါသည်။

'ကောင်းလိုက်တဲ့ မြန်မာဆေးနည်းတိုပါ ဘုရား'

'ဒကာကြီးက စာရေးဦးမှာလား'

'မှန်ပါ့ဘုရား...ဒါမျိုးဆို သိပ်ရေးချင်တာဘုရား'

***သွေးတိုးရောဂါ ကင်းဝေးကြပါစေ။***

***ကိုထွန်း(မင်းလှ)***

ကြော်ငြာဆောင်းပါး

# B.Sc. အမှတ်တံဆိပ်

# တောရှောက်မြစ်

## အကြောဖြေရှူလိမ်းဆေးရည်



မင်းကိုနိုင်
(ဂမ္ဘီရဇောင်တန်း)

ကျုပ်အလုပ်ခန်းမှာရော အိမ်ခန်းမှာပါ အဲကွန်းနဲ့ လေပန်ကာ တပ်ဆင်ထားပါတယ်။ လျှပ်စစ်မီး အားကောင်းရင် အဲကွန်း အမြဲဖွင့်ထားပါတယ်။ မီးအားနည်းရင် လေပန်ကာဖွင့်ထားတယ်။ ကျုပ်က အအေးသိပ်ကြိုက်လို့ပါ။

ကျုပ်အလုပ်က ထိုင်ပြီး လုပ်ရတဲ့ အလုပ်ပါ။ နေ့စဉ် မနက်(၈)နာရီ လောက်ကစပြီး ည(၈)နာရီ လောက်ထိ စာဖတ်ခြင်း၊ စာရေးခြင်းတွေ လုပ်ပါတယ်။ ထမင်းစားချိန်၊ အပေါ့အပါး သွားချိန်ကလွဲရင် တစ်နေကုန် ထိုင်ရတာပါ။ ရေချိုးချိန်မှာလဲ ရေအေးအေးနဲ့ ခေါင်းလောင်းချိုးမှ အားရတယ်။

ကျုပ်ခံစားရတဲ့ ရောဂါဝေဒနာ တွေကတော့ အတော်စုံတာပေါ့။ ခြေချောင်း,လက်ချောင်းတွေ ထုံကျဉ်၊ အဆစ်အမျက်တွေကိုက်ခဲ၊ ခြေသလုံးကြွက် တက်၊ တစ်ခါတစ်ရံ အုံးလွဲ၊ ခါးနာ,ဒူးနာ၊ ခေါင်းမူး, ခေါင်းကိုက်၊ ဇက်ကြောတက်၊ နှာစေး, နှာပိတ်၊ ချောင်း ဆိုး၊ ညဘက် တော်ရုံနဲ့ အိပ်မပျော်၊ အိပ်ပျော်ပြီး တစ်ရေးနိုးရင်လဲ တော်တော်နဲ့ ပြန်အိပ်လို့မရ၊ အဆိုးဆုံးကတော့ မနက်ပိုင်း အိပ်ရာထချိန်မှာ လူ့ခန္ဓာ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေခြင်းပါပဲဗျာ။

ဒါကြောင့်...

လိမ်းဆေးအမျိုးမျိုးကို ဝယ်ယူဆောင်ထားပြီး မနက်/နေ့လယ်/ညနေ။ အထူးသဖြင့် ရေချိုးပြီးတိုင်း လိမ်းဆေးတွေ လိမ်းရတယ်။ ညအိပ်ရာဝင်ခါနီးတိုင်း လိမ်းဆေးတွေ တစ်ကိုယ်လုံး လိမ်းပြီးအိပ်ရတယ်။ ရှူဆေး အမျိုးမျိုးလဲ ဆောင်ထားရ တယ်။ သောက်ဆေးဆိုလဲ တိုင်းရင်းဆေးရော၊ အနောက် တိုင်းဆေးပါ အတော်စုံအောင် သုံးရတယ်။ ကျုပ်ခန္ဓာကိုယ်မှာ ရောဂါမျိုးစုံနဲ့ ဆေးမျိုးစုံ တိုက်ပွဲဆင်နေတာ နှစ် အတော်ကြာခဲ့ပါပြီ။ တစ်နေ့မှာတော့ မိတ်ဆွေ တစ်ဦးက ဆေးတစ်ပုလင်း လက်ဆောင် လာပေး တယ်။ စမ်းသုံးကြည့်ပါတဲ့။ အဲဒီဆေးပုလင်းမှာ ကပ်ထားတဲ့ စာရွက်ကို ဖတ်ကြည့်လိုက်တော့...



ကြော်ငြာဆောင်းပါး

**B.Sc. အမှတ်တံဆိပ်**
**တောရှောက်မြစ် အကြောဖြေ**
**လိမ်းဆေး/ရှူဆေးကြီး**
**မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်း**
**(၁၉)မျိုးဖြင့် ဖော်စပ်ထားပါသည်။**
**သောက်ရန်မဟုတ်(လိမ်းဆေး)**
**ဆေးအနှစ်များ ပါဝင်သည့်အတွက်**
**ပုလင်းကိုလှုပ်၍ သုံးပါ။**




ဆိုပြီး မြန်မာစာနဲ့ ရေးထားသလို အင်္ဂလိပ်စာနဲ့လဲ ဖော်ပြထားသေးတယ်။

ညအိပ်ရာဝင်ချိန်မှာ ကျုပ်ရဲ့ဇနီးနဲ့ သားသမီးမြေးမြစ်တို့ကို အဲဒီဆေးပုလင်းထဲက ဆေးရည်နဲ့ ကျုပ်ခန္ဓာကိုယ်အနှံ့ လိမ်းခိုင်းပါတယ်။ ခြေချောင်းတွေ၊ ခြေဖမိုး၊ ခြေဖနောင့်၊ ခြေသလုံး၊ ပေါင်၊ တင်ပါးအထက်ပိုင်း၊ ခါး၊ ကျောပြင်၊ ပခုံး၊ လက်မောင်း၊ ဇက်၊ နားထင်၊ လက်ဖျံ၊ လက်ချောင်းတွေ နေရာအတော်စုံအောင် လိမ်းစေပါတယ်။

ဆေးရည်လိမ်းခါစမှာ ရေရှိုးရှိုးလိုပဲ အေးစက်စက်နဲ့ပါ။ တဖြည်းဖြည်း ပူနွေးလာတယ်။ဆေးရည်နည်းနည်းကို လက်ဖဝါးထဲ ထည့်ပွတ်ပြီး နှာဝမှာ ကပ်ရှူရတာ (၃)မိနစ်လောက် လုပ်ပေးတယ်။ အနံ့က မပြင်းဘူး။ သင်းသင်းလေး မွှေးတယ်။ လည်းပင်တွေ၊ ရင်ဘတ်တွေ၊ ဝမ်းဗိုက်တွေပါ လိမ်းလိုက်တယ် စောစော အိပ်ပျော်သွားတယ်။

တစ်ရေးနိုးကြည့်လိုက်တော့ မနက်(၅)နာရီထိုးနေပြီ။ ခါတိုင်းညတွေမှာ ကြက်အိပ်ကြက်နိုး။ အိပ်ပျော်တစ်ချက်၊ မပျော်တစ်ချက်၊ အိပ်ရာထချိန်မှာလဲ အိပ်ရေးကမဝ။ ဒီညတော့ နှာလဲမပိတ်၊ ချောင်းလဲ မဆိုး၊ အိပ်ရေးလဲဝ၊ အိပ်ရာထချိန်မှာ ကိုယ်လက်လဲ မနာမကျင်၊ ခြေသလုံးလဲ ကြွက်မတက်၊ ခါးမနာ၊ ဒူးမနာ၊ အုံးမလွဲ၊ ခေါင်းမကိုက် တော်တော်မိုက်တဲ့ **B.Sc**.ပါပဲ။ တစ်ကိုယ်လုံး လန်းဆန်းတက်ကြွ ကိုယ်လက်ပေါ့ပါးနေတယ်။ ကိုယ့်အသက်တောင် တစ်ဝက်လောက် ငယ်သွားသလားလို့ ထင်မှားမိတော့တယ်ဗျာ။

ဆေးညွှန်းစာရွက်ကို ပြန်ဖတ်ကြည့်လိုက်တော့မှ ရောဂါဝေဒနာ တော်တော်များများအတွက် သက်သာပျောက်ကင်းစေတဲ့အပြင် ကျွဲ,နွား ပခုံးအကျိတ်နဲ့ ခွာနာလျှာနာရောဂါအတွက်ပါ သုံးစွဲနိုင်တာ တွေ့ရတယ်။ ဒါကြောင့်**B.Sc**.တောရှောက်မြစ် အကြောဖြေ လိမ်းဆေး/ရှူဆေးကြီးဟာ ရောဂါဖြစ်မှ ဝယ်ယူလိမ်းရှူ သုံးစွဲရမယ့် ဆေးမျိုးမဟုတ်ဘဲ အိမ်တိုင်းမှာ ကြိုတင်ဝယ်ယူဆောင်ထားသင့်တဲ့ ဆေးမျိုးလို့ သတ်မှတ်နိုင်ပါတယ်။ ကျုပ်ကတော့ မနက်/ညနေ ရေချိုးပြီးတိုင်း အဲဒီဆေးရည်ကို လိမ်းတယ်/ပွတ်ရှူတယ်။ ညအိပ်ရာဝင်ချိန်မှာလဲ လိမ်းတယ်/ရှူတယ်။ ကျုပ်မြေးလေးတွေကိုလဲ မနက်စာ/ ညနေစာ စားပြီးတိုင်း ရင်ဘတ်,ဝမ်းဗိုက်,နောက်ကျောဘက် လက်ပြင်က ခါးအထိ အဲဒီဆေးရည် လိမ်းပေးတယ်။ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေထိုးလေအောင့်၊ ဗိုက်နာ တာတွေ မဖြစ်တော့ဘူး။

ပြောလက်စနဲ့ ပြောရဦးမယ်ဗျို့...လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က ကျုပ်ဇနီး ချော်လဲပြီး ခြေမျက်စိနဲ့ ဒူးခေါင်းမှာ ဒဏ်ဖြစ်သွားတယ်။ မကြာမကြာ နာကျင်ကိုက်ခဲပြီး ခြေ မထောက်နိုင်၊ လမ်းမလျှောက်နိုင် ပြန်ဖြစ်တယ်။ ဘယ်ဘက် ခြေထောက်မှာ ဖြစ်တာပါ။ ကျုပ်ကိုယ်တိုင် ဇနီးရဲ့ ခြေမျက်စိ ဝန်းကျင်၊ ဒူးခေါက်ကွေးဝန်းကျင် ဘယ်ရော ညာပါ ဆေးရည်လိမ်းပြီး စိမ့်ဝင်အောင် ဖိပွတ်ပေးလိုက်တယ်။ လိုရမည်ရ ခြေချောင်းတွေနဲ့ ခါးကိုပါ လိမ်းပွတ်ပေးတယ်။ ယုံ့ပစ်သလို သက်သာပျောက်ကင်းတယ်လို့ ဇနီးက ချီးကျူးပြန်တယ်။ အခုဆိုရင် ဇနီးကလဲ ညစဉ် အိပ်ရာဝင်ခါနီး ဆေးရည်လိမ်းပြီးမှ အိပ်တော့တယ်။

**B.Sc .တောရှောက်မြစ် လိမ်းဆေး/ရှူဆေး ထုတ်လုပ်တဲ့ဆေးတိုက်ဟာ ပုလဲလမ်း၊ ဇေယျာဝတီမြို့သစ်မှာ** ရှိပေမယ့် မြန်မာနိုင်ငံ မြို့အတော်များများက တိုင်းရင်းဆေးဆိုင်များမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်တာမို့ ကျုပ်တို့ကတော့ တစ်ခါဝယ်(၁၀)ပုလင်းပဲ။ ခရီးသွားလဲယူသွားကြတယ်။ ဆေးလက်ဆောင်လာပေးတဲ့မိတ်ဆွေကြီးကိုလဲ ကျေးဇူးအထူးတင်ပါတယ်ဗျာ။

**"B.Sc .လိမ်း/ရှူဆေးနဲ့တွေ့မှ OKသွားတော့တယ်"**

**မင်းကျော်ဒွိ(ဂမ္ဘီရတောင်တန်း)**

# သက်ရောက်သောကြာ

## ရောက်သောအခါ ဤသို့ ယတြာစီရင်ပါ

တနင်္ဂနွေအစရှိသော ဂြိုဟ်ရှစ်လုံးတို့သည် အဌလက် အိမ်တွင် တစ်နှစ်လျှင် တစ်ခွင်ကျ လှည့်ပတ်သွားလာ နေကြသည်။

ထိုသို့ လှည့်ပတ်နေကြရာ ခုနစ်ရက်သားသမီးတို့၏ အသက်အပိုင်းအခြားအလိုက် သောကြာဂြိုဟ်ခွင်သို့ ရောက်ရှိပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

***

| နေ့သားများ | သောကြာသက်ရောက်သော နှစ်များ |
|---|---|
| တနင်္ဂနွေ | ၈ ၁၆ ၂၄ ၃၂ ၄၀ ၄၈ ၅၆ ၆၄ ၇၂ ၈၀ ၈၈ ၉၆ ၁၀၄ |
| တနင်္လာ | ၁၅ ၂၃ ၃၁ ၃၉ ၄၇ ၅၅ ၆၃ ၇၁ ၇၉ ၈၇ ၉၅ ၁၀၃ ၁၁၁ |
| အင်္ဂါ | ၁၄ ၂၂ ၃၀ ၃၈ ၄၆ ၅၄ ၆၂ ၇၀ ၇၈ ၈၆ ၉၄ ၁၀၂ ၁၁၀ |
| ဗုဒ္ဓဟူး | ၁၃ ၂၁ ၂၉ ၃၇ ၄၅ ၅၃ ၆၁ ၆၉ ၇၇ ၈၅ ၉၃ ၁၀၁ ၁၀၉ |
| ကြာသပတေး | ၁၁ ၁၉ ၂၇ ၃၅ ၄၃ ၅၁ ၅၉ ၆၇ ၇၅ ၈၃ ၉၁ ၉၉ ၁၀၇ |
| သောကြာ | ၉ ၁၇ ၂၅ ၃၃ ၄၁ ၄၉ ၅၇ ၆၅ ၇၃ ၈၁ ၈၉ ၉၇ ၁၀၅ |
| စနေ | ၁၂ ၂၀ ၂၈ ၃၆ ၄၄ ၅၂ ၆၀ ၆၈ ၇၆ ၈၄ ၉၂ ၁၀၀ ၁၀၈ |
| ရာဟု | ၁၀ ၁၈ ၂၆ ၃၄ ၄၂ ၅၀ ၅၈ ၆၆ ၇၄ ၈၂ ၉၀ ၉၈ ၁၀၆ |

**မှတ်ချက်။** ။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းဖွားသူများကို "**ရာဟု**" ဟူ၍ ယူပါလေ။

သောကြာသက်ရောက် ကြုံသူများအနေဖြင့် အနာရောဂါကင်းစင်လျက် ကံမြင့်ကံတင့်ခြင်း၊ စီးပွား အကြံအစည်တို့ အောင်မြင်ခြင်းကို အလိုရှိကြပါမူ အောက်ပါ ယတြာကို ပြုလုပ်ဆောင်ရွက်ပါ။

**မိမိ၏ မွေးနေ့ နံနက်ပိုင်းတွင်** သံပရာသီး ခြောက်လုံးကို ရေစင်အောင် ဆေးပြီး ပန်းကန်ပြားတွင် ထည့်ကာ ရွှေဘုံသာမြတ်စွာဘုရားအား ရည်မှန်းပင့်ဆောင်၍ ဆက်ကပ်လှူဒါန်းပေးပါ။

**ညနေပိုင်းတွင်** အလင်းတိုင် ခြောက်တိုင်၊ အမွှေးတိုင် ခြောက်တိုင်တို့နှင့်တကွ သံပရာရည်(ဖျော်ရည်) ခြောက်ခွက်ကို ဆက်ကပ် လှူဒါန်းပါ။ ဤသို့ လှူဒါန်းပြီးပါက မိမိလိုရာ ဆုတောင်းပါ။



မိမိ၏ ကုသိုလ်အဖို့ဘာဂကို **သောကြာဂြိုဟ်စောင့်နတ်အား** အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်း ပြုလုပ်ပေးပါ။

**ကုသိုလ်ပြုခြင်း၊ မေတ္တာပွားများခြင်း၊ ၂၄ ပစ္စည်း ပဋ္ဌာန်းကို** ရွတ်ဆိုခြင်းတို့ကို **သောကြာနေ့တိုင်း ပြုလုပ်ပါ။**

ဤသို့ ယုံကြည်စွာ ပြုလုပ်ပါက သောကြာသက်ရောက်အတွင်း ထူးခြားစွာ ကောင်းကျိုးခံစားရပါလိမ့်မည်။

*သင်ဆရာ မြင်ဆရာအပေါင်းတို့အား ရှိခိုးဦးတင်လျက်...*

**ပြည့်စုံမင်းလွင်(ပင်လည်ဘူး)**

သူနာပြုဘုရားရှင် အလိုကျ ဆေးပဋ္ဌာန်းပွဲကြီးနှင့် ကုသိုလ်တော်များ စုဝေးရာ

# ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီး (၂)

၁၆၁၆၀၆
(မောရဝတီ)

ယခင်လမှ အဆက်

ဆံတော်ရှင်
ကျိုက်သုတ်စေတီတော်မြတ်ကြီး၏
ကျင်းပသော ကုသိုလ်တော်များ

ဖော်လမြိုင်မြို့၏ မြို့လယ်ကောင်တွင်ရှိသော သမိုင်းဝင် ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီးသည် ဩဝါဒါစရိယ ဆရာတော်ကြီးများ လမ်းညွှန် ဦးဆောင်ထားသည်။

**ဩဝါဒါစရိယ ဆရာတော်ကြီးများမှာ...**

၁။ မဟာဝဏ္ဏကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တပညာဝံသ ***[ရွှေပရိယတ္တိစာသင်တိုက်ဆရာတော်]***


၂။ ရှုဂ္ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမန ***[ပြည်ကျောင်းဆရာတော်]***

၃။ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသိရိနာဂိန္ဒာဘိဝံသ ***[မင်းကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်]***


၄။ ဘဒ္ဒန္တကောလာသဘာဘိဝံသ ***[ဝေဇယန္တာ စာသင်တိုက်ဆရာတော်]***

၅။ ဆရာတော်ဦးပုည ***[သခေါ်ကလဲပရိယတ္တိစာသင်တိုက်ဆရာတော်]***

၆။ ဝဏ္ဏကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဂိမလ ***[ရွှေတောင်ကျောင်းဆရာတော်]***



★ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး





◄ ရသေ့ညီနောင်တို့သည် မိမိတို့ထံမှ ထံဂေါက်များကို မွတ်သေလုမင်းကြီးအား ပေတီတာညှိရှိ ပေးဆက်နေပုံ

◄ မြတ်စွာဘုရားရှင်အား မူလပြောင်ကျော် အခါတနှင့် အခိုရသော ညီနောင်တို့သည် ဘုရားရှင်၏ ထံတော်မှာ တစ်ဆုံစီပေးသနားခြင်း ခံယူနေပုံ

၇။ ဆရာတော် ဦးဝိလာသ *[ကျိုက်သုတ်ဘုရားကြီးကျောင်းဆရာတော်]*

စသော ဦးဆောင်ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် (၂၁)ဦး ဖွဲ့စည်းဆောင်ရွက်နေကြောင်း ဂေါပကရုံးခန်းတွင် ရေးသားထားပါသည်။

**ဆံတော်ရှင်ကျိုက်သုတ် စေတီတော်မြတ်ကြီးတွင် ကျင်းပလေ့ရှိသော ကုသိုလ်ကောင်းမှု အစီအစဉ်များမှာ...**

၁။ ဝါခေါင်လကွယ်နေ့တွင် နှစ်စဉ်ဆေးပဒ္ဒါန်း ပူဇော်ဆက်ကပ်ပွဲကို ကျင်းပ၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ ပင့်ဖိတ်ပဒ္ဒါန်းရွတ်ဆိုပွဲ မြန်မာဆေး၊ နိုင်ငံခြားဆေးများ ဆက်ကပ်လှူဒါန်းကြသည်။ ညည့်ခံကျွေးမွေးကြသည်။

၂။ တော်သလင်းလပြည့်နေ့ အရုဏ်တက်ချိန်၌ ထောင်ပြည့် ဆွမ်းတော်ပွဲကြီး ကျင်းပပါသည်။

၃။ သီတင်းကျွတ်လပြည့်နေ့ ညနေတရားပွဲအပြီးတွင် မြတ်မုနိရုပ်ပွားတော်တစ်ဆူနှင့် နာယကဆရာတော်ကြီးများ၊ ဓမ္မကထိကများ စုစုပေါင်း(၂၁)ပါးတို့အား စေတီတော်၌ လက်ယာရစ်ပတ် ဆွမ်းခြောက် လောင်းလှူကြပါသည်။ မိမိတို့ သဒ္ဓါအလျောက် ပါဝင်လောင်းလှူနိုင်ပါသည်။

၄။ သီတင်းကျွတ်လဆန်း (၁၄)ရက်နှင့် သီတင်းကျွတ်လပြည့်နေ့ညများတွင် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီးအား ဆီမီးတစ်ထောင် ပူဇော်ကန်တော့ပွဲကြီး ကျင်းပပါသည်။

ဓမ္မဒါနပါဝင်လိုသူများ ကျိုက်သုတ် ဆံတော်ရှင်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ထံ ပါဝင်လှူဒါန်းနိုင်ကြပါသည်။

အာယုဒါနဆေးအလှူတော် ဆေးပဒ္ဒါန်းပူဇော်ပွဲကြီး

"ယော ဘိက္ခဝေ ပံ ဥပဋ္ဌဟေယျ သော ဂိလာနံ ဥပဋ္ဌဟေယျ။"

**"ချစ်သားတို့ ငါဘုရားကို လုပ်ကျွေး ပြုစုလိုသော ပုဂ္ဂိုလ်သည် နာမကျန်း ဖြစ်နေသော ရဟန်းကို ပြုစုလုပ်ကျွေး လော့"**

ဂေါတမ မြတ်စွာဘုရားရှင်သည် ဂိလာနရဟန်းကို ကိုယ်တော်တိုင် သူနာပြုစု အညစ်အကြေးသုတ်သင် ရေဖတ်တိုက်ကာ သန့်ရှင်းသော သင်္ကန်း လဲလှယ်ပေးသည်။ သနားစဖွယ် ဂိလာနရဟန်းကို စိတ်ကြည်လင်လန်းဆန်းစွာ တရားကို အာရုံပြုစေသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဂိလာနရဟန်းအား သူနာပြုစုပေးနေပုံ ပန်းချီကားချပ်ကြီးက မြင်ရသူအပေါင်း ဆေးအလှူတော် သဒ္ဒါတရား ပွားများကြရပါသည်။



F.10B. October, 2018.

ယခုနှစ်မှာ (၁၃၂)ကြိမ်မြောက် ဆေးပဌာန်း ပူဇော်ခြင်းကို သက်တမ်းရှည်စွာ ရှေးအစဉ်အလာမပျက် ကျင်းပနိုင်ခဲ့သည်။


မွန်ပြည်နယ်၊ ကရင်ပြည်နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း(၁၂၀)ကျော်တို့အား ဝါတွင်းကာလ မိဝေးဖဝေး စာသင်သားရဟန်းတော်များ ကျန်းမာရေးအတွက် အခက်အခဲ မရှိစေရန် တိုင်းရင်းဆေး၊ နိုင်ငံခြားဆေး အကောင်းစားများ လုံလောက်စွာ သုံးဆွဲကြရစေရန် ရှေးနှစ်ပေါင်း(၁၃၀) ကျော်ကတည်းက တည်ထောင်ခဲ့ကြသည်။

ဆေးပဌာန်း ပူဇော်လှူဒါန်းပွဲကြီးသည် မော်လမြိုင်တစ်မြို့တည်းသာ ထူးခြားစွာ ကျင်းပခဲ့ပါသည်။

## ရှေးရှေးတုန်းက မော်လမြိုင်မြို့

ဂေါတမမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီကပင် မြို့ပြ တည်ရှိနေကြောင်းနှင့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် မွန်ပြည်နယ်သို့ ဒေသစာရီ ကြွချီတော်မူခဲ့စဉ် ဆံတော်မြတ်၊ သွားတော်မြတ်များ ကိုးကွယ်ရန် ချီးမြှင့်ခဲ့သည့် တန်ခိုးကြီးဘုရားစေတီပုထိုးများ မျက်မြင်သက်သေ ပူဇော်လျက် ရှိနေပါသည်။

ရှေးရှေးက မင်းနေပြည်တော် ဖြစ်ခဲ့သော မော်လမြိုင်မြို့သည် မြစ်ကြီးငါးသွယ်တို့ ပေါင်းဆုံရာ မြစ်ဆုံလွင်ပြင် ဖြစ်တည်နေသော ကမ်းနဖူးကို မေးတင်ထားသော



★ သူဌေးကြီး ဦးသုတ်က ဝေဿတရည်ညီနှင့် ရဟန်းသံဃာ မင်းမိဖုရား၊
တိုင်းသူပြည်သားများသည် ကျိုက်သုတ်စေတီတော်အား
ဝမ်းသာကြည်ညိုစွာ ပူဇော်နေကြပုံ

မြို့ကြီး ဖြစ်ပါသည်။

သံလွင်မြစ်၊ ဒုံသမိမြစ်၊ အတ္တရံမြစ်၊ စန္ဒရောမြစ်၊ ဂျိုင်းမြစ်တို့ ပေါင်းဆုံ ရောသမမွှေကာ ဘယ်မြစ် ရေမှန်းမသိအောင် တစ်သွေးတစ်ရောင် တစ်သားတည်း ဖြစ်သွားလေတော့သတည်း။

ထိုမြစ်ငါးစင်း ရောသမမွှေထားသော ထူးဆန်းသည့် မြစ်ရေကို ချင်ခြင်းတပ် သောက်သုံးလိုသူ တစ်ဦး ပေါ်ပေါက်ခဲ့ဖူးပါသည်။

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ၏ချွေးမတော် မိယာနောင့် ပဋိသန္ဓေ လွယ်ထားရသောအချိန် ဒလမှ သရက်သီး၊ မုတ္တမ၏ မြေသင်းခဲ၊ မော်လမြိုင်ခေါင်းဆေးကျွန်း အနီးက မြစ်ငါးစင်းရေတို့ကို စားသုံးသောက်လိုသော ချင်ခြင်းတပ်ပြီးမှ

အင်းဝသူရဲကောင်း မင်းရဲကျော်စွာကို ဖွားမြင်ခဲ့သည်ဟု ဖတ်ထား မှတ်ထားခဲ့ရပါသည်။

ထိုအတူ မော်လမြိုင်မြို့သည် ၁၂၈၄ ခုနှစ် အင်္ဂလိပ်–မြန်မာ ပထမ စစ်ပွဲကြောင့် သူ့ကျွန်ဘဝကို ဦးစွာ ကျရောက်ခဲ့ရပါသည်။

မော်လမြိုင် မြို့ဟောင်းကြီးသည် ခေတ်အဆက်ဆက် စစ်ဘေးဒဏ် ကြောင့် နေရပ်စွန့်ခွာသွားကြရသော အခြေအနေများကြောင့် မြို့ကျောင်း ဘုရားတန်ဆောင်း အိုးအိမ်တို့ ချုံနွယ်ပိတ်ဖုံးကာ တံငါလုပ်စားကြ သော လူနည်းစုသာ နေထိုင်ကြ သော တံငါရွာလေးအဖြစ်သို့ ရောက် သွားလေတော့သတည်း။

၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄) ရက်နေ့တွင် အင်္ဂလိပ်တို့သည် မြန်မာတို့နှင့် ရန္တပို စာချုပ် ချုပ်ဆိုရာ ယင်းစာချုပ်အရ တနင်္သာရီတိုင်းကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရ လေသည်။

စစ်မက် အရေးအခင်းများကြောင့် မော်လမြိုင် ဝန်းကျင်ဒေသများနှင့် တနင်္သာရီတိုင်း တစ်တိုင်းလုံးက လူဦးရေသည် (၇၀၀၀၀)ခန့်သာ ရှိသည်ဟု မှတ်တမ်းများအရ သိမှတ်ရပါသည်။

မော်လမြိုင်မြို့သည် တံငါရွာ လေး အဆင့်သာ ရှိသဖြင့် အင်္ဂလိပ် အစိုးရသည် ကျိုက္ခမီမြို့တွင် ရုံးစိုက် ပါသည်။

၁၈၂၇ ခုနှစ်တွင် သန်လျင်၊ ရန်ကုန်၊ ဒလ၊ တွံတေး အစရှိသော မွန်တိုင်းရင်းသားတို့သည် စစ်ရေး



ကိုးနဝင်းလှပတောင်ပြည့် မျက်ရှင်မတော် ကိုးနဝင်းဘုရားတန်ဆောင်း

ကြောင့် တွံတေးမြို့ဝန် ဦးထော်လေး ၏ ဦးဆောင်မှုဖြင့် မော်လမြိုင်မြို့သို့ ရောက်လာခဲ့ကြသည်။

မွန်ပိသားစုပေါင်း သုံးသောင်း ကျော်တို့သည် မော်လမြိုင်မြို့ ဟောင်းကြီးကို ဖုံးလွှမ်းနေသော ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင် ရှင်းလင်း၍ မြို့သစ်တည် နေထိုင် ကြလေသည်။

ဘုရားစေတီ, ကျောင်း, ဇရပ် ရှိပြီး သား အဟောင်းများ ပြုပြင်တည် ဆောက်ကာ လှပသော မော်လမြိုင် မြို့ကြီး ဖြစ်ပေါ်လာခဲ့လေတော့ သည်။


ကမ်းရိုးတန်း ဆိပ်ကမ်းမြို့များကို အခြေချသော အင်္ဂလိပ်အစိုးရက မော်လမြိုင်မြို့၏ အချက်အချာကျ လှပပုံများကြောင့် ကျိုက္ခမီမြို့မှ မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ ရုံးစိုက် လေတော့သည်။

တွံတေးမြို့ဝန်ဟောင်း ဦးထော် လေးကို လစာငွေ(၁၀၀)ကျပ် ပေး၍ မော်လမြိုင်မြို့၏ စစ်ကဲရာထူးကို ခန့်ထားပေးပါသည်။

ဟံသာဝတီ၊ ပဲခူးဒေသ၊ ဇေရာဝတီ မြစ်ကျွန်းပေါ်ဒေသ၊ မုတ္တမမြောက် ဘက် စစ်တောင်း၊ တိုက်ကုလား၊ ဒုံဝန်း စသည့် အရပ်များမှ မွန်တို့ သည် မော်လမြိုင်သို့ ပြောင်းရွှေ့လာ ကြသည်။

ခေတ်အဆက်ဆက် စစ်မက်များ ကြောင့် နေရပ် စွန့်ခွာသွားကြရ သော မွန်တိုင်းရင်းသားများ၊ ယိုးဒယား(ထိုင်း)တို့ ဖမ်းဆီးခေါ် ဆောင်သွားကြသော မွန်တိုင်းရင်း သားများ မိမိတို့ နေရင်းဒေသသို့ ပြန်လည် ပြောင်းရွှေ့လာကြသည်။

ရှမ်းပြည်နယ်မှ လား,မြင်း,နွား ဝန်တင်လုပ်ငန်း ကုန်သည်များ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းအရပ် တွင် လာရောက် အခြေချ နေထိုင် ကာ တရုတ်နိုင်ငံ၊ ယိုးဒယား(ထိုင်း) နိုင်ငံ၊ ရှမ်းပြည်နယ်ဒေသများနှင့် ကုန်သွယ်မှု ကူးလူးရောင်းဝယ်



▲ မျက်ရှင်တော်ဘုရားအား အနီးကပ်မှရိုက်

ဖောက်ကားကြသည်။ ထိုစဉ်က ကားမရှိသေးပါ။

မလေးကျွန်းဆွယ်မှ မလေး (ပသျှူး)လူမျိုးတို့လည်း မော်လမြိုင်မြို့သို့ ပြောင်းရွှေ့လာကြသည်။

တရုတ်လူမျိုး များကလည်း သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများ လာရောက် လုပ်ကိုင်ကြသလို ဥယျာဉ်သစ်သီး စိုက်ပျိုးလုပ်ကိုင်ကြသည်။

အင်္ဂလိပ်အစိုးရ ရုံးစိုက်ရာ မော်လမြိုင်မြို့သို့ တပ်စခန်းချသည့် မဒရပ်တပ်သားများ လိုက်ပါလာကြသည်။ ထိုမဒရပ်တပ်သားများနှင့်အတူ အိန္ဒိယလူမျိုး ကုန်သည်များ၊ စာရေးစာချီများ၊ ဆံပင်ညှပ်သမားများ၊ အခပ်ချုပ်သမားများ၊ အလုပ်ကြမ်းသမားများ အမြောက်အမြား အပြင် ငွေတိုးချစားသော ချစ်တီးများတို့လည်း စီးပွားရေး အချက်အချာကျသော မော်လမြိုင်မြို့သို့ လာရောက်ပြောင်းရွှေ့ နေထိုင်ခဲ့ကြပါသည်။

ငွေပင်ငွေရင်းများစွာ မြှုပ်နှံရသော သင်္ဘောလုပ်ငန်း၊ ကျွန်းသစ်လုပ်ငန်း၊ ဆန်စပါး ရောင်းဝယ်ရေး လုပ်ငန်းကြီးများအား ဂျာမန်၊ အီတာလျံ၊ ဒတ်(ချ်)လူမျိုး အရင်းရှင်များက ချုပ်ကိုင်အုပ်ချုပ် လာရောက်နေထိုင်ကြသည်။

အင်္ဂလိပ်လူမျိုး အများစုနှင့်အတူ အင်္ဂလိပ်ရေဖျန်း သာသနာပြုဆရာများနှင့် နောက်လိုက်များ၊ အမေရိကန်နှစ်ခြင်းသာသနာပြု၊ ပြင်သစ်နှင့်အီတာလျံ ဗရင်ဂျီ ဘုန်းတော်ကြီးများနှင့် သီလရှင်များ ခေါ်ဆောင်လာကာ ခရစ်ယာန် သာသနာပြုလုပ်ငန်းများကို တိုးချဲ့အားပေး လုပ်ကိုင်စေပါသည်။

သင်္ဘော တည်ဆောက်ကြသော အင်္ဂလိပ်နှင့် ပေါ်တူဂီတို့သည် မြန်မာနိုင်ငံ၏ ကျွန်းသစ်များကို မျက်စိကျလာသည့် အားလျော်စွာ မော်လမြိုင်မုပ္ပန်သင်္ဘောကျင်း၊ ဘီလူးကျွန်း နတ်မော့ သင်္ဘောကျင်းများတွင် သင်္ဘောတည်ဆောက်ကြသည်။

၁၈၃၀ ပြည့်နှစ် မှ ၁၈၅၆ ခုနှစ် အထိ သင်္ဘောစင်းရေ (၁၂၃)စင်း

ရှိသည်ဟု မှတ်တမ်းများမှ မှတ်ရပါသည်။

သခေါ်ာ တည်ဆောက်သော ပညာရှင်များမှာ ဥရောပတိုက်သားများဖြစ်ပြီး လက်သမားဆရာများက တရုတ်လူမျိုးများဟု သိရပါသည်။ လူထုဦးလှ ရေးသော "**ကျွန်တော်သံလွင်ဖောင်စီး**" စာအုပ်တွင် ဖတ်မှတ်ရပါသည်။

ဤသို့ဖြင့် ကိုလိုနီခေတ် ရှေးရှေးက မော်လမြိုင်မြို့သည် လူမျိုးပေါင်းစုံတို့ ကွန်းခိုရာ ဖြစ်ပေါ်လာကာ မြစ်ငါးစင်း ရောသမမွှေထားသလို ဖြစ်တည်နေလေတော့သတည်း။

မော်လမြိုင်ဒေသရှိ ဘုရားစေတီ

သိမ်ကျောင်းနှင့်

သာသနာ ထိန်းသိမ်းကြပုံ

မော်လမြိုင်မြို့ မင်းတုန်းမင်းကြီး၏ မင်းဆရာတော်တစ်ပါးဖြစ်သော သင်္ဂဇာ ဆရာတော်ကြီးသည် အောက်ပြည် မော်လမြိုင်ဒေသ ဗုဒ္ဓသာသနာ မေးမှိန်သွားမှာ စိုးသဖြင့် မော်လမြိုင်ဒါယကာများ ပင့်လျှောက်ချက်အရ မော်လမြိုင်မြို့သို့ ကြွရောက်ကာ သက်ဆုံးတိုင် နေထိုင်၍ ဆရာတော်ကြီး၏ အရှိန်အဝါဖြင့် မော်လမြိုင်ဒေသ ဗုဒ္ဓသာသနာကို ထိုကာလမှာ မမှေးမှိန် လင်းထိန်စေခဲ့ပါသည်။

ထို့နောက် သင်္ဂဇာဆရာတော်ကြီး၏ တပည့်ရင်း **ဝဇီရာ ရာမဆရာတော်ကြီးက** သင်္ဂဇာဆရာတော်ကြီး၏ လက်ဆင့်ကမ်း သာသနာ့အမွေကို အိုမင်းမစွမ်းထိ မော်လမြိုင်ဒေသကို တာဝန်ယူ သာသနာလင်းထိန်



တောင်ဘက်မုခ် ဝတ်တန်ဆောင်မှ ဘုရားများ

စေပြီး ပုံလွှန်ခါနီးမှ စစ်ကိုင်းချောင်သို့ ပြန်ကြွ၍ ခန္ဓာဝန်ချတော်မူရာသည်ကို ကြည်ညိုစွာ သိမှတ်ခဲ့ရပါသည်။

မွန်ဆရာတော်ကြီး တစ်ပါးဖြစ်သော **ကတိုး မဟာရင်ဂိုဏ်းတည် ပထမဂိုဏ်းချုပ် ဆရာတော်ကြီး အရှင်ဗုဒ္ဓဝံသ မဟာထေရ်ကြီး**သည်လည်း ဟံသာဝတီ အဆက်အနွယ်ဖြစ်သည့် အားလျော်စွာ မော်လမြိုင်ဒေသ မွန်တိုင်းရင်းသားတို့၏ ဗုဒ္ဓသာသနာ မမှေးမှိန်စေရန် မော်လမြိုင်မြို့နှင့် (၆)မိုင်ဝေးသော ကတိုးရွာကို အခြေပြု၍ သာသနာပြုတော်မူသည်။

သင်္ဂဇာ ဆရာတော်ကြီးနှင့် တစ်ခေတ်တည်း ဖြစ်သည်။ သင်္ဂဇာဆရာတော်ကိုယ်တိုင် လေးစားချီးမွမ်းရသော **မွန်မဟာရင်ဂိုဏ်း၏ ပထမဂိုဏ်းချုပ် ဆရာတော်ကြီး** ဖြစ်ပါသည်။

မော်လမြိုင်ဒေသရှိ သစ်သူဌေးကြီးများသည် ခေတ်အခြေအနေအရ ကြွယ်ဝချမ်းသာ ရရှိလာသော ငွေကြေးများကို ပုံအော၍ ဆရာတော်ကြီးများ၏ ဦးဆောင်ညွှန်ကြားမှုကို ခံယူကာ သာသနာ မမှေးမှိန်အောင် သာသနာပြုသွားကြသည်မှာ ယနေ့ မော်လမြိုင်ဒေသတွင် တင့်တယ်စွာ ဖူးမြင်ရသော ဘုရားတန်ဆောင်း သိမ်ကျောင်းများက သက်သေပြုနေပါသည်။

**လန်ဂန်ကာတာ**၏ (Old Moul Mein) မော်လမြိုင်မြို့ဟောင်း စာအုပ်တွင် မော်လမြိုင်ဒေသ၏ ထိုစဉ်က ဘုရားစေတီ ပုထိုးကျောင်းကန်တို့၏ စာရင်းနှင့် အခြေအနေကို ရေးသားထားချက်များ၏ မှတ်တမ်းမှာ ထိုစာအုပ်၏ ရေးသားဖော်ပြထားချက်အရ...

"မော်လမြိုင်မြို့၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းဦးရေ (၂၉)ကျောင်းရှိ၍ ရဟန်းသံဃာတော်(၅၀၀)ကျော် သီတင်းသုံးနေထိုင်ကြရာ ဘုန်းတော်ကြီးကျောင်း

ပရိဂုဏ်များသည် ကျယ်ဝန်းသော အဆောက်အအုံများမှာ ခမ်းနားကြီးကျယ်စွာ ဆောက်လုပ် လှူဒါန်းထားကြပါသည်။

ထိုကျောင်းများသို့ လှူဒါန်းထားသည့် ပစ္စည်းလေးပါးတို့မှာ အလှုံပယ် ပြည့်စုံလွန်းလှပါသည်။ မော်လမြိုင်မြို့၏ စေတီပုထိုး ပေါင်း(၇၈)ဆူ တည်ရှိကြောင်း ကြည်ညိုစွာ တွေ့ရှိရပြီး ဂေါပကအဖွဲ့များ ဖွဲ့စည်းကာ ပြုပြင်မွမ်းမံ ကမှည်း ကျောက်စာ မော်ကွန်း စိုက်ထူထားပါသည်'

ဤသည်ကို ထောက်ရှု၍ ဘာသာပေါင်းစုံ သာသနာပြု အဆောက်အအုံပေါင်းများစွာ ပေါ်ထွက်လာခဲ့ပြီးနောက် မော်လမြိုင် ဒေသ မွန်-မြန်မာ ရှေးလူကြီးသူမတို့နှင့် ဆရာတော်ကြီးများ၏ အမြော်အမြင်ကြီးစွာ လမ်းညွှန် ဦးဆောင်ကာ မော်လမြိုင်ဒေသ မွန်ပြည်နယ်သူ ပြည်နယ်သားတို့၏ သာသနာပြုကြံပုံက လေးစားဂုဏ်ပြုထိုက်လှပါတော့သည်။ ထိုဘုရား စေတီတို့တွင် ကျိုက်သုတ် ဆံတော်ရှင်စေတီ ပါဝင်ပါသည်။

## ကျိုက်သုတ် ဆံတော်ရှင်စေတီတော်၏ (၁၃၂)ကြိမ်မြောက် ဆေးပဋ္ဌာန်း ပူဇော်ပွဲ

သာသနပြု ရှေးမွန်-မြန်မာ တိုင်းရင်းသား လူကြီးသူမများက ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ သားစဉ်မြေးဆက် အစဉ်အလာ ဖြစ်တည်လာခဲ့သော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဆေးပဋ္ဌာန်း ပူဇော်ပွဲသည် ယခုနှစ်တွင် (၁၃၂)ကြိမ်မြောက် ဖြစ်တည်ခဲ့လေပြီ။



● အနောက်ဘက်မုခ်မှ ကျောင်းတော်ဘုရားစေတီကြီး အနီးကပ်မှမြင်ရပုံ

**ဆေးပဋ္ဌာန်းဟု ခေါ်ဆိုရခြင်းမှာ ရှေးရှေးတုန်းက အိုးများတွင် ဆေးများကိုထည့်၍ သပြေပန်း၊ အုန်းလက်၊ ဖက်ခွန်များ၊ လှပစွာ စိုက်ထိုးပြုပြင်ကာ သံဃာတော်များရှေ့တွင် ထိုဆေးအိုးများ စီရင်ခင်းကျင်း၍ သံဃာတော်များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖွားကြသည်။ ပရိသတ်များက နာကြားကြသည်။**

ဤသို့ ဆေးအိုးများကို ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖွားသဖြင့် ဆေး၏ အာနိသင်များ ပိုမိုအစွမ်းထက် ထက်မြက်စေသည်ဟု ရှေးလူကြီးသူမများ ယုံကြည်သော ဓလေ့ကို ယနေ့ထိ လိုက်နာကျင့်သုံးခဲ့ကြသော မြတ်စွာဘုရား၏ ပဋ္ဌာန်းဒေသနာတော်ကြီး ဖြစ်ပါသည်။ ယနေ့ထိ ဆေးတစ်အိုး(၅၀၀)ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြပါသည်။

ယခုအခါ ဒေါက်တာသိန်းဟန်ဦး (ဒုတိယညွှန်ကြားရေးမှူး - ဆေးဝါးစက်ရုံ၊ ရန်ကုန်) ဦးဆောင်၍ ဆေးဝါးနှင့် အလှူငွေများ အင်တိုက်အားတိုက် ထည့်ဝင်လှူဒါန်းကြသော တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်ကြီးများနှင့် နိုင်ငံခြားဆေးဝါး လုပ်ငန်းရှင်ကြီးများက နှစ်စဉ် အစဉ်အလာမပျက် ပါဝင်ကြသည်။

မော်လမြိုင်အသင်း (ရန်ကုန်-ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်း အောက်ပစ္စယံ)၊

ဦးစိုးဝင်း(ကျောက်မြောင်း–တာမွေ)၊ ရောဝတီဘဏ်လီမီတက်၊ ဦးလှသန်း(ပြည်မြို့)၊ ဦးချစ်ငွေ(ဘီလူးကျွန်း)၊ ဦးကျော်သူ+ဒေါ်လဲ့လဲ့(သူနာပြုဆရာမကြီး–ရန်ကုန်)၊ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)မိသားစု၊ သိန်းသန်းထွန်းကျော်(ကုန်စည်ပို့ဆောင်ရေး)၊ ရွှေကချင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ကချင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု၊

ထွန်းရွှေဝါ တိုင်းရင်းဆေး ထုတ်လုပ်ရေး(ရန်ကုန်)၊ ဆင်ခြောက်ကောင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ ဓာတီဝက် အစာဖျက်မဟာဖြေဆေး၊

စိန်ဘယက် ဆေးဝါးထုတ်လုပ်ရေးဖွဲ့ရတနာတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ ဦးအောင်မြင့်+ဒေါ်ဖြူသီ(လှူပျံတော်ပတ္တမြားဆေး)၊

ဒေဝယက္ခဆေးများ (ပဲခူးမြို့)၊ ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆေးများ၊ ကမ္ဘာ့အေးဆေးတိုက်(ရန်ကုန်)၏ စဟုမရှုနှင့်ဆေးဝါးများ၊ ရွှေမန်းတောင် ဒဏ်ကြေလိမ်းဆေးများ၊

အနောက်ရွှေဂုံတိုင် ဒေါ်လွှန်းမေ ရင်ကျပ်ရောဂါ သောက်ဆေးများ (ရန်ကုန်)၊ မုံရွာဆရာမိုးဆေးများ (မေဓာဝီလမ်း – မြောက်ဥက္ကလာပ)၊ ဒေါက်တာစန်းလွင် နိုင်ငံခြားဆေးမျိုးစုံ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမော်နှင့် အ.ထ.က(၉) မိသားစု(မော်လမြိုင်)၊ မုဒုံ အ.ထ.က အ.လ.က မူလတန်းကျောင်းများ၊

ဒေါက်တာမျိုးသန့် + ဒေါ်ယုဇော် မိသားစု နိုင်ငံခြားဆေးများ စသည်ဖြင့် များလှစွာသော တိုင်းရင်းဆေး နိုင်ငံခြားဆေး လုပ်ငန်းရှင်ကြီးများ၊ ငွေသားအလှူရှင်ကြီးများ၏ စာရင်း မှတ်တမ်းတင်စာအုပ်ကြီးမှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်ကြီး တစ်အုပ်ခန့် နှစ်စဉ် ထုတ်ဝေပါသည်။

ဤမျှ သဒ္ဓါတရားများစွာဖြင့် ပါဝင်လှူဒါန်းကြသော အလှူရှင်များ၏ ယခုနှစ် (၁၃၂)ကြိမ်မြောက်အတွက် အလှူငွေ စုစုပေါင်းမှာ...

**ငွေသား** – ၄၄၇ သိန်း

**ဆေးဝါးတန်ဖိုး** – ၃၀၀ သိန်း

**စုစုပေါင်း** – ၇၄၁ သိန်း

(၂၀-၈-၂၀၁၇)ထိစာရင်း ဖြစ်ပါသည်။

ခမ်းနားကြီးကျယ် စည်ကားလှသော ထိုဆေးပဋ္ဌာန်း ပူဇော်ဆက်ကပ်ပွဲကြီးအတွက် အစဉ်အလာမပျက် ကိုယ်စီတာဝန် ယူ၍ ဆောင်ရွက်ကြရပါသည်။

သက်ရှည်ကျန်းမာ၊ ဆေးရန်ကွာ၍
ချမ်းသာဆင်းလှ၊ မြဲရုံရလျက်
ဗလအားသည်၊ ပညာကြီး၍
ပစ္စည်းနိုင်မြဲ၊ မကွဲချစ်သူ
ကျိုးဆက်ဆူမှာ၊ ဆေးလှူသူတို့ ရဖို့တည်း။

ဟူသော ဆေးလှူသူတို့ ရရှိအပ်သော အကျိုးကို ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့၏ လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။ ဆေးလှူသူများ၊ ငွေလှူသူများ၊ ရပ်ဝေးရပ်နီး တာဝန်ယူ ကောက်ခံကုသိုလ်ယူသူများကလည်း အချိန်မီ ပို့ပေးကြပါသည်။

မော်လမြိုင်အသင်း (ရန်ကုန်)က ကောက်ခံရရှိသော ဆေးအလှူပစ္စည်းများ၊ ဒေါက်တာ သိန်းဟန်ဦး ကောက်ခံရရှိသော ဆေးများအား အချိန်မီ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ စေတနာဖြင့် အခမဲ့ ပို့ဆောင်ပေးသော...

"သိန်းထွန်းကျော်" ကုန်စည်ပို့ဆောင်ရေးနှင့် "ကချင်မြေ" တိုင်းရင်းဆေး ထုတ်လုပ်ရေးနှင့် ကချင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု(ရန်ကုန်)တို့အား ကျိုက်သုတ်စေတီ ဂေါပကအဖွဲ့က ကျေးဇူး အထူးတင်ကြောင်း မှတ်တမ်းစာဖြင့် ဂုဏ်ပြုဖော်ပြထားပါသည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲကို ပါဝင်လုပ်အားပေးကြသော ပန်းဘဲတန်းအုန်းတောရပ်မှ "**နှလုံးလှ**" လူငယ်များ၊

ကျိုက်သုတ်စေတီ မွေစကြာဝတ်ရွတ်အမျိုးသမီးအဖွဲ့၊ ကန်တော့ဗန်း အလှဆင်ပေးကြသော (MoB) ဘဏ်မှ ဝန်ထမ်းများ၊ ရောဝတီဘဏ်မှ ဝန်ထမ်းများ၊

ဆေးများ ခွဲဝေစုပုံ လုပ်အားပေးကာလနှင့် ဆေးပဋ္ဌာန်း ပူဇော်ပွဲနေ့များ ဧည့်ခံကျွေးမွေး ချက်ပြုတ်ရေး တာဝန်ခံ ဦးဝင်းနိုင်+ဒေါ်စန်းစန်းဝင်း တို့နှင့် လုပ်အားပေးအဖွဲ့ဝင်များ၊ အားလုံးတို့ ကုသိုလ်ယူ ဆောင်ရွက်ကြရသည်များကိုလည်း ကျေးဇူးတင်ကြောင်း အထူးမှတ်တမ်းပြုရေးသားထားပါသည်။

---

*ရှေ့လ ဆက်ဖတ်ပါရန်*

---

ခင်ခင်ဝင်း(*မောရဝတီ*)

ထူးထွေဆန်းပြား ဒီပဲယင်းမြို့နယ်က

# ဆင်နှာမောင်းစေတီတော်နှင့် ဂူတော်ကြီးဘုရား


ရဲဇော်ဝင်း (ဒီပဲယင်း)

ဒီပဲယင်း (ထိပ်ပေ့အိမ်သျှင်) မြို့သည် **"ဒီပဲယင်းတည်စ ဘုံဘေးမ"** ဆိုသည့်စကားအတိုင်း မြန်မာသက္ကရာဇ် ၅၅၅ ခုနှစ်က နရပတိစည်သူမင်းကြီး တည်ထားခဲ့ကြောင်း အသိများကြပါသည်။

သို့သော် ရှေးက ထင်ပေါ်ကျော်ကြားခဲ့သည့် ရဟန်းပညာရှိ၊ လူပညာရှိအချို့တို့ ရေးသားစီရင်ခဲ့သည့် ပေစာကျမ်းစာအချို့တွင် ဒီပဲယင်းမြို့ကို မြန်မာသက္ကရာဇ် ၅၅၅ ခုနှစ်ထက်စော၍ တည်ထားခဲ့ကြောင်းကိုလည်း တွေ့မြင်ဖတ်ရှုရသဖြင့် သိခွင့်ရခဲ့ရပြန်ပါသည်။

## ဆင်နှာမောင်းဘုရား

ဒီပဲယင်းမြို့နှင့် မြို့နယ်အတွင်းတွင် နရပတိစည်သူမင်းကြီးနှင့် သားတော် အိမ်ရှေ့ဥပရာဇာမင်းသား တည်ထားခဲ့သော စေတီပုထိုးများ ရှိသကဲ့သို့ နရပတိစည်သူမင်းကြီးထက်စော၍ နန်းတက်ခဲ့ကြသော ဘိုးဖေလာင်းတော် ဘေးလောင်းတော်များ ဖြစ်ကြသည့် အနော်ရထာမင်းနှင့် အလောင်းစည်သူမင်းတို့ တည်ထားခဲ့ကြ



ဒီပဲယင်းမြို့နယ် ပုံး လက်တီး ယင်းတော မုံကျူကြည်(အရှေ့ဘက်)
ကျေးရွာအုပ်စု(၅)ရွာ၏ ဘိုင်လယ်ရှိ အလောင်းစည်သူမင်း
တည်ထားခဲ့ သည့် ဆင်နှာမောင်းစေတီတော်နှင့် ဂူတော်ကြီးဘုရား

**သည့်** စေတီပုထိုးများက သက်သေခံလျက် အခိုင်အမာ ရှိနေကြပါ၏။

ထိုအထဲတွင် အင်္ဂလိပ်အစိုးရ မြန်မာနိုင်ငံကို အုပ်ချုပ်သည့်ကာလအတွင်း မှုန်ပျပျဖြင့် တောကြီးမျက်မည်းထဲတွင် ချုံနွယ်ပိတ်ပေါင်းများ အုပ်ဆိုင်းလျက် လူသူမရောက်ဘဲ လူဆိုးသူခိုးများသာ ရံဖန်ရံခါ ရောက်ရှိတတ်သော နေရာတွင် **အခြားစေတီများနှင့် အသွင်ခြားနားကာ ပုံစံထူးခြားသည့် စေတီပျက်တစ်ဆူ တွေ့ရှိကြရသည်။**

ယင်းဘုရား၏ ဘွဲ့အမည်တော်ကိုကား **ဆင်နှာမောင်း (ဂူတော်ကြီး)ဘုရား**ဟု ခေါ်ဆိုကြပေသည်။

ဆင်နှာမောင်းစေတီ စတင်တည်ခဲ့ခြင်းမှာ မြန်မာကောဇာနှစ် ၅၂၀ ပြည့်နှစ်ကျော်ကျော်ခန့်က **ပုဂံခေတ် အလောင်းစည်သူ မင်းကြီးသည် မင်္ဂလာဆင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာ** ယခုစေတီတည်ထားရမည့် နေရာအရောက်တွင် မင်္ဂလာဆင်တော်သည် အသွင်တမူ ထူးခြားကာ စွယ်တော်ကို ထောက်ကာ ခေတ္တမျှ ရပ်တန့်သောကြောင့် ဤနေရာသည် တစ်ချိန်သောကာလတွင် သာသနာထွန်းကားမည့်နေရာ အရပ်ဖြစ်ပေလိမ့်မည်ဟု အမတ်ပညာရှိများ၏ လျှောက်တင်ချက်အရ စေတီတစ်ဆူတည်ခဲ့ကြောင်း သက်ကြီးစကား သက်ငယ်ကြားဖြင့် သိရခြင်း ဖြစ်ပါသည်။

စေတီပုံတော်ကိုလည်း လေ့လာကြည့်ရှုရာ **ဆင်စွယ်ပုံ၊ ဆင်နှာမောင်းပုံ သဏ္ဌာန်ဖြင့် တူလှ**



▲ ဒီးဘဲယင်းမြို့နယ် ဘုရားမြောက်ရွာအနီးရှိ ဆင်နှာမောင်းစေတီကို အရှေ့ဖက် အဝင်မှ ရှုမြင်ရပုံ

**သဖြင့်** သဘာဝယုတ္တိဖြင့် ညီညွတ်မှုရှိကြောင်း တွေ့ရပါသည်။

စေတီတော်၏ ပုံသဏ္ဌာန်မှာ အရင်းကား၍ အထက်သို့ တဖြည်းဖြည်း သေးသွယ်သွား၏။ ဉာဏ်တော်အမြင့်မှာ ပထမပစ္စယံအောက်ခြေမှ ထီးတော်ခြေရင်းထိ (၇၇) တောင်ရှိ၏။

ထီးတော်အရပ်မှာ (၁၅)တောင်ရှိသဖြင့် ပေါင်း(၉၂)တောင် မြင့်မေသည်။ သို့ဖြစ်၍ တစ်မိုင်ခန့် ကွာဝေးသော ကားလမ်းမပေါ်ကပင် ဖူးမြော်ကြည်ညိုနိုင်ပေသည်။

ယင်းစေတီ၏ အနောက်တောင်ဘက် တစ်ခေါ်သာသာခန့်အကွာတွင် **ရွာပျက်ကုန်း**ရှိ၏။ ယင်းကုန်းထဲမှ မြေဆေးတံအိုးများ၊ မြေအိုးမြေခွက်များ ပယင်းလက်ကောက်နှင့်

ပယင်းပုတီးများ မိုးရွာသည့် အခါ များ၌ ယခုအချိန်ထိ ရတတ်ကြောင်းကိုလည်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းက ပြောပြ၏။

ထိုရွာ၏အမည်မှာ ဆင်နှာမောင်းရွာဟု သိရသည်။ ထိုရွာ၏ အမည်မှာ ဆင်နှာမောင်းစေတီကို အမှီပြု၍ ခေါ်ဆိုခဲ့ခြင်း သို့မဟုတ် အလောင်းစည်သူမင်းသည် စေတီတည်ထားပြီးနောက် ယင်းစေတီကို စောင့်ရှောက်ရန် ရွာတစ်ရွာ တည်ထားပေးခဲ့ပြီး ဆင်နှာမောင်းရွာဟု အမည်ပေးခဲ့သည်လား ဆိုသည်ကိုတော့ ပြောပြနိုင်သူများ မတွေ့ရတော့ပါ။

ထိုရွာမှ လူများမှာ အနောက်မြောက်ထောင့်အရပ်ရှိ ဆင်နှာမှောင်းရွာဘက်သို့ ရှေးအခါကပင် ပြောင်းရွှေ့သွားကြသည်ဟုသာ တစ်ဆင့်စကားဖြင့် သိရပါသည်။



ဆင်နှာမောင်းစေတီတော်တွင်ရှိ
ဂူတော်ကြီးမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်

## ဂူတော်ကြီးဘုရား ရုပ်ပွားတော်မြတ်

ဆင်နှာမောင်းစေတီလုံး၏ အရှေ့ဘက် ပထမပစ္စယံအတွင်းဘက်တွင် ဂူသဏ္ဍာန်ဖြင့် လိုဏ်ကြီးရှိ၏။ ဂူပေါက်ဝထိပ်မှ အတွင်းထိ အရှည် (၁၀)တောင်ကျော်၊ အမြင့်(၄)တောင်၊ အကျယ်(၅)တောင်ခန့် ရှိသည်။

နေ့အချိန်တွင်ပင် အလင်းရောင်မရသဖြင့် မီးထွန်းဝင်ရ၏။ ယင်းဂူကြီးထဲတွင် အရှေ့အရပ်သို့ မျက်နှာမူလျက် ဉာဏ်တော်(၅)ပေခန့်ရှိ တင်ပျဉ်ခွေကိုယ်တော် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူနေပေရာ ဖူးမြင်ရသည့်အခိုက်တွင်ပင် စိတ်ဝမ်းနှလုံး အေးချမ်းမှုကို ခံစားရသဖြင့် ထူးခြားလှပေသည်။

## အရံစေတီတော်များ

ဆင်နှာမောင်း စေတီတော်၏ ပထမပစ္စယံနှင့်ကပ်လျက် စေတီ၏ ပတ်လည်တွင် ဉာဏ်တော်အမြင့် အတောင်(၂၀)စီရှိ စေတီငယ်(၇)ဆူဖြင့် ဝန်းရံထားရာ စေတီကြီး၏ တင့်တယ်သပ္ပါယ်မှုမှာ ပိုမိုပေါ်လွင်ထင်ရှားသည်ဟု ဆိုရပါမည်။

အရံစေတီတော်များကို ကျောက်ထီးများဖြင့် တင်ထားသည်။ ထိုစေတီအားလုံးမှာ ပြန်လည်ပြုပြင်စဉ်က မူလပုံစံအတိုင်း အတတ်နိုင်

ဆုံး တူညီအောင် ဆောင်ရွက်ခဲ့ကြသည်ဟုလည်း သိရ၍ သာမုခေါ် ရပါသည်။

## အစောင့်အရှောက်များရှိသော လေးထောင့်အုတ်ရေကန်

ဆင်နှာမောင်း စေတီတော်၏ ပရိဝုဏ်ကား ကျယ်ပြောလှသည်။ တရုတ်စံကားပင်များ ပေါက်ရောက်နေသဖြင့် တရုတ်စံကားပွင့်များ၏ အလှအပနှင့် မွှေးရနံ့များက သင်းထုံပျံ့နေသည်။

ပရိဝုဏ်၏ အရှေ့ဘက်တွင် အနားတစ်ဖက်လျှင် အတောင်(၅၀) ခန့်စီရှိ အုတ်ရိုးများ စီထားသည့် လေးထောင့်ပုံ ရေကန်ရှိသည်။

အုတ်တစ်ချပ်၏ အတိုင်းအတာမှာ **၁၆ × ၈ × ၂ လက်မ**ရှိ၏။ ရေအနက်မှာ မိုးအခါတွင် (၈)ပေထိရှိ၍ ရေမှာ နောက်ကျိနေသဖြင့် သောက်သုံးရေအဖြစ် သုံးစွဲခြင်း မပြုကြ။

ရေကန်အတွင်းတွင် ကျွဲခေါင်းသီးပင်များ ပေါက်ရောက်ကာ ငါးနှင့် မြွေသတ္တဝါများ ကျက်စားနေကြကြောင်း သိရပါသည်။

## အုတ်ရေကန်မှ ထူးခြားဖြစ်စဉ် ဖြစ်ရပ်များ

မြန်မာနှစ် ၁၃၄၅ ခုနှစ်တွင် ဆည်မြောင်းဌာနမှ အလုပ်သမား(၄၀) ကျော်ခန့် ငှားရမ်းပြီး ဂူတော်ကြီး တောရကျောင်းအနီးတွင် တဲများထိုးကာ ရေဆိုးမြောင်းကြီး တစ်မြောင်း တူးဖော်ခဲ့ကြသည်။

တစ်ညသ၌ အလုပ်သမားတဲမှ ဆင်နားမွှေ့ရွာသားတစ်ဦးသည်



▲ ဆင်နှာမောင်းစေတီပရိဝုဏ်၏ အရှေ့ဘက်ရှိ အုတ်ရေကန်

ဘုရားရေကန်သို့ တိတ်တဆိတ် လာရောက်ကာ ငါးဖမ်း၍ ချက်ပြုတ်စားသောက်ခဲ့သည်။ ထိုအလုပ်သမားမှာ ယင်းညတွင်ပင် မူးဝေလူးလိမ့် အော့အန်ကာ သေဆုံးခဲ့သည်။

မြန်မာနှစ် ၁၃၅၉ ခုနှစ်က ဂူတော်ကြီး တောရကျောင်းတွင် သီတင်းသုံးနေထိုင်သော ဆရာတော်များ ခေတ္တပြန်လပ်နေခိုက် အနီးအနားရှိ ရွာတစ်ရွာမှ **(ရွာအမည်နှင့် လူအမည်အား သိက္ခာကို ငဲ့၍ တိတိကျက ဖော်ပြခြင်း မပြုတော့ပါ)** ကိုတင် သည် ဘုရားကန်သို့ ဆင်းကာ ပိုက်တန်းဖြင့် ငါးဖမ်းခဲ့ပါသည်။

ပိုက်တန်းတွင် မြွေပွေးများ မိနေ သဖြင့် သတ်ဖြတ်ပြီး ရွာသို့ ပြန်ကာ ချက်ပြုတ် စားသောက်ခဲ့သည် ကိုတင်သည် ထိုနေ့တွင်ပင် စိတ် ဖောက်ပြန်ကာ သူ၏ ဇနီးနှ ကိုယ်ဝန်သည် မရီးကို သတ်ဖြ သောကြောင့် လူသတ်မှုနှင့် ထောင်က

ခဲ့ရသည်။

ကိုတင်ထောင်မှ လွတ်သည့်အခါ သတိတရားရ၍ ဂူတော်ကြီးတောရ ကျောင်းသို့ လာရောက်ပြီး ကျောင်းထိုင် ဆရာတော်ဦးသောမအား ဝတ်ဖြည့်ကာ ကျောင်းကန်သို့ သွားရောက်၍ အစောင့်အရှောက်များအား တောင်းပန်ခဲ့သည်ဟု သိရပါသည်။

ဤသို့ဖြစ်ရပ်များ ရှိခဲ့ခြင်းကြောင့် ကြောက်ရွံ့ကြကာ နောက်ပိုင်းတွင် ယင်းကန်သို့ ငါးဖမ်းယူသူများ မတွေ့ရတော့ကြောင်း ဆရာတော်ဦးဝိရိယက မိန့်ဆိုခဲ့ပါသည်။

## ဆင်နှာမောင်းစေတီတော်နှင့် ဂူတော်ကြီးဘုရားသမိုင်းကြောင်း

ဆရာတော်ဦးဥတ္တမနှင့် ဆရာတော်ဦးမေဓာ

ဆင်နှာမောင်း စေတီတော်သည် ဒီပဲယင်းမြို့နယ် ကြည်(ဘုရားထွက်)၊ ပုံကျ၊ ပုဂံ၊ လက်တီးနှင့် ယင်းတွေ ကျေးရွာအုပ်စုများ ခြံရံလျက် ယင်းအုပ်စုတို့၏ ဘိုင်လယ်တွင် တည်ရှိ၏။

အနီးဆုံးရွာသည်ပင်လျှင် တစ်မိုင်ခန့် အလှမ်းကွာ၏။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်အစိုးရလက်ထက်တွင် တောကြီးမျက်မည်းအတွင်းစေတီမှာ ပျက်စီးယိုယွင်းကာ ချုံနွယ်ပိတ်ပေါင်း အထပ်ထပ်ဖြင့် ရစ်ပတ် ဖုံးအုပ်လျက်ရှိ၏။

မြန်မာနှစ် ၁၃၀၄ ခုနှစ်၊ ခရစ်နှစ် ၁၉၄၂ ခုနှစ်ခန့်တွင် ကြည်ရွာဇာတိ




ဆင်နှာမောင်းစေတီ၏ အရှေ့ဘက်တွင် အထောင်အရှောက်များရှိသော အုတ်ကန်

ဦးဥတ္တမသည် ယင်းစေတီတော် အပျက်အစီး သွားရောက်ကာ ထန်းရွက်မိုး ထန်းရွက်ကာဖြင့် ယာယီတဲကျောင်းလေးထိုး၍ တစ်ပါးတည်း ကောစာရီကျင့်သုံးကာ တရားထိုင်တော်မူပေသည်။

ထိုသတင်းကို အနီးဝန်းကျင်ရှိ ရွာသူရွာသားများ တစ်ဆင့်စကား တစ်ဆင့် ကြားသိကြ၍ သွားရောက်ကြည့်ရှုကြရာမှ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသော ဆင်နှာမောင်းစေတီပျက်ကို ဖူးမြင်ကြရသည်။

ထိုကာလက ကြည်ရွာကျောင်းသစ်ဆရာတော်မှာ ဦးမေဓာဖြစ်သည်။ ဦးမေဓာမှာ ဘာသာသာသနာအကျိုးကို အထောက်အပံ့ ဖြစ်စေခြင်း အလို့ငှာ ကြည်(ဘုရားထွက်)၊ ပုဂံ၊ ပုံကျ၊ လက်တီးနှင့် ယင်းတွေ ရွာများမှ ရွာသူရွာသားများကို ခေါ်ယူပြီး စေတီတော်ကို



▲ ထင်ရှားကျော်ကြားသောဂူတော်ကြီးဘုရားသို့ ရောက်ရှိ ဖူးမြော်ခဲ့ကြစဉ်က မလှဉ်(ဒီပဲယင်းမြို့)၊ ရှင်စောင်း(ဆရာမ)၊ ကိုချွေးလေး(ဒီပဲယင်းမြို့) ဥတ္တိုသို့(ဒီပဲယင်း)၊ ထော်ဝင်း(ဒီပဲယင်း)၊ ဝင်ငွန့် (လယ်တော)၊ ဦးကံဝင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌဘုရားတွက်ရွာ၊ ဒီပဲယင်းမြို့နယ်

ဖုံးအုပ်နေသော ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းအမှုကို စတင်ပြုခဲ့သည်။

ထို့နောက် ယင်းရွာသားများ၏ ငွေအား၊ ပစ္စည်းအား၊ လူအားတို့ကို အလှူခံပြီး ပျက်စီးယိုယွင်းနေသော စေတီကို မူလပုံစံအတိုင်း လက်ရာမပျက် ပြန်လည် ပြုပြင်တော်မူခဲ့ပေသည်။ ဘုရားစေတီ ပြုပြင်ပြီးစီးသည့်အခါ...

'သင်နှာယောင်းဘုရား အောက်ခြေကားနှင့် လူထုကိုသာ အပူရှာ မထားပြင်သည်ဖြစ်လတ္တံ့'

ဟု အမှတ်တရအဖြစ် စာချိုး တစ်ပုဒ် ပေါ်ခဲ့ကြောင်း သိရပါသည်။

**ဆရာတော်ဦးပန္နင်း**

မြန်မာနှစ် ၁၃၁၅ ခုနှစ်တွင် ဂူတော်ကြီးတိကျောင်းတွင် သီတင်းသုံးနေတော်မူသော ဆရာတော် ဦးဥတ္တမအား ကြည်ရွာမှ ဒကာ၊ ဒကာမများက ကြည်ရွာရှိ ပွင့်ကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးပေးရန် လျှောက်ထားတောင်းပန်ချက်အရ ဦးဥတ္တမသည် ပွင့်ကျောင်းသို့ ပြောင်းရွှေ့ကာ သီတင်းသုံးခဲ့သည်။

ထို့အတူ ဒီပဲယင်းနှင့် မစိုးရိမ်အဆက်အနွယ်ဖြစ်သည့် ဦးပန္နင်းက ဂူတော်ကြီး တောရကျောင်းသို့ ရောက်ရှိ သီတင်းသုံးသည်။ ထိုဆရာတော်သည် ဘုရားကြီးကို အလွန်ကြည်ညိုလှ၍ ဘုရားကြီး အနီးတွင်ပင် နိစ္စဓူဝနေထိုင်ကာ ကြည်ညိုသဖြင့် မွှားများနေလေ့ရှိ၏။

တစ်ခါသော် ညဉ့်အချိန်၌ ဘုရားကြီးမှ ရွှေများ ပွတ်ယူအခိုးခံရသဖြင့် ဦးပန္နင်းမှာ ခုနစ်ရက်ခန့် ဆွမ်းဘုဉ်းမပေးနိုင်ဘဲ မျက်ရည်နှင့် မျက်ခွက်ဖြစ်နေသည်ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းက ဆိုပါသည်။

**ဆရာတော်ဦးသောဘ**

မြန်မာနှစ် ၁၃၂၆ ခုနှစ်တွင် ကျောင်းထိုင်ဆရာတော်မှာ ဦးသောဘ ဖြစ်ပါသည်။ ဇာတိမှာ ဘုတလင်မြို့နယ်၊ နောင်ပင်ကြီးကျေးရွာအုပ်စု ဖြစ်သည်။

ဦးသောဘမှာ တောထွက် ကိုယ်တော်တစ်ပါး ဖြစ်သည်။ လူဝတ်ကြောင်ဘဝက သားဖြစ်သူမှာ လူသတ်ခံရပြီး ပစ္စည်းများပါ လုယက်ခြင်းခံရသဖြင့် စိတ်အလွန်အမင်း ထိခိုက်ကာ ဝတ်ကြောင်ကို စွန့်ခွာ၍ သင်္ကန်းဆီးကာ တရားကျင့်ကြံရန် လာရောက်ခြင်းဖြစ်သည်ဟု သိရ

သည်။

ပန်းရန်ပညာလည်း အနည်းငယ် တတ်မြောက်၍ ကျောင်းတံတိုင်းနှင့် မုခ်ဦးကိုလည်းကောင်း၊ ၁၃၅၈ ခုနှစ်တွင် စေတီတော်ကို ပလာစတာအချောကိုင်ခြင်းကို လည်းကောင်း၊ ယင်းကိုယ်တိုင်ဦးစီးပြီး လုပ်ကိုင်ခဲ့သဖြင့် တောကျောင်းတောဘုရားစေတီအသွင်မှ မြို့ပြဆန်သော သာသနိက အဆောက်အအုံများအဖြစ် ဥူးသောမ လက်ထက်မှ စတင်ကာ ပိုမိုကြည်ညိုဖွယ်ရာ တွေ့မြင်ကြရတော့သည်ဟု ဆိုကြပါသည်။

**ဆရာတော်ဦးဝိရိယ**

ဆရာတော်ဦးသောမ၏ နောက်ကျောင်းထိုင်ဆရာတော် တစ်နှစ်ကျော်မျှ ပြတ်လပ်နေခဲ့ပြီး မြန်မာနှစ် ၁၃၅၉ ခုနှစ်တွင် **ဆရာတော်ဦးဝိရိယ(ဝမ္ဗာစရိယ)** ကျောင်းထိုင်တော်မူပါသည်။

ဆရာတော်၏ ဖခမည်းတော်နှင့် မယ်တော်တို့မှာ ဦးအောင်သိန်း၊ ဒေါ်တင်မေ ပုဂံရွာ၊ ဒီပဲယင်းမြို့နယ်ဖြစ်သည်။ ဦးသောမ ပျံလွန်တော်မူပြီးနောက် ကျေးရွာ(၅)အုပ်စု ပါဝင်သော ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်း (အငြိမ်းစားကျောင်းဆရာ) ဦးဆောင်၍ ဆရာတော်အား ကျောင်းထိုင်အဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်ဟု သိရပါသည်။

ဆရာတော်မှာ သာသနာ့ဝန်ကို တက်ကြွစွာ ဆောက်ရွက်သည် မြန်မာနှစ် ၁၃၆၂ ခုနှစ်တွင် မြေလျှောင်ဒဏ်ကြောင့် စေတီတော်၏ ကြာမှောက်ကြာလန်မှ ငှက်ပျောဖူးထိ အက်ကွဲသွားခဲ့သဖြင့် ဆရာတော်က ပြန်လည်ပြုပြင်ခဲ့သည်။

ဂူတော်ကြီး တောရကျောင်းမှာ ပိုမိုစည်ကားလာပြီး စေတနာရှင် လယ်သမား(၆)ဦးက ယင်းတို့ ပိုင်လယ်မြေများကို ဆရာတော်အား လှူဒါန်း၍ ရေဦး မုံရွာကားလမ်းမှ မူးလက်တန်၊ (မူးလက်တန်မှ ဘုရားပရိဝုဏ်)အထိ ကားအဝင်အထွက် သွားလာနိုင်ရန် အကျယ်(၉)ပေ၊ အရှည်ကိုက်(၃၀၀)ခန့်ရှိ လမ်းဖောက်ကာ ဂျင်းကျောက်များ ခင်းကျင်းပေးခဲ့ကြသည်။

**ဗုဒ္ဓပူဇနိယပွဲ**

ဂူတော်ကြီးဘုရားပွဲကို နှစ်စဉ် ပြာသိုလပြည့်ကျော်(၈)ရက်နေ့တွင် ဗုဒ္ဓပူဇနိယပွဲအဖြစ် ကျင်းပပြုလုပ်သည်။ သံဃာအပါး(၁၀၀)ကျော်ကို ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းနှင့် ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုကို လောင်းလှူကြသည်။

ယင်းဗုဒ္ဓပူဇနိယပွဲသို့ ဒေသခံ ပုဂံ၊ လက်တီး၊ ယင်းတော၊ မျုံကျ၊ ကြည် (ဘုရားထွက်)အုပ်စုမှ ရွာများသာမကဘဲ ဒီပဲယင်း၊ မုံရွာနှင့် ရန်ကုန်မြို့မှ အလှူရှင် သဒ္ဒါရှင် ပါရမီရှင်များပါ လာရောက် ပါဝင်လှူဒါန်းကြသည်ကို သိရ၍ ကြည်နူးဝမ်းမြောက် ဖြစ်မိပါသည်။

**ဆင်နှာမောင်းစေတီ၊ ဂူတော်ကြီးဘုရားနှင့် ဂူတော်ကြီးတောရကျောင်း**

ဆင်နှာမောင်းစေတီကို ဆင်နှာမောင်းအသွင်သဏ္ဌာန်အရ ဘွဲ့အမည် ခေါ်ဆိုခဲ့ဟန်ကို အထက်က တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဂူတော်ကြီးဘုရားကိုလည်း ကြီးမားလှသည့် ဂူကြီးအတွင်း စံပယ်နေသဖြင့် ဂူတော်ကြီးဘုရားဟု ဘွဲ့အမည်တပ်ထားသည်ဟု ယူဆရပါသည်။

ထို့အတူ ဂူတော်ကြီးတောရကျောင်းမှာလည်း ဂူတော်ကြီးဘုရားကို မှီး၍ ဤအမည် ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ယူဆတန်ရာပါသည်။

**ကျေးဇူးတင်ခြင်းနှင့်အတူ ဂုဏ်ပြုလွှာ**

ဆင်နှာမောင်း စေတီတော်ကို ယခုအချိန်တွင် ဂူတော်ကြီးဘုရားစေတီဟုလည်း ခေါ်ဆိုနေကြကြောင်းကို တွေ့ရပါသည်။

မည်သို့ဆိုစေ စာရေးသူအနေဖြင့် ဒီပဲယင်းမြို့နယ်အတွင်းရှိ ရှေးဟောင်း စေတီတော်တစ်ဆူ၏ သမိုင်းကြောင်းကို ဖော်ထုတ် တင်ပြခွင့်ရခဲ့သဖြင့် ဤသမိုင်းကြောင်းကို သိသမျှ မိန့်ဆိုပေးခဲ့သော **ဂူတော်ကြီး တောရကျောင်း ဆရာတော် ဦးဝိရိယ(ဝမ္ဗာစရိယ)**အား ဦးခိုက်လျက် ဘုရားထွက်ရွာမှ **ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းကိုလည်း** အထူးကျေးဇူးတင်ပါကြောင်း ဤစာစုဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဇော်ဝင်း(ဒီပဲယင်း)**

# အစားအသောက်

### မျိုချရန် ခက်ခဲနေပါလျှင်

ကျွန်တော်(စာရေးသူ)သည် ကျွန်တော့်အိမ်နှင့် တစ်ခြံကျော်တွင် နေထိုင်သော ဦးအေးရွှေ(ငရုတ်သီး) နှင့် ဇနီးဒေါ်မြသန်းတို့၏ အိမ်သို့ ရောက်ခဲ့ပါသည်။ သူတို့အိမ်အနီးသို့ ရောက်သောအခါ ဒေါ်မြသန်းက စတင်၍...

'လာ...အစ်ကို၊ မလာစဘူး အလာထူးတယ်ဟော့'

'အေး...အလာထူးတာ မဟုတ်ဘူး၊ ထူးလို့ လာတယ် မှတ်ပါ'

ဟု ပြန်ပြောလိုက်ပါသည်။ ဒေါ်မြသန်းသည် ကျွန်တော့်ထက် (၈)နှစ်ခန့် ငယ်ပါသည်။ သူမကင် စတင်ကာ နောက်ထပ် ပြောနေပြန်ပါသည်။

'ကဲ... ထူးတဲ့ ကိစ္စကိုလဲ ပြော၊ ဒီမှာ ရေနွေးနဲ့ မြေပဲကြော်ကိုလဲ သုံးဆောင်ပါ'

ဟု စေတနာ ဇရုမ္ပနှင့် ပြောလိုက်ပါသည်။

'အေးပါဟယ်... စားမှာသောက်မှာပါ။ အားမနာပါဘူး။ နင်တို့က ခုအချိန်မှာ စီးပွားရေး အဆင်ပြေနေတယ်ဆိုတော့ ဝမ်းသာပါတယ်ဟာ။

ငါလာတဲ့ကိစ္စက **လွန်ခဲ့တဲ့ (၅)နှစ်ခန့်က နင်မစားနိုင် မသောက်နိုင် ဖြစ်ခဲ့တာကို ငါသိပါတယ်။** ဘယ်လို ဖြစ်တယ်၊ ဘာနဲ့ ပျောက်ခဲ့တယ်ဆိုတဲ့ အကြောင်း ဂဃနဏ သိချင်လို့ ပြောပြပါ'

'ဩော်...အစ်ကိုက စာရေးမလို့ ဆိုပါတော့'

'အေး...ဟုတ်တယ်၊ တိုက်ဆိုင်တဲ့လူတွေအတွက် ဗီဇိတဒါနပေါ့'

'အဲဒီတုန်းကဆိုရင် ကျွန်မ အတော်ခံစားခဲ့ရတယ်။ အစားအသောက်တွေကို အတော် ခဲခဲယဉ်းယဉ်း မျိုနေရတယ်။ အဲဒါကို ရန်ကုန်ကသမီး သိတော့ လာခေါ်တယ်။ နား၊နှာခေါင်း၊လည်ချောင်း အထူးကုဆရာဝန်ကြီးတစ်ဦးထံကို သွားပြီးပြတယ်။ ဆေးတွေပေးတယ်။ ပျောက်ချင်လို့ ကျွန်မ ကြိုးစားပြီး သောက်ခဲ့တယ်။ သိပ်ပြီး မထူးပါဘူး။



အဲဒါနဲ့ နောက်တစ်ဖန် နောက် အထူးကုဆရာဝန်ကြီး တစ်ဦးထံ ပြောင်းပြီး ပြခဲ့ပါတယ်။ တီဘီဌာနကို လွှတ်လို့ ဓာတ်မှန်ရိုက်ပြီး တီဘီဆေးတွေကို (၇)လ သောက်ခဲ့ရတယ်။

သက်သာတယ်။ လုံးဝ ပျောက်မသွားဘူး။ အဲဒါနဲ့ ကျွန်မ ရန်ကုန်ကို သွားတုန်းက ကားပေါ်က အမျိုးသမီး တစ်ဦး ပြောပြတဲ့ ဆေးနည်းတိုကို သတိရတယ်။ စမ်းသပ်ကြည့်တဲ့ သဘောပေါ့'

'ကဲ...မြန်မြန်ပြောပါ၊ သိချင်လှပြီ'

'ပြောမှာပါ ဆေးနည်းက အတော်လွယ်တယ်၊ လက်သီးဆုပ်ခန့် သင်္ဘောသီးတစ်လုံးကို ရှာပါ။ ရေပဆေးနဲ့၊ အခွံကို မခွာနဲ့။ ဓားနဲ့ (၁)လက်မခန့် အတုံးလေးတွေ တုံးပြီး ဝါးစားရတယ်။ အတော် ခါးတယ်။

တစ်နေ့ (၃-၄)ကြိမ် စားတယ်။ (၁၀)ရက်လောက်ကြာတော့ အနည်းငယ် သက်သာသွားတယ်။ နောက်ထပ်(၂၀)ရက်လောက် ရက်ခြားပြီး စားခဲ့တယ်။ ဒီနေ့အထိ လုံးဝ ပျောက်သွားတာ အံ့သြဖို့ သိပ်ကောင်းတယ်။ လူတိုင်း အဲဒီအချိန်တုန်းက ကျွန်မကို သေမှာပါလို့ ထင်နေကြတာ'

'အေး...ဟုတ်တယ် သင်္ဘောစေး သင်္ဘောရွက်တွေ ကလဲ သူ့အစွမ်းနဲ့ သူရှိတယ်။ လူတွေ မသိကြလို့ပါ'

**မှတ်ချက် ။ ။ ဤဆေးနည်းတိုကို ပြောပြခဲ့သော ဒေါ်မြသန်းအား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ပါသည်။**

*သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ*

ဦးအေးရွှေ(ကနောင်)




• ကော့ပေါက်ဆရာတော်ကြီး အလှူမဟာသပ္ပဋ္ဌာနတိကာ ဘွဲ့ဝင်သိမ်တော်မြတ်ကို အလှူခံယူမှု ၂၀၀၀ ပြည့်နှစ်

# သက်တော်ရှည် သိဒ္ဓိရှင်ဆရာတော်ကြီးများ၏

## အဓိပ္ပာယ်နက်နဲသော စကားတော်များ(၄)

### ကျောင်းဝင်ပေါက်နံရံက ဝေဒဝိဇ္ဇာမိုရ်ကျောင်း

ဝေဒဝိဇ္ဇာမိုရ်ကျောင်း
ကော့ပေါက်ဆရာတော်ကျောင်း
သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ
အင်းဂါထာဆေးဝါး၊ တွေ့လားဓာတ်လုံးတွေ
သူက ငွေခေါ်ပေးတာ၊ သူက ကျန်းမာတာ
ဓာတ်လုံးရှေ့ရှင်၊ လိုချင်လား
ကောင်းတာမိုင်းလို့ ရတယ်၊ အပြောပိုင်တယ်
ဓာတ်လုံးတောင်းသူများ ဓာတ်လုံးရသွားတယ်။
ဓာတ်လုံးရေလဲ တိုက်လိုက်တယ်။
အာယုကပ်ကျော်ဆေးလဲ တိုက်လိုက်တယ်။
ဆေးတစ်ထုပ် ပျားရည်တစ်ပုလင်း
သိဒ္ဓိတင်နိုင်းသူများ
တင်ပေးတဲ့ လက်လဲ ညောင်းသွားတာပေါ့။
ဟား...ဟား...ဟား...
ဘာစားချင်လဲတဲ့...ခေါက်ဆွဲ



"ဗောဓိတစ်ထောင် တို့လက်ဆောင်"

(ကော့ပေါက်ဆရာတော်နှင့် ဗောဓိတစ်ထောင် ဆရာတော် လက်ဝါးချင်းတပ်၍ သန္တာပြုထားသည်)

ဘယ်နားနားလဲတဲ့...လက်နာ
တင်မောင်ယု မေးတယ်။ ဘာမှာမလဲတဲ့...
ဆေးနဲ့...မှန့်
အဟုတ် ပေါက်သွားကြတယ်။
ပါးစပ်ကထွက်တာ အကုန်ဖြစ်နေတယ်။

နှစ်လုံးထိ လောကချမ်းသာ မက်နေကြတယ်။ ကတုတ်မတိုက်တော့ မောက်နေကြတယ်။ သနားလိုက်တာ...ချဲ့သမားတွေ။ နှစ်လုံးနဲ့ ချမ်းသာတာ ဘယ်နှယောက်ရှိလဲ။ ဒီကို ရွှေခြေချင်းနဲ့လာတာ တွေ့ဖူးလား။

မနေ့ကလဲ နင်းကန်ပြောတယ်။ နေ့တိုင်းလဲ ပြောတယ်။ ဘုရားဟောတွေ။ တစ်နေ့ သုံးကြိမ်ပြောတယ်။ ရုပ်နဲ့နာမ် တရားတွေ။ တိသသ ဒုက္ခသည့် ရုပ်နဲ့နာမ် ခွဲလိုက်စမ်းပါ။ ရုပ်က ထင်းတုံးကြီးလိုပဲ။ ခန္ဓာကိုယ် ညစ်ပစ်ရပေမယ်။ အသုံးမကျ အိပ်ရ မြေပေါ်ဝယ်။

ရုပ်က ထင်းတုံးကြီးလိုပဲ။ ရုပ်က ဘာမှ မကောင်းဘူး ပစ်လိုက်။ မြတ်စွာဘုရားကိုယ်တိုင် ခဝါသည်လုပ် သန့်စင်ပေးပြီး တရားဟောတော့ တိသသဒုက္ခသည် ရဟန္တာကြီး ဖြစ်သွားပြီး နိဗ္ဗာန်ဝင်သွားတယ်။

ဝိသာခါကျောင်းအမ၊ အနာထပိဏ်သူဌေး စိတ္တမထေရ်၏ တရားတွေ...ပဋ္ဌာနရဲ့ ထဘီမပါဘူး။ ချစ်သမီး နင်ငို ခဲ့တာ သမုဒ္ဒရာငါးစင်း မကပြီ။ သုဘာရွှေပန်းထိမ်သည် သမီး သူတော်ကောင်းကို **"ပြည့်တန်ဆာမ"** လို့ ဆဲပိလို့ ငရဲတွေခံရ။

လူ့ပြည်ရောက်ပြန်တော့ **"ဘုံဘာဝက"** ဖြစ်ရ။ နေ့တိုင်းဟောတဲ့ တရားတွေ နည်းတာမဟုတ်ဘူး။ ဆရာတော် ဘာတရားတွေ ဟောလဲဆိုတာ အသိအမှတ် လုပ်ထား။ နောင်လာနောင်သားတွေ သိဖို့။ လူတွေအများကြီးပါလား... သနားစရာတွေ။ လက်အုပ်ပဲချီ၊ ရှိခိုးလို့ မရဘူး။ ကျပ်နေတယ်။

**ဝေဒ**=ဗေဒင်ဖလားပုံ။ **ဝိဇ္ဇာ**=သိမြင်ခြင်းပညာ အကုန်ပါသွားပြီ။ ငယ်ဖြူ တောထွက်မဟုတ်ဘူး။ ဒါကြောင့် ပြောအားရှိတာ။


## (၆-၁-၂၀၀၀) ဗောဓိတစ်ထောင် တို့လက်ဆောင်

ဗောဓိတစ်ထောင်ဆရာတော် တပို့တွဲလ မော်လမြိုင်ကို လာမယ်။ လပြည့်ခါနီးရင် ရောက်လာလိမ့်မယ်။

မွေးလက သူလဲ တပို့တွဲ၊ ဘုန်းကြီးလဲ တပို့တွဲ။ မြိုင်သာယာက ဦးတင်ဝင်း လာတိုင်ပင်တယ်။ ဘာစီစဉ်မလဲ...ထမနဲ ထိုးမလားတဲ့။



• ကော့ပေါက်ဆရာတော်ကြီး၏
ပုံပြုံရှိသော ဟိုတာက်ဆေးရသော
သာသနာ့ဗဟုသုတကကျောင်း အရှင်မာနိတာဘာရ
ဆရာတော်နှင့် စာရေးသူ



သက်တော်(၁၀၃)နှစ်က ကော့ပေါက်ဆရာတော်ကြီး ♦

ဦးသန်းဝင်းကလဲ ရောက်လာတယ်။ ဘွဲ့တံဆိပ်ရတဲ့ အကြောင်း လာပြောတယ်။ ဗောဓိတစ်ထောင်ဆရာတော် ရောက်လာရင် သူ ဘုန်းကြီးကို ချီးမွမ်းမယ်။ ဒီရုပ်တော့ နိုင်ငံတော်ကို ရောက်ပြီ။ အိုမှ ရောက်တယ်။

ဒီမှာ ထမနဲ ထိုးမယ်။ ဗောဓိတစ်ထောင်ဆရာတော် ဒီတစ်ရက်,နှစ်ရက် ရောက်လာမယ်။ တပို့တွဲလဆန်း (၈)ရက်နေ့ ပူဇော်ပွဲနဲ့ မွေးနေ့ပွဲ ကျင်းပမယ်။

ဆေးဝက်ဘာက ပြောတယ်။ အိုမှ လာပေးတယ်။ ငယ်ငယ်တုန်းကပေးရင် ကောင်းမယ်တဲ့။ လေယာဉ်ပျံ ရထား အခမဲ့တဲ့။ အသက်လေး,ငါးဆယ်ဆို ဟိုသွား ဒီသွားပေါ့။

မွေးနေ့ပွဲမှာ ရွှေမိုး,ငွေမိုး ရွာမယ်။ (၅၀)၊ (၁၀၀) ထည့်နိုင်ရင် ဖလားထဲ ထည့်ကြပါ။ ငါးရာထည့်ရင် ဟိုမှာ ဒေါ်စိန်ရွှေ စာရင်းရေးထားမယ်။

ဒေါ်စိန်ရွှေ နာမည်နဲ့လိုက်တယ်။ သူ့ဖလား ပြည့်နေတာပဲ။ ဘုန်းကြီးဖလားတောင် မပြည့်ဘူး။ ဘုန်းကြီးတောင် မလိုက်နိုင်ဘူး။ သူ့ဖလားက ပြည့်လျှံနေတာပဲ။ ငွေဟာ များတဲ့နေရာမှာ နေတယ်။


၁၅-၁-၂၀၀၀

ရွှေမိုး,ငွေမိုး ရွာကြဲလိုက်တာ။ တစ်ပွဲတော့ ပြီးသွားပြန်ပြီ။ ဗောဓိတစ်ထောင်ဆရာတော်နဲ့ ကော့ပေါက်ဆရာတော် ခွမ်းတစ်ဝိုင်းတည်း ဘုဉ်းတယ်။

ဘုန်းကြီးနဲ့ ဗောဓိတစ်ထောင်ဆရာတော် လက်ဝါးချင်း ရိုက်ထပ်လိုက်တယ်။ ရှေ့တိုး အကျိုးရှိတယ်။ **ဘုန်းကြီးလက်ဝါးကို ကြည့်၊ လက်ထပ်ထားတယ်။ အကြောင်းရှိလို့ သစ္စာပြုတာ။ အကြောင်းနဲ့ အကျိုး** ဝတ်ထားတာ သူကပ်တဲ့ သက်နံ့။

ဒါ...ဗောဓိတစ်ထောင်လွယ်အိတ်၊ ငွေဝင်ဖို့ ဂူလိုပဲ လွယ်အိတ်ဟာ။ ဗဟုသုတ အရေးကြီးတယ်။ သူ ဒီကျောင်းမှာ လာကျိန်းစက်တယ်။

သူလဲ အရင်တုန်းက အင်မတန် ဆင်းရဲတယ်။



▬ ရွှေတစ်ပိဿာနှင့် မလဲသော ပြိုးထသော ရွှေဖြူဓာတ်လုံးသုံးလုံး

ဆွမ်းခံတာ သုံး,လေးအိမ်လောက်ပဲ လောင်းတယ်။ ဓာတ်လုံးကြောင့် ချမ်းသာလာတာ။

ဘုရားကို မမေ့ကြနဲ့။ ဒေါ်စိန်ရွှေ နဝရတ်လက်စွပ် ဖော့မီတစ်ထောင်ကို လှူလိုက်တယ်။ ဖော့မီတစ်ထောင် ဒုတိုင်းမှူးကတော် ရောက်သွားတော့ ရော့...လုံးနှစ်လုံး။ ကော့ပေါက်ဆရာတော်ကို ပေးလိုက်တဲ့။

လာပေးတော့ ဘုန်းကြီး ဝမ်းသာလိုက်တာ။ အပြုံး လာယူ လုံးနှစ်လုံး ရှယ်တူပဲ။

"ဖော့မီတစ်ထောင် ဟိုလက်ဆောင်"

ကော့မုပွန် ဖိုသံ နည်းနည်းလုပ်လိုက်။ ဓာတ်လုံး... ဓာတ်လုံး နှိုးဆော်လိုက်။ ဖော့မီတစ်ထောင်က ပြော တယ်။ ဘုန်းကြီးရဲ့ ဓာတ်လုံးကို ရွှေတစ်ပိဿာနဲ့ မလဲနိုင်တဲ့။

## ပညာနဲ့ သီလ မေတ္တာဘာဝနာ

ငါ ပညာရှိပဲဆိုပြီး...,ပညာရှိတယ်ဆိုပြီး သီလမလုပ် ရင် နုံတယ်။ တိုးတက်မှု မရှိဘူး။ ပညာရှိပေမယ့် သီလမထွင်ရင် ဒုန်ဖောင်း၊ ဒုန်ဖောင်းပဲ။

သီလက အဆင့်အတန်း အမြင့်ဆုံး။ သိပ် အဆင့် အတန်းမြင့်လို့ လူတွေ မကြိုက်တာ၊ မလိုက်နာနိုင်တာ။ **သီလစင်ကြယ်အောင် လုပ်ပါ။**

ပညာကို သီလနဲ့ အရောင်တင်...
သီလရှိသူက ပညာနဲ့ အရောင်တင်...
လက်တစ်ဖက်ပေရင် လက်တစ်ဖက်နဲ့ ဆေးသလိုပေါ့။
သီလ,သမာဓိ,ပညာ,ဝိမုတ္တိ အဲဒီလေးမျိုး မမေ့ကြနဲ့။

ကြားလား ရွှေသိန်းတို့... "တို့"ပါရင် အားလုံး ပါတယ်နော်။ သီလဆောက်တည်ထားရင် လေတိုက် ရင်တောင် မလွင့်ဘူး။

သာသနာအတွင်း နေနိုင်အောင်၊ သာသနာအပြင် မရောက်အောင် ချစ်လို့,သနားလို့ ပါးစပ်နဲ့ ပြောတာ၊ မုန်းရင်လက်သီးနဲ့ ထိုးမှာပေါ့။

ဘုန်းကြီး ငယ်ငယ်တုန်းက ကြမ်းတယ်။ အင်းတွေ သောက်ထားတယ်။ ငယ်ငယ်ကတည်းက ကျင့်ကြံ အားထုတ်ထားတယ်။

အောက်လမ်း လာရင် သိတယ်။ အမျိုးသမီး နှစ်ယောက် ထဘီအနီနဲ့...ဘုန်းကြီး ဆဲပြီး မတ်တပ်ရပ် အော်လွှတ်လိုက်တာ ထွက်ပြေးရော။

မာရှယ်လော မထုတ်ခင် ပခုက္ကူက လာပင့်တယ်။ ဘုန်းကြီး ဖိုဆွဲနေတဲ့ သင်္ကန်းနဲ့ပဲ လိုက်သွားတယ်။

တပေါင်း,တန်ခူး ပူတဲ့အချိန် ပွဲပြင်၊ ကျော့ငွေဒင်္ဂါး(၅၀) သူတို့ ထည့်ထားတယ်။ လာကြည့်ကြတာ ပွဲလိုပဲ။

မောင်ကျော် ဆွမ်းဒါယကာ အာမခံတယ်။ မပျောက် ရင် ပွဲမယူဘူး။ စလောင်းဖုံးနဲ့ အင်းမီး ထွန်းလိုက်တယ်။

ဘုန်းကြီးက မတ်တပ်ရပ်နေတယ်။ သူက ထိုင်နေ တယ်။ ကြောက်ပါပြီ...ကြောက်ပါပြီ အော်နေတယ်။ ဒီတိုင်း ကြောက်လို့မရဘူး။ မင်းကျွေးထားတာ ပြန်အန် ထုတ်၊ ပြန်အန်ထုတ်တာ ကြက်ခေါင်းထွက်လာတယ်။ ပါးတစ်ချက် ရိုက်လိုက်လို့ ပျောက်ရော။

ပယောဂ,သိုက်,ဆေးဝါး အကုန် ကုတယ်။ သွေးလုံး



◆ (၄-၆-၂၀၀၀) [illegible] ညောင်ရွက်ပုံ [illegible] [illegible]

လေလုံး မီးထွန်းလိုက် ပျောက်ရော။ အောက်လမ်း လာလဲ ထွက်ပြေးရတာပဲ။

အသက်(၉၅)နှစ်ရောက်မှ ဘုရားသာသနာကို အသက်နဲ့ကိုယ် အပ်နှင်းပြီး မြှင့်တင်ပါမယ်လို့ သစ္စာ ပြုလိုက်မှ အားလုံး အောင်မြင်ချမ်းသာလာတာ။

**မေတ္တာ့ဘာဝနာ သတိပဋ္ဌာန်** မပြတ်ရှုမှတ်နေတယ်။

သတ္တဝါတွေ ကျန်းမာချမ်းသာဖို့၊ အပါယ်လေးပါး လွတ်ဖို့ သူများလှူတာ ကုသိုလ်ဖြစ်အောင် လုပ်ပေး စားပေးနေရတယ်။ လောဘနဲ့စားတာ မဟုတ်ဘူး။

"ကြင်နာခံခက်၊ နိဗ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို စွန့်ခွာ ပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လုမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရှုပ်လန်း၊ ကျင့်ဖြည့်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါ သတည်း"

ထမင်းစားရင် ရွတ်ကြ။ ဆွမ်းဟာ အဆိပ်ပဲ။ စားတတ်မှ...

---

ဇာတိဂုဏ် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်

**ပျက်အောင် စောင့်ရှောက်လျက် ရှိပါကြောင်း**

---

'ဦးနှောက်င်း... ပေါင်လုန်ပြစမ်း၊ ဟင်...ပိန်းမပေါင် လိုပဲ၊ ယောက်ျားပေါင်ဆိုရင် ထိုးကွင်းရှိရမယ်။ ဒီမှာ ကြည့်...(ခါးမှ ဒူးအထိ ထိုးကွင်းထိုးထားသည်။)'

'ထိုးကွင်းထိုးတာ မနာဘူးလား'

'နာတာပေါ့'

'မအော်ဘူးလား'

'ရွာလုံးကျွဲပဲ။ ထပြေးလို့ မရအောင် ဖမ်းချုပ်ထားကြ တယ်။ ဆေးထိုးရုံကို ရွာနဲ့ ခပ်လှမ်းလှမ်းမှာ ဆောက် ထားတယ်၊ ရာဇမတ်ကာ သဲဖြူခင်း လေးထောင့်မှာ ငှက်ပျောပင် စိုက်ထားတယ်။


ဖျင်အမိုး မိုးထားတယ်။ အုန်း၊ ကွမ်းကော်၊ ဆီး(ဖီး)၊ ဝါး၊ ဒန်း၊ ပေါက်သီး အညွန့်အခက် ဆွဲထားတယ်။

ဆရာတွေက ပရိတ်ရွတ် ပရိတ်ရေ ဖျန်းထားတယ်။

**ဆန်မန်းပေါက်ပေါက် ကြဲထားတယ်။**

ထိုးခံမယ့်သူက ရေမိုးချိုး အဝတ်အထည်အသစ် ဝတ်ရတယ်။ ဆေးစင်ကို ရှိခိုးပြီး သီလယူရတယ်။ ပွဲအနာကြီး ကင်းရမယ်။ ယောက်ျားဖြစ်၊ မဖြစ် စစ်တယ်။

ဆရာကြီးက ဆေးစင်က နံ့သာခွက်နဲ့ ဂမုန်



▲ မြည်တော်သော ဆေးဝင်အား ဆရာတော်ရှိခြင်းထားသော
ဆေးတော်ကြီး၊ ဓာတ်လုံးတစ်လုံး၊ ရေနံကျောက်တစ်လုံး၊ အမြဲရောင်ပြည့်တစ်ခု

လက်သည်း ပန်းခက်နဲ့ ပက်ဖျန်းတယ်။ ဆေးစင်နဲ့ ဆေးထိုးရုံကို ပက်ဖျန်းပြီးမှ လက်ထောက်ဆရာက နံ့သာခွက်ယူပြီး ဆေးထိုးခံမယ့်သူ့ကို တစ်ကိုယ်လုံး လိမ်းကျံပေးတယ်။

နံ့သာလူးထားတာ ခြောက်ရင် ငှက်ပျောရွက်ခင်းထား တဲ့ပေါ် လှဲအိပ်ရတယ်။ တစ်နေကုန်ပဲ။ တစ်ပေါင်ပြီးမှ တစ်ပေါင် နားပြီး ထိုးရတယ်။

"အမေ့"အေဘ်ဆော တံကောက်ကြော
မျက်ရည်စက်လက် တံကောက်ခွက်
သေပြီစင်းစင်း ဒါးပုံတွင်း
ပုပုစပ်စပ် တပ်ပါချုပ်...တဲ့။

နာလွန်းလို့ ညည်းနေရတယ်။ ထိုးကွင်းရှိမှ ယောက်ျားပီသတာ။ ခြင်းခတ်ရင် လက်ဝှေ့ထိုးရင် ထိုးကွင်းနဲ့မှ လှတာ။ ထိုးကွင်းမပါရင် "ပေါင်ဖြူကြီးနဲ့ မိန်းမ"လို့ အလှောင်ခံရတယ်။

မွန်ဗမာ ယဉ်ကျေးမှုထိုးကွင်း အနာခံ ထိုးထားတာ ဖုံးထားဖို့ မဟုတ်ဘူး။ ယောက်ျားပီသကြောင်းပြဖို့။ ကြည့်ကြ။*(ထိုးကွင်းကို ပြသည်)*

ဘုန်းကြီး (၁၀၆)နှစ်ထိ ထိုးကွင်းဖော်ပြီး လမ်း လျှောက်တယ်။ အသက်လေးဆယ်ကျော်တုန်းက မနက်လေးနာရီထ၊ ကျောင်းတံခါးသော့ခတ်၊ တောင် ပေါ်လမ်းက တောင်ဝိုင်းထိ လမ်းလျှောက်တယ်။ ထိုးကွင်းပြပြီး လျှောက်တာပေါ့။ ဇာတိဂုဏ်ပြတာ။ မွန်အစစ်။

### ကျန်းမာရေးနှင့် ပီပဿနာ

ဗောဇ္ဈင်(၇)ပါး နေ့တိုင်းဟောတယ်။ ရောဂါသည်တွေ အားလုံး ကြားထား မှတ်ထားကြပါ။ ဖျားနာရင် ကုလားထိုင်မှာထိုင်၊ အိပ်ရာမှာ အိပ်ရင်း ရွတ်ဖတ် နာကြားရင် ရောဂါပျောက်တယ်။

ရှင်မဟာကဿပ၊ ရှင်မဟာမောဂ္ဂလန်တို့ မကျန်း မမာ ဖြစ်တဲ့အခါ မြတ်စွာဘုရားကိုယ်တိုင် ဒီဗောဇ္ဈင် သုတ်ကိုပဲ ရွတ်ပြဟောကြားတာ နာယူပြီး ပီတိတွေ ဖြစ်သွားလိုက်တာ ခန္ဓာကိုယ်ထဲက သွေးသားတွေ စင်ကြယ်သွားတယ်။

နောက်ထပ် အဲဒီရောဂါ မဖြစ်တော့ဘူး။ ဝမ်းသာ လိုက်ကြတာ ရောဂါပျောက်သွားကြလို့။

မကြာပါဘူး... ဘုရားတောင် မလွန်ဆန်နိုင်ဘူး။ ဘုရားရှင်လဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ။ မကျန်း မမာဖြစ်တဲ့အခါ ရှိတယ်။ အဲဒီအခါ...

"စုန္ဒရေ...လာပါဦး"

ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ခိုင်းပြီး မြတ်စွာဘုရားက ရိုရိုသေသေ နာယူတယ်။ မြတ်စွာဘုရား ကျန်းမာ သွားတယ်။

ပြောင်ပဟာတာ… ဆေးဆရာ မခေါ်ရဘူး။ ဆေးခန်း သွားရဘူး။ မြတ်စွာဘုရားက ဆေးမတိုက်ဘူး။ တော့ရှင်တရားကို ဒီလို…ဒီလို…ရွတ်။ ရမ်းပဟာတာ ဟုတ်ဘူး။ တရားဟာ ပဟာင်းတယ်မရှိဘူး။ မြတ်စွာ ဘုရားတောင် ဝေဒနာစွဲကပ်ရသေးတာပဲ။

မယုံမရှိနဲ့… ဘုန်းကြီးလဲ ည,ည အိပ်မပျော်ရင် အာရုံပြုတယ်။ ရွတ်ဖတ်တယ်။ အိုးကို မှောက်ထားရင် ရေမဝင်သလို… တရားကိုလဲ အာရုံဖွင့်ပြီး ပေးဝင်ထား ရတယ်။

ရွတ်ကြပါ၊ အာရုံပြုကြပါ။ ဘုရားပေးတဲ့ ရောဂါ ပျောက်တဲ့ လောကီဆေး, လောကုတ္တရာဆေး ဖြစ်တယ်။

ခန္ဓာရှိရင် (၉၆)ပါးရောဂါဒေဝနာ လာမှာပဲ။ ဘုန်းကြီး ရားနာတဲ့အခါ ကုလားထိုင်မှာထိုင်ပြီး အာရုံပြုပြီး ရွတ်တယ်။

ရားနာတာ လျော့,လျော့ပြီး ပျောက်သွားတယ်။ **တ်ဆေးကောင်းတစ်ခွက် ဘုရားဆေးတစ်လက်ပဲ။ တော့ရှင်သုတ် ဘယ်လောက် တန်ခိုးကြီးလဲ။**

အာရုံပြုရွတ်ကြပါ။ သမ္မောဖျှင်…သမ္မောဖျှင်… သမ္မောဖျှင်…ရှူတယ်၊ ရှိုက်တယ်။ ပိန့်တယ်၊ ဖောင်း တယ်။ လေ။ အသည်းနှလုံး ချက်ထဲရောက်။ နှာခေါင်း ထဲကထုတ်။ ချက်တိုင် ပြန်ရောက်။ ထုတ်။ ပျောက်။ သတိပဋ္ဌာန်လေးပါ။ ပါသွားပြီ။

ဘုန်းကြီး အိပ်ပျော်မှ နားတယ်။ အဲဒါ ဝိပဿနာ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ် ည်တယ်။ အနာဂါမ် တည်တာနဲ့ သိကြားမင်း ရှိခိုး ပြီး ကြိုးစားပါ။

**[ဓာတ်လုံးကို လက်ဖဝါးနှစ်ဖက်နဲ့အုပ်၊ လက်အုပ် ချီ၍ ဘုရားရှိခိုး အာရုံပြုပြီး၊ ဓာတ်လုံးကို ကြည့်ကာ ခေါင်ကို ဖောင်းခနဲ ရိုက်လိုက်တယ်။]**

ဓာတ်လုံးကို ပါးစပ်ထဲ ထည့်ငုံထားတယ်။

---

အကြာကြာ အဝဝ အခါခါ မ,စတဲ့ဒါန

---

'ကောဇာ့ည နာမည်ပြောင်းတဲ့အတွက် မုန့်တီ ကျွေးကြ။

အသံ မကျယ်လာဘူးလား။ တော်ကြာ… လူတွေ ထွက်ပြေးကုန်မယ်။ ဘုန်းကြီး လူတွေကို ကယ်ခဲ့တယ်။



အသက်(၈၅)နှစ် ကျော်အောင်လျက် သာသနာပြုသဲ့သီလရှင်ကြီး
(ကောဇမိက်ဆရာတော်၏ ဆေးဗူဒ်ကို အမြဲယူသုံးသူ)

▼ ထားရာသော် ဘုရင်မာနိတ်တာရာမှာရှိသော
ကောဇမိက်ဆရာတော်ကြီး ၏
ဆေးနန်းကိုးမျှော် သာသနာတော်ကျော်ဆေး







[illegible]

ဒါကြောင့်မို့ ပိုးစိုးပက်စက် မဖြစ်ဘူး။

အင်္ဂလိပ်လက်ထက် လူမရှိတဲ့ လယ်ကွက်တွေမှာ စပါးတွေကို မီးပုံရှို့နေတယ်။ လူတွေကြောက်ပြီး ထမင်းငတ်ကုန်ပြီ။ ဘုန်းကြီး အင်္ဂလိပ်တပ်ထဲက အရာရှိနဲ့ သွားတွေ့တယ်။ လက်မြှောက်ထားရတယ်။

ဘုန်းကြီးကို သေနတ်နဲ့ တေ့ထားတယ်။ ဘုန်းကြီး သတ္တိကောင်းတယ်။ သဘော်(၅)ရက်လောက် ပေးပါ။ စပါးတွေ သယ်ချင်လို့။ လူတွေ ငတ်ကုန်ပြီ။

မှင်းကြီးဦးပါစိန် လက်ထက် သဘော်တောင်းရင် သဘော်ပေးရတယ်။ စပါးတွေ ကြိတ်ခွဲလိုက်တယ်။ ဆန်ကုန်တင် သဘော်နဲ့ တစ်စီးရတယ်။

ဆန်တစ်ပြည် သုံးကျပ်ပဲ။ လူတွေကို တန်းစီခိုင်းပြီး ဝေပေးတယ်။ အင်္ဂလိပ် ကြည့်ညိုသွားတယ်။ ဒီပုဂ္ဂိုလ်ဟာ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ အရေးပိုင်က ဦးကျော်ညွန့်။ အင်္ဂလိပ်အစိုးရ တံဆိပ်လာပေးတယ်။

ငယ်ငယ်ကတည်းက ဘုန်းကြီးက တံဆိပ်ရထားတာ။ လူတွေ ဝမ်းသာလိုက်ကြတာ။ ကုသိုလ်က အရှေ့က သွားထားတာ။ ကပ်ကြီးသုံးပါး ကျော်နင်းနိုင်တယ်။ ဒါကြောင့် **ကုသိုလ်က အရှေ့က သွားထားကြ။**

ဘုန်းကြီးကို အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ခရိုင်ဝန်က ဘွဲ့တံဆိပ်မှာ ရေးထားတယ်။

"ဒီပုဂ္ဂိုလ်ဟာ အင်မတန်အရေးကြီးတဲ့ ပြဿနာကို လျင်မြန်စွာ ဖြေရှင်းနိုင်လို့ ကျုပ်တို့ လေးစားတယ်"

လို့ ရေးထားတယ်။

အဲဒီအချိန်က ဆန် အင်မတန်ခက်နေတယ်။ ဆန် အရေးကြီးနေတယ်။ လူတွေ ငတ်နေပြီ။ ဘုန်းကြီး သဘော်နဲ့ သုံးခေါက် တင်သွားပြီး ဝေပေးခဲ့တာ။

သဘော်ကို ငါးရက်ယူထားတယ်။ ရေမဝင်တဲ့ သဘော်ပေးပါလို့ တောင်းရတယ်။ ကလေးတွေ ထမင်းမစားရလို့ ငိုနေကုန်ပြီ။

ဘုန်းကြီး လှူခဲ့တာ။ ဦးသန်းလွင် ပြောတယ်။ ကောဇပေါက်ဘုန်းကြီး ဘာမှ လိုလေသေးမရှိ။ စားဝတ်နေရေး အဆင်ပြေလို့၊ ကျောင်းသားလဲမထား၊ ကပ္ပိယလဲ မထား။ ဆွမ်းချိုင့်လဲ မထားဘဲနဲ့ ဆွမ်းဘုဉ်းတဲ့အချိန် ခုံပေါ်မှာ ပြည့်နေရောတဲ့။

နတ်တွေ စောင့်ရှောက်တယ်။ ကျန်းမာရေး ပြန်ကောင်းလာတယ်။ **ကျော်မြင့်**(ရင်းငြိမ်ဆရာဝန်) ဘုန်းကြီး အရင်ကမျက်နှာနဲ့ အခုမျက်နှာ ဘယ်လို နေသေးလဲ...မောတယ်။ နားထဲက လေထွက်တယ်'


'အား...နည်းနည်းလိုသေးတယ် ဘုရား'

'ဒါကြောင့် စကားသိပ်မပြောတာ။ ဆွမ်းဘုဉ်းနိုင်ပါတယ်။ အတိတ်က တစ်ရွာတည်း နေခဲ့ရလို့လားမသိ အခု ပစ္စုပ္ပန်မှာ လာဆုံရတယ်။

(စာမျက်နှာ (၁၀၃) သို့)

ဂရင်ဂျီ၊ လိပ်ခေါင်းနှင့် ရင်သားကင်ဆာအထူးကု ရွှေကျီးသာဆရာတော်

ရာဇဝင်
(ယင်းမာ)




■ ရှုမျှော်ဖွယ်ရာ ဆုတောင်းပြည့်စေတီတော်

**ကျီးကန်ရွာသည် ခင်ဦးမြို့**၏ တောင်ဘက် (၅)မိုင်အကွာ၊ ရွှေဘိုမြို့၏ မြောက်ဘက် (၉)မိုင်အကွာ၌ တည်ရှိသည်။

ကျီးကန်ရွာ ရွှေကျီးသာကျောင်းတွင် ဆရာတော် (၅)ဆက် ကျောင်းထိုင်ခဲ့ရာ ယင်းတို့မှာ ဆရာတော် **ဦးတေဇိန္ဒ၊ ဦးရာဇိန္ဒ၊ ဦးနရိန္ဒ၊ ဦးစန္ဒ**နှင့် လက်ရှိဆရာတော် **ဦးနိမလ (သက်တော် - ရ၄)နှစ်**တို့ဖြစ်သည်။

ရွှေကျီးသာ ဆရာတော် ဘဒ္ဒန္တနိမလသည် ဒီပဲယင်းမြို့နယ်၊ ကျူတောရွာဇာတိဖြစ်သည်။

ခမည်းတော် ဦးဖိုးထီ၊ မယ်တော် ဒေါ်မယ်အိတို့မှ ၁၃၀၆ခုနှစ်၊ ကဆုန်လဆုတ် (၁၄)ရက် (၂၀-၅-၁၉၄၄) စနေနေ့တွင် ဖွားမြင်တော်မူသည်။

မွေးချင်း (၆)ယောက်တွင် တတိယမြောက်သားရတနာဖြစ်သည်။

ဆရာတော် လောင်းလျာသည့် အသက် (၁၄)နှစ်အရွယ်တွင် ရှင်သာမဏေ

F.13A. October, 2018.

ပြုသည်။ ၁၃၂၆ ခုနှစ်၊ တပို့တွဲလဆုတ် (၃)ရက် (၁၉-၂-၁၉၆၅) နေ့တွင်ကျူတောကျောင်းဆရာတော် ဦးကုဏ္ဍလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘွဲ့တော်မှာ **အရှင်နိမလ [သာသနာဝင် အမှတ်-ခဥန(သ) ဝ၀၀၃၃၄]** ဖြစ်သည်။

ဆရာတော်သည် ရေဦးမြို့ ချမ်းသာကြီး ပါဠိတက္ကသိုလ်ဆရာတော် ဦးသီလာစာရနှင့် ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ် ဆရာတော်ဦးဉာဏိန္ဒ(နိုင်ငံတော် သံဃာ့ ပဟိုဝန်ဆောင်) စသည့် ဆရာတော်များထံ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့သည်။

၁၃၂၇ ခုနှစ်တွင် ပထမငယ်တန်း ၁၃၂၈ ခုနှစ်တွင် ပထမလတ်တန်းနှင့် ၁၃၃၀ ပြည့်နှစ်တွင် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။

ထို့နောက် ခင်ဦးမြို့နယ်၊ ရေအေးကုန်းရွာ ကျောင်းဒကာကြီး ဦးဖိုးအိနှင့် ဖနီးဒေါ်ပွားတို့၏ လျှောက်ထား တောင်းပန်ချက်အရ ၁၃၃၀ ပြည့်နှစ်၊ တန်ခူးလဆန်း (၃)ရက် (၂၀-၃-၁၉၆၉)နေ့တွင် ခင်ဦးမြို့နယ်၊ ကျီးကန်ရွာ ရွှေကျီးသာကျောင်း၌ စတင်ကျောင်းထိုင် သီတင်းသုံးခဲ့သည်။

**(ဦးဖိုးအိသည် ကျီးကန်ဇာတိဖြစ်၍ သူ့ရွာတွင် ကျောင်းထိုင်ဘုန်းကြီး အဆက်ပြတ်နေသောကြောင့် ဆရာတော်ကို ပင့်ရခြင်းဖြစ်သည်။)**

ဆရာတော်သည် ကျောင်းထိုင်သည့် အချိန်မှစ၍ ကိုရင်, ကျောင်းသားများအား အခြေခံ ပရိယတ္တိစာပေများကို နှစ်(၂၀)တိုင်တိုင် သင်ကြားပို့ချပေးခဲ့သည်။

## ဆေးပညာ သင်ယူခြင်း

ထို့နောက် ဆရာတော်သည် မြန်မာ့တိုင်းရင်း ဆေးပညာကို စိတ်ဝင်စားသဖြင့် လေ့လာလိုက်စားခဲ့ရာ **၁၃၅၀ ပြည့်နှစ်တွင် ဖြူးမြို့ ဆရာကြီးဦးအောင်ထံမှ** လိပ်ခေါင်းရောဂါ ကုနည်းကို လည်းကောင်း…

**၁၃၅၃ ခုနှစ်တွင် နွားထိုးကြီးမြို့ ဆရာကြီးဦးအေးကို(တာဝတီံသာဆေးခန်း)ထံမှ ဂရင်ဂျီနာကုနည်း**ကို လည်းကောင်း၊

**နို့အကျိတ်ခေါ် ရင်သားကင်ဆာကုနည်း**ကို ရဟန်းတစ်ပါး အကူအညီဖြင့် လည်းကောင်း စာတွေ့,လက်တွေ့ ပေါင်းစပ်ပြီး လေ့လာဆည်းပူးခဲ့ သည်။

## ဆေးကုသခြင်း

ဆရာတော်သည် ရဟန်းရှင်လူ ကျား,မ မရွေး ကုသနိုင်ရန်နှင့် မိမိအတွက် အကူအညီရရှိရန် လက်ထောက် ဆရာနှစ်ဦးနှင့် ဆရာမနှစ်ဦးအား ဆေးကုနည်းများကို သင်ကြားပေးခဲ့သည်။

ဆရာနှစ်ဦးမှာ **ဦးကျော်နိုင်နှင့် ဦးကျော်ကျော်ဟန်**တို့ ဖြစ်၍ ဆရာမနှစ်ဦးမှာ **ဒေါ်နှင်းနှင့် ဒေါ်နှင်းယုဇော်** တို့ ဖြစ်သည်။

ဆရာဦးကျော်နိုင်နှင့် ဆရာမဒေါ်နှင်းတို့က ကျောင်းသို့ လာရောက်သည့် လူနာများကို ကုသပေးပြီး ဆရာဦးကျော်ကျော်ဟန်နှင့် ဆရာမ ဒေါ်နှင်းယုဇော်တို့က အကြောင်းမညီညွတ်၍ ကျောင်းသို့ မလာနိုင်သည့် ရပ်ဝေးမှ လူနာအချို့ကို ကုသပေးသည်။

ထိုသို့ ကုသရာတွင် ဆရာတော်မှ စီမံခန့်ခွဲပြီး လိုအပ်သလို ကြည့်ရှုစစ်ဆေးသည်။

ဆရာတော်၏ စေတနာ မေတ္တာကြောင့် ဆေးကုသမှုမှာ ထိရောက်အောင်မြင်သဖြင့် ရပ်ဝေးရပ်နီး ဒေသအသီးသီးမှ လူနာများ လာရောက်ကုသကြသည်။

ဆရာတော်၏ကျောင်းတွင် လူနာဆောင်(၄)ဆောင်ရှိရာ တစ်လလျှင် ပျမ်းမျှ **လူနာဦးရေ(၅၀)ခန့်** ရှိသည်။

**ဆရာတော်သည် လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် ရင်သားကင်ဆာ (နို့အကျိတ်)များကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မခွဲမစိတ်၊ မလှီးမဖြတ်ဘဲ သီတင်းနှစ်ပတ်(၁၄-ရက်) အတွင်း အမြစ်ပြတ်အောင် အာမခံ ဖြင့် ကုသပေးလျက် ရှိသည်။**

ဆရာတော်၏ ဆေးကုသမှု သက်တမ်းမှာ ယနေ့ဆိုလျှင် **နှစ်(၃၀)ခန့်ရှိပြီ**ဖြစ်ရာ ထိုကာလအတွင်း လူနာပေါင်း (၂၁၈၀၇) ယောက် ကုသပျောက်ကင်းပြီးကြောင်း သိရပါသည်။ **(ထိုအထဲတွင် ပေါက်မြို့နယ်မှ လူနာ(၄)ဦး ပါဝင်သည်။)**

ယနေ့ခေတ်တွင် နိုင်ငံတော်

အစိုးရကလည်း မြန်မာ့တိုင်းရင်းဆေးပညာကို အားပေးပြီး အချို့မြို့များ၌ တိုင်းရင်းဆေးရုံကို သီးခြားဖွင့်လှစ်ပေး၍ အချို့ဆေးရုံများမှာ တိုင်းရင်းဆေးခန်းပါတွဲ၍ ကုသပေးသည်။



ဆရာတော် ဘဒ္ဒန္တနိမလ

ဆရာတော် ဆောက်လုပ်

လှူဒါန်းခဲ့သော အလှူဒါနများ

ဆရာတော်သည် ဆေးကုရသော ငွေကို မိမိကိုယ်ကျိုးအတွက် အသုံးမပြုဘဲ ထိုငွေဖြင့် ဘာသာရေး ပညာရေးနှင့် ရပ်ရွာ စည်ပင်သာယာရေးတို့၌ များစွာအသုံးပြုခဲ့သည်။ ဆရာတော် နှစ်အလိုက် ဆောက်လုပ်လှူဒါန်းခဲ့သော အလှူဒါနများမှာ...

- **၁၃၃၂ ခုနှစ်တွင်** ကန်တော်လမ်းမှ ကျိုးကန်ရွာထိ လှည်းလမ်းဖောက်ခြင်း၊
- **၁၃၄၇ ခုနှစ်တွင်** ကျိုးကန် မူလတန်းကျောင်းကို အစိုးရကျောင်းရရှိအောင် ကြိုးပမ်းခြင်း၊
- **၁၃၅၆ ခုနှစ်တွင်** ရဟန်းရှင်လူသုံး ကုဋိနှင့် ရေလောင်းအိမ်သာများ ဆောက်လုပ်ခြင်း၊
- **၁၃၅၈ ခုနှစ်တွင်** ကျိုးကန်ရွာ၌ အ.မ.က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊
- **၁၃၅၉ ခုနှစ်တွင်** ဘုရားမဟာရာမ်ဝတ်တိုင်းနှင့် ကျောင်းအုတ်တံတိုင်းများ ကာရံခြင်း၊
- **၁၃၆၁ ခုနှစ်တွင်** ကျောင်းဝိုင်းအတွင်း ရေကန်တူးပြီး တံတားဆောက်ခြင်း၊
- **၁၃၆၃ ခုနှစ်တွင်** ကျောင်းအတွင်း၌ ဓမ္မာရုံဆောက်ခြင်း၊
- **၁၃၆၅ ခုနှစ်တွင်** ကျူတောနှင့် ကျိုးကန်ရွာတွင် ရွာဘုံပန်းကန်များ လှူဒါန်းခြင်း၊ ***(ထိုနှစ်တွင် ရွှေဘိုမြို့နယ်၊ ခွန်တောင်ကြီးရွာ ဦးချစ်လှိုင်+ဒေါ်မြမေတို့ကလည်း ဘုရားကျောင်းဆောင်ကို တိုး၍ လှူဒါန်းခဲ့သည်။)***
- **၁၃၆၇ ခုနှစ်တွင်** ကျိုးကန်ရွာ၌ အဝီစိရေတွင်း တူးဖော်ခြင်း။
- **၁၃၇၄ ခုနှစ်တွင်** ကျိုးကန်နှင့် ကန်တော်လမ်းကူး RCတံတားကြီးတစ်စင်းနှင့် တံတားငယ်နှစ်စင်း ဆောက်လုပ်ခြင်း၊ ကျူတောနှင့် မူးရိုးကုန်းရွာ အကြား ကားလမ်းနှင့်လှည်းလမ်းသစ်များ ဖောက်လုပ်ခြင်း၊
- **၁၃၇၅ ခုနှစ်တွင်** ကျိုးကန်ရွာ ရှေးဟောင်းစေတီကို ပြန်လည်ပြုပြင်ပြီး ဘုရားကျောင်းဆောင် ဆောက်လုပ်ခြင်း၊
- **၁၃၇၆ ခုနှစ်တွင်** ကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း၊

❂ **၁၃၇၇ ခုနှစ်တွင်** ကျူတောရွာ၌ အ.လ.ကကျောင်း ရရှိအောင် ကြိုးပမ်းခြင်း၊

❂ **၁၃၇၉ ခုနှစ်တွင်** ကျူတော အ.လ.ကကျောင်း၌ အုတ်တံတိုင်းနှင့် မုခ်ဦးဆိုင်းဘုတ်တံခါးများ လှူဒါန်းခြင်း။ ရွှေကျီးသာကျောင်း၌ ဆွမ်းစားကျောင်း ဆောက်လုပ်ခြင်း၊ စေတီတစ်ဆူ တည်ထားကိုးကွယ်ခြင်း... စသည်တို့ ဖြစ်သည်။

***[အဆိုပါ အလှူဒါနများနှင့် ပတ်သက်၍ ယနေ့ထိ ဆရာတော် လှူဒါန်းငွေမှာ စုစုပေါင်း ငွေကျပ် သိန်းပေါင်း (၁၅၀၀)ကျော်ရှိကြောင်း သိရပါသည်။]***

ရှစ်မျက်နှာ

ဆုတောင်းပြည့်စေတီတော်

ဆရာတော် တည်ထားကိုးကွယ်သည့်စေတီမှာ **"ရှစ်မျက်နှာ ဆုတောင်းပြည့်စေတီတော်"** ဖြစ်သည်။

ထိုစေတီမှာ အခြားစေတီများနှင့် မတူ တစ်မူထူးလှသည်။ စေတီပုံစံမှာ ထုထည်ပြည့် တည်ဆောက်ထားသော မြေစိုက်စေတီမျိုး မဟုတ်ဘဲ အာရုံခံတိုက် နှစ်ထပ်ခံ၍ တည်ဆောက်ထားသော စေတီတစ်မျိုး ဖြစ်သည်။

အာရုံခံတိုက်မှာ ရှစ်မျက်နှာဖြစ်သည်။ အတွင်း၌ တစ်ထပ်လျှင် ရုပ်ပွားတော်လေးဆူ(နှစ်ထပ် ရှစ်ဆူ) ပူဇော်ထားသည်။ ဘုရားရင်ပြင်တော်၌ ကြွေပြားများ ခင်ထားပြီး ဘောင်ပတ်လည်တွင် လက်ရန်းများ

## ဆရာတော်၏ စေတနာ မေတ္တာကြောင့် ဆေးကုသမှုမှာ အောင်မြင်သဖြင့် ရုပ်ဝေးရုပ်နီး ဒေသအသီးသီးမှ . . .

တပ်ဆင်ထားသည်။

ဘုရားပေါ်တက်ရန် လှေကား သုံးစင်း တပ်ဆင်ထားသည်။ ပထမ ထပ်နှင့် ဒုတိယထပ်ကို အုတ်လှေကားဖြင့်လည်းကောင်း၊ ဒုတိယ ထပ်မှ တတိယထပ်(အပေါ်ထပ်)ကို စတီးလှေကားဖြင့် လည်းကောင်း တက်ရောက်ဖူးမြော်နိုင်သည်။

စေတီတော်မှာ ဉာဏ်တော်(၁၁) တောင်ရှိ၍ မြေပြင်မှ (၃၂)တောင် မြင့်သည်။ ထိုစေတီကို ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၅)ရက် (၁၀-၁၀-၂၀၁၇)နေ့တွင် စတင် တည်ဆောက်ရာ ထိုနှစ် တန်ခူး လဆန်း(၁၀)ရက် (၂၆-၃-၂၀၁၈) နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။

ဘုရား တည်ဆောက်ချိန်မှာ (၆)လသာ ကြာမြင့်သည်။ ထို့နောက် ရွှေထီးတော်တင်လှူပွဲနှင့် ဘုရားအနေကဇာတင်ပွဲကို ၁၃၇၉ ခုနှစ်၊ တန်ခူးလဆုတ်(၁၁)ရက် (၁၁-၄-၂၀၁၈)နေ့တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆရာတော်သည် ထိုသို့ ရပ်ရွာ အကျိုး သာသနာအကျိုးတို့ကို ဆောင်ရွက်ရင်း မိမိတတ်ကျွမ်းသည့် မြန်မာ့ဆေးပညာဖြင့် ရဟန်းရှင်လူတို့၏ ကျန်းမာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

**အဆိုပါ ရောဂါများ ကုသလိုပါက...**

ခင်ဦး(သို့မဟုတ်)ရွှေဘိုရောက်လျှင် သုံးဘီးဆိုင်ကယ်ငှားပြီး ကျောင်းသို့ အရောက်သွားနိုင်ပါသည်။

**ဆရာတော်ထံ ဆက်သွယ် စုံစမ်းလိုပါက...**

ဖုန်း ၀၉-၄၀၀ ၄၅၀ ၇၆၇
၀၉-၂၅၆ ၀၃၅ ၅၀၇
၀၉-၈၉၆ ၄၆၀ ၁၅၂
ရွှေကျီးသာကျောင်း၊
ကျီးကန်ရွာ၊ ခင်ဦးမြို့နယ်။

သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**ရာဇာဝင်း(ယင်းမာ)**

ကိုးကားချက်

▲ ဆရာတော် ဘဒ္ဒန္တနိမလ၏ ဘဝဖြစ်စဉ်အကျဉ်း။
▲ ဆရာတော် ဘဒ္ဒန္တနိမလထံ မေးမြန်းလျှောက်ထားခြင်း။
▲ ပေါက်မြို့နယ်မှ ဆေးကုပြန်လာသူ လူနာများနှင့် တွေ့ဆုံခြင်း။

# မြို့ဦးလွင်ဆရာတော်

မင်းရဲလွင့်

ဟောကြားတဲ့ ပရိတ်တရားတော်နဲ့ ပွဲတွေဖြစ်ရပ်များ

အင်္ဂုလိမာလသုတ်နှင့်

ပွဲတွေ့ဖြစ်ရပ်

တန်ခူးလရဲ့ မိုးရွာပြီး နေသာတဲ့ နေ့တစ်နေ့ပေါ့။ မိုးကုတ်မြို့-မြို့ဦးလွင် တောင်တော်မင်္ဂလာရဲ့ တောင်ပတ်လမ်း တစ်နေရာမှာ စင်္ကြံလျှောက်နေတဲ့ ဆရာတော်ရဲ့ နောက်ကို ဒကာမတစ်ဦး အပြေးအလွှား လိုက်လာပြီး အားကိုးတကြီးနဲ့ လျှောက်ထားတောင်းပန်နေတာ တွေ့ရပါတယ်။

စာရေးသူက ဆရာတော်ရဲ့ အနားမှာ ရှိနေတယ်လေ။

'ဆရာတော်ဘုရား...တပည့်တော်မရဲ့သားလေး မျက်စိတွေနီရဲပြီး မျက်စိနာနေတာ တစ်ပတ်လောက်ရှိပါပြီ ဘုရား။ မျက်စဉ်းခတ်၊ ဆေးထိုးဆေးစားတာ မသက်သာဘူးဘုရား။

အဲဒါ တပည့်တော်မရဲ့သား မျက်စိဝေဒနာ ပျောက်ကင်းအောင် ဆရာတော်ရဲ့ မေတ္တာနဲ့ စောင့်ရှောက် ကယ်မပေးပါဘုရား'

ဆရာတော်က အဲဒီ ဒကာမကို ရေသန့်သန့် တစ်ပုလင်း ယူခိုင်းတယ်၊ ပြီး ရွတ်ပ[illegible]သရဇ္ဈာယ်ပေးပါတယ်။

နောက်ပြီးတော့ ဆရာတော်က အဲဒီပုလင်းထဲက ရေကို မျက်စိနာနေတဲ့ ကလေးရဲ့ မျက်စိထဲ စဏခဏ ခတ်ပေးဖို့ အမိန့်ရှိ မှာကြားလိုက်ပါတယ်။

စင်္ကြံလျှောက်ပြီးလို့ ကျောင်းပြန်ရောက်တဲ့အခါ စာရေးသူက ဆရာတော်ကို မေးမြန်းလျှောက်ထားမိပါတယ်။

မျက်စိနာပျောက်ကင်းအောင် ဘယ်ဂါထာ ဘယ်မန္တန်ကို ရွတ်ပြီး မန်းရသလဲပေါ့။

'ဒီလိုရှိတယ် သားကြီးရဲ့...ဘုန်းဘုန်း ခုနက ရွတ်ပွား သရဇ္ဈာယ်လိုက်တာက ပရိတ်တော်ပါ။ အင်္ဂုလိမာလ ပရိတ်တော်လေ။ **"ယတော,ဟံ ဘဂိနိ"**အစချီပြီး **"ဒိဗ္ဗတာ ဝေါခရောပေတာ"**အထိပေါ့။ မူရင်းသုတ်



• မြို့ဦးလွင်ဆရာတော်ကြီး

ဓာတ်ပုံ မိုးမြင့်မဟာထော်

ကော်မှာ"**တောန သဓွေန သောတ္တိ တော ဟောတု သောတ္ထိ ဂဗ္ဘဿ**"လို့ ဆုပေးတယ်။ အဲဒီ ဆုပေးဆုတောင်းတဲ့ အပိုဒ်နေရာမှာ"**တောန သဓွေန သောတ္တိ တေ ဟောတု သဗ္ဗဒါ**" လို့ သရဇ္ဈာယ်ပေးလိုက်တယ်။

ဒီ အင်္ဂုလိမာလသုတ်တော်ဟာ အစွန့်တန်ခိုးကြီးတဲ့ ပရိတ်တော်ဖြစ်ကြောင်း ဖေယျာသီရိ ဆရာတော်ကြီးက ပြောပြဖူးတယ်။

မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ ၂၃၃ မှာ အင်္ဂုလိမာလသုတ် ပရိတ်တော်က မဖျက်ဆီးနိုင်တဲ့ ဘေးရန်ဆိုတာ မရှိဘူး။ မဟာပရိတ်တော်လို့တောင် ဖွင့်ဆိုထားတယ် ကွယ့်။

အင်္ဂုလိမာလမထေရ်ထိုင်ပြီး သစ္စာပြုရာ ခုံပေါ်မှာ သားမွေးနိုင်တဲ့ တိရစ္ဆာန်မကို တင်ပေးရုံနဲ့ ချက်ချင်းသားဖွားနိုင်တယ်။ အားနည်းလှလို့ ဆောင်ယူ မပို့နိုင်ရင် အဲဒီခုံကို ဆေးလောင်းပြီး ရေပဲ့ရေကို ခေါင်းကနေ လောင်းပေးရင် လွယ်လွယ်ကူကူ သားဖွားနိုင်တယ်လို့ ဆိုတယ်။

ဒါတင် ဘယ်ကလိမ့်မလဲ။ တခြား ရောဂါဝေဒနာတွေလဲ ပျောက်ကင်းချမ်းသာစေနိုင်တယ်လို့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ ပါတယ်လေ။

လောကီအရ ပြောရရင် **အရောင်းအဝယ်မထွက်တဲ့ ပစ္စည်းတွေ ထွက်စေတယ်။ မအောင်မြင်သေးတဲ့ အလုပ်အကိုင်ကိစ္စတွေ ...အောင်မြင်စေနိုင်တယ်။** အင်မတန် အကျိုးများတာကလား...

ဒီအင်္ဂုလိမာလသုတ်ကို ဥုံခံပြီး ရွတ်ပွားလို့ တစ်ဆက်တည်း "မြတ်စွာဘုရား၊ ဆွမ်းခံသွား၊ အမှောင်တံခါးဖွင့်"လို့ ဆိုပြီး (၇)အုပ် ရေကို ပန်းပါ။

ရေမန်းတိုက်စရာမလိုတဲ့ ဖျန်းရုံနဲ့လောက်နဲ့ အဖော်အတန်ရောဂါ အန္တရာယ်ပျောက်ကင်းပါတယ်။

အဲ...အလှမ်းဝေးနေလို့ရှိရင် နာမည်သိရုံ၊ မွေးနေ့သိရုံနဲ့ မြင်ရုံကြားရုံနဲ့တင် အာရုံပြု ရွတ်ပွားသရဇ္ဈာယ်လဲ ရပါတယ်။

ဘဘုန်း တစ်ခါက ရွှေဘိုကနေ အပြန် လမ်းဘေး တစ်နေရာမှာ နွားမကြီးတစ်ကောင် မီးမဖွားနိုင်လို့ လဲနေတာ တွေ့ရတယ်။

အဲဒါနဲ့ အဲဒီနွားမကြီးကို ကြည့်ပြီး ကားပေါ်ကနေ အင်္ဂုလိမာလသုတ်ကို ရွတ်ပွားပေးလိုက်တယ်။ ချောချောမောမော နွားလေးမွေးသွားတယ်။

တစ်နေ့သောအခါမှာ ကျောင်းရှိတဲ့ ခွေးတွေ ရက်တရက် ထိုးဟောင်လိုက်၊ အူလိုက်၊ ညည်းလိုက်၊ လဲသွားလိုက် ဖြစ်နေကြတာ တွေ့ရတယ်။ အဲဒီအခါမှာ ဘဘုန်း ဒီဂါထာကိုပဲ ရွတ်ပွားလိုက်တယ်။ ခွေးတွေ ပကတိ ငြိမ်လို့ သွားကြတယ်။

အမျိုးသမီးတွေ အထိတ်အလန့်ဖြစ်နေတာ၊ အော်ဟစ် ညည်းညူနေတာ၊ တချို့ တုန်ခိုက်ပြီး အသံမထွက်တော့လဲ မျက်ဖြူဆိုက်သွားတဲ့အထိ ဖြစ်နေတာတွေ တွေ့ဖူးတယ်။

ဒီအင်္ဂုလိမာလသုတ်ကို အာရုံပြုရွတ်ပွားပြီး...

'ဥုံ မြတ်စွာဘုရား၊ ဆွမ်းခံသွား၊ အမှောင်တံခါးဖွင့်'

လို့ ဆိုတာ ထည့်မန်းပေးလိုက်တယ်။ တစ်ခါတည်း ကျန်းမာပျောက်ကင်းသွားတာ ကိုယ်တွေ့ပဲ။

အေး... နောက်တစ်ခုက အရောင်းအဝယ်ကောင်းလိုတဲ့ပစ္စည်း၊ ထိုင်းနေလို့ ထွက်လိုတဲ့ပစ္စည်း၊ ဒါမှမဟုတ် ဝင်လိုတဲ့ပစ္စည်း၊ အလိုရှိရာဖြစ်ချင်ရာ ပစ္စည်းကို အာရုံပြုပြီးတော့...

'ဥုံ မြတ်စွာဘုရား၊ ဆွမ်းခံသွား၊ အမှောင်တံခါးဖွင့်'

လို့ (၃)ခါ မန်းရမယ်။

စီးပွားဥစ္စာရတနာ ရလို့ဝင်လိုချင်ရင် ဖယောင်းတိုင် (၉)တိုင်ကို (၃၇)အုပ်မန်းပြီး ဘုရားမီး ပူဇော်ရင် လိုရာ အကျိုး[illegible]နိုင်ပါတယ်။


ဒီ အင်္ဂုလိမာလသုတ် ပရိတ်ဂါထာတော်ဟာ ဘုရားရှင် ကိုယ်တော်တိုင် ချီးမြှင့်ပေးတဲ့ ဂါထာတော်မို့ အစွမ်းအစ်ပတန် ထက်လှတယ်။

တကယ်လဲ မှန်တယ်။ အာရုံပြုရာမှာလဲ ထင်လွယ် မြင်လွယ်တယ်။ ယုံယုံကြည်ကြည်နဲ့ စိတ်ချလက်ချ ရွတ်ပွားဖို့တော့ အရေးကြီးတယ် သားကြီးရဲ့

**သိသူတို့ဖော်စား အကျိုးတရား ခံစားနိုင်ကြပါစေ။**

မင်းရဲထွဋ်

စာမျက်နှာ (၉၆)မှ အဆက်



■ မြည်းတော်သာဓါဝင်ကို ဖို့မြှုပ်ထားသော တန်ခိုးရှိ ပုရပိုက်

ကော့ပေါက်ဆရာတော်ဏ်တပည့်
ဒါယကာသုံးဦးအား သွားတွေ့ခြင်း

၁။ သီလရှင်လာတယ်။ တောင်ဝိုင်းက။ ခြော်...: သီလရှင် အစေခံကြီးလာတယ်။ သူ့မှာ အစောင့်ရှိတယ်။ (၂၀၀)ပေးလိုက်။ အပြုံး လိုက်ပို့ပေးလိုက်ပါ။ သီလရှင် ကိုယ့်ကျောင်းမှာ တရားအားထုတ်။

သီလရှင်ကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်လိုက်ကြပါ။ သာသနာ ထွန်းကားအောင်။ ဘုန်းကြီးကို သက်နီးလာလှူတယ်။ တော်သားပဲ။ သာသနာကို အားပေးတယ်။ လဲကျမယ်။ ကောင်းကောင်း။ သူ့မှာ ပုဂ္ဂိုလ်ရှိတယ်။

သီလရှင်ကြီးပဲ ဒုက္ခမဟုတ်ဘူး။ ငါလဲ ငါ့ဒုက္ခ။ ချပ်တရားဟာ ဒီလိုပဲ။ သာသနာ ထွန်းကားဦးမယ် သီလရှင်။ သူက သာမညဆရာတော် အဆက်ရှိတယ်။ **[ထိုစဉ်က သီလရှင်ကြီးမှာ အသက်(၆၅)နှစ်ခန့်၊ ယခုပြန်တွေ့သောအခါ (၈၅)နှစ်လို့သိရပါတယ်။ ဈေးကြီးနဲ့တောင်ဝိုင်း လိုင်းကားနဲ့ သွားလာ သာသနာပြုနေဆဲ ဖြစ်တာကို တွေ့ရပါတယ်။]** ***(ဓာတ်ပုံမှာ ရှုပါ။)***

ဘုန်းကြီးဆီ လာကြတယ်။ အလံတစ်ရာကလဲ လာတယ်။ မြစိမ်းတောင်ကလဲ ဆရာတော်လေး သက်နီးလာကပ်တယ်။ ဘုန်းကြီး ပြန်လှူပေးလိုက်လို့ ဝမ်းသာပြီး ဒီသက်နီးနဲ့ ငါဆိုတော့မယ်တဲ့။

တောင်လေးက ဘုန်းကြီးလဲ လာတယ်။ နက္ခတ်တောင်ဆရာတော်လဲ လာတယ်။ ဆေးဝက်ဘာဆရာတော် လာတယ်။ သာမညဆရာတော်က ရွှေလက်စွပ် ပို့လာတယ်။ မုပွန် သာသနာ့ဇောတက ဆရာတော် အလံတရာက လာတယ်။

မော်ဝိတစ်ထောင်ဆရာတော်၊ မုံရွာဆရာတော်၊ ကော့လှာဆရာတော် အားလုံး ဒီမှာ လာစုကြတယ်။ နာမည်ကြီးပုဂ္ဂိုလ်တွေ။

၂။ မုပွန်ဆရာတော်က ဘုန်းကြီး ဓာတ်လုံးကို ပါးစပ်ထဲ ငုံထားပြီး မနေနိုင်တော့ဘူးဆိုပြီး ဟား...ဟား... ဟား...

"အရှင်ဘုရား...တပည့်တော် မနေနိုင်တော့ဘူး ဘုရား။ မျိုချလိုက်တော့မယ်ဘုရား"

ဆိုပြီး မျိုချလိုက်တယ်။ သူနဲ့ဘုန်းကြီး ဆွမ်းတစ်ဝိုင်းတည်း ဘုဉ်းပေးလိုက်တယ်။ မြှင့်တင်ပေးလိုက်တယ်။ အကြောင်းရှိတယ်'

**[မုပွန်ဆရာတော် အရှင်မာနိတစာရ မုပွန်မြို့သစ်၊ တိုးချဲ့(ရ)လမ်း။ အမှတ်(၅) ဘုန်းတော်ကြီးသင် အခြေခံပညာရေး တွဲဖက်အထက်တန်းကျောင်းသို့တိုးမြှင့်သွားပြီ ဖြစ်ပါတယ်။**

**အခမဲ့ ကွန်ပျူတာသင်တန်းဖွင့်ခြင်းအတွက် သင်ထောက်ကူပစ္စည်း အစုံအလင်ကိုလဲ တွေ့ခဲ့ရပါတယ်။ အဆောက်အအုံများလဲ အလွန် များလာပါတယ်။ ဆွဲ့အနားမကြားကျောင်း ဖွင့်ဖို့ ပြင်ဆင်နေပြီ။]**

ဆေးဒန်းမိုးမျှော် အာယုကပ်ကျော်ဆေးမှာ အရှင်မာနိတစာရထွင် ရှိနေပါတယ်။ ကော့ပေါက်ဆရာတော်ကြီးရဲ့ ဆေးပုလင်းအတိုင်း စားပွဲပေါ်တင်ထားတာ တွေ့ခဲ့ရတယ်။ ဓာတ်လုံးများကိုတော့ ထုတ်မပြသေးပါဘူး။

ကော့ပေါက်ဆရာတော်ကြီးရဲ့ ပုံရိပ်ရှိသော အလွန်တိုးတက်လာသော အရှင်မာနိတစာရရဲ့ သာသနာဇောတကကျောင်း ပညာရေးအလှူဒါနအဖြစ် ကျွန်မတစ်သိန်းကျပ်တိတိ လှူဒါန်းခဲ့ပါတယ်။ *[နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၇)၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလထုတ် စာမျက်နှာ(၆၈–၆၉)တွင် ရှုပါ။ အရှင်မာနိတစာရနဲ့ ကော့ပေါက်ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိ ဖော်ပြထားပါတယ်။]*

ပစ္စည်းလေးပါး ဒါယိကာမ ဒေါ်ဝင်း(ပြည်တော်သာ)

**၃။ပြည်တော်သာ(အမြဲဆွမ်းပို့သောဒေါ်ဝင်း)**

'ဟင်းနည်းနည်းဆို တော်ပြီ။ ဟင်းတွေ များနေတယ်။ ဆွမ်းမြိန်တယ်။ ငှက်ပျော်ကြော် ကောင်းတယ်'

ဆေးဝက်ဘာဆရာတော် ပေးသော ဆေးလက်ဖွဲ့ကြိုးကို ဒေါ်ဝင်းအား ပေးလိုက်တယ်။ ဘွဲ့ယူတော့ ဆရာတော့်ကို ရွှေလက်စွပ်လှူတယ်။ ပြည်တော်သာက လေ။ ဆေးတော်ကြိုး လေးထောင့်တုံးနဲ့ သစ်သားလက်ညှိုးခန့် ဒေါ်ဝင်းပေးကာ...

'တန်ဖိုးရှိတဲ့ပစ္စည်းတွေနော်... သိမ်းထား။ ပစ္စည်းလေးပါး ဒါယိကာမလို့ခေါ်တယ်။ ပီးပီထောင်။ ကိုစရာ ဘုန်းကြီးမြင်တာ သူသိတယ်။ အချို့ တုန်းကြီးကြိုက်တယ်။ ရောက်သီးသုပ်။ **ပြည်တော်သာ ဆွမ်းဒါယိကာမ ရောက်ပြီလား'**

**[ပြည်တော်သာက ဒေါ်ဝင်း ဆွမ်းဇန်းလာမှ ဆွမ်းဘုဉ်းတယ်။ စားပွဲပေါ်မှာ စားဖွယ်အကောင်းစားများ ရှိသော်လဲ အမြဲစောင့်၍ ချီးမြှောက်တတ်တယ်။]**

ဒေါ်ဝင်းကို သွားတွေ့တော့ ပြည်တော်သာရှိ အိမ်ကို ပိတ်ပြီး တောင်ဝိုင်း ပန်းစိုက်ခြံထဲမှာ သွားတွေ့ရပါတယ်။


ဆရာတော်ရဲ့ သက်ပျောက်သက်န်းကို ကျွန်မတို့တစ်တွေ ခွဲဝေဖြတ်တောက် ယူခဲ့စဉ်က သင်္ကန်းစများ၊ ဆရာတော်ချီးမြှင့်ထားသော ပစ္စည်းများကို ထုတ်ပြတာကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား ဓာတ်ပုံဖြင့် ဖော်ပြလိုက်ပါတယ်။

ဒေါ်ဝင်းဆီမှာ ဆရာတော်ချီးမြှင့်ထားသော ဓာတ်လုံးတစ်စုံ(နှစ်လုံး)က တစ်လုံးမှာ အောက်ပြုတ်ကျသွားပြီး



မုံရွာမြို့ သင်္ဘောဆိပ်ရဲ့ (၇)လမ်း၊ အမှတ်(၅) ဘုန်းတော်ကြီးသင် အခြေခံပညာရေး တွဲဖက်အထက်တန်းကျောင်းရှိ ကော့ပေါက်ကျောင်းလေး

✱ ဖမ့်ဘူဆရာတော် အရှင်မာနိတစာရကျောင်းမှ ကွန်ပျူတာ သင်ထောက်ကူပစ္စည်းများအချို့



ပြန်ရှာမရဘဲ ပျောက်သွားပါတော့တယ်။

ထူးခြားမှုကတော့ အကြီးအကျယ် တောမီးလောင်သော်လဲ ဆရာတော်ကို တမ်းတ ဆုတောင်းနေရင်း မီးဘေးက လွတ်ခဲ့တယ်လို့ ပြောပြပါတယ်။

မိသိန်းတို့ဆီကလဲ ဆရာတော်ရဲ့ ဓာတ်လုံးတစ်စုံက မီးကွင်းတယ်လို့ သိရပါတယ်။

ဒေါ်ဝင်းကို ...နေတော့ကာ တစ်ဝက်ခွဲပေးလိုက်သော ဆေးတော်ကြိုးနဲ့ သစ်သားကို ယူလို့ ပြန်ခဲ့ပါတယ်။


ကော့ပေါက်ဆရာတော်ကြီးကို မမေ့ကြသော တပည့်ဒါယကာ,ဒါယိကာမများထံသို့ ရှာဖွေတွေ့ဆုံကာ ရေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများ ပြောကြရင်း ကော့ပေါက်ဆရာတော်ကြီးကို ကိုးကွယ်ခဲ့ကြသူများ တိုးတက်နေသော မြင်ကွင်းအချို့အား နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား တင်ပြရင်း **ဆရာတော်ကြီး ရွေးချယ်လိုက်သော ထွက်ရပ်လမ်းကို နောက်အပတ်ရေးရင်း နိဂုံးချုပ်ပါ့မယ်။**

သီတာဆန်း(မော်လမြိုင်)

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ (၆၈)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



• မဟာဝိဇယရံသီစေတီတော်နှင့် စေတီတော် အထွတ်တင်ထားသည့် [illegible] ([illegible])

### မဟာဝိဇယစေတီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** [၃-ကြိမ်]

ဝေဒ ဂန္ဓ နိတပေတွာ၊
မဟာထေရေန ကာရိတံ၊
မဟာဝိဇယ စေတိယံ၊
ဝန္ဒာမိ သိရ သာဒရံ။

### မြန်မာပြန်

**ဝေဒဂန္ဓေ၊** အင်း၊ ပေဒင်ကျမ်းတို့၊ **နိမာပေတွာ၊** ထည့်သွင်းနိုက်ကာ ဌာပနာတော်မူ၍။

**မဟာထေရေန၊** မွန်အရှင် စူဠကိုဝ္တို ဆရာတော်သည်။

**ကာရိတံ၊** စီရင်တည်ထား ပြုလုပ်အပ်သော။

**မဟာဝိဇယ စေတိယံ၊** မဟာ ဝိဇယရံသီ ဘွဲ့အမည်ရှိသော စေတီ တော်ကို။

**အဟံ၊** "..."ဟု နာမသံမှတ် အကျွန်ုပ်သည်။

**သိရသာ၊** မြင့်မြတ်လှသော ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။

**အာဒရံ၊** လေးစားကြည်ညို ရိုသေလှစွာ။

**ဝန္ဒာမိ၊** ရှိခိုးဦးချ ကန်တော့ပါ၏။

### ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၆၂ ခုနှစ်။


### ဒါယကာ

ဗားမဲ့တိုက်နေ အရှင်မြတ် စူဠကိုဝ္တိနှင့် အရှင်နာဂ အရှင်သူမြတ်။

### တည်နေရာ

စစ်ကိုင်းတောင်ရိုး၊ ရှင်ပင်နံ့ကိုင်း အနောက်ဘက်၊ ကျိုက်ပဒိုင်ချောင်း။

F.14A. October, 2018.



▲ ယဟာဝိဓယဆံ့ဒါတော်ပေါ်တော်မြတ်အား သိမ်တော်ကြီးအနီး အောင်မြေထောင်အား ပူဇော်ကုံ

▼ တာမဲ့အရာဇတော်ကြီးမျိုး ယှုန်ပြုထေဝီ ထော်အား ကျိုက်ထိုင်ချောင်ပါဝိုင်အတွင်း၀ ပူဇော်ကုံ





● မဟာဝိဇယရံသီစေတီမုခ်ဦးတွင်းမှ
ရှေးဟောင်းရုပ်ပွားတော်



● အလှူရှင်များမှ ထော်တယ် ဓာတ်၊ ရွှေရောင်မြားဖြင့် စေတီတော်
ကိုယ်လုံးပြည့် ပူဇော်ထားသော ထားတော့ရွာစေတီ



● မဟာဝိဇယရံသီစေတီတော်၏ ဆောင်တန်းမြောက်ရှိ ခြင်္သေ့ရုပ်

ပွဲတော်ရက်

အခါအားလျော်စွာ ကျင်းပ၏။

အောင်မြေ

စေတီတော်၏ တနင်္ဂနွေထောင့်။

အစောင့်အရှောက်

အင်းဘီလူးကြီး။

မဟာဝိဇယရံသီ စေတီတော်ကြီးမှာ ပြာသာဒ်ကြီးစေတီတော်၏ အရှေ့မြောက်ထောင့်အရပ် အနီးကပ် တည်ရှိသောကြောင့် လည်းကောင်း၊ ရှင်ပင်နံ့ကိုင်းစေတီတော်သို့အသွား ကားအတက်လမ်း ဝဲဘက်တွင် လွယ်လင့်တကူ ဝင်ရောက် ဖူးမြော်နိုင်ကြ၏။

**ကျိုက်ပနိုင် ချောင်တော်ကြီးကား** အင်း၀ ရွှေနန်းရှင် ဟံသာဝတီ





ဆုတောင်းပြည့် နတ်ရဲ(အင်းစေတီ)အား
အုတ်တံတိုင်းဖြင့် ကာရံထားပုံ
ဆုတောင်းပြည့် နတ်ရဲ
(အင်းစေတီ)အား မှုမြင်ရပုံ ။

မင်းတရား၏ ဘိုးတော်စနေမင်း၏ လက်ထက်တွင် တည်ထားခြင်း ဖြစ်သည်။

မွန်ပြည်နယ် တလိုင်းတိုင်းရွာနေ "**ဘောဂရတနာ**"ဟုဘွဲ့မည်ရသော **မွန်သူဌေးကြီးက** ကျိုက်ပဒိုင်ချောင် သိမ်နှင့်တကွ သာသနာတော်ကြီး အတွက် လှူဒါန်းသည့် ကုသိုလ် တော်ဖြစ်သည်။

ဗားမဲ့အနွယ် အင်းစေတီများ


၁။ မဟာဝိဇယရံသီ အင်းစေတီ
၂။ လေးကျွန်းရာဇာ အင်းစေတီ၊
၃။ လောကမာန်အောင် အင်းစေတီ၊
၄။ အောင်ကြိုးဖြိုနလောကဝိဇ္ဇာ အင်းစေတီ၊
၅။ ကျားမင်း အင်းစေတီ၊
၆။ ဆုတောင်းပြည့် နတ်ရဲ အင်းစေတီ၊
၇။ ယုန်ဖြူစေတီ အင်းစေတီ

အထက်ပါ **အင်းတော်ကြီးများ** ဖြင့် ဌာပနာထားသော **အင်းစေတီ (၇)ဆူမှာ ကျိုက်ပဒိုင်ချောင် အတွင်း** တည်ရှိကြသည်။

မဟာဝိဇယရံသီ စေတီတော်ကြီး တည်ဆောက်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာဆင်ယင်ပြီး သောညတွင် အရှင်စူဠနာဂထံ အင်း စောင့်ကြီး ရောက်ရှိလာပါသည်။

အင်းစောင့် နတ်ဘီလူးကြီးက "**အရံစေတီတော်များ ဖြည့်စွက် တည်ထားဖို့**" တိုက်တွန်းလေ၏။

ဆရာတော်က စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် မွန်ပြည်နယ်မှ ဒကာ၊ ဒကာမများကို အခေါ်လွှတ်၍ အကြောင်း ကြားသောကြောင့် ကျိုက်ပဒိုင်ချောင်အတွင်း အရံစေတီ များနှင့်အတူ အခြားသဒ္ဒါရှင်၊ ကုသိုလ် ရှင်များ၏ စေတီများ ပေါ်ထွက်လာ



ဆုတောင်းပြည့် နတ်ရဲ့(အင်းစေတီ)၏
လိုဏ်ဂူအတွင်းမှ အင်းဝခေတ်
ရုပ်ပွားတော်အား ဖူးမြော်ရပုံ
ဆုတောင်းပြည့် နတ်ရဲ့(အင်းစေတီ)မှ
နာမည်ကြီးလှသော ''နတ်ရဲ့
မြားသွားခံစေတော်'' ကလေးအား
လူပြောသောပုံဟန်မြင့် တွေ့မြင်ရပုံ ။

ကြလေသည်။

## စေတီများ တည်ထားပုံ

ကျိုက်ဗဒိုင်ချောင်း၏ မြောက်ဘက်တံတိုင်းအတွင်း၊ အစီအစဉ်မှာ...

၁။ မဟာဝိဇယရံသီ အင်းစေတီ။
၂။ သပိုင်းဝင် ကျိုက်ဗဒိုင်သိမ်တော်ကြီး။
၃။ ဒေးကျွမ်းစေတီ(**အရံစေတီ**)

## အရှေ့ဘက် တံတိုင်းအတွင်း

၁။ လေးကျွန်းရာဇာ အင်းစေတီ။
၂။ အောင်ကြိုးဇိနလောကဝိဇ္ဇာ အင်းစေတီ။
၃။ လောကမာန်အောင် အင်းစေတီ။

## တောင်ဘက် တံတိုင်းအတွင်း

၁။ ရေညိုပ်စေတီ။ ***(ရေသိမ်နှင့်တွဲလျက်)***
၂။ အောင်ချမ်းသာစေတီ။
၃။ ဇိနမာန်အောင်စေတီ။

## အနောက်ဘက်တွင်

၁။ ကျားပင်းစေတီအင်းစေတီ။
၂။ ဆုတောင်းပြည့် နတ်ရဲ့အင်းစေတီ။
၃။ ယုန်ဖြူအင်းစေတီတော်။ ***(ယုန်ဖြူတောင်ထိပ်)***

ဤနည်းအားဖြင့် အရပ်လေးမျက်နှာအား ထူးခြားစွာ အစီအရင်များဖြင့် တည်ထားခြင်းကို လေ့လာနိုင်ကြပါသည်။

ဘားမဲ့ဆရာတော်ကြီး၏ လက်ရင်းတပည့်များတွင် **ဓမ္မစေတီနှင့် ဓမ္မပါလ**တို့မှာ မိဖုရားကြီးရှင်စောပုဖြင့် ဟံသာဝတီသို့ **''ရှင်စောပုဆုတောင်းပြည့်အောင်မြေ''** စေတီတော်တည်ထား၍ **''မွန်ဘုရင်မ**



▲ ကျိုက်ထီးရိုးချောင် အရှေ့ဘက် ကံတိုင်းမှာ ပထမဆုံး ဖူးမြင်နိုင်သော ယပဒကမောက်ကျောင်း(အင်းဝခေတ်)

▼ ကျိုက်ထီးရိုးတောတန်းအတွင်း စံပယ်တော်မူသော ကျွဲလင်း (အင်းဝခေတ်)အား ရှေးရှုမျှော် ဖူးမြင်ရပုံ





▲ ကျိုက်ထိုင်းချောင် အရှေ့ဘက်တံခါးဆိုင်းအတွင်း ဒုတိယမြောက် ဘဏ်ခေတီ
(ဆောင်ကြိုမိန်ခလောကာဘိမ္မာစေတီ)အား ဖူးမြော်ရပုံ

▼ ကျိုက်ထိုင်းချောင်း၏ ဓာနသိမ်နှင့် ဓာနသိမ်စေတီတော်





▲ ကျိုက်ထီးရိုးချောင် တောင်တက်တံတိုင်းအတွင်းမှ မိန်းမာန်အောင်စေတီတော် ဖူးမြင်ရပုံ

▼ ကျိုက်ထီးရိုးချောင်မှ ယနေ့မြို့စေတီအောက်လယ်ကောင်လာတွင် ထိုက်တရာက် ရှင်သန်နေသော ဖြူရောင်ကုန်းပင်များ



တဆထလ-၁၁/၂၀၀၅၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၀ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



# ဦးအောင်မြင့် လှူပွဲတော်ပစ္စည်းများ

သွေးဆေးပွန်း

သွေးဆေးအဆီ

လေသက်ဆေး


နန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

ဖုန်း ၀၁ - ၅၄၁၁၁၆ ၀၁ - ၅၀၁၄၅၁

၀၁ - ၅၅၉၅၅၉ ၀၁ - ၅၄၉၁၀၁


S.A
Lighting
SOE AUNG & BROTHERS COMPANY LIMITED
MCB & RCCB
PVC-LINK
WIREMAN
legrand
MADE IN MALAYSIA
Jasmart
Switch & Socket
FSL
Light Up The World
LED Lighting
Made In Malaysia
YiYuan Te
Lighting
Made In Malaysia
J-LITE
LED
NISHU
AUTOMATIC VOLTAGE STABILIZER
MADE IN VIETNAM
QPS
Automatic Voltage Stabilizer
Made In Malaysia
Made In Malaysia
Magnum
Cable
XLPE
CROWN WIRE
PVC INSULATED POWER CABLE & WIRE
MITSUBISHI
LESSO
Building a Better Life
BOSCH
Invented for life
① No.156, (A/B) 30th Street, Pabedan Township, Yangon. 246434, 240105 FAX : 252320
② No.145, (A) 30th Street, Pabedan Township, Yangon. 248294, 246029, 246031, 385614
③ No. 15, Kaba Aye Pagoda Road, Yankin Township, Yangon. 663234, 665088, 662736, 662842, 701481, 09-31288118
④ No.1, Building (32), 7th Jade Street, Saw Bwar Gyi Gone, Insein Tsp, Yangon. 644322, 663778, 09-43070670
⑤ No. 120, Pyay Road, 10 Miles Gone, Insein Tsp, Yangon. 663366, 662143, 666176, 09-421093254





ကျွန်းမင်းစေတီ၏ လိုဏ်ဂူတွင်း
ရှေးဟောင်းရုပ်ပွားတော်

ကျိုက်ဗိုလ်ကျောင်း အရှေ့ဘက်တံခါး၏
အတွင်း တကိုယ်ယဖြူဘက် အင်းစေတီ
(လေးကျွန်းရာဇာစေတီ)

ကြီး''ဖြစ်ခဲ့လေသည်။

အရှင်စူဠကိတ္တိနှင့် အရှင်စူဠနာဂ ညီနောင်တို့မှာလည်း ဗားမဲ့အင်း ညာဖြင့် ကျော်ကြားသော အရှင်များဖြစ်သည်။ ယနေ့ထက်တိုင် ဗားမဲ့အနွယ်တော်များ ရှိနေကြဆဲ ဖြစ်သည်။

ညီနောင်နှစ်ပါးတို့မှာ ကျိုက်ဗဒိုင် ကျောင်းတော်ကြီး၌ တပည့်စာသင် သားများအား ပိဋကတ်စာပေပို့ချရင်း တစ်ဖက်တွင် ဗားမဲ့ပညာ၊ မန္တန်ပညာ များဖြင့် လိုအပ်သူကို သင်ကြားပေး ခဲ့လေသည်။

နောင်အခါ၌ အရှင်စူဠကိတ္တိသည် စစ်ကိုင်းမြို့ ပျူကံအရပ်ခေါ် ကျောက်ဆစ်ရပ်ရွာ တပည့်များက ပင့်လျှောက်၍ ကျောင်းတင် ကိုး ကွယ်ကြလေ၏။


ကျောက်ဆစ်ရွာတွင် ''ဗားမဲ့သိမ် တော်နှင့် ဗားမဲ့စေတီ'' တစ်ဆူတည်း ထားလေ၏။ ဖဆပလအစိုးရလက် ထက်၌ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ လမ်းမကြီးတိုးချဲ့သောအခါ ဗားမဲ့ စေတီနှင့် အခြားစေတီ(၂၁)ဆူတို့ ပါဝင်သွားရလေသည်။

ရရှိသော ဌာပနာများကို စုပေါင်း ပြီး''**ဒီပလကာရစေတီတော်ကြီး**'' အဖြစ် အသစ်တွန်းပေါ်လာခဲ့လေပြီ။


''**ဗားမဲ့သိမ်တော်**'' ကိုလည်း အသစ် တည်ထားပြီးလေသည်။

ဖေယျာပူရ စစ်ကိုင်းမြို့တော်ကြီး မှာ သက္ကရာဇ် ၇၂၆ ခုနှစ်တွင် မြို့ တော်ကြီးအဖြစ်မှ မြို့ဝန်အုပ်ချုပ်ခံ မြို့နယ်ကလေး ဖြစ်ခဲ့ရလေ၏။

စစ်ကိုင်းတောင်၏ အနေအထား



◆ ကျိုက်ထိုင် အာကာကျွန်းစေတီမှ
အောင်မြေဌာနကို တွေ့မြင်ရပုံ
ကျိုက်ထိုင်း သမိုင်းဝင် သိမ်တော်ကြီး၏
ပလ္လင်တော်မှ အလျားရှည်တစ်ပြိုင်အား
အိပ်မက်ပေးခဲ့သော နဂါးကြီး ◆



မှာရှုကားသူတော်စင်သူတော်ကောင်းများနှင့် တောရပျော် ရဟန်းသံဃာအတွက် ဒေအးချမ်းလှပေတော့သည်။

ကျိုက်ပဒိုင်ချောင်နှင့် ဤတောတောင်သည်လည်း တောရချောင်သဖွယ် တိတ်ဆိတ် ငြိမ်သက်သောတောအုပ်အတွင်း တည်ရှိခဲ့ရလေ၏။

အဆက်အနွယ်များ

၁။ အရှင်စုဠကိတ္တိ (မွန်ဘုန်းတော်ကြီး)
၂။ အရှင်စူဠနာဂ (မွန်ဘုန်းတော်ကြီး)
၃။ ဘွဲ့မည်မှတ်တမ်းမရှိ (ဘုန်းတော်ကြီး)
၄။ အရှင်နန္ဒဝံသ (စိတ်ဖောက်ပြန်သွား)
၅။ ဘုန်းကြီးလှ (လူဝတ်လဲသွား)
၆။ အရှင်ဥတ္တမ
၇။ အရှင်တေဇနိန္ဒ
၈။ အရှင်ရာပ (လက်ရှိဆရာတော်)

အရှင်ရာမ၏ လက်ထက်တော်တွင် ကျိုက်ပဒိုင်ချောင်တော်ကြီးနှင့် စေတီတော်၊ သိမ်တော်ကြီးများမှာ ရွှေရောင်,ငွေရောင်များဖြင့် တင့်တယ် ကြည်ညိုဖွယ်တစ်ဖန် ထွန်းတောက်လာခဲ့လေ၏။


ရှေးဆရာ အဆက်ဆက် လွန်တော်မူပြီး တောကြီးသဖွယ် ဖြစ်ပေါ်ခဲ့ရခြင်းကြောင့် မင်းစံ၊ ရွှေဒုံး ထုံးဘ ရွာသူရွာသားများက လုပ်အားဒါန ပြုကြရလေ၏။

လက်ရှိဆရာတော် အရှင်ရာမ၏ လက်ထက်တွင် ကျိုက်ပဒိုင်ချောင်ကြီးမှာ တောရမဟုတ်တော့ လွန်စွာ တိုးတက်လျက် ရှိနေလေသည်။

ချောင်အမည်သည်ပင် "ကျိုက်



ကျိုက်ပဒိုင် ဓာတုကျွန်စေတီ လိုဏ်အတွင်း စံပယ်တော်မူသော ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်



သမိုင်းဝင် ကျိုက်ပဒိုင်သိမ်တော်ကြီး အတွင်း စံပယ်တော်မူသော ရုပ်ပွားတော်

ပဒိုင် အတုလပြာသာဒ်ကြီးကျောင်း" အဖြစ်သို့ တိုးတက်ခဲ့ရလေ၏။ ထူးခြားသော စေတီများကို အနည်းငယ် ဖော်ပြလိုက်ပါ၏။

### မဟာဇိနေယျဂိုဏ်စေတီ

သမိုင်းဝင် ကျိုက်ပဒိုင်သိမ်တော်ကြီးနှင့် တစ်ဆက်တည်း ယှဉ်လျက်တည်ရှိသည်။ ဗားမဲ့အင်းပညာအတွက် အရေးပါသောစေတီလည်း ဖြစ်၏။

လောကီလောကုတ္တရာ ကိစ္စများအတွက် ဤစေတီတော်၏ တနင်္ဂနွေထောင့် အောင်မြေဌာနသည် ကျော်ကြားခဲ့သောဌာန ဖြစ်သည်။

ယခုအခါ ဘုရားပရဝုဏ် ကျဉ်းကျပ်သော အခြေအနေကြောင့် လည်းကောင်း ကာလရှည် ဇရာများဝိတ်ကြောင့် ပြုပြင်ရှင်းလင်းနေရဆဲဖြစ်သည်။

ရွှေထီးတော်ကြီးကိုလည်း တင်လှူရန် ကြိုးပမ်းလျက် ရှိကြပါသည်။

### အောင်ကြိုးဖိနှောကာဝိဇ္ဇာစေတီ


အင်းပညာ အဓိကဖြစ်သည်။ ဓာတ်ကိစ္စ၊ အဂ္ဂိရတ်ကိစ္စနှင့် တွဲစပ်သော စေတီဖြစ်သောကြောင့် အင်းပညာ တစ်စိတ်တစ်ပိုင်း မူတည်ပါဝင်သော အဂ္ဂိရတ်အတွက် အထူးအားပြုသည့် အစီအရင်စေတီ ဖြစ်သည် ဟု အဆိုရှိသည်။

### လေးကျွန်းဂြေဇာစေတီ

အင်းပညာရပ် အလေ့ဝါသနာထုံသူများအတွက် အရှေ့ကျွန်း၊ တောင်ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း စသော လေးကျွန်းသား ပညာလိုက်စားသူတို့အတွက် ရည်ရွယ်သော စေတီထူးဖြစ်ကြောင့် ဗားမဲ့သမဏသုခ ဆရာတော်ကြီး ဦးဝါသဝမှ အပိန်နှုရှိပါသည်။

### လောကမာန်အောင်စေတီ

အင်းပညာအစီအရင်ဖြင့် တည်ထားခြင်းဖြစ်သည်။ အင်းပညာ ဆောင်ရွက်ရန် မဟုတ်ပါ။



• ဂူအလျောင်းတော်မှ ရုပ်ပွားတော်အား ဖူးမြော်ရပုံ

အကြီးအကဲနှင့် စပ်လျဉ်းသော ကိစ္စ၊ ရာထူးကိစ္စ၊ သူပြုလူပြု၊ စုန်းပယောဂ အန္တရာယ်တို့အတွက် ဆည်းကပ်ရာ စေတီတော်ဟု မှတ်သားခဲ့ရပါသည်။

## ကျားမင်းစေတီ

အခြေတည်၍ မရသော လုပ်ငန်းများ၊ မအောင်မြင်ဘဲ အရှုံးပေါ်သော လုပ်ငန်းများ၊ ခါးပြသူပုန် စသော ရန်သတ္တရုရှိရာဌာနသို့ သွားရောက်ကြရသူများနှင့် တောတောင်ခရီးကြမ်း၌ အလုပ်တာဝန်ထမ်းသူများအတွက် အားကိုးရာ ရန်ကင်းစေတီဖြစ်သည်။

## ဆုတောင်းပြည့် နတ်ရဲစေတီ

ဤစေတီတော်ကား ကလေးသူငယ်များ၊ အပျိုဖော်၊ လူပျိုဖော် ဝင်ခါစ၊ လူငယ်များအတွက် ပူဖော်ပါက ယုပ်စ်သကဲ့သို့ ချမ်းသာစေသည့်စေတီ ဖြစ်သည်။

တစ္ဆေပါခြင်း၊ သရဲကပ်ခြင်း၊ အောက်လမ်းပညာဖြင့် ပြုစားခံရသောသူများအတွက် ရန်ကင်းစေပါသည်။ သရဲတစ္ဆေ ကြောက်ရွံ့သူများ မသွားသင့်သောကြောင့် သော့ခတ်ထားပါ၏။

## ယုန်ဖြူစေတီ

ဗားမဲ့ဆရာတော်ကြီး၏ အဓိဋ္ဌာန်စေတီထူးဖြစ်သည်။ ကျိုက်ဗဒိုင်ချောင်၏ အနောက်ဘက်ကပ်လျက် ယုန်ဖြူတောင်ထိပ်၌ တည်ရှိပါသည်။


ယုန်ဖြူစေတီတော် သမိုင်းအကျယ်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း (၂/၂၀၁၆) တွင် ဖတ်ရှုခြင်းဖြင့် ပိုမိုပြည့်စုံစွာ သိရှိကြည်ညိုနိုင်ကြပါသည်။

အလောင်းတော် ယုန်းမင်းဘဝ နေထိုင်ခဲ့ရာ အောင်မြေလည်း ဖြစ်၏။ ဗားမဲ့ဆရာတော်ကြီး ဓာတ်ကစား၍ အောင်မြင်ရာဖြစ်၍ ယနေ့တိုင် "ဗားမဲ့ဓာတ်လုံးဆေးကန်တော်ကြီး" တည်ရှိပါသည်။

ဖော်ပြပါ ဗားမဲ့ဓာတ်လုံးဆေးကန်တော်နှင့် မဟာဝိဇယရံသီစေတီတော်တို့၏ ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို ဖော်ပြလိုပါသည်။

## ဖြစ်ရပ်ဆန်းကြယ်

မဟာဝိဇယရံသီ စေတီတော်မြတ်သည် ကျိုက်ဗဒိုင်ချောင်တော်



• သမိုင်းဝင်ကျိုက်ထိုင်းသိမ်တော်ကြီး

ကြီးအတွင်း၌ ပထမဆုံး တည်ထားသော ရှေးဟောင်းစေတီ ဖြစ်သည်။ အင်းပညာ အခြေတည်သော အင်းစေတီဖြစ်၍ ထူးခြားသော ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

၁၉၈၈ အရေးအခင်း မတိုင်မီ ဖွန်လအတွင်း ကျွန်ုပ်၏မိတ်ဆွေကြီး တစ်ဦး မိမိနေအိမ်သို့ ရောက်လာပါသည်။ ထိုမိတ်ဆွေကြီးမှာ ကျွန်ုပ်၏ ဆရာအရှင်ဖြစ်သော ဒီပဲယင်းဆရာတော်ကြီးနှင့် ရင်းနှီးကျွမ်းဝင်သူ ဖြစ်ပါသည်။

ယင်းပုဂ္ဂိုလ်မှာ အင်္ဂုလိမာလ်ထိုးခြင်းကို ဝါသနာထုံလှ၏။ ကျွန်ုပ်မှာမူ ဝါသနာမပါသော်လည်း ဆရာအရှင်၏လမ်းညွှန်ခြင်းဖြင့် ရပ်ဝေးမှ ရောက်လာသူအား **ယုန်ဖြူစေတီတော်သို့ ဓာတ်လုံးဆေးဖို့** လိုက်ပို့ရလေ၏။

သူ ကြိုးစား အားထိုက်ထားသော ဓာတ်လုံးများကို ယူဆောင်ကာ ကျိုက်ဗဒိုင်ချောင်းသို့ ရောက်ရှိပါသည်။ ယုန်ဖြူစေတီတော်မှာ ချောင်တော်ကြီး၏ အနောက်ဘက်တောင် ထိပ်တွင် တည်ရှိ၏။

**မာတ်လုံးဆေး ကန်တော်မှာ** အောက်ခြေ တနင်္ဂနွေထောင့်တွင် ရှိပါ၏။ မိတ်ဆွေကြီးသည် **သူ၏ လည်ပင်းမှကြိုးဆွဲအိတ်အတွင်းရှိ မာတ်လုံးများကို နိုင်လွန်ရေစစ်တွင် ထည့်၍ လက်ဖြင့် ဆကြည့်ပြီး ရေကန်အတွင်းနှစ်၍ ဆေးကြောပါသည်။**

ပါးစပ်မှလည်း "**အောင်မြင်းရှစ်ပါးဂါထာ**"ကို ရွတ်ဆိုနေပါ၏။ ရေစစ်၏အပြင်မှ ဓာတ်လုံးများကို ပွတ်ခြေလျက်နေပါ၏။

(၃)ကြိမ် ဆေးကြောပြီးသော အခါ **မာတ်လုံးကြီးငယ် အရောင်ကွဲများသည် ထူးဆန်းစွာ ရေစစ်အတွင်း** ပေါ်လာပါသည်။

အချို့သော မာတ်လုံးများမှာ ရေပေါ်သို့ ခုန်တက်နေသောကြောင့် ကျွန်ုပ်က သတိပေးရပါသည်။

ကျွန်ုပ်၏ တပည့်ဖြစ်သည့် မောင်ခင်မော်သည်လည်း ယခုကဲ့သို့ပင် မားမဲ့မာတ်လုံးဆေးကန်၌ ဓာတ်လုံးဆေးရာ ဓာတ်လုံးလေး ခုန်ထွက်ပြီး ရေကန်တော်အတွင်း ကျရောက်ဆုံးရှုံးခဲ့ရဖူးပါသည်။

ထိုအကြောင်းကို **နက္ခတ္တရောင်**



◆ မဟာဝိဇယရံသီစေတီတော်အား ဗုဒ္ဓလျောင်းတော်မူရာဆောင်နှင့်
သမိုင်းဝင် ကျိုက်ထိုင်သိမ်တော်ကြီး၏ အလယ်တွင် ဖူးမြင်ရပုံ

**ခြည်မဂ္ဂဇင်း(၈/၂၀၁၆) ကျွန်ုပ်နှင့် ဆရာအရှင် ပုဂ္ဂိုလ်ထူးများ ဆောင်းပါးတွင်** အသေးစိတ် ရေးသားထားပါသည်။

ကျွန်ုပ်က သတိပေးသောအခါမှ ဝမ်းသာအားရစွာ ရပ်နားလိုက်ပါသည်။

မိတ်ဆွေကြီးမှာလည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေလေပြီ။

ကျိုက်ဇိုင်ချောင်သို့ ရောက်ရှိသောအခါ "**မဟာဝိဇယရံသီစေတီတော်၌ သိဒ္ဓိတင်လိုကြောင်း**" ပြောဆိုလေရာ အောင်မြေခြသေ့ အနီး ဘုရားဝတ်ပြုကြပါသည်။

အကယ်စင်စစ် ကျွန်ုပ်မှာ "**ဓာတ်လုံးများကို သိဒ္ဓိတင်ခြင်း**" အကြောင်းကို လုံးဝပင် မသိပါ။ နားလည်ခြင်း မရှိပါ။ မိတ်ဆွေကြီး၏ လုပ်ရိုးလုပ်စဉ် ဟူ၍သာ ထင်မြင်ပါသည်။

ဖယောင်းဆီမီး၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကာ ဝိဇ္ဇာမင်းကြီးများကို ပင့်ဖိတ် မေတ္တာပို့လျက် ရှိနေပြီး ဓာတ်လုံးများကို လက်ဖဝါးဖြင့် ဆုပ်ကိုင်ထားပါသည်။

အမွှေးတိုင်၊ ဖယောင်းတိုင်များမှာ (၂)ပေခန့်ရှိသော ပစ္စယာတွင် ထိုးစိုက် ပူဇော်ထားခြင်းဖြစ်သည်။

ဖယောင်းတိုင်မှာ ဘာကြောင့်မသိ လဲပြိုသွားပြီး အုတ်ခုံပေါ်၌သာ တောက်လောင်လျက် ရှိနေလေ၏။ မိတ်ဆွေကြီးကား သိမြင်ဟန် မရှိပါ။

ကျွန်ုပ်မှာမူ မိမိကိစ္စ မပါသူဖြစ်၍ သစ်ရွက် အမှိုက်ခြောက်များကို ကောက်ယူကာ တံတိုင်းအပြင်သို့ သွားပစ်နေပါသည်။

မကြာမီ မိတ်ဆွေကြီး၏ အော်ဟစ်သံကြောင့် အမှိုက်ပစ်ရာမှ အမြန် ပြန်ပြေးခဲ့ရလေ၏။

မိတ်ဆွေကြီး၏ လက်တွင် ဆုပ်ကိုင်ထားသော ဓာတ်လုံးများကို အခြား လက်တစ်ဖက်ဖြင့် ဆွဲခွာရင်း အော်ညည်း လူးလှိမ့်ရှားနေပါသည်။

'ကျုပ်လက်ကို ရေလောင်းပေးပါ မြန်မြန်လောင်း၊ မြန်မြန်လောင်း'

ဟုလည်း ပြောဆိုသောကြောင့် ညောင်ရေအိုးမှ ပန်းများကို စွန့်၍ လောင်းချလိုက်ရလေ၏။

မေးကြည့်သောအခါ...

'သိဒ္ဓိတင်နေဆဲ ဖယောင်းတိုင် လဲကျပြီး ဖယောင်းရည်တွေက ကျုပ်ဆီ စီးဆင်း





● ကျိုက်ထိုင်သိမ်တော်ကြီးအတွင်း
စံပယ်တော်မူသော ရုပ်ပွားတော်၏ ခုနစ်သတ္တရက်
ကျိုက်ထိုင်ချောင်း ဆေးကျွန်းစေတီမှ
နဂါးရစ်လေးမျက်နှာ အောင်တံခွန်တိုင် ●

လာတာဗျ၊ တစ်ပိုင်ပိုင်က "အဲဒီဖယောင်းရည်ထဲ စိမ်လိုက်"ဆိုတာနဲ့ တတ်လုံးတွေကို စိမ်လိုက်ကာရှိသေး၊ လက်ကို ဖယောင်းရည်ပူတွေ လောင်တော့တာပဲ ကြည့်ပါဦး'

အမှန်ပင် လက်ဝါးထဲတွင် ဖယောင်းရည်နှင့် ဓာတ်လုံးများ တွဲကပ်နေပါသည်။ သူ၏လက်မှာလည်း နီရဲနေလေ၏။ ဓာတ်လုံးများကို ကျွန်ုပ်က ခွာထုတ်ပေးသော အခါ အလွန် ပူလောင်နေပါသည်။

လုံးဝ မဖြစ်နိုင်သော ဖြစ်ရပ်ဆန်းပင် ဖြစ်သည့်အတွက် ထိုအဖြစ်အပျက်ကို ဆရာတော်ကြီးအား လျှောက်ထား မေးမြန်းသောအခါ...

'သူ့ဓာတ်လုံးက အဆင့်တစ်ခု အောင်မြင်တာကို မသိဘဲ၊ သိဒ္ဓိသွားတင်တာ အများပဲဗျ၊ ဒီဓာတ်သားကို အင်းမပါတဲ့ ဓာတ်သားဆိုတော့ အင်းစေတီမှာ တလွဲလုပ်မိလို့ ပျက်စီးသွားတာ'

ဟု အမိန့်ရှိပါသည်။

သို့အတွက် အင်းပညာရှင်များ၊ ဓာတ်ပညာရှင်များသည် မိမိတို့ လိုက်စား ကြိုးစားထားသမျှ (အလဟဿ မဖြစ်ရလေအောင်) **အသေးအဖွဲ့ကိစ္စ** ဖြစ်သည့်တိုင် ရှောင်ရန်ဆောင်ရန်များကို ဖြည့်ဆည်း နားလည်းထားဖို့ လိုအပ်မည်ဟု ထင်မြင်မိပါ၏။

မဟာဝိဇယရံသီ စေတီတော်မှာ **ဗားမဲ့ဆရာတော်များ၏ အင်းကိစ္စ အထူးပြုခြင်းကြောင့် ဓာတ်မဆိုက် ဓာတ်နိုက်သွားရသည်**ဟု ထင်ရပါသည်။

ယခုအခါ "မဟာဝိဇယရံသီ စေတီတော်"မှာ ဗားမဲ့အန္တယ်တော်များနှင့် အင်းပညာဝါသနာရှင်အနည်းငယ်သာ "ဂဃနဏ" သိရှိကြသောကြောင့် လည်းကောင်း၊ စစ်ကိုင်းမြို့မှ ဓာတ်ဆရာများ၊ ဂန္ဓာရီဆရာများသာ အကြောင်းအားလျော်စွာ ရောက်ရှိလေ့ ရှိလေရာ လူသိနည်းလှပေသည်။

ရှေးဟောင်း စေတီတော်ဖြစ်သော်ငြား ထင်ပေါ်ခြင်း မရှိသောကြောင့် ပြုပြင်ရန် ဆရာတော်များက ကြိုးစားနေကြပါပြီ။

- စေတီတော်ကြီး၏ ရွှေထီးတော်၊
- ပစ္စယာ(၃)ဆင့်မှ ရွှေစေတီ၊ ကလသာအိုး၊
- အရှေ့လှည့်လိုဏ်မုခ်၊
- တနင်္ဂနွေထောင့်မှ အောင်မြေ၊
- အုတ်သားပေါ်နေသော ဖိနပ်တော်။

အထက်ပါတို့ကား အဓိက ဖြည့်ဆည်း ကုသိုလ်ပြုဖို့ လိုအပ်နေလေသည်။

အကျိုးကျေးဇူး

ကမ္ဘာတစ်သိန်း၌ ပဒုမုတ္တရ

မြတ်စွာ၏ စေတီတော်ကြီး ပျက်စီး လျက်ရှိ၏။

အရှင်ပဘာက်ရမထေရ်မြတ် ဖူး တွေ့သည့်အခါ ပေါင်းမြက်သုတ် သင်ရှင်းပြီး ကြည်နူးဝမ်းမြောက်စွာ ရှစ်ကြိမ်တိုင်အောင် ကန်တော့ပါ သည်။

ဘုရားစေတီ မပြုပြင်နိုင်မီ ရှင်း လင်း ကန်တော့တဲ့အတွက် နတ်မင်း အဖြစ် အကြိမ်(၃၀၀)၊ စကြဝတေး မင်းအဖြစ်(၂၅)ကြိမ်၊ ဘဝတိုင်းငယ် ကျင်လည်ရာမှာလဲ ဥစ္စာစည်းစိမ် များစွာ ရရှိပါတယ်။

(၉၆)ပါး ရောဂါဝေဒနာလဲ ကင်း ပါတယ်။

စေတီတော်ကြီးကို ပြင်များ ပြင် လိုက်ရင်တော့ တစ်ထိုင်တည်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်ပါကြောင်း **"ပဘာက်အပါဒါန်"** မြန်မာပြန်၌ ဟောကြားခဲ့ပါသည်။

ရှင်ပင်နံ့ကိုင်းစေတီတော်သို့ လာ ရောက်ပါက အလွယ်တကူ ဝင် ရောက် ပူဇော်နိုင်သည့်စေတီ ဖြစ်ပါ သည်။

***အဝေရာဘေးမဲ့ လိုဆန္ဒ ပြည့်ဝ ချမ်းသာကြပါစေ။***

အောင်ရွှေမြတ်
*(စစ်ကိုင်းတောင်)*

ကိုးကားစာများ

၁။ စစ်ကိုင်းသာသနာဝင်ကျမ်း။
၂။ သမြူးမြသောင်း၏ စစ်ကိုင်း ဘုရားများ။
၃။ ဦးဖိုးကျား ခေတ်မှီရာဇဝင်။
၄။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၈/ ၂၀၁၅)။
၅။ ဒီပဲယင်းဆရာတော်ကြီး၏ ဩဝါဒ။
၆။ ဦးကုလား ရာဇဝင် တ/တွဲ။
၇။ နိဗ္ဗာန်ဆိပ်ဦးစေတီ နှိုးဆော်စာ။



ကျိုက်ထိုင်ဘောမွဲဥယျာဉ်အတွင်းမှ
သက်တမ်းရာကျော် မန်ကျည်းပင်ကြီး၏ (၂)ပက်မြင်း တံခါးပေါက်

# မယ်တော်ကြီး ဒေါ်သုမင်္ဂလ

## ၏ ဘဝမှတ်တမ်းအချို့နှင့် ကန်တော့ပန်းလွှာ ( ၁ )

ထက်မြင့်ကျော်စွာ

၂၀၁၈ ခုနှစ် နွေဦး နှစ်သစ်ကူး ပွဲတော် ပြီးစီး၍ တာဝန်ယူထားသော ကိစ္စများ လက်စသတ်နေချိန်တွင် မြွေလေး၊ ကွဲဆည်ကန်ရပ်နေ ညီငယ် ကိုလှဌေးက တံတားဦး၊ ကောအင်းဒေသများသို့ လေ့လာ ရေးခရီးထွက်မည်ဟု သိရလေ သဖြင့် သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလ နေထိုင်ရာ ပင်းယ ရွှေစည်းခုံကုန်းတော်သို့ ဝင်ရောက် လေ့လာကြည့်ရန် အကြံပေးခဲ့ သည်။

များမကြာမီ သူ့ထံမှ အကြောင်း ပြန်လာသည်။ မယ်တော်ကြီး ဒေါ်သုမင်္ဂလသည် **၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့ကပင်** ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဟု ဆိုလေသည်။

ကျွန်ုပ် မအံ့ဩမိပါ။ အမေသည် ဤခရီးအတွက် **လွန်ခဲ့သော (၂)နှစ်ခန့်ကပင်** ကြိုတင်ပြင်ဆင် ထားခဲ့ပြီး ဖြစ်လေသည်။



▲ သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလ

### လိုသောဆုနှင့် ပြည့်လေပြီ

'လူတွေက ရွှေငွေဥစ္စာ လာဘ်လာဘ ပကာရတွေ ပြည့်စုံအောင် ဆုတောင်း ကြတယ်။ လူကလေး... ပင်းကကော ဘာဆုတောင်းလေ့ ရှိသလဲ'

'မိသားစု ပြည့်ပြည့်စုံစုံနဲ့ သာသနာအကျိုး ဆောင်နိုင်မယ့် ဆုလာဘ်ပါ အမေ'

'အေး...အေး... ပြည့်မှာပါ။ ပါက တော့ ရုပ်နဲ့နာမ် တစ်ပြိုင်နက် ချုပ်ငြိမ်း မယ့် သေခြင်းဆုကိုပဲ လိုချင်တယ်။ သေချင်ပေမယ့် သေလို့ မရသေးဘူး။ သံသရာဘဝ အဆက်ဆက်က အကြွေး တွေ ဆပ်,ဆပ်နေရတယ်။ သတ္တဝါတွေ ကို ကယ်နေရတယ်'



ထေတီထောင် မွန်းဆင်ဦးက ဌာပနာမျှော်နှင့်အတူ

'မုန့်ဖြို့ ပထမ မင်းကုန်းတောရ ကျောင်းဆရာတော်လဲ ၎လိုပဲ မိန့် ပါတယ် အမေ'

'ငါ့အလိုချင်ဆုံးက သေဆုံးခြင်း ဆုလာဘ်ပါတဲ့။ အမြဲတမ်း မိန့်တော်မူပါ တယ်'

ယခု အမေ့ဆန္ဒ ပြည့်ဝလေပြီဟု နောက်ဆုံးအကြိမ် တွေ့ရစဉ်က အဖြစ်ကို သတိရမိ၏။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ က မယ်တော်ကြီးရှိရာ **တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ ပင်းယ ရွှေစည်းခုံကုန်းတော် ကျောက်စာ တန်ဆောင်းသို့** ရောက်ဖြစ်ခဲ့သည်။

ဦးချကန်တော့ပြီးသည်နှင့်...

'နေဦး...မင်းစားဖို့ မုန့်သွားယူ လိုက်ဦးမယ်'

ဟု ဆိုကာ တန်ဆောင်းအတွင်း ဝင်ရောက်သွားသည်။ ထိုစဉ် ဝေယျာဝစ္စ ဝိုင်းကူလုပ်ကိုင်ပေးနေ သော အမယ်အိုက တီးတိုးဆိုလာ၏။

'မွန့်လေးက ဆရာတော်တစ်ပါးက ပြောတယ်။ ဒီဆရာကြီး အသက်ကြီးလို့ ကယောင်ချောက်ချား လျှောက်ပြောနေ သတဲ့။ မင်းလဲ သူ ဘာပဲပြောပြော ခေါင်းသာညိတ်နေ'

ဟူ၏။

မကြာမီ အမေသည် မုန့်ပုံးသစ် တစ်ပုံးကိုင်၍ ထွက်လာသည်။

အမေ့ထံသို့ လာရောက် ဂါရဝပြု နှုတ်ဆက်လေတိုင်း သူတစ်ပါး စားကြွင်းကို စားခွင့်မပြုပေ။ ယုတ်စွ အဆုံး လက်ဖက်ပဲကြော်စုံအစ်ခွက် သော်မှ အကုန်လဲလှယ်ကာ အသစ် တည်လေ့ရှိသည်။

'လူတကာကို လမ်းအသိ ဖွင့်ပေးတဲ့ စာရေးဆရာကွယ့်၊ သူတစ်ပါးအကြွင်း မစားရဘူး'

ဟု ဆိုတတ်သည်။ ယခင်အကြိမ် များက မိမိလာမည်ကို ကြိုတင် သိနှင့်၍ အသားဟင်း တစ်မည်မျှ ချက်ထားလေ့ ရှိသော်လည်း ဤ တစ်ခေါက်တွင် မုန့်ကိုသာ စွန့်လှူ သဖြင့် အတန်မင် ထူးခြားနေသည်။ မသိ၍တော့ မဟုတ်တန်ရာ မည်သည့်မြို့က ဆိုင်ကယ်ငှားလာ သည်၊ ငှားခ မည်မျှပေးခဲ့ရသည် စသည်အထိ သိနေသူပါ။

'ကဲ...အတွေးများမနေနဲ့ ဒီမှာကြည့် စမ်း... ညက ဘုရားတွေ ကြွလာတာ၊



◆ မယ်တော်ကြီး ဗွန်.လှူခဲ့သော (နောက်ယာ) ရှေးဟောင်းနှစ် ပြည့်စုံကွက်
(နောက်အလယ်)ကျွန်းနက်ရုပ်ပွားတော် (နောက်ခဲ) ဆင်စွယ်ရုပ်ပွားနှင့် ရွှေယင်ရောင်ကျွန်းရုပ်
(ရှေ့)ဆင်မာန်စွယ် ရှင်သီဝလိရုပ်ထု

ဘယ်နှဆူတုံး'

အမေက စာရွက်ပိုင်းတစ်ခုကို ချပေးသည်။ ကုဋေချီသော ကိန်းဂဏန်းများ ရေးထားသည်။ ဆိုလို ရင်း အဓိပ္ပာယ်ကိုတော့ သဘော မပေါက်ပါ။ မိမိကို စေ့စေ့ကြည့်၍…

'မှုန့်စည်းခဲ့ဘုရား ဂေါပကတွေကို တိုင်တည်ထားရတယ်။ တပည့်တော်မ အရှုံးခန်းဝင်နေရလို့ ခွင့်လွှတ်တော်မူပါ ဘုရားလို့'

ဟု ပြောသည်။

ထိုအခါမှ အခြေအနေကို သဘောပေါက်လာသည်။ အမေ ပရိသတ်ကို ရှင်းနေပြီပဲ။ လှမ်းလို သော ခရီးကို မကြာမတင် လှမ်း လျှောက်နိုင်တော့မည်ဟု ခိုင်မာစွာ သိရတော့သည်။

ထိုနေ့က လူသူပရိသတ် ရှင်းလင်းနေ၏။ ဆိတ်ဆိတ်နေ၍ အဓိပ္ပာယ်ရှိသော အပြုံးနှင့် အမေ့ ကို စိတ်တွင်းမှပင် လျှောက်ထားမိ သည်။

'အမေစွန့်တဲ့ ပုတီးကို အမြဲ ကိုယ်နဲ့မကွာ ထားပြီး စိပ်ဖြစ်ပါ တယ်'

'ပတ္တမြားက ဝိတောက်ထား လှည့်ရုံ တောင်းကို ပုတီးလုပ်ထားတာကွယ်။ ပင်နဲ့ ထိုက်လို့ပေါ့'

မိမိက စိတ်တွင်းမှ ပြောသော် လည်း အမေက နှုတ်ထွက်မိန့်ကြား ခြင်းဖြစ်သည်။

'ဆင်မာန်စွယ် ရှင်သီဝလိရုပ်တွေ တော့ ဘုရားစင်မှာ ကိုးကွယ်ထား တယ်'

**'၁၃၄၀ ပြည့်နှစ် (စစ်ကိုင်း ရွှေမင်းဝံတောင်ရိုး မိုးညှင်းချောင် ရှိ)ရွှေဘုန်းပွင့် တန်ဆောင်းမှာ** နေရတုန်း တန်ဆောင်းက အမိုးမလုံ တော့ မိုးရွာရင် မိုးရေထဲ နေရတာ ပဲ။ တစ်ည… သန်းခေါင်လောက် ရှိမယ်ထင်ပါရဲ့။ ရှေးစစ်ဝတ်တန်ဆာ တွေနဲ့ စစ်သူကြီးလို ဝတ်ဆင်ထား တဲ့ လူကြီးတစ်ဦး ရောက်လာပြီး ဘုရားရှိခိုးတယ်။ ပြီးတော့…

"မယ်တော်ကြီး ဒါလေး ယူထားပါ။ နောင် ပေးရမယ့်သူ ပေါ်လာလိမ့်မယ်"

လို့ လက်ကမ်းပြီး ထွက်သွားပါ လေရော။

ကြည့်လိုက်တော့ ရှင်သီဝလိ ပြည်ဝင်ပြည်ထွက် ရုပ်တုတစ်စုံ ဆင်မာန်စွယ်ကွယ့်။ အက်ရာတွေ အထင်းသားနဲ့... ဆင်မအစွယ်ပါ။ နောင် ကျောင်းကလေး ဆောက် လှူကြတော့ ဘုရားစင်ဗီရိုမှာ ထည့်ထားတယ်။ (၂၂)နှစ်ကြာမှ မင်း ရောက်လာလို့ ပေးဖြစ်တာ။ ငါ့သား သမီးရင်းတွေ တောင်းတာတောင် မပေးဘူး။ ရောင်းမစားနဲ့နော်'

ဟု ရယ်လျက် ပြောဏ်။

ထိုရုပ်တုတစ်စုံကို ၁၃၆၂ ခုနှစ် နွေဦးကာလ မယ်တော်ကြီးအား သွားရောက် ကန်တော့စဉ်က ယင်း အတိုင်းပင် ပြော၍ စွန့်လှူခဲ့ခြင်း ဖြစ်သည်။

ယင်းနေ့က နေအတန်းစောင်းမှ ပင် ပင်းယရွှေစည်းခုံ ကျောက်စာ တန်ဆောင်းမှ ပြန်ထွက်လာခဲ့သည်။ နှုတ်ဆက် ကန်တော့သောအခါ ကျောကိုပုတ်၍ **"ဒီတစ်ခါတော့ ဘာမှ ပေးစရာမရှိတော့ဘူး"** ဟု ဆိုဏ်။

ယခင်အခါများက အမေ့ထံမှ အပြန် နှုတ်ဆက်ကန်တော့သော အခါ ငွေသုံးသောင်း စွန့်လှူနေကျ ဖြစ်သည့်အပြင် "နင့်ကလေးတွေ အတွက်" ဟု ဆိုကာ ပဲကြော်၊ မြေပဲကြော်များ ထုပ်ပိုးပေးတတ်လေသည်။ **(သားနှစ်ယောက်ရှိရာ ယခု အသက်(၂၂)နှစ်၊ (၂၆)နှစ် ရှိကြပြီး မွေးကတည်းကပင် သက်သတ်လွတ်သမားများ ဖြစ်ကြ၍ အမေက ခရီးကြုံတိုင်း ပဲကြော်များ စွန့်လှူခြင်းဖြစ်သည်။)**


ဆင်မာန်စွယ် ရှင်သီဝလိ ပြည်ဝင်ပြည်ထွက်

ပဲကြော်များကို ဝယ်၍ရနိုင်သော်လည်း အမေ့ထံမှ ဆုံးမစကား၊ သတိပေးစကားများကား နောင်တွင် မကြားနိုင်တော့ပြီဟု စိတ်မကောင်းစွာဖြင့် ရန်ကုန်ပြန်ခဲ့ရသည်။

စာတည်းချုပ်အားလည်း **"မယ်တော်ကြီး ပရိသတ်ရှင်းနေပြီ"** ဟု သတင်းပေးမိသည်။ ယခင်က ဆားတောင်ဆရာတော်၊ (မောင်းထောင်) ရွာမွန်သုသာန်ဆရာတော်တို့၏ နောက်ဆုံးအခြေအနေများကို သတင်းပေးသဖြင့် စာတည်းချုပ်မှာ အချိန်မီ (ပုံတော်မမှီကလေးတွင်) ဖူးတွေ့နိုင်ခဲ့လေသည်။

## သတိပေး ဆုံးမတော်မူခြင်း

သီလရှင် မယ်တော်ကြီး ဒေါ်သုမင်္ဂလသည် မိမိ၏ ကောင်းမွန်ရာ အနာဂတ်အတွက် အစဉ်အမြဲ ဆုံးမသတိပေးလေ့ရှိသည်။ တစ်နေ့...

တော်သလင်း လမကွယ်မီ အဖိတ်နေ့တစ်နေ့ ဖြစ်သည်။ မိုးညှင်းချောင်သို့သွား၍ မယ်တော်ကြီးအား ဂါရဝပြု ကန်တော့ရာ ရောက်ရောက်ချင်းပင်...

'ပင်း အိမ်ပြန်တော့၊ ဒီလပကုန်ခင် အိမ်ရောက်အောင်ပြန်'

ဟု ဆိုဏ်။

'မနက်ဖြန် လကွယ်ပြီလေ။ ဘယ်လိုလုပ်ပြီး အိမ်အရောက် ပြန်လို့ရမှာလဲ အမေ'

'ဟင်...ဒါဖြင့် မင်းက ဘယ်သွားမှာလဲ'

'ရွှေဘိုဘက်ပါ'

'ဪ...ဒီလိုဖြင့် သွားပါကွယ်၊ ကိစ္စမရှိပါဘူး'

ပင ဘဦးဆန်လှသော အမေ့ စကားကို နားမလည်သော်လည်း ရွှေဘိုမှ ပြန်လာသောအခါ တော်သလင်း လကွယ်နေ့က တောင်တွင်းကြီးတွင် မြေလျှင်ပြင်းထန်စွာ လှုပ်ခတ်ခဲ့ကြောင်း ကြားသိရတော့သည်။

## ငါလည်း မတတ်နိုင်

**၂၀၀၄ ခုနှစ် နှစ်ဦးအစပိုင်းတွင်** စစ်ကိုင်းသို့ ခရီးကြုံသဖြင့် ဒေါ်သုမင်္ဂလအား ဝင်ရောက်ဖူးတွေ့သည်။ ခွေးများ၊ ကြောင်များကို အစာကျွေးနေရာမှ အမှတ်တမဲ့ ပြောဆိုဏ်။

'...တို့ ဇနီးမောင်နှံ ငါ့ဆီ လာသွားကြတယ်။ မရတော့ဘူး။ ငါလဲ မတတ်နိုင်ဘူး။ အတိတ် အကုသိုလ်အဟုန်က မနည်းဘူးလေကွယ်'

မယ်တော်ကြီးအား ကြည်ညိုပါဏ်။ ပြောခဲ့သည်များ မှားသည်ဟူ၍

ခဲ့ပါ။ သို့သော် ယခု ညွှန်းဆိုသော ပုဂ္ဂိုလ်မှာ အထင်ကရ ခိုင်ခိုင်မာမာ ကြီး ဖြစ်နေ၍ စိတ်စနောင့်စနင်း ဖြစ်မိသည်။

တစ်လခန့်အကြာတွင် အထူး ထင်ရှားသော ထိုပုဂ္ဂိုလ်ကြီးအား တာဝန်မှ ရပ်ဆိုင်းအရေးယူလိုက် ကြောင်း တိုင်းသိပြည်သိ ကြေညာ ချက် ထွက်ပေါ်လာလေသည်။ ကြားရသူတိုင်း အထူးပင် အံ့သြ တကြီး ဖြစ်ကြရသည်။ **"စိတ်တွင်းမှ မတင်မကျ ဖြစ်မိသည်ကို ခွင့်လွှတ် ပါ အမေ"**ဟုသာ ပြန်လည် တောင်းပန်ရလေသည်။

## ကိုယ့်အလုပ် ကိုယ်လုပ်

ဒေါ်သုမင်္ဂလ နေထိုင်ရာ မိုးညှင်း ချောင်မှာ စစ်ကိုင်းတောင်တက် လမ်းအစ ဝါးတားဂိတ်မှ လက်ဝဲ ဘက် လျှိုအတွင်း ဆင်းသက်၍ ကုန်းမြင့်ကလေးအတိုင်း အနည်း ငယ် တက်ရသဖြင့် ကျောင်းသို့ ရောက်လျှင် အသက်ရှူမြန်စမြဲ ဖြစ်သည်။

အမေက "အပြန်မှာ ကားကြုံနဲ့ ထည့်ပေးလိုက်မယ်။ နင် ရှာနေရ သွားပြီပေါ့"ဟူ၍ ကျီစယ်၏။

'ရှင်ဘုရင်တွေများ ခြေဖဝါး မြေမကျဘူးတဲ့။ ကျွန်တော်တို့က တော့ ခြေသလုံးအားကိုးမှ အဆင် ပြေတာကလား။ တစ်ခါတလေ လောကမ်အဆိုးတွေ ကြုံရဖန်များ ရင် ဘုန်းကြီးဝတ်ရကောင်းမလား လို့ စဉ်းစားမိတယ်။ သလုံးမြင်းခေါင်း အားကိုးပြီး ဆွမ်းခံစားရ အေးချမ်း မှာပဲ'



မယ်တော်ကြီးငယ်စဉ်က
မသိန်းတင်အေး

'ဟဲ့... သံသရာမှာ ကျင်လည်ခဲ့ သမျှ ရှင်ဘုရင်ဘဝ ဘယ်နှကြိမ် ဖြစ်ခဲ့တယ်ဆိုတာ မင်းသိလို့လား'

'အာ...မသိပါဘူး အမေ'

'အေး...ဒီဘဝမှာတော့ ပင်း ဘုန်းကြီး ဝတ်လို့ မရဘူး။ ကိုယ့်အလုပ် ကိုယ်လုပ် စမ်းပါအေ'

'ဘာဖြစ်လို့လဲ အမေ'

'ဒါက ပြဋ္ဌာန်းပြီးသားပဲ။ ကိုယ့်အလုပ် ဆိုတာ အခုလုပ်နေတဲ့ အယ်ဒီတာ အလုပ်ကို ပြောတာ မဟုတ်ဘူး။ မင်းက ပါရမီတာ အကျိုးဆောင်ရမယ်။ လူ တကာကို ပညာအလီပေးရမယ်။ ဒီတော့ ဘဝစုံမှ အတွေ့အကြုံများမှ အများသူငါ ကို ကူညီပေးနိုင်တော့မှာပေါ့။

ဘဝဆိုတာ ဖြစ်ချင်တိုင်း ဖြစ်လို့မရဘူး။ အကြွေးဆပ်ရသေးတယ်။ သေချာတာ ကောင်း အကြွေးကျေမှ သေလို့ရတာ ကွယ့်'

'ခုနေ ဒီကအပြန် လမ်းမှာ ကျွန်တော် ကားတိုက်လို့ သေသွား ရင် အကြွေးကျေလို့ပေါ့နော်'

'ဟား...ဟား... ဘယ်ရမှာလဲ၊ ရှေ့... ငွေသုံးသောင်း ယူသွား။ လောလောဆယ်ဆယ် အကြွေးတင် သွားပြီ။ အကြွေးကျေအောင် စာရေးပြီး ဆပ်ပါဦး'

ဥပါဒါန်ကြောင့် ဥပဒ်ရောက်မည် ကို စိုးရိမ်သဖြင့် အမေက ကိန်းချေ ပေးခြင်းလည်း ဖြစ်နိုင်ပါသည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ၂၀၁၆ ခုနှစ် အထိ ကာလအတွင်း ဒေါ်သုမင်္ဂလ သည် ကျွန်တော့်အား...

▲ **မြူ-နီ-ညို-ဝါ-စိမ်း ကျောက်ဆုံ ခွာတော်များ။**
▲ **အဖလောင်းစည်လှမင်း စိုက်ပျိုးခဲ့ သော တောဓိညောင်ကိုင်း ရုပ်ပွား တော်။**
▲ **ဓာတုရသာရုပ်ပွားတော် (ဓိဓိမှာ အင်္ဂါသားဖြစ်၍ အမြဲတမ်းတူနှင့် နံ့သင်းအသား ဖြစ်သည်။)**
▲ **ရှားစောင်းနှမ် ရုပ်ဘုရုပ်ပွားတော် များ။**
▲ **သရက္ခန်ရုပ်ပွားတော်...**

စသည့် ကိုးကွယ်စရာ ရုပ်တု ရုပ်ပွားတော်များနှင့်အတူ **ဝက်ဝံ သည်း၊ စပါးကြီးသည်းကဲ့သို့ ရှားပါး ဆေးဖက်ဝင်ပစ္စည်းများ။ နက်နဲ ထူးခြားသော ဂမ္ဘီရပစ္စည်းများစွာ ကို စွန့်လှူပေးခဲ့သည်။**

ဘဝအနာဂတ်အတွက် အကျိုး ရှိစေမည့် သွန်သင်လမ်းညွှန်မှုများ ဖြင့် လမ်းပြကူညီခဲ့သည်။ နောက် ဆုံး တွေ့ဆုံခွင့်ရသည့် ကာလတွင် ကား မယ်တော်ကြီး နေထိုင်သော ပင်းယမ္ဗွစည်းခုံ ကျောက်စာ တန်ဆောင်းအတွင်း၌ မည်သည့်

အသုံးအဆောင်မျှ မရှိတော့ပါ။ ရုပ်တုရုပ်ပွားများမှအစ အားလုံးကို စွန့်လှူလိုက်ပြီး ဖြစ်ကြောင်း သိရသည်။

ထိုမှ (၂၅)လ ကာလအကြာတွင် မယ်တော်ကြီး ဒေါ်သုမင်္ဂလသည် သူ လျှောက်လိုသောလမ်းကို ခြေချ ခွင့်ရသွားရှာပြီ ဖြစ်လေသည်။

## အတ္ထုပ္ပတ္တိအကျဉ်း

သီလရှင် မယ်တော်ကြီး ဒေါ်သုမင်္ဂလာလောင်းလျာ မသိန်းတင်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ အုံ့မှုန်းကြီး ကျေးရွာနေ ဦးဘမော်+ဒေါ်ရွှေအေးတို့မှ မြန်မာသက္ကရာဇ် **၁၂၉၇ ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက်၊ သောကြာနေ့ နံနက်တစ်ချက်တီး အချိန်၌** ဖွားမြင်ခဲ့သည်။

မွေးချင်းလေးဦးအနက် အကြီးဆုံးသမီးဖြစ်၏။ မိဘများမှာ တောင်သူသူရင်းငှားများ ဖြစ်ကြသော်လည်း မသိန်းတင်လေး မွေးဖွားပြီးနောက် စီးပွားရေး ပြည့်စုံလာကာ မြေပိုင်ယာပိုင်များ ဖြစ်လာကြသည်။

**အသက် (၁၂)နှစ်အရွယ်တွင်** ရဟန္တာဟု ထင်ရှားကျော်ကြားနေသော ဝေဘူဆရာတော်ကြီးအား ဝက်လက်မြို့နှင့် မဝေးလှသော ခင်ဦးမြို့နယ်၊ အင်ကြင်းပင်တောရသို့ လူကြီးများနှင့်အတူ သွားရောက်ဖူးမြော်ဖြစ်သည်။

ငယ်ရွယ်စဉ် ကလေးဘဝဖြစ်၍ ဘုရားဖူး အပျော်ခရီးအဖြစ်သာ သွားခဲ့၍ တရားဘာဝနာအလုပ် မလုပ်ဖြစ်ခဲ့ပါ။

(၁၉)နှစ်အရွယ်ရောက်မှ **အမရပူရမြို့ရှိ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလအား ဖူးတွေ့စဉ် ဆရာတော်ကြီးက တိုက်တွန်းသဖြင့် ဝိပဿနာတရားစခန်းဝင် ဖြစ်ခဲ့ရာ (၃)နှစ်မျှ ကြာခဲ့သည်**ဟု မယ်တော်ကြီးက ပြောပြသည်။

ဓမ္မသဘာဝကို သိမြင်၍ ဆရာတော်ကြီးကပင် ချီးကျူးရသော အခြေအနေတွင် မိဘများက ပြန်ခေါ်၍ နေရာချထားပေးသည်။

သို့ဖြစ်၍ အသက်(၂၂)နှစ်တွင် ငါန်းဇွန်မြို့နယ်၊ သကြွမ်းကုန်းရွာသား ကိုလှမြိုင်နှင့် အကြောင်းပါခဲ့သည်။ ထိုစဉ်က ကိုလှမြိုင်သည် ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးစပ်ဆရာအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။

သားသမီး(၅)ဦး ထွန်းကားရာ အိမ်ထောင်တာဝန်ဖြင့် မအားမလပ်ရှိစဉ် စားဝတ်နေရေးအတွက် စားသောက်ဆိုင်ကလေး ဖွင့်လှစ်ရောင်းချရသဖြင့် အလွန်ပင် စိတ်ပင်ပန်းရသည်။

မိဘနှစ်ပါးက အခါကြီးရက်ကြီးများတွင် ကျောင်းကန် ဘုရားသွားကြသည်ကို မြင်ရလျှင်...

'ငါ့မှာတော့ တရားကျင့်လို့ မရအောင် အိမ်ထောင်ချပေးကြတယ်'

ဟူ၍ မိဘများကိုပင် စိတ်ကွက်မိသည်ဆို၏။

**အငယ်ဆုံးသမီး အသက် (၇)လအရွယ် ရောက်သောမခါ** မိသားစုသံယောဇဉ်ကို ဖြတ်တောက်၍ တရားအလုပ်ကို စတင်ကြိုးစားလုပ်ဆောင်၏။

မကြာခဏ ဆိုသလို အိမ်မှထွက်ခွာ၍ တရားစခန်းဝင်သည်။ **ဝက်လက်မြို့ မဟာစည် ဓမ္မရိပ်သာ ဆရာတော်ဦးဝါယမိန္ဒထံတွင် လည်းကောင်း၊ ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော် မိုးညှင်းချောင် သီလရှင်ဆရာကြီး ဒေါ်စန္ဒာဘာဂီ, ဒေါ်ပညာစာရီတို့ထံ တွင်လည်းကောင်း၊ မအူပင်ချောင်ဆရာကြီး ဖွားဉက္ကာထံတွင် လည်းကောင်း ဝိပဿနာတရား ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခဲ့သည်။**

၁၃၃၈ ခုနှစ်၊ တန်ခူးလဆန်း(၁)ရက်နေ့တွင်မူ မိသားစု ဆွေမျိုးများနှင့်တကွ ဝက်လက်မြို့ကိုပါ လုံးဝ စွန့်ခွာ၍ စစ်ကိုင်းတောင်ရိုး မင်းဝံတောင်တန်း၌ သစ်ပင်အောက်နေ၍ ရုက္ခမူ ကျင့်ကြံအားထုတ်သည်။

နယုန်လတွင် မင်းဝံတောင်စွယ် မိုးညှင်းချောင်ရှိ ကျွန်စစ်မင်းကောင်းမှု ရွှေဘုန်းပွင့်စေတီတန်ဆောင်းသို့ ပြောင်းရွှေ့နေထိုင်သည်။

ထို့နောက် ယိုယွင်းပျက်စီးနေသော ရွှေဘုန်းပွင့်ဘုရား ဥမင်တန်ဆောင်းနှင့်တကွ အနီးဝန်းကျင်ရှိ ကပ်ကျော်စေတီ၊ အောင်စကြာစေတီ စသည်တို့ကို ပြုပြင်မွမ်းမံခဲ့သည်။

ထို့အပြင် တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာအနီးရှိ ပင်းယရွှေစည်းခုံစေတီ၊ ဝက်လက်မြို့နယ်ရှိ ရွှေမြင်သာစေတီ အပါအဝင် စစ်ကိုင်းတောင်ရိုးမှ ဘုရားစေတီ

ဟောင်းများကိုလည်း ပြုပြင်မွမ်းမံခဲ့သည်။

ထိုသို့ မွမ်းမံသောအခါ သံသရာမှ ဆွေမျိုးများက ပါဝင်အားဖြည့်ပေးကြသည်ဆို၏။

'သံသရာက ဆွေမျိုးတွေကို ကယ်ဆယ်ဖို့ ဒီဘဝ ဆွေမျိုးတွေကို သံယောဇဉ်ဖြတ်ခဲ့တာ'

ဟု မကြာခဏ ပြောပြတတ်သည်။

မယ်တော်ကြီးသည် ရောဂါဝေဒနာ ခံစားနေရသူ ထောင်ပေါင်းများစွာကို သက်သာခွင့်ရစေရန် ကူညီကယ်မပေးသည်။ ဝေဒနာရှင်ကို လက် (သို့မဟုတ်) တောင်ဝှေးဖြင့် တို့ထိ၍ အာရုံခံယူ စစ်ဆေးပြီး ထို့နောက် ခံတွင်းမှ တံတွေးများ ထွေးထုတ်ပစ်ခြင်းဖြင့် ဝေဒနာသက်သာစေသည်။

စတုတ္ထစျာန်ဝင်စား၍ ဝေဒနာကို ဖယ်ရှားပေးခြင်း ဖြစ်သည်ဆိုပါသည်။

ယင်းနောက်တွင် သရဏဂုံတင်ထားသော နိုင်လွန်ချည်,ပိုးချည်ကလေးများကို လည်ပင်း,လက်ကောက်ဝတ်တို့၌ ဆွဲထားရန် စွန့်လှူပေးတတ်သည်။

ဓမ္မဒါနကို အဓိကထား၍ ကုသပေးသည့်မြင်ကွင်း အချို့မှာ ဝေဒနာသည်တစ်ဦးတို့၏ မှော်ပုံများကို မယ်တော်ကြီးက ဖယ်ရှားပေးပါရန် အမြဲတမ်းမှ ရှိကြသည်။

လှူတိုင်းကို လက်ခံခြင်းတော့မဟုတ်ပေ။ ရောဂါကျွမ်းနေသူများကိုမူ "မရတော့ဘူး" ဟူ၍ ပွင့်လင်းစွာ ပြောပြတတ်သည်။

မယ်တော်ကြီးသည် စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်စွယ်၊ မိုးညှင်းချောင်တွင် ၁၃၃၈ ခုနှစ်မှ ၁၃၇၀ ပြည့်နှစ်အထိ (၃၂)နှစ်တာ နေထိုင်ခဲ့စဉ် ကာလအတွင်း **လူနာပေါင်း(၅)သိန်းကျော်** ကယ်မပေးခဲ့ကြောင်း သိရ၏။

အမေရိကန်၊ ပြင်သစ်၊ အမေရိက၊ ထိုင်ဝမ်၊ ဂျပန် စသည့် ကမ္ဘာတလွှား ဒေသစုံမှ လာရောက်ကြသည်ဆို၏။ (၃၂)နှစ်တာဆိုသော်လည်း စစ်ကိုင်းရောက်ပြီး **သုံးနှစ် (၁၃၄၁ ခုနှစ်)အထိ နေ့ရောညပါ တရားအလုပ်ကိုသာ အဓိက အားထုတ်ခဲ့ခြင်းဖြစ်ကာ ၁၃၄၁ ခုနှစ်တွင်မှ သတ္တဝါ ကယ်ဆယ်ရေးလုပ်ငန်း စတင်သည်ဖြစ်ရာ** (၂၉)နှစ်တာအတွင်း ကုသကယ်တင်ပေးခဲ့ခြင်း ဖြစ်လေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**

စာရှုသူ...သုတေသီနှင့် ပညာရှင်၊ ဝါသနာရှင် အပေါင်းတို့ခင်ဗျား...

တစ်ချိန်တစ်ခါက စစ်ကိုင်း မိုးညှင်းချောင်တွင် "**ဓရမယ်တော်ကြီး**"ဟု ထင်ရှားခဲ့၍ လူအများ၏ ဝေဒနာများကို ဖယ်ရှားပေးခဲ့သော မယ်တော်ကြီး ဒေါ်သုမင်္ဂလာကား **၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်**တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီ ဖြစ်ပါသည်။

ဤဆောင်းပါးမှာ မယ်တော်ကြီးနှင့် ကျွန်တော်၏ နယ်လှည့်အယ်ဒီတာတို့ တွေ့ကြုံရသော အတွေ့အကြုံများ ဖြစ်ပါသည်။

ထို့ပြင် အခြားပုဂ္ဂိုလ်အများမှ မယ်တော်ကြီးနှင့် တွေ့ကြုံရသော ဖြစ်ရပ်များကိုလည်း မှတ်တမ်းတင်ချင်ပါသည်။

သို့ဖြစ်၍ မယ်တော်ကြီးနှင့် တွေ့ကြုံခဲ့ရသော ပုဂ္ဂိုလ်များ၊ တပည့်ရင်းများမှ မယ်တော်ကြီး၏ စရဏကျင့်စဉ်များ၊ အမြင့်ထူးများ၊ အသိထူးများအား ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



# ရွှေဆတ်ကျောက်

## (သို့မဟုတ်) လက်ယာကန့် စီရင်နည်း

ရေးလက်ရေးမူမှတ်စုမှ ရရှိပါသည်။ ပါရမီရှိသူများ ဆောင်ရွက်နိုင်ရန် ရေးသားဖော်ပြအပ်ပါသည်။

**၁။ လက်ယာကန့် (သို့မဟုတ်) ရွှေဆတ်ကျောက်**

ရွှေရောင်ရှိပြီး အလေးချိန်လည်း ရှိပါသည်။ ထုခြေပါက ဆတ်နေပါသည်။

သံပရာရည်ဖြင့်သွေးပြီး ငွေဒင်္ဂါးကို သုတ်လိမ်းပြီး ဖယောင်းတိုင်မီးတွင် ကင်ပါက ငွေဒင်္ဂါးမှာ ရွှေရောင်ဖြစ်သွားပါသည်။

**၂။ ဤသတ္တုမျိုး ရရှိပါက မှင်ရရှိအောင် ချက်ရပါသည်။**

**၃။ မှင်ချက်ရန် ကော်လုပ်နည်း(ရေကော်)**

၁။ ဂုံမှုန့် ၅ ကျပ်သား

၂။ ပဲနှောက်စေ့အနက် ၅ ကျပ်သား

၃။ ဒုတ္တာ ၅ ကျပ်သား

အထက်ပါ(၃)မျိုး ညက်စွာ အမှုန့်ထောင်းပြီး ပျားရည်နှင့် သမအောင် တေထားပါ။ ရေကော် ရ၏။

ကြေးလင်ပန်းနှင့် ကြေးဖလားအစပ်တွင် ဖယောင်းမီး ပေးသောအခါ မှင်ခိုးများ မထွက်အောင် ဖြစ်ပါသည်။

**၄။ လက်ယာကန့် လုပ်ကိုင်နည်း(ဆေးဖော်စပ်ပုံ)**

၁။ လက်ယာကန့် ၅ ကျပ်သား

၂။ ကန့် ၁ မတ်သား

၃။ ဘိန်းဆီ ၁ မတ်သား

၄။ ပိကျောင်းသည်းခြေ ၁ မတ်သား

၅။ သုတပြဒါး ၅ မူးသား (၂-မတ်)

အထက်ပါတို့ကို အမှုန့်အားလုံးပြု၍ ကွမ်းရွက် သတ္တုရည်နှင့်ဖေတပြီး၊ ကြေးလင်ပန်းတွင်ကပ်၊ ကြေးလင်ပန်းပေါ်မှ ကြေးဖလားကို မှောက်၍ဖုံး၊ ကြေးနှစ်မျိုး ထိစပ်သော နေရာတွင် ရေကော်နှင့် စေးကပ်ထားပါ။

ပြီးလျှင် ဖယောင်းသား (၅)ကျပ်သားကို မီးစာသွင်းပြီး ဖယောင်းတိုင်လုပ်၍ မီးညှိ၊ ကြေးလင်ပန်းအောက် မီးအပူပေးပါ။

ကြေးလင်ပန်းတွင် ကပ်ထားသော ဓာတ်များသည် ကြေးဖလားသို့ မှင်ဖြစ်၍ တက်ကပ်နေမည်။ (၅)ကျပ်သား ဖယောင်းတိုင် ကုန်အောင် အပူပေးရမည်။

အထက်ပါ မှင်မှ (၁)ပဲသားယူ၍ ဘော်(၁၀)ကျပ်သားတွင်ပစ်(ဘော်မီးလင်းအရည်ကွင်းပစ်)၊ ဘော်များ ဝါ၍ ကိတ်ဓမ္မစစ် ဖြစ်ပါသည်။

**[၂၀၁၇ ခုနှစ်၊ မေလ၊ အမှတ်(၃၇၀)၊ စာမျက်နှာ (၁၇၆) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ "အေးမြင့်စိုး (ဝန်းသို)" ရေးသားဖော်ပြသော အဂ္ဂိရတ်ပညာရှင်များအတွက် ရွှေဆတ်" ဆောင်းပါးကို ညွှန်းပါသည်။]**

တင်လှ(ဆ-မ-ငြိမ်း)



◆ (ပုံ-၁) ရေဖြူရွာအရှေ့ဘက်ရှိ ထူးခြားသော မိုးကောင်းစေတီတော်နှင့် အာရုံခံတန်ဆောင်း

တန်ခိုးထူးခြားသည့် ရေဖြူရွာ

# မိုးကောင်းဘုရား

သစ်ဆုံ-အောင်မြင့်မော

အိမ်ခြေ (၁၀၀)ကျော်ခန့်သာရှိသော **ရေဖြူရွာကလေးသည် ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၏ မြောက်ဘက်အစွန်ဆုံး ဒိုကုန်းကျေးရွာအုပ်စုအတွင်း** ပါဝင်ပါသည်။

ပျော်ဘွယ်မြို့နယ် အတွင်းမှ **ရန်အောင်(ရနောင်)ကျေးရွာ အုပ်စုနှင့်** နယ်နယ်ချင်း ထိစပ်လျက်ရှိပါသည်။

ဖော်ပြပါ ရေဖြူရွာ၏ အရှေ့ဘက် (၅)ဖာလုံခန့်အကွာ ကွင်းအမှတ် (၅၆၄) ကြို့ပင်ဆည်ကွင်းအတွင်းတွင် ရှေးဟောင်း မိုးကောင်းဘုရားတည်ရှိပါသည်။

မူလ ဘုရားဒါယကာကိုလည်း မသိကြ။ ဘွဲ့တော်ကိုလည်း မိုးကောင်းစေတီဟုသာ အများက ခေါ်ကြပါသည်။

ရမည်းသင်းမြို့နယ်မှ ရွာတန်းနှင့် ပျော်ဘွယ်မြို့နယ်မှ ရန်အောင်သို့ ဆက်သွယ်သော လမ်း၏ အနောက်ဘက်တွင် ဘုရားတည်ရှိပါသည်။

ထိုရွာတန်း ရန်အောင်လမ်းကို ရှေးက အင်္ဂလိပ်အစိုးရလက်ထက်တွင် စတင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး **ရွာတန်း-ယင်းတော် ဒီစထြိတ်ကောင်စီလမ်း**ဟု ခေါ်ကြပါသည်။

### တန်ခိုးထူးခြား ဖူးတွေ့ရသူများ

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း(၁)ရက်နေ့ (၁၃-၆-၁၈) ရက်နေ့က ရေဖြူရွာမှ ကိုဘိုဝင်းနှင့် ကိုမောင်အေးတို့ နှစ်ဦး မိုးကောင်းဘုရားအနီးတွင် ဆိတ်နှင့် နွားများ ကျောင်းနေကြပါသည်။

ရုတ်တရက် မိုးရွာလာ၍ အနီးရှိ မိုးကောင်းဘုရား တန်ဆောင်းအတွင်း မိုးခိုနေကြပါသည်။

ခဏကြာသော် နှစ်ဦးသား ခေါင်းများ မူးဝေသကဲ့သို့ ဖြစ်လာ၍ လျှောင်လှုပ်သည်ဟု ထင်ကြပါ သည်။

**ခဏကြာမှ ငလျင်လှုပ်ခြင်း မဟုတ်ဘဲ ဘုရားလှုပ်သည်ကို သတိ ပြုမိကြပါသည်။ ထိုအခါမှ ဘုရား တော်မြူကြပါသည်။**

ညနေ နွားများ၊ဆိတ်များ ရွာထဲ သို့ ပြန်သွင်းပြီး နီးစပ်ရာ လူများသို့ ပြောပြကြရာ ယုံသူလည်းရှိ၊ မယုံသူ လည်း ရှိကြပါသည်။ နောက်တစ်နေ့ နံနက်တွင် ရွာသားများမှ သွား ရောက် ဖူးမြော်ကြပါသည်။


**ထိုအခါ ဘုရား၏ အုတ်သိမ်းခေါက် နှင့်တန်ဆောင်တိုင်များပါ လှုပ်သည်ကို တွေ့ကြရပါသည်။**

ပထမသော် ငလျင်လှုပ်သည်ဟု ထင်မိကြသည်။ သို့သော် မြေများ အက်ကွဲခြင်းမရှိ၊ တန်ဆောင်းတိုင် များ ပျက်စီးခြင်း မရှိသည်ကို တွေ့မှ ဘုရား၏ တန်ခိုးတော်အရာသာ ဖြစ်ကြောင်း သိရှိကြပါသည်။

ဘုရားတန်ဆောင်းကို ပုံ(၁)တွင် **လည်းကောင်း၊ လှုပ်သောစေတီ တော်ကို ပုံ(၂)တွင်လည်းကောင်း၊** ဖူးတွေ့ရပါမည်။

### ရှေးဟောင်းစေတီတော်

မိုးကောင်း စေတီတော်၏ အောက်ခံ အုတ်ပလ္လင်တော်မှာ အမြင့်(၉)ပေခန့်ရှိပြီး **အရှေ့ဘက် တွင် မှန်ပေါက်တစ်ခု** ရှိပါသည်။ ထိုမှန်အတွင်းရှိ ရှေးဟောင်း ကျောက်ဆင်းတုနှစ်ဆူကို ခိုးယူခြင်း ခံရ၍ တန်ဆောင်းဒါယကာ ဦးစံလှ မှ ဘုရားတန်ဆောင်းနှင့်တကွ



(ပုံ-၂) ရေဖြူရွာအရှေ့ဘက်ရှိ တန်ခိုးကြီးသော မိုးကောင်းစေတီတော်ပုံ

ကျောက်ဆင်းတုနှစ်ဆူကိုပါ ပူဇော် လှူဒါန်းခဲ့ပါသည်။

ကျောက်ဆင်းတုနှစ်ဆူကို ပုံ(၃) တွင် ဖူးမြော်နိုင်ပါသည်။ အုတ်ပလ္လင် ပေါ်တွင် ဥဏ်တော် (၉)တောင် ခန့်(စိန်ဖူးတော်အထိ)ရှိ စေတီ တစ်ဆူ တည်ထားပါသည်။

ထိုစေတီ၏ ဘွဲ့တော်မှာ ရှေး ကတည်းက **"မိုးကောင်းစေတီ"** ဟု ခေါ်ကြပါသည်။ မူလက စေတီ တော်တွင် တန်ဆောင်းမရှိပါ။ လွန်ခဲ့သော(၅)နှစ်ခန့်ကမှ ရေဖြူရွာနေ ဦးစံလှမိသားစုမှ တန်ဆောင်း ဆောက်လုပ်လှူဒါန်းထားခြင်း ဖြစ်ပါ သည်။

**စေတီတော်၏ ကိုယ်လုံးတော်မှာ တစ်ခါတစ်ရံ အရှေ့-အနောက်၊ တစ်ခါတစ်ရံ တောင်-မြောက် သိမ်မွေ့စွာ လှုပ်ခါပါသည်။**

### ဆွမ်းတော်ကြီး လောင်းလှူပွဲ

မိုးကောင်း စေတီတော်တွင် ရှေးအခါမှစတင်၍ ဝါဆိုလဆန်း

(၈)ရက်နေ့တိုင်း ဆွမ်းတော်ကြီး လောင်းလှူပွဲ ရှိပါသည်။ ယခုနှစ်တွင်မူ ပို၍ လူစည်ကားနေပါသည်။

ဘုရားကုန်းတော်တွင် ရွာနီး ချုပ်စပ်မှ လူများပါ လာရောက်၍ လူ(၂၀၀)ခန့် ရှိနေပါသည်။

ဘုရားတန်ဆောင်း အတွင်းတွင်မူ လူ(၃၀)ခန့်သာ ရှိနေပါသည်။ နံနက်(၁၀)နာရီအချိန်ခန့်တွင် စေတီတော် စိန်ဖူးတော်မှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို တန်ဆောင်းတွင်းရှိ လူများ ဖူးတွေ့ကြရပါသည်။

စာရေးသူတို့ မိသားစုမှာ (၂၁-၆-၁၈)ရက်နေ့တွင်မှ ဘုရားသို့ သွားရောက် ဖူးမြော်ရပါသည်။ ထိုနေ့ နံနက်က (၁၆)ကြိမ် လှုပ်သည်ဟု ရောက်နှင့်နေကြသူများနှင့် ဦးစံလှတို့မှ ပြောပြကြပါသည်။

ဘုရားလှုပ်သည်ကို ပထမဝါဆို လဆန်း(၁)ရက်နေ့ (၁၃-၆-၁၈) ရက်နေ့မှ စတင်သိရှိကြရပြီး...ယခု စာရေးသည့်နေ့ (၂၄-၆-၁၈)နေ့ အထိ လှုပ်နေသေးကြောင်း သိရှိရပါသည်။

**ဘုရားလှုပ်သည်မှာ ဆက်တိုက် လှုပ်ခြင်း မဟုတ်ဘဲ ရပ်နားရ၍ မကြာခဏ လှုပ်နေသည်ကို ဖူးတွေ့ကြရပါသည်။**

**ပထမရက်များတွင် နံနက်ပိုင်းများတွင်သာ လှုပ်လေ့ရှိပြီး... ယခု နောက်ရက်ပိုင်းများတွင်မူ ညနေပိုင်းများတွင်ပါ လှုပ်သည်ကို ဖူးတွေ့ကြရပါသည်။**

လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း၊ မိုးများ ရွာသွန်းနေခြင်းတို့ကြောင့် ဖိုကုန်း၊ ချင်းမြစ်ကျင်း၊ ရွာတန်း၊ ရန်အောင်(ရနောင်) စသော ရွာနီးချုပ်စပ် ကျေးရွာများမှ ဘုရားဖူးများသာ လာရောက်ဖူးမြော်နေကြပါသည်။



★ (ပုံ-၃) စေတီတော်အောက်ခြေ အရှေ့ဘက်မုခ်အတွင်းရှိ ကျောက်ဆင်းတုနှစ်ဆူ ပုံတော်

## ဘုရားသို့ လမ်းညွှန်

**ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လာပါက ရမည်းသင်းမြို့မှ အနောက်ဘက် ရွာတန်းကျေးရွာသို့ လာရပါမည်။** ရမည်းသင်းမြို့ မြောက်ဘက်အထွက်တွင် ရွာတန်းသို့ လမ်းညွှန်ဆိုင်းဘုတ် ရှိပါသည်။


ထိုလမ်းမှာ ကျောက်ခင်းလမ်း ဖြစ်ပါသည်။ ရွာတန်းမှ မြောက်ဘက်သို့ ရွာတန်း-ရန်အောင် (ရနောင်)လမ်းအတိုင်း ဆက်လာပါက ရွာတန်းလမ်းမှ (၄)မိုင်ခန့် အကွာ လမ်း၏ အနောက်ဘက်တွင် ထူးခြားသော **မိုးကောင်းစေတီ**ကို

 စာမျက်နှာ (၁၃၄) သို့

# နေ့သားအလိုက် နေထိုင်ရာ ဒေသတွင်

## မည်သို့သော အဆင့်အနေဖြင့် နေရမည်နည်း

ဇော်ခြံမြတ်နိုင်
(ပွင့်ဖြူ)



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၈၁)၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်၊ စာမျက်နှာ(၂၂၅)မှ **''ဦးဝိမလ(မကျည်းချောင်)စစ်ကိုင်းတောင်ရိုး''**၏ **''အကျိုးပေးရာ စာအုပ်ရှာနည်း''**ကို ဖတ်ရှုသိရှိရပြီးနောက် ကျွန်ုပ်သိထားမှတ်သားထားသည့် **''မနေ့သားအလိုက် နေထိုင်ရာဒေသတွင် မည်သို့သော အနေအဆင့်ဖြင့် နေရမည်''** ဆိုသည်ကို အများသူငါ သိရှိပါစေကြောင်း စေတနာမွန်ဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသားတင်ပြ ဝေငှအပ်ပါသည်။

ဥပမာအနေဖြင့် ကျွန်ုပ်မှာ **တနင်္လာသား** ဖြစ်ခြင်းကြောင့် တနင်္လာနေ့ သားသမီးများအနေဖြင့် မည်သည့်မြို့/ရွာတို့တွင် နေထိုင်အခြေချပါက မည်ကဲ့သို့သော အနေအဆင့်မျိုးဖြင့် နေရမည်ဆိုသည်ကို ဖော်ပြပေးပါမည်။

**ဥပမာ** ဒေးဒရဲမြို့ဟု ဆိုပါစို့… ''ဒဲ''ဗုဒ္ဓဟူးနံဖြင့် ဆုံးသောမြို့ ဖြစ်သောကြောင့် ဗုဒ္ဓဟူးနံ(၄)ဂဏန်းကို အစထားပြီး ဦးဝိမလ၏ ဇယားပုံစံမျိုးအတိုင်းပင် (၄)တိုင်၊ (၄)တန်း ဇယားချရမှာ ဖြစ်ပါသည်။

ဇယား-၁

| | | | |
|---|---|---|---|
| ၄ | ၅ | ၆ | ၇ |
| ၁ | (၂) | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ |


ယခုဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓဟူးနံဖြင့်ဆုံးသော မြို့/ရွာတွင် တနင်္လာသားသမီး နေထိုင်အခြေချမည် ဆိုပါက ပထမဆုံးအကွက်ဖြစ်သော (A)အကွက်တွင် ၂-ဂဏန်း(တနင်္လာ)ကို တွေ့ရမည်ဖြစ်သဖြင့် ၎င်းမြို့/ရွာတွင် တနင်္လာသားသမီးသည် ဘုရင်ကြီးလို နေရမည်ဟု ဆိုပါသည်။

**ဆိုလိုသည်မှာ မိမိနေသော မြို့/ရွာ တွင် အကြီးအကဲ လိုနေရာမျိုး ယူခြင်းကို ခံရမည့် အသေမျိုး ဖြစ်ပါကြောင်း အသိပေး ဝေငှအပ်ပါသည်။**

၎င်းတွင် အလယ်ကွက်ရှိ ဖော်ပြပါ **တနင်္လာ-၂၊ အင်္ဂါ-၃၊ သောကြာ-၆၊ စနေ-၇** စသည်ဖြင့် တွေ့ရမည် ဖြစ်ပါသည်။ ရှင်းလင်း လွယ်ကူစွာ သိသာစေနိုင်ရန် ဇယားဖြင့် ဖော်ပြရမည်ဆိုပါက…

ဇယား-၂

| | | | |
|---|---|---|---|
| ၄ | ၅ | ၆ | ၇ |
| ၁ | (A) | (B) | ၄ |
| ၅ | (C) | (D) | ၁ |
| ၂ | ၃ | ၄ | ၅ |



ဇယား(၂)တွင် ဖော်ပြပါရှိသည့်အတိုင်း (A)အကွက်တွင် ၂-တနင်္လာကို ဇယား(၁)တွင် တွေ့ရမည်ဖြစ်ပါသည်။

ဤကဲ့သို့အတိုင်း **ဇယား(၂) နှင့် ဇယား(၁) နှိုင်းယှဉ်လိုက်ပါက (B)တွင် ၃-အင်္ဂါ၊ (C)တွင် ၆-သောကြာ၊ (D)တွင် ၇-စနေ** တို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဖော်ပြရန် ကျန်ရှိသော အနေအထားတို့ကို ဆက်လက် ဖော်ပြရမည် ဆိုပါက အထက်တွင် ဖော်ပြပါရှိပြီးဖြစ်သကဲ့သို့ (A)အကွက်တွင် ၂-တနင်္လာကို တွေ့ရပါသောကြောင့် ၄-ဗုဒ္ဓဟူးနံဖြင့် ဆုံးသော မြို့/ရွာတို့တွင် တနင်္လာသားသမီးများ နေထိုင်အခြေချမည်ဆိုပါက ဘုရင်ကြီးလို နေရမည်ဟု ဆိုထားပါသည်။

သို့ဖြစ်၍ ကျန်(B-C-D)အကွက်များတွင်ရှိ ၃-အင်္ဂါ၊ ၆-သောကြာ၊ ၇-စနေ သားသမီးတို့သည် မည်ကဲ့သို့ အနအထားမျိုးဖြင့် နေ,နေရမည်ကို ဖော်ပြရလျှင်…

- **(A)အကွက်ရှိ နေသားသမီးများသည်… ဘုရင်ကြီးလို နေရမည်။*(တနင်္လာ)***
- **(B)အကွက်ရှိ နေသားသမီးများသည်… မိဖုရားကဲ့သို့ နေရမည်။*(အင်္ဂါ)***
- **(C)အကွက်ရှိ နေသားသမီးများသည်… ပညာရှိ (ကဝိ)သဖွယ် နေရမည်။*(သောကြာ)***
- **(D)အကွက်ရှိနေသားသမီးများသည်… ဓနသူကြီး ပမာ နေရမည်။*(စနေ)***

ဤသို့ဆိုလျှင် စာဖတ်ပရိသတ်ကြီး သိရှိနားလည်လောက်ပြီဟု ထင်ပါသည်။ မိမိသည် ဘယ်လို အဆင့်အတန်း အနအထားမျိုးဖြင့် နေချင်သလဲ… ဤသို့ဆိုလျှင် မည်သည့် မြို့/ရွာတို့တွင် နေအပ်သလဲ ဆိုသည်ကို ဇယားချကြည့်ခြင်းဖြင့် သိနိုင်မည် ဖြစ်ပါသည်။

မူလအစတွင် ဖော်ပြခဲ့သည့်အတိုင်း တနင်္လာသားသမီးကိုပင် ဥပမာပြု၍ ဇယား(၄)ကွက်စလုံးဖြင့် ဖော်ပြရမည်ဆိုပါက…

**တနင်္လာသားသမီးသည်…**

| | | | |
|---|---|---|---|
| ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ |

(က)

ဗုဒ္ဓဟူးနံနှင့် ဆုံးသောမြို့ ဘုရင်ကြီးလို နေရမည်။

| | | | |
|---|---|---|---|
| ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ |

(ခ)

အင်္ဂါနံနှင့် ဆုံးသောမြို့ မိဖုရားလို နေရမည်။

| | | | |
|---|---|---|---|
| ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ |

(ဂ)

စနေနံနှင့် ဆုံးသောမြို့ ပညာရှိလို နေရမည်။

| | | | |
|---|---|---|---|
| ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ |

(ဃ)

သောကြာနံနှင့် ဆုံးသောမြို့ စစ်သူကြီးလို နေရမည်။

အနှစ်ချုပ်အနေဖြင့် ရှင်းလင်းလွယ်ကူစွာ သိစိမ့်သောငှာ **ဇယား(က)၊ (ခ)၊ (ဂ)(ဃ)** ဇယား(၄)ကွက်ဖြင့် တင်ပြရမည်ဆိုပါက…

❖ ဇယား(က)တွင်…

**ဗုဒ္ဓဟူးနံနှင့်ဆုံးသော မြို့ရွာတွင် တနင်္လာသားသမီး** နေထိုင်မည် ဆိုပါက ဇယား(၂) (A)အကွက်တွင် ရှိသဖြင့် **ဘုရင်ကြီးလို(အုပ်ချုပ်ရေးပိုင်း၊ အကြီးအကဲ)** အသွင်သဏ္ဌာန်မျိုးဖြင့် နေထိုင်ရမည်။ ***(ဥပမာ-ဒေးဒရဲ, ဒလ, မိတ္ထီလာ)***

❖ ဇယား(ခ)တွင်…

**အင်္ဂါနံနှင့်ဆုံးသော မြို့ရွာတွင် တနင်္လာသားသမီး** နေထိုင်မည်ဆိုပါက ဇယား(၂) (B)အကွက်တွင် ရှိသဖြင့် **မိဖုရားလို(အအုပ်ချုပ်ခံ)** အနေအထားမျိုးတွင် နေထိုင်ရမည်။***(ဥပမာ-သာစည်, မှူဆယ်)***

❖ ဇယား(ဂ)တွင်…

**စနေနံနှင့်ဆုံးသော မြို့ရွာတွင် တနင်္လာသားသမီး**

နေထိုင်မည်ဆိုပါက ဇယား(၂) (C)အကွက်တွင် ရှိကြောင့် **ပညာရှိ(ကဗိ)တစ်ဆူလို** နေထိုင်ရမည်ဟု ဆိုလိုပါသည်။***(ဥပမာ–စစ်တွေ,သံတွဲ,သီနွီ)***

❖ ဇယား(ဃ)တွင်...

**သောကြာနံနှင့် ဆုံးသော မြို့ရွာတွင် တနင်္လာသားသမီး** နေထိုင်မည်ဆိုပါက ဇယား(၂) (D)အကွက်တွင် ရှိသောကြောင့် **စစ်သူကြီးသဖွယ် ထင်ရှားစွာဖြင့်** နေရမည်ဟု ဆိုလိုပါသည်။ ***(ဥပမာ–ရမည်းသင်း, ညောင်ပင်သာ)***

နိဂုံးချုပ်အနေဖြင့် ပြောပြရလျှင် ကျွန်တော်နေထိုင်သောမြို့တွင် ကြီးပွားတိုးတက် ချမ်းသာ ထင်ပေါ်ကျော်ကြားနေသော ပုဂ္ဂိုလ်များကို လေ့လာသုံးသပ်ကြည့်သောအခါ မှန်ကန်မှု အနေအထား ရာနှုန်းပြည့်တွေ့နေရပါသည်။

ထို့ကြောင့် ယခုကဲ့သို့ အများသူငါ သိရှိစိမ့်သောငှာ ထိုထိုပုဂ္ဂိုလ်များလို ကြီးပွားတိုးတက် ချမ်းသာကြစေလိုသည့် မွန်မြတ်သော စိတ်စေတနာဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှတစ်ဆင့် ဝေငှအသိပေးလိုက်ရပါကြောင်း ခင်ဗျား...

**ကျန်ရှိနေသည့်သားသမီးများအနေဖြင့် ဇယား(၄)ကွက်ချလျက် မိမိမွေးနံကို (A-B-C-D)နေရာများတွင် မိမိနှစ်သက်ရာ အကွက်တွင် ချထားပြီး နေထိုင်အခြေချရန် ကောင်းသော မြို့/ရွာများတွင် နေထိုင်နိုင်ပါကြောင်း တင်ပြရင်း...**

နောင်တွင် နေထိုင်ရာ ဒေသမှန် ရွေးချယ်နေထိုင်နိုင်မည့် ရွေးချယ်တွက်ချက်မှုကို ဆက်လက် ရေးသားသွားပါမည်။

***အောင်မြတ်မိုင်(မှင့်ဖြူ)***

---

စာမျက်နှာ (၁၃၁)မှ အဆက်

ဖူးတွေ့ရပါမည်။ ထိုလမ်းမှာ မြေသားလမ်းဖြစ်၍ လမ်းကြမ်းပါသည်။

**ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးမှ လာပါက** ပေပင်လေးဂိတ် (အမြန်လမ်း ရဲကင်းပွဲ့စခန်း) လမ်းခွဲမှ အရှေ့ဘက်သို့ နတ်မောက်–ပျော်ဘွယ်လမ်းမှ ရန်အောင်(ရနောင်)သို့ လာရပါမည်။

ရန်အောင်မှ တောင်ဘက်(၃)မိုင်ခန့်အကွာ ရွာတန်း–ရန်အောင်လမ်းပေါ်တွင် မိုးကောင်းဘုရားကို ဖူးမြော်နိုင်ပါသည်။

**ပျော်ဘွယ်မှ လာပါက** ပျော်ဘွယ်အနောက်ဘက် (၈)မိုင်ကွာ ရန်အောင်(ရနောင်)သို့ လာရပါမည်။ ရန်အောင်မှ တောင်ဘက် (၃)မိုင်ခန့်အကွာ ရန်အောင်–ရွာတန်း လမ်းအတိုင်း ဆက်၍လာပါက



မိုးကောင်းဘုရားသို့ ရောက်ရှိပါမည်။

ဘုရားလှူပ်ခြင်းမှာ အမှန်ဖြစ်ပါသည်။ အခြား မည်သည့် ရည်ရွယ်ချက်မှ မရှိပါ။ အများပြည်သူ သိရှိနိုင်ကြစေရန်နှင့် နောင်လာနောက်သားများအတွက် သိရှိမှတ်သားနိုင်ရန် တင်ပြရခြင်း ဖြစ်ပါသည်။


**၁၉၈၈ ခုနှစ်က** လှုပ်ခဲ့သော ရန်အောင်(ရနောင်)မှ ဘုရားမှာ အောင်ဇေယျ ဘွဲ့တော်ရှိ ရန်အောင်မြို့၏ အရှေ့ဘက်တွင်ရှိသော ရုပ်ပွားတော်မြတ် ဖြစ်ပါသည်။ ပါရ
မဂ္ဂဇင်းတွင် ဖော်ပြပါရှိပြီး ဖြစ်ပ
သည်။

**ယခုလှုပ်သော ဘုရားမှာ ရန်အောင်မြို့ တောင်ဘက်တွင် ရှိသော ရေကြည်ကျေးရွာမှ ထပ်မံလှုပ်သော မြင်ပါကြောင်း တင်ပြ လိုက်ရပါသည်။**

*သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။*


သစ်ဆုံ–အောင်မြင့်စော

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း



ဆုကြီးများ ဆွတ်ခူးနိုင်ဖို့

တက်မင်းကျော်စွာ



| မွေးလ | မဂ်ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စိတ်တူ ထိုးလျှင် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| ဗိဿရာသီဖွား မတ်(၂၁) မှ ဧပြီ(၂၀) | ၉ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| ပြိဿရာသီဖွား ဧပြီ(၂၁) မှ မေ(၂၀) | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| မေထုန်ရာသီဖွား မေ(၂၁) မှ ဇွန်(၂၀) | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ကရကဋ်ရာသီဖွား ဇွန်(၂၁) မှ ဇူလိုင်(၂၁) | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချို | ဥဿဖရား | တနင်္ဂနွေ | တနင်္လာ |
| သိဟ်ရာသီဖွား ဇူလိုင်(၂၂) မှ ဩဂုတ်(၂၀) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ကန်ရာသီဖွား ဩဂုတ်(၂၂) မှ စက်တင်ဘာ(၂၀) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| တူရာသီဖွား စက်တင်ဘာ(၂၂) မှ အောက်တိုဘာ(၂၂) | ၈ | ပြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |
| ဗြိစ္ဆာရာသီဖွား အောက်တိုဘာ(၂၃) မှ နိုဝင်ဘာ(၂၀) | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ဝန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| ဓနုရာသီဖွား နိုဝင်ဘာ(၂၂) မှ ဒီဇင်ဘာ(၂၀) | ၁ | နီ | ရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| မကာရရာသီဖွား ဒီဇင်ဘာ(၂၁) မှ ဇန်နဝါရီ(၁၉) | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ | ဗုဒ္ဓဟူး |
| ကုံရာသီဖွား ဇန်နဝါရီ(၂၀) မှ ဖေဖော်ဝါရီ(၁၈) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| မိန်ရာသီဖွား ဖေဖော်ဝါရီ(၁၉) မှ မတ်(၂၀) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |




**အောက်တိုဘာလ(၁)ရက်နေ့တွင်** ဖွင့်လှစ်မည့် အောင်ဘာလေ သိန်းတစ်သောင်း ထီဖွင့်ပွဲတွင် ဆုကြီးများနှင့် ကံစပ်နိုင်ကြစေရန် "**၈၊ ၉၊ ၀၊ ၂**" ဂဏန်းခြေများကို အားပြုသင့်ပါသည်။

**ဂဏန်းတူ အပူးထပ် နှစ်သက်ပါက** ယင်းဂဏန်းလေးလုံးအနက် (၂)လုံးအထက် ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ကံစမ်းကြည့်ပါ။ တွဲဖက်သင့်သော အက္ခရာတို့မှာ "**ဋ၊ ခ၊ ပ၊ ဟ**"တို့ ဖြစ်ကြသည်။

ဤလတွင် ထီကံကောင်းနိုင်သည့် သူဌေးလောင်းများသည် **သောကြာသားသမီးများ** ဖြစ်ကြသည်။ **အင်္ဂါသားသမီးများသည်**လည်း အတန်အသင့်မျှော်လင့်နိုင်ကြပေသည်။

**မိမိတို့မွေးလရာသီအလိုက် ကံအခွင့်အလမ်းကို ဇယားတွင် ကြည့်ပါ။**

* * *



**ဥပမာ ။ ။ ကုံရာသီဖွား (ဇန်နဝါရီလ ၂၀–ရက်မှ ဖေဖော်ဝါရီလ ၁၈–ရက်အတွင်း မွေးသူ)တို့** အတွက် ကံလာဘ်ပွင့်လင်းစေသည်တို့မှာ ၆ ဂဏန်း။ အပြာရောင် အရှေ့တောင်ထောင့်အရပ်၊ စနေနေ့၊ ချဉ်သောအရသာ၊ စိန်ကျောက်မျက်တို့ ဖြစ်ကြသည်။ စပ်တူထိုးလိုပါက အင်္ဂါသားသမီးတို့နှင့် ကံစပ်ပါ။ စနေသားသမီးတို့နှင့် ကံစပ်ခြင်းကိုရှောင်ပါ။

**ဆိုင်တည်ရာဌာနအနေဖြင့်**...

ရဲစခန်း၊ တရားရုံး စသည်တို့အနီးရှိ ထီဆိုင်၊ မီးသတ်ဌာန၊ မီးသတိပြုစာတမ်းများအနီး ဖွင့်လှစ်သောဆိုင်၊ အရိပ်အာဝါသ နည်းပါးသောနေရာ၌ ဖွင့်လှစ်သောဆိုင်၊ ဓား၊ ဆူး၊ ဆောက်၊ ပေါက်တူး၊ ပေါက်ပြားစသည့် လုပ်ငန်းသုံး ကိရိယာများ အရောင်းဆိုင်အနီးရှိဆိုင်များနှင့် ဆိုင်မျက်နှာစာ၌ အနီရောင်အားကောင်းစွာခြယ်သထားသောဆိုင်များက ဆုကြီးများကို ဆွတ်ခူးပေးနိုင်ပါလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက**...

အသက်ငယ်ရွယ်သူ ဗုဒ္ဓဟူးသားသမီး ကလေးငယ်တစ်ဦးအား မုန့်ကျွေးဖို့ပေးပါ။ သောကြာနံဘွဲ့ ပညတ်ရှိသော ဘုရားစေတီတွင် ကောင်းမှုပြုဆုတောင်းပါ။ ဥပမာ မောဓောမြင်သာစေတီ၊ အုံ့ထူးကံသာစေတီ၊ အရဟံဘုရား၊ သိကြားဟစ်ဘုရား။

ထိုဘုရားစေတီတို့အား ကိုယ်တိုင်သွားရောက် ဖူးမြော်နိုင်ခြင်းမရှိပါက စိတ်တွင်းရည်မှန်း၍ ကောင်းမှုပြုဆုပန်နိုင်ကြပေသည်။

*သိန်း ရာ,ထောင်,သောင်း ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။*

ထက်မင်းကျော်စွာ



မောင်ဖုပိန်း
(အင်းတော်)

# ဘုရားလည်းပြု
# သမားကုသို့

စာရေးသူ နားနောင်ကျောင်းသို့ ရောက်စဉ် ဆရာတော်ဦးကလျာဏသည် ရန်မျိုးအောင် ဘုရားဖွမှာရုံ၌ သီတင်းသုံးနေသည်ကို အခန့်သင့် တွေ့ရပါသည်။

ဆရာတော်အား တွေ့ရသည့်အခါ **မဟာ မင်းလှကျော်ခေါင်** ရေးသားသည့် **ဥမ္မာဒန္တီပျို့**ကို ဖတ်နေဆိုက်နှင့် တွေ့ရပါသည်။

စာရေးသူသည် ဆရာတော် ဥမ္မာဒန္တီပျို့ကို ဖတ်နေသဖြင့် စိတ်ထဲတွင် ထူးထူးခြားခြား အံ့အားသင့်နေပုံကို အကဲခတ်မိပုံပေါ်သည်။

'ဥမ္မာဒန္တီပျို့မှာ သီဝိမင်းကြီး အချစ်နတ် ဖမ်းစားခံရတဲ့အတွက် မျက်နှာတော် ညှိုးရော်နေပုံကိုကြည့်ပြီး... "ညှိုးမျက်နှာနှင့်၊ ဇာတာကြည့်ရှု၊ တွက်ချက်ပြုလည်း၊ အာယုတော်စန်း၊ ကဏ္ဍာခန်းမှ၊ မရဏာနှင့်၊ ဗျာယအာရီ မှီသည်မရှိ" စတဲ့ ဗေဒင်အဖွဲ့တွေကို စီတန်းပြီး ရေးဖွဲ့ထားတယ်။

ဗေဒင်ပညာရဲ့အခန်း ထည့်ထားတယ်။ လောကီပညာရပ်ကို ထူးခြားစိမ့်ဝင်ပြီး ထည့်ထားတယ်။ ယတြာအခန်းမှာလဲကြည့်...

"ဘုရားလည်းပြု၊ သမားကုနှင့်၊ အာယုဒါယ၊ အသာစ၍၊ သတ္တစက်ကြီး၊ ဂြိုဟ်မစီးလျှင်၊ မာတ်ကြီးဆယ်ပါ၊ စသောအားဖြင့်" စတဲ့ တွက်ကိန်းတွေ တွေ့ရတယ်'

**ဆရာတော်သည်** နှုတ်မှ တတွတ် တွတ်ရွတ်ပြသည်။

စာရေးသူ အံ့သြရပြန်ပါသည်။

'အရှင်ဘုရား... "ဘုရားလည်းပြု၊ သမားကုနှင့်" အခန်းကို ရှင်းပြစေချင်ပါတယ် ဘုရား'

'**ဘုရားကု** ဆိုတာက ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်း

ကပ်တာ၊ **ပရိတ်တရားတော်နာတာ၊** ညဥ့်ပိုင်း **ဆီမီးသက်စေ့** ပူဇော်တာ၊ **တံတားခင်းတာ။** တံတားခင်းဆိုတာကလဲ မိမိရဲ့ အာယုအရပ်မှာ ခင်းရမှာ…

***တံတားခင်းတဲ့အခါ တံတားမခင်းခင်က သွားလို့မလာလမ်း။ အထင်ရပြီ။ တံတားခင်းလိုက်တဲ့အခါမှ အသွားအက်၊ အလာအက်ချို့ မပြင်ဆောင် လိုတယ်။***

ညောင်ထောက်မယ်။ တေဇအရပ်မှာ ညောင်ထောက်ရမယ်။ ငါးသက်စေ့ လွှတ်မယ်၊ အဆင်မပြေရင်လဲ သတ္တဝါတွေကို မြေစာကျွေးမယ်။ ပုရွက်ဆိတ်တို့၊ ကြွက်,ငှက် သတ္တဝါမျိုးပေါ့။

**ရေစာကတော့** ချောင်းထဲ,မြောင်းထဲမှာရှိတဲ့ ငါး သတ္တဝါမျိုးပေါ့ ကျွေးရမယ်။ ဒါလဲ အလှူပေးတာပဲ။

ကြောင်တွေ,ခွေးတွေ ထမင်းကျွေးတာလဲ အလှူပါ။ ဘုရားကူ,ကုပြီးရင်လဲ ဆရာသမားပင့်ဖိတ်ပြီး အနာရောဂါအတွက် ကုရမယ်။

မီးစာလဲမကုန်၊ ဆီလဲ မခန်းသေးဘူးဆိုရင် ရောဂါပျောက်ကင်းသက်သာပြီး ကျန်းမာလာမှာပဲ။

အကယ်၍ ရောဂါကျွမ်းနေခဲ့ရင်လဲ သေဘေးမလွတ်ပေမယ့် တရားနာရတယ်။ အလှူဒါနပြုတယ်။ ဒီအကျိုးသွားတွေက သံသရာအတွက် အထောက်အပံ့ဖြစ်တယ်'

အလွယ်ဆုံး ဖြစ်ပေမယ့် မကျန်းမာသူများအဖို့မှ ကောင်းမွန်သည့် ယတြာဖြစ်ကြောင်း ဆရာတော်က ထပ်ဆင့် မှာကြားပါသည်။



ခုနစ်နေ့သားသမီးတို့၏ ယတြာပြုလျှင် **အာယု၊ တေဇအရပ်**တို့မှာ သိသင့်ပါသည်။ မေဒင်နှင့် စိမ်းသူများအဖို့ နေ့သားအလိုက် အာယု၊ တေဇအရပ်တို့ကို ရေးသားဖော်ပြအပ်ပါသည်။

* * *

***အာယု ဝဍ္ဎော သုခံ ဗလံ***

**မောင်ဗဟိန်း(အင်းတော်)**

| စဉ် | နေ့နံ | အာယုအရပ် | တေဇအရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | တနင်္ဂနွေ | အရှေ့ | အနောက် | |
| ၂ | တနင်္လာ | အရှေ့တောင် | အနောက်မြောက် | |
| ၃ | အင်္ဂါ | တောင် | မြောက် | |
| ၄ | ဗုဒ္ဓဟူး | အနောက်တောင် | အရှေ့မြောက် | မွန်းတည့် နေ့(၁၂)နာရီထိ |
| ၅ | ကြာသပတေး | အနောက်မြောက် | အရှေ့တောင် | |
| ၆ | သောကြာ | အရှေ့မြောက် | အနောက်တောင် | |
| ၇ | စနေ | အနောက် | အရှေ့ | |
| ၈ | ရာဟု | မြောက် | တောင် | မွန်းတည့်မှ ညဥ့်(၁၂)နာရီထိ |

# အိမ်ဂေဟာအတွက်

## အဆောင်အကာ ငွေဓား

ဟတ္ထဇာရီ

အိမ်တစ်အိမ်၏ ခိုးရွှားသော အစိတ်အပိုင်းရှိ ပါပအာနိသင်များ ပျောက်ကွယ်သွားစေရန်နှင့် **သုခ ဝေဖြာစေရန် ဓင္ဂ(ပိုက်ဆံ)ဓားကို အဆောင်အကာအဖြစ်** ထားတတ်ကြသည်။

**အထူးသဖြင့် အာဖရိက ဝင်းဆိုက် ဇာသီးမကြီး၏ အတွင်းခံအင်္ကျီအနီးတွင် ထားလေ့ရှိကြသည်။**

ဤအပြင်အဆင်သည် ရိုးရာဒဏ္ဍာရီပုံပြင်များနှင့် အယူသီးမှုများကို ပေါင်းစည်းထားခြင်းသာ ဖြစ်သည်ဟု သုံးသပ်ကြသူလည်း ရှိသည်။ သို့သော် သာမန်လူသားများ၏ စိတ်သန္တာန် အတွင်းပိုင်းနှင့် မျှော်လင့်ယုံကြည်မှုများတွင် အမြစ်တွယ်၍ ကောင်းကျိုးသုခများ ပေးစွမ်းနိုင်သည်ဟု ခံယူထားကြလေသည်။

ဤသို့ဖြစ်ရသည်မှာ ပြုလုပ်စီရင်သူ၏ လုပ်ဆောင်ချက် အစဉ်ပေါ်တွင် တည်မှီနေသောကြောင့် ဖြစ်သည်။ မှန်ကန်စွာ စီရင်လုပ်ဆောင်ပါက ရန်သတ္တုရှများ ပျောက်ပျက်၍ ကောင်းကျိုးဖြစ်သည်သာ ဖြစ်သည်။


ထို့ကြောင့် ငွေဓားအဆောင်နှင့် ပတ်သက်၍ **ဖွဲ့စည်းပုံ၊ ရည်ညွှန်း နိမိတ်ပုံနှင့် သဘောတရားများကို** အသေးစိတ် သဘောပေါက်မှသာ လျှင် စီရင်ပြုလုပ်သင့်သည်။ သို့မှသာ ဆောင်ထား အသုံးပြုသူ အတွက် ကောင်းမွန်သော အကျိုး သွားများ သက်ရောက်စေပါလိမ့်မည်။


ဓားသွားအဖြစ် တန်းစီနေသော **အကြွေစေ့ ခုနစ်စေ့**ရှိသည်။ ထို့နောက် ဓားကိုင်လက်ကို ကာကွယ် ပေးသည့် **အမင်းသုံးစေ့၊ ဓားရိုး နောက်ပိတ်လေးစေ့ စုစုပေါင်း** (၁၄)စေ့ ပါဝင်ကြသည်။

အနီရောင်ကြိုးဖြင့် ဖွဲ့စည်းထားသော ဓားသွားသည် ငွေကြေးဆိုင်ရာ အနှောက် အယှက် ဘေးအန္တရာယ်များကို တိုးခုတ် နှိမ်နင်းပေးသည်။ ခုခံကာကွယ်ပေးသည်။

**ခုနစ်ဂဏန်းသည် နတ်ဒေဝတာ** များနှင့် ပတ်သက်နေသော ကောင်း ကင်ကိုယ်စားလှယ်၊ မိုးနတ်မင်း၏ တမန်တော်ဂဏန်းဖြစ်သည်။ သာ မန်လူသားတို့နှင့် အလှမ်းမမီသည့် ပရဖြစ်ရပ်များ၊ တမလွန်လောကနှင့် ဆက်နွယ်မှုများတွင် ခုနစ်ဂဏန်း သည် အထူးအရေးပါလှသည်။

ဘဝတစ်ပါးသို့ ကူးပြောင်းသွား သော မိဘသားချင်း ဆွေမျိုးများ အတွက် **"ရှောက်ဖု"ခေါ် ဝမ်း နည်းကြေကွဲခြင်း အထိမ်းအမှတ်**





## အနက်ရောင်သည် ဝမ်းနည်းကြေကွဲခြင်း အဖြူရောင်မှာ ငိုကြွေးခြင်း ဂုန်နီစ၏ အရောင်မှာ...

**အဖြစ် အနက်ရောင်ဝတ်စုံ** ဝတ်ဆင်သောကာလကို ခုနစ်ခုနစ်လီ (၄၉)ရက် ထားလေ့ရှိကြသည်။

**ထိုနောက်တွင် အောက်ခိုင်းအနက်၊ အထက်ခိုင်း အပြာရောင်ဝတ်စုံ ဝတ်ဆင်ကာ လက်မောင်းတွင် သက်ဆိုင်ရာ ပတ်သက်မှု အထိမ်းအမှတ်များ တပ်ဆင်တတ်ကြသည်။ ဤကာလကို တစ်နှစ် (သို့မဟုတ်) သုံးနှစ် သတ်မှတ် ဝတ်ဆင်လေ့ ရှိကြသည်။**

လက်မောင်း အမှတ်အသားမှာ မိခင်ကွယ်လွန်ခြင်းဖြစ်ပါက ဂုန်နီစကို လက်ယာလက်မောင်းတွင် လည်းကောင်း၊ ဖခင်ကွယ်လွန်ခြင်းဖြစ်လျှင် လက်ဝဲလက်မောင်းတွင် လည်းကောင်း တပ်ဆင်ပါသည်။

တရုတ်လူမျိုးများ အနက်ရောင်ဝတ်ဆင်သည်ဆိုရာ၌ လက်မောင်း အမှတ်အသားပါမှသာ ကြေကွဲခြင်း အထိမ်းအမှတ်ဝတ်စုံ ဖြစ်သည်။

သာမန်အားဖြင့် ဂိုဏ်းဂဏဆိုင်ရာ (ဥပမာ သိုင်းလောက)ဝတ်စုံများတွင် အနက်ရောင်ကို ရည်ညွှန်းချက် တစ်ရပ်အဖြစ် ဝတ်ဆင်တတ်ကြရာ ဈာပနကိစ္စနှင့် ပတ်သက်ခြင်း မရှိပါ။

အဖြူ၊ အနက်ဝတ်စုံ ဝတ်ဆင်သောကာလကို မိဘကျေးဇူးဆပ်သောအားဖြင့် သုံးနှစ်တိုင် ဝတ်ဆင်လေ့ရှိကြသည်ဆိုသော်လည်း ယင်းဝတ်စုံဖြင့် သူတစ်ပါး အိမ်ရာပိုင်နက်တွင်းသို့ ဝင်ရောက်ခြင်းမပြုရပါ။ **အ,မင်္ဂလာများ ယူဆောင်လာသည်ဟု အဓိပ္ပာယ် ရောက်သောကြောင့် ဖြစ်သည်။**

ယခုအခါ တိုးတက်လာသော လူမှုရေး၊ စီးပွားရေး ဆက်ဆံမှုများကြောင့် သုံးနှစ်ကာလမျှ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် ကင်းကွာ၍ မရကောင်းချေ။ ထို့ကြောင့် ရှောက်ဖျူကာလကို အကျဉ်းချုံးကာ အကြာဆုံး (၄၉)ရက်တာမျှသာ ဝတ်ဆင်လေ့ ရှိကြသည်ကို မြင်တွေ့နိုင်ကြပေသည်။

ဤဖြစ်စဉ်တွင် အရောင်တို့၏ ဒဿနကို အနည်းအကျဉ်းမျှ လေ့လာနိုင်သည်။ အနက်ရောင်သည် ဝမ်းနည်းကြေကွဲခြင်းကို ဖော်ပြသည်။ အဖြူရောင်မှာ ငိုကြွေးခြင်းကို ကိုယ်စားပြုသည်။ ဂုန်နီစ၏ အရောင်မှာ ဝါညွှန့်အရောင်ဖြစ်သည်။ မြေဝါရောင်ဟု ဆိုနိုင်သည်။

ဒုမင်္ဂလာအရောင်ဖြစ်သည်။ စီကာပတ်ကုံး နှုတ်ထွက်စကားကို ညွှန်ပြသည်။ အနက်ရောင်နှင့် တန်းတူ သတ်မှတ်ခြင်းခံရသည်မှာ အပြာရောင်ဖြစ်သည်။ မြေးများ အထူးသဖြင့် အပြင်ဘက်မှ တော်စပ်သော မြေးများ **(သမီးဖြစ်သူမှ မွေးဖွားသည့် မြေးများ)**တို့သည် ဘိုးဘွား ``ဖ``ာ်လွန်ရာတွင် အနက်ရောင် အစား အပြာ``ရောင်``ကို ဝတ်ဆင်တတ်ကြသည်။

**အနက်၊ အပြာ**တို့သည် ရေဓာတ် ပိုင်စိုးခြင်းခံရ၍ ထိတ်လန့်ခြင်း၊ ဝမ်းနည်းပက်လက် ညည်းတွားခြင်းတို့ကို ကိုယ်စားပြုသည်။ အဖြူရောင်သည် မြေဓာတ်ပိုင်ဆိုင်၍ သောက ပရိဒေဝနှင့် ပူပန်ငိုကြွေးခြင်းတို့ကို ကိုယ်စားပြုသည်။

**မြေဝါရောင်** (ဂုန်နီစ)သည် လွမ်းဆွေးတသခြင်းနှင့် နှုတ်ထွက်ဖွင့်ဟခြင်းတို့ကို ကိုယ်စားပြုသည်။ ကွယ်လွန်သူ၏ ကောင်းသောဂုဏ်ပုဒ်များကို စီကာပတ်ကုံး ပြောဆို ငိုယိုသည်ကို ရေးတရုတ် အဘွားအိုများသာ ပြုလုပ်တတ်ကြကာ ကိုယ်စား ပြောဆို ငိုယိုပေးသည်လည်း ရှိလေသည်။

ဗုဒ္ဓဘာသာစကားဖြင့်ဆိုရသော် မြေဓာတ်ဆောင် အဝါရောင်သည် အနိစ္စတရား၊ သဗ္ဗဓာတ်ဆောင် အဖြူရောင်သည် ဒုက္ခ၊ အနက်၊ အပြာရောင် ရေဓာတ်ကိုယ်စားလှယ်သည် အစိုးမရခြင်း အနတ္တတရားတို့ကို ဖော်ပြပါသည်။

ဤမျှ သဘောပေါက်ရုံဖြင့် **ဓမ္မတာအစီအရင်**ကို ဆက်၍ လေ့လာနိုင်ပါပြီ။ ကောင်းကင်မှ နတ်ဒေဝတာများ၏ ကိုယ်စားလှယ် ဖြစ်သော ခုနစ်စွမ်းအင်ကို ယူထားသည့် ပါပံစွမ်းအင်များနှင့် ရန်သတ္တရုများကို ဖယ်ရှားပေးနိုင်ပါသည်။

**အကြွေအနုများ၏ အရောင်သည် အဖြူ၊ ညိုဝါရောင်များဖြစ်ကြလျက် အနက်၊ အပြာရောင်တို့၌ မရှိပါ။ တစ်နည်းအားဖြင့် အစိုးမရခြင်း အနတ္တကို ရှောင်လွှဲထားပါသည်။ ထွေကြွေနှင့်ပတ်သက်သော မှုန်ရခြင်း ကြေကွဲတသဖြစ်ရခြင်းများကို ကာကွယ်ပါလိမ့်မည်။**

စာမျက်နှာ (၁၄၂) သို့

# နွားခွာရှည်ပြီလျှ ဂမ္ဘီရ

ဖြတ်ကြ စတိနည်း

| ရတနာ သင်မြင့် (တိုရွာ၊ ဆားလင်းကြီး) |
|---|

'ဆရာသန်းနိုင်ရေ… ဒီမှာကွ မင်းရဲ့ **"မောင်းကျကုနည်း"** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပါလာပြီကွ(မေလ ၂၀၁၈ ခုနှစ်)။ ငါပြန်တဲ့နောက် ဖတ်ကြည့်ပေါ့။ မောင်ရင့်ကို ကျေးဇူးတင်ကြောင်း မရေးမိဘူး။ မေ့သွားတာကွ။ အသက်ကြီးလို့ ခွင့်လွှတ်နော်…ငါ့တူ'

'စွမ်မယူပါဘူးဗျာ…ကိုယ်ချင်းစာပါတယ်။ ကျုပ်ကလဲ မေ့တတ်တယ်ဗျ။ ကျုပ်မေ့တာက တခြား…မယားကြောက်လို့ ဆိုပါစို့'

'ဟုတ်ရဲ့လားကွာ…မိအေးနိုင်ဖြင့် တမှိုင်မှိုင် တအီအီနဲ့ ဒူးနဲ့မျက်ရည်။ အေးပ…အေးပ "ဝ"ထားကြစို့ရဲ့။ ငါ လာတာက **"နွားခွာရှည် ဖြတ်နည်း"** ရေးချင်လို့။ **"ဂမ္ဘီရနည်း"** ဆိုကွယ့်'

'ရပါတယ်…ရပါတယ်။ ဩော်…ဒီလိုတော့ရှိတယ်။ ဆရာကြီးက စာရေးတဲ့အခါ တိကျရေရာ သေချာမှ ရေးချင်တာဆိုတော့…ခက်တာက ကျုပ်က အစီအစဉ် ကျကျ မပြောတတ်ဘူး။


အဲ…ဒီလိုလုပ်ရအောင်၊ စနေနေ့(၁၂)နာရီ လာခဲ့။ လက်ပန်းတောင်းက အေးကျော်နွားလေး ဖြတ်မှာ။ လက်တွေ့ပဲ။ စိတ်ကြိုက်ရေးပေတော့'

'အိုကေ(OK) စိုပြည်ပါပဲကွယ်'

*  *  *

'ဟော…ဆရာကြီး ရောက်လာပြီ။ ချိန်းတဲ့အတိုင်း ကွက်တိပါလား။ အေးကျော်လဲ ရောက်လာတာ မကြာသေးဘူး။ ပွဲစကြစို့လား။ နွားခြံတဲထဲ သွားရအောင်။

ဩော်…မေ့တတ်လိုက်တာ၊ ဆရာကြီးရေ…နွားရှင် (အငှား)လုပ်ဦး။ ကျုပ် ဂမ္ဘီရနည်းသုံးရင် နွားရှင်က အသက်ကြီးရတယ်။ ကဲ… မောင်အေးကျော် ငါက နွားကြီးရှင်းကို ကိုင်ထားမယ်။ မင်းနွား မင်းဖြတ်ချင် သလောက် မြေဖြူနဲ့ တားပြ။




ကျော…ကျော…မြေဖြူ ရော။ (၄)ဖက်ပြီးရင် မြေဖြူတုံ့ ဆရာကြီးဆီ ပေးလိုက်။

ဒီမှာ နွားကြီးရှင်းကို မင်းက မြင်ကိုင် အဲ…နွားရှင် (ယခုခဲ့ အငှား)ဆရာကြီးက ပုနဲ့ မြေဖြူပေါ် "ဖတ်" ရေးရမှာ ဆိုရမှာက…(ဆိုပါ ဆရာကြီး) "ကဗ္ဗိယံ ကရောဟိ" လို့"

**"ကဗ္ဗိယံ ကရောဟိ"** လို့ ဆိုဆိုရွတ်ရွတ် မူလအပေါ် ရေးခြစ်လိုက်ပြီး ဆရာသန်းနိုင်ကလဲ **"ကဗ္ဗိယံ ဘန္တေ"** လို့ ရွတ်ဖတ်ကာ **"ဝီးသွေးခဲ"** နဲ့ ရေးခြစ်လိုက်ပါတော့တယ်။ အားလုံး (၄)ဖက်ပြီးရင် လုပ်ငန်းပြီးတော့တာ ပါပဲ။

* * *



ညော့်ခံစားပွဲ ပြန်ထိုင်ကြတော့ ကျုပ်ကပဲ စကား စ,တယ်။

'ငါတို့ ဆရာသန်းနိုင်နည်းက ဂမ္ဘီရဆန်တဲ့ စတိုနည်း ခေါ်တယ်။ ခား,ခေါက်,ပဲခွပ် စတဲ့ ကိရိယာတွေ မပါဘူး။ ပြန်ကောင်းသက်သာ ဆိုရမှာပဲ။ ဒါထက် **နွားတွေကို ဘာလို့ နွာရှည်ရတာလဲ**၊ ဘာဖြစ်မလဲ'

'လူတွေ လက်သည်းရှည်သလိုပေါ့။ အလုပ်ကြမ်း မြေကြမ်း ကျောက်ပြုတ် တောင်တက် တောင်ဆင်း နွားတွေကျတော့ ရှည်ခဲတယ်။

အံမယ်... မြို့ ကတ္တရာစေးနင်းရတဲ့ နွားကျတော့ တိုလွယ်တယ်ဗျ။ ပူတာကိုး။

နွာညွှန့်ရှည်ရင် ခလုတ်တိုက်မယ်။ ပွဲမယ်။ ကြွေမယ်။ အလှပျက်တယ်'

'ဆရာသန်းနိုင်က ငါ့ကို ပညာဝှက်ထားတယ်။ မီးသွေးက ဘာ**မီးသွေး**ဆိုတာ မပြောဘူး'

'ဟာ...ဆရာကြီး ကန်တော့...ကန်တော့ မေ့တတ်တယ်လို့ ပြောထားသားပဲ ဆရာကြီးရယ်၊ တစ်ယောက်နဲ့**တစ်**ယောက် အချင်းမများတဲ့...ဘာတဲ့'

'**ကျွန်းသား** ပါကွာ'

*[ဆရာသန်းနိုင်ရေ ကျေးဇူးပါနော်...]*

**ရတနာ ဆင်မင်း**
*(တုံရွာ၊ ဆားလင်းကြီး)*

စာမျက်နှာ (၁၄၀)မှ အဆက်

**ခေါကိုင်လက်အား ကာကွယ်ပေးသည့် အမင်း(ဒဂါးသုံးစေ့)** သည် လျင်မြန်ထိရောက်ခြင်းဟူသော သုံးကဏ္ဍ၏အာနိသင်ကို ယူဆောင်ထားခြင်းဖြစ်သည်။

တရိုးအပိတ် အကြွေစေ့ (၄)စေ့သည် သေဆုံးခြင်းမရဏ၏နိမိတ်ပုံ ဖြစ်သည်။ ပြောင်းလဲခြင်းအနိစ္စဟု အဓိပ္ပာယ်ဖွင့်သည်။ ပြောင်းလဲခြင်းသည်သာ မပြောင်းမလဲ တည်တံ့နေသည်ဖြစ်ရာ အစီအရင် တစ်ခုလုံး ခိုင်မာတည်တံ့ရေးကို အဓိက တွန်းအားပေးသည်။

ဤငွေဒင်္ဂါးကို ဒင်္ဂါး(၁၄)စေ့ဖြင့် တည်ဆောက်ထားရာ တစ်ဆယ်သည် အရာရာ နေရာအနှံ့အပြား အကြိမ်ဖန်များစွာဟူသော အနက်ဆောင်၍ (၄)မှာ အထက်ပါအတိုင်း ခိုင်မာသောစွမ်းအင်ကို ပေးစွမ်းပါသည်။

နေရာ၊ ကိစ္စအနှံ့အပြားသို့ ခိုင်မာတည်တံ့ခြင်း စွမ်းအင်များ ပေးစွမ်းရောက်ရှိစေခြင်း ဖြစ်သည်။ အကြွေစေ့များအား ကြိုးဖြင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တွဲသီထားသည်။ ကြိုးများဖြစ်တည့်ပုံသည် ယပ်တောင်ဖြန့်ဟန် ဖြစ်သည်။ အေးချမ်းသာယာမှုနိမိတ် ဆောင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ငွေဓား အစီအရင်ပြုသူသည် သတ္တဝါအားလုံး အေးချမ်းသာယာစေရန် မေတ္တာစိတ်ထား၍ ကြိုးတစ်စတည်းဖြင့် အဖြတ်အဆက်မရှိ ပြီးဆုံးအောင် ပြုလုပ်ပေးသင့်ပါသည်။ ပြီးလျှင် အနှောင့်အယှက်များ ပျောက်ကွယ်စေသည့် **အဋ္ဌာရာယ်ကင်းဂါထာ** (တရုတ်ဘာသာ) သို့မဟုတ် **မုဒ္ဒ၏ သုတ်ပရိတ်ဂါထာ** တစ်ခုခုကို ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်းဖြင့် ထိရောက်အောင်မြင်သည့် ငွေဓား အစီအရင်ကို လုပ်ဆောင်နိုင်ပေသည်။

ဟူကျင်းဖီ

နက္ခတ္တရောင်ခြည်
မဂ္ဂဇင်းတိုက်နှင့်
ဆက်သွယ်နိုင်သော
ဖုန်းနံပါတ်များ...
၀၉–၇၇၆၃၄၉၇၈၅
၀၉–၄၄၃၂၅၇၂၂၀

(၁၂)လရာသီ နက္ခတ်ဇာတာ

(2018-August လအတွက်)



# ဝါခေါင်လ

## သိဟ်ရာသီ

# နက္ခတ်ဇာတာ



ဆရာ မင်းချမ်းသာ

## ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

သိဟ်ရာသီ ဝါခေါင်လသည် (၁၂)လရာသီခွင်တွင် ...ာ တေဇောဒိမ်၊ ရာသီခွင်ဖြစ်၍ ကရကဋ်ရာသီခွင် ...ား **အာပေါဓာတ် ယုတ်ပြီး... အပူတေဇောဓာတ်** ...ခါစ ပထမ(၁၀)ရက်အတွင်းမှာ **အပူဒုတ် အပုပ် ...ာင် ဝါယောဓာတ်နိုက်သည်** ရောဂါလက္ခဏာများ ...ဖြစ်တတ်၍...

...ေါင်းအုံ့, ခေါင်းခဲ, ဇက်ကြောတက်, အစာမကြေ, ပျို့ ...န်ခြင်း၊ လေဆိုလေမ်၍ ကြို့ထိုးကြို့ထောက်ခြင်း၊ ...မ်းခဖာ၊ ဝမ်းရောင်၊ လေပွခြင်းစတဲ့ ရောဂါလက္ခဏာ ...များဖြစ်ပေါ်တတ်တဲ့အတွက်...

### ရှောင်ရန် အစားအစာများ

အေး၍ ဖန်ပြီး သွေးလေကို ချုပ်စေတတ်သော၊ ...မ်းမီးကို ပျက်စေတတ်သော မန်ကျည်းရွက်၊ မဲဇလီ ...ရွက်၊ ပိလောပီနံ့ဥ၊ ဆီးဖြူသီး၊ ကြက်ဟင်းခါးသီးအရွက်၊ ...သရက်ရွက်နု၊ တမာရွက်၊ ငွေးသီး စသည်တို့ကို ...ရှောင်သင့်ပါသည်။

ပုစွန်ချဉ်၊ ငါးချဉ်၊ ဝက်သားချဉ်၊ အမဲခေါင်းချဉ်၊ မှို ...ချဉ်၊ မျှစ်ချဉ်၊ ဘဲသား၊ ကျွဲသား၊ ကျွဲနို့၊ အုန်းနို့၊ လိပ် ...သား၊ လိပ်ဥနှင့် မြေအောင်းသား၊ မီးမြှိုက်သားနဲ့ လက် ...သုပ်ချဉ်၊ ချဉ်ဖတ် စသည်တို့ကို ရှောင်ကျဉ်ရပါမည်။

### ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင်ဓာတ်စာ အစာအာဟာရ စားသုံးသင့်တဲ့ အစားအစာများမှာ

#### အသီးအရွက်အနေဖြင့်...

ပင်စိမ်းရွက်၊ ဒန့်သလွန်သီး,အရွက်၊ ရဲယိုရွက်၊ မြင်းခွာရွက်၊ ကြက်သဟင်းရွက်၊ ခွေးတောက်ရွက်၊ ကြိတ်မှန်ရွက်၊ လယ်ပဒူရွက်၊ ပေါက်ပန်းဖြူပွင့်,အရွက်၊ ရေသကျည်းရွက်၊ ညောင်ပွင့်၊ ညောင်ရွက်...


သဖော်သီးရွက်နု၊ သခွော်သီးစိမ်း၊ ငှက်ပျောဖူး၊ ငှက်ပျောအူ၊ ကန်စွန်းရိုးနီ၊ ကနဖော့၊ ဖားပေါင်၊ ကြာရိုး၊ ချဉ်ပေါင်ဖြူ၊ ခဝဲသီး၊ ပဲလင်းမြွေသီး၊ ပဲညွန့်၊ ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲလိပ်ပြာ စသည်တို့ကို စားသုံးနိုင်ပါသည်။

#### အသားငါးအနေဖြင့်...

ဆိတ်သား၊ နွားသား၊ ငုံး၊ ခါ၊ ချိုး၊ စာကလေး၊ ဂျီ (ဖချ)သား၊ ဆတ်သား၊ ယုန်သား၊ ဝက်သား၊ နွားကလေးသား၊ ကြက်သား၊ ငါးရှူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးရှဉ့်၊ ငါးမြင်း၊ ငါးတန်၊ ပုစွန်တုပ်၊ လယ်ပုစွန်လုံး၊ ဖားသား၊ ငါးကလေးပေါက်၊ ပလီမ၊ ဒေါင့်ပဆိတ်၊ ပုစဉ်းရင်ကွဲအခြောက်၊ ခါချဉ်ဥ စသည်တို့ကို စားသုံးနိုင်ကြပါသည်။

#### အချိုပွဲ စားသုံးသီးနှံအနေဖြင့်...

သရက်သီးမှည့်၊ ဒူးရင်း၊ မင်းကွတ်၊ သစ်တော်၊ ကျွဲကောသီး၊ သစ်တိုသီး၊ ရေငန်းသီး၊ သခွော်သီး၊ ငှက်ပျောသီး၊ ပျားလိမ္မော်သီး၊ ကျောက်ဖရုံယို၊ ဆီးယို၊



သရက်ပြင်၊ ပိန္နဲသီး၊ မာလကာသီး၊ နာနတ်သီး စသည့် သစ်သီးများကို စားသုံးသင့်ပါသည်။

---

အချဉ်သီးအနေဖြင့်...

---

သခွေပြသီး၊ မန်ကျည်းသီးမှည့်၊ ရှောက်သီး၊ သံပရာသီး၊ သရက်ချဉ်၊ မရန်းသီးအချဉ်၊ သစ်တိုသီး၊ ဇရေန်းသီးအချဉ် စသည်တို့ကို လိုအပ်သလို အသုပ်၊ ဟင်းပွဲတို့တွင် ထည့်သွင်း စားသုံးပေးနိုင်ပါသည်။

အထူးသဖြင့် ဤဂ်ဝါခေါင်လတွင် အရေပြား၊ ယားနာ၊ ဝဲစို၊ နှင်းခူနာ၊ ခြေဝဲစားခြင်းတို့ ဖြစ်တတ်ပြီး ခြေထောက်ဒူးအောက်ပိုင်း၊ ရေစို အအေးမိများလျှင် ဝမ်းဖော၊ ဗိုက်ပွ၊ လေဆို့၊ လေကျပ်ဖြစ်တတ်၍ ခြေနွေးအောင်ဂရုပြုပြီး ဝမ်းဗိုက်ကို နှမ်းဆီ၊ ပရုတ်၊ မီးနွေးနွေးပေးပြီး ဗိုက်ကို လိမ်းပါ။

**ယားနာများကိုလည်း လိမ်းပေးနိုင်ပါသည်။ ဝမ်းပျက်၊ ဝမ်းဖော၊ ဝမ်းကိုက်ဖြစ်ခဲ့လျှင်** သားမီးဖုတ်နှင့် နနွင်းမှုန့်စစ်စစ်ကို (၁)အချိုး (၄)ဆနှုန်း ရောပြီး ရေနွေးပူပူနှင့် တိုက်ပါ။

ဝမ်းမီးအားကောင်းစေရန်အတွက် ဇာသီးသွေးရည် (၁)ဇွန်း၊ ဝိစကီအရက်(၁)ဇွန်း၊ ပျားရည်(၃)ဇွန်း ရောစပ်၍ ညအိပ်ရာဝင် (၁)ဇွန်း ရေနွေးနှင့် သောက်ပေးပါ။

သိဟ်ရာသီ ဝါခေါင်လ အခါသမယတွင် မိသားစုထမင်းဝိုင်းအတွက် ကျန်းမာရေး အကျိုးပြု...

---

ဆေးဖက်ဝင်ဓာတ်စာ ဟင်းစပ်အတွဲများ

---

[၇–ရက်(၁)ပတ်စာ ဟင်းပွဲများ]

---

**၁။ ငုံးသားဆီပြန်ဟင်း(သို့မဟုတ်) ငုံးသားထောင်းကြော်**

❖ ကြက်သဟင်းရွက် ဟင်းချို

❖ မြူရွက်သုပ်

❖ ငရုတ်သီးဆားထောင်း၊ သံပရာဆမ်း

**၂။ ဆိတ်သားစဉ်းကော ဆိတ်အသားလုံးဟင်း**

❖ သနပ်စုံ အသုပ်

❖ ချဉ်ပေါင် ဟင်းချို

❖ သခွေပြသီး ငါးပိကြော်

**၃။ ငါးရံ့ခေါင်း ချဉ်ရည်ဟင်း**

❖ ကြက်သား ကင်ပွန်းချဉ်ကြော်

❖ မြင်းခွာရွက်သုပ်

❖ ရခိုင်ငါးပိထောင် စပ်စပ်

**၄။ ဝက်ပုံးရည်ကြီးဟင်း**

❖ ပေါက်ပန်းဖြူပွင့်သုပ်

❖ မှျစ်၊ ချဉ်ပေါင်၊ ပုစွန်ကျောချဉ်ဟင်း

❖ ပုစွန်ခြောက် ဗာလချောင်ကြော်

**၅။ ငါးမြင်းငါးပိတစ် မန်ကျည်းရည်အုပ်ချက်**

❖ ဒန့်သလွန်ရွက် ဟင်းခါး

❖ မှျစ်နှင့် ပုစွန်ကြော်

❖ ဂျူးမြစ် ငရုတ်သီးထောင်း

**၆။ ဆတ်သားခြောက် မီးဖုတ်ဆီဆမ်း**

❖ သီးစုံ ပဲကုလားအချဉ်ဟင်း

❖ ကြက်သဟင်းရွက် ပုစွန်ခြောက်ကြော်

❖ ပြေပဲ ဗာလချောင်ကြော်

**၇။ ငါးကလေးပေါက် အိုးကပ်ချက် ပင်စိမ်းအုပ်**

❖ မှျစ်၊ ချဉ်ပေါင်၊ ကန်စွန်းရွက်ဟင်းလျော်

❖ ငါးပိဖျော် တို့စရာစုံ

❖ ငါးမိးဖုတ်၊ ငုက်ပျောအူ၊ တာလပေါ်ဟင်း

ယခု တင်ပြခဲ့သည့် [(၇)ရက် (၁) ပတ်စာ ဟင်းစ တွဲ]များသည် (၁၂)ရာသီခွင်တွင် သက်ဆိုင်ရာ ရာသီခွ နှင့် သင့်တော်သည့် **အပူအအေး၊ အတက်အသ** စသော နက္ခတ်ဓာတ်စာ ဆေးပညာဖြင့် ချင့်ချိန်၍ ဆေးဖက်ဝင် စားဖွယ်ရာ ဟင်းလျာများအဖြစ် သ ရောက်အောင် တွဲစပ်စီမံပေးထားသည့် "**ဓာတ်** **ဟင်းလျာ**"များ ဖြစ်ပါသည်။

ဆရာ မင်းချမ်းသာ

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မြစ်ငယ် ကားလမ်းပေါ်တွင်ရှိသော ''ရေလဲကျောင်း''

# ဆရာတော်ကြီး ဦးကုသလ (သုံးပန်လှ)

၏ အံ့သြဖွယ်ထူးခြားချက်များ

သိန်းငှက်

စာရေးသူသည် စစ်ကိုင်းမြို့သို့ ခရီးထွက်ခဲ့၏။ **(၁၆-၁၀-၀၃)နေ့** ဖြစ်ပါသည်။

မြစ်ငယ်မှ စစ်ကိုင်းသို့သွားသော ကားလမ်း၏ ဘယ်ညာနှစ်ဖက်စလုံးတွင် နေပျောက် မထိုးဖောက်နိုင်သော သစ်ပင်များက တန်းစီလျက်ရှိ၏။

ရေလဲကျောင်း၏ အရှေ့ဘက်သို့ မျှော်ကြည့်လျှင် ရှေးခေတ် မင်းညီမင်းသားများ ပျော်ပွဲစားရာကစား ထွက်ခဲ့ကြသောရာဇဝင်တွင်ထင်ရှားသည့် ဇရပ်တစ်ခု ရှိ၏။

ကျောင်း၏ အနောက်ဘက်၌ **ဦးလူပျိုနတ်စင်** ရှိ၏။ ထိုနတ်စင်ရှေ့မှ မြင်းစီးပြီး ဖြတ်၍ မရပါ။

အကယ်၍ ဖြတ်ခဲ့လျှင် မြင်းပေါ်မှ ကွန်းချခံရပြီး မနာမကျန်းနှင့် သေသည်က များပါသည်။

'အဲဒီလမ်းကို မသွားရဲလို့ ဦးလူပျိုကြီး လိုက်ပို့ပေးပါ'

ဟု ဆိုလျှင် သူက ခြုံသိပေး၍ သနေ့ထက်တိုင် လိုက်ပို့ပေးလျက် ရှိပါသည်။

တောင်ဘက်တွင် ဧရာဝတီမြစ်က စီးဆင်းလျက် ရှိပြီး... မြောက်ဘက်သို့လာသော်**ကူကုန်းကျောင်း (ရှေးပရိယတ္တိစာသင်တိုက်)** ရှိပါသည်။



ဆရာတော်ကြီး ဦးကုသလပုံတော်

[(၁၆-၁၀-၀၃)နေ့က ရိုက်ကူးခဲ့သည်။]

ကျောင်းဝင်းအတွင်း၌ သရက်ပင် အိုကြီးများ၏ အရိပ်က အလွန် အေးမြ လှပါ၏။ ကျောင်းဝင်းမှာ (၂)ဧကခန့် ကျယ်ဝန်းပါ၏။


စာရေးသူက ရှေ့ဦးစွာ ကျောင်းဝန်း အတွင်းရှိ ဉာဏ်တော်သုံးဆယ့် ငါး တောင်ခန့်ရှိ ငွေသင်္ကန်းကပ်ထားသော စေတီကို ဦးချကန်တော့လိုက်ပါ၏။

**ဆွမ်းဘုဉ်းပေးနေသည့် ဇရပ်ထဲမှ ဆရာတော်က...**

'ဒါယကာကြီး ဒီအပေါ်မှာ ခေတ္တ ထိုင်နေနားပါ။ ပြီးရင် သက်တော် (၉၆)၊ ဝါတော်(၇၆)ဝါရှိ ဆရာတော် ဦးကုသလရဲ့ ဓာတ်ပုံကို လေ့လာကြည့်ပါ'

ဟု လက်ညှိုးထိုးပြခဲ့ပါသည်။

ဆရာတော်ဦးကုသလ (သက်တော် ၉၆ နှစ်၊ ဝါတော် ၇၆ ဝါ) ဘဝနတ်ထံ ပျံလွန်တော်မူသောနေ့မှာ **၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄)ရက် စနေနေ့ (၁၆-၈-၀၃)ဖြစ်ပြီး (၄)ရက် တိတိ ထားခဲ့ရာ** အပုပ်နံ့ ထွက်ခြင်းမရှိ ပကတိ အသားအရေ စိုပြည်လျက်ရှိပြီး ချပနေ့တွင် ဆရာတော်ကျောင်းဝန်း အတွင်းနှင့် ဥယျာဉ်တော်ကျေးရွာ တစ်ရွာလုံး ကြိမ်မီးအုံးသကဲ့သို့ ခံစားခဲ့ရပြီး ဘုရားပွဲတော်တမျှ စည်ကားသိုက်မြိုက်ခဲ့ပါသည်ဟု **လက်ရှိ ဆရာတော် ဦးအာစာရ(ဝိနိယဝိဒူ)** မှ အမိန့်ရှိပါသည်။



ရေလဲကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းဘုရားပျက်ကို ဆရာတော်ကြီးဦးကုသလမှ လက်ဆင့်ကမ်း ပြုပြင်ထားသည့် စေတီတော်ပုံ [(၁၆-၁၀-၁၃)နေ့ မွန်းလွဲ(၁း၃၀)နာရီတွင် ရိုက်ကူးခဲ့သည်။]

ဆရာတော်၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်ခဲ့ရာ ဓာတ်တော်များ ကျခဲ့ပါသည်။ ထိုဓာတ်တော်များကို ကောက်၍ ဆရာတော် ဦးအာစာရက မိုးရေဖြင့် စိမ်ပြီး ဖန်ပုလင်းထဲ ထည့်ထားရာ စာရေးသူက မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ ဆရာတော်ဦးအာစာရ(၁၇-ဝါ)က ဆက်လက်မိန့်တော်မူရာ မိမိ ဤကျောင်းတော်သို့ ရောက်ခဲ့၍ ဆရာတော်ကြီးနှင့်အတူ သာသနာပြုခဲ့သည်မှာ (၁၀)နှစ်ကျော်ခဲ့ပါပြီ။

မိမိရောက်စဉ်က ဆရာတော်ကြီး ကျန်းမာရေး အလွန်ကောင်းပြီး ဘုန်းတော်ကြီး မူလတန်းကျောင်း ဖွင့်ခဲ့ရာ **"ဘဝနသီပွံ့ကျောင်း"**ဟု အမည်ပေး၍ ကျောင်းသား/သူ(၁၀၀)ခန့်ရှိပြီး ဆရာတော်ကြီး



✤ ဆရာတော်ကြီးဦးကုသလ
(သက်တော်-၉၆နှစ်၊ ဝါတော်-၇၆ဝါ)
ဆရာတော်ကြီးပျံလွန်တော်မူမှ ကျန်ရစ်သော ဓာတ်တော်များ
နှင့် ဆရာတော်ကြီး၏ပုံတော် [(၁၆-၁၀-၀၃)နေ့
မွန်းလွဲ(၁၃၀)နာရီတွင် ရိုက်ကူးခဲ့သည်။]

ကိုယ်တိုင် ဖိဖိစီးစီးနှင့် သင်ကြားပို့ချပေးခဲ့ပါသည်။

ထို့ပြင် ဆရာတော်ကြီးက ညဘက် ကျိန်းနေခိုက် ဝိဇ္ဇာဓိုရ်တွေနှင့် အပြန်အလှန် စကားပြောသံများကို လည်း ကြားခဲ့ဖူးကြောင်း လက်ရှိဆရာတော် ဦးအာစာရ မှ အမိန့်ရှိပါသည်။

ဆက်လက်၍ ဆရာတော်ဦးကုသလ သက်တော် ရှိစဉ်က ခုနစ်ရက်သားသမီး ဆင်းရဲချမ်းသာမရွေးတို့ကို ချီးမြှင့်ခဲ့သော ဂါထာတော်မှာ...

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ
ဧတံ မင်္ဂလ မုတ္တမံ။

**အနက်မှာ**

ရဟန္တာပုဂ္ဂိုလ်တို့သည် လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံငြားသော်လည်း စိုးရိမ်ခြင်း၊ ပူပန်ခြင်းမရှိ ဘေးရန်ကင်း၏ဟု ဆို၏။

ဆက်လက်၍ လက်ရှိဆရာတော် ဦးအာစာရမှ ဆရာတော်ဦးကုသလ၏ ပုံတော်ကို ကူး၍ ပြန့်ပွားပြီး အိမ်၌ ဆွမ်း၊ ရေတော်၊ ဆီမီး၊ ပန်း အစရှိသည်တို့ဖြင့် ပူဇော်ကန်တော့ပါက ခုနစ်ရက်သားသမီးအပေါင်း လိုရာဆန္ဒ ပြည့်ဝစေမည် ဖြစ်ပါကြောင်း စာရှုသူ ဝမ္မမိတ်ဆွေအပေါင်းကို ဤဆောင်းပါးဖြင့် ဝမ်းမြောက် ပြောလိုက်ပါတော့သည်။

သိမ်းငှက်

စာရှုသူ...သုတေသီနှင့် ဒေသခံပုဂ္ဂိုလ်များခင်ဗျာ...

ဤဆောင်းပါးပါ ဆရာတော်ကြီးအကြောင်း သိရှိသူများမှ ဆရာတော်ကြီး၏ ကျင့်စဉ်စရဏနှင့် ထူးခြားချက်များအား ရေးသားပေးပို့ မှတ်တမ်းတင်ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

# သမားဂုထ်ပြ မြန်မာ့ရှေးဟောင်းကျင့်စဉ်

နည်းလမ်းလေး



**သမားဂုထ်ပြ မြန်မာ့ရှေးဟောင်း နည်းပညာရပ်လေး** တစ်ခုအကြောင်းကို ကျင့်ဆောင်တတ်အောင် တင်ပြချင်ပါတယ်။

ကျွန်တော် ခုနစ်တန်းကျောင်းသား အရွယ်လောက်က ကျွန်တော်တို့အိမ်က ချက်ပလက်ခေါင်းတို့ ကုန်တင်ကားကြီးမှာ စပယ်ယာလုပ်သွားခဲ့တဲ့ ကိုဘသိန်း သင်ပေးတဲ့ နည်းကလေး ဖြစ်ပါတယ်။

ပထမတော့ ကျွန်တော်က မယုံပါဘူး။ နောက် ကိုယ်တိုင် စမ်းသပ်ကြည့်တော့မှ စစ်မှန်တဲ့ ပညာရပ် ဖြစ်ပြီး ဒီလိုပညာရပ်တွေရှိတဲ့ ဝိဇ္ဇာဂမ္ဘီရလိုင်းတွေကို လိုက်စားခဲ့တာ ဒီနေ့အထိပါပဲ။

ဆရာတစ်ယောက်စီမှာတော့ တစ်ခုကောင်း လက်စွမ်းပြ နည်းပညာရပ်တစ်ခုတလေ ရှိကြတာပါပဲ။ ဒီလိုနဲ့ပဲ ဆရာများစွာရှာပြီး ပညာတွေ ရှာဖွေစုဆောင်းခဲ့ရတာ ဒီအသက်အရွယ်ထိအောင်ပါပဲ။ ကျင့်ဆောင်ပုံ ကျင့်ဆောင်နည်းကလေးကို အောက်မှာ ဖော်ပြလိုက်ပါတယ်။

၁။ လုပ်ပြမယ့် ဆရာက ဝိဝိရဲ့ လက်နှစ်ဖက်(ဝိဝိ လက်အလံအတိုင်း) အရှည်ရအောင် ဝါးခြမ်းပြားငယ်နှစ်ချောင်း ရယူပါ။

၂။ ဝါးခြမ်းပြားအလယ်မှာ တစ်ခုကို (ကျား)၊ တစ်ခုကို (မ)လို့ စုတ်လေးတစ်ခုနဲ့ အမှတ်ပြုထားပါ။

၃။ ထိုဝါးခြမ်းပြားကို ဆရာဖြစ်သူနဲ့ နောက်တစ်ယောက်က မျက်နှာချင်းဆိုင်ရပ်ပြီး ဝါးဖျားအဆုံးကို ဘယ်ညာ လက်နှစ်ဖက်ဖြင့် ဝိဝိကို ခါးတွင်ကပ်၍ ကိုင်ပြီး အသင့်အနေအထားဖြင့် ရပ်ပြီး နေရာယူထားရပါမယ်။

ပုံစံပြုရသော် လူသေကောင် ခေါင်းကို ပ,သလိုပုံစံ ဝါးခြမ်းပြား နှစ်ခုကို တစ်ဖက်တစ်ချက် ကိုင်ထားရမယ်လို့ ဆိုလိုပါတယ်။ ခေါင်းကိုင်ပုံစံဆိုလို့ စိတ်ကူးလွှဲပြီး ကြောက်စရာပလိုပါ။

သရုပ် ပေါ်အောင် ဥပမာပြဆောင်လိုက်တာပါ။

၄။ ပြသမယ့် ဆရာက အောက်ပါဂါထာနဲ့ ဝါးခြမ်းပြားငယ်နှစ်ခုကို ကြည့်ပြီး မန်းမှုတ်ရပါမယ်။ ပါဠိသဒ္ဒါကြီးစာအုပ်မှာပါ ရှိသော စာသား ဖြစ်ပါတယ်။ ကိုရင်ငယ်လေးကအစ ရငြီးသားစာ ဖြစ်ပါတယ်။ ဂါထာကတော့...

"ဦ့ နယေပရံယုတွေ
ကပ်ဆရာကပ်
ပျောင်းဆရာပျောင်း
ချဉ်းဆရာချဉ်း
ပူးဆရာပူး"

**ခက်ခဲသော ပါဠိအဓိပ္ပာယ်**

**ဦ့** = အုံ

**ယုတွေ** = ယုတ်တေ

ဟူ၍ ဖြစ်ပါတယ်။ ဂါထာကို အသံပြင်းပြင်းနဲ့ နှစ်ယောက် ကြားရုံလောက် အော်၍ဆိုပါ။ လေး,ငါး ဆယ်ကြိမ်လောက်ဆိုရင် ဝါးခြမ်းပြားလေးနှစ်ခု ပူးဖို့ အတွက် အားပြိုင်ရုန်းနေတာကို တွေ့ရပါလိမ့်မယ်။ **ဂါထာရွတ်စဉ် မရယ်ဖို့တော့ သတိထားရပါမယ်။**

**ဦးကျော်မင်း(စစ်တွေ)**

# ပရိတ်တော်မှ ပေးအပ်သော

ကိုယ်တွေ့ ကျင့်စဉ်

ဒိုးတာပြင်
(အောင်လံ)



စာရေးသူ **"ပရိတ်ပန်းတို့ တစေဝေ ဘဝပန်းတို့ တလန်းလန်း ကိုယ်တွေ့ဖြစ်စဉ်"**ကို ၂၀၁၁ ခုနှစ်၊ ဇွန်လထုတ်၊ ပါရမီမဂ္ဂဇင်းတွင် ရေးသားတင်ပြပြီးခဲ့ပါပြီ။

ယင်းဖြစ်စဉ်၌ လူ့လောကတွင် ငြိမ်ငြိမ်ထိတ်လန့်စရာများမှ ကင်းဝေးချမ်းသာ၍ အဆင့်အတန်းမြင့်မြင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ရန်အတွက် မြတ်သော ကိုးကွယ်ခြင်းကို ရှာခဲ့ရာ ဗုဒ္ဓ၏ ပရိတ်တရားတော်ကို တွေ့ရှိခဲ့ပါကြောင်း အောက်ပါအတိုင်း ဖော်ပြခဲ့ပါ၏။

"ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ ဤရတနာသုံးပါး ကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်ကြကုန်၏"

ထို့အပြင် (၁၃-၃-၂၀၁၀) ပြည့်နှစ် ည(၇)နာရီခန့်တွင် စာရေးသူတို့ နေထိုင်ရာ အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ (၁၄)လမ်းနှင့်(၁၅)လမ်း အကြား အလယ်လမ်းတွင် "ဟန်" ဆိုစက်နှင့် ဝါစက်တွင် မီးလောင်ခဲ့ကြောင်း၊ ဂိုဒေါင်ဖြစ်၍ မီးအရှိန် ကြီးလှကြောင်း...

စာရေးသူ၏ အိမ်နှင့် လမ်းသာခွာခြား၍ မီးလောင်နေရာနှင့် အလွန်နီးကပ်စွာ တည်ရှိနေကြောင်း။ ဤမီးသာ ကူးစက်လောင်ကျွမ်းခံရပါက ရှိသမျှ မီးထဲ အကုန်ပါ၍ ဘဝပါ ပျက်သွားနိုင်ကြောင်းကို ထည့်သွင်း တင်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။

ယခု ဖြည့်စွက်ဖော်ပြမည့် ဖြစ်စဉ်သည် စာရေးသူ၏ ကျင့်စဉ်နှင့် အဓိကသက်ဆိုင်နေသည်ဟု ယူဆပါသဖြင့် မိမိကျင့်စဉ်ကို ထပ်မံဖော်ပြသွားပါမည်။

စာရေးသူသည် တစ်ခါတစ်ရံ အိပ်ရေးပျက်သော၊ အိပ်ရာဝင်နောက်ကျသော ရက်များမှအပ နံနက်(၃)နာရီကျော်ခန့်တွင် အိပ်ရာမှ ထပါသည်။ တစ်ခါတစ်ရံလည်း နံနက်(၄)နာရီ (သို့မဟုတ်) နံနက်(၅)နာရီ ဖြစ်သွားတတ်ပါသည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးနောက် မိမိနေအိမ်ရှိ ဘုရားကျောင်းဆောင်အား ပထမဦးစွာ

သန့်ရှင်းရေး ဆောင်ရွက်ပါ၏။

ပုံတော်ကားချပ်များကို ဖုန်သုတ်ပါသည်။ ကြမ်းခင်းများကို အဝတ်ကြမ်းဖြင့် တိုက်ပါ၏။ မြတ်စွာဘုရား၏ ဇေတဝန်ကျောင်းတော်ကြီးအား သန့်ရှင်းရေး ဆောင်ရွက်ပေးနေသည်ဟု စိတ်အာရုံတွင် ခံယူထားလေသည်။

ဘုရားကျောင်းဆောင်တွင် ဖုန်မရှိစေရ။ ဆက်လက်ပြီး အလင်းတိုင်၊ နံ့သာတိုင်တို့ဖြင့် ပူဇော်ပါသည်။ ထို့နောက် အောက်ပါအတိုင်း နတ်များကို ပင့်ဖိတ်ပါ၏။

'လူတို့ နေထိုင်လျက်ရှိသော ဤစကြဝဠာတစ်သောင်းမှ သောင်းလောကဓာတ် နတ်ပြာနတ်ကောင်း နတ်အပေါင်းတို့... ရဟန်းတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ နတ်ရွာနိဗ္ဗာန်ချမ်းသာအမှန်ကို ပေးစွမ်းနိုင်သော သူတော်ကောင်းတရားဖြစ်သည့် ပရိတ်တရားတို့ကို နာကြားအံ့သောငှာ ဤနေရာ ဤဒေသသို့ လာရောက်၍ ရှိသေစွာ နာယူကြပါကုန်လော့၊ ယခုအခါသည်ကား မြတ်စွာဘုရား၏ ပရိတ်တရားကို နာကြားရမည့် ပဂ်လာအခါတော်ပေတည်း'

စာရေးသူသည် အထက် တင်ပြပါအတိုင်း နတ်ဗြဟ္မာအပေါင်းတို့ကို ပရိတ်တရားတော်နာ ကြွရောက်ပါရန် အလေးအနက် ထား၍ ဖိတ်ကြားပါ၏။ ထို့နောက် **မင်္ဂလသုတ်၊ မေတ္တသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်နှင့် ပုဗ္ဗဏှသုတ်** ပရိတ်တော်များဖြင့် ရွတ်ဖတ်ပူဇော်ပါသည်။



ဤသို့ ရွတ်ဖတ်ပူဇော်ရာတွင်လည်း အာရုံမမိသော ပရိတ်တော်အပိုဒ်များကို ထပ်မံ ရွတ်ဖတ်၏။ တချို့သုတ်များဆိုလျှင် (၃)ခေါက်မှသည် (၉)ခေါက်အထိ ရွတ်ဖတ်ပူဇော်ပေးပါသည်။

ပုဗ္ဗဏှသုတ်တော် ရွတ်ဖတ်ပူဇော်ပြီးနောက် ဗုဒ္ဓဘုရားရှင်တို့၏ **အာဝေဏိကဂုဏ်တော် (၁၈)ပါးနှင့် ဆုတောင်း။ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ နတ်ချစ်ဂါထာကို** လိုအပ်သလိုနှင့် ခေါက်ရေရသလောက် ဆက်လက် ပူဇော်ပါသည်။

ထို့နောက် မိမိပြုသမျှ ကုသိုလ်အပေါင်းတို့ကို (၃၁)ဘုံကို အမျှပေးဝေပါသည်။ အာရုံမမိမချင်း အထပ်ထပ် အမျှဝေပြီး မေတ္တာအဖန်ဖန်ပို့မိပါ၏။ ဤသို့ အမျှဝေ၍ မေတ္တာအဖန်ဖန်ပို့ရခြင်းကိုလည်း အထူးကြည်နူးမိပါကြောင်း တင်ပြရပါသည်။

ယခု စာရေးသူ ဖြည့်စွက်တင်ပြသွားမည့် ပရိတ်အကျိုးပြ ဖြစ်စဉ်သည် မိမိ၏ ပုံမှန်ကျင့်ဝတ်များနှင့် ရာဇဝင်နှုန်းပြည့် သက်ဆိုင်နေပါသဖြင့် ယခင် ပါရမီမဂ္ဂဇင်းတွင် တင်ပြထားပြီး ဖြစ်သော်လည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက် ကွင်းဆက်မိနိုင်ပါရန် ထပ်လောင်း၍ အသေးစိတ် တင်ပြလိုက်ရခြင်း ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခု မီးလောင်မှုဖြစ်စဉ်တွင် ဝါဂိုဒေါင်၊ ဆီစက်ဂိုဒေါင် လောင်ကျွမ်းနေခြင်းဖြစ်၍ မီးအရှိန်မြင့်မားပြီး မီးညွန့်များမှာ အထက်သို့ မြင့်မားစွာ တက်နေကြတော့သည်။ စာရေးသူအနေဖြင့် စိုးရိမ်စိတ်ကြီးမားနေမှုကြောင့် ဝဋ္ဋသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ရန်ပင် မေ့နေပါသည်။

မိမိအိမ်ဘက် ပြေးကြည့်လိုက် မီးညွန့်ပြေးကြည့်လိုက်နှင့် အခိုန် အတန်ပင် ကြာသွားပါ၏။ ထိုအခိုန် တွင် သမီးဖြစ်သူ ဒေါက်တာ မေမြတ်သူလည်း အိမ်သို့ ခေ အလည်ပြန်ရောက်ရှိနေရာ သူ

...မီးညွန့်ကို မိမိလက်ညှိုးဖြင့် ...ပြသမိပါသည်။

...မြင့်မားစွာ တလူလူ တက်နေ ...သော မီးညွန့်သည် မိမိအိမ်ရှိရာ ...ဘက်သို့ ဦးတည်နေရာမှ ချက်ချင်း ... ဆန့်ကျင်ဘက်အရပ်သို့ ...သည် ဦးတည်သွားကြောင်း ...တွေ့ရှိရပါသည်။

**...လက်ညှိုးတွင် ပရိတ်၏ တန်ခိုး ...နေကြောင်း အမှတ်တမဲ့သတိ ...တော့သည်။ စာရေးသူအာရုံ ဖြင့် ... သေချာစေရန် လေးငါးကြိမ်ခန့် ...ထပ်ရာ ထိုနည်း၊ အတိုင်းပင် ...များသည်လည်း ဆန့်ကျင်ဘက်အရပ် ... ချက်ချင်း ပြန်လည် ဦးတည်သွား ...ကြောင်း ... တွေ့ရှိရမိ ...သည်။**

...ကြာမိပင် မီးသတ်ကားများ ...ဘက်ညှိလက်ညှိ ဝိုင်းဝန်းငြိမ်းသတ် ...ကြောင့် မီးညွန့်ကျိုး၍ မီးအား ...သွားပါတော့သည်။ မီးမှာ ...လက် ကူးစက်လောင်ကျွမ်း ... မရှိတော့ပါ။ အောင်မြင်စွာ ...ငြိမ်းသတ်နိုင်ပါတော့သည်။

...တရားတော်၏ ဂုဏ်တော် ...ကျေးဇူးတော်သည် အဆုံးမရှိ ...ကျယ်ဝန်းလှပါချေတကား။ တရား ...တော်သည် သတ္တဝါ အားလုံးတို့ ...အတွက် ဆပ်၍ မကုန်နိုင်လောက် ...အောင် ကျေးဇူးများလှပါသည်။

"**လာလော့၊ လက်တွေ့ကျင့် ...ကြည့်လော့**"ဟု တရားတော်နှင့် ...တ်သက်၍ ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်ခံနိုင် ...သေး၏။ ဧဟိပဿိက ဂုဏ်တော်ကြီး ...ဖြစ်ကြောင်း မျက်ဝါးထင်ထင် ...တွေ့ရှိရပါတော့သည်။

...မွတရား တန်ခိုးတော်ကြောင့်



အငြိမ်းဓာတ်, အအေးဓာတ်များ အပြင် ပရိတ်အာနိသင် တန်ခိုးပါဝါ များ စိမ့်ဝင်သကဲ့သို့ မသိမသာ တစိမ့်စိမ့် ကိန်းဝင်လာသည့် သဘောကို နားလည်နိုင်ပါသည်။ မမြင်ရသော ပရိတ်တော် တန်ခိုး သတ္တိများ ခန္ဓာကိုယ်တွင် ကိန်းအောင်းနေသည်ကို သတိပြု နိုင်ပါသည်။

ဝဋ္ဋသုတ်တော်အပါအဝင် ပရိတ် တော်များကို အမြဲ ထုံမွှမ်းခဲ့သဖြင့် ဆုမတောင်းရဘဲ ရလာသော အကျိုးအာနိသင်များပင် ဖြစ်ပါ တော့၏။

သို့သော် လက်တွေ့ အားထုတ် ကျင့်ကြံမှုမရှိကြသူများ၊ ကျင့်ကြံ အားထုတ်ဖူးသော်လည်း ရေရှည် တိုက်ပွဲမဝင်နိုင်သူများ အနေဖြင့် ယုံကြည်ရန် ခက်ခဲနေမည် ဖြစ်ပါ သည်။

နယ်ခြား တောင်တန်းသာသနာပြု ဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဥတ္တမသာရ၏ ချမ်းမြေ့စွာ ဘဝနေနည်းစာအုပ် တွင်...

'ဘုန်းကြီး ပရိတ်က အစွမ်းထက် ကြောင်း ဘုန်းကြီး ကိုယ်တိုင် သတိ မပြုမိပါဘူး၊ အသက်(၂၀)လောက် စပြီး တောက်လျှောက် စိတ်ရင်း စေတနာနဲ့ ဝါသနာအရ ရွတ်လာ ခဲ့တာပဲ။ အဲ...ခုတော့ ပရိတ် ဘုန်းကြီး ဖြစ်မှန်းမသိ ဖြစ်လာပုံ ပြောရဦးမယ်။

"သခင်ကြီး ကလေးက ကန့်လန့် ခံနေလို့ ကျုပ်မိန်းမ မီးမဖွားနိုင်တာ သုံးရက်တောင် ရှိပြီ။ ဆေးခန်းကရော၊ လက်သည်ကရော၊ မတတ်နိုင်ကြတော့ ဘူး။ အိမ်လိုက်ပြီး ကြည့်ပါဦး"

ဆိုပြီး အားကိုးတကြီး ခေါ်တာနဲ့ ဘုန်းကြီး လိုက်သွားတယ်။

ဒါပေမယ့် အိမ်ထဲ မလိုက်ဘူး။ အိမ်အပြင်က သစ်ပင်တန်းမှာပဲနေ ခဲ့တယ်။


"ကဲ...မင်း ရေတစ်ခွက် ယူပြီး မြန်မြန်လာခဲ့"

လို့ ပြောပြီး ဘုန်းကြီးက စောင့် နေတယ်။ ရေခွက်ကိုင်ပြီး ဘုန်းကြီး က မေတ္တသုတ်ပရိတ်ကို ပထမဦး ဆုံး ရွတ်တယ်၊ ပြီးတော့မှ အင်္ဂုလိမာ လသုတ်ကို (၇)ခေါက်ရွတ်ပြီး ပေး လိုက်တယ်။

"ဒီဆေးကို ယုံယုံကြည်ကြည်သောက်"

လို့ ပြော။ ပြီးတော့ **ဒီရေခွက်ကို ကြိုးတန်း အဝတ်တန်းအောက်က ယူမသွားနဲ့လို့လဲ မှာရသေးတယ်။ ပရိတ်ရေယူတဲ့သူများ ဒါလဲ သတိ ထားရမယ်။** ပြီးတော့ ဘုရားစင်မှာ ထားခိုင်းတယ်။

အဲ... အဲဒီဒကာမ မကြာခင်



မိုးဖွားနိုင်လို့ ဘုန်းကြီးကို ကျေးဇူးတင် မဆုံးကြဘူးပေါ့။

အဲဒီအချိန်ကစပြီး ဘုန်းကြီးလဲ ချင်းတိုင်းရင်းသူတွေ မိုးဖွားမယ် လုပ်တိုင်း ရွတ်လိုက်ရတဲ့ အင်္ဂုလိမာလသုတ် မပြောပါနဲ့တော့… ဟို အဝေးကြီးရွာတွေကတောင် လာတောင်းကြရှာတယ်။

ဘုန်းကြီးဆိုတာ ကိုယ်တတ်နိုင်တဲ့ဘက်က သတ္တဝါတွေကို ကူညီရမှာကိုး။ အဲဒီအချိန်ကစပြီး ကိုယ်ပရိတ်အစွမ်းကို တစ်စတစ်စ သိလာတယ်။ မေတ္တာကရုဏာကြီးကြီး စေတနာပါပါလုပ်ရင် ဘာလို့ မဖြစ်ရမှာလဲ'

ဟု ရေးသား ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။

ဤဖြစ်စဉ်က အောက်ဖော်ပြပါ အချက်အလက်တို့ မှန်ကန်နေကြောင်း မီးမောင်းထိုးပြသကဲ့သို့ ရှိနေပါသည်။

(က) မြတ်စွာဘုရားရှင်၏ ပရိတ်မြတ်တရားတော်များကို ပုံမှန် ရွတ်ဖတ်ပူဇော်မှုထုံလာသည့်ရှိသော် မမြင်ရသော ပရိတ်တန်ခိုးများ ခန္ဓာကိုယ်အတွင်းသို့ စိမ့်ဝင်သကဲ့သို့ ချမ်းနှင်းဝင်ရောက်လာခြင်း၊

(ခ) ခန္ဓာကိုယ်တွင်းတွင် ကိန်းအောင်းလာသော မမြင်ရသည့် ပရိတ်တော်တန်ခိုးတော်ကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းများတွင် တန်ခိုးအာနိသင်ရှိနေခြင်း၊

(ဂ) ပီးအားနည်းသွားစေရေး မီးညွန့်ကျိုးသွားစေရေးတို့အတွက် အမှန်မှာဝမ္မသုတ်ကို ရွတ်ဖတ်ပူဇော်သွားရမည်သာ ဖြစ်ပါသည်။ သို့သော် အမှုမဲ့အမှတ်မဲ့ဖြင့် ပရိတ်တော်ကို မရွတ်ဖတ်မပူဇော်မိဘဲ မီးညွန့်ကို လက်ညှိုးဖြင့်ထိုးမိရာမှ ပရိတ်တန်ခိုးများ မိမိလက်ညှိုးတွင် ကိန်းအောင်းတည်ရှိနေကြောင်း သိရှိလာရခြင်း၊

(ဃ) အထပ်ထပ် စမ်းသပ်ကြည့်ရာ မီးညွန့်များ မိမိရှိရာဘက်သို့ လုံးဝ မလာတော့သည်ကို တွေ့ရှိရသဖြင့် ပရိတ်တန်ခိုးအကျိုးထက်ကြောင်း နွေဦးရာသီလေရူးကပင် သက်သေခံနေခြင်း၊

(င) ပရိတ်တော်၏ တန်ခိုးအာနိသင်ထက်မြက်ကြောင်း၊ လိုတရ ဆေးတော်ကြီးဖြစ်ကြောင်း တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမက သက်သေပြသွားခြင်း…

ဤပရိတ်တော်ကို
ရှင်သာရိပုတ္တရာ
မဟာထေရ်မြတ်အား
မြတ်စွာဘုရား
ဟောကြားတော်မူခဲ့၏။

ဤပရိတ်တော်သည် ကမ္ဘာတည်လိမ့်မည်။ တန်ခိုးလည်း လွန်စွာကြီးသော ငုံးမင်းပရိတ်ဖြစ်ကြောင်း အားလုံးသိရှိကြပြီး ဖြစ်ပါသည်။

ပရိတ်တန်ခိုးကား စိတ်က တ.ရုံနှင့် လိုတရ၍ ကိစ္စပြီးလေသည်။ ခလုတ်နှိပ်ရန်ပင် မလိုတော့ချေ။ ကိုယ်ပိုင်အင်အားများ စုဆောင်းထားရန်သာ လိုပေသည်။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် သိကြားနတ်များပင် မနေနိုင်ဘဲ ကူညီစောင့်မကြရကုန်၏။

ရတနာသုံးပါးအပေါ်၌ ကြည်ညိုစိတ် ဖြစ်ကာမျှဖြင့် ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်နိုင်ပါပေ၏။ သို့ဖြစ်၍ ချစ်စွာသော စာဖတ်ပရိသတ်များသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော် ပရိတ်တော်များကို ယုံကြည်စွာဖြင့် စေတနာထက်သန်စွာ ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် အလေးအနက် တိုက်တွန်းလိုက်ပါသည်။

**ဦးတင်ဝင်း(အောင်လံ)**



● အဘွားဖေါ်ဘဲအား သာဓုပြုသူ ဘုန်းတော်ကြီးနှင့်အတူ တွေ့ရစဉ်

သာယာကျော်မြတ်
(မကွေး)

# အသက်ရာကျော် အဘွားဖေါ်ဘဲနှင့်

## ကျန်းမာအသက်ရှည်နည်း

တစ်နေ့သောအခါသမယတွင် ကျွန်ုပ်တော်သည် **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် တောင်ဘက်တွင်ရှိ မြင်ကွန်းမြို့ဟောင်း(ကျေးရွာ)သို့** အသက်ရာကျော် အဘွားဖေါ်ဘဲနှင့် တွေ့ဆုံမေးမြန်းရန် ရောက်ရှိခဲ့လေသည်။

ဤနေရာတွင် အလျဉ်းသင့်တုန်း မြင်ကွန်းမြို့ဟောင်း အကြောင်းကို အနည်းငယ် ဖော်ပြချင်ပါသည်။

မြင်ကွန်းမြို့ဟောင်းသည် အဖနော်ရထာမင်း လက်ထက် တည်ဆောက်ခဲ့သည့် ကင်းမြို့ (၄၃)မြို့တွင် အပါအဝင်ဖြစ်သည်ဟု မှတ်တမ်းများအရ လေ့လာသိရှိရပေသည်။

ထို့ပြင် ကုန်းဘောင်ခေတ်နှောင်းပိုင်း **ခရစ်နှစ် ၁၈၁၉ ခုနှစ်မှ ၁၈၈၅ ခုနှစ်တွင် ထင်ရှားခဲ့သည့်** မြို့တစ်မြို့ဖြစ်ပြီး မြို့ဝန်ရုံးစိုက်ခဲ့သည်။

တစ်ဖန် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော ပုဂံခေတ်တွင် ပုဂံခေတ် စောလူးမင်း ယာယီ မြို့နန်းတည်ခဲ့သည့် မြို့ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ပုဂံခေတ် ဘုရားကျောင်းကန် စေတီပုထိုးများ လက်ညှိုးထိုးမလွဲ တည်ရှိနေခြင်းကြောင့် လည်းကောင်း စိတ်ဝင်စားဖွယ်ကောင်းလှသည်ကို တွေ့ရပေသည်။

ကျွန်တော် ယခုရောက်ရှိခဲ့သော အဘွားဖေါ်ဘဲ နေထိုင်ရာနေရာသည် ယင်း စောလူးမင်း တည်ထားကိုး



▲ အဘွားနေထိုင်ရာဇာတိရှိ ဆောက်လုပ်တည်ထားခဲ့သည့် ရွှေနန်းပေါက်ဘုရားကြီး

ကွယ်ခဲ့သည့် **ရွှေနန်းပေါက်ဘုရားကြီးရှေ့ရှိ "နန်းဦးကျောင်းတိုက်"**ပင် ဖြစ်ပေ၏။

ကျွန်တော်သည် အသက်(၁၀၅)နှစ်ရှိပြီဖြစ်သော အဘွားဒေါ်ဘဲနှင့် အဘွားဒေါ်ဘဲ၏ သားဖြစ်သူ ဘုန်းဘုန်း ဦးကုမာရ (၇၅)နှစ်တို့နှင့် အောက်ပါအတိုင်း မေးမြန်းပြောဆိုခဲ့ပါသည်။

'အဘွားကို မြန်မာသက္ကရာဇ် ဘယ်နှစ်ခုနှစ်မှာ မွေးဖွားခဲ့ပါသလဲ သိပါရစေ'

'**မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ ကြာသပတေးနေ့မှာ** မွေးခဲ့ပါတယ် သားရယ်'

'မွေးချင်း ဘယ်နှစ်ယောက် ရှိသလဲ၊ မွေးချင်းထဲမှာ အဘွားက ဘယ်နှစ်ယောက်မြောက်သမီးလဲ'

'**မွေးချင်း (၆)ယောက်**ရှိတယ် သားရဲ့။ အဘွားက (၄)ယောက်မြောက်ပါ အကြီးဆုံးအစ်ကိုကြီးက ကျောင်းဆရာလေ၊ ကံမ အထက်တန်းပြပေါ့။ ကျန်တာတွေက မိန်းကလေးတွေချည်း (၃)နှစ်ကြီး (၃)နှစ်ငယ်တွေလေ။

အဘွားက ငယ်ငယ်ကတည်းက ဆင်းရဲတော့ ကျောင်းမနေနိုင်ခဲ့ဘူး။ နွားပဲ ကျောင်းခဲ့ရတယ်ပေါ့ သားရယ် ဟဲ...ဟဲ...ဟဲ။ ဒီတော့ စာမတတ်ဘူး။

ဒါပေမယ့် မိဘတွေက သင်ပေးထားလို့ ဗုဒ္ဓစာပေတော့ နည်းနည်းပါးပါး နားရည်ဝတယ်။ ဒါကြောင့် ဘာသာရေးနဲ့ပတ်သက်ပြီး သဒ္ဓါတရားထက်သန်တယ်။ **အရဟံဗုဒ္ဓေါ** တတ်အားသမျှ ပုတီးစိပ်ခဲ့တယ်။

အဘွား ငယ်ငယ်ကတည်းက အမေက ဆုံးပါးသွားခဲ့သလို အဖေကလဲ လေဖြတ်သွားတယ်။ လေဖြတ်တဲ့ အဖေကို နှစ်လ၊ သုံးလလောက် အညစ်အကြေးတွေ သန့်စင်ပေး၊ ပြုစုယုယပေးခဲ့တယ်။

ကိုယ့်အောက်က ညီမလေးတွေနဲ့ ကိုယ့်အထက်က အစ်မကြီးနှစ်ယောက်ကိုပါ ရှာဖွေကျွေးမွေးခဲ့ရတယ်ပေါ့'

'အဘွား အခုလို အသက်ရာကျော်ရှည်တာ ဘာကြောင့်လဲလို့ ထင်ပါသလဲ'

'အင်း...တိတိကျကျတော့ မပြောနိုင်ဘူးပေါ့ သားရယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ် သားရဲ့ အဘွား အပျိုပေါက်အရွယ်တုန်းက ဘုရားဖူးတိုင်း **"အသက်(၁၅၀)ရှည်ရပါလို၏ ဘုရား"**လို့ အမြဲတမ်း ဆုတောင်းခဲ့လို့လားတော့ မသိဘူး။

အခုတော့ အသက်မရှည်ချင်တော့ပါဘူး သားရယ်။ ခန္ဓာရဲ့ ဒုက္ခကို အဘွားသိပါပြီ။ သေမင်းရယ်...ဘယ်တော့များမှ လာခေါ်မလဲ မသိပါဘူး'

'ဟုတ်ကဲ့အဘွား၊ အဘွားမှာ သားသမီး ဘယ်






◆ အဘွားရှင်ဓါဂါ(၁၀၅)နှစ်အား
ကျွန်မသွား တွေ့မြင်ရစဉ်

◆ ဂုဏ်ပြုမှတ်တမ်းလွှာ

နှစ်ယောက်ရှိသလဲ'

'ဟောဒီ...ဘုန်းကြီးရယ်နဲ့ ဟောဟိုက သမီး မညွန့်တင်ရယ် နှစ်ယောက်ရှိတယ်'

'ဟုတ်ကဲ့အဘွား၊ ဘုန်းဘုန်းက မိန့်ပါတယ်။ အဘွားက **ရဟန်းအမ၊ ကျောင်းအမ**လို့လဲ သိရပါတယ် ဟုတ်ပါလား'

'ဟုတ်တယ်သားရယ်...ဒီလိုလေကွယ် ဟောဒီသားက ရဟန်းဝတ်ချင်တယ်၊ ပဉ္စင်းခံချင်တယ် ဆိုလာတာကြောင့် ကိုင်းတွေရောင်း၊ ယာမြေတွေ ရောင်းချပြီး လုပ်ပေးခဲ့တာပေါ့။

နောက်ပြီး ဟောဟိုမှာ အသစ်ပြန်လည်ဆောက်ထားတဲ့ ကျောင်းသစ်ကြီး**(နန်းဦးကျောင်း)**ကိုလဲ (၇) ရက်သားသမီးအပေါင်းက အဘွားကို လှူဒါန်းကန်တော့ကြတဲ့ ငွေလေးတွေ စုထားပြီး (၁၅)သိန်း မ,တည် ဆောက်ခဲ့တာလေကွယ်။

သားဘုန်းကြီး(ဦးကုမာရ)ကို အဘွားမွေးနေ့ဖြစ်တဲ့ တပေါင်းလဆန်း(၈)ရက်ရောက်တိုင်း သိက္ခာအမြဲထပ်ပေးတယ်။ တရားပွဲတွေ ကျင်းပပေးခဲ့တယ်။

သံဃာတော်တွေကို ဆွမ်းကပ် လှူဖေးခဲ့တယ်။ နှစ်စဉ် အမြဲပေါ့ သားရယ်။ ဒါပေမယ့် တစ်နှစ်ရှိပြီး အဘွားချော်လဲပြီး ညာဘက် တင်ပါးဆုံရိုးကျိုးတာကြောင့် မလုပ်နိုင်တော့ဘူး။

ဒီအရင်ကတော့ ဆွမ်းပါးတဲ့ ကလေးတွေကို ရှင်ပြုပေးတယ်။ (၅)ကြိမ် ရှိပြီ။ အဘွား တရားပွဲနှစ်စဉ်မပျက် လုပ်ပေးတဲ့ အဓိက ရည်ရွယ်ချက်က ရှိတယ်ကွယ့်'

'ဟုတ်ကဲ့အဘွား ပြောပြပါဦး'

'အဘွားရဲ့ ကွယ်လွန်သွားကြပြီဖြစ်တဲ့ မိဘဖခင်တွေ မကျွတ်မလွတ်သေးခဲ့ရင် ကုသိုလ်ရအောင် အမျှအတန်းပေးတော

သာဓု ခေါ်ဆိုနိုင်အောင် ရည်ရွယ်တာပါ'

'ဟုတ်ကဲ့အဘွား၊ ဘုန်းဘုန်းတုရား... တပည့်တော်ကို မေးလျှောက်ခွင့်ပြုပါ'

'မေးပါ ဒကာ'

'အဘွားကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ငွေသား(၂)သိန်းကျပ်နဲ့ အခြားအဖွဲ့အစည်း အသီးသီးက (၅)သောင်းကျပ် ချီးမြှင့်ခဲ့ပြီးနောက် လစဉ် ထောက်ပံ့မှုမျိုးတွေကော ရှိပါသလား ဘုရား'

'အင်း ရှိပါတယ် ဒကာ'



▲ အဘွားနှင့် သားသမီးမြေးမြစ်အပေါင်း၏ ကုသိုလ်ဆောင်မှု

'ငွေသား ဘယ်လောက်ထောက်ပံ့ပေးလျက် ရှိပါသလဲဘုရား၊ ရှိခဲ့ရင်လဲ မိန့်တော်မူပေးစေလိုပါတယ်'

'လစဉ်တော့ မရပါဘူး ဒကာ၊ သုံးလတစ်ကြိမ် နှစ်သောင်းကျပ်ရတဲ့အခါ ရသလို သုံးလတစ်ခါ သုံးသောင်းရတဲ့အခါ ရပါတယ်။ ပုံမှန်မရှိပါဘူး'

'တပည့်တော် လေ့လာလို့ သိရှိရတာကတော့ တစ်လ သုံးသောင်းကျပ် လစဉ်ရတယ်လို့ သိရပါတယ်။ အဲလို ရတဲ့ ထောက်ပံ့ငွေကို ဘယ်လိုအဖွဲ့က ပေးအပ်လေ့ ရှိပါသလဲ သိပရစေ'

'တိုက်နယ် အုပ်ချုပ်ရေးမှူးက လာပေးလေ့ရှိပါတယ် ဘုန်းဘုန်းတို့ကတော့ ဘာမှ နားမလည်ပါဘူး၊ ပေးသရွေ့ လက်ခံလိုက်လေ့ ရှိပါတယ်'

ထို့နောက် ကျွန်တော်သည် အဘွားဒေါ်ဘဲကို သိလိုသမျှ ထပ်မံ မေးမြန်းခဲ့ပါသည်။ အဘွားသည် ငယ်စဉ်ကတည်းက ထမင်းကို ပျော့ပျော့ချက်၍ နည်းနည်းသာ စားသောက်လေ့ရှိပါသည်။

မည်သည့် သတ္တဝါကိုမျှ သိလျက်ဖြင့် မသတ်ဖြတ်ဖူးခဲ့ကြောင်း၊ ဝန်တိုမစ္ဆရိယစိတ် လုံးဝ မထားကြောင်း၊ ငယ်ငယ်ကတည်းက နေ့စဉ် ဘုရားရှိခိုး၊ သရဏဂုံ ဆောက်တည်၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးပူဇော်၊ လမ်းပြုပြင်၊ မေတ္တာပို့လေ့ရှိကြောင်း...

နတ်ပြဟ္မာတွေကို မေတ္တာအထူး ပို့လေ့ရှိကြောင်း၊ မိဘနှစ်ပါးကိုလည်း မေတ္တာပို့သကြောင်းများကိုပါ မေးမြန်း သိရှိခဲ့ရပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအနေဖြင့်လည်း **အသက်(၁၀၅)နှစ်ရှိ အဘွားဒေါ်ဘဲ၏ မေတ္တာပို့သပုံ**ကို အားကျ အတုယူသိရှိနိုင်စေရန် ဖော်ပြပေးလိုက်ရပေတော့သည်။

## အဘွားဒေါ်ဘဲ မေတ္တာပို့သနည်း

'နိုင်ငံတော်ကြီးလဲ အေးမြပါစေ၊ အုပ်ချုပ်သူအကြီးအကဲတွေလဲ အေးမြကြပါစေ ခရီးသွား/ခရီးသည်၊ ခရီးသွားလာတဲ့သူတွေ အပြန်အသွား ကိုယ့်အိမ်၊ ကိုယ့်နေရာ၊ ကိုယ့်ရွာနကို ပိမွေးတိုင်း ဖမွေးတိုင်း ရောက်ရှိကြပါစေ၊ ဘေးကင်းရန်ကင်းကြပါစေ။

အဖေတို့အမေတို့လဲ မကျွတ်မလွတ်ဘဲရှိခဲ့သော် ကျွတ်ပါစေ လွတ်ပါစေ၊ ဝဋ်သုံးပါးက လွတ်မြောက်ပါစေ အနာရောဂါ ကင်းကြပါစေ၊ နိဗ္ဗာန်သို့ ရောက်ကြပါစေ။

နိဗ္ဗာန်မရောက်သေးဘူးဆိုရင်လဲ နတ်ဘုံနတ်နန်း စံမြန်းနိုင်ကြပါစေ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်းလဲ ကင်းငြိမ်းကြပါစေ။ အနာရောဂါလဲ ကင်းငြိမ်းကြပါစေ၊ တရားဘာဝနာလဲ ရောက်ရာနေရာ၊ ဖြစ်လေရာ ဘဝက အားထုတ်နိုင်ကြပါစေ၊ အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော့'

**အဘွားဒေါ်ဘဲနှင့် ဘုန်းဘုန်းဦးကုမာရ (နန်းဦးကျောင်းတိုက်၊ မြင်ကွန်း)အား ယခုဆောင်းပါးဖြင့် ကန်တော့ပန်းဆင်ပါ၏။**

***ဝေဠု ဟဝေ ရက္ခတိ ဓမ္မစာရီ***

**သာထက်ဇော်(မကွေး)**

# လက္ခဏာပဟေဠိ


အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့် (ဥပဒေတွဲ့)လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက်သုံးဆယ်ကျော် အမျိုးသမီး တစ်ဦး** ဖြစ်ပါသည်။

လက်ဖဝါးနှင့် လက်ချောင်းများကို သေချာစွာ လေ့လာကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါ လက္ခဏာပဟေဠိ မေးခွန်းများကို ဖြေကြည့်ပါ။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ လက္ခဏာပဟေဠိ အဖြေများနှင့် တိုက်ဆိုင်ကြည့်ပါက လက္ခဏာပညာသုတ ပိုမိုတိုးတက်ရရှိနိုင်ပါသည်။




## လက္ခဏာပဟေဠိ မေးခွန်းများ

၁။ အပျိုကြီး ဖြစ်ကိန်း ရှိပါသလား။

၂။ ကိုယ်ပိုင် တိုက်အိမ်ခြံမြေနဲ့ နေထိုင်ရကိန်း ရှိလား။


၃။ ကျူရှင် ဘော်ဒါ စာသင်ဝိုင်းလုပ်ငန်းမျိုး လုပ်ရင် အကျိုးပေး စီးပွားဖြစ်နိုင်လား။

ပဟေဠိအဖြေများကို စာမျက်နှာ( ၁၆၀ )တွင် ကြည့်ရှုပါရန်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွက် ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ
(Hu Jin Zhi)





✳ ကြွက်နှစ်ဖွား

စိတ်ရှင်လန်းဖွယ် ကောင်းသော မြင်ကွင်း အဖြစ်အပျက်များ ကြုံဆုံ မြင်တွေ့ရမည်။ သစ်တောထွက်ပစ္စည်းများ အကျိုးပေး ထက်သန်သောကာလဖြစ်သည်။

အသည်းနှင့်ပတ်သက်သော ဝေဒနာများ ကြိုတင် ကာကွယ်ပါ။

✳ နွားနှစ်ဖွား



အိုးအိမ်ဝင်ကိန်းရှိသည်။ သွား နှင့် ခံတွင်းဆိုင်ရာဝေဒနာများ သတိထား ကာကွယ်ပါ။ စီးပွား ရေးတွင် ဈေးကွက်သစ်၊ ကုန်စည် သစ်များကြောင့် အကျိုးအမြတ် ပိုမိုရရှိမည်။

လွင်ပြင်ကျယ်၊ ကုန်းခေါင်ခေါင်ဒေသများသို့ အလည် အပတ် သွားရောက်ရကိန်းရှိသည်။



✳ ကျားနှစ်ဖွား

အမနာပ ပြောဆိုမှုများ ခံရ တတ်သည်။ အလုပ်အကိုင်၊ စီးပွားရေး ထိုင်းမှိုင်း၍ မျှော်မှန်း ချက်များ လွဲချော်နိုင်သည်။

အဖျော်ယမကာ ဆိုးဆေးတို့နှင့် ပတ်သက်၍ အကျိုး အမြတ်ရရှိတတ်သည်။ နားနှင့် အကြားအာရုံဆိုင်ရာ ရောဂါများ သတိပြုကာကွယ်ပါ။

✳ ယုန်နှစ်ဖွား



အလုပ်အကိုင် ရာထူး တိုးတက် နိုင်သည်။ ကောင်းသတင်း ကျော် ကြား၍ ပတ်ဝန်းကျင်၏ လေးစား အားကိုးမှု ခံရတတ်သည်။

ရေထွက်၊ ပင်လယ်ထွက်ပစ္စည်းများ အကျိုးပေးလိမ့် မည်။ ဆီးနှင့်ဆိုင်သော ဝေဒနာများ ကြိုတင်သတိထား ကာကွယ်ပါ။



✳ နဂါးနှစ်ဖွား

ကြံစည် ဆောင်ရွက်သမျှ အောင်မြင်မှုများသောကာလ ဖြစ် သည်။ အတိတ်ကအိပ်မက်များ အကောင်အထည် ပေါ်လာမည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။ အစာအိမ်ရောဂါ များ သတိထားပါ။

✳ မြွေနှစ်ဖွား



ငွေကြေးလိမ်လည်ခြင်း ခံရ ကိန်းရှိသည်။ သတိဖြင့်ဆင်ခြင် ကာ ဝိသမလောဘကို ထိန်းချုပ် နိုင်ပါက အကျိုးယုတ်ဖွယ် မရှိ ပါ။

စည်သွပ်ပစ္စည်း၊ ကြာရှည်ခံ ပစ္စည်းများနှင့်ဆက်စပ်၍

ရာရန်ဘေး သတိထား ကာကွယ်ပါ။

✳ မြင်းနှစ်ဖွား



ငွေကြေး အမြောက်အမြား ဆိုင်ရကိန်းရှိသည်။ ကြိုတင် မှန်းထားသော လုပ်ငန်းကိစ္စ များအပြင် မထင်မှတ်သော ရာဌာနမှလည်း ငွေကြေး ဝင်လာနိုင်သည်။

သံကြေး သတ္တုပစ္စည်းများ အကျိုးပေးပါမည်။ ဆုတ်နှင့်ပတ်သက်သော ဝေဒနာများ ကြိုတင် ကာကွယ်ပါ။



✳ ဆိတ်နှစ်ဖွား

စီးပွားလုပ်ငန်းများတွင် အသစ်အဆန်း တီထွင်ဖန်တီးမှုများ အောင်မြင်နိုင်သည်။ ဓာတု ဗေဒပစ္စည်းများ အကျိုးပေး နိုင်သောကာလ ဖြစ်သည်။

အိမ်ခြံမြေ ပြုပြင်မွမ်းမံရတတ်သည်။ အစာအိမ်ရော ဂါများ သတိထားပါ။ လူငယ်တို့ အချစ်ရေးတွင် အောင် မြင်စန်းပွင့်သောအချိန် ဖြစ်သည်။

✳ မျောက်နှစ်ဖွား




ရည်ရွယ် မျှော်မှန်းချက်များ အောင်မြင် အကောင်အထည် ပေါ်လာသောအချိန် ဖြစ်သည်။

လုပ်ငန်းစီးပွား တိုးတက်၍ လျှအတန်းများ ပေးရကိန်းရှိသည်။ မိတ်ဟောင်း ဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရမည်။ ကြွေထည်, မြေထည်ပစ္စည်းများ အကျိုးပေးလိမ့်မည်။



✳ ကြက်နှစ်ဖွား

မင်းစိုးရာဇာ၊ ဂုဏ်သရေရှိ လူကြီးများနှင့် ခင်မင်သိကျွမ်း ခွင့်ရမည်။ ပျော်ပွဲရွှင်ပွဲ၊ အထိမ်း



အမှတ်ပွဲများ တက်ရောက်နေရတတ်သည်။

စွမ်းအင်လောင်စာပစ္စည်းများ အကျိုးပေးလိမ့်မည်။ စားဖိုဆောင်ပစ္စည်း လက်ဆောင်ရနိုင်သည်။



✪ ခွေးနှစ်ဖွား

စကားကတိ တည်ကြည်မှုကြောင့် တုံ့ပြန်ကျေးဇူးဆပ် ခြင်း ခံစားရတတ်သည်။ အိမ် ဂေဟာလုံခြုံရေးအတွက် ပြင်ဆင်ကာကွယ်ရလိမ့်မည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ အကျိုးအမြတ်ရရှိမည်။ ခံတွင်း၌ဖြစ်သော ဝေဒနာများ ကြိုတင်ကာကွယ်သင့်သည်။



✪ ဝက်နှစ်ဖွား

မိခင်ဘက်မှ ဆွေမျိုး သားချင်းများ အတွင်း ဒုမင်္ဂလာ နာရေးကိစ္စကြုံရ တတ်သည်။ ငွေကုန်လူပန်း ဖြစ်ရကိန်း ရှိသည်။

သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ အကျိုး အမြတ်ဖြစ်ထွန်းနိုင်သည်။ အသည်းနှင့်ပတ်သက်သော ရောဂါများ သတိထားကာကွယ်ပါ။

**ဤလတွင် ကံဇာတာ နိမ့်ပါးနေသူတို့သည်** သော ကြာနေ့တွင် မိမိနေအိမ်မှ အနောက်တောင်ထောင့် အရပ်တွင်ရှိသည့် ကျောင်းကန်ဘုရား၌ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပေးပါ။ ပါပဆိုးကျိုးများ လွင့်ပျောက်၍ သက်သောင့်သက်သာ ဘဝနေမှုကို ပိုင်ဆိုင်ခွင့် ရပါမည်။

*ကြိုဆောင်သမျှ အောင်မြင်ကြပါစေ။*

**ဟူကျင်းဇီ** *(Hu Jin Zhi)*

စာမျက်နှာ ( ၁၅၇ )မှ အဆက်


**လက္ခဏာပစ္စဟာဗွီ အခြေပြများ**

**၁။ ပြည်ပထွက်ပြီး လုပ်ကိုင်နေထိုင်သင့်ပါသည်။**

**အဘယ်ကြောင့်ဆိုသော်**... အလုပ်အကိုင်နှင့် ပတ်သက်သည့် ကံလမ်းကြောင်းက ပြည်ပနှင့်ဆိုင်သည့် တနလာဂြိုဟ်ခွင်မှ စထွက်ခြင်း "**ဂ**" **အက္ခရာ။**

ပြည်ပခရီးလမ်းကြောင်းများ ထင်ရှား အားကောင်းခြင်း၊ "**ဃ**"**အက္ခရာတို့ကြောင့်** ဖြစ်ပါသည်။

* * *






**၂။ ဝန်ထမ်းလုပ်ငန်းမဲ့ လုပ်ကိုင်သင့်ပါသည်။**

အဘယ်ကြောင့်ဆိုသော်...ဦးခေါင်းလမ်းနှင့် အသက်လမ်း အဖျားရှည်လျားစွာ ပူးပြီး ဦးခေါင်းလမ်း တနလာဂြိုဟ်ခွင်ဘက်သို့ ကွေးခြင်းကြောင့် ဖြစ်သည်။

ဤလက္ခဏာမျိုးမှာ စွန့်စားရဲသော သတ္တိနည်းခြင်းကြောင့် ဖြစ်သည်။ "ခ"အက္ခရာနှင့် ညွှန်ပြထားပါသည်။

* * *







**၃။ ဆေးပညာပါရဂူဘွဲ့ ဆက်သင်ယူမယ်ဆိုရင် ခွဲစိတ်ကုသပညာရပ်ကို အထူးပြု ရွေးချယ်သင့်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... **အင်္ဂါဂြိုဟ်ခွင်တွင် တြိဂံပုံ သင်္ကေတရှိခြင်း** "က"အက္ခရာနှင့် ဦးခေါင်းလမ်းနှင့် အသက်လမ်း (၂)စင်တို ခန့်ပူးခြင်း "**ခ**"**အက္ခရာတို့ကြောင့်** ဖြစ်သည်။

ဤလက္ခဏာမျိုးမှာ ဂုဏ်ရှိခြင်း၊ ဆွေမျိုးတွက်သံယောဇဉ်များ တွင် စိတ်တည်ငြိမ်ခြင်း၊ ရေမြော်သောမျှော်ခြင်းတို့ကြောင့် ခွဲစိတ်ကုသရာတွင် အထူးကျွမ်းကျင်ကြသည်။

* * *




*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

# ကျွန်တော်တို့နယ်ဘက် လေမဖြတ်ပါ

အစိုးရဝန်ထမ်းဘဝ ဒေသအနှံ့ ရောက်ရ၏။ **ချောင်းတွင်းမြစ်နံဘေး မြောက်ချောရွာလေးသို့** ရောက်ခဲ့ပြီ ဒေသခံများနှင့် စကားစပ်မိရာ ပြောရင်းက မြောက်ချောရွာသား ဦးမင်းအောင် ပြောသော စကားကြောင့် အံ့သြခဲ့မိ၏။

ထိုသူပြောသည်က...

'ကျွန်တော်တို့နယ်ဘက် လေဖြတ်တယ်ဆိုတာ သိပ်မရှိဘူး'

ဟု ဆိုခြင်း ဖြစ်လေသည်။

'ဒါဖြင့် လုပ်ပါဦး ဦးမင်းအောင်ရယ်... ဘယ်လိုဆေးတွေ မှီဝဲလို့များလဲ'

ဟု စိတ်ဝင်တစား မေးမိတော့သည်။

'ဒီလိုပါ ဆရာ၊ ရှေးလူကြီးတွေရဲ့ ကျေးဇူးပဲ ဆိုရမှာပေါ့။ လေဖြတ်၊ လေငန်းဖြတ်တော့မယ်ဆိုရင် များသောအားဖြင့် ကြိုတင်ပြီး အရိပ်လက္ခဏာတွေ ပြတယ်လေ။ အချို့လဲ ရုတ်တရက် လေဖြတ်တာမျိုးတော့ ရှိတာပေါ့'

'ပြောပါဦးဗျာ...မှတ်သားထားတာလေး'

'လေဖြတ်တော့မယ်ဆိုရင် အသားအရေများ တွန့်ခြင်း၊ လိမ်ခြင်း၊ ကြွက်တက်ခြင်း၊ စကားလေးလံခြင်း၊ အသံအ,ခြင်း၊ စကားမပြောထစ်ခြင်း၊ နားအူခြင်း၊ အသားများတုန်ခြင်းနဲ့ တစ်ဆို့ဆို့ ဖြစ်လာတတ်တယ်လေ။ ဒီလိုဖြစ်လာပြီဆိုရင် အခု ဆရာ့ကို ကျွန်တော် ပြောပြမယ့်ဆေးကို ဖော်စပ်ပြီး သောက်ကြတော့တာပဲဆရာ'


**ဆေးနည်းမှာ...**

၁။ ပန်းတစ်ရာ(ခေါ်)ပျားရည် (ပန်းပေါင်းတစ်ထောင်ဟုလည်း ခေါ်ကြသည်။)

၂။ မြေတစ်ရာ(ခေါ်)အကောင်ပရိုတော့သည့် နဂိုအုံ(နကျယ်အုံ)မြေ

၃။ ပိုးတစ်ရာ(ခေါ်)ကျပ်ခိုး*[အချို့က ကျစ်ခိုးကို အဆီပေါင်း တစ်ထောင်လည်း ခေါ်ကြသည်။]*

**လေဖြတ်မည့် နိမိတ်လက္ခဏာ မြင်သည်နှင့်** ထိုသုံးပါးအား ဆတူရောမွှေပြီး လက်ဖက်စားဇွန်း(၁)ဇွန်း



မျှ နေ့တိုင်းလျက်ပေးပါက ဘယ်တော့မှ လေမဖြတ်ဟု ဆိုပါသည်။

'ဆေးနည်း ဘယ်ကရသလဲ'

ဟု မေးမိရာ...

**'အဖေတွေဆေးနည်းကျော်တွေ ရေးတဲ့ ကျိုက္ကမိဆရာတော် အရှင်ကုဏ္ဍစက္ကရဲ့နည်း'**

ဟု ဆိုပါသည်။

ထိုဒေသရှိ အသက်ကြီးသူတို့ အမြဲဆောင်ထားတတ်သည်ဟုလည်း ဆိုပါသည်။ လိုသူတို့ သုံးနိုင်ပါရန် လေမဖြတ်စေသော ဆေးနည်းတိုလေးအား စေတနာထားကာ တင်ပြလိုက်ပါသည်။

**[ကျေးဇူးတော်ရှင် မဟာပေါဝိမြိုင် ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...]**

**ရဲမျိုးသူ*(ပေါဝိမြိုင်)***

# ဂယူဒနာနှင့်

ဆေးစာတိစာ

သန်းမြေ့-ရှာသာကြန်း



[ ၁ ]

စာဖတ်သူအပေါင်း လေးစားစွာဖြင့် ဤဖြစ်ရပ်မှန်ဖြင့် ဝေဒနာရှင်များအား ကယ်တင်စေချင်သည့် ဆန္ဒဖြင့် ဖော်ပြလိုက်ပါသည်။

ကျွန်တော်သည် စာရေးခြင်းကို မကျွမ်းကျင်ပါဟု ဝန်ခံပါ၏။ ယခု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာဖတ်သူအပေါင်းတို့နှင့် ပြည်သူလူထုအား ဆေးနည်းပေးဝေစေချင်ခြင်းကိုသာ အဓိကထားခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ ဆေးနည်းအစသည် ဇာတ်လမ်းဇာတ်ကွက်တစ်ခုလို ဖော်ပြပါအံ့။

'ပုပ်စော်နံတယ်ဟေ့... မြွေသေကောင်၊ ကြွက်သေကောင် အိမ်ဝိုင်းအတွင်း လိုက်ရှာကြစမ်း'

စာရေးသူသည် ညနေသုံးနာရီကျော်ခန့် လယ်တောမှအပြန် အိမ်အဝင် ပုပ်စော်အနံ့အား သားသမီးများ ရှာဖွေရန် ပြောနေ၏။

စာရေးသူသည် ပင်ပန်းလာ၍ သောက်ရေအေးအေး သောက်မည်အပြုတွင် ထိုအနံ့သည် နှာခေါင်းအဝမှ ဝမ်းထဲအထိ ရောက်သွားသည်။ စိတ် လွန်စွာတိုနေ၏။

ဆက်လက်၍ သားသမီးများအား ရှာဖွေရန် ပြောမည်အပြု ချစ်ဇနီး၏ မျက်လုံးစိမ်းကြီးနှင့် စာရေးသူအား ကြည့်ပြီးပြောလေ၏။

'ကိုရင် ဘာမှ မသိဘူး၊ အားနာစရာတော် ဟိုဘက်အိမ်က မပြုံကြွေ ခြေထောက်က နံတာတော့'

'ဟော... ငါဘယ်သိမလဲကွ၊ လယ်တဲ နေရတာ အိမ်ပြန်ရတယ် မရှိဘူး၊ ပြောစမ်းပါဦး ဘာဖြစ်တာတဲ့တုံး'

စာရေးသူသည် ချစ်ဇနီး၏ အနီးသို့ တိုးကပ်သွားပြီး တစ်ဖက်အိမ်မှ ဝေဒနာရှင် မပြုံကြွေ မကြားစေရန် လေသံဖြင့် ပြောလေတော့သည်။

'ရှုနာ...ရှုနာတဲ့။ ဘယ်ဘက်ခြေထောက် ခြေမတောင် မရှိမဲ့တော့ဘူး။ ပြတ်သွားပြီလေ။ အခု ပက်လက်ကလေး နာလို့ နာမှန်း မသိတော့ဘူးကွဲတော့'

'နေပါဦး သူ့ယောက်ျား ကိုကြီးသန်းထွန်းက ဘာဆေးမှ မလုပ်ဘူးလား၊ မြို့တက် ဆေးရုံသွား မကုဘူးလား'

စာရေးသူသည် အားမလိုအားမရဖြင့် ဝေဒနာရှင်အား သနားပိုနေချိန် မပြုံကြွေ၏ ယောက်ျားကိုသန်းထွန်း ပြောစကားကြောင့် လယ်ပြင်ကွင်းမှ တဲရှိရာသို့ ပြန်ပြေးရလေသည်။

'ကိုရင်...မင်းလယ်မှာ နွားတစ်အုပ်ကျလို့'

[ ၂ ]

ဆောင်းဥတု ပြာသိုလ၏ အချမ်း

...ည် မေးရိုးတုန်လောက်အောင် ...၏ လယ်ပြင်ကွင်းတိုင်းလိုလို ...စိမ်းပင်ဖြင့် အလှဆင်နေသလို ...င် ဖြစ်သည်။

စာရေးသူသည် နေပူအရှိန်စောင့် ...၏။ ပဲတီစိမ်းအပင်များ ပိုးကျနေ ... ဆေးဖျန်းရန် ဖြစ်သည်။ ဆေး ...ခေတ်စပ်သူမှာ ကိုကြီးသန်းထွန်း ...ရှိ၏။

နေပူရှိန်ရလာသည်နှင့် ဆေးဖျန်း ...ည့် ကိုသန်းထွန်းသည် ဆေးဖျန်းပုံး ... ဆေးအချိုးအစားထည့်၍ ပက် ...နေလေ၏။

စာရေးသူသည် ခုနှာဝေဒနာရှင် ...ပြေကျွေအား မျက်စိထဲ မြင်ယောင် ...၏။ ကိုကြီးသန်းထွန်း ဆေးဖျန်း ...ခင်း စာရေးသူ၏ ချစ်ဇနီးနှင့် ပြော နေပြီး စကားဖြတ်ခဲ့ရသော ခုနှာ ဝေဒနာရှင် မပြေကျွေအကြောင်း အားရပါးရ မေးမြန်းလေ၏။

'ကိုကြီးသန်းထွန်း ဆေးရုံတက် မကုဘူးလားဗျ'

ကိုသန်းထွန်းမှ စာရေးသူ မေး သမျှ ဖြေနေသည်။

'ဆေးထိုးရင်းကနေ အနာက ပုပ်တာပဲ။ တိုလဲ ကုန်တာပဲဟာ'

'နေစမ်းပါဦး...အခု အဲဒီခုနှာက ဘယ်လို စ,ဖြစ်တာလဲဗျ'

'ခြေဖဝါးဘေးစောင်း အနာဖု လေး ပေါက်တာက စ,တာပေါ့။ အဲဒီအနာက လေးရက်,ငါးရက် လောက် ကြာတော့ ပေါက်သွားပြီး လိုက်စား ပြည်တယ် အမြစ်တွယ် ပေါ့။ ဆေးထိုးဆရာလဲ ဘာမှ မတတ်နိုင်တော့ဘူးလေ'



'နေပါဦး ကိုကြီး၊ လယ်ကန်သင်း နားစမ်းပါ၊ အဲဒီ မပြေကျွေအနာ အင်္ဂလိပ်ဆေးထိုးလို့ မရဘူးဆို ဗမာ ဆေးမစမ်းဘူးလား'

'အခု ပုပ်စော်နံ ပက်လက် ကလေးနေ သေဖို့ ရက်စောင့်နေ သလိုပဲပေါ့။ ဗမာဆေးကတော့ စုံ နေပြီ ကိုရင်၊ သူ့ကံတရားပဲ ရှိတော့ တယ်'

'ထမင်းစား ဟင်းစား မပျက်ဘူး လား'

'မပျက်ဘူး၊ နည်းတာများတာပဲ ကွာသပေါ့'

'ဘယ်လောက်ကြာပြီလဲ'

'တစ်လကျော်သွားပြီ၊ သားသမီး တွေက အမေကို နောက်ဆုံးပြုစု ကြရတဲ့အနေနဲ့ အနာဖန်ဆေး လိုအပ်တာ အကုန်လုပ်ကြပါတယ်'

'အင်း... သာမု...သာမု...သာမု'

စာရေးသူသည် ဝေဒနာရှင် မပြေကျွေ၏ ခံစားရမှုနှင့် သားသမီး များ ပြုစုယုယမှုကို မျက်စိထဲ မြင် လာမိတော့သည်။

[၃]

တောင်သူများ လုပ်ငန်းခွင် ပြီးဆုံး ၍ ကိုယ့်အိမ်သို့ ပြန်ရောက်ကြ၏။ လယ်စောင့်တဲတွင် သုံးလကြာမျှ အချိန်ကုန်ခဲ့ပြီးဖြစ်သည်။

စာရေးသူသည် အိမ်ရောက်၍ ဆေးလိပ်ဖွာသောက်ရင်း ပုပ်စော်နံ နေကြ မပြေကျွေ၏ ဝေဒနာကို ချစ် ဇနီးအား မေးမြန်းသည်။ ဇနီးသည်မှ သည် ဝေဒနာကာယကံရှင် ကိုသန်း ထွန်းအား လှမ်းခေါ်ပေး၏။

'ကိုသန်းထွန်း အိမ်ခဏ'

ကိုသန်းထွန်း ရောက်ရှိလာပြီး စာရေးသူမှ သိလိုဇောနှင့် စ,၍ မေးလေတော့၏။

'မပြေကျွေ ခုနှာ ဘယ်လိုဖြစ်သွားတာလဲ ဗျ၊ ပုပ်ဆော်လဲ မနံတော့ဘူး၊ အုံသြစရာ ကောင်းတာက လမ်းလျှောက်သွားလို့ပါ လား'

ကိုသန်းထွန်းသည် သွားအစုံ မညီမညာကြီး ပေါ်သည်အထိ ရယ် မော၍...

'ဆေးကတော့ တော်တော် ကောင်းတယ်ဟေ့'

'လုပ်စမ်းပါ ဘာဆေးလဲဗျ'

'အေး...နွယ်မြက် သစ်ပင်ဆေး ဖက်ဝင်တဲ့။ အဲဒါ(ငါ) မဟုတ်ဘူး။ ဆေးနည်းတွေဟာ တောရွာတွေမှာ တော်တော်များများ ရှိသတဲ့။ အခု မြကျွေ ခူနာပျောက်ကင်းတာ **လူ အချင်းနဲ့** ပျောက်တာကွ'

'ဗျာ...လူအချင်း'

စာရေးသူသည် လန့်သွား၏။ ကိုသန်းထွန်းမှ ခူနာဝေဒနာရှင် မမြကျွေ၏ ပျောက်ကင်းပုံကို ဆက် ပြောပြသည်။

'မြကျွေ ခူနာက ပတ်ဝန်းကျင် အိမ်တွေ ပုပ်စော်နံလို့ အားနာတယ်။ ခြေဖဝါးစောင်းကစပြီး လှိုက်စားတာ၊ တို့လဲ စုံလို့ပေါ့ ကုသမတော့ မရ တော့တဲ့အဆုံး သဗ္ဗေသတ္တာပဲလို့ ထားလိုက်ကာမှ မကျီးကုန်းရွာက လူမမာမေးတဲ့လူ ပြောသွားတဲ့ လူ အချင်းနဲ့ လုံးလုံးပျောက်တော့တာပဲ'

'ဘယ်လိုသုံးစွဲသလဲ လူအချင်း ကို...ပြောစမ်းပါဦး'

'ဒီလိုကွ...လူအချင်းမရလို့ စောင့်နေရ သေးတယ်။ ချိုင်း ကလေးမွေးမှ ထက်သည့် အချင်းကို တိုးတိုးမှာရတာ၊ ရလာပြီး အချင်းကိုပြုတ်၊ ကတ်ကြေးနဲ့ ကိုက်၊ ကြက်သွန်နီပါးပါးလှီး၊ ဆီကျက် နည်းနည်း၊ အားသင့်ရုံထည့်၊ အို...ကျွေး လိုက်ပြီး ခြောက်ရက်လောက်ကြာတော့ သွေးပုပ်၊ပြည်ပုပ် ကျတော့တာပေါ့။ နောက်ဆုံး ခြေဖနောင့်အရိုး အမြစ် ပေကောင်းပကောင်းတာ အကုန်ထွက်တော့ တာပဲ။ တစ်ခါကျွေးလိုက်တာ ဆယ်ရက် ကျော်မှ အသားနုတက်လာတာဗျ။ အခု လုံးလုံး ပျောက်ပဲ။ အနာကြီးရောဂါသည် တောင် ပျောက်ဆိုပဲ'

ခူနာရောဂါသည် မမြကျွေ၏ ခြေထောက်သည် ယနေ့တိုင် အထိ ခူနာမဖြစ်တော့ဘဲ ဖြစ်ပြီးသော ခြေထောက်သည် လူကောင်းများ နည်းအတူ လှမ်းသွားနိုင်လေသည်။

**မှတ်ချက်။ ။ အသေးစိတ်သိလို ပါက မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ရေကြည်ရွာ သာကုန်းရွာ ဦးသန်းထွန်းထံ မေးမြန်းနိုင်ပါသည်။**

သန်းငွေ-ရွာသာကုန်း

# ဆီးချို၊ သွေးချို၊ သွေးတိုး ကုဆေး



ဆီးချို၊သွေးချို၊သွေးတိုး ရောဂါသည် စက်စင်စွာ ပျောက်ခဲ့သည်ဟု ဆိုသော်လည်း ယခု တင်ပြလိုသော ဆေးကို ပုံမှန်မှီဝဲပါက ထပ်မံ၍ ရောဂါမတိုးဘဲ လုံးဝ ပျောက်ကင်းသည်အထိ အစွမ်းထက်သည်ဟု **နတ်မောက်မြို့နယ်၊ ရွှေပုံရွာမှ မြန်မာ့ဆေးဆရာကြီး ဦးကြီးညိုက** ပြောပြပါသည်။

ဆေးအမည်များမှာလည်း အခက်အခဲမရှိ အလွယ် အသာ ရနိုင်ပြီး နေအိမ်တွင် ကိုယ်တိုင် ဖော်စပ်အသုံး ပြုနိုင်သည်။ **ပါဝင်သောဆေးဖက်ဝင်ပစ္စည်းများမှာ...**

- ❋ ဘုမ္မရာဇာ တစ်ဆယ်ကျပ်သား
- ❋ ဆေးခါးကြီး ငါးကျပ်သား
- ❋ ဆေးပုလဲမြစ် သုံးကျပ်သား
- ❋ နံ့သာဖြူ သုံးကျပ်သား
- ❋ နံ့သာနီ သုံးကျပ်သား

ဆေးအမည်များအားလုံး အမှုန့်ပြုထားပါ။ တစ်ခါ သောက် လက်ဖက်စား ဇွန်း လေးပုံတစ်ပုံလောက်ပါ။

အစားများသည်၊ ဆီးချို၊သွေးချို တက်သည် ဖက်ကြောထိုး သွေးတိုးသည် ထင်လျှင် လက်ဖက်စာ ဇွန်းတစ်ဇွန်းထိ စားပေးနိုင်ပါသည်။

**ပုံမှန်စွဲ၍စားသုံးလျှင်** ဆီးချို၊သွေးချို၊သွေးတိုး အတွက် ရတက်မအေး မဖြစ်စေရဘဲ သက်တမ်း အသက်ရှည်စေသည်ဟု ပြောပြ ရှင်းပြသဖြင့် ရေးသား တင်ပြအပ်ပါသည်။

နတ်မောက် ကောင်းမွန်မြင့်



မိတ်ဆွေကြီး ဦးထွန်းဖေသည် သူ မျှော်လင့်မထား သော ဓာတ်ပြာထည့်၍ ချက်သော ကြေးနီလားလေး မည်းနက်၍ ကြိတ်ကြေဖြစ်ပြီး နှစ်ပိုင်း ပြက်သွားခဲ့ သည့် အကြောင်းတရားကို အထူး သိချင်နေမိ၍ ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားလိုက် သောအခါ...

'အေး...အဲဒါ လက်ဖက်နဲ့ရဲ့ အစွမ်းအာနိသင်ကို လက်တွေ့ မြင်ရင် တွေ့လိုက်ရတာပဲ။ ဒီလို အစွမ်းသတ္တိတွေနဲ့ ပြည့်စုံ နေလို့ မင်းလေးပါးနဲ့ စီမံရတဲ့ ဓာတ်ကြီးလမ်းတွေမှာ လက်ဖက်နဲ့ က အဓိက အခန်းကဏ္ဍ ပါဝင်နေရတာပေါ့ကွာ'

ဟု မိန့်ကြားလေသည်။

'လက်ဖက်နဲ့ရဲ့ အာနိသင်က အခိုးအရှိန် ကြီးမားလှတယ်။ အချို့ ဆေးဆရာကြီးများက လက်ဖက်နဲ့ စစ်,ပစ်ကို ငွေအင်္ဂါရဲ့ တစ်ဖက် မျက်နှာမှာ လက်ဖက်နဲ့ကို အုန်းစိမ်းရည်နဲ့ သွေးပြီး လိမ်း၍ အခြားတစ်ဖက်ကနေ မီးသွေးမီးမှာ ကင်လိုက်လျှင်

# ထူးခြားဆန်းကြယ်သော

# ဓာတ်လုံးများ

## အပိုင်း(၅)

လက်ဖက်နဲ့ သွေးလိမ်းထားတဲ့ဘက်မှာ ရွှေရောင်ထိန်ပြောင်နေ တာကို တွေ့ရတယ်။

အဲဒါ သူ့ရဲ့အခိုးအရှိန်သတ္တိပေါ့ကွာ။ ငွေအင်္ဂါမှာက ကြေးနီဓာတ် အနည်းငယ် ပါဝင်နေတော့ ကိတ်မိုးဆေးရဲ့ ပဋိသန္ဓေကို ယူပေး နိုင်လို့ အရောင် ဝါဝင်းပြီးတော့လာတာပေါ့'

ဟု ဂဃနဏ ပြောပြလေသည်။

ထိုအခါမှ ဦးထွန်းဖေသည် ယခု သူစီမံနေသော ဓာတ်လမ်းသည် လမ်းမှန်ဖြစ်တော့သည်ဟု တထစ်ချ မှတ်ယူနိုင်ပါတော့သည်။ ဓာတ်လမ်းကိုလည်း အားကြိုး မာန်တက် လုပ်ကိုင်ချင်စိတ် ပို၍ ရှိလာလေပြီ။

သို့နှင့် မူရင်းဓာတ်လုံးကို အသာထားပြီး **ကြွေဖလား မည်းနက်ကြိုတ်ကြွေ ဓာတ်သား**များကို ဘယ်လိုများ စမ်းသပ်ကြည့်ရလျှင် ကောင်းမလဲဟု တွေးကြံနေပါသည်။

ဆရာတော် မိန့်လိုက်သည့် စကားထဲတွင် "**ငွေဒင်္ဂါးမှာ ကြေးနီဓာတ် အနည်းငယ်ပါလို့ ကိတ်မျိုးစေ့ကို ယူပေးနိုင်တယ်**" ဆိုသည့် အချက်ကို သွားပြီး သတိထားမိလိုက်တော့...

'ဟုတ်လေပြီ... ယခုဟာက ကြွေဖလားကနေပြီး မင်းလေးပါး၏ အခိုးအရှိန်ကြောင့် မည်းနက်၍ ဓာတ်သဘောဘက် ရောက်သွားတာဆိုတော့ သူ့မှာ ကျိန်းသေပေါက် ကိတ်မျိုးစေ့ ရှိကို ရှိရမည်'

ဟု တွေးထင်ထားလိုက်ပြီး...

ယင်းမှ အနည်းငယ် ဖဲ့ယူ၍ အမှုန့်ညက်အောင် ထောင်းပြီး ငရဲမီးနဲ့ စိမ်ကြည့်လိုက်တော့ အမှုန့်အားလုံးကို စားမသွားဘဲ **ကွမ်းဖတ် (၅)ပုံ (၁)ပုံခန့်** ကျန်နေသည်ကိုတွေ့ရ၍ ယင်းကို လက်ချားမီးပွနှင့် ထိုးကြည့် လိုက်သည့်အခါမှာတော့ **အဝါရောင် မှတ်စွဲ၍ ငရဲမီး အစားခံနေသော်လည်း** ဓာတ်သားမှာ ကြွပ်ဆတ်၍ နေပါသည်။

ဒါနဲ့ နောက်တစ်နည်း ယင်း **မည်းနက်ကြိုတ်ကြွေအသား(၁)ကျပ်သားခန့်** ထပ်၍ ဖဲ့ယူလိုက်ပြီး ထုချေ၍ **နာနှင့်ချက်ကြည့်သည့်အခါ** ဓာတ်သားများအားလုံး ကြွပ်ဆတ်၍ သွားပြန်တော့သည်။

ဒါပေသည့် သူ စိတ်မကျေနပ်သေး၍ ဟိုးယခင် တုန်းက ရန်ကုန် ကြည့်မြင်တိုင်ဘက်တွင် **မည်သည့် ဓာတ်သားကိုမဆို အနှစ်ချ (ဘိုင်လှည့် နာလှည့်) ပေးသည့်** ကုလားများရှိ၍ ယင်း**ကြွေဖလား မည်းနက်ကြိုတ်ကြွေအသား (၅)ကျပ်သားခန့်** အကုန်လုံးကို ယူသွားပြီး "ဘိုင်လှည့်" "ခိုင်းလိုက်ပြီးသည့်အခါမှာတော့ ထူးဆန်းမှုကို သေချာ မျက်ဝါး ထင်ထင် တွေ့မြင်လိုက်ရပါတော့သည်။

ထိုမည်းနက်ကြိုတ်ကြွေဓာတ်သား (၅)ကျပ်သား သည် ဘိုင်လှည့်ပြီးသွားသည့် အခါမှာတော့ **ကိတ်ဓာတ် မီးလင်းအခေါက် (၁)ကျပ်သား**တိတိကို ရရှိလိုက်ပါ



တော့သည်။

ဒါဟာ သူ၏ အဂ္ဂိရတ် သက်တမ်းတစ်လျှောက်မှာ အဂ္ဂိရတ်ဓာတ်ပညာနှင့် ကိုယ်တိုင်လုပ်၍ ရရှိခဲ့သော ပထမဆုံးသော ကိတ်ဓာတ်ရွှေ ဖြစ်ပေသည်။

ပြောရမယ်ဆိုလျှင် သူ့မှာ စီးပွားရေး ပြည့်စုံနေသူမို့ ရွှေဆိုတာက ပိဿာနှင့်ကိုချီပြီး ရှိနေတာမို့ ထိုရွှေ (၁)ပိဿာနှင့် ယခု ကိတ်ဓာတ်(၁)ကျပ်သားနှင့် ယှဉ်လျှင် ယခု ကိတ်ဓာတ်သားရွှေ (၁)ကျပ်သားကို ပို၍ တန်ဖိုးထားပြီး ဝမ်းသာပီတိ ဖြစ်မိပေသည်။

"**ရောင်းပါလား**"ဟု သွားမေးမိခဲ့လျှင် ရန်သူဖြစ် သွားပေလိမ့်မည်။ ဒါဟာ သူ၏ ဂုဏ်ထူးဆောင်ဆာဘွဲ့ ဖြစ်သော ကိတ်ဓာတ်လေးဟု ဆိုနိုင်ပါသည်။

ယခုတစ်ဖန် မူလဓာတ်လုံး၏ အခြေအနေကို အစပြန်၍ ကောက်ရသော် "**သံသေပြဒါးဓာတ်လုံး**"ကို သန့်စင်ထားသည့် **နာ(ခဲ)ဖြင့်** ဓာတ်လေးတူတွဲ၍ ချက်လာခဲ့ရာ **(၇)ပြန်လောက်** ရောက်လာသည့် အခါ တွင် စာညွှန်းအတိုင်းပင်...

နာကို အရည်ကျို၍ နာပျော်ရည်ထဲသို့ လည်းကောင်း ဓာတ်လုံးကို ထည့်လိုက်သည့်အခါတွင် နာအရည်သည်



လက်ချားချော်ကဲ့သို့ ကြည့်၍ အရည်ကျဲသွားပြီး လုံကို အအေးခံ၍ လုံခွံကို မှောက်၍ ခေါက်ချလိုက်လျှင် နာချော်များကစကွဲ ကျဲ၍ ထွက်ကျလာပြီး ဓာတ်လုံးက လုံကို မခွဲရဘဲ အပြင်သို့ ထွက်၍လာပါသည်။

ဤအဆင့်ကို ချောမောစွာ ရောက်လာပြီဆိုတော့ ဓာတ်လမ်းစဉ် စာညွှန်းပါအတိုင်း ဓာတ်လုံးထိုးထား သည့် လုံခွံနှင့် ကြေးနီဓာတ်(၁)ကျပ်ကိုထည့်၍ ကျင်း လိုက်လျှင် ယင်းကြေးနီသည် ကြိုတ်ကြေကျ၍ မည်းနက် ကြွပ်ဆတ်၍သွားပြီး ယင်းကို ကိုတ်ဓာတ်နှင့် လေးတူ တွဲထိုးလိုက်လျှင် မိတူဖတူဖြစ်၍ သွားမည်ဟု ဖော်ပြ ထားသည့်ကို...

သူက တစ်ဆင့်ကျော်၍ တွေးဆလိုက်ပြီး **တွင်းထွက် အခေါက်ရွှေ(၁)ကျပ်ကို လုံခွံဖြင့်** ထည့်ကျင်းကြည့် လိုက်သည့်အခါ တစ်ခါတည်း ယင်းကိုတ်ဓာတ်ဟာ ကြိတ်ကြေကျသွားသည်ကို ထူးဆန်းစွာ တွေ့လိုက်ပါ တော့သည်။

ဒါဆို ရွှေကို ဘာဆက်လုပ်ရမည်ဆိုတာကို သူ ကောင်းကောင်း သဘောပေါက်သွားပါတော့သည်။

**(အဂ္ဂိရတ် ဂိုးကျနေသူများအတွက် ဘာဟင်း များချက်ရလျှင် ကောင်းမလဲဟု တွေးနေစရာ မလို ပါ။ တစ်ခါတည်း ကိုယ်လိုရာလမ်းကို လက်တင်စား အလိုက်သင့် လုပ်သွားရုံသာ ရှိပါတော့သည်။)**

စာရေးသူအနေနှင့် ဒီထက် အသေးစိတ် ပြောချင် သော်လည်း စောင့်စည်းရမည့် စည်းကမ်းချက်လေးများ ကို မဖြစ်မနေ လိုက်နာနေရပေသည်မို့ ဤမျှနှင့်သာ ကျေနပ်ကြပါ။

တစ်ဆက်တည်း ဆောင်းပါးအစပိုင်းမှာ တင်ပြခဲ့ သော ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော စာရေးသူ၏ နောင်း နောင်တလေးမှာ...

ဤဖြစ်စဉ်ကို ကြားနာကြုံတွေ့မှု မဖြစ်ပေါ်သေးမီ ရှေ့(၁၀)နှစ်ခန့်လောက်က စာရေးသူ၏မိတ်ဆွေ လုံနှင့် ဓာတ်ဆေးပစ္စည်းများ ရောင်းသည့် ဆိုင်ရှင်တစ်ဦးက

စာရေးသူကို တစ်နေ့မှာ ထူးဆန်းသည့် ဓာတ်သတ္တုပစ္စည်းလေးတစ်ခုကို နမူနာပေး၍ ဘာပစ္စည်းလဲဆိုတာကို အင်္ဂလိပ်နည်းနှင့် စမ်းသပ်ခိုင်းပါသည်။

**အလေးချိန်က (၃)ကျပ်သားလောက်ရှိပြီး ရွှေရောင်လို ဝါဝင်းနေ၍ သရဲများ တလက်လက်ထနေပြီး ထူးကဲလိုက်သည့်အခါမှာ စကြာ့မှလွှမ်းသည့် သတ္တုဓာတ်သားလေးပါ။**

သို့နှင့် သူ့ကို အပြင်ပိုင်းအာခနေနှင့် သေချာစစ်ဆေးကြည့်ခဲ့သော်လည်း ဘာဓာတ်ပစ္စည်းမှန်း မသိရ၍ (၁)ကျပ်သားလောက် ဖဲ့၍ယူပြီး လုံထဲထည့်၍ မီးသွေး (၃)အုပ်ခန့် ထိုးကြည့်လိုက်သည့်အခါ ကန့်ဓာတ်ကို မီးရှို့လိုက်သည့် အနံ့ပြင်းပြင်းကို ရပါသည်။

ဒါပေမယ့် လုံထဲမှာတော့ ဘာမှ မရှိတော့အောင် အကုန်လုံး မီးလောင်ကျွမ်းသွားပါတော့သည်။

သို့နှင့် ဒုတိယ(၁)ကျပ်သားကို လက်ချားချော်နှင့် အုပ်၍ ထိုးပြန်တော့လည်း ချော်ထဲမှ မီးနီးအပြာရောင် မီးတောက်များထွက်၍လာပြီး နောက်ဆုံးမှာတော့ လုံခွဲလိုက်တော့ မည်းနက်နက် ချော်ခဲကိုသာ တွေ့လိုက်ရပြီး ဘာဓာတ်သားကိုမှ မတွေ့ရပါ။

တတိယ(၁)ကျပ်သားကိုတော့ လုံခြောက်ဖော် သေချာစွာ မံပြီး ဖွဲမီးနှင့် တစ်နေကုန် မီးပေးလိုက်ပြီး လုံခွဲကြည့်လိုက်တော့ လုံထဲမှာ ဘာမှ မရှိတော့သည့် အဖြစ်နှင့်သာ ကြုံခဲ့ရပါသည်။

ဤသို့ဖြင့် ဘာမှန်းမသိသည့် သတ္တုဓာတ်သား နမူနာ (၃)ကျပ်သားသည် မသေချာမရေရာစွာနှင့်ဘဲ အဆုံးသတ်သွားပါတော့သည်။

ဒီလောက်တောင် အကဲဆတ်နေသည့် ပစ္စည်းကုန်လည်း အေးတာပဲဆိုပြီး အသမြော်မရှိသည့် စိတ်ထားနှင့် သဘောထားပြီး "တာ့တာ"ပြလိုက်ပါသည်။

စာရေးသူ၏ မိတ်ဆွေကိုလည်း **"အေးဗျာ…ခင်ဗျားပေးလိုက်တဲ့ သတ္တုဓာတ်သားလေးကို စမ်းသပ်ကြည့်တာ ဘာမှန်းကို မသိရပါဘူးဗျာ"**ဟုသာ ပြောလိုက်ရပါသည်။

သို့နှင့် အချိန်တွေ(၁၀)နှစ်လောက် ကြာပြီးသည့်အခါမှာတော့ **မြင်ဘာဟုတောင်ဆရာတော်၏** လက်ျာကန့်အစစ်ကို ပြသမိန့်ကြားလိုက်တော့မှ…

'ဟာ… သွားပါပြီ၊ ငါ ဟိုတစ်ချိန်က ရခဲ့တဲ့ ဝင်းဝင်းဝါဝါ ရွှေရောင်လို သတ္တုဓာတ်သားလေးဟာ တကယ်တော့ အလွန်အဖိုးတန် ရှားပါးလှတဲ့ လက်ျာကန့် စစ်စစ်လေး ဖြစ်နေပါပေါ့လား'



ဟု စိတ်ထဲ တွေးတွေးပြီး…

အလွန် နှမြောတသ နောင်တရ၍မဆုံး ဖြစ်ရပါတော့သည်။ တန်ဖိုးရှိမှန်း သိလိုက်ရသည့်အချိန်မှာတော့ လက်လွန်ခွက်ချ ဖြစ်နေပါတော့သည်။

ဤဆောင်းပါးကိုရေးနေသည့် ယခုအချိန်ထိ အကယ်၍သာ ငါ့မှာ အဲဒီ လက်ျာကန့်အစစ် သတ္တုဓာတ်သား(၃)ကျပ်သားလေးသာ ယခု လက်ဝက် ပိုင်ပိုင် ရှိခဲ့လျှင်ဆိုသည့် အတွေးမှာ အမြဲဖြစ်၍ နေပါတော့သည်။


သို့သော် **"လူမိုက်နဲ့ ကံမထိုက် ဉာဏ်လိုက်လို့ မမီ"**ဆိုသည့် စကားကိုပဲ နှလုံးသွင်း ဆင်ခြင်နေရပေသည်။

***သုတေသီ ဝါသနာရှင်များ တန်ဖိုးသိ၍ အမှန်အကျိုးရှိအောင် သုံးနိုင်ကြပါစေ…***

**ဦးမင်းဇင် (ရွှေနဝင်း)**

# နာတာရှည်ရောဂါ ခံစားရတတ်သလား

ဆရာကြီးဦးအောင်မြင့်
(ဥမဒေဟွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




**အသက်(၃၀)ဝန်းကျင် အမျိုးသမီးတစ်ဦးရဲ့** ဘယ်/ညာ လက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါတယ်။

"နာတာရှည်ရောဂါ ခံစားရတတ်သလား"

ဆိုတဲ့ မေးခွန်းကို မေးလာသူဖြစ်ပါတယ်။

အမိက လမ်းကြောင်းကြီးတွေကို ကြည့်ရှုစစ်ဆေးတဲ့အခါ **ဦးခေါင်းလမ်းကြောင်း အလယ်မှာ (၁.၅) စင်တီခန့် ရှည်လျားတဲ့ ကျွန်း သင်္ကေတ** တွေ့ရှိရပါတယ်။

**"က" အကျရာ**

ဦးခေါင်းပိုင်းမှာ ရောဂါကြာရှည် ခံစားရတတ်ပါတယ်။

"ခေါင်းက အမြဲလိုလို ကိုက်ခဲနေတတ်တယ်။ စိတ်ညစ်ရင် ပိုပြီး ဆိုးဆိုးရွားရွား ခေါင်းကိုက်တတ်ပါတယ်"

သူမက ရောဂါအကြောင်း ရှင်းပြ

သောကကြီးတွေ့ရတတ်လို့ ဦးခေါင်းမှာ နာတာရှည် ခေါင်းကိုက်ဝေဒနာရောဂါ စွဲကပ်ခံစားရတတ်ပါတယ်။

ဒီရောဂါဝေဒနာ အမြန်ဆုံးသက်သာပျောက်ကင်းဖို့ အတွက်ဆိုရင် မကြာခဏ တရားစခန်းဝင်ခြင်း။ အိမ်မှာ မနက်,ည နာရီဝက်ခန့်စီ ကြာအောင် တရားရှုမှတ်ခြင်း။ တရားခွေဖွင့်ပြီး နာကြားခြင်းတွေ စွဲစွဲမြဲမြဲ လုပ်ပေးရပါမယ်။ ဘုရားကို





တရားကုန်းသာ
သက်သာပျောက်
ကင်းနိုင်ပါမယ်။

**အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...**

**ဆရာကြီး ဦးအောင်မြင့်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**

ပါတယ်။

* * *






သူမရဲ့ ညာဘက်နှလုံးလမ်းကြောင်း အဖျားကို **ထောင်လိုက်ဥပဒ်လမ်း ထင်ရှား အားကောင်းစွာဖြစ်သန်းနေခြင်း "ခ" အက္ခရာနဲ့** ညာလက်ခလယ်အောက် စနေ

ဂြိုဟ်ခွင်မှာ အင်္ဂလိပ်အက္ခရာ **ဝိုင်"Y"ပုံသဏ္ဌာန်"ဂ"အက္ခရာ** ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးတွေကြောင့် စိတ်ဆင်းရဲသောကရောက်ရဖို့ ရှိပါတယ်။

* * * ——————→

**အိမ်ထောင်ရေး ပြဿနာတွေကြောင့် မကြာခဏ စိတ်ဆင်းရဲ**





▲ တောင်ခြင်ခြင်းတွင်းမှာ မွေးမြူထားသည့် အေဇိုလာကျောက်ခက်

တင်ဒိုင်ဇော်

စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကြား အထူးရေပန်းစားနေသည့်

# ရေကျောက်ခက်အေဇိုလာ

ရှမ်းပြည်နယ်သာမက တစ်တိုင်းပြည်လုံး အဝှိုင်း အတာနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်များကြား အထူးရေပန်းစား တွင်ကျယ်နေတဲ့ **ရေကျောက်ခက် အေဇိုလာ**ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူတို့ အတွက် တင်ပြလိုပါတယ်။

ကနဦးမှာတော့ ပဟုသုတ ရရှိလောက်တင် တင်ပြဖို့ ရည်ရွယ်ရာကနေ စာတည်းမှူးကြီး တစ်ခါပြောဖူးတဲ့ စကားအတိုင်း လက်တွေ့ အသုံးချလို့ရတဲ့ နည်းပညာ သာဆိုရင် စာဖတ်သူ ပရိသတ်အတွက် အမှန်တကယ် အကျိုးရှိစေတယ်ဆိုတာကို အမှတ်ရလို့ **ဟင်းစားအပြင် တွန်ပစ်နည်းပါ တစ်ပါတည်း ရေးသားတင်ပြဖြစ်တာ** ပါ။ ဘယ်နေရာ ဘယ်ဒေသမှာမဆို မွေးမြူဖြစ်ထွန်း ပါတယ်။

ယနေ့သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်နေတဲ့ တောင်သူ များအကြား ရှားပါးခက်ခဲလာတဲ့ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာနဲ့ သစ်စိမ်းမြေသြဇာများအတွက် အလွန် တန်ဖိုးရှိ အသုံးတည့်တဲ့အပြင်. . .

တိရစ္ဆာန်အစာအတွက် ဈေးနှုန်းကြီးမြင့်မှုနဲ့ ခက်ခဲ လာတဲ့ ကုန်ကြမ်းများ နေရာကို ဝင်ရောက်ထိုးဖောက်လို့ နေရာတစ်ခုကို ယူလာတဲ့ တစ်စုံတစ်ခုကို ပြပါဆိုရင် လက်ရှိမျက်မှောက်မှာ ရေကျောက်ခက်အေဇိုလာကို သာ ပြရမှာဖြစ်ပါတယ်။

သူရဲ့ ဘက်စုံ အသုံးဝင်ပုံတွေကို မလေ့လာခင် သူ့ သမိုင်းကြောင်းလေးကို အလျင် စောင်းငဲ့ကြည့်လိုက် ရအောင်ပါ။

ဒီရေကျောက်ခက် (ခေါ်) အေဇိုလာကို လွန်ခဲ့တဲ့



▲ [illegible] နို့စားနွားများအား အဇိုလာရေကျောက်ခက် ကျွေးမွေးစဉ်

နှစ်ပေါင်း(၂၅၀၀)ကျော်ကတည်းက ဇီဝမြေဩဇာ၊ သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာနဲ့ တိရစ္ဆာန်အစာအဖြစ် တရုတ်နိုင်ငံမှာ စတင် အသုံးပြုခဲ့ကြတယ်လို့ ဆိုတယ်။

တကယ့် စီးပွားဖြစ်အနေနဲ့ကတော့ ၁၉၂၇ ခုနှစ်၊ မိုးခေါင်ရေရှားကပ်ကြီး ဖြစ်ပြီးနောက် တိရစ္ဆာန်အစာနဲ့ မြေဩဇာရှားပါးတဲ့အခါရောက်မှ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြခြင်း ဖြစ်ပါတယ်။

ဒီရေကျောက်ခက်အေဇိုလာရဲ့ **ဇီဝသဘာဝ (Biology of Azolla)**ကတော့ မျိုးစုဖြစ်တဲ့ **အေဇိုလာ**ကို ပြင်သစ်နိုင်ငံက ရုက္ခဗေဒပညာရှင်တစ်ဦးဖြစ်သူ **လာမတ်(Lamark)**က ၁၇၈၅ ခုနှစ်မှာ မှတ်တမ်းစတင်ခဲ့တာပါ။

ရေကျောက်ခက် အေဇိုလာမှာ **အေဇိုလာမျိုးရင်း (Azollaceae)**က **မျိုးရင်း(Genus)** တစ်ခု ဖြစ်ပါတယ်။ အစေ့မဲ့ ဘုံနိမ့်ပင်မျိုးဖြစ်ပြီး ရေမျက်နှာပြင်ပေါ်မှာ **လွတ်လပ်စွာမျောနေတဲ့ (Water Fern)**ပင်ပါ။

အေဇိုလာဆိုတဲ့ အမည်ကတော့ ဂရိဝေါဟာရ နှစ်မျိုးကနေမှ ဆင်းသက်လာတယ်လို့ ဆိုပါတယ်။ အေဇို (Azo)ရဲ့ အဓိပ္ပာယ်က **ခြောက်သွေ့ရန်(to dry)**ဖြစ်ပြီး (Ollya)ကတော့ **သတ်ရန်(to kill)** ဖြစ်တယ်။ ပေါင်းပြီး နားလည်ကြည့်ရင်တော့ **"အေဇိုလာပင်များသည် ခြောက်လျှင် သေတတ်သည်"**လို့ မှတ်ယူနိုင်ပါတယ်။


အဲဒီမျိုးစုမှာ မျိုးစိတ်(၆)ခုရှိပြီး စာရေးသူတို့ မြန်မာနိုင်ငံမှာလဲ အဆိုပါ မျိုးစိတ်အချို့ကို သဘာဝအတိုင်း ဒေပါများစွာ တွေ့ရတတ်ပါတယ်။ အထူးသဖြင့်တော့ စပါးခင်းတွေမှာ အများဆုံး တွေ့နိုင်တာ ဖြစ်ပါတယ်။

ဒီလို အစွမ်းထက်လှတဲ့ ရေကျောက်ခက်အေဇိုလာကို မျိုးပွားမွေးမြူလိုတယ်ဆိုရင်လဲ အလွန်လွယ်ကူတာကို တွေ့ရပါလိမ့်မယ်။ အဓိကအားဖြင့်တော့ ပင်ပိုင်းမျိုးပွားခြင်းပါပဲ။

**ကိုယ်တိုင် တစ်ပိုင်တစ်နိုင် မွေးမြူလိုတယ်ဆိုရင်တော့...**

အလျား(၈)ပေ၊ အနံ(၄)ပေနဲ့ အနက်(၆)လက်မရှိတဲ့ ကန်တစ်ခုမှာ နွားချေး/ဝက်ချေးအခြောက် (၈)ကီလိုခန့်၊ မြေကြီး(၁၅)ကီလိုခန့်၊ ဖော့စဖိတ်ဓာတ်(၄၆)ရာခိုင်နှုန်း ပါဝင်တဲ့ တီဆူပါဓာတ်မြေဩဇာ(၄၅)ဂရမ်ခန့်တို့ ထည့်သွင်းပြီး ရေအပြည့် ဖြည့်ရတယ်။

ရေကန်ထဲကို နို့ဆီဘူး တစ်ဘူးခန့်ပမာဏရှိတဲ့



■ အေဇိုလာထုတ်ကျွက်ဆက် သယ်ယူနေပုံ

ရေကျောက်ခက်အေဇိုလာကို ထည့်သွင်းပေးရုံသာ ဖြစ်ပါတယ်။

အဆိုပါ ထည့်သွင်းလိုက်တဲ့ မျိုးကနေမှ နှစ်ဆပွားဖို့ အချိန် (၂)ရက်ခွဲကနေမှ (၅)ရက်သာ လိုအပ်ပါတယ်။

ရေကျောက်ခက်အေဇိုလာနဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ အသုံးပြုမယ် ဆိုရင်ဖြင့် စပါးစိုက်ပျိုးခြင်းမှာ အေဇိုလာ ထည့်သွင်းစိုက်ပျိုးခြင်းကို...

၁။စပါးစိုက်ခင်းတွင် အေဇိုလာများကို နိုက်ထရိုဂျင် ဓာတ်စုစည်းပေးတဲ့ ဇီဝမြေသြဇာအဖြစ်နဲ့...

၂။စပါးနဲ့ အေဇိုလာကို စိုက်ပျိုးသီးနှံအဖြစ် နှစ်မျိုးလုံး ပြိုင်တူ စိုက်ပျိုးနိုင်ခြင်းဆိုပြီး မြင်တွေ့နိုင်တယ်။


ရိုးရိုးစိုက်ပျိုးမြေ တစ်ဟက်တာ(နှစ်ဧကခွဲ)မှာတော့ တစ်ရက်အတွင်း အေဇိုလာအလေးချိန် တစ်တန်(ပိဿာ ၆၀၀ ကျော်)ကို ဖြစ်ပေါ်စေတယ်။

အဲဒီပမာဏဟာ နိုက်ထရိုဂျင်ဓာတ်(၃–ကီလို) ပါဝင်စေပြီး အမိုးနီးယမ်းဆာလ်ဖိတ် ဓာတ်မြေသြဇာ (၁၅) ကီလိုနဲ့ ယူးရီးယားဓာတ်မြေသြဇာ(၇)ကီလိုနဲ့ ညီမျှပါတယ်။

ကံ့ဖနေ့ ကမ္ဘာ့စပါးစိုက်ခင်းများမှာ အသုံးပြုပါက နိုက်ထရိုဂျင်ဓာတ် တန်(၁)သန်းခွဲကို နှစ်စဉ် စုစည်းပေးပါတယ်။ အေဇိုလာရဲ့ အစိုအလေးချိန်မှာ နိုက်ထရိုဂျင် ဓာတ်(ဝ ဒသမ ၂ ရာခိုင်နှုန်း) ပါဝင်ပြီး အခြောက် အလေးချိန်မှာတော့ (၃–၅ ရာခိုင်နှုန်း)အထိ ပါဝင်ပါ တယ်။

ရေကျောက်ခက်အေဇိုလာနဲ့ ပတ်သက်ပြီး ကိုယ်တိုင် မွေးမြူထုတ်လုပ် အောင်မြင်နေသူ ရှမ်းပြည်နယ်တောင် ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်က ဒေါ်မေ သိမ့်သိမ့်အေးက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အခုလို ပြောပါတယ်။

'ဒီအေဇိုလာမျိုးတွေထဲကမှ **အနာဘေနာအေဇိုလာ (Anabaena azolla)**လို့ခေါ်တဲ့ **စိမ်းပြာရေညှိ**က ပတ်ဝန်းကျင် လေထုထဲမှာရှိတဲ့ နိုက်ထရိုဂျင်ဓာတ်ကို



❀ အေဖိုလာရေကျောက်ခက် မွေးမြူထားသည့်ကန်များ

ရရှိအောင် ကြားခံဆောင်ရွက်ပေးတယ်။ သူ့ကို စိုက်ပျိုးပြီး အသုံးချမယ်ဆိုရင်လဲ အပင်ဖြစ်ထွန်းပွားများနှုန်း မြန်တယ်။

အကောင်းဆုံးအာဟာရဖြစ်တဲ့ နွားချေးချေး၊ ဝက်ချေးချေး၊ ရေ အပူချိန်ကိုသာ သင့်တင့်မျှတအောင် ရမယ်ဆိုရင် ရက်အနည်းငယ် အတွင်းမှာတင် (၂)ဆ ကျော်ပွားတယ်။

အရင်ကဆို ဝက်စာအတွက် အစာစိမ်းရှားလို့ ငှက်ပျောပင်ကိုပဲ ဈေးကြီးပေးဝယ်ပြီး အားထားကျွေး ခဲ့ရတာပါ။

**ဒီရေကျောက်ခက် မွေးမြူပြီးနောက် ဘာအရွက်၊ ဘာအစာကိုမှ ရှာဖွေစရာ မလိုတော့ဘဲ မွေးမြူထားတဲ့ ကန်ထဲက ရေ အလွယ်တကူ ခပ်ယူ ကျွေးလိုက်ရုံပါပဲ။**

အေဖိုလာကိုကျွေးပြီး ကြီးထွားနှုန်းကို စောင့်ကြည့်တာမှာ အခြားဝက်တွေထက် ပိုအကြီးမြန်တာကို တွေ့ရတယ်'

လို့ ပြောပါတယ်။

ရေကျောက်ခက်အေဖိုလာကို တိရစ္ဆာန်အစာအဖြစ် ကမ္ဘာမှာ ဘီစီ ၅၄၀ ကတည်းက အသုံးပြုလာကြတာပါ။ အေဖိုလာအခြောက်မှာ ပရိုတင်း(၁၆-ရာခိုင်နှုန်း)၊ အဆီဓာတ်(၂-ရာခိုင်နှုန်း) ပါရှိတာကို တွေ့ရမှာပါ။

လတ်ဆတ်စိမ်း အနည်းငယ်သာ ပါရှိပြီး ပရိုတိန်း (အသားဓာတ်) (၂၅)ရာခိုင်နှုန်းကနေ (၃၀)ရာခိုင်နှုန်း အထိပါဝင်လို့ တိရစ္ဆာန်များက နှစ်သက်စွာ စားသုံးရုံမက အာဟာရတန်ဖိုးလဲ မြင့်မားစွာ ပါဝင်နေတာကို တွေ့ရပါတယ်။

သက်ရှိတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အမိုင်နိုအက်ဆစ်များ၊ ဗီတာမင်များ(ဗီတာမင်အေ၊ ဘီ၊ ဗီတာမင်ဘီ-၁၂)နဲ့ ဘီတာကာရိုတင်းဓာတ်တို့အပြင်...သတ္တုဓာတ်တွေဖြစ်တဲ့ ထုံးဓာတ်(ကယ်လဆီယမ်)၊ ဖော့စဖိတ်ဓာတ်၊ ပိုတက်ဆီယမ်၊ သံ၊ ကြေးနီနဲ့ မဂ္ဂနီးဓာတ်တို့ ပါဝင်ပါတယ်။

ခြောက်သွေ့တဲ့ အနေအထားမှာတောင် အသားဓာတ်(၂၅-၃၀)ရာခိုင်နှုန်း၊ ဓာတ်ဆား(၁၀-၁၅)

ရာခိုင်နှုန်း၊ အမိုနီအက်ဆစ်နဲ့ သက်ရှိတွေအပေါ် များစွာသော အကျိုးသက်ရောက်မှုကို ဖြစ်စေတဲ့ ဘိုအိုပိုလီမာက (၇–၁၀)ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း သိရတယ်။

နို့စားနွားတွေမှာဆို အေဇိုလာ ကျွေးခြင်းအားဖြင့် နွားနို့အထွက်နှုန်း (၁၅)ကနေ (၂၀)ရာခိုင်နှုန်း အထွက်တိုးစေနိုင်တယ်။ အေဇိုလာစိုက်ခင်း တစ်ဟက်တာက ထွက်ရှိတဲ့အပင်များကို ဝက်အကောင်(၂၀၀)ခန့် ကျွေးမွေးနိုင်တယ်လို့ ပြောပါတယ်။

အဲဒီရေကျောက်ခက်အေဇိုလာကိုပဲ အစိမ်း၊ အခြောက်၊ အချဉ်သိပ် ကျွေးမွေးပြီး လူတို့လဲ စားသုံးနိုင်ကြောင်း သိရပါတယ်။

စပါးပင် ဖြစ်ထွန်းအောင်မြင်ရန်နဲ့ ပေါင်းပင် နှိမ်နင်းရန်အတွက် သစ်ရွက်စိမ်းမြေသြဇာအဖြစ် အသုံးပြုတယ်။ (အိမ်နီးချင်းနိုင်ငံတွေမှာ ဘဲငှက်နှစ် ဘဲမွေးမြူရေးနဲ့ စပါးစိုက်ရာမှာ တွဲဖက်၍ တွင်ကျယ်စွာ အသုံးပြုနေကြတယ်။)

စိုက်ပျိုးရေးကဏ္ဍက မြေဩဇာပြုလုပ်ရန်အတွက် လိုအပ်တဲ့ နိုက်ထရိုဂျင်ဓာတ်ကို အပြည့်အဝ ရရှိစေပါတယ်။

ပြောင်းသီးနှံအပါအဝင် နှံစားသီးနှံများမှာ မြေတစ်ဟက်တာမှာ အေဇိုလာ အလေးချိန် ကီလို(၃၀၀၀၀)ခန့် အသုံးပြုပေးခြင်းအားဖြင့် ဂျုံတစ်ဧကကနေ ကီလို(၁၀၀)၊ ပြောင်းတစ်ဧက ကီလို(၉၄၀) ပိုမိုထွက်ရှိကြောင်း မှတ်တမ်းများအရ သိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာလဲ စပါးစိုက်ပျိုးတဲ့နေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ရေကျောက်ခက်အေဇိုလာကို ကောင်းစွာ အသုံးပြုခဲ့တာကို သမိုင်းမှာ တွေ့ရတယ်။

လက်ရှိ ကမ္ဘာ့နိုင်ငံ အများအပြားမှာတော့ ရေကျောက်ခက်အေဇိုလာကို စိုက်ပျိုးရေးလောကမှာ စိမ်းပြာရေညှိ အနာဘီးနားဇီဝမြေသြဇာ (**Waterfern-Azolla, Blue green Algae-anabena biofertillizer**) အဖြစ်၊ သဘာဝမြေသြဇာအဖြစ်နဲ့ပါ စပါးနဲ့ ပူးတွဲပြီး အမြောက်အမြား သုံးစွဲလျက် ရှိသလို အခြားတစ်ဖက်ဖြစ်တဲ့ တိရစ္ဆာန်မွေးမြူရေးကဏ္ဍမှာလဲ အာဟာရတန်ဖိုးမြင့် အစာ အစားထိုးအဖြစ် တွင်ကျယ်စွာ အသုံးပြုနေကြပါပြီ။

ငွေစင်ပုလဲ နို့စားနွားမွေးမြူရေးလုပ်ငန်း တည်ထောင်ထားပြီး နို့စားနွားအကောင်(၂၀၀)ကျော် မွေးမြူထားတဲ့ လုပ်ငန်းရှင် ဦးတင်ဝင်းကလဲ ရေကျောက်ခက်အေဇိုလာနဲ့ ပတ်သက်ပြီး အခုလို ထပ်မံပြောပြခဲ့ပါတယ်။

'၂၀၁၆ ခုနှစ်၊ အောက်တိုဘာလထဲအထိ ဒီအေဇိုလာအကြောင်းကို ကြားတောင်မကြားဖူးခဲ့ဘူး။ မလေးရှားက မိတ်ဆွေတစ်ဦးက နို့ဆီဘူးဝက်လောက် ရေကျောက်ခက်မျိုးလေး ပေးလိုက်တာကနေ စ,ပွားခဲ့တာမှာ အခုဆိုအလျား(၈)ပေ၊ အနံ(၄)ပေရှိတဲ့ ကန်ပေါင်း(၄၂)ကန်ကျော်ကို မြေရှိသလောက် ပွားနိုင်ခဲ့ပါပြီ။ အဲဒီ (၄၂)ကန်ကနေမှ တစ်ရက်ကို အေဇိုလာအစာစိမ်း ပိဿာချိန်(၃၀)ကို ပုံမှန်ထုတ်ယူပြီး နို့စားနွားမတွေကို ကျွေးနေပါပြီ။

အခုဆို ကန်ပေါင်း(၅၆)ကန်တိတိ မွေးမြူထားနိုင်ခဲ့သလို မြန်မာနိုင်ငံနဲ့တစ်ဝန်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်၊ တောင်ကြီး၊ လားရှိုး၊ ပူတာအို၊ ကျိုင်းတုံ၊ ကျောက်မဲ၊ ရပ်စောက်၊ ပိုင်းဟောင်နဲ့ နယ်ခံနယ်များတိုင် ရေကျောက်ခက်အေဇိုလာမျိုးများကို ဖြန့်ဖြူးပေးပြီးဖြစ်တယ်'

လို့ ဆိုပါတယ်။


ဒါကြောင့် အခုလို ခြောက်သွေ့ရာသီမှာ မိမိမွေးမြူထားတဲ့ တိရစ္ဆာန်တွေအတွက် အာဟာရတန်ဖိုးမြင့်တဲ့ အစာတစ်ခုအဖြစ် လွယ်ကူစွာ အစားထိုးအသုံးပြုနိုင်သလို...

စိုက်ပျိုးကုန်ထုတ် လုပ်ငန်းရှင် တောင်သူကြီးများ သီးနှံတွေ အထွက်တိုးဖို့ရန် စရိတ်စကလဲ ကျဉ်းပြီး လွယ်ကူသက်သာစွာနဲ့ အချိန်တိုအတွင်း လုံလောက်စွာ ထုတ်လုပ်ရရှိနိုင်တဲ့...

ရေကျောက်ခက်အေဇိုလာကို မွေးမြူထုတ်လုပ်ပြီး အသုံးပြုနိုင်ဖို့ အခုလို ကာလကတည်းက ကြိုတင်ပြင်ဆင်ပြီး ဆောင်ရွက်သင့်ကြောင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးကနေ တစ်ဆင့် တင်ပြလိုက်ရပါတယ်။

**တင်ညိုအေး**

# အုန်းပင် အသီးတင်နည်း



နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပတ်သက်လို့ ကျွန်တော် ပြောချင်တာကတော့ စိုက်ပျိုးရေးရောင်ခြည် အကြောင်း ပါပဲ။

ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေး ဦးစားပေးသော နိုင်ငံဟု ဆိုသော်လည်း စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စာစော၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ မရှိသလောက် နည်း ပါးနေပါသည်။

ထိုအထဲကမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက စိုက်ပျိုး ရေးနှင့်ပတ်သက်သည့် ကဏ္ဍတစ်ခု ဖွင့်ပေးပြီး ဝါသနာ ရှင်များကို ရေးသားစေခြင်းအတွက် အထူးကျေးဇူးတင် ရကြောင်း ပြောကြားရင်း အုန်းပင် အသီးတင်စေနည်း အကြောင်း ရေးသားဖော်ပြပါမည်။

အုန်းပင်သည် ပူအိုက်စွတ်စိုခြင်းကို ကြိုက်နှစ်သက် သည်။ ရေမဝပ်ဘဲ မြေဆီမြေဩဇာ ထက်သန်သည့် မြေမျိုးကိုလည်း ကြိုက်နှစ်သက်သည်။ အုန်းပင်ကို စ၍ စိုက်ပြီး ဆိုကတည်းက **အလုံးကို မြေကြီး အောက်သို့ မြှုပ်၍ မစိုက်ရပါ။**

အုန်းပင်မှ ထွက်လာသော မှုခြားမြစ်များ မြေပေါ်တွင် ပေါ်နေခြင်းသည် လေထုထဲမှ ရေငွေ့နှင့် လေကို စုပ်ယူနိုင်ခြင်းကြောင့် အုန်းပင်ကို မြေတောင်မြှောက် ပေးခြင်း အပင်ရင်း မြေဖို့ပေးခြင်းတို့ မလုပ်ရပေ။

**အပင်ငယ်ပါက သုံးပေအကွာတွင် မြောင်းတူး၍ မြေဆွေး၊ မီးဖိုပြာ၊ အရိုးမှုန့် တို့ကို ထည့်ပေးရမည်။ အပင်ကြီးပါက မြောင်းဝိုင်းကို အပင်ရင်းနှင့် ခွာ၍ တူးပေးရမည်။**

အပင်ပုမျိုးနှင့် စပ်မျိုး အုန်းပင်တို့သည် သုံးနှစ်သား၊ လေးနှစ်တွင် စ၍ သီးကြပြီး ပင်လတ်နှင့် ပင်မြင့်မျိုး တို့သည် ရှစ်နှစ်မှ ကိုးနှစ်သားတွင် စ၍ သီးကြသည်။

စသီးသည့် နှစ်မှစ၍ အသီးတက်ချိန်ထိ တစ်ပင်လျှင် **ယူရီးယား နို့ဆီဘူးသုံးလုံး၊ တီဆူပါ နို့ဆီဘူးသုံးလုံး၊ ပိုတက် နို့ဆီဘူးခြောက်လုံး**ကို ထည့်ပေးရမည်။

တစ်ခါတစ်ရံ အုန်းသီးကလေးများ သီးစတွင် ခြောက်၍ ကြွေကျတတ်သည်။ အချို့အတော်ကြီးသည့် အသီး ကြီးများပါ ကြွေတတ်လေသည်။

အသီးကလေးများ ကြွေသည်မှာ ငှက်စာဆော်စ အရွယ် စတင်သီးစတွင် ဖြစ်၍လည်းကောင်း၊ အာဟာရ ဓာတ် ချို့တဲ့၍ လည်းကောင်းဖြစ်သည်။ ထို့ကြောင့် မြေဩဇာကို စနစ်တကျ ထည့်ကျွေးပြီး ရေအစိုဓာတ် မနည်းလွန်း၊ မများလွန်းအောင် ဆောင်ရွက်ခြင်းဖြင့် အုန်းပင် အသီးတင်စေမည်ဖြစ်ကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။

ဇော်မျိုး



မောင်ရင်ငွေထွေး
(မအူပင်)

# [illegible]

ယခု အကြောင်းအရာသည် လွန်ခဲ့သော **အနှစ်(၃၀)ကျော်** ကာလ ကျွန်တော် အသက်(၁၄)နှစ် သားလောက်က အဖြစ်အပျက် တစ်ခု ဖြစ်ပါသည်။

ထိုအချိန်ကာလက ကျွန်တော် တို့မိသားစုသည် မြစ်ဝကျွန်းပေါ် ဒေသရှိ ရွာလေးတစ်ရွာမှာ နေထိုင် ချိန် ဖြစ်ပါသည်။

ထိုအချိန်ကာလက လူငယ် လူရွယ် ကာလသားတို့ အကြား၌ မျက်နှာပွင့် ပီယဆေး၊ အဆောင် လက်ဖွဲ့များကို ရယူလိုခြင်းက ရေပန်းစားခဲ့ပါသည်။

ကျွန်တော်လည်း ထိုအချိန်က ကလေး,မကာ လူပျိုအရွယ် မကျ အရွယ်မို့ အစ်ကိုအရွယ်၊ ဦးလေး အရွယ် လူပျိုကာလသားတို့ထံမှ ပီယဆေး၊ ပီယလက်ဖွဲ့အဆောင် မျိုးစုံတို့ အကြောင်းကို သိခဲ့ရဖူးပါ သည်။

ကျွန်တော်တို့ နေထိုင်ခဲ့ရာ ကန်ပျက်ရွာထဲ၌ ပီယဆေးနှင့် ပတ်သက်လာပါက အရှုံးအမှူး စွဲလမ်းပြီး တပ်မက်မှု လွန်ကဲသူက ကျွန်တော်တို့မိသားစုနှင့် အတူနေ သော အမေ့တူ ဦးလေးဦးကံရှိန် ဖြစ်ပါသည်။

ဦးလေးဦးကံရှိန်က ထိုအချိန်က အသက်(၃၅)နှစ်အရွယ် လူပျိုဘဝ မှ မကျွတ်လွတ်နိုင်သေးသော လူပျိုကြီး ဖြစ်ပါသည်။

ကျွန်တော့်ဦးလေး အပါအဝင် ရွာထဲမှ မစုံကြသေးသော ကာလ သား လူပျိုအားလုံးအဖို့ စုံကြဖို့ရန် အတွက် ပျက်နှာပွင့် ပီယဆေးနည်း လက်ဖွဲ့အစီအရင် မျိုးစုံတို့ကို ဆရာ မျိုးစုံတို့ထံမှ ရယူဖို့ လိုက်လံရှာဖွေ ကာ စမ်းသပ်မှုပြုလုပ်၍ ဆောင် ထားခဲ့ကြဖူးပါသည်။

ထိုသို့ ပီယအဆောင်လက်ဖွဲ့များ ပြုလုပ်ကြရာ၌...

'ငှက်ပျောပင်ကို စိုက်၍ ငှက်ပျောဖူး ထွက်လာချိန်၌ ငှက်ပျောဖူးကို လက်ကိုင်ပဝါချည်၍ လပြည့်လကွယ် ညများ၌ ထိုငှက်ပျောပင်ကို ချစ်သူ အမှတ်ဖြင့် ချစ်ရေးဆိုရမည်။

ငှက်ပျောဖူးမှာ ချည်ထားသော လက်ကိုင်ပဝါကို ငှက်ပျောဖူးပွင့်အာလာ ချိန်၌ ဖြုတ်ယူ၍ ပီယအဆောင်အဖြစ် ဆောင်ကာ မိမိ ချစ်ကြိုက်နေသော မိန်းပျိုကို ချစ်ရေးဆိုပါက အောင်မြင် ပြီး ပြန်၍ ချစ်ကြိုက်လာနိုင်ပါသည်'

ဆိုသော ရေးအစီအရင်တို့ကို ဗဟုသုတအဖြစ် ကြားသိခဲ့ရပါ သည်။

ထို့ပြင် ပန်းမန်း၊ ဆေးမန်း၊ ကွမ်းယာမန်း စသည့် မန္တန်များဖြင့် လည်း မန်းမှုတ်ရွတ်ဖတ်လျက် ပန်းပေးခြင်း၊ ကွမ်းကျွေးခြင်း၊ ဆေးကျွေးခြင်းတို့ကို ပီယအစီအရင် အဖြစ် အသုံးပြုတာကိုလည်း တွေ့ခဲ့ ရဖူးပါသည်။

တချို့ဆိုလျှင် သင်္ချိုင်းထဲသွား၍ အစိမ်းသေ မြေမြှုပ်သင်္ဂြိုဟ်ထား သည့် အမျိုးသမီးအလောင်းကို ပီယဆေးဖော်သူ ဆရာက တူးခိုင်း ပြီး အခေါင်းဖွင့်ကာ ကျောက်ပျဉ်ဖြင့် သနပ်ခါးတုံးကို သေသူ အစိမ်း သေမကိုပေးပြီး သနပ်ခါးသွေး လိမ်းခိုင်းကာ သနပ်ခါးခြောက်မှ



သနပ်ခါးကို ခြစ်ချခိုင်းပြီး ပီယဆေး အဖြစ် အသုံးပြုကြသည်ကို ကြား သိခဲ့ရဖူးပါသည်။

ကျွန်တော့်ဦးလေး ဦးကံရှိန်သည် သူ့အသက်(၂၀)လောက်က ချစ်သူ ရှိခဲ့သလို ထိုချစ်သူကို လက်ထပ်ဖို့ အထိ ရည်ရွယ်ထားခဲ့ပါသည်။

ဦးကံရှိန်အတွက် ဖန်တီးလာ သည့် ကံကြမ္မာဆိုးတစ်ခုကြောင့် သူ လက်ထပ်ဖို့အထိပင် ရည်ရွယ် ထားသော မအေးခင်တစ်ယောက် လှေနစ်မြုပ်၍ ဆုံးပါးသွားခဲ့ရပါ သည်။

ထိုအချိန်ကတည်းက ဦးကံရှိန် ကို ရွာထဲမှ ကွမ်းတောင်ကိုင်သူ အပျိုချောတွေက ဘာကြောင့်ရယ် မသိ သူ ဘယ်လိုချစ်ရေးဆိုဆို အရေးပင် မလုပ်ကြ၍ လူပျိုကြီးဘဝ ဖြင့် နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ရွာထဲတွင်တော့ ကျွန်တော့် ဦးလေးကို တစ်ဖက်သတ်ချစ်ကြိုက် နေသူ အပျိုကြီး မလှမြိုင်တော့ ရှိပါသည်။

မလှမြိုင်က အသက်(၅၀)နီးပါး၊ အသားကမည်း၊ အရပ်က ထောင် ထောင်မောင်းမောင်းနှင့် ဖြစ်၏။

ကျွန်တော့်ဦးလေး ဦးကံရှိန် ပိုးပန်းခဲ့သည့် အပျိုကြီး၊ အပျိုလေး များ အထဲ ထိုမလှမြိုင်တစ်ယောက် တော့ မပါခဲ့ပါ။

ကျွန်တော့်ဦးလေး ဦးကံရှိန် ချစ်ကြိုက်နေသူက **"ဒွေးချိုး လေးတိုး"** ဆိုသလို သူ့ထက် အသက် တစ်ဝက်ငယ်ပြီး လေးနှစ် ပေါင်းထည့်၍ရသော အရွယ်

အသက်(၂၀)ကျော် ကွမ်းတောင်ကိုင် အပျိုလေးမမြရီကို မေတ္တာသက်ဝင် ချစ်ခင်နေခြင်း ဖြစ်၏။

မမြရီက သူ့ကို အရေးပင် မလုပ်၊ ရှိသည်ဟုပင်မထင် ဖြစ်နေ၏။ ချစ်ရေး အကြိမ်ကြိမ် ဆိုခဲ့ဖူးသော်လည်း မမြရီက မည်သို့မျှ အသိအမှတ် မပြုဘဲ ဖြစ်နေပါသည်။

ကျွန်တော့်ဦးလေး ဦးကံရှိန်၏ အဖြစ်ကို သူ၏ အပေါင်းအသင်းများက မြရီကို ရယူဖို့အတွက် ပီယလက်ဖွဲ့အဆောင်များဖြင့် ရယူဖို့ တိုက်တွန်းကြပါတော့သည်။

ဦးကံရှိန်၏ အပေါင်းအသင်းဖြစ်သူ ကိုမြကြီးက...

'ကိုကံရှိန် ခင်ဗျား ဒီလိုပုံစံမျိုးနဲ့ဆို မြရီလေးနဲ့နီးဖို့ မလွယ်ဘူးဗျ။ ခင်ဗျား ပီယလက်ဖွဲ့အဆောင် အစွမ်းကို ကူမှ ဖြစ်တော့မယ်နဲ့တူတယ်။ ကျုပ် ကျုံတာရွာဘက်မှာ တကယ်ကို အစွမ်းထက်တဲ့ ပီယလက်ဖွဲ့ အဆောင်တွေကို စီရင်ပေးတဲ့ ဆရာတစ်ယောက် တွေ့ထားတယ်ဗျ။

အဲဒီဆရာက ပီယံဆေး ပီယလက်ဖွဲ့ အဆောင်တွေကိုပဲ သီးသန့် စီရင်ပေးတာ။ သူ့ရဲ့ ပီယလက်ဖွဲ့အဆောင်တွေကတော့ အံ့မခန်းလိလိပါပဲ။

ခြေလိပ်ပြီး အကွဲတဖြစ်နေတဲ့သူမျိုးတောင် ရွာကွမ်းတောင်ကို စွဲအောင် နိုင်တာဗျ။ ကျုပ်က ကိုယ်တွေ့မို့ ပြောတာဗျ'

ကိုမြကြီး၏ ပြောစကားကြောင့် ဦးလေးဦးကံရှိန်လည်း ချက်ချင်းဆိုသလိုပဲ အိမ်ရှေ့ခြံဝင်းထဲ ရပ်ထားသည့် လှည်း၌ အိမ်ခြံပေါက်



နွားညီနောင်ကို လှည်းမှာတပ်၍...

'ကဲ...ကဲ... မြကြီးရေ ပြောနေကြာတယ်။ နှဲ ပင်းပြောတဲ့ ပီယလက်ဖွဲ့ စီရင်ပေးတဲ့ ဆရာဆီသွားရအောင်'

ဟု ဆိုကာ ကျွန်တော်တို့ ကန်ပျက်ရွာနှင့် နှစ်ရွာခြားသော ကျုံတာရွာသို့ ထွက်သွားကြပါသည်။

ဦးလေးဦးကံရှိန်နှင့် ကိုမြကြီးတို့ ကျုံတာရွာသို့ ရောက်သွားချိန်က ညနေ နေဝင်စပင် ဖြစ်နေပြီဖြစ်၏။

သူတို့နှစ်ဦး ပီယလက်ဖွဲ့ စီရင်ပေးသော ဆရာကြီးအိမ်သို့ ရောက်ချိန်တွင် ဆရာကြီးကို အခိုက်သင့်တွေ့လိုက်ရ၍ ကိုမြကြီးက ဆရာကြီးကို...

'ဆရာကြီး ဒါ...ကျွန်တော့်သူငယ်ချင်းပါ။ သူက အသက်(၃၅)နှစ်ကျော်နေတဲ့ လူပျိုကြီးပါ။ အဲဒါ ဆရာကြီးဆီမှာ လူပျိုကြီးဘဝက ကျွတ်သွားအောင်...'

ကိုမြကြီး၏ စကားမဆုံးသေးမီမှာပင် ဆရာကြီးက လက်ကာပြပြီး...

'မင်းတို့ မကြောက်တတ်ဘူးမှတ်လား။ ဒီနေ့က တပေါင်းလဆန်း(၁၃)ရက်နေ့ဆိုတော့ မနက်ဖြန် သန်ဘက်ခါ။ အေး... သန်ဘက်ခါ လပြည့်နေ့ညမှာ ဟိုဘက်လက်ပံရွာသချိုင်းမှာ မင်းသူငယ်ချင်း လူပျိုကြီးအတွက် စွံဖို့ ပီယလက်ဖွဲ့ကို စီရင်ကြတာပေါ့ကွာ။ ကဲ...ကဲ... မင်းတို့လဲ အချိန်လင့်နေကြဦးမယ်။ ပြန်ကြတော့'

ဦးလေးဦးကံရှိန်နှင့် ကိုမြကြီးလည်း ပီယလက်ဖွဲ့ စီရင်ပေးမည့် ဆရာကို ဂါရဝပြုနှုတ်ဆက်ပြီး သူတို့နေထိုင်ရာ ကန်ပျက်ရွာသို့ ပြန်လာခဲ့ကြပါတော့သည်။

လဆန်း(၁၃)ရက် လရောင်အောက်၌ လှည်းမောင်းနေသော ဦးကံရှိန်၏ မျက်နှာသည် မိုးရသော မျက်နှာကဲ့သို့ ပြုံးပြုံး ပြုံးပြုံး ဖြစ်နေပါသည်။

* * *

တပေါင်းလပြည့်နေ့ည... ထိုည၏ လရောင်သည် မြူတိမ်ကင်းစင်နေ၍ လက်ပံရွာ သချိုင်းတစ်ခုလုံးကို ရှင်းလင်းစွာ တွေ့မြင်နေရ၏။ "နေ့ပူလို့ ညချမ်း တပေါင်းလသာရမ်း" ဆိုသလို အေးစိမ့်စိမ့်ညဖြစ်၏။

ကျုံတာရွာမှ ပီယလက်ဖွဲ့အဆောင် စီရင်ပေးမည့် ဆရာကြီး၏ အနောက်မှ ဦးကံရှိန်နှင့် ကိုမြကြီးတို့ လိုက်ပါလာကြ၏။

လက်ပံရွာ သချိုင်းထဲ သူတို့သုံးဦး ဝင်လိုက်သည်နှင့် သချိုင်းအစပ် တောတန်းမှ ခွဲခွဲငင်ငင်ဖြင့် အူလိုက်သည့် ခွေးအူသံတို့ကြောင့်

ဦးကံရှိန်နှင့် ကိုမြကြီးတို့၏ ခြေလှမ်းများ အနည်းငယ် တွန့်ဆုတ်သွားကြ၏။

ခွေးဟောင်သံ၊ ခွေးအူသံ၊ ငှက်လင်းတ၏ တဂီးဂီး အော်မြည်သံတွေက အဆက်မပြတ် ထွက်ပေါ်လာ၏။ ပီယလက်ဖွဲ့အဆောင် စီရင်ပေးမည့် ဆရာကြီးက မကြာသေးမီ ရက်ပိုင်းလောက်ကမှ လူသေ မြှုပ်နှံထားသော မြေပုံတစ်ခုနားမှာ ရပ်လိုက်ပြီး...

'ကဲ...ကဲ...ပင်တို့ လိုချင်နေတဲ့ ပီယလက်ဖွဲ့ကိုတော့ ဒီမြေပုံမှာ စီရင်ကြတာပေါ့ကွာ'

ဟု ဆိုကာ ထိုမြေပုံအေးမှာ ထိုင်ချလိုက်၏။ ဦးကံရှိန်နှင့် ကိုမြကြီးတို့လည်း ပီယလက်ဖွဲ့ အဆောင်ကို လိုချင်အား ကြီးနေကြ၍ အကြောက်လျော့နေကြပါသည်။

ဆရာကြီးက သူ၏ ဆေးလွယ်အိတ်ကြီးထဲမှ အသင့်ပါလာသော လိုအပ်သည့် ပစ္စည်းများကို ထုတ်ယူလိုက်ပါသည်။

ဆရာကြီးက သူ၏ လွယ်အိတ်ထဲမှ ထုတ်ယူထားသော ပစ္စည်းများထဲမှ ပထမဦးစွာ **လူသေမြှုပ်နှံထားသော မြေပုံပေါ်သို့ ငှက်ပျောသီးသုံးလုံးတင်လိုက်ပါသည်။**

အဲဒီနောက်မှ ကွမ်းယာ သုံးယာနှင့် လက်ဖက်ထုပ် သုံးထုပ်ကိုပါ အစီအစဉ်တကျ မြေပုံပေါ် တင်လိုက်ပါသည်။

ဆရာကြီးက လူသေမြှုပ်ထားသည့် မြေပုံမှာ လိုအပ်သည့်ပစ္စည်းများ တင်ပြီး မြေပုံ၏ ခေါင်းရင်းမှ ထိုင်လိုက်ပါသည်။ သူ့လွယ်အိတ်ကြီးထဲသို့ ဆရာကြီးက လက်နှိုက်၍ ဖယောင်းတိုင်၊ မီးခြစ်နှင့် တစ်လက်မ ပတ်လည်ခန့်ရှိ ငွေပြားလေးတစ်ပြားကို ထုတ်ယူလိုက်ပါသည်။

ဖယောင်းသုံးတိုင်ကိုလည်း မြေပုံခေါင်းရင်း စိတန်းစိုက်ထွန်းလိုက်ပြီး အဆင်သင့် အကွက်လေး (၉)ကွက် ရေးဆွဲထားသည့် ငွေပြားကို ညာဘက်လက်ထဲမှ ဆုပ်ကိုင်၍ သူ၏ ပါးစပ်နားတွင် ဂါထာ၊ မန္တန်၊ မန္တရား တချို့ကို တိုးတိုးညှင်းညှင်း ရွတ်ဖတ်မန်းမှုတ်ပြီးမှ ငွေပြားလေး၏ အကွက်များထဲမှ အောက်ပါအတိုင်း ရေးဆွဲလိုက်ပါသည်။

| | | |
|---|---|---|
| မာ | ထာ | ပု |
| ယံ | | တာ |
| ယ | ဏွံ | နိ |

ထို ရေးဆွဲထားသော ငွေပြားလေးကို ဆရာကြီးက...

'ဉုံ မာတာ ယထာ နိယံ ပုဏ္ဏံ'

ဟု (၃၇)အုပ် စုတ်ပြီး ပီယအဆောင်လက်ဖွဲ့အဖြစ် စီရင်လိုက်ပါသည်။

ထိုပီယလက်ဖွဲ့ကို ဦးကံရှိန် လက်ထဲ ထည့်ပေးလိုက်ချိန်၌ ဦးကံရှိန်က ပီယလက်ဖွဲ့ကို သေချာကြည့်ပြီး...

'ဆရာကြီး ဒီ ပီယအဆောင်လက်ဖွဲ့ကို ဘယ်လို သုံးရမှာလဲဗျ။ နောက်ပြီး ဒီအလယ်က ကွက်လပ်ဖြစ်နေတဲ့ နေရာက ဒီအတိုင်း ထားရမှာလား'

ဦးကံရှိန် မေးလာ၍ ပီယလက်ဖွဲ့အဆောင်ကို စီရင်ပေးသော ဆရာကြီးက...

'ဒီ ပီယလက်ဖွဲ့က နှုတ်မှာ ငုံဆောင်ရတဲ့ လက်ဖွဲ့ပဲကွ။ နှုတ်မှာငုံပြီး မေတ္တာသက်ဝင်သူကို ချစ်ရေးဆိုပေတော့ကွ။ ဒီအလယ်က ကွက်လပ်ထဲမှာတော့ လက်ဖွဲ့ဆောင်ထားသူရဲ့ မွေးနံဂဏန်းကို ထည့်ရမှာကွ'

ဟု ဆိုကာ ပီယလက်ဖွဲ့၏ အလယ်ကွက်လပ်၌ ဦးကံရှိန်၏ မွေးနံ (၂)ဂဏန်းကို ရေးထည့်ပြီး ပီယလက်ဖွဲ့ကို ဦးကံရှိန်၏ လက်ထဲသို့ ပေးအပ်လိုက်ပါတော့သည်။

ထိုနေ့များ လွန်မြောက်ပြီး (၆)လခန့်အကြာ၌ ကျွန်တော်တို့ ရွာ၏ ကွမ်းတောင်ကိုင် မြရီတို့အိမ်မှ အဆိုတော်ကြီး တွံတေးသိန်းတန်၏ ''တူနှစ်ဖြာ... ရွှေဂေဟာဆက်ဖို့'' ဆိုသည့် မင်္ဂလာသီချင်းသံကို ကြားလိုက်ရပါသည်။

ထို မင်္ဂလာဆောင်သည် ကျွန်တော့်ဦးလေး ဦးကံရှိန်နှင့် ကွမ်းတောင်ကိုင် မမြရီတို့ မင်္ဂလာဆောင် ဖြစ်ပါတော့သည်။

ဦးလေးဦးကံရှိန်နှင့် မမြရီတို့ မင်္ဂလာဆောင်ပြီး သုံးလခန့်အကြာ၌ ပီယလက်ဖွဲ့၏ အစွမ်းကြောင့်ပင် ရွာပြင် ကုက္ကိုပင်အရိပ်တန်း၌ ဦးလေးဦးကံရှိန်နှင့် အပျိုကြီး မလှမြိုင်တို့ကို မကြာမကြာ တွေ့နေရပါတော့သည်။

**မောင်ရင်ထွေး(မအူပင်)**



လင်းနီတာ

# အမေတစ်ခု ဂါထာတစ်ပုဒ်

အမေ့ကို **"ဒေါ်ကြည်"**ဟု လူသိများ၏။ **"အမေကြည်"**ဟု အများက ခေါ်ကြပြောကြသည်။ အမေက ၁၂၈၃ခုနှစ်ဖွားဟု အလျဉ်းသင့်သလို ပြောတတ်သည်။ ယခု **၁၃၈၀ပြည့်နှစ်တွင် အမေ(၉၇)နှစ်ပြည့်ပြီ။**

အမေသည် ပိန်ပိန်ပါးပါး ဖြစ်သည်။ အညာသူဖြစ်ပေမယ့် အသားဖြူဝင်းသည်။ ကျွန်တော်တို့မောင်နှမ (၄)ယောက်တွင် (၃)ယောက်က အသားဖြူသည်။ ကျွန်တစ်ယောက်က အဖေ့သွေးဖြစ်သဖြင့် ညိုသည်။

အဖေက အညာသားစစ်စစ်ဖြစ်သည်။ အသားညိုသည်။ အရပ်မြင့်သည်။ အဖေက ရှေးမြန်မာကြီးနှင့်တူသည်။ အဖေ့နားတွင် နားပေါက်တွေ့ရသည်။

အမေ၏အမေမှာ ဒေါ်ညာဖြစ်သည်။ ကျွန်တော့်အဘွား ဖြစ်ပါသည်။ ဒေါ်ညာ၏ ဇာတိရင်း မြစ်က မြစ်ဝကျွန်းပေါ် ဖြစ်ပါသည်။ မော်လမြိုင်ကျွန်းမြို့နယ် **"ကွမ်းသီးချောင်းကလေး"**ရွာဟု အမေ မကြာခဏ ပြောဖူးသည်။

အမေ့ရွာ ဝဲဒေါင့်တွင် ကွမ်းသီးချောင်းကလေး အဆက်အနွယ်များ ရှိသေးသည်။ **စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားကြီးကျောင်းထိုင် ဆရာတော်ကြီးမှာ ကွမ်းသီးချောင်းကလေးအဆက်**ဟု သိရသည်။

အမေပြောပြ၍သာ ကွမ်းသီးချောင်းကလေးကို ရင်းနှီးနေခြင်းဖြစ်သည်။ တစ်နေ့နေ့ ရောက်အောင်သွားမည်ဟု တေးထားသော်လည်း ယနေ့ထိ မရောက်ဖြစ်သေးပါ။

အမေတို့ငယ်ငယ်က မိန်းကလေးများ ကျောင်းသားစာသင်ခြင်းကို အားမပေးဟု ပြောပြဖူးသည်။ **စာသင်သည့်** မိန်းကလေးကိုပင် ဝေဖန်ကဲ့ရဲ့ချင်ကြသေးသည်။ အမေ စာသင်စာလိုက်ခဲ့သေးသည်။

အမေ စာဖတ်တတ်သည်။ သူ့မှတ်ပုံတင်တွင် "စိန်ကြည်"ဟု အမေ့ကိုယ်တိုင် လက်မှတ်ထိုးနိုင်သည်။ လက်ပံနီရဲ့ကဗျာ ဇော်မြင့်နီရဲ့ စာကို ဖြည်းဖြည်းချင်း ဖတ်တတ်သည်။

အမေသည် သားသမီးလေးယောက် ထွန်းကားခဲ့ရာ နှစ်ဦးက ပါရဂူဘွဲ့ရ တက္ကသိုလ်ပါမောက္ခများ ဖြစ်နေကြပြီ။ တစ်ဦးက ဝိဇ္ဇာမြန်မာစာဘွဲ့ရ ကဗျာဆရာ အလယ်တန်းကျောင်းဆရာဖြစ်သည်။

ကျွန်အစ်မကြီးက လယ်သူမကြီးဖြစ်သည်။ ဘိုးမွေဘွားမွေ လယ်ယာမြေများကို ထိန်းသိမ်းလျက်ရှိသည်။

အမေသည် နေညိုရှိန်ဘဝခရီးကို မပူမပင် မကြောင့်မကျနှင့် ဖြတ်သန်းသွားနိုင်ခဲ့သူဖြစ်ပါသည်။

သူ့လယ် သူ့ယာ သူ့သားသမီးများနှင့် အေးအေးလူလူ နေသွားရပါသည်။ အသက်ရှည်ရှည် နေသွားရပါသည်။ အဘယ်ကြောင့်နည်း။

အမေနှင့်ပတ်သက်ပြီး ကျွန်တော် ထူးထူးခြားခြား သတိရနေမိသည်မှာ၊ သတိပြုမိသည်မှာ အကြောင်းအရာသုံးခု ရှိပါသည်။

ပထမအကြောင်းမှာ အမေသည် ခွေးကြောင်တို့ကို ဂရုတစိုက် ကျွေးမွေးတတ်ခြင်းဖြစ်ပါသည်။ အိမ်မှာ ခွေး(၁၅)ကောင်ထက်မနည်း ရှိသည်။ ထမင်းကျန်ဟင်းကျန်နှင့်

ကျွေးမလောက်။ ခွေးစာကျိုရသည်။

**သန့်ကွဲနှင့် အပဲရီနှင့် ထန်းလျက်နှင့် ကျိုချ၍ ကျွေးရသောအားလုံးကို မာသမ နိုင်ခဲ့၍လုပ်သည်။**

ခွေးများကိုပြိမ်နေအောင် ထည့်ရကျွေးရ စီမံရသည်မှာ မလွယ်လှပါ။ နေ့စဉ် ဖြစ်ပါသည်။

ဒုတိယအကြောင်းကား "**အမေ အသက်ရှည်ကြီး မနေချင်ဘူး**"ဟု ပြောခြင်းပင်။ ကိုယ့်အရိုးကို မနိုင်သောဘာဝကို အမေရင်ဆိုင်ချင်ဟန် မတူပါ။ ကိုယ့်ဒုက္ခကို သူများအား ဝန်မပိစေချင်ပုံရသည်။

အစဉ် ကျက်သရေရှိအောင် နေတတ်သောအမေသည် အိုမင်းမစွမ်းဘဝကို သူတစ်ပါးမြင်စေချင်ဟန်မတူပါ။

သို့သော် အမေသည် အသက်(၈၈)နှစ်တိုင် ပေါ့ပေါ့ပါးပါး နေသွားသည်။ အမေဆုံးပြီး တစ်ရက်၊ နှစ်ရက် ရှိသည့်တိုင် အမေ့ရုပ်သည် ကြည်စင်ဝင်းပမြဲ၊ အမေ့ခြေလက်တို့သည် တောင့်တင်းမနေ။

ထို့ကြောင့် အနားတွင်ရှိသည့် အစ်ကိုဝမ်းကွဲဖြစ်သူ သာထေးစည်ကို "**အမေသေတာ ဟုတ်ရဲ့လားဗျာ**"ဟု မေးမိခဲ့သေးသည်။

ပြီးတော့ အမေက...

'သူသေတဲ့အခါ အရင်ဦးဆုံးသေချင်တယ်'

ဟုလည်း ပြောသေးသည်။

သည်စကားတွေကို အစ်ကိုတို့ အစ်မတို့ကို ပြောမပြော မေးမကြည့်ဘူးသော်လည်း ကျွန်တော်ကတော့ မှတ်မိနေသည်။

သည်စကားကလည်း ထူးခြား



သည်။ လေးနက်သည်။ အမေ့ခံစားမှု အတိမ်အနက်ကို ညွှန်းနေသည်။

**မိသားစုထဲမှာ အမေက အသက်အကြီးဆုံးဖြစ်သလိုသူက ဦးစုံသွားချင်သည်ဟု တွေးထားသည်။**

မိသားစုကို သူကသာ အရင်ခွဲသွားလိုသည်။မိသားစုတစ်ယောက်ယောက် အရင်ခွဲသွားတာကို မခံလို။ မခံနိုင်။ ရင်ဆိုင်ရန် စွမ်းအားရှိပုံမပေါ်။ အမေ့ဆန္ဒပြည့်ပါသည်။

**တတိယမြောက် ထူးခြားသော အကြောင်းအရာကား အမေသည် သူ့ဘဝတစ်လျှောက်လုံး ဂါထာတစ်ခုသာ ယုံယုံကြည်ကြည် ရွတ်သွားခြင်း၊ ဖြစ်သည်။**

ကျွန်တော်တို့သည် အမေ့ထံမှ ဤဂါထာတော်ကိုကြား၍ နားရည်ဝခဲ့ပါသည်။

'ဩောင်း... ဒုရေ... ဒုရေ... သွား... ဟုံ...ဟုံ'

ဟု ကျွန်တော်တို့ နားစွဲခဲ့ပါသည်။ အမေသည် သူ့ဘဝတစ်လျှောက်လုံး ဤဂါထာတစ်ခုသာ စွဲစွဲမြဲမြဲ ရွတ်ဖတ်သွားခဲ့ခြင်း ဖြစ်ပါသည်။

သည်ဂါထာတော်ကို ဝဲဒေါင့်ရွာ အောက်ကျင်းပိုင်းရှိ ဝတ်အသင်းခေါင်းဆောင် ဘကြီးစောထံမှ သင်ကြား တတ်မြောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။ ဂါထာအပြည့်အစုံကို ဖော်ပြလိုက်ပါသည်။

စက်ကြီးတစ်ဆယ့်သုံးပါး ဂါထာ

၁။ ဩောင်း...တစ်ရေ့ရှစ်ကွက် ဗုဒ္ဓစက်၊

၂။ တစ်ဆယ့်လေးချက် ဓမ္မစက်၊

၃။ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊

၄။ လနေရောင်ဝင်းလျက် ရှင်ပဒ္ဓေကဗုဒ္ဓ ရဟန္တာစက်၊

၅။ မြင့်မိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘာစက်၊

၆။ ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်၊

၇။ ဇရိုန်လက်နက် ပြဟ္မာစက်

၈။ မိုးကြိုးလက်နက် သိကြားစက်၊

၉။ လောပဓိကျလျက် နတ်တို့စက်၊

၁၀။ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊

၁၁။ တောင်ပတ်ပြင်းလျက် ဂဠုန်မင်းစက်

၁၂။ အာခံတွင်းက ဝင်းသင်းတောက်လျက် နဂါးစက်၊

၁၃။ သုံးထောင်သင်္ချာ ဟေမဝန္တာ အာဏာစိုးလျက် သီဟစက်

စက်ကြီးတစ်ဆယ့်သုံးပါးရှုတ်သံကြားကဘေးများမြင်မှ မကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည်မြတ်သည့်ဆရာ ပညာတည်း။

ဩောင်း...နမော ဗုဒ္ဓါ နဘာဝေန၊

ဩောင်း...နမော ဓမ္မာ နဘာဝေန၊

ဩောင်း...နမော သံဃာ နဘာဝေန

ဩောင်း...ဒုရေ ဒုရေ သွား ဟုံဟုံ။

အမေသည် အသက်ရှည်ရှည် နေသွားရခြင်း၊ အပူအပင်ကင်းစွာ နေရခြင်း၊ သားကောင်းသမီးမွန်များ ပိုင်ဆိုင်ရရှိခြင်းတို့သည် ဤဂါထာတော်၏ အကျိုးကျေးဇူးများကြောင့်ဟု ယုံကြည်နေမိပါတော့သည်။

**လင်းနီတာ**


၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း

လက်မင်းကျော်စွာ

# လာဘ်လာဘ

ရှင်လန်းကြပါစေ

ဤလတွင် ငွေကြေးသောကများ ကင်းဝေး၍ လာဘ်လာဘ ရွှင်လန်းသွက်လက်ကြစေရန်။





❂ မိဿရာသီဖွား

**(မတ်လ ၂၁-ရက် မှ ဧပြီလ ၂၀-ရက်အတွင်း မွေးသူ)**

အောင်သပြေ(၇)ခက်၊ သီဟိုဠ်ညွှန့်(၇)ညွှန့်၊ ပိတောက်ညွှန့်(၇)ညွှန့်နှင့် ဖယောင်းတိုင်(၅)တိုင်တို့ကို တနင်္လာနေ့တွင် အများကိုးကွယ်သော စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။



❂ ပြိဿရာသီဖွား

**(ဧပြီလ ၂၁-ရက် မှ မေလ ၂၀-ရက်အတွင်း မွေးသူ)**

စွယ်တော်ညွှန့် (၇)ညွှန့်၊ နှမ်းယို (၇)ယှက်၊ အုန်းယို (၇)ပန်းကန်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။



❂ မေထုန်ရာသီဖွား

**(မေလ ၂၁-ရက် မှ ဇွန်လ ၂၀-ရက်အတွင်း မွေးသူ)**

ပိတောက်ညွှန့်(၅)ညွှန့်၊ အောင်သပြေ(၅)ခက်၊ အုန်းလက်(၅)ရွက်နှင့် တံခွန်ကြက်လျှာ (၇)ခုတို့ကို

သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။



❂ ကရကဋ်ရာသီဖွား

**(ဇွန်လ ၂၁-ရက် မှ ဇူလိုင်လ ၂၁-ရက်အတွင်း မွေးသူ)**

အောင်သပြေ(၃)ခက်၊ ဇီးညွှန့်(၃)ညွှန့်၊ ဥသျှစ်ညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❂ သိဟ်ရာသီဖွား

**(ဇူလိုင်လ ၂၂-ရက် မှ ဩဂုတ်လ ၂၁-ရက်အတွင်း မွေးသူ)**

ဩဇာညွှန့်(၆)ညွှန့်၊ ရွက်လှပန်း(၆)ခက်၊ သီဟိုဠ်ညွှန့်(၆)ညွှန့်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❁ ကန်ရာသီဖွား

**(ဩဂုတ်လ ၂၂–ရက် မှ စက်တင်ဘာလ ၂၁ –ရက် အတွင်း မွေးသူ)**

သီဟိုဠ်ညွှန့်(၄)ညွှန့်၊ ပိတောက်ညွှန့်(၄)ညွှန့်၊ ရွက်လှပန်း(၄)ခက်နှင့် ဆွမ်း(၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❁ တူရာသီဖွား

**(စက်တင်ဘာလ ၂၂–ရက် မှ အောက်တိုဘာလ ၂၂–ရက်အတွင်း မွေးသူ)**

တို့သည် ဝါးညွှန့်(၂)ညွှန့်၊ သပြေ(၂)ခက်၊ ကံ့ကော်(၂)ညွှန့်နှင့်အတူ တံခွန်ကြက်လျှာ (၄)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှကပ်လှူဆုတောင်းပါ။



❁ ဗြိစ္ဆာရာသီဖွား

**(အောက်တိုဘာလ ၂၃–ရက် မှ နိုဝင်ဘာလ ၂၁–ရက်အတွင်း မွေးသူ)**

ကြံညွှန့်(၁)ညွှန့်၊ ဩဇာညွှန့်(၁)ညွှန့်၊ အုန်းလက်(၁)ရွက်နှင့် သောက်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❁ ဓနုရာသီဖွား

**(နိုဝင်ဘာလ ၂၂–ရက် မှ ဒီဇင်ဘာလ ၂၀ –ရက် အတွင်း မွေးသူ)**

အိုးသစ်တစ်လုံးတွင် ကံ့ကော်(၄)ညွှန့်၊ ရွက်လှ(၄)ညွှန့် ထည့်၍ ဖယောင်းတိုင်တစ်တိုင်ထွန်းညှိကာ အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❁ မကာရရာသီဖွား

**(ဒီဇင်ဘာလ ၂၁–ရက် မှ ဇန်နဝါရီလ ၁၉–ရက် အတွင်း မွေးသူ)**

ခရေပန်း(၆)ကုံး၊ စံပယ်ပန်း(၆)ကုံး၊ သီဟိုဠ်ညွှန့်(၆)ညွှန့်နှင့်အတူ ဆွမ်း(၄)ပန်းကန်ကို ဗုဒ္ဓဟူးနေ့တွင် **စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။**



❁ ကုံရာသီဖွား

**(ဇန်နဝါရီလ ၂၀ –ရက်မှ ဖေဖော်ဝါရီလ ၁၈–ရက် အတွင်း မွေးသူ)**

ဥသျှစ်ညွှန့်(၃)ညွှန့်၊ ပိတောက်ညွှန့်(၃)ညွှန့်၊ ဩဇာညွှန့်(၃)ညွှန့်နှင့် ယပ်တောင်(၆)လက်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❁ မိန်ရာသီဖွား

**(ဖေဖော်ဝါရီလ ၁၉–ရက် မှ မတ်လ ၂၀–ရက် အတွင်း မွေးသူ)**

ဇီးညွှန့်(၅)ညွှန့်၊ ရွက်လှညွှန့်(၅)ညွှန့်၊ အောင်သပြေ(၅)ခက်နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

**အတိတ်ကံဆိုး ပိတ်ပင်မှုများ လွင့်ပြယ်၍** ရရန်ရှိသော ငွေကြေးလာဘ်သပ္ပကာများ လွယ်ကူစွာ ဝင်ရောက်လာပါလိမ့်မည်။

**ထက်မင်းကျော်စွာ**

ဗေဒင်စာအုပ်များထဲမှ

# နဂါးလှည့် အယူအဆ



ရွှေဘို ဦးအောင်သန်း

မြန်မာတို့၏ လောကီပညာ နယ်ပယ်တွင် **"နတ်နှင့်နဂါး လှည့်စားနှင့်"** ဟူသော အဆုံး အစ စကားတစ်ရပ် ရှိပါသည်။ "နတ်" မှာ **"နတ်နေအရပ်"** ကို ရည်ညွှန်းသည်။

ခရီးဝေးထွက်လျှင် **"နတ်နေအရပ်"** ကို ရင်ဆိုင်မသွားရ၊ ရှောင်ရ သည်။ မြန်မာဗေဒင်ကျမ်းများတွင် **"နတ်နေအရပ်"**၊ **"လာဘ်နေ အရပ်"**၊ **"စက်နေအရပ်"** ရွေး နည်းများ ဖော်ပြထားပါသည်။

**"နဂါး"** မှာ **"နဂါးဦးခေါင်း လှည့်ရာအရပ်"** (ဝါ) **"နဂါးဦးခေါင်း ရှိရာအရပ်"** ကို ရည်ညွှန်းပါသည်။

တ-တ-က → နောက်
န-ဝါ-ဝါ → မြောက်
တော်-ကျွတ်-မုန်း → ရှေ့
နတ်-ပြာ-တွဲ → တောင်

ဟူ၍ ရှေးလူကြီးသူမများက သင်္ကေတ ထားခဲ့ကြပါသည်။

တပေါင်း, တန်ခူး, ကဆုန် ဟူသော (၃) ကာလတွင် **နဂါးဦးခေါင်း အရှေ့သို့** လှည့်သည်။ အမြီးက အနောက်အရပ်မှာ ရှိသည်ဟု ဆိုထားလည်းရပါသည်။

**ယေဘုယျအားဖြင့် နဂါးဦးခေါင်း လှည့်ရာအရပ်မှ နဂါးအမြီးရှိရာအရပ် သို့လည်း (အကြွင်းမရှိ) အပြောင်း အရွှေ့ မလုပ်ကောင်းဟု သိမှတ်ရပါ သည်။**

**လောကီအယူအဆများ ဖြစ်၍ ယုံကြည်သူများ လိုက်နာနိုင် သလို... မယုံကြည်သူများ လျစ်လျူရှုခွင့် ရှိပါသည်။** ဤမှု ဖြင့် ကိစ္စပြတ်ပြီဟု ယူဆစရာ ဖြစ်ပါ သည်။

သို့သော်...သို့သော်... ရှေ့နည်း နည်း တိုးကြည့်ပါက ဤမှုဖြင့် ကိစ္စ မပြတ်သေးကြောင်း တွေ့ရပါလိမ့် မည်။

**ဟော... ကလေးဆော့ချင်း မြွေလျှင် နေတိမ်မှ နဂါးဝမ်းကျောဘက် ချွား မြင်ပါတဲ့။**

**ဘိမ်ပနွက်ကြီးဆွဲလျှင် (နဂါး) ဝမ်း ဖောက်၊ ကျောဖောက် ဆွဲပါတဲ့။ သူနာ ယာယီရွှေ့လျှင် နဂါးကျောဖောက်၊ ဝမ်းဖောက် ရွှေ့ပါတဲ့။**

သည်တော့ နဂါးဝမ်းမှုရာဘက်၊ ကျောမှုရာဘက်များကိုလည်း သိဖို့ လိုအပ်လာပြန်ပါသည်။

အချင်းဖြုပ်ဖို့ ပန္နက်ရိုက်ဖို့ သူနာ ယာယီရွှေ့ဖို့မျှသာမက ပစ္စည်း သယ်သူခြင်း၊ ကျွဲ၊ နွားဝယ်ယူခြင်း၊ ခရီးရှည်ထွက်ခြင်း၊ လယ်ယာ ထွန်ယက်ခြင်း ကိစ္စများတွင်လည်း **"နဂါး၏ ကျောမှုရာ၊ ဝမ်းမှုရာ အရပ်များ"** ကို သိပြီး ဆောင်ရန်/ ရှောင်ရန် လိုအပ်ပါသေးသည်။

သို့အတွက် နဂါးဦးခေါင်း၊ နဂါး အမြီးလှည့်ရာ အရပ်များသာမက နဂါးကျော၊ နဂါးဝမ်းလှည့်ရာ အရပ် များကိုပါ သိရှိနိုင်ရန် လက်လှမ်းမီရာ ကျမ်းများကို လှန်လှောရှာဖွေကြည့် မိပါသည်။

တစ်ချိန်သောအခါက မင်္ဂလဖင်း တစ်စောင်မှ ကူးယူမှတ်ထားသော မှတ်စုလက်ကတစ်ပုဒ်တွင် ဤသို့ တွေ့ရပါသည်။

'တန်ပေါင်းတန်ခူး ဆန်းကူမာသ ကဆုန် လခါ မြောက်မှာဝမ်းပြင် တောင်တွင် ကျောထား။ မြီးဖျားအရှေ့ နေပြီး၍တုံ နယုန်ဝါဆို ဝါခေါင်ကိုလျှင် တောင်တွင် ပြီးဖျား၊ ကျောကားအနောက်၊ မြောက်သို့ ခေါင်းရှင်း၊ တော်သလင်းနှင့် သီတင်း ကျွတ်လဆန်း၊ တန်ဆောင်မုန်းကား ရှေ့မှာဦးခေါင်း မြောက်စောင်းကျောထား တောင်ကားဝမ်းပေါ် နေပြီးသော်မှ နတ်တော်ပြာသို နှင်းဆိုရှုမ်းမြူ တပို့တွဲကား

မလွဲသီသာ၊ ဒက္ခိဏာတည့်'

စကား အလွန်ရှင်းပါ၏။

**တပေါင်း,တန်ခူး,ကဆုန် လများတွင် နဂါးဝမ်းသည် မြောက်ဘက် လှည့်နေပြီး၊ နဂါးကျောသည် တောင်ဘက် လှည့်နေပါသတဲ့။**

သို့သော် **နဂါးကျောနှင့်ဝမ်း လှည့်ရာကို ကွဲလွဲစွာ ဖော်ပြထားသော ကျမ်းကိုလည်း တွေ့ရပါသေးသည်။**

၁။ တပေါင်းချိန်ကျူးလို့၊ တန်ခူးတဲ့ လရောသီ၊ ကဆုန်ဆို သည့်မာသ၊ သုံးလပြည့်ပြီ၊ မြင်းမိုရ်ဆီ ကျောမို့ လို့လှည့်သွား။ အနောက်ကို ခေါင်းမူးလို့၊ မြီးကိုသူ အရှေ့ညွှန်း တယ် ဝမ်းတောင်သို့လား။ ။

၂။ နယုန်တဲ့ဝါဆို၊ ဝါခေါင်ဆို သည့် မာသ၊ သုံးလတစ်ခို ဦးခေါင်းဆို မြောက်ကိုသူပြု။ အမြီးမှာ တောင်ခွင်နှင့်၊ သူ့ဝမ်းပြင် နောက်ပါး လှည့်သွားသည့်မှု။ ။

၃။ တော်သလင်း၊ သီတင်းတဲ့ လ တန်ဆောင်၊ နဂါးဆို သည့်မာသ၊ ခေါင်း ရှေ့ကထောင်၊ ကျောမှာ လေ တောင်၊ မြီးခေါင် အနောက်၊ ဥတ္တရာ မြောက်ခွင်ကျွန်းဆီသို့ ဝမ်းပြင်ကို သူထားသွားသည့် အလျောက်။ ။

၄။ နတ်တော်တဲ့ပြာသို၊ တပို့တွဲဆို သည့်မာသ၊ သုံးလတစ်ခို၊ ဒက္ခိဏာဆို၊ တောင်ကိုပ ဦးခေါင်း။ မြောက်ရပ်မှာ မြီးခွေလို့၊ သူ့ဝမ်း နေ ရှေ့ကိုလှည့်သည် သွားသည့် အကြောင်း။ ။

***ဝေဒမကုဋ္ဌမာလာကျမ်း-ပ(၂၀၆-၂၀၇)***

ထိုအဆို(၂)ရပ်ကို ဇယား ချကြည့်ပါက ဤသို့ တွေ့ရပါမည်။

* * *

| လအမည် | ပ-အဆို | ဒု-အဆို |
|---|---|---|
| တပေါင်း-တန်ခူး-ကဆုန် | ခေါင်း - အနောက်<br>အမြီး - အရှေ့<br>ဝမ်း - မြောက်<br>ကျော - တောင် | ခေါင်း - အနောက်<br>အမြီး - အရှေ့<br>ဝမ်း - တောင်<br>ကျော - မြောက် |

အမှတ်(၂)အဆိုကို **အာတပွန ယတြာပေါင်းချုပ် ကျမ်းရင်းကြီး လေးကျမ်းတွဲ(စာ-၈၆) နှင့် "စံ" နက္ခတ္တအမြုတေကျမ်း(စာ-၂၃၀)** တို့တွင်လည်း တွေ့မြင်ရပါသည်။

သို့သော် **ပုဂ္ဂိုလ်ကျော်ဆရာကြီး ဦးရာမ စီရင်သော လက်တွေ့ အာတပွန ဗေဒင်ဟောကိန်းကျမ်း** (စာ-၅၆)မှာ အမှတ်(၁)အဆိုနှင့် သဘောတူညီကြောင်း တွေ့မြင်ရပါသည်။

ယခုလို နဂါး ကျောလှည့်၊ ဝမ်းလှည့် အဆို(၂)မျိုး ကွဲပြားနေရာ အဖေသားအဖွဲ့ကို ရေးကြီးခွင်ကျယ် လုပ်နေစရာမလိုဟု မထင်မှတ်သင့်ပါ။ အရေးကြီးပါသည်။ တိုက်,အိမ် စသည့် ဆောက်လုပ်လျှင်...

ဦးခေါင်းကို ဂဠုန်သုတ်စေ။

**(နဂါးဦးခေါင်း ကျရာဘက် တနင်္ဂနွေသား တူးစေ။)**

ဝမ်းကို ကြွက်ဖောက်စေ။

**(နဂါးဝမ်းကျရာဘက် ကြာသပတေးသား တူးစေ။)**

အမြီးကို ဆင်နင်းစေ။

**(နဂါးအမြီး ကျရာဘက် ဗုဒ္ဓဟူးသား တူးစေ။)**

ကျောကို ပုစီးစေ။ (ဝါ) ကျောကို ကြောင်ခုတ်စေ။

**(နဂါးကျော ကျရာဘက် သောကြာသား (ဝါ) တနင်္လာသား တူးစေ။)**

" ဟု ရှေးက ပညတ်ချက် ထားခဲ့ကြပါသည်။

ထို့ကြောင့် နဂါးဦးခေါင်းလှည့်ရာ၊ အမြီးလှည့်ရာကို သိဖို့ လိုအပ်သလို... နဂါးကျောမှုရာ၊ ဝမ်းမှုရာကိုလည်း အမှန်အကန်အတိုင်း သိထားရန် လိုအပ်ပါသည်။


ဤကိစ္စအတွက် အဆုံးအဖြတ် ပေးနိုင်လောက်သော ခိုင်မာသည့် အထောက်အထားကို စဉ်းစားရာ **စလေဦးပုည၏ "နဂါးလှည့်ရကာန်"** ကို ပြေးသတိရမိပါသည်။

'ဇယာတုသဗ္ဗမင်္ဂလံ။ ။ အာဒိကပ္ပ ကမ္ဘာမှစ၍၊ ပြဟ္မာထိမ်းမှတ်၊ ဓေတရဥ္စဟု ရေနတ်ဦးခေါင်းတော်။ ။

တပေါင်းရှက်ကြွေ၊ တန်ခူးနွေနှင့် ညောင်ရေအမှုန်၊ မင်းလွှင်မှုန်သည် ကဆုန်လသုံးဖော်၌။ ။

အနောက်ခေါင်းပေါ်၊ ဝမ်းကားမြောက် တောင်ကိုကျောထား ညွှန်ညွှန်သား သည် မြီးဖျားအရှေ့ရောက်၏။ ။

(ပေ)...လေးသွယ်ပိုလ်ခြေ နလုံးသွင်း ခရီးပြောင်းလဲ၊ ကောက်ပျိုးကြဲသော် ရှောင်လွှဲအာခံတွင်းသို့။ ။







ပဝင်လျှင်းနှင့် လွတ်ကင်းစေ- အမြီးက လျှောက်၊ ခေါင်းသို့ရောက်အောင် ထုတ်ချောက်မသွားလေနှင့်။ ။

ထမ်းကိုမြှော်၍ ကျောကဖောက်၊ လာတ်သပ်ပကာ၊ မိုးသို့ရွာသည်၊ လိုရာ ပြီးစီးမြောက်လိမ့်မည်။ ။

သိမ်ဆောက် ကျောင်းဆောက် ဘုရားတည်- ဦးခေါင်းတသုန်၊ ဖိုဖိုတုန် အောင်၊ ဂငျှန်သုတ်ရည်တည့်။ ။

သဒ္ဒန်တနည်း အမြီးဖျား- ထမ်းကိုကြွက် ဖုတ်၊ ကျောကြောင်ခုတ်သည်၊ မယုတ် ထိုနေ့သားတို့။ ။

ရှားမထောက်ထား၍ ဟူးအမ်ဖွာ- ထိုလေး ရပ်တွင် ကြွက်နံ့ရှပ်ကို၊ အရင်ဟူးစေ ရာ၏။ ။

သဗ္ဗာဘယာပိနာသသန်း- တန်ခိုးကျက် သရေ၊ တက်သစ်နေသို့ ဝေဝေလွန် ပွင့်လန်းလိမ့်။ ။

*[ဦးနိုဗြောဓ စီရင်သော အသီတိ ဘတ်ကျမ်းနှင့် ဦးပုညပေဟာကိန်း ရာကန်စာအုပ် စာ(၁၁၉–၁၂၀)တွင် ရာကန်အပြည့်အစုံကို တွေ့မြင်နိုင်ပါ သည်။]*

စလေဦးပုည၏ အာဘောဂမှာ အမှတ်(၁)အဆိုနှင့် ကိုက်ညီနေပါ သည်။ သို့အတွက် အဆို(၂)ရပ်မှာ တစ်ဖက်(၃)ကျမ်းစီ ဖြစ်နေပါသည်။

သို့ဖြစ်နေစဉ် မကြာမီရက်ပိုင်း အတွင်းမှာ အခြားသော ဗေဒင်ကျမ်း တစ်စောင်ကို တွေ့မြင်လေ့လာခွင့် ကြုံခဲ့ရပါသည်။ **ဘဒ္ဒန္တဓေဝိန္ဒမထေရ် စီရင်သော "ဝေဒဥသျှောင်ကျမ်း"** ဖြစ်ပါသည်။


ထိုကျမ်း၏ အာဘောဂမှာ အမှတ်(၁)အဆိုနှင့် ကိုက်ညီ ကြောင်း တွေ့ရပါသည်။


နဂါးလှည့်အကြောင်းကို အခြား သော ကျမ်းများထက် ထိုကျမ်းမှာ သရုပ်ဖော်ပုံများနှင့်တကွ စုံလင်စွာ ဖော်ပြထားသဖြင့် ယခု ဆောင်းပါး တွင် သရုပ်ပြပုံအချို့ကို ပူးတွဲတင်ပြ အပ်ပါသည်။

* * *

| | | |
|---|---|---|
| | အရှေ့<br>အမြီး<br>၄-ဟူးသား | |
| ထမ်း<br>မြောက်<br>၅-တေးသား | ပေါင်း<br>ခူး<br>ဆုန် | ကျော<br>တောင်<br>၆-ကြာသား |
| | ၁-နွေသား<br>ခေါင်း<br>အနောက် | |

သုံးပင်အိမ်ကို ရှေးဦးစွာ တိုင်ကျင်း (၄)ကျင်း တူးကြရာ၌ နဂါးဦးခေါင်း ထားရာ ပန္နက်က ၁–နွေသား၊ ဝမ်းဗိုက်က ၅–တေးသား၊ ကျောက ၆–ကြာသား၊ အမြီးက ၄–ဟူးသား တို့သည် တူးရွှင်းတို့ကို တစ်ပြိုင်နက် တည်း မြေသို့ကျစေလျက် ပန္နက် တိုင်ကျင်း အဝန်းအပိုင်း ညီညာစွာ




တူးကြရမည်ဟု ဆိုလို၏။(စာ–၂၀၂)

အကယ်၍ တွင်းတူးသူ(၄)ဦး တစ်ပြိုင်နက် မတူးဘဲ **နဂါးဦးခေါင်း ရှိရာ အရပ်၌ ပထမ တူးရှင်းတူးမိ လျှင်** အိမ်ရှင်၏ ဘမိအဖ သေတတ် ၏။

**အမြီးနေရာ၌ ပထမတူးရှင်းမိ သော်** သားမယား ပျက်စီးတတ်၏။

**ကျော၌ တူးမိသော်** ဥစ္စာပစ္စည်း ဆုတ်ယုတ်ကုန်၏။

**ဝမ်း၌ တူးမိသော်** ချမ်းသာခြင်းမှ ပျောက်ကင်းကုန်၏။

သို့ဖြစ်၍ အစပထမ တွင်းတူးရာ ၌ တူးရှင်းတို့ကို အရင်းအနှောင်း မကျစေဘဲ တစ်ပြိုင်နက်တည်း ရှေ့နောက် တောင်မြောက်တို့၌ ကျစေလျက် တွင်းဝိုင်းအဝန်း ညီစွာ တူးစေရာ၏။(စာ–၂၀၄)ဟု ဆရာ တော်က မိန့်ဆိုထားပါသည်။

**လယ်ယာထွန်ယက်မှုနှင့် ပတ် သက်၍** နဂါး၏ စားလုတ်ကို ထွင်း ဖောက်ပြီး အမောက်,လည်ပင်း, ကျောကို နင်းလျက် လယ်ယာကို ထွန်ရမည်။

**တပေါင်း, တန်ခူး, ကဆုန်၌** အနောက်သို့ နဂါးဦးခေါင်းလှည့် သောကြောင့် အနောက်မြောက်မှ အရှေ့သို့ ထွန်ပြီးလျှင် မြောက်သို့ လှည့်၍ ထွန်ရာ၏။

**နယုန်,ဝါဆို,ဝါခေါင်၌** အရှေ့ မြောက်မှအနောက်သို့ ထွန်ပြီးလျှင် တောင်သို့လှည့်၍ ထွန်ရာ၏။

**တော်သလင်း, သီတင်းကျွတ်, တန်ဆောင်မုန်း၌** အရှေ့တောင်မှ အနောက်သို့ လှည့်ပြီးလျှင် တောင် သို့လှည့်၍ ထွန်ရာ၏။

**နတ်တော်, ပြာသို, တပို့တွဲ၌** အနောက်တောင်မှ အရှေ့သို့ ထွန်ပြီးလျှင် မြောက်သို့ လှည့်၍ ထွန်ရာ၏။(စာ–၁၉၇)ဟု ဆရာ တော်က ညွှန်ကြားထားပါသည်။

တစ်ဖန် **တစ်နှစ် သုံးလစီ ပိုင်း ခြားပုံနှင့် ပတ်သက်၍** ဆရာတော် က သတိပေးစကား ရေးသားထား သည်ကိုလည်း တင်ပြလိုပါသည်။

ဝေါဟာရခေါ်ဝေါ်သုံးစွဲရိုး တပေါင်း- တန်ခူး-ကဆုန်ဟု တထစ်ချယူသော် ငါးထပ်ရက်ငင်တို့ ရှိခြင်းကြောင့် အတိ အကျ မဖြစ်နိုင်ပေ။

သူရိယဟာသခေါ် နေသွားအံသာနှင့်ပြ ယှဉ်သော တိကျမှန်ကန်နိုင်သည် ဖြစ် သောကြောင့် ဝေါဟာရ တပို့တွဲလပြည့် ကျော်တစ်ရက်မှ တပေါင်းလပြည့်အထိ ကို တပေါင်းလ။

တပေါင်းလပြည့်ကျော်တစ်ရက်မှ တန်ခူး လပြည့်အထိကို တန်ခူးလ။ တန်ခူးလပြည့် ကျော်တစ်ရက်မှ ကဆုန်လပြည့်အထိ ကို ကဆုန်လဟု တွဲယူကြရမည်။

(စာ–၁၉၈)

**ရွှေဘို ဦးအောင်သန်း**

အဂ္ဂိရတ်

# သတ္တုစပ်သား ပြုလုပ်နည်း

နာရတ္တိ
(နိုးပဒေါ်)



အဂ္ဂိရတ်လုပ်ရတ်တွင် **အပူး၊ အတွဲ၊ အစပ်၊ အခွာ** ဟူ၍ ရှိကြရာ လုပ်ရတ်ထဲ၌ အကျုံးဝင်သည့် ဓာတ်သား (တစ်နည်း) စပ်သားသတ္တုတို့ကို **ကိတ်ဖြင့် တွဲစပ်ခြင်း။ ပူးတွဲခြင်း။ စပ်ဟပ်ခြင်း။ မလိုအပ်က ဓာတ်တစ်ပါးမှ တစ်ပါးသို့ ထုတ်ယူခြင်း(တစ်နည်း)ခွာခြင်းကို** ဆိုလိုသည်။

ရှင်ဦးအုံ...

"**အတွဲ**"ဟု ဆိုရာတွင် ဓာတ်တစ်ပါးနှင့်တစ်ပါး သမစေရန် (သို့မဟုတ်) ကိတ်ဖြင့် တွဲစပ်ရာ၌ ကောလီကျစေရန် **မီးပြင်းထိုး (တစ်နည်း)အလင်းထိုးခြင်း**ကို "အတွဲ"ဟု ခေါ်သည်။

"**အစပ်**"များမှာ ဓာတ်သားများ... အရည်တူ အသွေးတူမည့် ဓာတ်သား (သို့မဟုတ်) အရည်တူ အသွေးမတူသည့် ဓာတ်သားတို့ကို တစ်သားတည်း ဖြစ်စေရန် မူလ အရည်တူရာ နောက်သို့ ကိတ်အရည် ခေါ်၍ (တစ်နည်း)မီးရောက်စေရန် မီးကာစားရခြင်းတစ်ပုံ နည်းမျိုးစုံဖြင့် စပ်ယူသည့် အခြင်းအရာတို့ကို "ဓာတ်စပ်သည်"ဟု ခေါ်သည်။

"**အပူး**"က ဓာတ်တစ်ပါးနှင့်တစ်ပါး မိတ္တူ့ဖတူဖြင့် စပ်သားတစ်ခုမှ အခြားသတ္တုတစ်ခုသို့ ပူးတွဲရလေရာ ဓာတ်သား၏ မူလ အရောင်အဆင်းအတိုင်း (တစ်နည်း) နောက်ဆက်တွဲ ဓာတ်သတ္တု၏ အသွေးအမွေးနောက်သို့ လိုက်ပါရခြင်းဖြစ်ပြီး အရောင်အဆင်းက တသွေး တမွေး ဖြစ်လာရခြင်းကို ဆိုလိုသည်။

"**အခွာ**"ဆိုသည်မှာ အရေးပါသည့် ဓာတ်သား တစ်ခုခုမှ **မလိုအပ်သည့် ဓာတ်သားကို ခွဲထုတ်ယူလိုက မူရင်းဓာတ်သား မပျောက်မပျက်စေဘဲ** ဓာတ်နှစ်ပါးထဲမှ ဓာတ်တစ်ပါးပါးတို့ကို ခွဲထုတ်ယူခြင်းကို ဆိုလိုသည်။

အထက်တွင် တင်ပြခဲ့သည့် စပ်သားသတ္တု တွဲစပ်၍ အသုံးဝင်သည့် နည်းစနစ်တစ်ခုကို အဂ္ဂိရတ်ဝါသနာရှင်တို့အား တင်ပြပါမည်။

---

သတ္တုအသား

---

**ခုတ္တာ**(အိန္ဒိယ) တစ်ဆယ်ကျပ်သား၊

**နာ** ငါးကျပ်သားကို ယူပါ။

နိုင်ခံ့သည့် လုံတစ်လုံးဖြင့် ချေ၍ချက်၍ ချော်အသွား ကျစေရန် မီးပြင်းထိုးပါ။

ထိုသို့ အလင်းထိုးရာ၌ လုံကို အထူး သတိထားရမည်။ "**ဒုဋ္ဌာ**"နှင့်"**နာ**"တို့သည် ပူးတွဲမိ၍ "ကောလိ" ဖြစ်ချိန်တွင် ပြင်းထန်သော **အင်အားတစ်ရပ်အသွင်** ဖြစ်ပေါ်စေပြီး **အခန့်မသင့်လျှင် အသုံးပြုသည့်လုံ အက်ကွဲတတ်သည်။**

ချော်အရည် လင်းလာလျှင် အသားကျအောင် ထိုးပါ။ မီးပြင်းထိုးရာတွင် "**နာတိုက်**" မှ "**ခါးတိုက်**"ကို ပိုမို မီးရောက်စေရန် (တစ်နည်း) အသားကျစေရန် သတိပြုထိုးပါ။

ထိုမှ လုံကို အဖအေးခံ ခွဲလိုက်သောအခါတွင် ချော်ထဲမှ ဓာတ်သတ္တုတစ်ခု ထွက်လာလိမ့်မည်။

ဓာတ်သတ္တုမှာ **အဖျော့အပြင်း (သို့မဟုတ်) မာဆတ်အနေ** ရှိငြားလည်း အသုံးဝင်မည်ဖြစ်ရာ ပိုမို သန့်ပြန့်စေရန် လက်များဖြင့် လုံတစ်လုံးဖြင့် မီးပြင်းထိုး၍ ချော်နှစ်နိုင်မည်ဆိုက သာလွန် ကောင်းမွန်သည်။

ထိုရရှိသည့် ဓာတ်သတ္တုအသားကိုမူ မှုးစ,ပဲစ ဖြတ်တောက်၍ ဘော်စင်တစ်ကျပ်သားတွင် သတ္တု ငါးမူးသားနှင့် ညီမျှမည်ဖြစ်ရာ တွဲစပ်၍ မီးပြင်းထိုးပါ။

ဆေးဝါး

- ▲ ဟင်းရိုင်း (စ)ပဲသား
- ▲ ကျောက်ချဉ် (စ)ပဲသား
- ▲ လက်ချား (စ)ပဲသား

ယင်းဆေးစုကို အညီအမျှ စု၍ ထုထောင်းပါ။

အသုံးပြုရာ၌ ပို၍ လွယ်ကူစေရန် သန့်ပြန့်သည့် ပုလင်း (သို့မဟုတ်) ပန်းကန်တစ်လုံးလုံးဖြင့် ထည့်ထားပါ။

ဘော်စင်နှင့် သတ္တုအသားကို အချိုးညီစွာ ချိန်တွယ်ယူ၍ လုံတစ်လုံးဖြင့် အရည်လင်းစေရန် ကျိုပါ။

ယင်းနောက် ပုလင်း(သို့မဟုတ်)ပန်းကန်တစ်လုံးထဲ၌ ထည့်ထားသော ဆေးအစုဖြင့် ပစ်ပေါက်ပါ။

ဆေးအစု ကုန်လျှင် ရေနံဖြင့် ဘော်စင်တစ်လေး ကျန်စေရန် ခါပါ။ ရေနံခါ၍ **ဘော်စင် တစ်လေးတင်** **ကျန် သတ္တုသားမှာ ဝင်းဝါ၍ လာချေပြီ ဖြစ်သည်။**

ထို **သတ္တုအသား တစ်ပဲ**(သို့မဟုတ်)**တစ်မူး** ဖြစ်စေ ကိတ်အသက်သွင်း၍စပ်၊ ငရဲမီးဖြင့် ခံရည်လောင်းပါ။

ထိုခံရည်မှ သတ္တုအသားက သတ္တုစပ်သားဖြစ်၍ လာချေရော့မည်။ ***[ဤကား ပထမကဏ္ဍ]***

ဆေးဝါး

- ▲ ရှားစောင်းလက်ပပ်မြစ်
- ▲ ဆပ်ပြာမြစ်
- ▲ ရှားစောင်းလက်ပပ်အနှစ်
- ▲ ရှားစောင်းကြီးပဥ္စင်းပါး

ဤလေးမျိုးတို့ကို ညက်အောင်ကြိတ် (သို့မဟုတ်) ကြိတ်၍ ထုထောင်း အမှုန့်ပြု၊ အရည်မရှိလျှင် ရေအနည်းငယ်စွက်၍ထည့်၊ **သတ္တုအရည် ရရှိမည်။**

**မြသံ–ကောင်ပိုသံ–ရေဖယ်သံ** ရရာကို ထုထောင်း၍ ပိတ်စိမ်းပါးအဝတ်ဖြင့်ထုပ်၊ သတ္တုအရည်တွင် (ရ)ရက်စိမ်၊ ထိုမှ လုံတွင်ထည့်၊ အရည်လင်းစေရန် လက်ချား ကူ၍ မီးပြင်းထိုးပါ။

အထက်က သတ္တုရည်ဖြင့် ခံရည်လောင်း၊ သံဓာတ်သည် ဘော်စင်ကဲ့သို့ ဖြူဖွေး၍ နေလိမ့်မည်။

ပထမကဏ္ဍတွင် တင်ပြခဲ့သည့် လုပ်ကွက်အတိုင်း လုပ်ဆောင်ပါ။

**မှတ်ချက်** ။ ။ ကျည်း တစ်နည်း ကျိုး(ကြေး)နှင့် သံတို့မှာ စပ်သား ပြုလုပ်ရာ၌ ကူးစက်ရာ အတန် နီးစပ်ပြီး ခရီးပေါက်ရန် လွယ်ကူသည်။ ***[ဤကား ဒုတိယကဏ္ဍ]***

တင်ပြခဲ့သည့် ကဏ္ဍနှစ်ရပ်အနက် အဂ္ဂိရတ် ဝါသနာရှင်များ မိမိနှစ်သက်ရာ စပ်သားသတ္တုကို အသုံးပြုနိုင်မည်ဖြစ်ရာ ဤမျှ လွယ်ကူသော လုပ်ကွက်နှင့် **သုံးရောင်းထောက် စပ်သား သတ္တုများ**တို့ကို ကိုယ်စီ လုပ်ကိုင်ကြပြီး လိုရာခရီးသို့ ဆက်လက်ကူးမြောက်နိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ရပါသည်။

***ဆန္ဒ ပြည့်ဝကြပါစေ။***

***နာရထီ(နှီးပဒေါ်)***

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ခြည်

## တနင်္ဂနွေ

**စီးပွားရေး** ။။ ငွေပန်းထိမ်များ အရောင်းအဝယ်ကောင်းမည်။ ငွေလဲလှယ်ရေး၊ ရောင်းဝယ်ရေး အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။။ ဝန်ထမ်းများ အပိုငွေကြေးရရှိမည်။ အလုပ်ကိုတော့ ကြိုးစားပါ။ အထက်လူကြီး မကြည်သာ၍ အနေအထိုင်အပြောအဆို ဆင်ခြင်ပါ။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေမည်။ မိသားတစ်စု ဘုရားဖူးခရီးထွက်ရကိန်းရှိသည်။ ခရီးထွက်လျှင် မိသားတစ်စု ပျော်ရွှင်ကြည်နူးကြရမည်။

**အချစ်ရေး** ။။ အချစ်ရေးကောင်းသည်။ လူကြီးမိဘတို့က လက်ထပ်မင်္ဂလာ ပြုလုပ်ပေးလိမ့်မည်။

**ပညာရေး** ။။ ချစ်လဲချစ်ပါ။ ပညာကိုလဲကြိုးစားပါ။ ပညာသင်နေဆဲကာလတွင် ပညာရေးတွင် စိတ်နှစ်ထားပါ။ မိမိဘဝတစ်သက်တာအရေးဖြစ်သည်။

**ကျန်းမာရေး** ။။ လေထိုးလေအောင့်ဖြစ်တတ်သည်။ လေချုပ်စာများ မစားပါနှင့်။ အဖန်အရသာရှိသော သစ်သီး၊ အသီးအနှံများကို မစားပါနှင့်။

**ဆောင်ရန်ရက်များ** ။။ ၃, ၆, ၈, ၁၁, ၁၄, ၁၆, ၁၉, ၂၂, ၂၄, ၂၇, ၃၀။

**ရှောင်ရန်ရက်များ** ။။ ၄, ၇, ၉, ၁၂, ၁၅, ၁၇, ၂၀, ၂၃, ၂၅, ၂၈, ၃၁။

**ထီထိုးရန်ရက်များ** ။။ ၅, ၈, ၁၀, ၁၃, ၁၆, ၁၈, ၂၁, ၂၄, ၂၆, ၂၉, ၃၀။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၅, ၆, ၈ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ စီးပွားရေး ကြီးပွားရေး သောဥပမ်အဋ္ဌရာယ်ကင်းရှင်းစေရန် "ဒိဗ္ဗသာဟိ" ဂါထာတော်ကို တနင်္ဂနွေနေ့တိုင်း (၆)ခေါက်ရွတ်ဆိုပါ။

## တနင်္လာ

**စီးပွားရေး** ။။ အိမ်ရာဆောက်လုပ်သော ကန်ထရိုက်လုပ်ငန်းတိုက်ခန်းအရောင်းအဝယ်ကောင်းမည်။ ရေ့မုန့်ပွဲစားကိုယ်စားလှယ် အကျိုးဆောင်လုပ်ငန်းများငွေဝင်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ ဝန်ထမ်းများအလုပ်ကို ကောင်းစွာလုပ်နိုင်လိမ့်မည်။ ပုံမှန်လစာသာရမည်။ အပိုဝင်ငွေဝင်ရန် အလားအလာမရှိ။ ငွေနောက်မလိုက်နှင့် ဒုက္ခရောက်မည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးတို့၏ ပညာရေး စီးပွားရေး ကျန်းမာရေးကောင်းမည်။

**အချစ်ရေး** ။။ အချစ်ရေးတွင် အထစ်အငေါ့လေးများ ရှိနေသည်။ လက်ထပ်ရန်ကိစ္စ ပျက်သွားတတ်သည်။ ယခုကာလ မင်္ဂလာပွဲကျင်းပလျှင် ပြဿနာရှိမည်။

**ပညာရေး** ။။ ဘာကိစ္စဘာပြဿနာပဲရှိရှိ ပညာရေးကိုတော့ ဂရုစိုက်ပါ။ ကြိုးစားပါ။ ဘဝတစ်သက်တာအရေးဖြစ်၍ သင် ကြိုးစားပါမှ တော်ကာကျမည်။

**ကျန်းမာရေး** ။။ အကြောနာခြင်း၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း ဖြစ်တတ်သည်။ ရေချိုးလျှင် ရေနွေးနှင့် စပ်ချိုးပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၂, ၅, ၈, ၁၀, ၁၃, ၁၆, ၁၈, ၂၁, ၂၄, ၂၆, ၂၉, ၃၁။

**ရှောင်ရန်ရက်များ** ။။ ၃, ၆, ၉, ၁၁, ၁၄, ၁၇, ၁၉, ၂၂, ၂၅, ၂၇, ၃၀။

**ထီထိုးရန်ရက်များ** ။။ ၄, ၇, ၁၀, ၁၂, ၁၅, ၁၈, ၂၀, ၂၃, ၂၆, ၂၈, ၃၁။

**ထီထိုးရန်ဂဏန်းများ** ။။ ၄, ၅, ၇, ၈ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ပွေးနေ့နံနက် (၈း၁၅)မိနစ်အချိန်တွင် ပဋ္ဌာန်းဒေသနာ အကျဉ်းချုပ်ကို (၁၅)ခေါက် ရွတ်ဆိုပူဇော်ပါ။









## အင်္ဂါ

**စီးပွားရေး** ။။ မြေနှင့်ပတ်သက်၍ ငွေဝင်မည်။ အမျိုးသမီးအသုံးအဆောင် ပစ္စည်းများ၊ အလှကုန်များ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ လုပ်မြဲအလုပ်များကို စိတ်ချမ်းသာစွာ လုပ်ရမည်။ မိမိအထက်လူကြီး ငွေကြေးပြဿနာရှင်းနေရမည်။ ကိုယ်နှင့်မဆိုင် သလိုနေပါ။

**အိမ်တွင်းရေး** ။။ ငွေကြေးကိစ္စမပူရပါ။ အဆင်ပြေမည်။ သားသမီးနှင့် ပတ်သက်၍ ပြဿနာအနည်းငယ် ဖြေရှင်းရလိမ့်မည်။ ငွေဖြင့်ဖြေရှင်းရလိမ့်မည်။

**အချစ်ရေး** ။။ အချစ်ရေးအဆင်ပြေမည်။ ဝါကျွတ်လျှင် လက်ထပ်လိုက လက်ထပ်နိုင်သည်။

**ပညာရေး** ။။ အိမ်ထောင်ပြုသင့်သည့်အချိန် ဖြစ်နေပေမယ့် ပညာသင်ကြားနေသော အချိန်ဖြစ်လျှင် ပညာရေးကို ဂရုစိုက်ပါ။ ကြိုးစားပါ။

**ကျန်းမာရေး** ။။ သွေးတိုး/သွေးကျရောဂါဖြစ်တတ်၍ အစားအသောက်ကို သတိထားစားပါ။ စိတ်ရော ကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၃, ၅, ၈, ၁၁, ၁၃, ၁၆, ၁၉, ၂၁, ၂၄, ၂၇, ၂၉။

**ရှောင်ရန်ရက်များ** ။။ ၄, ၆, ၉, ၁၂, ၁၄, ၁၇, ၂၀, ၂၂, ၂၅, ၂၈, ၃၀။

**ထီထိုးရန်ရက်များ** ။။ ၂, ၅, ၇, ၁၀, ၁၃, ၁၅, ၁၈, ၂၁, ၂၃, ၂၆, ၂၉, ၃၁။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၅, ၇, ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ အောင်မြင်ပြီးမြောက် ဒိုးရောက်စေရန် နံနက်တိုင်း "အောင် အရပ် သိဒ္ဓိ"ဂါထာကို (၈)ခေါက်ရွတ်ပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။။ စက်ပစ္စည်းများရောင်းဝယ်ရေး၊ စက်ရုံများ၊ စီးပွားရေးကောင်းမည်။ မျှော်လင့်သည်ထက်များ ရရှိမည်။

**ဝန်ထမ်းရေးရာ** ။။ စာရင်းဇယားကိုင်ရသော အလုပ်သမားများ မှန်မှန်ကန်ကန်ရေးသွင်းပါ။ စာရင်းနှင့်ပတ်သက်လျှင် အထူးသတိထားပါ။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေးသာယာမည်။ မိသားတစ်စု အပျော်ခရီးမထွက်ပါနှင့်ဦး။ ခရီးထွက်လိုလျှင် သီတင်းကျွတ်ပြီးမှ ထွက်ပါ။

**အချစ်ရေး** ။။ အချစ်ရေး အဆင်မပြေဖြစ်ရတတ်သည်။ လူကြီးမိဘများ၏ သဘောဆန္ဒနှင့် မကိုက်ညီ၍ မင်္ဂလာကိစ္စတွင် အထစ်အငေါ့ဖြစ်မည်။ အချိန်ကို စောင့်ပါ။

**ပညာရေး** ။။ ပညာရေးတွင် တော်တော်လေး ကြိုးစားရလိမ့်မည်။ ကံနိမ့်နိုက် ဉာဏ်နှင့် ဝီရိယကမှ အောင်မြင်မှု ရလိမ့်မည်။

**ကျန်းမာရေး** ။။ ဗိုက်နာဗိုက်အောင့်ရောဂါဖြစ်တတ်၍ ဝမ်းနုသော အစားအစာများကို ရှောင်ပါ။ ညဘက်ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။။ ၂,၅,၉,၁၁,၁၄,၁၈,၂၀,၂၃,၂၇,၂၉,၃၁။

**ရှောင်ရန်ရက်များ** ။။ ၃,၆,၁၀,၁၂,၁၅,၁၉,၂၁,၂၄,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၂,၄,၇,၈,၁၁,၁၃,၁၆,၁၇,၂၀,၂၂,၂၅,၂၆,၂၉,၃၁။

**ထီထိုးရန်ဂဏန်းများ** ။။ ၂, ၅, ၇, ၈ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဝီရိယလာဘ်လာဘကောင်း၍ အမွှေးရယ်ကင်းစေရန် ဗုဒ္ဓဟူးနေ့တိုင်း ပွန်းမလှဲ့ဗိ သပြေခက်တော်ကြီးကို (၁၇)ခေါက် ရွက်ပါ။

## ကြာသပတေး

**စီးပွားရေး** ။။ အထည်ချုပ်လုပ်ငန်းများ အလုပ်ကောင်းမည်။ ငွေကြေးလဲလှယ်ရေး ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။။ ယခုကာလတွင် လုပ်ဖော်ကိုင်ဖက်များကလည်း ဖေးမကူညီ၊ အထက်လူကြီးကလည်း ကြည့်သာ ရှင်ပြနေ၍ အလုပ်လုပ်ရာတွင် စိတ်ချမ်းသာမည်။

**အိမ်ထောင်ရေး** ။။ မိသားတစ်စု သာယာပျော်ရွှင်ရသောကာလဖြစ်သည်။ သားယောက်ျားလေးက ငွေတောင်းလျှင် ပေးလိုက်ပါ။ မပေးပါက ပြဿနာရှာလိမ့်မည်။

**အချစ်ရေး** ။။ အချစ်ကံကောင်းပါသည်။ သီတင်းကျွတ်လျှင် ရုတ်တရက် လက်ထပ်ရကိန်း ကြုံလိမ့်မည်။ အိမ်ထောင်ပြုသင့်သောအရွယ်ဖြစ်လျှင် အိမ်ထောင်ပြုနိုင်ပါသည်။

**ပညာရေး** ။။ ပညာရေးကံဇာတာ ထိပ်ဆုံးရောက်နေသော ကာလ ဖြစ်သည်။ လေ့လာသင်ယူလိုသော ပညာရပ်များကို လေ့လာသင်ယူနိုင်သည်။ အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။။ အစားမှားခြင်း၊ ဆေးမှားခြင်း ဖြစ်တတ်၍ အစားစားရာတွင် တွဲမစားသင့်သော အစားအစာများကို မစားမိစေရန် သတိအထူးထားပါ။

**ဆောင်ရန်ရက်များ** ။။ ၃,၇,၉,၁၂,၁၆,၁၈,၂၁,၂၅,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၄,၈,၁၀,၁၃,၁၇,၁၉,၂၂,၂၆,၂၈,၃၁။

**ထီထိုးရန်ရက်များ** ။။ ၅,၆,၉,၁၁,၁၄,၁၅,၁၈,၂၀,၂၃,၂၄,၂၇,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၅, ၆, ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဘုန်းတော်ကြီးတစ်ပါးပါးအား ကိတ်မုန့်(၅)ချပ် လှူပါ။

## သောကြာ

**စီးပွားရေး** ။။ ခရီးသွားလုပ်ငန်းများ အောင်မြင်မည်။ အကျိုးဖြစ်ထွန်းမည်။ အထူးသဖြင့် နိုင်ငံခြားသားများနှင့် ဆက်သွယ်လုပ်ကိုင်ရမည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်များကို ပေးထားသောအချိန်အတွင်း ပြီးစီးအောင် တော်တော်လေး ကြိုးစားရမည်။ အထက်လူကြီးကလည်း မကြည်သာ၍ သတိထား လုပ်ကိုင်ပါ။







**အိမ်ထောင်ရေး** ။။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ အိမ်ထောင်ဖက်နှင့် ကတောက်ကဆ ဖြစ်တတ်သည်။ သားသမီးကလည်း ရန်လုပ်မည်။ စိတ်ရှည်သည်းခံပါ။

**အချစ်ရေး** ။။ အချစ်ရေးကံကောင်းသောကာလ ဖြစ်သည်။ အိမ်ထောင်ပြုနိုင်သောအရွယ် ဖြစ်လျှင် အိမ်ထောင်ပြုနိုင်ပါသည်။

**ပညာရေး** ။။ ပညာသင်ဆဲနေသည့်အရွယ်ဖြစ်လျှင် အချစ်ရေး၊ အိမ်ထောင်ရေးများကို လုံးဝ စိတ်မဝင်စားပါနှင့်။ ပညာကိုသာ ကြိုးစားသင်ယူပါ။

**ကျန်းမာရေး** ။။ ခေါင်းမူးခေါင်းကိုက်ရောဂါ ဖြစ်တတ်သည်။ နေပူထဲမှ ပြန်ရောက်ရောက်ချင်း ခေါင်းကို ရေ လောင်း မချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။။ ၄,၆,၉,၁၃,၁၅,၁၈,၂၂,၂၄,၂၇,၃၁။

**ရှောင်ရန်ရက်များ** ။။ ၅,၇,၁၀,၁၄,၁၆,၁၉,၂၃,၂၅,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၃,၆,၈,၁၁,၁၂,၁၅,၁၇,၂၀,၂၁,၂၄,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၆, ၈, ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ စီးပွားဥစ္စာတိုးတက်စေရန် ရှင်သီဝလိဆယ်ဂါထာကို မွေးနေ့တိုင်း နံနက် (၉း၁၅)မိနစ်တွင် ရွတ်ပွားမှုတော်ပါ။

## စနေ

**စီးပွားရေး** ။။ ရွှေ၊ ငွေ၊ ပွဲစား၊ ကိုယ်စားလှယ်၊ အကျိုးဆောင် လုပ်ငန်းများ၊ အမှုသစ်၊ ဖောက်သည်သစ်များ ရရှိမည်။ အထည်ချုပ်လုပ်ငန်းများ ဝင်ငွေကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ အတိုက်အခံရန် ပေါ်တတ်သော်လည်း မိမိအလုပ်တာဝန်များကို အောင်မြင်စွာ ပြီးမြောက်မည်။ မိမိတွင် ဆရာသမားကောင်း ကျောထောက်နောက်ခံ ရှိသည်။

**အိမ်ထောင်ရေး** ။။ အိမ်တွင်းရေး အဆင်ပြေသာယာနေရာမှ သားယောက်ျားလေးက မိဘကိုရန်လုပ်၍ စိတ်ဆောက ရောက်ရမည်။ စိတ်ရှည်သည်းခံ မေတ္တာပို့ပါ။

**အချစ်ရေး** ။။ ချစ်သူရှိလျှင် စကားအပြောအဆို အပြုအမူ အနေအထိုင်ကြောင့် အချစ်ရေးပျက်ရတတ်သည်။ မိမိက မပြုတ်နိုင်လျှင် မိမိ၏အမှားများကို ပြုပြင်မှသာ လျှင်ရမည်။

**ပညာရေး** ။။ ပညာရေးကံကောင်းသောကာလဖြစ်သည်။ သင်ယူရေးရော၊ သင်ကြားရေးပါကောင်း၏။ နည်းနည်းကြိုးစားလိုက်ရုံနှင့် များများ အောင်မြင်ပါမည်။

**ကျန်းမာရေး** ။။ သွားကိုက်၊ သွားနာ၊ သွေးတိုး/သွေးကျဖြစ်တတ်၍ အစားဆင်ခြင်ပါ။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၂,၆,၉,၁၁,၁၅,၁၈,၂၀,၂၄,၂၇,၂၉,၃၁။

**ရှောင်ရန်ရက်များ** ။။ ၃,၇,၁၀,၁၂,၁၆,၁၉,၂၁,၂၅,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၄,၅,၈,၁၁,၁၃,၁၄,၁၇,၂၀,၂၂,၂၃,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၂, ၄, ၅, ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ စီးပွားဥစ္စာတိုးတက်စေရန် မွေးနေ့နံနက် (၉း၁၅)နာရီတွင် ရှင်သီဝလိဆယ်ဂါထာကို ရွတ်ဆိုပေးပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) [အမှတ်-၁၀]

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ယခင်လမှ အဆက်

## ၂၁။ ဝိုက်ထိုးကြီးဓား

ထိုးဓားကိုပင် အမျိုးမျိုးခေါ်ကြသေးသည်။

၁။ ရိုးရိုးထိုး၊ ဓားသွားကို အောက်တွင် ထား၍ ထိုးခြင်းကို **ထိုးဓားအဖို**ဟုလည်း ခေါ်ကြသည်။ **မှောက်ထိုး**ဟုလည်း ခေါ်သည်။

၂။ **"လက်ကတော့ထိုး"** ဓားသွားကို အပေါ်သို့ လှည့်၍ ထိုးခြင်း။ **"ထိုးဓားအမ"**ဟုလည်း ခေါ်ကြသည်။ **"ပက်လက်ထိုး"**ဟုလည်း ခေါ်သည်။

၃။ **"ဝိုက်ထိုး (ဝါ) ဝိုက်ထိုးကြီး"** ဓားသွားကို အပြင်မှာထား၍ ဓားကို အပြားလိုက် ညာဘက်မှ ဘယ်ဘက်သို့ ညာဓားဖြင့် ထိုးခြင်း၊

ဓားသွားကို အပြင်မှာထား၍ ဓားကို အပြားလိုက်၊ ဘယ်ဘယ်မှ ညာဘက်သို့ ဘယ်ဓားဖြင့် ထိုးခြင်း...

ဟူ၍ ညာဝိုက်ထိုး ဘယ်ဝိုက်ထိုး ဟူ၍ ရှိသည်။ **(လက်သီးဝိုက်ထိုး သကဲ့သို့ အပြင်မှအတွင်းသို့ ဝိုက်ထိုးခြင်းဖြစ်သည်။)**

၄။ လက်ပြန်ဝိုက်ထိုး။ **ဥပမာ(၁)**



**ညာဓားဖြင့်** အပြင်မှ အတွင်းသို့ ဝိုက်ထိုးထားရာမှ ဓားလမ်းကြောင်းကုန်ဆုံးလျှင် ဓားကိုင်လက်ကို ပက်လက်လှန်၍ ဘယ်ဘက်မှ ညာဘက်သို့ လက်ပြန်ထိုးခြင်းဖြစ်သည်။

ဝိုက်ထိုးအသွား **ဝိုက်ထိုးအပြန်ဓား**ဟုလည်း ခေါ်ကြသေးသည်။

**ဥပမာ(၂) ဘယ်ဓားဖြင့်** အပြင်မှ အတွင်းသို့၊ ဘယ်ဘက်မှ ညာဘက်သို့ ဝိုက်ထိုးထားရာမှ ဓားလမ်းကြောင်း ကုန်ဆုံးလျှင် ဓားကိုင်လက်ကို ပက်လက်လှန်၍ ညာဘက်မှ ဘယ်ဘက်သို့ လက်ပြန်ထိုးခြင်းဖြစ်သည်။

ဝိုက်ထိုးကြီးဓားကစားကွက်နှင့် ပတ်သက်၍ အဖြစ်အပျက် တစ်ရပ်ကို တင်ပြချင်ပါသည်။

အရေးကြီးသည့်အချက် မဟုတ်သော်လည်း လူတို့၏ စိတ်ဓာတ်ကို တစ်စွန်းတစ်စမျှ သိရှိစေရန်၊ ကျွန်ုပ်၏ စိတ်ဓာတ်ကို ခန့်မှန်းသိရှိနိုင်စေရန် အမှတ်တရ အတွေ့အကြုံဖြစ်၍ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

**၂၀၀၅ ခုနှစ်က ဖြစ်ပါသည်။** ကျွန်ုပ်၏ အသက်မှာ **ထိုစဉ်က (၆၃)နှစ်** ရှိ၍ **သိုင်းပညာသက်မှာ (၄၈)နှစ်** ရှိပြီဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးရှိ မြန်မာ့သိုင်းပညာရှင်ကြီးများ ပါဝင်ပြမည့် နိုင်ငံတော်အဆင့် သိုင်းပညာပြပွဲကြီး ဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်း အားလုံးရှိ သိုင်းပညာရှင်ကြီးများ ပါဝင်ပြသမည့်ပွဲ ဖြစ်သည်နှင့်အညီ အားကစားဝန်ကြီးဌာနမှ ဝန်ကြီးကိုယ်တိုင် တက်ရောက်မည့် ပြပွဲကြီး ဖြစ်ပါသည်။

သို့အတွက် သိုင်းပညာပြကွက်များ စုံစုံလင်လင် ပါဝင်စေရန်၊ အဆင့်အတန်း မြင့်မားသော သိုင်း

ပညာစဉ်များ ပါဝင်နိုင်စေရန်၊ ပြကွက်များ မထပ်စေရန်၊ ကြည့်ရှုသူအား ပျက်စီပသာဒ လှပ၍ စိတ်အား တက်ကြွစေရန်၊ ထူးခြားသော ကာယသိဒ္ဓိ ပြကွက်များ မှန်မှန်ကန်ကန် သန့်သန့်ရှင်းရှင်း အမှားအယွင်း မရှိဘဲ ပြသနိုင်စေရန်…

အဆုံးဆိုရလျှင် မြန်မာ့သိုင်းပညာ သိက္ခာမကျစေရန်အတွက် သိုင်းပညာ စစ်ဆေးရေးအဖွဲ့များ ဖွဲ့၍ ပြည်နယ်တိုင်းများသို့ စေလွှတ်ခဲ့ပါသည်။

ကျွန်တော်နှင့် အခြား သိုင်းပညာရှင်ကြီးနှစ်ဦးတို့မှာ ရှမ်းပြည်နယ် တောင်ပိုင်း (တောင်ကြီးမြို့သို့) မြန်မာ့သိုင်းပညာ ပညာစဉ်ပြပွဲကြီးအတွက် အထူးစိစစ်ရေးအဖွဲ့ အနေဖြင့် သွားရောက်ခဲ့ကြရပါသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကိုယ်စားပြု ဆရာကြီးသန်းမောင်၏ ဆရာကြီးဦးရွှေဝင်း၊ ဆရာကြီး ဦးမျိုးသန့်၊ ဆရာကြီးဦးမောင်မောင်မြင့်၊ ဆရာကြီးဦးစိုင်းမောင်၊ ဆရာကြီး ဦးကံညွန့်၊ ဆရာကြီး ဦးစိုင်းကျော်ဌေး၊ ဆရာဦးသန်းထွန်းနှင့် အခြား (အမည် မမှတ်မိတော့သော) ဆရာကြီးများကလည်း သူတို့ ပြသမည့် သိုင်းပညာပြကွက်များကို စိတ်ရောကိုယ်ပါ ပြသကြ၍ သိုင်းပညာစဉ် စိစစ်ရေး အောင်မြင်စေရန် အားတက်သရော ဝိုင်းဝန်းကူညီကြသည်မှာ ယနေ့ထက်တိုင် မမေ့နိုင်သေးပါ။

တောင်ကြီး မြို့မဈေးကြီး အနီးရှိ အားကစားရုံထဲတွင် ရှမ်းအိုးစည်သံ တညံညံဖြင့် ပြကွက်၊ က–ကွက်၊



ကစားကွက်များကို စိတ်အားထက်သန်စွာ ကပြ–ကစားပြ မှတ်တမ်းတင်ကြပါသည်။

ကျွန်တော်ကလည်း ပါလာသော **Video Camera**ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ထိုစဉ်အခိုက် **မိုးကြိုးပင်မသိုင်းအဖွဲ့မှ ဆရာကြီး ဦးရွှေဝင်းက…**

'ဆရာကြီးတို့က ကျွန်တော်တို့ ရှမ်းပြည်နယ်က သိုင်းပညာရပ်တွေကို ခုလို မှတ်တမ်းတင်တာ ကျေးဇူးလဲတင် ဂုဏ်လဲယူပါတယ်။

ကျွန်တော်တို့ကလဲ အခု သိုင်းစဉ်ပြပွဲကြီးအတွက် လာရောက် စိစစ်ပေးတဲ့ မြန်မာ့သိုင်းပညာရှင်ကြီးတွေရဲ့ သိုင်းပညာစဉ်တွေကို အမှတ်တရ မှတ်တမ်းတင်ချင်ပါတယ်။ မှတ်တမ်းတင်ခွင့်ပြုပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဒါကြောင့် ဆရာကြီးတစ်ယောက်က စ,ပြီး သိုင်းကစားကွက်တွေကို ကစားပြပါ။ ကျွန်တော်က **Video**နဲ့ မှတ်တမ်းတင်ပါမယ် ခင်ဗျား'

ဟု ပြောအပြီးမှာ အားကစားရုံထဲရှိ **ရှမ်းပြည်နယ်(တောင်ပိုင်း)**မှ သိုင်းဆရာများက လက်ခုပ်သြဘာသံများ တစ်ခဲနက်ပေးကြပါသည်။

ကျွန်တော်တို့ ဆရာကြီးသုံးယောက်ထဲမှ ဆရာကြီးတစ်ယောက်က ဓားတစ်မ(၄–ကွက်)လောက်သာ ဓားနှစ်လက်ဖြင့် ကစားပြပြီး **"အများကြီး ကျန်သေးတယ်။ မောတယ်ဗျာ…တော်ပြီ"** ဆိုပြီး ဓားနှစ်လက်ကို (၄,၅,၁၀)ချက်လောက် ခုတ်ပြီး နားလိုက်ပါသည်။

ဆရာများကတော့ အားမရကျေနပ်မှုမရှိ။ ပညာရပ် စုံစုံလင်လင် ကစားပြမည်ဟု မျှော်လင့်အားခဲထားကြသော်လည်း သူတို့ ထင်သလို ဖြစ်မလာတော့ အားမလိုအားမရ ဖြစ်ကြရသည်။

ကျွန်ုပ်တို့နှင့် အတူပါလာသော ဆရာကြီး တစ်ယောက်ကတော့ တစ်ကွက်မှ မပြပါ။ လုံးဝ မကစားပါ။ ဆရာများက မေတ္တာရပ်ခံသော်လည်း (ဘာကြောင့်မှန်းမသိ) လုံးဝ မပြပါ။

သူ့ဆရာက တုတ်ပညာတွင် အလွန် တော်ကြောင်း တတ်ကြောင်း ပြောသော်လည်း တုတ်သိုင်းပညာကို တစ်ကွက်မှ တစ်ချက်မှ မပြသပါ။

မျက်နှာ ပြောင်ပြောင်ဖြင့် အကြောက်အကန် ငြင်းနေပါသည်။

ကျွန်ုပ်အလှည့် ရောက်လာပေပြီ။ ကျွန်ုပ်အနေဖြင့် သိုင်းပြပွဲများတွင် အချိန်ပေးပါက တစ်ယောက်တည်း ထုတ်ဖော်ပြသရမည်ဆိုလျှင် သိုင်းပညာပြကွက် ကစားကွက်(၁၈)မျိုးကို ပြသပါသည်။

ကျွန်ုပ် ကြော်ငြာထားသည်က **"သိုင်းပညာရှင်ကြီး (၂၃)ဦးထံတွင် သိုင်းပညာရပ် အမျိုးမျိုးတို့**

ကို **သင်ယူတတ်မြောက်ထား သည်''**ဟူ၍ ဖြစ်သည်။

ဒီလိုနေရာမှာမှ ထုတ်ဖော်ပြောသလျှင် ပို၍ အထင်အမြင်သေးရော့မည်။ ပို၍ သိက္ခာကျတော့မည်။

ထို့ကြောင့် ကျွန်ုပ်က တားနှစ်လက်သိုင်း တစ်မျိုးတည်းကိုပင် **"ရှမ်းကြီးမူ၊ ရှမ်းတရုတ်မူ၊ အင်းလေးမူ၊ တောင်ပိုင်း ရှမ်းသိုင်းမူ၊ မြောက်ပိုင်း ရှမ်းသိုင်းမူ၊ ပွဲကျောင်းမှ ဓားရေး (၃၇)ချင်း ပညာရပ်''**တို့ကို တစ်မျိုးပြီး တစ်မျိုး အကျဉ်းချုပ် ကစားပြပါသည်။

နောက်ဆုံးတွင် ဝိုက်ထိုးကြီးဓား (၁၂)ကွက်ဖြင့် အဆုံးသတ်လိုက်ပါသည်။ လက်ခုပ်သံများဖြင့် အားပေး ချီးမြှောက်ကြပါသည်။

ထိုစဉ် မမျှော်လင့်မထားသော အသံကြီးတစ်သံ ထွက်ပေါ်လာပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အံ့အားသင့်သွားပါသည်။ ကျန်ဆရာကြီးများကလည်း ထိုအသံရှင်ရှိရာသို့ အံ့သြတကြီး ကြည့်နေကြပါသည်။

. 'ဆရာမင်းယက္ခ... ဓားကို အပြားလိုက် မထိုးရဘူး။ အသွားကို ပက်လက်လှန်ထိုးရတယ်'

ဟူ၍ ကျွန်ုပ်အား လူပုံအလယ်တွင် ပညာပေးလိုက်ခြင်း ဖြစ်သည်။

သူ့အပြောကြောင့် ကျွန်ုပ်က သူ့လောက် မတတ်၊ ဓားကိုတောင်မှန်မှန်မထိုးတတ်ဟု အဝိပ္ပာယ်သက်ရောက်ပါသည်။

သူ့အလှည့်တုန်းက ဓား(၄,၅,၁၀)ချက်လောက် ခုတ်ပြီး ဘာမျှမပြသသူ ဖြစ်ပါသည်။

ကျွန်ုပ်သည် လူပုံအလယ်တွင် အရှက်ခွဲခံလိုက်ရ၍ အတော်ပင် အရှက်ရသွားပါသည်။ ငါ ပြန်လည် မရှင်းပြ၊ မချေပရင် လူပုံအလယ်မှာ သိက္ခာကျတော့မည်ဟု တွေးလိုက်မိသည်။

ကျွန်ုပ်တွင် အကျင့်တစ်ခု ရှိပါသည်။ လုပ်ဖော်ကိုင်ဖက်ဆရာများ၊ ပညာသင်ဖက် ဆရာများ၊ မိတ်ဆွေဆရာများ၊ ကျွန်ုပ်လောက် မပြည့်စုံသူများကို ပညာရေး(အတန်းပညာ၊ ဘွဲ့ဒီဂရီ)ဖြင့် မည်သည့်အခါမျှ မနှိမ့်ချ၊ သိက္ခာမချ။

သိုင်းပညာဖြင့် မည်သည့်အခါမျှ မနှိမ့်ချ၊ သိက္ခာမချ။ စီးပွားရေး ငွေကြေးအရ မည်သည့်အခါမှ မနှိမ့်ချ၊ သိက္ခာမချ၊ အလုပ်အကိုင် အတတ်ပညာအရ မည်သည့်အခါမျှ မနှိမ့်ချ၊ သိက္ခာမချပါ။

သူတို့ မပြည့်စုံတာကို အမြဲစာနာထောက်ထား၍ ကူညီနိုင်သမျှ အကူအညီပေးပါသည်။ **(ကျွန်ုပ်နှင့် ပေါင်းသင်း ဆက်ဆံဖူးသူတိုင်း ကျွန်ုပ်၏သဘောကို သိကြပါသည်။)**

ထိုဆရာကြီးသည် ကျွန်ုပ်နှင့် အနှစ်(၄၀)ကျော် ပေါင်းသင်း ဆက်ဆံခဲ့သော်လည်း သူ့တွင် အပေါင်းအသင်း ရဲဘော်ရဲဘက်များ မိတ်ဆွေများကို စာနာထောက်ထားစိတ်၊ ငဲ့ညှာစိတ် လုံးဝ မရှိပါ။

ထို့ကြောင့် သူ့ကို ပြန်၍ ပညာပေးရမည်၊ ချေပရမည်ဟု ဆုံးဖြတ်လိုက်ကာ...

'ဆရာရေ... ဆရာက ဓားကို ပက်လက်လှန်ထိုးတဲ့ လက်ကတော့ထိုးတစ်ခုတည်းတတ်တာကို။ အဲဒါကို "အမထိုး"၊ "ပက်လက်ထိုး"၊ "လက်လှန်ထိုး"လို့လဲ ခေါ်သေးတယ် ဆရာ...

နောက်ပြီး "တည့်ထိုး"၊ "မှောက်လျက်ထိုး"၊ "အဖိုထိုး"ဆိုတာလဲ ရှိသေးတယ်။ အခု ကျွန်တော် ကစားပြတဲ့ ဓားကို "ဝိုက်ထိုးကြီး"လို့ခေါ်တယ်။

ဘယ်တွက်ဓားနဲ့ မျက်ရိပ်ပြတ်ပြီး နောက်က ညာဝိုင်ထိုး(ဓားအပြားလိုက်ထိုး)လိုက်တယ်။

ဓားလမ်းကြောင်း ကုန်ရင် ဝိုက်ထိုးကြီး လက်ပြန်ထိုးနဲ့ ပြန်ပြုပြီး ရှေ့ဖြီးနဲ့ တွက်ခုတ် ခုတ်တာ။ ဆရာ ဝိုက်ထိုးကြီးကို မတတ်လို့ ကျွန်တော့်ကို မှားတယ်လို့ ပြောတာပေါ့။ လူကြားထဲမှာ ကျွန်တော့်ကို သိက္ခာချရင် ဆရာပဲ သိက္ခာကျလိမ့်မယ်'

ဟူ၍ မိမိသိက္ခာ မကျရေး၊ ဆရာကြီးတစ်ယောက်၏ ဂုဏ်သိက္ခာ မထိခိုက်ရေးတို့အတွက် အားမနာ ပါးမနာ ပြန်လည် ချေပခဲ့ရပါသည်။

---


ဝိုက်ထိုးကြီးဓား

---

၄ ကွက်၊ ၂ ချက်နှာ

---

**အသင့်ပြင်** ။။ ၁-တွင် ဘယ်ခြေ၊ ၂-တွင် ညာခြေရပ်လျက် စွယ်စုံဟန်ဖြင့် ဓားခင်းထားပါ။




က

---

လှုပ်ရှားမှုအဆင့်ဆင့်

---

၁။ ၂-မှ ညာခြေ ၃-သို့ တက်

ဘယ်ဓားကို တွက်ခုတ်ပါ။ **(ညာ ဒူး ညွှတ်ထားရမည်။)**

၂။ ညာဓားကို အသွားရှေ့တွင် ထားလျက် ဓားအပြားလိုက် ဝိုက်ထိုးကြီး ထိုးပါ။ **(ဘယ် လက်မောင်းဘက်သို့ ရောက် အောင်ထိုးပါ။)**

၃။ ဝိုက်ထိုးကြီး လမ်းကြောင်းဆုံး သည်နှင့် ညာဓားကို အသွား ပက်လက်လှန်၍ **(ဓားဦးချွန်ကို ရှေ့တွင်ထား)** လက်ပြန်ထိုး လိုက်ပါ။

၄။ ထိုးသွားသောအရှိန်ဖြင့် ညာ ဘက်သို့ **(ညာဓားကို)** နွဲ့ယူ သွားကာ ရှေ့ဖီးဓားဖြင့် ရှေ့သို့ ဖြီးချကာ တွက်ဓားခုတ်။ ၃-မှ ညာခြေကို ၂-သို့ တစ်ပြိုင်နက် ဆုတ်ပါ။

၅။ ၁-မှ ဘယ်ခြေ ၄-သို့တက် ညာဓားကို တွက်ခုတ်ပါ။ **(ဘယ် ဒူးညွှတ်ထားရမည်။)**

၆။ ဘယ်ဓားကို အသွားရှေ့တွင် ထားလျက် ဓားအပြားလိုက် ဝိုက်ထိုးကြီးထိုးပါ။ **(ညာလက် မောင်းဘက်သို့ရောက်အောင် ထိုးပါ။)**

၇။ ဝိုက်ထိုးကြီး လမ်းကြောင်းဆုံး သည်နှင့် ဘယ်ဓားကို အသွား ပက်လက်လှန်၍ (ဓားဦးကို ရှေ့ တွင်ထား) လက်ပြန်ထိုး, ထိုး လိုက်ပါ။

၈။ ထိုးသွားသော အရှိန်ဖြင့် ဘယ် ဘက်သို့ (ဘယ်ဓားကို) နွဲ့ယူ သွားကာ ရှေ့ဖြီးဓားဖြင့် ရှေ့သို့ ဖြီးချကာ တွက်ဓားခုတ်၊ ၄-မှ ဘယ်ခြေကို ၁-သို့ တစ်ပြိုင် ဆုတ်ပါ။

၉။ ၂-မှ ညာခြေ ၃-သို့တက် ဘယ်ဓားကို တွက်ခုတ်ပါ။ **(ညာ ဒူး ညွှတ်ထားရမည်။)**

၁၀။ ညာဓားကို အသွားရှေ့တွင် ထားလျက် ဓားအပြားလိုက် ဝိုက်ထိုးကြီးထိုးပါ။ **(ညာလက် မောင်းဘက်သို့ ရောက်အောင် ထိုးပါ။)**

၁၁။ ဝိုက်ထိုးကြီး လမ်းကြောင်းဆုံးသည်နှင့် ညာ ဓားကို အသွား ပက်လက်လှန်၍ **(ဓားဦးချွန်ကို ရှေ့တွင်ထား)** လက်ပြန်ထိုး လိုက်ပါ။

၁၂။ အမှတ်စဉ် (၁၂) ကစားကွက် သည် ဘယ်ဓား ညာဓား ဟန်ချက်ညီရန် အရေးကြီး၏။ ဟန်ချက်ညီလျှင် အလွန်လှပ သော ကစားကွက်တစ်ကွက် ဖြစ်လာလိမ့်မည်။

ညာဓားကို လက်ပက်လက်လှန် **(လက်ကတော့ထိုး)** ထိုးထားရာမှ နောက်ဘက်**(က-ဘက်)**သို့ ဘယ် ဘက်မှ လှည့်ကာ၊ ညာဓားကို **(ရှေ့ ဖြီးဓား-မဖြီးမီ)** ခေါင်းပေါ်တွင် ကန့်လန့်မြှောက်ထားပါ။

ဓားရိုးသည် ညာဘက်တွင်ရှိ၍ ဓားဦးသည် ဘယ်ဘက်တွင် ရှိရ မည်။ ဘယ်ဓားကို **(ဓားရိုးဘယ် ဘက်၊ ဓားဦး ညာဘက်ထား၍)** ဓားသွား အပြားလိုက် ဘယ်ဘက်သို့ ဆွဲထားရမည်။

ယင်း ဘယ်ဓား,ညာဓားသည် အထက်ပါအတိုင်း ဟန်ချက်ညီနေ ရမည်။

၁၃။ ညာဓားကို ရှေ့ဖြီးဖြင့် ရှေ့သို့ ဖြီးချကာ ညာဘက်မှ နောက်သို့ ရောက်အောင် တွက်ဓား ခုတ် သွားရမည်။ ဘယ်ဓားကိုလည်း **(ဘယ်ဘက်မှ ညာဘက်သို့)** ဝိုက်ထိုးကြီး တစ်ပြိုင်နက်



ထိုးရမည်။

၁၄။ ဘယ်ဓား ဝိုက်ထိုးကြီး လမ်း ကြောင်းဆုံးသည်နှင့် ဓားသွား ကို အသွားပက်လက်လှန်၍ **(ဓားဦးကို ရှေ့တွင်ထား)** လက်ပြန်ထိုး ထိုးလိုက်ပါ။

၁၅။ ထိုးသွားသောအရှိန်ဖြင့် ဘယ် ဘက်သို့(ဘယ်ဓား)ကို နွဲ့ယူကာ ရှေ့ဖြီးဓားဖြင့် ရှေ့သို့ ဖြီးချကာ တွက်ဓားခုတ်။ ၁-မှ ဘယ်ခြေ ကို ၄-သို့ ဆုတ်ပါ။

**[ဝိုက်ထိုးကြီးဓား ၄-ကွက် တစ်မျက်နှာ အသွားလမ်း(ဝါ) အတက်လမ်းပြီး၏]** ရောက်သည့် နေရာမှ အမှတ်စဉ်အတိုင်း ဆက် ကစားသွားလျှင် အပြန်လမ်း(ဝါ) အဆင်းလမ်းပြီးကာ လေးကွက် ၂-မျက်နှာ ကစားကွက်ပြီးကာ မူလ ခြေကွက်သို့ ပြန်ရောက်မည်။

*ရှေ့လ ဆက်ဖတ်ပါရန်*

**ဆရာကြီးမင်းယကွ**


*(တိုက်ပွဲဝင်)*

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် နံပါတ်(၁) နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက် (၃၆)နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**"ထက်လွင်ထွန်း"** ဆိုသော နာမည်ကို အင်္ဂလိပ်အက္ခရာစာလုံးဖြင့် လက်မှတ်ရေးထိုးထားခြင်း ဖြစ်ကြောင်း ပြောပြသည်။

**ထိုမြို့လက်မှတ်၏ ပုံသဏ္ဌာန်မှာ ငွေစိတ်ပေါက် ခွက်ထောက်ပုံ လက်မှတ်နောက်ဆုံးမှာ ထောင်လိုက် မျဉ်းပိတ်ထားပုံ သင်္ကေတများ ရှိနေသဖြင့် ငွေထွက်များ၊ စီးပွားကျ၊ လုပ်ငန်းပျက်ပြားရမည့် နိမိတ်ပြပါသည်။**

သူ၏ မြန်မာလို မွေးသက္ကရာဇ်မှာ **၁၃၄၄ ခုနှစ်၊ ဝါခေါင်လ၊ ဗုဒ္ဓဟူးနေ့** ဖြစ်၍ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဋ္ဌိအစဉ်တို့ကို ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။


* * *[နံပါတ်–၁]

**စနေ၊ ဘင်္ဂ–အပျက်ဌာနပွား** ဖြစ်ပါသည်။ စနေ၊ ဗုဒ္ဓဟူးလယ်၊ စနေဆုံးနာမည်မှာ **အနိဋ္ဌ+ ဣဋ္ဌ +အနိဋ္ဌ** ဖြစ်၍ အညှံ့အပျက် ပိုများနေပါသည်။ အပျက်ဌာနမှ နာမည် အစနှင့်အဆုံး ပေးထားခြင်း မကောင်းပါ။

ထိုကဲ့သို့ ညံ့သော နာမည်သုံးလုံးကို လက်မှတ်ရေးထိုးထားခြင်းလည်း မကောင်းပါ။ နာမည်ညံ့၊ လက်မှတ်ညံ့ဖြင့် စီးပွားရေးလုပ်၍ မအောင်မြင်နိုင်ပါ။

ယခုပင်လျှင် စီးပွားကျ၍ အကြွေးများစွာ တင်နေပြီး ပြန်ဆပ်ဖို့ အခက်အခဲကြုံနေသဖြင့် ကျွန်ုပ်ထံ ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

၎င်းနာမည် သုံးလုံးတွင် အလယ်စာလုံး **"လွင်"**ကိုသာ လက်မှတ်ရွေးထိုးသင့်သည်။







မူလမဟာဘုတ်တွင် အဓိပတိဌာနမှ ရှိခြင်း၊ သင်္ချာဗေဒင်အရ ဂဏန်းပေါင်းလဒ်လည်း ကောင်းသောကြောင့် ဖြစ်သည်။

* * *



- ❖ အသည်းပုံ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ဆွဲရမည်။
- ❖ "L"စာလုံးကို (၉၀)ဒီဂရီ မတ်မတ် ထောင်၍ အညွန့်ကို (၄၅)ဒီဂရီ စောင်းထားရမည်။
- ❖ လက်မှတ်အောက်က မျဉ်းမသားရပါ။


၂။ * * *




ယခုလအတွက် **နံပါတ်(၂) နေရာမှာ** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက် (၂၇)နှစ်အရွယ် "**ဇူလိုင်မအေး**"ဆိုသော အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

**ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်** မကောင်းပါ။ "**ဇူနှင့်လိုင်**"ကို ခွာထားခြင်း၊ **ထောင်လိုက်မျဉ်းပြိုင်** သင်္ကေတများရှိခြင်း၊ ခွက်မှောက်သင်္ကေတများ ရှိခြင်းတို့ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးများကို ဒုက္ခပေးနိုင်ပါသည်။

သူမ၏ မြန်မာလို မွေးသက္ကရာဇ်မှာ **၁၃၅၃ ခုနှစ်၊ ဇူလိုင်လ၊ အင်္ဂါနေ့မနက်ပိုင်း**ဖြစ်ရာ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စည်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရသည်။




** * *[နံပါတ် – ၂]*

အင်္ဂါပုတိဖွား ဖြစ်ပါသည်။ **အင်္ဂါ ဝ၊ ဇုဒ္ဓဟူးလယ်၊ တနင်္ဂနွေဆုံး နာမည်ပေးထား၍ အနိဋ္ဌ+ဣဋ္ဌ နာမည်**ကောင်းပါသည်။ နာမက္ခရတိုင်စည်လည်း မှန်သည်။ သို့သော် ဝုဒ္ဓိမှားနေသည်။

**လက်မှတ်ပုံသဏ္ဌာန် အမှားကြောင့်လည်းကောင်း၊ ဝုဒ္ဓိအမှားကြောင့်လည်းကောင်း အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး အညွှန့်အပျက်များ ကြုံတွေ့ရတတ်သည်။**

ယခုပင်လျှင် အိမ်ထောင်ပျက်၊ စီးပွားပျက်ဖြစ်နေ၍ ကျွန်ုပ်ထံ လာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ဤနာမည်မျိုးတွင် ဇူလိုင်ကို လက်မှတ်တွဲထိုးမည့်အစား ပညတ်နိမိတ်ကောင်းသော "**အေး**"ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *



❖ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ရေးဆွဲပါ။
❖ အညွှန့်နေရာတွင် ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့်ပုံ ထည့်ပါ။
❖ လက်မှတ်အောက်က မျဉ်းမသားသင့်ပါဘူး။

၃။ * * *

ယခုလအတွက် **နံပါတ်(၃) နေရာမှာ** ဖော်ပြပေးလိုက်သည့် ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ "**ကိုမျိုးဦး**"ဆိုသော **အသက်(၅၀)အရွယ်** အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**လက်မှတ်ပုံသဏ္ဌာန် ညံ့ပါသည်။ ခွက်မှောက်သင်္ကေတ၊ အပြိုင်သင်္ကေတများ ပါနေသဖြင့် ငွေမမြဲခြင်း၊ ငွေထွက်များခြင်း၊ မရေမတင်မရှိခြင်း၊ အိမ်ထောင်ရေး ရှုပ်ထွေးခြင်းများ ဖြစ်တတ်ပါသည်။**

သူ၏ မြန်မာလို မွေးသက္ကရာဇ်မှာ **၁၃၃၀ ပြည့်နှစ်၊ ဝါဆိုလ၊ ကြာသပတေး** ဖြစ်ရာ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စည်၊ ဝုဒ္ဓိစဉ်တို့ကို ချ ကြည့်လျှင် အောက်ပါအတိုင်း တွေ့ ရှိရပါသည်။

** * *[နံပါတ် – ၃]*

ရာဇဖွား ဖြစ်ပါသည်။ ကြာသ တေးစ တနင်္ဂနွေဆုံး နာမည် ဣဋ္ဌ+အနိဋ္ဌ ဖြစ်၍ ညံ့ပါသည်။



စာမျက်နှာ (၂၀၀) သို့

# လေဖြတ်ရောဂါအတွက်

ဆေးတစ်လက်

စလင်း ဦးကျော်

ကိုသောင်းတန်သည် ရှမ်းပြည်နယ်တွင် နေထိုင်ပါသည်။ သို့သော် သူ၏မွေးဇာတိမှာ ကုက္ကိုကုန်းရွာကလေး ဖြစ်သည်။ ကုက္ကိုကုန်းရွာကလေးသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ရှိသည်။ ကိုသောင်းတန်သည် တစ်နှစ်လျှင် တစ်ခေါက် ကုက္ကိုကုန်းရွာကလေးသို့ အမြဲရောက်လာလေ့ ရှိသည်။

တစ်ခုသော ဆောင်းရာသီ ပြာသိုလတွင် ကိုသောင်းတန်တစ်ယောက် သူ၏ မွေးဇာတိကလေးသို့ ရောက်လာသည်။ ရွာသို့ ရောက်သောအခါ ထုံးစံအတိုင်း ရွာထဲသို့ လှည့်ပတ်ပြီး အိမ်လည်လေ့ရှိသည်။

အသောက်သမား ဖြစ်သည့်အတွက် ညနေတိုင်း သောက်ဝိုင်း(အရက်ဆိုင်)တွင် အဖွဲ့ကျကာ သောက်ပါသည်။

တစ်ချိန်က ရွာတွင် ကိုသောင်းတန်သည်ကိုယ်တိုင် အရက်ချက်ကာ ရောင်းသည်။ သောက်လည်းသောက်သည်။ အရက်ကို ကျွမ်းကျွမ်းကျင်ကျင် ချက်တတ်သူ ဖြစ်သည်။ တစ်နေ့တွင် ကိုမေတ္တာ၏အိမ်သို့ ကိုသောင်းတန် ရောက်လာသည်။

ကိုသောင်းတန်မှ…

'အစ်ကို နေကောင်းကြရဲ့လား'

'အေး…တို့ တစ်အိမ်သားလုံး နေကောင်းကြပါတယ်ကွာ'

'ခါတိုင်းလို အလည်ပြန်လာတာ မဟုတ်လား'

'အလည် ပြန်လာရင်း ဆေးမှီဝဲဖို့ ပြန်လာတာပါ၊ အနားလဲ ယူရင်းပေါ့။ ရှမ်းပြည်နယ်က အခုလိုဆောင်းရာသီဆို အလွန်အေးတာ'



'ဆေးမှီဝဲဖို့ဆိုတော့ ဘာဖြစ်နေလို့ ဘာဆေးကို မှီဝဲမှာလဲကွ'

'ကျွန်တော်မှာ ကိုယ်တစ်ခြမ်း လေဖြတ်ထားတယ် အစ်ကို။ အဲဒီ လေဖြတ်တဲ့ဘက်က ခြေထောက်နဲ့ လက်က အရင်လို မသန်စွမ်းဘူး အစ်ကို။ ခြေထောက်က လမ်းသွားရင် ခါတာ၊ ခါတာ ဖြစ်နေတယ်။

သွားတဲ့အခါမှာ ပေါ့ပါးမှုမရှိဘဲ လေးလံနေတယ်။ လက်ကလဲ အလေးအပင် မသွဲ့နိုင် မ,မနိုင်ဘူး။ ထုံတုံတုံ ဖြစ်နေတယ်။ အခြေအနေ ဒါထက် ဆိုးမှာမိုးလို့ အအေးပေါ့တဲ့ ကိုရွာကလေးကို ခဏပြန်လာတာပါ'

'လေဖြတ်ခံရတဲ့ အကြောင်းကို ပြောပါဦး'

'ဒီလိုပါ အစ်ကို… တစ်နေ့ညနေပိုင်းမှာ မိတ်ဆွေများနဲ့ အဖွဲ့ကျပြီး ခါတိုင်းထက် အရက်အသောက်များသွားတယ် အစ်ကို အသောက်များတော့ အမူးလွန်တာပေါ့။ ညအိပ်ရာဝင်တော့ ကောင်းကြတာ လပ်နေတယ်။ ခွေးတွေးမှု မရှိတော့ဘူး။

အဲဒီညက အအေးလဲ ပိုလာတယ်။ အအေးပတ်ပြီး မနက်အိပ်ရာထတော့ ကိုယ်တစ်ခြမ်း လေဖြတ်ထားတာကို တွေ့ရတာပါပဲ။ မနက်ဖြန်ကစပြီး ဆေးမည်များ စုဆောင်းပြီး ဆေးဖော်မှီဝဲမှာပါ အစ်ကို'

'အေး…ဘာပဲဖြစ်ဖြစ် လွန်ကဲမှု၊ အစွန်းရောက်မှုဆိုတာ မကောင်းဘူး။ ပြန်လည်ကျန်းမာလာအောင် ဆေးကို အချိန်မှန်မှန်မှီဝဲပေါ့ကွာ'

ကိုသောင်းတန်သည် ရက်(၂၀) ခန့်ကြာသောအခါ ကိုမေတ္တာ အိမ်သို့ နောက်တစ်ကြိမ် ရောက်လာ

သည်။ ကိုမေတ္တာမှ…

'လေဖြတ်တာ သက်သာ ပျောက်ကင်းသွားပြီလား'

'လေဖြတ်ရောဂါ ပျောက်ကင်းသွားပါပြီ အစ်ကို၊ မိမွေးတိုင်းဖမွေးတိုင်း သန်မာလာပြီ။ မနက်ဖြန် ရှမ်းပြည်နယ်ကို ပြန်တော့မယ် အစ်ကို လာနှုတ်ဆက်တာပါ'

'အေးပါကွာ… ဒါထက် ငါက စာရေးတဲ့သူဆိုတော့ မင်းရဲ့ လက်တွေ့ပျောက်ကင်းတဲ့ ဆေးနည်းကလေးကို ပေးခဲ့ပါဦး။ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းက တစ်ဆင့် စာဖတ်ပရိသတ်ကြီးကို မျှဝေချင်လို့ပါ'

'ဟုတ်ကဲ့ပါ အစ်ကို'

ကိုသောင်းတန်သည် လေဖြတ်ရောဂါ (သွက်ချာပါဒ) ပျောက်ကင်းသောဆေးနည်းကို ပေးခဲ့ပါသည်။ သူ ဖော်စပ်ကာ လက်တွေ့သောက်သုံး မိုဝဲသည့်အတိုင်း ရေးသားဖော်ပြလိုက်ပါသည်။

**သွက်ချာပါဒ (လေဖြတ်ရောဂါ) အတွက် ဆေးနည်း**

၁။ သက်ရင်းကြီးမြစ် (၁၀)ကျပ်သား
၂။ ဆောက်ရောက်ခါးမြစ်(၁၀)ကျပ်သား
၃။ ဥညှစ်မြစ် (၁၀)ကျပ်သား
၄။ ကြောင်ပန်းမြစ် (၁၀)ကျပ်သား
၅။ ဖျောက်ဆိပ်မြစ် (၁၀)ကျပ်သား
၆။ သနပ်ခါးမြစ် (၅)ကျပ်သား
(သို့ပဟုတ်) (၁၀)ကျပ်သား

အထက်ပါဆေး(၆)ပါးကို နုပ်နုပ်စဉ်းပါ။ အရက်ဦးရည်(၆)ပုလင်းနှင့် စိမ်ပါ။ အရက်ပေါင်းသကဲ့သို့ ပြန်လည် ပေါင်းခံယူပါ။ ရရှိသော ပေါင်းခံရည်ကို တစ်ခါသောက်လျှင် ဟင်းစားဇွန်း(၃)ဇွန်း သောက်ပါ။

လေဖြတ်ခံသော ကိုယ်တစ်ခြမ်းကိုလည်း၊ ယင်းဆေးရည်ဖြင့် လိမ်းပေးပါ။ ဆေးကို မှန်မှန်သောက်၊ လိမ်းပေးပါက လျင်မြန်စွာ ပျောက်ကင်းချမ်းသာမည် ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ပါသည်။

***သတ္တဝါအပေါင်း၊ အလုံးစုံသော ရောဂါများ ကင်းစင်ကြပါစေ။***

စလင်း ဦးကျော်

---


စာမျက်နှာ (၁၉၈)မှ အဆက်

**အိမ်မရှိ အိမ်ထောင်မရှိ အလုပ်မရှိ ငွေမရှိ ဖြစ်တတ်သည်။**

ယခုပင်လျှင် စီးပွားရေး၊ အလုပ် အကိုင်၊ အိမ်ထောင်ရေး အခက်အခဲများဖြစ်ပေါ်နေ၍ ကျွန်ုပ်ထံ လာရောက်ခြင်းဖြစ်ကြောင်း ပြောပြသည်။

ဂုဏ်ဒိမှန်သော်လည်း နာမကျေရတိုင်စဉ်များနေသော နာမည်ဖြစ်၍ **"မျိုးဦး" နှစ်လုံးတွဲ** လက်မှတ်မထိုးသင့်ပါ။ **"မျိုး" တစ်လုံးတည်း**ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *



❖ အောက်မြေပြား ငွေအိတ်သဏ္ဍာန် တည့်တည့်လှလှ ဆွဲပါ။
❖ လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။

*(ဤလတွင် ဤမျှနဲ့သာ ကျေနပ်နိုင်ကြပါစေ။)*

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်…***

***ဆရာကြီး ဦးအောင်မြိုင် (ဥပဒေသွဲ့)***
***လက္ခဏာဗေဒင်ပညာသုတေသီ***



**နက္ခတ္တရောင်ခြည်**
**မဂ္ဂဇင်းတိုက်**
**နှင့်**
**ဆက်သွယ်**
**နိုင်သော**
**ဖုန်းနံပါတ်များ…**
**၀၉-၇၇၆၃၄၉၇၈၅**
**၀၉-၄၄၃၂၅၇၂၂၀**

ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှာ

# ပြောစရာဖြစ်တဲ့ နာမည်တွေ

ကောင်းမြင့်မြတ်စိုး


ကောဇာသက္ကရာဇ်နှစ်တိုင်းမှာ ပြောစရာ ဖြစ်လောက်အောင် ကောင်းသွားတဲ့ နာမည်တွေ၊ ညံ့သွားတဲ့ နာမည်တွေကို ကျွန်တော် နှစ်စဉ် လေ့လာတွေ့ရှိခဲ့ရပါတယ်။ တိတိကျကျ လက်တွေ့ မှန်ကန်နေတာကို တွေ့ရတာ များလာတော့ လူအများကိုလဲ သိရှိစေချင်၊ အသုံးချစေချင်ပါတယ်။



ပညာရပ်တစ်ခုဟာ လက်တွေ့ အသုံးချလို့ရမှ ပညာရပ်စစ်စစ် ဖြစ်ပါတယ်။ မြန်မာ့ရိုးရာ မဟာဘုတ်ဖွဲ့ခင်ပညာနဲ့ နာမက္ခရဆန်းပညာတို့ဟာ မှန်ကန်တိကျ လက်တွေ့ အသုံးချလို့ရတဲ့ ပညာစစ် ပညာမှန်တွေ ဖြစ်ပါတယ်။


မြန်မာကောဇာသက္ကရာဇ် နှစ်တိုင်းမှာ မဟာဘုတ်ပညာအရ ကောဇာမဟာဘုတ်ဂြိုဟ်ခွင်နဲ့ နာမက္ခရဆန်းပညာအရ **ကောဇာနာမက္ခရတိုင်**တွေကို တွက်ချက်ရရှိနိုင်ပါတယ်။

ဥပမာ **၁၃၇၉ ခုနှစ်အတွက် ဆိုပါစို့။** ခုနှစ်(၀) ကြွင်းကို ဘင်္ဂမှစ၍ မဟာဘုတ်ဂြိုဟ်ခွင် ချပါတယ်။




ကောဇာနာမက္ခရတိုင် ထူဖို့ကတော့ **အကြွင်းခုနှစ်(၀)ကို နာမက္ခရတိုင်ခြေမှချကာ အစဉ်လိုက် အပေါ်သို့ ချရေးသွားရမှာ ဖြစ်ပါတယ်။**

၁၃၈၀ ပြည့်နှစ် အတွက်ဆိုလျှင် (၁)ကြွင်းပါတယ်။ ဒါကြောင့်...





**၁၃၇၉ ခုနှစ်၊ ကောဇာမဟာဘုတ်မှာ စနေ၊ အင်္ဂါ၊ ၁–နွေ ဂြိုဟ်တွေ ညံ့နေပါတယ်။** ၁၃၇၉ ခုနှစ် ကောဇာနာမက္ခရတိုင်မှာ ကြည့်ရင်လဲ (စနေ၊ ၁–နွေ) ဂြိုဟ်(၂)လုံးက တိုင်ခြေမှာရှိပြီး ၃–ဂြိုဟ်က လက်ဝဲ (၂) အညွှန့်နေရာမှာ ရှိပါတယ်။

ဒါကြောင့် အဲဒီဂြိုဟ်(၃)လုံးဟာ ညံ့နေပါတယ်။ ၆–ကြာ၊ ၂–လာ၊ ၅–တေးနဲ့ ၄–ဟူး ဂြိုဟ်တွေကတော့ ၁၃၇၉ ခုနှစ် ကောဇာမဟာဘုတ်မှာ အားကောင်းနေပါတယ်။ နာမက္ခရတိုင်မှာလဲ တိုင်ထိပ်ဂြိုဟ်တွေ ဖြစ်ပါတယ်။

ပြီးတော့ ပက္ခဂြိုဟ်တွေ ရှိပါသေးတယ်။ ပက္ခဖြစ်ပြီး ဖောက်ထိုးဖြစ်ရင် အလွန်ညံ့ပါတယ်။

ပက္ခဖြစ်သော်လဲ အတက်ဆိုရင်တော့ ရန်းကန်ကြိုးစားပြီး တိုးတက်အောင်မြင်သွားပါတယ်။ (ပက္ခဖြစ်လို့ အတိုက်အခိုက် အခက်အခဲတွေ ကြုံရပါမယ်။)




ပက္ခဖောက်ထိုးဂြိုဟ်များမှာ (၆၁၊ ၄၃၊ ၅၁၊ ၀၀)တို့ ဖြစ်ပါတယ်။ ပက္ခအတက်ဂြိုဟ်တွေကတော့ (၁၆၊ ၃၄၊ ၂၅)တို့ပဲ ဖြစ်ပါတယ်။

ခုနှစ်ရက်သားသမီး လူသားတွေအတွက် နာမည်က ဘဝတစ်လျှောက်လုံး အကျိုးပေးပါတယ်။ ကောင်းကျိုးရော ဆိုးကျိုးပါ ဖြစ်ပေါ်စေပါတယ်။ ကောဇာသက္ကရာဇ်တွေမှာ ပြောစရာဖြစ်အောင် ကောင်းကျိုး ဆိုးကျိုးတွေ ဖြစ်ပေါ်စေတာ လေ့လာတွေ့ရှိရပါတယ်။


ကျွန်တော့်မိသားစု ဆွေမျိုးအသိုင်းအဝိုင်းများကြားမှာ နှစ်စဉ် လေ့လာမှတ်သားခဲ့ပါတယ်။

**၁၃၇၉ ခုနှစ် ကောဇာသက္ကရာဇ်မှာ အကောင်းဆုံး နာမည်တွေအဖြစ် (၆၆၊ ၅၆၊ ၄၆၊ ၂၆၊ ၈၅၆၊ ၂၅၆) ဂြိုဟ်အတွဲတွေ ဖြစ်ပါတယ်။**

နာမည်အရ ဥပမာပြောရရင် (ဟံသိန်း၊ မျိုးသန့်၊ ဝင်းဟန်၊ ကျော်သူ၊ ဝင်းမြင့်သန်း၊ ခိုင်ဝေသန့်)တို့ ဖြစ်ပါတယ်။

ဒုတိယတန်းစား ကောင်းတာကတော့ **(၁၆၊ ၂၅၊ ၅၂၊ ၃၄၊ ၂၄၊ ၄၅နဲ့ ၅၄)** ဂြိုဟ်အတွဲတွေ ဖြစ်ပါတယ်။ နာမည်အရ ဥပမာပြောရရင် **(အောင်သိုက်၊ ခင်မောင်၊ မေသူကျော်၊ ဇော်ဝင်း၊ ကျော်ဝင်း၊ ဝင်းမောင်နဲ့ မြင့်ဝေ)**တို့ ဖြစ်ပါတယ်။

အဲဒီနာမည်ခွင်တွေဟာ ၁၃၇၉ ခုနှစ် ကောဇာသက္ကရာဇ်မှာ နာမည်ထင်ပေါ်မယ်။ အကြံအောင်မယ်။ လုပ်ငန်းအောင်မြင်တိုးတက်မယ်။ စီးပွားဖြစ်မယ်။



ဝန်ထမ်းဆိုရင် ရာထူးတက်မယ်။ နေရာကောင်းရောက်မယ်။

ကျောင်းသားဆိုရင် ပညာရေး အောင်မြင်မယ်။ ထူးချွန်မယ်။ ပြိုင်ပွဲဝင်သူတွေလဲ ပြိုင်ပွဲမှာ အနိုင်ရမယ်။ ပညာအရည်အချင်းရှိပြီး ကြိုးစားရင် ထိပ်ဆုံးအထိ အောင်မြင်မယ်။ ကိုယ့်ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်တိုးတက်မယ့်နှစ် ဖြစ်ပါတယ်။

ယခု ဖော်ပြခဲ့တဲ့ နာမည်တွေဟာ ကျွန်တော့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲက **နာမည်တွေ** ဖြစ်ပါတယ်။ လက်တွေ့ကြုံရတဲ့ အတွေ့အကြုံအရ ဖော်ပြပေးလိုက်တဲ့နာမည်တွေ ဖြစ်ပါတယ်။ နေ့နံနဲ့ နံသင့် အက္ခရာတွေအရ နာမည်တွေ ဖော်ကြည့်လို ရပါတယ်။

| နေ့ | ဂဏန်း | နံသင့်အက္ခရာ |
|---|---|---|
| တနင်္ဂနွေ | ၁ | အ၊ ဣ၊ ဥ |
| တနင်္လာ | ၂ | က၊ ခ၊ ဂ၊ ဃ၊ င |
| အင်္ဂါ | ၃ | စ၊ ဆ၊ ဇ၊ ဈ၊ ည |
| ဗုဒ္ဓဟူး | ၄ | ယ၊ ရ၊ လ၊ ဝ |
| ကြာသပတေး | ၅ | ပ၊ ဖ၊ ဗ၊ ဘ၊ မ |
| သောကြာ | ၆ | သ၊ ဟ |
| စနေ | ၀ | ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န |

ကောဇာသက္ကရာဇ် **၁၃၇၉ ခုနှစ်မှာ အညံ့ဆုံး နာမည်တွေကတော့(၁၀၊ ၀၁၊ ၃၀၊ ၃၁၊ ၁၃၊ ၀၃၊ ၄၃၊ ၆၁)**များ ဖြစ်ပါတယ်။ **အညံ့သုံးလုံးပေါင်း နာမည်တွေလဲ** ညံ့နေတာ တွေ့ကြုံရပါတယ်။ **(၁၀၃၊ ၃၀၁၊ ၀၁၃၊ ၃၁၀၊ ၄၁၃၊ ၄၀၃၊ ၆၃၁၊ ၆၀၃)** နာမည်မျိုးတွေ အလွန်ညံ့ခဲ့ပါတယ်။

နာမည်ဖော်ရရင် **(အောင်နိုင်၊ တင်ဦး၊ စိုးနိုင်၊ စန်းဦး၊ အေးစိန်၊ တင်စိုး၊ ဝင်းညွန့်၊ သိန်းအောင်)**တို့ ဖြစ်ပါတယ်။

နာမည်(၃)လုံးတွဲကတော့ **(အောင်ထွန်းစိန်၊ စိုးနွယ်ဦး၊ ထင်အောင်မိုး၊ စိုးအောင်ထွန်း၊ ဝေဦးဇင်၊ သဇင်အောင်၊ သိန်းတင်စိန်)**တို့ဟာ အလွန်ညံ့ခဲ့တဲ့ နာမည်တွေ ဖြစ်နေပါတယ်။

ပြီးတော့ ဒုတိယ အညံ့ဆုံးနာမည်တွေ ရှိနေပါသေးတယ်။ **(၅၁၊ ၄၁၊ ၆၀၊ ၆၃၊ ၅၃၊ ၅၀၊ ၄၀)**တွေ ဖြစ်ပါတယ်။ **(သိန်းဦး၊ မြအောင်၊ ယဉ်အေး၊ သန်းဌေး၊ ဟံစိန်၊ မိုးဇင်၊ ဘုန်းထက်၊ လင်းထင်)**တို့ ဖြစ်ပါတယ်။

အဲဒီလို ညံ့တဲ့နာမည်ရှင်တွေဟာ ကျန်းမာရေး အထူးညံ့ပါတယ်။ ကိုယ်တိုင် အမှားတွေ လုပ်မိတတ်ပါတယ်။ ရန်များပါတယ်။ အလုပ်တွေ ပျက်တယ်။ စကားများကြလေ့ရှိပါတယ်။ လုပ်ငန်းမှာ အခက်အခဲတွေ့ပြီး စိတ်လေစိတ်တွေနေရပါတယ်။ အလုပ်မှာ စိတ်မပါဘဲ ဖြစ်နေမယ်။

တိုက်ခိုက်ခံရမယ်။ အပြိုင်အဆိုင် ကြုံတွေ့ရပြီး ရှုံးနိမ့်တတ်တယ်။ ပညာရေးမှာ အောင်မြင်မှု အလွန်နည်းမယ်။ နာမည်ပျက်မယ်။ ကြီးစားသလောက် အရာမရောက်ဖြစ်မယ်။

အစစ အရာရာ ဆင်ခြင်စဉ်းစားပြီးမှ ဘာမဆို လုပ်သင့်တယ်။ အနေအထား အသွားအလာ ဆင်ခြင်သင့်ပါတယ်။

ဆုံးဖြတ်ချက် မှားတတ်တဲ့အတွက် သတိရှိရှိ ဆုံးဖြတ်ပြီးမှ လုပ်သင့်တဲ့နှစ်မျိုး ဖြစ်တာ တွေ့ရပါတယ်။

**ကျန်းမာရေးညံ့ရင် အထူးဂရုစိုက်သင့်တဲ့** နှစ်မျိုးလဲ ဖြစ်ပါတယ်။ အိပ်ရာထဲ လဲတဲ့အထိ ဖြစ်တတ်တယ်။ ခွဲစိတ်ခံရတတ်တယ်။ မတော်တဆ ထိခိုက်ရှနာများ၊ အနာဆိုးများ ဖြစ်တတ်ပါတယ်။

ကောဇာမဟာဘုတ်ဂြိုဟ်အညံ့တွေရဲ့ ရိုက်ခတ်ချက်တွေက ကြောက်စရာကောင်းပါတယ်။ ကြိုတင် သိထားမှ နေထိုင်နိုင်မှာပါ။

ကျွန်တော်ကိုယ်တိုင်ပင် ဒီ ၁၃၇၉ ခုနှစ်မှာ နာမည်ညံ့(၅၁)ဖြစ်နေလို့ ကျန်းမာရေး ဂရုစိုက်တဲ့ကြားက



ဆီးကျောက်ကပ် ဝေဒနာတွေ အပြင်းအထန် ခံစားခဲ့ရပါတယ်။

**အထူးသဖြင့် ကောဇာသက္ကရာဇ်အရ မြန်မာပြလာတဲ့ ကောဇာမဟာဘုတ်ဂြိုဟ်ရှင်ရဲ့ ကောဇာနာမကွန်ရက်တို့မှာ အနေအထားကောင်းတဲ့ဂြိုဟ်ရှင် တွဲဖက်ထားတဲ့နာမည်မျိုး တွေဟာ ဒီနှစ်မှာ ကံကောင်းတာ တွေ့ရပါတယ်။**

အနေအထား မကောင်းတဲ့ ဂြိုဟ်တွေနဲ့ တွဲဖက်ထားတဲ့ နာမည်မျိုးတွေကတော့ အမှန်တကယ်ကို ကံညံ့ပါတယ်။ ဥပမာ **၁၃၇၉ ခုနှစ်မှာ** ကောဇာမဟာဘုတ်မှာ ၆–ကြာ၊ ၅–တေး၊ ၄–ဟူး၊ ၂–လံာ ဂြိုဟ်တွေဟာ အားကောင်းပါတယ်။

ဒါကြောင့် (**၆၅**=သိန်းဖေ၊ **၅၆**=ဖေသိန်း) (**၄၅**=ဝင်းမြင့်၊ **၅၄**=ဖေဝင်း) (**၄၆**=ဝင်းသန်း၊ **၆၄**=ဟံဝင်း) (**၂၆**=ခင်သီ၊ **၂၄**=ကံဝင်း၊ **၂၅**=ခင်မျိုး) စတဲ့ နာမည်တွေဟာ ကံကောင်းအောင်မြင်ပါတယ်။

**၁၃၇၉ ခုနှစ်မှာ ကောဇာမဟာဘုတ်အရ** (စနေ၊ ၁–နေ၊ ၃–ဂံ)ဂြိုဟ်တွေ ညံ့ပါတယ်။ ဒါကြောင့် (**၁၀**=အောင်နိုင်၊ **၀၁**=နိုင်ဦး၊ **၁၃**=အေးစန်း၊ **၃၁**=စိုးဦး၊ **၃၀**=စိုးနိုင်၊ **၀၃**=တင့်ဆန်း၊ **၁၀၃**=အောင်နိုင်စိုး၊ **၁၃၀**=အိဇင်နွေ၊ **၃၀၁**=ဆန်းတင့်ဦး၊ **၃၁၀**=စိုးအိနွယ်၊ **၀၃၁**=တင်ဇာအေး၊ **၀၁၃**=တင်အောင်စိုး)ဆိုတဲ့ နာမည်တွေ အလွန်ကံဆိုးပါတယ်။ ယတြာက ချေလို့တောင် မရပါဘူး၊ ဆင်ဆင်ခြင်ခြင် နေမှပဲ သက်သာခွင့် ရနိုင်ပါတယ်။

ပင်ကို ကံကောင်းဖို့ လိုပါတယ်။ အဖေ့အကြံအရ ပြောရရင် မိမိတို့ရဲ့ မူလမဟာဘုတ်နဲ့ ကောဇာမဟာဘုတ် ထပ်တူကျတဲ့နှစ်ဆို ပိုပြီး ဂရုစိုက်သင့်ပါတယ်။

မူလမဟာဘုတ်မှာလဲ ညံ့တဲ့နာမည်ဆိုရင် ကောဇာသက္ကရာဇ်မှာ ပိုမို ဆိုးရွားတတ်ပါတယ်။

"မသိသူကျော်သွား၊ သိသူဖော်စား" ဆိုတာ တကယ်မှန်တဲ့ ရှေးစကားပါ။ သိသူတွေ ဖော်စားနိုင်ဖို့ ကျွန်တော် လေ့လာတွေ့ရှိသမျှ ပညာဒါန မျှဝေလိုက်ပါတယ်။

*　　*　　*

ဝ၃၈၀ ပြည့်နှစ်အတွက်

**၁၃၇၉ ခုနှစ်ကို စံနမူနာထားပြီးတော့ ၁၃၈၀ ပြည့်နှစ်အတွက် အကောင်းဆုံးနာမည်တွေနဲ့ အဆိုးဆုံး နာမည်တွေကို ဖော်ပြပေးလိုက်ပါတယ်။**

အကောင်းဆုံးနာမည်တွေကတော့...

**(ဝ၊ ဝဝ၊ ၆ဝ၊ ၅ဝ၊ ၃ဝ၊ ၅၆ဝ၊ ၃၅ဝ)**တို့ပဲ ဖြစ်ပါတယ်။

**ဥပမာ(မောင်ထွန်း၊ နှင်းနှင်း၊ သိုက်ထွန်း၊ ပန်းနွယ်၊ ဇော်နိုင်၊ မြသက်နှင်း၊ စိုးမြတ်နွယ်)**တို့ ဖြစ်ပါတယ်။

ဒုတိယအကောင်းဆုံးနာမည်တွေကတော့...

**(၂ဝ၊ ၃၆၊ ၆၃၊ ၄၅၊ ၃၅၊ ၅၆၊ ၆၅)**တို့ပဲ ဖြစ်ပါတယ်။

**ဥပမာ (ကျော်နိုင်၊ ဆွေသန်း၊ သဲဆု၊ ရဲအောင်၊ ဇော်ပိုင်၊ မျိုးသန့်၊ သဲဖြူ)** စသဖြင့် ဖြစ်ပါတယ်။


အညံ့ဆုံး နာမည်တွေကတော့...

**(၂၁၊ ၁၂၊ ၄၁၊ ၁၄၊ ၄၂၊ ၂၄၊ ၅၄၊ ဝ)**တို့ ဖြစ်ပါတယ်။ ပြီးတော့ အညံ့ (၃)လုံးပေါင်းထားတဲ့နာမည် **(၂၁၄၊ ၁၂၄၊ ၄၁၂၊ ၁၄၂၊ ၅၂၄၊ ၅၁၄၊ ၄၂၁၊ ၂၄၁)**တို့ ဖြစ်ပါတယ်။

ကြင်အေး၊ အောင်ခိုင်၊ ဝင်းဦး၊ အေးယဉ်၊ ဝင်းနိုင်၊ ခင်ဝင်း၊ မြင့်ဝေ၊ ထွန်းကျော် စတဲ့ နာမည်တွေနဲ့ (၃)လုံးတွဲ နာမည်တွေဖြစ်တဲ့ ခိုင်အေးဝင်း၊ အောင်ခိုင်လင်း၊ ယဉ်ဦးခင်၊ အေးဝင်းကျော်၊ မြတ်ခိုင်လွင်၊ ပန်းအိဝေ၊ ရဲကျော်ဦး၊ ခိုင်ယဉ်ဦး စသည်တို့ ဖြစ်ကြပါတယ်။

ဒုတိယ အညံ့ဆုံးနာမည်တွေကတော့...

**(ဝ၄၊ ဝ၁၊ ၆၄၊ ၆၂၊ ၆၁၊ ၄၂၊ ၄၁၊ ၃၂၊ ၃၁)**တို့ ဖြစ်ပါတယ်။



ဥပမာ တင်ဝင်း၊ နှင်းဦး၊ ဟံဝင်း၊ သုခင်၊ သန်းဦး၊ ရန်ကျော်၊ လင်းအောင်၊ ဆွေခင်နဲ့ စောအောင်တို့ ဖြစ်ပါတယ်။

အကောင်း၊ အဆိုး သိနိုင်ရန် မိမိတို့ရဲ့ နာမည်များနဲ့ တိုက်ဆိုင်ကြည့်နိုင်ပါတယ်။ နေ့နံသင့် နာမည်တွေလဲ ဖော်ထုတ်နိုင်မယ်လို့ ယူဆပါတယ်။

**ဒီ ၁၃၈၀ ပြည့်နှစ်အတွက်** အကောင်းအဆိုး ကြိုသိထားပြီး အကောင်းဆုံး ပြင်ဆင်နိုင်ခွင့်တွေလဲ ရပါလိမ့်မယ်။

ညံ့နေတဲ့ နာမည်ရှင်တွေအတွက်လဲ "အနာသိရင် ဆေးရှိ" ဆိုသလို ကြိုတင်ပြီး အနာကို သိနေရတဲ့ အတွက် ဆေးကောင်း ဝါးကောင်း သမားကောင်းကို မှီဝဲဆည်းကပ်နိုင်ကြမှာ ဖြစ်ပါတယ်။

အကောင်းဆုံးဆေးကတော့ ဘုရားဆေး၊ တရားဆေး ပါပဲ။ အကောင်းဆုံး သမားတော်ကတော့ ဘုရားရှင်နဲ့ သံဃာတော်အရှင်မြတ်တွေပဲ ဖြစ်ပါတယ်။ အကောင်းဆုံး ဆည်းကပ်နိုင်ပါတယ်။ မမေ့မလျော့ မပေါ့မဆ ဆည်းကပ်ဖို့ပဲ လိုပါတယ်။

ကောင်းတဲ့နာမည် အကောင်းဆုံး နာမည်ရှင်တွေ ကတော့ မိမိတို့ရဲ့ လုပ်ငန်းတွေကို အားသွန်ခွန်စိုက် လုပ်နိုင်ပါတယ်။

ကံကောင်း အောင်မြင်မှာ သေချာလို့ အခွင့်အရေး ကောင်းကို လက်မလွတ်တမ်း ဆုပ်ကိုင်နိုင်အောင် ဉာဏ်အား၊ ဝီရိယအားကို ပိုမို စိုက်ထုတ်သင့်ပါတယ်။ အနန္တငါးပါးကို မမေ့ရင် ပိုပြီး အောင်မြင်တိုးတက် ကြီးပွားမှာ မုချပါပဲ။

**ကောင်းမြင့်မြတ်စိန်**

# ကြာနှင်းပြည့်နိုးပါး မှန်ဘော

လက္ခဏာဟောကွက်


သရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ယခု ဆောင်းပါးနဲ့အတူ ပူးတွဲ ဖော်ပြပေးလိုက်တဲ့ ဘယ်/ညာ လက်ဖဝါးပုံစံပိုင်ရှင်က **အသက် (၅၀)ကျော် အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

**"က"အက္ခရာနဲ့** ညွှန်ပြထားတာက လက်ညှိုးထိပ်မှာ (ဘယ်ရော ညာပါ) ခရုဗတ်ဖွေ ရှိပြီး လက်ညှိုး ထိပ်က လက်သူကြွယ်ထိပ်ထက် ပိုရှည်နေခြင်းပါပဲ။


**နောက်ပြီး လက်ညှိုးအရင်းပိုင်းကလဲ ဖောင်းကြွနေပြီးနေပါတယ်။**

* * *





အဲဒီလို လက်ညှိုး ပိုင်ရှင်မျိုးဟာ မိသားစုတစ်ခုလုံးကို စီးပွားရှာဖွေ ကျွေးမွေးရတာတ်ပြီး မိသားစုအပေါ်မှာလဲ ဩဇာအရှိဆုံး ဖြစ်ကြပါတယ်။ မိသားစုရဲ့ ချစ်ကြောက်ရိုသေခံရသူ ဖြစ်ပါတယ်။




“**ခ**”**အကွရာနဲ့** ညွှန်ပြထားတာကတော့ အသက်လမ်းကြောင်းတိုပြီး ကံလမ်းကြောင်း ရှည်လျားအားကောင်းတယ်။ အသက်လမ်းကြောင်း အရင်းပိုင်းမှာ **ငါးကြင်းခြီးသင်္ကေတ** ဖြစ်ပေါ်နေတယ်။





* * *

ဒီလက္ခဏာမျိုး ရှိသူဟာ အသက်လမ်းကြောင်းတိုလို့ အသက်မတိုပါဘူး။ ကံလမ်းကြောင်းက ဖြတ်နေတဲ့ အသက်လမ်းနေရာကို အစားဖြည့်ကာကွယ်ပေးထားလို့ အသက်ရှည်ပါတယ်။

“ဂ”**အကွရာနဲ့** ညွှန်ပြထားတာကတော့ ဦးခေါင်းလမ်းကြောင်း အစပိုင်းတွေမှာ အဖျက်သင်္ကေတတွေရှိပြီး နှလုံးလမ်းက လမ်းခွဲတွေထိတွေ့နေခြင်းပါပဲ။

* * *




အဲဒီသင်္ကေတတွေကြောင့် အိမ်ထောင်ရေးသောက ကြုံရမယ်။ ဦးခေါင်းပိုင်းမှာ ဝေဒနာခံစားရတတ်တယ်။ အိမ်ထောင်ရေး ပြဿနာကြောင့် စိတ်ဝေဒနာ ရတတ်ပါတယ်။

ဒီ လက္ခဏာဟောကွက်တွေဟာ ရာနှုန်းပြည့်နီးပါး မှန်ကန်မှု ရှိပါတယ်။ လက်တွေ့ အသုံးချကြည့်ပါ။

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

# ကျွဲ၊နွား အတောထဲတွင်

## သံမှို၊ သံတိုသံစ ပါဝင်ခြင်းနှင့် ကုသနည်း

ငွေသိန်း
(တိ/မွေး/ကု)
ရမည်းသင်း





လောကကြီးမှာ လူတိုင်းဟာ အကြောင်းအမျိုးမျိုးကြောင့် အလုပ်တွေ ရှုပ်နေကြတာပဲ။ အလုပ်သမား၊ ဝန်ထမ်း၊ ကုန်သည်တွေ တောင်သူလယ်သမားတွေအမြဲ လုပ်ရှုပ်နေကြတယ်။ တောင်သူလယ်သမားတွေကတော့ အလုပ်အများဆုံးလို့ ထင်တာပဲ။

နေမထွက်ခင် အိပ်ရာကထပြီး အလုပ် လုပ်ရတာနေဝင်တာတောင် အိမ်ပြန်မရောက်သေးဘူး။ အိမ်ရောက်တော့လဲ လုပ်နေရတုန်းပဲ။ ညအိပ်မှပဲ နားအေးတော့တယ်။

မနက်စောစော နေမထွက်ခင် ထပြီး နွားစာ ကျွေးရတယ်။ မှောင်နဲ့မည်းမည်းပေါ့။ ဘာမှ မြင်ရတာ မဟုတ်ဘူး။ မှန်းဆပြီး လုပ်ရတာ။ နွားစာသယ်တဲ့ တောင်းထဲမှာ သံမှိုတို့၊ သံတိုသံစတို့ ပါသွားတတ်တယ်။

ကျွန်တော် ဝန်ထမ်းဘဝတုန်းက အဖြစ်အပျက်လေး တစ်ခုကြုံဖူးတယ်။ ကျေးရွာတွေမှာ မြန်မာ့မလေ့ဆိုတော့ တစ်ဝိုင်းတည်းမှာ ဆွေမျိုးသားချင်းတွေ အတူတကွ နေကြတာ။ တစ်မိတည်းဖွားဆိုတော့ ညီအစ်ကိုမောင်နှမအရင်းတွေပေါ့။ နေ့စဉ် ထက်ဆုံနေကြရတာရယ်။

အိမ်ထောင်တွေကျပြီး သူစိမ်းတွေ ပါလာတော့ ထုံးစံအတိုင်း ပြဿနာတွေ ဖြစ်ကြတာပေါ့။ တစ်ဦးနဲ့ တစ်ဦး မခေါ်မပြော ဖြစ်လာကြတယ်။ ဝန်းထရံ အပိုင်းအခြားကလဲ မရှိဘူး။ ပြဿနာ တစ်ခုခု ပေါ်လာရင် အဆင်မပြေတဲ့သူတွေ အချင်းချင်း သံသယတွေ ဖြစ်လာပြီး စွပ်စွဲကြတော့တာပဲ။

ရွာတစ်ရွာကို နွားနေမကောင်းလို့ လိုက်သွားဖူးတယ်။ နေကလဲပူ စက်ဘီးလေးစီးပြီး သွားရတာပေါ့။ ရွာရောက်တော့ မနက်(၁၁)နာရီထိုးပြီ။ နွေရာသီဆိုတော့ မောတာပေါ့ဗျာ။ ထုံးစံအတိုင်း ရေနွေးအိုးနဲ့ အမြည်းတွေက အရင်ရောက်လာပြီး ရေနွေးသောက် အနားယူရင်း စကားပြောကြတာပေါ့။

ကျွန်တော်က နွား ဘယ်လို စ,ဖြစ်တာလဲလို့ မေးလိုက်တယ်။ ကျွန်တော်တို့ တိရစ္ဆာန်ဆေးကုတဲ့အခါမှာ ပိုင်ရှင်ကို တစ်ဝက်လောက် အားကိုးရတယ်။ လူဆေးကုသလို လူနာနဲ့ အပြန်အလှန် မေးမြန်းလို့ မရဘူး။

ပိုင်ရှင်တွေကတော့ တိရစ္ဆာန်နဲ့ အတူနေတာဆိုတော့ တိရစ္ဆာန်ရဲ့ အခြေအနေကို ပြောနိုင်တယ်။ နွားပိုင်ရှင်က ပြောတယ်။ သူ့နွား အစားပျက်နေတာ တစ်လလောက် ရှိပြီတဲ့။ တဖြည်းဖြည်းနဲ့ ဝမ်းက မာလာတယ်တဲ့။ ဝမ်းချုပ်တဲ့ သဘောပေါ့။

စားမြုံ့ပြန်တာလဲ နည်းလာတယ်တဲ့။ အစာစားနည်းတော့ စားမြုံ့ပြန်တာ နည်းတာပေါ့။ ခဏနားပြီး ကျွန်တော် နွားကို သွားကြည့်တယ်။ နွားက ပိန်နေပြီ။ အသက်က (၇)နှစ်ပဲ ရှိသေးတယ်။ ကျန်းမာရေးကောင်းရင် အသက်(၇)နှစ်ရှိတဲ့ နွားဟာ အသားအရေ ပြည့်ဖြိုးပြီး သန်မာနေရမယ်။ နားကြပ်နဲ့ ထောက်ကြည့်လိုက်တော့ အသက်ရှူနှုန်းကလဲ မြန်နေတယ်။ နှလုံးခုန်နေတာကလဲ ပုံမှန်မဟုတ်ဘူး။

**အထူးခြားဆုံးကတော့ ဘို့နောက်က အမွေးတွေ သီသီသာသာ ထောင်နေတယ်။** ဒီလက္ခဏာဟာ အထူးခြားဆုံးပါပဲ။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ

မှန်တာ များပါတယ်။

ဒါကြောင့် ကျွန်တော်က ပြည့်စုံအောင် စမ်းသပ်မေးမြန်းပြီး...

'ခင်ဗျားနွား ယံဆိပ်ကာက်နေတာ၊ အစာ ထဲမှာ သံမှိုတို့ သံတို သံစတို့ ပါသွားပုံရတယ်'

လို့ ပြောလိုက်တယ်။ နွားပိုင်ရှင်က ပြန်ပြောတယ်။

'ဖြစ်နိုင်တယ်ဆရာ'

တဲ့။

'ဟိုတက်အိမ်ကကောင်နဲ့ ကျွန်တော်တို့ လွန်ခဲ့တဲ့ (၃)လလောက်က ရန်ဖြစ်ဖူးတယ်။ ကျွန်တော့်ညီပါပဲ။ ဒါပေမယ့် သူမိန်းမက ဆက်ဆံရေးမကောင်းလို့ ကျွန်တော်တို့ မိသားစုနဲ့ ခဏခဏ ပြဿနာ ဖြစ်ဖူးတယ်။ ဒီကောင် မကောင်းကြံတာနေမှာ'

တဲ့။ ကျွန်တော်လဲ ပြေရာပြေကြောင်း အစာထဲမှာ သံမှို၊ သံတိုသံစ ပါနိုင်ကြောင်း ပြောပြရတာပေါ့။

ဒီရောဂါက အနောက်တိုင်းဆေးပညာနဲ့ ကုလို့ကတော့ မပျောက်ဘူး။ အနောက်နဲ့အရှေ့ ပေါင်းစပ်ပြီး ကုရတယ်။ သင့်တော်မယ့် ဆေးတွေလဲ ထိုးတာပေါ့။





မြန်မာ့တိုင်းရင်းဆေးက အဓိကပါပဲ။ တောထဲမှာ သံမနိုင်ကျောက်မနိုင် ပင်တွေ ပေါတယ်။ မြေကြီးမှာ ကပ်ပေါက်ကြတာ။ အခုတော့ ဒီဆေးက အသုံးဝင်လွန်းလို့ ရန်ကုန်မြို့ လယ်ကောင်မှာတောင် ရောင်းနေပြီ။ တောင်သူလယ်သမားအားလုံးကတော့ သံမနိုင်ကျောက်မနိုင် ပင်ကို သိကြပါတယ်။ ဆေးနည်းက လွယ်လွယ်လေးပါ။

သံမနိုင်ကျောက်မနိုင်ပင် ပန်ပွင့်ပါ(၂၅)ကျပ်သားကို ထန်းလျက် (၁၅)လုံးနဲ့ ရေ(၃)ပုလင်း(ရေသန့်ဘူး)နဲ့ သုံးခွက်တစ်ခွက်တင် ကျိုပြီး ကစ်နေ့တစ်ကြိမ် (၅)ရက်တိုက်ပေးပါ။

ကောင်းသွားပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင် နှစ်ပေါင်းများစွာ သုံးလာတဲ့ဆေးနည်း ဖြစ်ပါတယ်။

ငွေသိန်း(တိ/မွေး/ကု)
ရမည်းသင်း



ချက်ချင်းကောင်းတဲ့

# ငှေရှတ်ကောင်း

ငရုတ်ကောင်းသည် စာရေးသူတို့ အိမ်ရှင်မများအတွက် မီးဖိုချောင်သုံး ဟင်းခတ်ပစ္စည်းတစ်မျိုး ဖြစ်သည်။

ငုပ်နေသော အနိုးတို့ကို ပွင့်စေပြီး ချွေးထွက်လာကာ သွက်လက်ပေါ့ပါးလန်းဆန်းပြီးကျန်းမာရေးကို လုံးဝအထောက် အကူ ဖြစ်စေနိုင်ပါသည်။ သို့အတွက် အိမ်ရှင်မတိုင်း ဆောင်ထားသင့်ပေသည်။

ရင်ဘတ်အောင့်၊ ဝမ်းဗိုက်နာ၊ အစာမကြေ၊ လေထိုးသော် ငရုတ်ကောင်းစေ့(၁၀)စေ့ခန့်ကို ကြေညက်အောင်ထောင်းပြီး ထန်းလျက် တစ်လုံးနှင့် ဆေးလုံးအရွယ် အလုံးကလေးများ ပြုလုပ်၍ မျိုချပါ။

ပြီးနောက် ရေနွေး(လက်ဖက်ခြောက်မပါ) တစ်ခွက်သောက်ချလိုက်ပါ။

ဆေးသောက်ပြီး တစ်နာရီအတွင်း ရေ လုံးဝမချိုးပါနှင့်။ ချက်ချင်း ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

လွယ်ကူရိုးရှင်းပြီး စာရေးသူတို့ မိသားစု အမြဲသုံးစွဲသည့် အစွမ်းထက် ဆေးစွမ်းကောင်းတစ်လက်ဖြစ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း မိတ်ဆွေအပေါင်းကို သတင်းကောင်းလေး ဝေငှလိုက်ရပါသည်။

သက်သခင်



ပိစပ်ပွင့်ပင်များ

ဂမ္ဘီရအသက်ရှည်ဆေး၏ နောက်ဆက်တွဲနှင့် ပါဝင်သော

ကြောင်ဖြူ (LL.B)

# ဆေးဖက်ဝင်အပင်များ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လထုတ် နွယ်ဖွာရောင်ခြည်မဂ္ဂဇင်းတွင် ဂမ္ဘီရအသက်ရှည်ဆေး ဆောင်းပါးကို ကျွန်ုပ် ရေးသားဖော်ပြခဲ့ပါသည်။

**ဘီးလင်းမြို့နယ် လေးထောင့်ကန်ရွာမှ ဆရာကြီး ဦးတင်ဝင်း လက်ဆင့်ကမ်းသောဆေးနည်းဖြစ်ပါသည်။**

ထိုဆေးနည်းတွင် ပါဝင်သော ဆေးပင်များ၏ ဓာတ်ပုံကို မဖော်ပြနိုင်ခဲ့ပါ။ ယခုမှ အကြောင်းသင့်၍ ဆေးပင်များ၏ ဓာတ်ပုံကို ဖော်ပြပေးလိုက်ပါသည်။

## ၁။ ပိစပ်ပင်

ပိစပ်ပင်မှာ အမျိုးအစား များစွာ တွေ့ရှိရပါသည်။ အဓိကအားဖြင့် အပွင့်ဖြူမျိုးနှင့် အပွင့်ဝါမျိုးဟူ၍ အပွင့်ကို မူတည်ပြီး ခွဲလိုက်ပါသည်။

နှစ်မျိုးစလုံး အသုံးပြုနိုင်ပါသည်။ ပိစပ်ပွင့်ဖြူမှာ လူသိများပါသည်။ ဤဆောင်းပါးတွင် ပိစပ်ပွင့်ဝါပုံကို ဖော်ပြပေးလိုက်ပါသည်။

## ၂။ ထိကရုံးပင်

ထိကရုံးမှာ (၂)မျိုး ရှိပါသည်။ ကုန်းထိကရုံးနှင့် ရေထိကရုံး ဖြစ်သည်။ ရေထိကရုံးမှာ တို့စရာအဖြစ် ဈေးထဲမှာ ရောင်းလေ့ရှိပါသည်။

ကုန်းထိကရုံးကတော့ အလေ့ကျ ပေါက်ပင်အဖြစ် ပေါများစွာ တွေ့ရပါသည်။ အဓိကအားဖြင့် ကုန်းထိရုံးကိုသာ ဤဆေးဖော်စပ်ရာတွင် သုံးစွဲပါသည်။

ရေထိကရုံးကိုလည်း ရောသုံးနိုင်ပါသည်။ ကုန်းထိကရုံးနှင့် ရေထိကရုံးနှစ်မျိုးစလုံး ဓာတ်ပုံ ဖော်ပြပေးလိုက်ပါသည်။





▲ ရေထိကရုံပင်

ကန့်ထိကရုံးတော (သာဓုကာန်ဘုရားအနီး ရွှေပြည်သာမြို့နယ်) ▲

▼ ဟင်းနုနယ်ရိုင်းနီ



## ၃။ ဟင်းနုနယ်

ဟင်းနုနယ်လည်း အမျိုးအစားများစွာ တွေ့ရှိပါသည်။ လူတို့စားသုံးသော ဟင်းနုနယ် အယဉ်မျိုး၊ လူတို့ စားသုံးလေ့ရှိသော အလေ့ကျ ပေါက်ပင် ဟင်းနုနယ် အရိုင်းမျိုး၊ ဟင်းနုနယ်ဆူးပေါက် ဟူ၍ ဖြစ်ကြသည်။

တစ်ဖန် ဟင်းနုနယ် အဖြူမျိုး၊ အနီမျိုး၊ အနက်မျိုးဟူ၍ တွေ့ရသေးသည်။

**အဖြူမျိုးမှာ ပင်လုံး စိမ်းပါသည်။ အနီမျိုးမှာ ပင်လုံးနီညိုရောင် ဖြစ်ပြီး အပွင့်များလည်း နီပါသည်။ အနက်မျိုးမှာ ပင်လုံး မီးခိုးရောင်၊ အပွင့်မီးခိုးရောင် ဖြစ်ပါသည်။**

ဤ ဆောင်းပါးတွင် ဟင်းနုနယ်ရိုင်း အဖြူနှင့် အနီမျိုးတို့၏ ပုံကို ဖော်ပြပေးလိုက်ပါသည်။ အကုန်လုံး ဤဆေးတွင် သုံးနိုင်ပါသည်။

## ၄။ သက်ရင်းကြီး

သက်ရင်းကြီးပင်ကတော့ တစ်မျိုးတည်းသာ ရှိ၍ ဓာတ်ပုံကို ဖော်ပြ ပေးလိုက်ပါသည်။ လွယ်လွယ်ကူကူ ပေါပေါများများ ရရှိနိုင်ပါသည်။


## ၅။ ဖုံးမသိန်

ဖုံးမသိန်ပင်မှာ အချို့နေရာတွင် ပေါများပြီး အချို့နေရာတွင် ရှားပါးသည်။ **ကရင်ပြည်နယ်၊ ကော့ကရိတ်– မြဝတီ အမြန်လမ်းဘေးများတွင်** လည်းကောင်း... **မန္တလေး–ဗန်းမော်၊ မန္တလေး–မိုးကုတ် မော်တော်ကားလမ်း ဝဲ,ယာ**တွင်လည်းကောင်း ပေါများစွာ ရရှိနိုင်ပါသေးသည်။

အရွက်ပွတ်ခြေလျှင် ပရုတ်နံ့ ရပါသည်။ **တောမုန်လာပင်ခေါ်**



▲ ဟင်းနုနယ်ရိုင်းဖြူ



▬ သက်ရင်းကြီးပင်



▲ ဖုံးမသိန်ပင်

**လင်းတပါးပျဉ်းပင်များကို** ရောနှော သုံးနိုင်ပါသည်။

သူလည်း အရွက်ကို ပွတ်ခြေ လျှင် ပရုတ်နံ့ ရပါသည်။ ဤ ဆောင်းပါးတွင် **ဖုံးမသိန်ပင်ပုံကို** ဖော်ပြပေးလိုက်ပါသည်။

## ၆။ ကြွက်နားခေါင်းချိတ်

ယင်းမှာ အမည်အမျိုးမျိုး ရှိပါသည်။ **"ကြက်မောက်ဆူးပြန်"**ဟူ၍ လည်းကောင်း... **"စစ်သိမ်"**ဟူ၍ လည်းကောင်း ခေါ်ကြသေးသည်။

ရန်ကုန်မြို့မှာပင် အများအပြား တွေ့ရှိရပါသည်။ "ကြက်မောက်ဆူးပြန်" ခေါ် "ကြွက်နားခေါင်းချိတ်" ဓာတ်ပုံကို ဖော်ပြပေးလိုက်ပါသည်။

တစ်မျိုးကို လှည်းတစ်စီးတိုက်စီ ရှာဖွေဖို့ မလွယ်ပါ။ ပြာချဖို့ မလွယ်ပါ။ သို့ဖြစ်၍ တစ်မျိုးစီကို ရနိုင်သလောက် စုဆောင်း အခြောက်လှန်းပြီး မီးရှို့ပြာချကာ စုဆောင်းရပါသည်။

တစ်မျိုးကို ပြာ(၁)ပြည်ခန့် စုဆောင်း၍ စုစုပေါင်း ရက္ခမူပြာ (၆)ပြည်ခန့် စုဆောင်းရပါသည်။

မီးရှို့ပြာချရာတွင် ဖုံးမသိန်မှာ အပေါ်ကို ပြာများ လွင့်စဉ်ဆုံးရှုံးမှုများပြားသဖြင့် သွပ်ပြားမိုးထားရပါသည်။

ထိုရက္ခမူပြာ စုစုပေါင်း (၆)ပြည်ခန့်ကို မိုးပြဲဒယ်ကြီးတွင် ထည့်၍ ရေထမ်းပုံးဖြင့် (၂,၃)ပုံးခန့် ထည့်ကာ ရေစိမ်ရသည်။ တစ်ရက်(၂)ကြိမ်ခန့် မွှေပေးသည်။

တစ်ပတ်ကျော် စိမ်ပြီးမှ အရည်ကြည်ကို စစ်ယူပါသည်။ ထို့နောက် မိုးပြဲဒယ်ကြီးနှင့်ပင် အရည်ကြည်



▲ ကြက်ဆောက်ဆူးမြက်ပင်များ

များကို မီးဖိုတွင် ချက်ပါသည်။ တစ်နေကုန် တစ်ညလုံး မီးမပြတ်အောင် စောင့်ရပါသည်။

ရေတစ်ပုံးစာခန့် ကျန်လျှင် **သဲ ဆပ်ပြာ(၂၀)ကျပ်သား၊ ယမ်းစိမ်း (၂)ကျပ်သား၊ သီဒွေးသား (၅) ကျပ်သား ထည့်ပြီး**ဆက်၍ ကျိုချက်သောအခါ အရည်ခန်း၍ ဖြူဝါရောင် ဆားခဲ,ဆားမှုန့် ရောရာ ရှိပါသည်။

ယင်းတို့ကို အမှုန့်ကြိတ်လိုက်ရာ ပေါလစ်ပုလင်းနှင့် (၂)ပုလင်းခန့် ရရှိပါသည်။

ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်လျှင် ထိုရရှိမှုဆား မန်ကျည်းစေ့ ခန့်ကို ရေတစ်ဖန်ခွက်တွင် ထည့်ဖျော်၊ သကြားတစ်ဇွန်း ထည့်ဖျော်ပြီး၊ နှမ်းဆီစစ်စစ် တစ်ဇွန်း ထည့်ဖျော်၍ နို့ကဲ့သို့ အရောင်ပြောင်းသွားချိန်တွင် သောက်လျှင် ချက်ချင်းသက်သာ ပျောက်ကင်းကြောင်း လက်တွေ့ပင် ဖြစ်ပါသည်။ အစာအိမ်ရောဂါအတွက် အလွန်အစွမ်းထက်သော ဆေးဖြစ်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

အောင်ဇေ(*LL.B*)



ဂု–ရက်သားသမီးတို့

# ဘုရားတည် ကျောင်းဆောက်

ကုသိုလ်မပြုကောင်းသော နံ့ဖီလာအရပ်ကို ရွေးခြင်း

နံ့ဖီလာအရပ်ရွေးရန် လင်္ကာ

"အင်း,ဝ,ရှင်,ကြီး,ထန်း,သိီး,စုတ်,ဖတ်– ရာဟုအရပ်က၊ လှည့်ပတ်လက်ယာ၊ နံ့ဖီလာ၌၊ ရှောင်ခွာကုသိုလ်၊ မှတ်ကြောင်းဆိုသည်၊ နဂိုလူတို့ လက်သုံးတည်း"

ဖအောက်ပါဇယားပုံကို ကြည့်ပါ...

* * *




အရပ်ရှစ်မျက်နှာနှင့် မူလအရပ်ဇယား

ကောင်းခံ (သခွတ်မြေ) ဝက်လက်

"ရှေးသုံးလည်း မလွယ်နှင့် ရှေးထုံးလည်း မပယ်နှင့်၊ ရှေးသုံးလွယ်တော့ ပွဲတတ်သည်၊ ရှေးထုံးပယ်တော့ လွဲတတ်သည်" ဟု ဆိုထားသော စကားပုံကဲ့သို့ သင့်တွင် ယုံကြည်မှု ရှိသည်၊ မရှိသည်ကို အပထား၍ ရှေးပညာရှိတို့ ထားခဲ့သော ပညာစေတနာတို့ကို လေးစားတန်ဖိုးထား သောအားဖြင့် သူတို့ သွန်သင်ညွှန်ပြခဲ့သည့် နည်း အတိုင်း ရှောင်သင့်သည်၊ ဆောင်သင့်သည့် အရာတို့ကို လိုက်နာကျင့်သုံးသင့်ပေ၏။

အဘယ်ကြောင့်ဆိုသော် ရှေးပညာရှိတို့သည် အဖတ္တ အကြုံပေါင်း များစွာနှင့် ဦးနှောက်ဉာဏ်ပညာတို့ကို ရင်းနှီးပေါင်းစပ်ကာ တီထွင်ကြံဆ၍ နောင်လာနောက် သားတို့ အကျိုးရှိစေရန် ထားခဲ့သော နည်းနိဿယ များ ဖြစ်သဖြင့် ကျွန်ုပ်တို့အနေနှင့် ယုံကြည် စိတ်ချသင့် ပေသည်။

ယခု ကျွန်ုပ် ရေးသားတင်ပြမည့် နည်းကောင်းတစ်ခု မှာ **နံ့ဖီလာအရပ်ကိုရှာ၍ ဘုရားတည်၊ ကျောင်းဇရပ် ဆောက် မပြုကောင်းသော အရပ်ကို သိရှိရန် တွက်ကြည့်သော နည်းတစ်နည်း** ဖြစ်ပါသည်။

အထက်ပါဇယားပုံတွင် **အတွင်းရစ်သည့်** နံသင့်အရပ်များဖြစ်ပြီး **အပြင်ရစ်သည့်** မူလအရပ်များဖြစ်ပါသည်။

ရှောင်ရန် အပေဟာများမှာ...

၁။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း ၁–နွေဖြစ်အံ့။** ထိုရွာ ထိုအရပ်၏ အနောက်မြောက်ထောင့်အရပ်တွင် ဘုရားတည် ကျောင်းဆောက် ဇရပ်ဆောက် ကုသိုလ်တို့ကို မပြုအပ်၊ မပြုကောင်း။

၂။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း ၂–လင်္ဂနံဖြစ်အံ့။** ထိုရွာ ထိုအရပ်၏ အရှေ့ဘက်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း ကုသိုလ်တို့ကို မပြုအပ်၊ မပြုကောင်း။

၃။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း ၃–ဂါနံဖြစ်အံ့။** ထိုရွာ ထိုအရပ်၏ အနောက်တောင်ထောင့်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်း အမှုတို့ကို မပြုအပ်၊ မပြုကောင်း။

၄။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း ၄–ဟူးနံဖြစ်အံ့။** ထိုရွာ ထိုအရပ်၏ မြောက်ဘက်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်း အမှုတို့ကို မပြုအပ်၊ မပြုကောင်း။

၅။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း ၅–တေးနံဖြစ်အံ့။** ထိုရွာ ထိုအရပ်၏ အနောက်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်းအမှုတို့ကို မပြုအပ်၊ မပြုကောင်း။

၆။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း ၆–ကြာနံ ၆–ကြာသားဖြစ်အံ့။** ထိုရွာ ထိုအရပ်၏





တောင်ဘက်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်းအမှုတို့ကို မပြုအပ်၊ မပြုကောင်း။

၇။ **ရွာ၏ နံသော်လည်းကောင်း၊ ထိုရွာ ထိုအရပ်မှာ နေထိုင်သည့် သူ၏ မွေးနံသော်လည်းကောင်း စနေနံ စနေသားဖြစ်အံ့။** ထိုရွာ ထိုအရပ်၏ အရှေ့တောင်ထောင့်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်း အမှုတို့ကို မပြုအပ်၊ မပြုကောင်း။

ထိုသို့ ပြုမိခဲ့လေသော ချမ်းသာခြင်းကင်း၍ ပျက်စီးရာ ပျက်စီးကြောင်းသာ ဖြစ်တတ်ပါသည်။

ရွာနံ–လူနံ တစ်ခုခုတည်းကျ၍ တားမြစ်ထားသော အရပ်တွင် ပြုလုပ်မိပါက ထိုလူမှာ ပို၍ပို၍ ထိခိုက်စေပါသည်။

ထို့အတူ ထိုရွာသည်လည်း စည်ပင်သာယာမှုကင်း၍ ဆုတ်ယုတ်ပျက်စီးစေတတ်ပါသည်။

**မှတ်ချက် ။ ။ ရွာ၏နံ ကောက်ယူရာ၌ "ရွာနှင့် ဘုရား သစ်ပင်များ အဖျားယူလေပါ" ဆိုသည့် အတိုင်း အဖျားနံကိုသာ ကောက်ယူပါ။**

***သုနက္ခတ္တ ကောင်းသောနက္ခတ်နှင့်ကြုံ၍ ကောင်းကျိုး သုခ ရရှိနိုင်ကြပါစေ။***

**ကောင်းခန့်(သခွတ်မြေ)ဝက်လက်**

# လက်ပံခါးပင်အကြောင်း

အစုံအလင် သိလိုလှပါသည် ပညာရှင်များ ဖြေကြားပေးပါရန်



**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ် အပေါင်းတို့နှင့် ပညာရှင်သုတေသီတို့ခင်ဗျား** မြန်မာနိုင်ငံ တွင် ရှားပါး၍ တန်ဖိုးကြီးမားသော ပစ္စည်းများထဲတွင် **"လက်ပံခါးပင်"** သည်လည်း အပါအဝင် ဖြစ်ပါသည်။

ထို့ကြောင့် ယင်း **"လက်ပံခါးပင်" နှင့် ပတ်သက်၍** ကျွန်တော် သိလိုသည့် အချက်များကို တတ်ကျွမ်း နားလည်၍ ကြုံကြိုက်ဖူးခဲ့သော ပညာရှင်များရှိက ဖြေကြားပေးပါရန် အထူး မေတ္တာရပ်ခံအပ်ပါသည်။

၁။ **လက်ပံခါးပင်အစစ်၏** ပုံသဏ္ဍာန် အနေ အထား။

၂။ **လက်ပံခါးပင် စစ်,မစစ်** စမ်းသပ်နည်း အမျိုးမျိုး။

၃။ **မည်သည့် အစွမ်းသတ္တိထူးများ ရှိသနည်း။** မည်သို့ သုံးသနည်း။

စာရေးသူ တွေ့ရှိထားသော လက်ပံပင်သည် **လူနှစ်ဖက်စာခန့်ရှိပြီး ပင်စည်လုံးပတ် အလွန် ဖြောင့်သည်။**

အပင်၏ အဖုအထစ်မှလွဲ၍ **သေးထွက် အကိုင်းအခက်** ဟူ၍ လုံးဝ မရှိပါ။

အရွက်သည် **ကုံကော်ရွက်နှင့် တူ၍ အနည်းငယ် ကြီးသည်။**

**အပွင့်သည်လည်း အဖြူရောင်ရှိပြီး ကုံကော်ပွင့်နှင့်** တစ်ပုံစံတည်း ဖြစ်ပါသည်။

ရိုးရိုးလက်ပံပင်များနှင့် ဤကဲ့သို့ ခြားနားခြင်းကြောင့် စာရေးသူ၏ မိတ်ဆွေအချို့က "လက်ပံခါး" ဟု သမုတ်ကြ၍ ပညာရှင်များထံ အကူအညီတောင်း၍ မေးမြန်းရခြင်း ဖြစ်ပါသည်။

ဖြေကြားပေးသူအားလည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့်အတူ အထူးပင် ကျေးဇူးတင်ရှိမည် ဖြစ်ပါကြောင်း...

**တင်အောင်မိုး(အ.မ.က–ရွာသီ)**



ရှေးပညာရှိကြီးများဟာ ရှေ့နောက် မြော်မြင်တိုင်းတာပြီး ဂါထာမန္တန် ဆေးဝါးအချို့တို့ကို နောင်းလူတို့ရဲ့ မဖေတာ်ဖလာဘကို ကြောက်ရွံ့၍ ကွယ်ဝှက်ဖျောက်ပစ်ခဲ့ကြပါတယ်။

ထိုအခြင်းအရာသည် မြန်မာတို့ရဲ့ ဂမ္ဘီရဆိုင်ရာ အံ့သြဖွယ်ရာ ပညာရပ်များ ပျောက်ဆုံးခဲ့ရခြင်း ဖြစ်ပါတယ်။ စာရေးသူဟာ ငယ်စဉ် ကလေးဘဝမှစပြီး ဂမ္ဘီရဆိုင်ရာ နာမ်လောကက ဖြစ်ရပ်ဆန်းများကို စိတ်ပါဝင်စားသောကြောင့် လေ့လာခဲ့ပါတယ်။

ထို့အတွက်ကြောင့်လဲ ဂမ္ဘီရဆိုင်ရာ ဂါထာမန္တန်

လျှို့ဝှက်နက်နဲသော

# ဂုဏ်တော်ကိုးပါး

လောကီပညာအတွက် စီစဉ်ပူဇော်နည်းများ

ရသဂမ္ဘီရ ကျော်ဝင်းခေါင်
(မြည်-ဆည်မြောင်း)



သုံးစွဲပုံများကို ဖော်ထုတ်ရေးသားနိုင်ခဲ့ခြင်းဖြစ်တယ်။

ယခု တင်ပြမယ့် လျှို့ဝှက်သော ဂုဏ်တော်ကိုးပါး သုံးစွဲပုံမှာ လူအများအပြား မသိသေးသော သုံးစွဲနည်း ဖြစ်ပါတယ်။ သိဒ္ဓိမဟိဒ္ဓိဆိုင်ရာ ပုဂ္ဂိုလ်များ လျှို့ဝှက်စွာ အသုံးပြုသောနည်း ဖြစ်ပါတယ်။

အဘယ်ကြောင့်ဆိုသော် လက်ဖွဲ့ထိုး၍ ဆောင်သော နည်းများတွင် ပါဝင်သောကြောင့် ဖြစ်ပါတယ်။

ဘုရားရဲ့ ဂုဏ်တော်ကိုးပါးမှာ မြတ်စွာဘုရားမှတစ်ပါး အခြား ပဋ္ဌာနဗုဒ္ဓ အပါအဝင် ရဟန္တာများတွင်မှ မရှိသော ဂုဏ်တော် ဖြစ်တယ်လို့ စာရေးသူကို ပရိယတ္တိ ဝန်ဆောင် သံဃာတော်တစ်ပါးရဲ့ ပြောကြားချက်အရ သိရှိလေ့လာရပါတယ်။

ထိုကဲ့သို့ ဘုန်းတန်ခိုးအာနုဘော် ကြီးမားသော မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးကို သုံးစွဲပုံများ လေ့လာတွေ့ရှိရသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြပေးရခြင်း ဖြစ်ပါတယ်။

ထိုသို့ လူအများအပြား မသိသေးသော ဂုဏ်တော် ကိုးပါး သုံးစွဲပုံမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**✪ "ဦး ဣတိပိ"**

အထက်ပါ အက္ခရာများကို ရွှေပြား (သို့) ငွေပြား (သို့) ကြေးပြားတွင် ရေး၍ရသော လက်ဖွဲ့ကို ရေစိမ်၍ ယင်းအက္ခရာဂါထာနဲ့ (၃၇)အုပ် မန်းပြီးလျှင် မန်းထားသော ရေကို လမ်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ အိပ်သောအခါ စည်းချသကဲ့သို့ ရေကို လောင်းပါ။ သူခိုးဓားပြ ရန်သူမျိုးစုံ လုံခြုံတယ်လို့ ဆိုပါတယ်။

**✪ "ဦး ပိသော"**

လက်ဖွဲ့ကို နံ့သာရည်စိမ်၍ ယင်းအက္ခရာနဲ့ (၁၈)ခေါက် မန်းပါ။ ပြီးပါက နဖူးဆံဖျားကို လိမ်းကျံသွားပါက သားသမီးလို ချစ်ခင်တယ်လို့ ဆိုပါတယ်။

**✪ "ဦး ဘဂဝါ"**

လက်ဖွဲ့ကို ရန်သူတွေ့ရင် နှုတ်မှာငုံပြီး ယင်းအက္ခရာကိုလဲ (၃၇)ခေါက် ရွတ်ပါ။ ရန်သူတွေလက်မှ လွတ်တယ်လို့ ဆိုပါတယ်။

**✪ "ဦး အရဟံ"**

လက်ဖွဲ့ကို ညအိပ်သောအခါ နှုတ်မှငုံပြီး ယင်း အက္ခရာကို ရွတ်ပါ။ (၃၇)ခေါက် ရွတ်ရမယ်။ မိုလ်ခြေ အများ ခုနစ်ရက် သားသမီး သိကြားဖြုပ်ပွာ စောင်မလာ တယ်လို့ ဆိုပါတယ်။

**✪ "ဦး သမ္မာသမ္ဗုဒ္ဓေါ"**

လက်ဖွဲ့ကို နံ့နက်စောစော နေထွက်ရာကို လှည့်ပြီး လက်ဖွဲ့ကိုငုံ၍ ယင်းအက္ခရာဖြင့် (၇)ခေါက် မန်းသော် ကြံစည်သမျှ ဘေးများမထိဘဲ ကြံစည်သူကိုသာ ပြန်၍ ထိ၏။

ပစ္စေကဗုဒ္ဓါကို ရည်မှန်းပြီး **ဆီထည့်ထားသော ဆီမီးခွက်ဖြင့်** ဆီမီးကပ် လှူပါ။ ဆီထည့်ထားသော တစ်ကျပ်သားကျန်ရင် လက်ဖွဲ့ကို ဆီထဲထည့်ပြီး ယင်းအက္ခရာနဲ့ (၃၇)ခေါက် စုတ်ပါ။

ထိုဆီကို လိမ်းပါက လက်နက်မျိုး တိုးမဝင် ခုတ်မရ ပီယအဟန့် ကောင်းတယ်လို့ ဆိုပါတယ်။

လေ့စီးယောက်ျား လေ့မသွားသော် ယင်းလက်ဖွဲ့ နှုတ်မှာငုံပြီး မျက်နှာ အောက်ဘက်ကြည့်ကာ မာန် ပြင်းပြင်းရွတ်ပါ။ လေတိုက်လာကာ လေ့သွားပါလိမ့် မယ်လို့ ဆိုပါတယ်။

**✪ "ဦး ဝိဇ္ဇာစရဏ"**

လက်ဖွဲ့ကို ဖန်ခွက်ထဲတွင် ရေစိမ်ပြီး တစ်ဆယ့် ရှစ်ခေါက် ရွတ်ပါ။ ပြီးလျှင် ယင်းရေကို မျက်နှာသစ်ပါ။

(၇)ရက်သားသမီး ချစ်ခင်တယ်လို့ ဆိုပါတယ်။

**◎ "ဦး သမ္ဗုဒ္ဓေ"**

လက်ဖွဲ့ကို နှုတ်မှဆို၍ ခြေစုံရပ် မတ်တတ်မျှော်၍ ယင်းအက္ခရာနဲ့ မန်းလေ။ တရားသဖြင့် ကြံစည်ထားတာတွေ အောင်မြင်တယ်လို့ ဆိုပါတယ်။

**◎ "ဦး သုဂတော"**

သိမ်ဝင်ချည် (၃၇)မျှင် တစ်လ မှန်မှန်စုပြီး တစ်ဝက်ခေါက်ချိုးတင်ရုံ လွန်းပေါင်ကျစ်ပြီး သျှောင်မှာ ယင်းလက်ဖွဲ့ထည့်၍ ဆောင်ပါ။ သုဂတော(၁၀၀၀) စုတ်ပါ။

နောက်ကိုတစ်ဖန် "အရဟံ"နဲ့ (၁၀၈)ခေါက် စုတ်။ ပွဲလမ်းသဘင် မသွားခင် အနှိုးဂါထာမှာ **"ဦး ဝိယ သိဇ္ဇါ"**(၁၈)ခေါက် မန်းပါ။ ဆောင်တဲ့အခါ သိရပါလိမ့်မယ်လို့ ဆိုပါတယ်။

**◎ "ဦး လောကဝိဒူ"**

လက်ဖွဲ့ကို နှုတ်မှာဆုံ၊ ယင်းဂါထာနဲ့ ကောင်းကင်ကို စေ့စေ့ကြည့်ပြီး မန်းပါ။ အရုပ်ကောင်း ပေါ်လာလိမ့်မယ်။

လူရုပ်, ကျားရုပ် ပေါ်လာရင် ဒုက္ခရောက်တတ်တယ်။ ဆင်ရုပ်,မြင်းရုပ် မြင်သော် ကြံစည်သမျှ ကိစ္စ အောင်မြင်ရတယ်လို့ ဆိုပါတယ်။

**◎ "ဦး အနုတ္တရော"**

လက်ဖွဲ့ကို နှုတ်မှာငုံပြီး ယင်းဂါထာ ရွတ်သွားပါက ဘေးအပေါင်း ဒဏ်အပေါင်း လွတ်ကင်းတယ်လို့ ဆိုပါတယ်။


**◎ "ဦး ပုရိသဒမ္မသာရထိ"**

လက်ဖွဲ့ကို ရေထဲတွင်ထည့်ပြီး ယင်းဂါထာနဲ့ (၃၇)ခေါက်စုတ်၍ သောက်လိမ်းသွားသော် ဆင်,မြင်းမှာ တက်သောအခါ ဘေးမခဘဲ သွားရတယ်လို့ ဆိုပါတယ်။

ယခုအခါ လှေ, သင်္ဘော, ကား, ရထား, ဆိုင်ကယ်, လေယာဉ်တို့နဲ့ အကျိုးဝင်ပါတယ်။

**◎ "ဦး သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ"**

လက်ဖွဲ့ကို ရေစိမ်ပြီး ကွမ်းပွင့်,ဖလံပွင့်,စွယ်တော်ပွင့် တို့ပါ ရောစိမ်ပါ။ ပြီးပါက ယင်းဂါထာနဲ့ (၁၀၈)ခေါက် စုတ်ပါ။ လိုတိုင်း ရလိမ့်မယ်လို့ ဆိုပါတယ်။



**"ဘုရားဂုဏ်တော် အကျိုးပေါ်သည့် ဂုဏ်တော်ကိုးပါး အကျိုးတည်း"**လို့ နောက်ဆုံး စာသားကို မှတ်သားရပါတယ်။

ထို့ကြောင့် မြန်မာတို့ရဲ့ ဂမ္ဘီရဆိုင်ရာ အသုံးအစွဲနည်းတွေဟာ လေ့လာလို့ မကုန်နိုင်အောင် ရှိနေကြပါတယ်။

ဒါကလဲ တစ်ဦးနဲ့တစ်ဦး ရင်းနှီးခင်မင်မှုအပေါ် မူတည်ပြီး လေ့လာရတာ ဖြစ်သလို... တချို့က ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများရဲ့ စာအုပ်စင်တွေ၊ ဗီရိုတွေဟာ ဂမ္ဘီရဆိုင်ရာ သမိုင်းဝင် အချက်အလက်တွေ စုဝေးရာနေရာဖြစ်လို့... တတ်အားသမျှ စာဖတ်သူတို့လဲ ရှေးမီနောက်မီ အသက်ဝါကြီးသူတွေရဲ့ ညွှန်ပြမှုအပေါ် လိုက်နာပြီး ရှာဖွေဖော်ထုတ်ရင် ဒီထက် နက်နဲသော ဂမ္ဘီရဆိုင်ရာ အသုံးအစွဲတွေ မြင်လာမှာပါလို့ တိုက်တွန်းရင်းဖြင့်...

**[၁၉၇၈ ခုနှစ်၊ မြောင်းမြခရိုင်၊ ကွမ်းခြံကြီးရွာတွင် ဆေးလာကုသော တိုင်းရင်းဆေးဆရာ အဘ ဦးစိန်မောင်ရဲ့ ပြောပြချက်များကို အမှတ်ရသော အားဖြင့်...]**

ရသဂမ္ဘီရ ကျော်ဝင်းအောင်
*(မြည်-ဆည်မြောင်း)*

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နှုန်းစန္ဒာတိုင်းရင်းဆေးကုဌာနမှ

# ဆရာမကြီး ဒေါ်မြင့်စန်း

(သိမ်ဖြူ) (တဆ-၀၁၁၅၇) ပြောပြသော

# အသက်ရှည်စွာ အနာမဲ့ကြောင်း

နည်းလမ်းကောင်းများ

မြောင်းမြ မောင်ယဉ်ခိုင်



★ ဆရာမကြီးဒေါ်မြင့်စန်း(သိမ်ဖြူ)(တဆ-၁၁၅၇)

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဆိုတဲ့အတိုင်း လူတိုင်း အနာရောဂါ ကင်းပြီး ကျန်းမာဖို့ လိုအပ်ပါတယ်။ ရောဂါမျိုးစုံတွေနဲ့ လုံးပန်းပြီး အသက်ရှည်ဖို့ ကြိုးစားခြင်းထက် ရောဂါကင်းစင် ကျန်းမာပြီး အသက်ရှည်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် စမ်းချောင်းမြို့နယ်ကို ရောက်တဲ့အခါ အသက်ရှည်ပြီး နုပျို ကျန်းမာလျက်ရှိတဲ့ **တိုင်းရင်းဆေး ဆရာမကြီး ဒေါ်မြင့်စန်း(သိမ်ဖြူ) နဲ့ တွေ့ဆုံပြီး** အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်း များကို ဆွေးနွေးမေးမြန်းခဲ့ပါတယ်။ ဆရာမကြီး ဒေါ်မြင့်စန်း(သိမ်ဖြူ)နဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှ တင်ပြလိုက်ပါတယ်။

**▲"ဆရာမကြီးအနေနဲ့ ကျန်းမာရေး အတွက် တစ်နေ့တာ နေထိုင် ကျင့်ကြံမှုကို ဦးစွာပထမ ပြောပြ ပေးပါ"**

○"ကျွန်မရဲ့ တစ်နေ့တာ ကျန်းမာ ရေး ကျင့်စဉ်လို့ပဲ ပြောရမလား။ ဒါမှမဟုတ် နေ့စဉ် ထာဝရ ကျန်းမာရေးကျင့်စဉ်လို့ပဲ ပြောရမလား မသိဘူး။ တိုင်းရင်းဆေး ဆရာမဖြစ်စက ယနေ့ထိ ကျင့်ကြံ နေထိုင်စားသောက်မှုကို ပြောပြ ပေးပါမယ်။

စောစောအိပ်ပြီး စောစောထတဲ့ အကျင့်ကို နေ့စဉ်ထာဝရ ပြုလုပ် ပါတယ်။ အိပ်ရာထ မျက်နှာမသစ် ခင် ခြေထောက်မှာ အောင်းနေတဲ့ အပူများ ထွက်အောင် ဒူးခေါင်း အောက်ကို ခြေတစ်ဖက် ရေ သုံး လေးမှုတ်လောက် လောင်းပါတယ်။

ပြီးမှ သွားမတိုက်မီ မျက်နှာသစ် ပါတယ်။ ခဏကြာမှ သွားတိုက်ပါ တယ်။ မျက်နှာသစ်ပြီးမှ သွားတိုက် ခြင်းဖြင့် သွားဖုံးကြွခြင်း၊ သွားနာ ခြင်း၊ သွားကိုက်ခြင်း လုံးဝ မဖြစ်ပါ ဘူး။ ခု အသက်(၇၀)ကျော်အထိ သွားတွေ ကောင်းနေတုန်းပါပဲ။

# ငါးတန်၊ ငါးမြင်း ပင်လယ်ငါးတွေကို ရှောင်ကြဉ်ပါတယ်...

မျက်နှာသစ် သွားတိုက်ပြီး ဝလုတ်ကျင်းပြီးတာနဲ့ နှလုံးအားဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် နေ့စဉ်သောက်ပြီး ရေအဝ သောက်ပါတယ်။

အစားအစာမစားမီ နှလုံးအားဆေး သောက်ပြီး ရေသောက်ခြင်းဟာ ဆီး, ဝမ်း,လေမှန်ပြီး နှလုံးကျန်းမာရေးကို အထောက်အကူ ပြုပါတယ်။

တစ်ဆက်တည်း ပြောရရင် အိပ်ရာမဝင်မီ သွားတိုက်တဲ့ အကျင့်ကိုလဲ ထာဝရ ကျင့်ကြံပါတယ်။ မနက်မျက်နှာသစ်ပြီးတာနဲ့ မိနစ်(၃၀)ခန့် လမ်းလျှောက်ပါတယ်။ လမ်းလျှောက်ပြီး ပြန်လာမှ မနက်စာ စားပါတယ်'

▲ **'မနက်စာကို ဘယ်လိုအစားအစာတွေ စားတယ်ဆိုတာ ပြောပြပါဦး'**

○ 'မနက်စာကို မုန့်ဟင်းခါး၊ ခေါက်ဆွဲစားတဲ့အခါ စားသလို...ကိုယ်တိုင်ဖျော်တဲ့ သဘာဝ လက်ဖက်ရည်ကိုပဲ သောက်ပါတယ်။ ကော်ဖီမစ်၊ အချိုရည်တွေ လုံးဝ မသောက်ပါဘူး။

မနက်စာအနေနဲ့ ပဲပြုတ်နဲ့ နံပြားဖြစ်စေ၊ ပဲပြုတ်နဲ့ ထမင်းပူပူလေး ဖြစ်စေ ပဲဆီဆမ်းပြီး အလုညီကျစားသောက်ပါတယ်။ **ဒံပေါက်ထမင်း၊ အုန်းနို့ခေါက်ဆွဲတို့ကိုလဲ လုံးဝ ရှောင်ကြဉ်ပါတယ်'**

▲ **'ကျန်းမာရေးအတွက် ဘယ်အချိန် ရေချိုးရင် ကောင်းတယ်ဆိုတာ ပြောပြပေးပါဦး'**

○ 'သိမ်ဖြူ ဆရာတော်ကြီးရဲ့ ဆောင်ပုဒ်အတိုင်း **"ဆောင်း(၁၀)၊ နွေ(၉)၊ မိုး(၁၁) ရေချိုး စနစ် အကျိုးဖြစ်၏"** ဆိုတဲ့ စာနဲ့ ညီအောင် နေ့စဉ် ကျင့်ကြံပါတယ်။

ရေမချိုးမီ မိနစ်(၃၀)ခန့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း ပြုလုပ်ပါတယ်။ ဆောင်းရာသီမှာ ညသိပ်ရေ မချိုးဘဲ အဖအေးလွန်ကဲရင် ရေနွေးနဲ့စပ်ချိုးပြီး သိပ်မအေးရင် ရေရိုးရိုးပဲ ချိုးပါတယ်။ အဲဒီလို ရေချိုးတဲ့အတွက် အဆစ်ကိုက်၊ အဆစ်နာရောဂါ ကင်းဝေးပါတယ်'

▲ **'ဆရာမကြီးတို့ နေ့စဉ် စားသောက်မှု(Life Style)ကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'နေ့စဉ် ချက်ပြုတ်တဲ့ အစားအစာတွေကတော့ တစ်ပတ်မှာ အသား(၃)ရက် စားပါတယ်။ ကြက်သား၊ ဆိတ်သား၊ ဝက်သား (အသားချည်းသက်သက်) အလှည့်ကျစားပြီး ငါးတစ်မျိုးမျိုးကို (၄)ရက် စားပါတယ်။ **ငါးမြင်း၊ ငါးတန်၊ ပင်လယ်ငါးတွေကို** ရှောင်ကြဉ်ပါတယ်။

ဝမ်းဗွင်းကာလီစာတွေ ဘဲသား အမဲသားတွေကိုလဲ လုံးဝ မစားပါဘူး။

နေ့စဉ် စားသောက်တဲ့ ဟင်းလျာထဲမှာ အသီးအရွက် တစ်မျိုးမျိုးကို ပါအောင် ချက်ပြုတ်စားသောက်ပါတယ်။ တညင်းသီးကို လုံးဝ မစားတာ နှစ်ပေါင်း(၅၀)ခန့် ရှိပါပြီ။ ဒါကြောင့်လဲ ဆီး, ကျောက်ကပ်နဲ့ ပတ်သက်တဲ့ ရောဂါ လုံးဝ မဖြစ်ပါဘူး။

ထမင်းစားပြီးတာနဲ့ (အဖေါ်ဝါတ) အစာအိမ်အားဆေးကို နေ့စဉ် စားပါတယ်။ အစာအိမ်နဲ့ပတ်သက်တဲ့ ရောဂါကင်းသလို အခြား ဘာရောဂါမှလဲ မဖြစ်ပါဘူး'

▲ **'ဆရာမကြီးအနေနဲ့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေငန်းရောဂါတွေ မဖြစ်အောင် ဘယ်လိုကာကွယ်တယ်ဆိုတာ သိပါရစေ'**

○ 'ကိုယ်တိုင်က ရောဂါရှင်တွေကို ကုသနေတဲ့ ဆရာမတစ်ယောက်ဖြစ်လို့ ရောဂါဖြစ်စေတဲ့ အကြောင်းရင်းတွေကို သိထား

တာမို့ အချို့,အဆိမ့်,အဆီ,အငန်
လွန်ကဲတဲ့ အစားအစာတွေ လုံးဝ
မစားဘဲ ရသာ(၆)ပါး မျှတ
အောင် စားပါတယ်။

သွေးတိုး၊ ဆီးချို၊ လေငန်း၊
လေဖြတ် ရောဂါတွေကို ကြိုတင်
ကာကွယ်တဲ့အနေနဲ့ သိမ်ဖြူ
ဆရာတော်ကြီး ဖော်စပ်ခဲ့တဲ့ အသီး
သုံးပါးလျက်ဆား အော်ယုဝဍ္ဍဝန
ရသာယနဆေးကို အမြဲစားပါတယ်။

**ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ ဆီးဖြူ
သီး သုံးမျိုးတို့ရဲ့ အသားချည်း
သက်သက် အချိုးကျ အခြောက်
လှန်းပြီး** အမှုန့်ပြုလုပ် ရောစပ်ကာ
ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်
နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်
ရေကျက်အေးနဲ့ သောက်ပါတယ်။

အဲဒီဆေးကို နေ့စဉ် ရက်မပျက်
စားတဲ့အခါ သွေးတိုးရောဂါ၊
လေငန်းရောဂါ၊ ဆီးချိုရောဂါတွေကို
ကြိုတင်ကာကွယ်နိုင်သလို ထုံကျဉ်
ကိုက်ခဲလေးဖက်နာရောဂါ၊ ဒူလာ
ပါဒရက်ရောဂါတွေကိုလဲ ကြိုတင်
ကာကွယ်နိုင်ပါတယ်'

**▲'မြည့်စွက် ပြောကြားပေးစရာ
များရှိရင် ပြောပြပေးပါဦး'**

○'ယနေ့ခေတ် (၂၁)ရာစုမှာ
တစ်ကမ္ဘာလုံး တိုးတက်ပြောင်းလဲ
လာတာနဲ့အမျှ စားသောက်စရာ
အမျိုးမျိုးလဲ ပေါ်ပေါက်လာ
သလို... ရောဂါ အသစ်အဆန်း
တွေလဲ ပေါ်ပေါက်လာပါတယ်။

ဒါကြောင့် ယနေ့ခေတ်မှာ ထုတ်
လုပ်နေတဲ့ ဓာတုပစ္စည်းများ ပါဝင်
နေတဲ့ အချိုရည်မျိုးစုံ၊ **Ready
Made** အစားအစာများ၊ **သရေစာ**



(**Junk Food**) အစားအစာများကို
စားသောက်ခြင်းမှ ဆင်ခြင်ဖို့ လိုအပ်
ပါတယ်။

ဆားနယ်ထားသော အစားအစာ
များ၊ ဆားရည်စိမ်ထားသော အစား
အစာများ၊ အချိုမှုန့်(ဟင်းခတ်မှုန့်)
များကို လုံးဝ ရှောင်ကြဉ်မယ်ဆိုရင်
ရောဂါအမျိုးမျိုးကို ကြိုတင်
ကာကွယ်ရာ ရောက်ပါတယ်။

အထူး ပြောချင်တာကတော့
မြန်မာ့ရိုးရာ အစားအစာများကို
ဦးစားပေးစားပါလို့ ပြောချင်ပါတယ်။
ကျန်းမာရေးနဲ့ ညီညွတ်ပြီး လူကြီး,
လူငယ်,ကလေးသူငယ်များ ကျန်းမာ
စေဖို့နဲ့ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်ဖို့အတွက် **ခြင်ဆေးခွေ
ထွန်းမအိပ်ဘဲ ခြင်လုံဆန်ခါ၊
ခြင်ထောင်တို့နဲ့ နေထိုင် အိပ်သင့်
ပါတယ်။**

ဘာကြောင့်လဲဆိုရင် ခြင်ဆေးခွေ
တစ်ခွေရဲ့ အငွေ့ကို ရှူရှိုက်ရခြင်းဟာ
ဆေးလိပ်(စီးကရက်) အလိပ်(၅၀)ရဲ့
အငွေ့ကို ရှူရှိုက်ခံရတဲ့ အချိုးအစားနဲ့
ညီမျှကြောင်း သိပ္ပံဆေးပညာရှင်
(ဆရာဝန်)များ ထုတ်ဖော်ရေးသားချက်
များကို လေ့လာမှတ်သားရတဲ့အတွက်
ပြောရတာပါ။

နောက်ဆုံး ပြောချင်တာကတော့
အမျိုးသား/အမျိုးသမီး အားလုံး
ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့
သမုဋ္ဌာန်တရားလေးပါးနဲ့ ညီညွတ်
မျှတစွာ နေထိုင်ပြီး ဆေးလိပ်,ကွမ်း,
အရက်,မူးယစ်ဆေးဝါးများ လုံးဝ
ရှောင်ကြဉ်မယ်ဆိုရင် ရောဂါ အမျိုး
မျိုးကို ကြိုတင်ကာကွယ်နိုင်လျက်
ကိုယ်စိတ်နှစ်ပါး ချမ်းသာကာ
သက်တမ်းစေ့ နေထိုင်နိုင်မှာဖြစ်
ကြောင်း ဖြည့်စွက် ပြောကြားချင်ပါ
တယ်'

**▲'ကျေးဇူးတင်ပါတယ် ဆရာ
ကြီးခင်ဗျား'**

ဆရာမကြီး ဒေါ်မြင့်စန်း(သိမ်ဖြူ)
နဲ့ **ဆက်သွယ်နိုင်တဲ့ လိပ်စာက
တော့...**

**ဆရာမကြီး ဒေါ်မြင့်စန်း(သိမ်ဖြူ)**
နန်းစန္ဒာဟိုင်းရင်းဆေးကုခန်း
အမှတ်(၂၉)၊ မင်္ဂလာလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ ၅၁၀၇၈၀၊ ၀၉ ၇၈၁၈၇၉...

**မြောင်းမြ မောင်ယဉ်တင့်**

# ရက်ယုတ်မာ

ဘယ်ခါမပြုအာဗ်




ကျွန်ုပ်သည် တစ်နေ့တွင် ဗေဒင်ဆောင်းပါးတစ်ပုဒ် ရေးရန်အတွက် **လွန်ခဲ့သော နှစ်(၃၀)ခန့်က** ကူးမှတ် ရေးသားထားသော မှတ်စုစာအုပ် အဟောင်းကလေးကို စာအုပ်စင်မှ ထုတ်ယူပြီး ဟိုလှန်ဒီလှန် လျှောက်ဖတ် နေမိပါသည်။

ထိုသို့ ဖတ်နေရင်းမှ ရှေးဆရာကြီးများ ရေးသားခဲ့သော **ပြဿဒါးရက်ဆိုင်ရာ လင်္ကာများ၊ ရှမ်းရက် ဆိုင်ရာ သံပေါက်ကဗျာများ။ သမားဖြူနှင့် သမားညို ရက်ဆိုင်ရာလင်္ကာများကို** သွား၍ ဖတ်မိပါသည်။

ထိုသို့ ဖတ်မိရာမှ မစင်ကြယ်သော ရက်များအကြောင်း တို့ စိတ်ဝင်စားသွားမိပါသည်။

ကန်ဦးမူ သဗ္ဗမင်္ဂလာအခါပေးကျမ်းအလိုအရ **မစင် ကြယ်သောရက်များမှာ (၁၀)မျိုးရှိကြောင်း** လေ့လာ တွေ့ရှိရပါသည်။ ယင်း မစင်ကြယ်သော ရက်များ ကား…

၁။ ပြဿဒါးရက်

၂။ သမားညိုရက်၊

၃။ သမားဖြူရက်၊

၄။ ရက်ယုတ်မာ၊

၅။ ရှမ်းရက်၊

၆။ မဟာရက်ကြမ်း။

၇။ ဝါရမိတ္တုငယ်၊

၈။ ဝါရမိတ္တုကြီး၊

၉။ ရက်ပုပ်၊

၁၀။ နဂါးပေါ်ရက်

တို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကျွန်ုပ်သည် မစင်ကြယ်သော ရက်(၁၀)မျိုးအနက်မှ ယခု **ရက်ယုတ်မာအကြောင်း** ရေးပြလိုပါသည်။

ကျွန်ုပ်ကူးမှတ်ထားသော ရက်ယုတ်မာဆိုင်ရာ သံပေါက်ကဗျာကလေးကို သေချာဖတ်ကြည့်လိုက် တော့ ရက်ယုတ်မာသည် **နှစ်လ တစ်တွဲ၊ နှစ်လ တစ်တွဲ တူညီသောရက်များ ရှိနေသည်ကို တွေ့ရှိပါ သည်။**

သို့ရာတွင် ကျွန်ုပ်မှတ်စုထဲ၌ နှစ်လတစ်တွဲ ငါးတွဲ စုစုပေါင်း (၁၀)လသာ ပါရှိပြီး သီတင်းကျွတ်လနှင့် ပြာသိုလဆိုင်ရာ နှစ်လတစ်တွဲမှ သံပေါက်ကဗျာ စာပိုဒ် မပါရှိချေ။

ကျွန်ုပ် ကူးမှတ်စဉ်က ပုရပိုက်ဟောင်းတစ်ခုမှ တွေ့၍ ကူးယူထားရှိခြင်း ဖြစ်ပါသည်။

ထိုသို့ ကူးယူစဉ်ကကိုပဲ မျက်စိမှောက်၍ အဆိုပါ နှစ်လတစ်တွဲဆိုင်ရာ သံပေါက်ကဗျာစာပိုဒ်က ကျန်ခဲ့ လေသလော၊ သို့တည်းမဟုတ် ကျွန်ုပ် တွေ့ရှိခဲ့ရသည့် အဆိုပါ ပုရပိုက်ထဲကကိုပဲ ယင်းနှစ်လတစ်တွဲဆိုင်ရာ သံပေါက်ကဗျာစာပိုဒ် မပါခဲ့လေသလော။ ကျွန်ုပ်အနေ ဖြင့် စဉ်းစား၍ မရတော့ပါချေ။

ကျွန်ုပ်မှတ်စု၌ ကျန်ရှိနေသော သီတင်းကျွတ်လနှင့် ပြာသိုလတို့အတွက် ရက်ယုတ်မာသည် မည်သည့်ရက် များ ဖြစ်လေသနည်းဟု သိလိုလှ၍ **ကန်ဦးမူ သဗ္ဗ မင်္ဂလာ အခါပေးကျမ်းမှာ** ရှာဖွေကြည့်လိုက်မိပါသည်။

ထိုအခါ **သီတင်းကျွတ်လနှင့် ပြာသိုလတို့၏ လဆန်း(၁၂)ရက်နှင့် လပြည့်ကျော်(၁၂)ရက်**တို့သည် ရက်ယုတ်မာများဖြစ်နေကြောင်း သွားတွေ့မိပါသည်။

ယခု နှစ်လတစ်တွဲ ခြောက်တွဲစလုံး သံပေါက်ကဗျာ

များဖြင့် ကျွန်ုပ်က ဖော်ပြပေးပါတော့မည်။ ငါးတွဲ(၁၀)လက ရှေးက မူလသံပေါက်ကဗျာများ ဖြစ်ကြပြီး သီတင်းကျွတ်လနှင့် ပြာသိုလ **အတွဲတစ်တွဲအတွက်မှု ကျွန်ုပ်ဘာသာ ရှေးဆရာကြီးတို့၏ ရေးဟန်အတိုင်း ရေးစပ်ကာ ဖြည့်စွက်ပေးလိုက်ပါသည်။**

ဤ သံပေါက်ကဗျာများကို ဖတ်ကြည့်ခြင်းဖြင့် ဗေဒင်ဝါသနာရှင်များအတွက် ရှေးက ရက်ယုတ်မာဆိုတာ ဒီရက်တွေပါလားဟု သိမှတ်သွားပါလိမ့်မည်။

ကျွန်ုပ် ဤဆောင်းပါးရေးရခြင်းမှာလည်း ဗေဒင်ဝါသနာရှင်များနှင့် မြန်မာ့ဝေဒဆိုင်ရာ မစင်ကြယ်သော ရက်များကို လေ့လာလိုသူများအတွက် ရည်ရွယ်၍ ရေးသားရခြင်းလည်း ဖြစ်ပါသည်။

ရက်ယုတ်မာဆိုင်ရာ သံပေါက်ကဗျာများ

❖ တန်ခူးဝါဆို၊ နှစ်လကို
မလို ခြောက်ရက်ကျ။
❖ ကဆုန်တပို့တွဲ၊ နှစ်လထဲ
ပယ်လွဲ လေးရက်ကျ။
❖ နယုန်တော်သလင်း၊ နှစ်လတွင်း
ပယ်ကွင်း ရက်အဌ။
❖ သီတင်းကျွတ်ပြာသို၊ နှစ်လဆို
မလို ဆယ့်နှစ်ကျ။ ***(စာရေးသူ၏ ဖြည့်စွက်စာပိုဒ်)***
❖ တန်ဆောင်မုန်းဝါခေါင်၊ နှစ်လပေါင်
ကြဉ်ရှောင် ရက်ဒသ။
❖ တပေါင်းနတ်တော်၊ လနှစ်ဖော်
မလျော်ရက် စမ္မ။
❖ ပညတ်သမုတ်၊ ညွှန်ပြထုတ်
ရက်ယုတ် မှတ်ပါကြ။
❖ ရှောင်ကြလူရှာ၊ တစ်သက်လျှာ
ပယ်ခွာ ပစ်လိုက်ကြ။

မင်္ဂလာဟူသည် ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်းဟု အဓိပ္ပာယ်ရပေ၏။

တစ်နည်းဆိုရသော် မင်္ဂလာဟူသည် မကောင်းမှုမှန်သမျှကို ပယ်ဖျောက်နိုင်သော သတ္တိရှိခြင်းကို ခေါ်တွင်ကြောင်း ပညာရှိတွေက အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြပါသည်။

ရှေးက ဗေဒင်ဆရာကြီးများသည် မင်္ဂလာအခါပေးရာ၌ မစင်ကြယ်သော ရက်(၁၀)မျိုးတို့မှ ကင်းလွတ်အောင် စင်ကြယ်သောရက်ကို ရွေးချယ်ပေးလေ့ရှိကြပါသည်။

ရက်ယုတ်မာသည် မစင်ကြယ်သော ရက်(၁၀)မျိုးထဲပါရှိနေပေရကား မင်္ဂလာကျက်သရေတက်ဖြိုးစေမည့် အခမ်းအနားများကို ကျင်းပတော့မည်ဆိုပါက အဆိုပါ ရက်ယုတ်မာကိုလည်း ရှောင်ရမည်သာ ဖြစ်ပါသည်။

အထက်၌ ကျွန်ုပ် ဖော်ပြခဲ့ပြီးသော ရက်ယုတ်မာဆိုင်ရာ သံပေါက်ကဗျာများအရ ရက်ယုတ်မာများကို အလွယ်တကူ သိရှိနိုင်စိမ့်သောငှာ အောက်တွင် လအလိုက် ရက်ယုတ်မာများကို ဇယားနှင့် ဖော်ပြပေးလိုက်ပါသည်။

| လ | လဆန်း ရက်ယုတ်မာ | လပြည့်ကျော်-ရက်ယုတ်မာ |
|---|---|---|
| တန်ခူး | ၆ | ၆ |
| ကဆုန် | ၄ | ၄ |
| နယုန် | ၈ | ၈ |
| ဝါဆို | ၆ | ၆ |
| ဝါခေါင် | ၁၀ | ၁၀ |
| တော်သလင်း | ၈ | ၈ |
| သီတင်းကျွတ် | ၁၂ | ၁၂ |
| တန်ဆောင်မုန်း | ၁၀ | ၁၀ |
| နတ်တော် | ၂ | ၂ |
| ပြာသို | ၁၂ | ၁၂ |
| တပို့တွဲ | ၄ | ၄ |
| တပေါင်း | ၂ | ၂ |

❖ ဗေဒင်အလို၊ ရှေးကဆိုသော
ထိုထိုရက်ယုတ်၊ သတိချုပ်၍
မလုပ်အပ်ရာ၊ မင်္ဂလာဟု
ရှောင်ပါစေကြောင်း၊ မေတ္တာလောင်းလျက်
ဆောင်းပါးကြံဆ၊ ရေးစီပြသည်
အေးမြချမ်းသာကြစေသောဝ်။
❖ ပညာလိုလား၊ ပညာပွားအောင်
လိုက်စားသသူ၊ များဗိုလ်လူ
ကြည်ဖြူ ကိုယ်စိတ်မြဲစေသောဝ်။

နတ်မောက် ကြည်မြိုင်



မောင်မြသွေးရင့်

# သာရ မပေါ်လိုကြသူများ

တစ်နေ့သ၌ စာရေးသူ၏ အိမ်သို့ အငြိမ်းစား ကျောင်းဆရာကြီး ဦးမြသောင်း ရောက်လာလေ၏။ ဆရာကြီးက အသက်(၇၀)ကျော်ရှိ နေသော်လည်း ကျန်းမာရေး ကောင်း၏။ တပည့်ဟောင်းများထံ သို့ ယခုလို လာလည်တတ်၏။

ဆရာကြီး ရောက်လာလျှင် စာရေးသူအတွက် စာရေးစရာ ကုန်ကြမ်းပါလာပြီဆိုတာ သိနေ သဖြင့် ဝမ်းသာသွား၏။

ဆရာကြီးအား ကြိုဆို၍ ဧည့်ခံ စကားပြောရင်း ဆရာကြီးထံမှ ဖြစ်ရပ်ဆန်းတစ်ခုကို ကြားသိရ သည်ဖြစ်ရာ ယခု ရေးသားမည့် စာမူတစ်ပုဒ် ဖြစ်လာရလေတော့၏။

*   *   *

ဆရာကြီး ဦးမြသောင်းကား အထက်တန်းပြဆရာတစ်ဦး ဖြစ်၏။ မြန်မာနိုင်ငံ တစ်နံတစ်လျား ကျောင်းဆရာဘဝနှင့် ရောက်ဖူးသည့်ဖြစ်ရာ ဗဟုသုတ ကြွယ်ဝလှ၏။

ဘာသာရေး လိုက်စားသူဖြစ်ပြီး တော်ရုံ ပယောဂ ဝေဒနာရှင်များကို ကုသနိုင်စွမ်း ရှိ၏။

ဆရာဂိုဏ်း တက်၍တော့ မဟုတ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ဂုဏ်တော်စွမ်းအားများကို ယုံကြည်အားထား ကုသခြင်းဖြစ်၏။ စေတနာရှေ့ထား ကုသပေးသဖြင့် ပျောက်ကင်းသည်က များပါသည်။

တစ်ချိန်တွင် ဆရာကြီးသည် ပုပ္ပါးတောင်သို့ အဓိဋ္ဌာန်ခရီးသွားရောက်ခဲ့၏။ အဓိဋ္ဌာန်(၉)ရက် ခရီးဖြစ်ပြီး ပုပ္ပါးတောင်ကလပ်အနီးရှိ ရိပ်သာတစ်ခု၌ တည်းလေ၏။

ဆရာကြီးတည်းသော နေရာသည် ပုပ္ပါးတောင်ကလပ်ကို ဆီးမြင်နေရသည့် တောင်ထိပ်တစ်ခု ဖြစ်၏။

တောင်ကလပ်သို့ လမ်းလျှောက်လျှင် နာရီဝက်ခန့် လျှောက်ရ၏။ ကားလမ်းအတွက် အဆင်းလမ်း အလွန်မတ်ပြီး ဘေးတစ်ဖက် တောင်နံရံ တစ်ဖက်က ချောက်ကြီး ဖြစ်၏။

ဆရာကြီးသည် ထိုနေရာမှ ဖြတ်၍ နေစဉ် နံနက်စောစောထ လမ်းလျှောက်သွား၏။ တောင်ကလပ်သို့ သွားခြင်းဖြစ်သည်။



ဆရာကြီးသည် တစ်နေ့ နံနက်တွင် ထုံးစံအတိုင်း နံနက်လေးနာရီထ၍ ဘုရားရှိခိုး ပုတီးစိပ်ပြီး တောင်ကလပ်ဘက်သို့ ထွက်လာခဲ့၏။

အရုဏ်ဦး အလင်းရောင်သည် မှိုင်းပျပျ ဖြစ်၏။ ပုစွန်ဆီရောင်သန်းနေသည့် အရုဏ်ဦးအလှသည် ပန်းချီကားတစ်ချပ်သဖွယ် ရှုမငြီးအောင် ရှိနေ၏။

ဆရာကြီးသည် ဝေနေယျသတ္တဝါအပေါင်းတို့အား မေတ္တာပို့သရင်း ဖြည်းဖြည်းချင်း လျှောက်နေခဲ့၏။ ကုန်းဆင်းလေးကို လွန်မည်အလုပ် နောက်မှ တစ်စုံတစ်ယောက် ခေါ်သံကို ကြားလိုက်ရ၏။

'ဆရာကြီး...ဆရာကြီး'

ခေါ်သံကို ပီပီသသ ကြားလိုက်ရသဖြင့် လှည့်ကြည့်သော်လည်း ဘာမှ မတွေ့ရ။ ခေါ်သံရှင်မှာ မိန်းကလေးတစ်ဦး၏ အသံ ဖြစ်၏။

'ဟဲ့...ငါ့ကို ခေါ်နေတာ ဘယ်သူလဲ'

ဆရာကြီးက ခပ်ထန်ထန် မေးလိုက်၏။

ဆက်မလျှောက်သေးဘဲ ရပ်ကြည့်နေလိုက်၏။ အကြောင်းထူး တစ်စုံတစ်ရာရှိ မှန်းလည်း သိလိုက်၏။

ထင်သည့်အတိုင်းပင် မှောင်ရိပ်အတွင်းမှ မိန်းကလေးသုံးဦး ထွက်လာကြ၏။

'ဆရာကြီး ကျွန်မပါ။ ဆရာကြီးရဲ့ တပည့်လေ'

ရှေ့ဆုံးက မိန်းကလေးက ပြောနေခြင်းဖြစ်၏။ အနီရောင်ဝမ်းဆက် ဝတ်ထား၏။ သူ့နောက်က မိန်းကလေးနှစ်ဦးကတော့ ပန်းရောင်ဝမ်းဆက်များနှင့် ခပ်ယို့ယို့လေး ရပ်နေကြသည်။

'နေပါဦး... ငါ့တပည့်ဆိုတော့ နင်က ဘယ်သူလဲ'

'သန်လျင်ကျောင်းမှာ နေခဲ့တဲ့ မကျင်သန်းလေ'

ဆရာကြီး ဖျတ်ဆို သတိရလိုက်၏။ သန်လျင်အ.ထ.ကမှာ သူ့တပည့် မကျင်သန်း ရှိခဲ့ဖူး၏။ ကျောင်းပြီးသွား၍ ကျောင်းဆရာမပင် ဖြစ်နေခဲ့ပြီ။

'ဟဲ့... နင် ဘယ်လိုဖြစ်ရတာလဲ ပြောစမ်း'

ဆရာကြီးက မေးသဖြင့် ကျောင်းသန်း ဟူသော မိန်းကလေး က အောက်ပါအတိုင်း ပြောပြလေ သတော့၏။

*　　*　　*

'သမီးတို့ ဘုရားဖူးထွက်ကြမလို့ ဆို'

'ဟုတ်တယ် အမေ... ပုပ္ပါးကို သွားကြမှာ၊ စုပေါင်းသွားကြမှာ အမေရဲ့... သမီးတော့ ပုပ္ပါးသွားရမယ်ဆိုလို့ သိပ်ပျော်တာပဲ။ ဟင်း... အပြန်ကျရင် လေယာဉ်နဲ့ကို ပြန်ခဲ့ဦးမှာ'

'ကျွန်မလေ ပုပ္ပါးဘုရား ဖူးရမယ်ဆို တော့ သိပ်ပျော်တာပေါ့ ဆရာ... ပုပ္ပါး ရောက်တော့လဲ ဘုရားတွေဖူး၊ ပန်းတွေ ခူးနဲ့ သိပ်ပျော်တာပဲ၊ ဟိုနားက အုတ်ခဲ လေးမှာထိုင်ရင်းနဲ့ အဖော်တွေကို ငါ တော့ ပြန်တောင် မလိုက်ချင်တော့ဘူး။ နေခဲ့ချင်တယ်လို့ ပြောမိသေးတယ် ဆရာ။ ပြောမိတဲ့အတိုင်းပဲ နေခဲ့ရပါ တယ်။

ကျွန်မတို့ကားက အခု အဆင်းလမ်းမှာ မှောက်ပြီး တောင်နံရံနဲ့ တိုက်မိလို့ ကျွန်မ သေခဲ့ရတယ်လေ။ အခု ဒီမှာ ကျွန်မ အဖော်တွေနဲ့ ပျော်နေပြီို့ အမေ တို့ကို စိတ်မပူဖို့ ပြောပေးပါ ဆရာ။

ပြော်...ခုန ပြောတဲ့အထဲမှာ ကျွန်မ လေယာဉ်ပျံနဲ့ ပြန်ခဲ့မယ်လို့ အမေ့ကို ပြောခဲ့တာလေ။ ကျွန်မရဲ့ အလောင်းကို လေယာဉ်နဲ့ ရန်ကုန်ပို့ပေးခဲ့ကြတယ်။

ကျွန်မရဲ့ ဌာနက လူကြီးတွေ စီစဉ်ပေး ပြီး သူတို့ကိုယ်တိုင် သင်္ဂြိုဟ်ပေးခဲ့တာ။

ကျွန်မကို ရက်လည်ဆွမ်းသွတ်တဲ့နေ့ မှာ ကျွန်မ သန်လျင်က အိမ်ကို ရောက်



သွားပါတယ်။ သူတို့က ဖိတ်ကြားလို့ပါ။ ဆွမ်းသွတ်ပြီး အမျှဝေပေးပယ့် ကျွန်မ သာဓုမခေါ်ခဲ့ပါဘူး။ သာဓုမခေါ်တဲ့ ဒီပုပ္ပါး ကိုပဲ ပြန်လာခဲ့တာပါ။ အဲဒီ အမေတို့ စိတ်ပူမှာစိုးလို့ ဆရာနဲ့ ကြုံတုန်း မှာရ တာပါတော့ရှင်။'

'ဘယ်လိုဖြစ်ရတာလဲ တပည့် ရယ်... ဆရာလဲ နယ်ရောက်နေ လို့ ဒီကိစ္စတွေ မသိဘူးကွယ့်၊ အေး လေ... ဆရာ လူကြုံနဲ့ပဲဖြစ်ဖြစ် စာနဲ့ဖြစ်ဖြစ် ပြောပေးပါမယ်။

ကိုင်း...ငါတပည့် အခု ဆရာ လာတာဟာ အဓိဋ္ဌာန်ကျင့်စဉ်များ အတွက် လာခဲ့တာ၊ ဆရာ့ရဲ့ ကောင်းမှုကုသိုလ်တွေကို တပည့် အတွက် အမျှဝေပေးပါ့မယ်...သာဓု ခေါ်ပေတော့'

'ဟင့်အင်း ဆရာ... ကျွန်မအတွက် အမျှပေးပါနဲ့ ကျွန်မ သာဓု မခေါ်ချင် သေးဘူး။ ကျွန်မ ဒီမှာနေရတာ ပျော် တယ်။ ကျွန်မ ဒီမှာ အဖော်တွေနဲ့ အားရအောင် နေလိုက်ပါရစေဦး ဆရာ' မိန်းကလေးသည် ပြောရင်း ဆရာကြီးအား လက်အုပ်ချီကာ နောက်ဆုတ်... နောက်ဆုတ်နှင့် ပျောက်သွားတော့၏။ သူမနှင့် ပါလာသူလေးများလည်း ပျောက် သွားလေပြီ။

ဆရာကြီးလည်း ''ဟင်း'' ချရုံမှ တစ်ပါး မည်သို့မျှ မတတ်နိုင်ဘဲ ကိုယ့်ခရီးကို ဆက်ခဲ့ရတော့ သတည်း။

**[တကယ့်ဖြစ်ရပ်ကို အခြေပြု ရေးဖွဲ့ပါသည်။]**

**မောင်သွေးရင့်**



ဦးကျော်သိုက်
(မြန်မာသမားတော်ကြီး)
(သထုံမြို့)

# ညှောင်လင်မယား (၂)[နိုင်းပိုင်

**ယခင်လမှ အဆက်**

သူဝယ်ထားသော အဆိပ်ဆေးမှာ အလွန်ပြင်းထန်သော ဆေးဖြစ်၍ မကြာပါ။ အိပ်ရာပေါ်တွင် လူးလိမ့်နေပါတော့သည်။ သူဝယ်ခဲ့သော ကြွက်နိုင်ဆေးသည် အပြင်းဆုံး ကြွက်သတ်ဆေးဖြစ်၍ တစ်မိနစ်အတွင်း သေနိုင်သောဆေး ဖြစ်သည်။

အိမ်အောက်ထပ်မှ ဒေါ်စိန်စိန်က အိမ်ဖော်မလေး မမူတီးကို အော်၍ ခေါ်လိုက်ပြီး...

'မူတီးရေ... နင့်အစ်မလေး အိပ်ပျော်နေလား မသိဘူး၊ သွားနှိုးလာ ထမင်းစားကြစို့ ဝါလဲ ထမင်းဆာနေပြီ'

ဟု ပြောလိုက်ပါသည်။

မမူတီးလေး အိမ်ပေါ်တက်သွားပြီး မရွှေစိန်ကို ကြည့်လိုက်တော့ နှာခေါင်းက သွေးတွေနှင့် ပါးစပ်က လည်း သွေးတွေ၊ အစာတွေ အ ထွက်ပြီး လူးလိမ့်နေတာ တွေ့၍ အမြန်ဆုံး ပြေးဆင်းပြီး လေ့ကာ လှမ်း၍...

'အမေကြီးရေ...လာကြပါဦး အ လေး သွေးတွေ အန်နေတယ် မြ လာကြပါ'

ဟု အော်ခေါ်လေတော့သည်။

သည်တော့မှ ဒေါ်စိန်စိန်တို့ လင်မယားနှစ်ယောက်လုံး အိမ်ပေါ်သို့ ပြေးတက်လာပြီး မရွှေစိန်ကို ကြည့်လိုက်တော့...

'အောင်မလေး... ကိုယ်ကျိုးတော့ နည်းပါပြီ၊ အဖေကြီး မြန်မြန်အောက်ကို သယ်ချပါ၊ မြင်းလှည်းငှားပြီး ဆေးရုံကို ပို့မှ ဖြစ်မယ်၊ အဆိပ်သောက်တာ ဖြစ်မယ်'

ဟု ပြောပြီး ဆေးရုံကို မြင်းလှည်းနှင့် အမြန်ပို့ကြပါတော့သည်။

ရွှေပန်းထိမ်လုပ်သားများပါ ဝိုင်း၍ သယ်ဆောင်ကြပါတော့သည်။ သို့သော် မရွှေစိန်လေးကတော့ လုံးဝ စကားမေး မရတော့ပါ။ ဖခင်ကြီး ဦးမင်းဒင်က "မိုက်လိုက်တာ သမီးလေးရယ်" ဟု တစ်ခွန်းသာ ပြောပါတော့သည်။

ဆေးရုံရောက်လျှင် ဆေးရုံအုပ် ကုလားဆရာဝန်ကြီးက...

'နင်တို့လူနာ အဆိပ်သောက်တာ အဆိပ်က ပြင်းတယ်။ နှလုံး မခုန်တော့ဘူး အသက်မရှိတော့ဘူးလေ။ လမ်းမှာ သေလာတာ'

ဟု ပြောပါသည်။

ဒေါ်စိန်စိန်လည်း ရင်ဆို့ပြီး တက်နေ၍ မနည်းပြုစုပြီး ဦးမင်းဒင်က ဆရာဝန်ကြီးအား...

'အလောင်းထားခဲ့ပြီး အမြန်ဆုံး သင်္ဂြိုဟ်ဖို့ စီစဉ်ရန် အိမ်ပြန်လိုက်ဦးမယ်။ ဒီမှာ အလောင်းပြင်ဖို့ အလုပ်သမားတွေ ထားခဲ့ပါမယ်'

ဟု ပြောသောအခါ ဆရာဝန်ကြီးက ဒီဆေးရုံမှာ သေသူများ လေယာဉ်ကွင်းအပေါ်မှာ မြှုပ်ရမည်ဟု နယ်



ပိုင်ကြီး သတ်မှတ်ထား၍ အဲဒီမှာ မြှုပ်ပါဟု ပြောပါသည်။

ဦးမင်းဒင်က "ဟုတ်ကဲ့ ဆရာဝန်ကြီး ပြောသည့်အတိုင်း ပြုလုပ်ပါမယ်" ဟု ပြောလိုက်ပါသည်။ ဦးမင်းဒင်က ဒေါ်စိန်စိန်ကို မြင်းလှည်းနှင့် အိမ်ကို ပြန်ခေါ်လာပြီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားပြီး အမြန်ဆုံး ဆေးရုံမှ အသုဘချရန် ဖြစ်သလို စီစဉ်ရပါတော့သည်။ (**ထိုအချိန်အခါသည် ယခုလို နိမ္ဗာန်ယာဉ် မရှိပါ။ လေယာဉ်ကွင်းအထက် ယခု ဆရာတော်ကြီးများ မီးသင်္ဂြိုဟ်သော နေရာ၏ အနောက်ဘက်မှာ ဖြစ်သလို သင်္ဂြိုဟ်ကြ၊ မြှုပ်ကြရပါသည်။)**

ရွှေပန်းထိမ်ဆရာ ဖြစ်သူသည် ဆေးရုံမှာ အလောင်းစောင့်နေရင်း သူ့တပည့် မောင်တင်စင်းလေး သိစေရန်နှင့် ယနေ့ပင် သင်္ဂြိုဟ်မည့်အကြောင်းကို ဆေးရုံကို လာသော လိပ်အင်းက လူများကို အကြောင်းကြားခိုင်းလိုက်ပါတော့သည်။

ဦးမင်းဒင်သည် (၁၂)နာရီထိုးပြီဖြစ်၍ အပေါင်က ငွေ့သည်များ သွားခေါ်သော ခယ်မဖြစ်သူ ဒေါ်အေးဝင်းနှင့် ဦးမောင်တို့ သားအဖအလာကို စောင့်လျှင် ကောင်းမလားဟု မစောင့်ဘဲ သင်္ဂြိုဟ်လိုက်လျှင် ကောင်းပါ့မလားဟု စဉ်းစားပြီး ဒေါ်စိန်စိန်နားသွားပြီး...

'ဒီမှာစိန်စိန်... အပေါင်က ငွေ့သည်တွေကို စောင့်ဦးမလား'

ဟု မေးလိုက်ပါသည်။

'မစောင့်နဲ့တော့... အခုအချိန်ဆိုရင်

ဘူတာပိုင်းက အေးဝင်းတို့အိမ်ကို ရောက်နေကြပြီ၊ မုတ်ကို လွှတ်ပြီး အကြောင်းကြားဆိုင်းလိုက်၊ အေးဝင်းတစ်ယောက်ပဲ အမြန်လာခဲ့ပါလို့ ပြောပြီး ခေါ်ခဲ့၊ မုတ်းနဲ့ မြန်မြန်သွားပြီ၊ ဖေအးဝင်းကို ခေါ်ခဲ့ ကြားလား'

ဟု ပြောပြီး မရွှေစိန်၏ အခန်းသို့ ဝင်ပြီး ပစ္စည်းများကို သိမ်းဆည်းစဉ် ခေါင်းအုံးအောက်မှာ စာရေးထားခဲ့သည်ကို တွေ့ရပါတော့သည်။ စာကို အမြန်ဆုံး ဖတ်ကြည့်လိုက်ရာ သူ့စာတွင်...

'အမေနဲ့ အဖေကို သမီးပိုက် ရှိခိုးခဲ့ပါတယ်၊ သမီးကို ခွင့်လွှတ်ကြပါ သမီးမိုက်' ဆိုသော စာကို တွေ့၍ ဦးမင်းဒင်ကို စာကိုပေးလိုက်ပါသည်။

ဦးမင်းဒင်က...

'ကဲ... အောက်ထပ်မှာ လူတွေလဲ အတော်စုံနေပြီ၊ အချိန်ရှိခိုက် သွားကြရအောင် ဟိုမှာ အားလုံးအသင့်ဖြစ်ထားပြီး ကြပြီ၊ (၃)နာရီထောင် ထိုးတော့မယ် ဆေးရုံကို အမြန်သွားကြရအောင်'

ဟု ပြောပြီး လိုအပ်သော ပစ္စည်းများ ယူဆောင်ပြီး အားလုံး ဆေးရုံကို သွားကြပါသည်။

ဆေးရုံမှာပင် နန်းတော်ဦး ဆရာတော်နှင့် သရဏဂုံတင်ပြီး အမြန်ဆုံး လေယာဉ်ကွင်း သုသာန်သို့ အမြန်သယ်ဆောင်၍ ဖြစ်သလို သင်္ဂြိုဟ်လိုက်ကြပါတော့သည်။

ယခုလို အဆိပ်သောက်၍ သေသူများကို မီးသင်္ဂြိုဟ်ရသော အစဉ်အလာဖြစ်၍ မီးသင်္ဂြိုဟ်သူများသာ ကျန်ခဲ့ပါတော့သည်။

အချိန်မှာလည်း နေဝင်ချိန် နီးလာပြီမို့ ဦးမင်းဒင်က မီးသင်္ဂြိုဟ်သူ(၄)ဦးတို့အား တောခလေ့ထုံးစံအတိုင်း အရက်ဖိုးပေးခဲ့ပြီး အားလုံးပြောကျအောင် သင်္ဂြိုဟ်ပြီးမှ ပြန်ကြရန် မှာကြားပြီး သစ်ကိုင်းတစ်ကိုင်း ချိုး၍ အိမ်ကို ပြန်ခဲ့ပါတော့သည်။



ထိုအချိန်တွင် ခပ်လှမ်းလှမ်း ချုံပုတ်တစ်ခုအတွင်းမှ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် ထွက်လာသော မောင်တင်ဝင်းအား သင်္ဂြိုဟ်သူများက တွေ့ရှိသွားသဖြင့် တစ်မြို့တည်းသားတွေမို့ အားလုံးက သိရှိနေသူများဖြစ်၍...

'ဟောကောင် မောင်တင်ဝင်း...လာကွာ မင်း ဘယ်အချိန်တုန်းက ရောက်နေသလဲ'

ဟု မေးလိုက်ပါသည်။

'ကျွန်တော် အသုဘမချခင်က ရောက်နေပါတယ်။ ကျွန်တော် အဝေးမှာ ပုန်းနေပါတယ်'

ဟု ပြောလေ၏။

'အေးကွာ ဘဝအကြောင်းပေါ့... မိုးလဲချုပ်တော့မယ်။ ပြာလဲ ကျခါနီးပါပြီ၊ ဒီထင်းတွေ အုပ်ထားပြီး ပြန်ကျပါစို့ကွာ'

ဟု ပြောပြီး အလောင်းပေါ်သို့ ထင်းအားလုံးပုံပြီး သူတို့(၄)ယောက် ပြန်ရန် မောင်တင်ဝင်းကိုပါ ပြန်ရအောင်ဟု ပြောကြပါသည်။

သို့သော် မောင်တင်ဝင်းမှာ နေသော လိပ်အင်းနှင့် သုသာန်သည် တစ်ခေါ်လောက်သာ ဝေးသဖြင့် မောင်တင်ဝင်းက...

'ဦးတို့ ပြန်ကြပါ ကျွန်တော် ဒီထင်းလေး ကုန်အောင် မီးရှို့လိုက်ပါ့မယ်၊ နောက်ပြီး ကျွန်တော့်အိမ်က နီးပါတယ်။ ဦးတို့လာ မမှောင်ခင် ပြန်ကြပါ'

ဟု ပြောလိုက်ပါသည်။

သင်္ဂြိုဟ်သူ လေးယောက်သည် အရက်ဆိုင် သွားချင်နေကြပြီဖြစ်သောကြောင့်...

'အေး... တို့သွားမယ်၊ မင်းလဲ ခဏနေပြီး ပြန်တော့'

ဟု ပြောပြီး (၄)ယောက်သား ထွက်သွားကြပါတော့သည်။ အဲဒီတော့မှ မောင်တင်ဝင်းသည် ရင့်တွင်းရှိသမျှ စကားလုံးများကို အန်ထုတ် ပြောကြားလိုက်ပါတော့သည်။

'ညီမလေး ရွှေစိန်... ရောက်ရာဘဝက အစ်ကို့ကို စောင့်နေပါ အစ်ကို လိုက်ခဲ့ပါမယ်'

ဟု ပြောနေတုန်း...

'သားလေး...သားလေး မောင်တင်ဝင်း ရေ...အမေလိုက်လာတယ်လေ၊ အမေ့ကို သနားရင် အရပြန်လိုက်ခဲ့ပါ။ အိမ်မှာ မင်းရဲ့ ညီမလေး တစ်ယောက်တည်း ရှိတာ'

ဟု ပြောပြီး လက်ကို အတင်းဆွဲ



ပြီး ခေါ်ပြန်လာပါတော့သည်။ မောင်တင်ဝင်းသည် မိခင်ခေါ်ရာသို့ မျက်ရည်ကျရင်း လိုက်ပါလာတော့သည်။

အိမ်ပြန်ရောက်သည့်အခါ ရေလည်း မချိုး၊ ထမင်းလည်း မစားသည့်သူ့ကိုမှ စကားမပြော၍ မိခင်ကြီးမှာ သားအတွက် ရတက်မအေးဖြစ်ရပါတော့သည်။

သို့သော် မောင်တင်ဝင်း အခန်းတွင်းမှာ ဘာလုပ်နေလဲ အိပ်နေသလားဆိုတာ သိချင်၍ အသာချောင်း ကြည့်လိုက်ပါသည်။ မောင်တင်ဝင်းသည် စာတစ်စောင်ကို ဖတ်နေတာ တွေ့ရ၍...

'ဘာစာလဲ သား... အမေ့ကို ပြောပြပါလား'

ဟု ပြောလိုက်ရာ မောင်တင်ဝင်းက...

'ဘာစာမှ မဟုတ်ပါဘူး။ မရှေးမီနှ မသေခင်က ပေးသွားတဲ့ စာကို ဖတ်ကြည့်တာပါ။ သား ထမင်းမစားတာ။ ဟိုမှာ အလောင်း မီးသင်္ဂြိုဟ်တာကြီး မြင်နေလို့ပါ အမေ။ သားဆာတဲ့အခါ ထပြီး စားပါ့မယ်'

ဟု မိခင်ကြီးကို ပြောလိုက်ပါတော့သည်။

အမေဖြစ်သူက သားကို စကားတွေ အများကြီး ပြောစရာ ရှိနေပါသော်လည်း သားစိတ်မကောင်း ဖြစ်မှာစိုး၍ ဘာမှ ဆက်မပြောတော့ဘဲ သူ့အိပ်ရာပြင်ဆင်ပြီး ဘုရားရှိခိုးမေတ္တာပို့အမျှဝေပြီး အိပ်ရာဝင်၍ အိပ်လိုက်ပါတော့သည်။

နံနက်(၆)နာရီထိုးခါနီးမှ အိပ်ရာမှ နိုးပြီး ခါတိုင်းလိုပင် မောင်တင်ဝင်းကို (၇)နာရီထိုးခါနီးမှ နိုးနေကြမို့ နိုးနေပြီဖြစ်သော (၇)နှစ်အရွယ် သမီးငယ် မခင်ဝင်းလေးကို လက်ဖက်ရည်ဆိုင်ကို နံပြား(၂)ချပ်နှင့် လက်ဖက်ရည် (၂)ခွက် ဝယ်ခိုင်းလိုက်ပါတော့သည်။

ထိုအခိုက်မှာပင် မောင်တင်ဝင်း၏ မိခင်ဖြစ်သူ ဒေါ်မြမေအား အိမ်၏အနီးနေသူ ဦးခင်မောင်က...

'ဟဲ့ မမြမေ... နင့်သား မောင်တင်ဝင်း သူ့အိပ်ရာမှာ ရှိရဲ့လား။ (၄)နာရီလောက်က ထွက်သွားတာ ငါတွေ့လိုက်တယ်။ တင်ဝင်း ဟုတ်,မဟုတ် မသဲကွဲလို့ နင့်မေးကြည့်တာ'

ဟု ပြောသောအခါမှ ဒေါ်မြမေသည် မောင်တင်ဝင်းအိပ်ရာသို့ ဝင်ကြည့်ရာ မောင်တင်ဝင်းကို မတွေ့ရတော့ပါ။

'မရှိတော့ဘူး၊ သားလေး သင်္ချိုင်းသွားတာဖြစ်မယ် ဒုက္ခပဲ ဦးခင်မောင် ကျွန်မနဲ့ အဖော်လိုက်ပေးပါ။ ကျွန်မ မသွားရဲလို့ပါ။ သမီးလေး အိမ်စောင့်နေ'

ဟု ပြောပြီး ဦးခင်မောင်နှင့် အတူ လေယာဉ်ကွင်းကို မြင်နေရပါသည်။ **(ထိုအချိန်က လေယာဉ်ကွင်းသည် ချုံနွယ်တွေ မပေါက်ရောက်နေ၍ ယခုလို မရှင်းလင်းပါ။)**

ဝါးငါးပြန်ခန့် အရောက်တွင် (အကွာအဝေးမှာ) နေပိန္နရ ဘုရားလမ်းဘေးတွင် လူတွေစုပြီး ကြည့်နေကြသောနေရာသို့ ဦးခင်မောင်က ဦးဆောင်ပြီး သွားဝင်ကြည့်ရှုရာ

လမ်းဘေး ကနစိုးပင်အပေါ်မှ တွဲလောင်းကျ သေနေသော မောင်တင်ဝင်းလေးကို တွေ့ရပါတော့သည်။

'အောင်မယ်လေး... ကယ်ကြပါဦး အဖြစ်ဆိုးလှချေလားသားရယ်၊ အမေ့မှာ သားလေးကိုပဲ အားကိုးနေရတာ အခု တော့ အမေ့မှာ'

စကားမဆုံးမီ ဒေါ်မြမေသည် ရင်မှဆို့နင့်ပြီး တက်သွားပါတော့သည်။ ပတ်ဝန်းကျင်မှလူများ ဝိုင်းဝန်း ပြုစုပြီး ဦးခင်မောင် ဦးဆောင်ပြီး ဒေါ်မြမေကို ရပ်ဆွေရပ်မျိုးများက အိမ်ကို သယ်ဆောင်သွားကြပြီး သက်ဆိုင်ရာ အာဏာရှိသူများနှင့် ရပ်ကွက်လူကြီးများက သစ်ပင်ပေါ်က မောင်တင်ဝင်း အလောင်းကို ဖြုတ်ချပြီး စစ်ဆေးကြည့်ရာတွင် မောင်တင်ဝင်း၏ အိတ်အတွင်းမှ စာတစ်စောင်တွေ့ရပါသည်။

ထိုစာထဲတွင် မောင်တင်ဝင်း က...

'အမေ သားမိုက် ရှိခိုးခဲ့ပါတယ်။ သားကို တစ်ညလုံး စိန်စိန်လာခေါ်နေလို့ ကျွန်တော်တို့နှစ်ယောက် အတူပေါင်းရဖို့ သားမိုက် မရွှေစိန်ခေါ်ရာကို လိုက်သွားပါတော့မယ်။ သားရဲ့ အလောင်းကို မရွှေစိန်သင်္ဂြိုဟ်ရာ နေရာရဲ့ ညာဘက်က သားကို မီးသင်္ဂြိုဟ်ပေးပါ သားမိုက်တင်ဝင်း'

ဟု ရေးသားထားသည်ကို လူအားလုံး တွေ့ရှိကြပါတော့သည်။

သို့ပါ၍ လိပ်အင်းရပ်ကွက် လူကြီးများက သုသာန်သည် လိပ်အင်းရပ်ကွက်ပိုင်ဖြစ်၍ လိပ်အင်းသူကြီး



ဦးတင်မောင်က...

'ကဲ...ကဲ...ဗိုလ်လူတို့ရေ မိသားတစ်စုလုံး ဆင်းရဲပြီး ငွေမှမရှိဘဲ တို့ရဲ့ သာရေးနာရေးရန်ပုံငွေက သုံးစွဲပြီး မောင်တင်ဝင်း ဆန္ဒအတိုင်း ဟိုကောင်မလေးရဲ့ ပြာပုံ ညာဘက်ကို သယ်ဆောင်သွားပြီး မီးသင်္ဂြိုဟ်လိုက်ကြပါကွယ်'

ဟု ပြောပြီး...

'ငါလဲ ဒေါ်မြမေတို့သားအမိကို သွားကြည့်ပြီး ရက်လည်တဲ့အထိ တာဝန်ယူဖို့ လူပျိုခေါင်း ဘတင်တို့နဲ့ သွားပြီး စီစဉ်လိုက်ဦးမယ်'

ဟု ပြောပြီး လိပ်အင်းကို ပြန်သွားပါတော့သည်။

မောင်တင်ဝင်းနှင့် မရွှေစိန်လေးတို့ ချစ်သူနှစ်ဦး မီးသင်္ဂြိုဟ်သောနေရာသည် တစ်ဦးနှင့် တစ်ဦး လေးတောင်လောက် ကွာခြားပါသည်။

နောက်မကြာမီ ညောင်(၂)ပင် တစ်ပြိုင်တည်း ပေါက်လာသည်ကို တွေ့ရပါတော့သည်။ ထိုညောင်ပင်နှစ်ပင်သည် လက်မောင်းလောက် အရွယ်တွင် ညောင်နှစ်ပင်လုံး အပေါ်ပိုင်း အဖျားက စ၍ ပူးကပ်ပြီး နှစ်ပင်လုံး ဗဟိုတည့်တည့်မှာ နှစ်ပင်တစ်ပင်တည်းဖြစ်သွား၍ သိမီသူများက ယင်းညောင်နှစ်ပင်ကို "**ညောင်လင်မယား**"ဟု ခေါ်ကြပါသည်။

ယခု နှစ်ပေါင်း (၆၀)ကျော်အထိ သထုံမြို့ လေယာဉ်ကွင်းအပေါ် ယူကလစ်ပင်တန်းဘက်ကို ကြည့်လိုက်လျှင် ဖော်ပြပါ ဓာတ်ပုံအတိုင်း တွေ့မြင်ရပါလိမ့်မည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ **မွန်ပြည်နယ်၊ သထုံမြို့ကို ရောက်လျှင် လေယာဉ်ပျံကွင်းမှာ ယခုတိုင် သွားရောက်** ကြည့်ရှုမှတ်သားနိုင်ပါကြောင်း တင်ပြလိုက်ပါသည်။

**ဦးကျော်ဟိုး**
***(မြန်မာသမားတော်ကြီး)***
**(သထုံမြို့)**

# ပသျှူးရတနာ အဖြေရှာမလား

ကလောင်စာဆို ဖိုးလက်ဩ



လက်ဖက်သုပ်တစ်ပွဲနှင့်
ရေနွေးလာချပေးသဖြင့်
လက်ဖက်သုပ်တစ်ဖွန်း
ကော်စားရင်း ရေနွေးကြမ်း
တစ်ပန်းကန် ငှဲ့သောက်
လျက် ပြောလာမည့်စကားကို စောင့်
နေမိပါသည်။

ကျွန်တော် စာရေးသူ တစ်နေ့သော နေ့လယ်ခင်း မိုးတဖြောက်ဖြောက် ဖြစ်နေပါသဖြင့် ဘယ်မှသွားတဲ အိမ်ရှေ့ဧည့်ခန်းက ထိုင်ခုံပေါ်တွင် မျက်စိမှိတ်လျက် မှိန်းနေသည်။

အိမ်ရှေ့လမ်းပေါ်မှ...

'စာရေးဆရာ၊ ဆရာကြီး'

ဟု ခပ်ကျယ်ကျယ် ခေါ်သံကြားသဖြင့် ဖျတ်ခနဲနိုးသွားပြီး အိမ်ရှေ့ကို လှမ်းကြည့်လိုက်သောအခါ ခင်မင်နေတဲ့ ဦးချစ်အုံးဆိုသူ အိမ်တံခါးဝ ရပ်လာသောကြောင့်...

'လာဗျာ... ထိုင်ထိုင်'

ဟု လောကဝတ်ပြုရင်း...

'ဘာကိစ္စရှိလို့လဲ'

ဟု မေးပြီး ဧည့်ခန်းစားပွဲဝိုင်းတွင် ထိုင်မိကြပါသည်။

ကျွန်တော့် အမျိုးသမီးကလည်း

ဦးချစ်အုံးက ပြောပြသည်မှာ...

'စာရေးဆရာရေ... ခင်များရဲ့ **"ကျောက်သေတ္တာကြီးနဲ့ ရေပြာအိုင်သခင်မ"** ဆောင်းပါးကို ဖတ်ပြီးကတည်းက စိတ်ဝင်စားသွားလို့ ကျွန်တော်သိထားတဲ့အကြောင်းအရာတစ်ခုကို ပြောပြချင်ပြီး လာခဲ့တာပါ။

ကြာတော့ ကြာပါပြီ။ ဒါပေမယ့် သိပ်မဝေးတဲ့နေရာမှာ ရှိနေတာမို့ စိတ်ဝင်စားမိတယ်။ ဘယ်သူမှ မရသေးဘူးဗျ။ စမ်းကြည့်ရင် ကောင်းမလား။

ရရင်တော့ ပွပြီဗျ။ စိတ်ကူးကောင်းဖို့တော့ လိုမယ်ထင်တယ်။ ခင်ဗျားတို့ စာရေးဆရာတွေက စိတ်ကူး ကောင်းတတ်တယ်။ ဒါကြောင့် လာပြောတာဗျ။ စဉ်းစားပြီး နားထောင်ကြည့်ပါဗျာ'

**ပဿျူးရတနာရဲ့ နောက်ခံသမိုင်း**

ဦးချစ်အုံးပြောပြတာ ဒီလိုပါ။ သူက လယ်သမားတစ်ဦး ဖြစ်ပါသည်။ တစ်ပါတီခေတ်၊ ကောင်စီခေတ်ဟု ဆိုရမှာပဲ။ စပါးကေကမသွင်းနိုင်တဲ့ လယ်သမားတွေ ထောင်ကျသည်။ အဖမ်းခံရတယ်လေ။ သူလည်း ပါသွားပြီး ထောင်တစ်လ ကျခံရသည်။

'ထောင်ကျတာ အကောင်းသား စာရေးဆရာရေ၊ ထောင်ထဲမှာ နှစ်ကြီးသမားတစ်ယောက်နဲ့အတူနေခဲ့၊ အိပ်ခဲ့ရတယ်လေ။ ပုံမှာပါသွားတဲ့ ဆေးလိပ်ကလေးကွမ်းယာကလေးပေးတော့ ခင်သွားကြပြီး စကားပြောဖော်ရတာပေါ့။

သနားစရာပဲ သူက ဒူလာသမား။ မျက်နှာ ဖြူရော်ရော်ဖြစ်နေတယ်။ ချောင်းကလဲ ညညထဆိုးသံ ကြားရတယ်။

ကျွန်တော်လဲ အိပ်မရသဖြင့် ထထိုင်၊ ဆေးလိပ်သောက်နေတော့ သူပါထထိုင်ပြီး...

'သူငယ်ချင်း နိုးသွားလား...၊ ဘယ်ကလဲ'

**သစ်မှတ်ပင်**
**ခြေရင်းမှာ**
**လက်ဝတ်လက်စားနဲ့**
**ငွေသား၊ ရွှေအိုးတစ်လုံး**
**ရှိတယ်**
**သူပိုင်ပစ္စည်းပါတဲ့**
**သူသေသွားရင်...**

လို့ မေးပါတယ်။

'ကျွန်တော် ဟိုင်းကြီးနားကပါ' ဆိုတော့...

'ဘာမှုလဲ'

တဲ့...။

'မေးပြန်တယ် စပါးမသွင်းနိုင်လို့ ကေကမကျေဘူးဆိုပြီး အဖမ်းခံခဲ့ရတာပါ'

လို့ ပြောပြီး သူ့ကို တစ်လှည့် ပြန်မေးမိပါတယ်။

'ဘာမှုနဲ့ကျတာလဲ ဘယ်လောက် ကြာဦးမလဲ'

လို့ မေးလိုက်ပါတယ်။ သူက ပြန်ပြောသည်မှာ...

'ဓားပြမှုဆိုပါတော့ဗျာ။ သုံးနှစ်ကျော်ပြီဗျ။ ဘယ်လောက်နေရဦးမယ်မသိပါဘူး။ တကယ်တော့ ''အဖော်ကောင်း နွားကျောင်းပါ'' ဖြစ်ခဲ့တာပါ။

တကယ်မတိုက်ရဘဲ ခံလိုက်ရတယ် ဆိုပါတော့ဗျာ။ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခဆိုတာ ကိုယ်မလုပ်လဲ သူ့ဟာသူရောက်လာရင် ရောက်လာတတ်တာကို အခုမှ ခံရမှ ယုံမိပါတယ်တဲ့'

ဦးချစ်အုံးအမှုက တစ်လကြာပြန်လွတ်မှာ သိနေတော့ ထိုသူက ဆက်ပြောသည်မှာ...

'ခင်ဗျားအမှုက မကြာပါဘူး။ ပြန်လွတ်မှာပါ။ ကျွန်တော့်အမှုက ကြာလိမ့်မယ်။ ထောင်ထဲမှာသေကောင်သေမလား မသိပါဘူး'

တဲ့...။

'တကယ်မလုပ်ဘဲ ခံရတာဆိုတာ ဘယ်လိုလဲဗျာ'

လို့ဆိုတော့ သူပြန်ပြောသည်မှာ...

'ကျွန်တော်တို့ **ပဿျူးချိုင်နဲ့ ဗီးချိုင်မှာက** နှစ်တိုင်းလိုလိုပါပဲ မုန်တိုင်းကျပြီး သင်္ဘောတွေပင်လယ်ထဲမှာ နစ်မြုပ်ရင်၊ ပျက်စီးရင်၊ ကျောက်ဆောင်နဲ့တိုက်ပြီးပျက်ရင်၊ မြုပ်ရေပေါ်ပေါ်မျောတဲ့ ပစ္စည်းတွေအပြင် သင်္ဘောပျက်တွေပါ ချိုင်ထဲရောက်လာရင် ပင်လယ်စပ်၊ ကမ်းစပ်ချောင်ပြင်မှာသာ တင်ကြပါတယ်။

ဘယ်သူဘယ်ဝါစွည်းလို့ ပိုင်ရှင်မရှိကြတော့ပါဘူးဗျာ။ ပင်လယ်ဆိုတာမျိုးကလဲ အခက်သားကလား။ မုန်တိုင်းကျပြီးရင် လေပြည်လေညင်းတသုန်သုန်နဲ့ လှသလားမမေးနဲ့ မုန်တိုင်းဆိုတာ သူနဲ့ ဘာမှမဆိုင်သလိုပါပဲဗျာ။

အင်မတန်လှပတဲ့ နေရောင်ခြည်အောက်မှာ ညနေခင်း နေဝင်ရီတရောအချိန်နဲ့ မနက်နေထွက်စအချိန်တွေမှာ စာရှုသူတွေကို မြင်စမ်းစေချင်ပါတယ်။ ဘယ်လောက်လှ ဘယ်လောက် သာယာသလဲဆိုတာ ဘယ်လိုအရသာမျိုးဆိုတာ ခံစားကြည့်မှ သိနိုင်မှာပါဗျာ'

ဒါကြောင့်လဲ ပင်လယ်ကမ်းခြေတွေဖြစ်တဲ့ **"ငပလီ"၊ "ချောင်းသာ"** နဲ့ **"ငွေဆောင်"** လို နေရာမျိုးတွေမှာ နွေရာသီဆို ငွေကုန်ကြေးကျခံပြီး သွားရောက် အပန်းဖြေကြခြင်း ဖြစ်တယ်လို့ ထင်မိပါတယ်။

ကျွန်တော်တို့ဆီက "မော်တင်ကမ်းခြေ" နဲ့ မြွေတောင်ဆိုရင် ကမ်းခြေလှပ သာယာကောင်းမွန်တဲ့ နေရာတွေပါ။ အခုခေတ်နဲ့အညီ တိုးတက်လာပါပြီ။ "မန်ဂလို" တွေ တည်းခိုခန်းတွေနဲ့ အလွန် စည်ကားလျက် ရှိပါတယ်။

ကျွန်တော့်အကြောင်း ဆက်ပြောပါမည်။ မုန်တိုင်းတိုက်ပြီးနောက်တစ်နေ့ နံနက်တစ်ခုတွင်လည်းကောင်း၊ ညနေခင်းတစ်ခုတွင် လည်းကောင်း၊ ကျွန်တော်တို့ ပင်လယ်ချိုင်ထဲမှာ နေတဲ့ ရွာတိုင်းကလူတွေ၊ ပင်လယ်ကမ်းတစ်လျှောက်မှာ ဖရဖျောကမ်းတင်တွေ လိုက်ကောက်တတ်ကြပါတယ်။

တန်ဖိုးရှိတာတွေလဲ ရကြတယ်ဆိုပါတော့။ မိမိတို့မသိတဲ့ ပစ္စည်းများ၊ စက်များ၊ အထည်အလိပ်၊ သေတ္တာအမျိုးမျိုးနဲ့ သိတဲ့ပစ္စည်းလဲ ရကြပါတယ်။

ကိုယ်ရကိုယ်ယူ စတမ်းပေါ့။ ပိုင်ရှင်မဲ့ပစ္စည်းတွေလေ၊ အပြစ်ရှိသလား၊ မရှိလားတော့ မသိပါဘူး၊ ရရင်ယူကြတာပါပဲ။

လူသေ၊ ခွေးသေ အားလုံးပါလာပြီး သောင်တင်ကြသည်မှာ ပင်လယ်ရဲ့သဘောသဘာဝဆိုတော့ အမြဲလိုလိုပါပဲဗျာ။



တစ်နေ့သောညနေ၊ နေဝင်ရီတရောလေးမှာ ပုဆိုးတစ်ထည်ခြုံလို့ ပင်လယ်ကမ်းစပ်တစ်လျှောက် ကြည့်ပြီး ရှာနေတယ်ဆိုရပါမယ်။

ပင်လယ်ချိုင် တစ်နေရာမှာ ကျောက်ထူထူနဲ့ အမှိုက်တွေ၊ ဒိုက်တွေ၊ အစုတ်တွေပေါ့ဗျာ။ ဟိုနေရာ ဒီနေရာတင်နေကြပါတယ်။ တစ်နေရာရောက်တော့ သဲပုံးနေတဲ့ လွယ်အိတ်ကြီးတစ်ဝက် ကြိုးစပေါ်နေလို့ ဆွဲဖော်လိုက်မိပါတယ်။

အတော် လေးသား၊ ကံကောင်းပြီဆိုရမယ်။ ဇစ်ကိုဆွဲဖြဲလိုက်တော့ အထဲမှာ ရွှေသားလက်ဝတ်ရတနာ အချို့နဲ့ ငွေသားတွေ ရေစိုစိုနဲ့ မနည်းများသားကလား။ နေကဝင်ပြီလေ အတင်းကောက်လွယ်၊ ဟိုဒီကြည့်ပြီး ရွာဘက် တစ်ချိုးတည်း လစ်လိုက်တာပေါ့။

ရွာဝလဲဝင်ရော ဘယ်က ထွက်လာသလဲ မသိပါဘူး ရဲ လေး,ငါး ယောက် သေနတ်တွေနဲ့ ချိန်ပြီး ဓားပြမှုနဲ့ အဖမ်းခံရတော့တာပါပဲ။ ပစ္စည်းသိမ်း၊ လူဖမ်းတာ နောက်မေးကြည့်တော့ အဲဒီအချိန်က သိန်း (၁၀၀)ဖိုးလောက် ရှိသတဲ့ဗျာ … ကျွတ်…ကျွတ်။

ကျွန်တော်တို့က ဆင်းရဲသားတွေလေ နှမြောမိတာပေါ့။ အခုတော့ လွတ်ရက်မသိဘူး နှစ်ပြည့်ပြီး ဘယ်ဖနေ့ လွတ်မလဲ။ ဒါပေမယ့် ခင်များကို ခင်လို့ သိတာလေး ပြောလိုက်ပါရစေတဲ့။ ခင်ဗျား ကံကောင်းရင် ရှာတွေ့ပါလိမ့်မယ်။

**သေသွားတဲ့ ပင်လယ်ဓားပြတစ်ယောက် ပြောခဲ့တာပဲ၊ ရွှေဘက်ကမ်းစပ် တောင်စွယ်တစ်ခုရဲ့ သစ်ပုတ်ပင်ခြေရင်းမှာ လက်ဝတ်လက်စားနဲ့ ငွေသားရွှေအိုးတစ်လုံးရှိတယ်။ သူပိုင်ပစ္စည်းပါတဲ့။ သူသေသွားရင် စားတာစား၊ လှူတာလှူပြီး**

**အမှုဝေပါတဲ့မျှာ။**

သောက်ရေအိုးလောက် အရွယ်အိုးဖြစ်လို့ တစ်ပိဿာထက်မနည်း ရှိလိမ့်မယ်။ သူသေသွားတာ (၂)နှစ်ရှိပြီ အတူနေလို့ပြောခဲ့တာကို ပြန်ပြောတာနော်တဲ့...။

ကျုပ်လဲ လွတ်ရက်မသိတော့ နီးစပ်တဲ့ငါ့ညီမို့ ပြောပြတာ ကျေးဇူးရှိလို့ပါနော်။ ရှာနိုင်ရင် တည့်တည့်ရကြမှာပါပဲတဲ့။

'စာရှုသူစိတ်ဝင်စားရင် လာခဲ့ပါ။ "ပိုးလက်ညို" စာရေးဆရာဆိုရင် ငါးပြေမရွာမှာ ဘယ်သူမေးမေး သိပါတယ်။ ဦးချစ်အုံး အိမ်ကို အတူသွားပြီး သူနဲ့အတူသွားရှာကြမယ်လေ၊ စိတ်ဝင်စားမှာပေါ့'

---

ပုံပြင်ထဲက ပဿူးရတနာများ

(နောက်တစ်မျိုး)ပါ

---

ဆိုပါတော့ စာရှုသူ စိတ်ဝင်စားမည်ထင်ပါသည်။

ကျွန်တော့်အိမ်က ငါးပြေမအောက်ရွာမှာ တိုက်မျက်နှာစာခံ ဆင်ဝင်အိမ်ပါ။ ရောက်တာနှင့် ကလေး၊ လူကြီး မည်သူကိုမဆို ကျောင်းအုပ်ကြီး စာရေးဆရာအိမ် ဘယ်မှာလည်းဆိုရင် လက်ညှိုးထိုးပြပါလိမ့်မည်။

ကျောင်းဆရာကြီး ငြိမ်းစားဆိုတော့ ပညာရေးစိတ်မကုန်သေးဘူး။ ဇီးချိုင်မှာနေတဲ့ရွာကို တာဝန်ကျလာတဲ့ အထက်တန်းပြ ဆရာမလေးကို "အခံမဲ့" တင်ကျွေးပြီး လက်ခံစောင့်ရှောက်လျက် ရွာကို တစ်ဖက်တစ်လမ်း ကျေးဇူးပြန်ပြုထားပါသည်။



တစ်နေ့မှာ နေ့ခင်းဘက် အိပ်ရာထဲ ဝင်နှပ်နေမိပါသည်။ ဆရာမလေးက မီးဖိုခန်းမှာ ရေနွေးအိုးတည်နေတယ်ထင်ပါသည်။ အိမ်ရှေ့ကို ဆိုင်ကယ်ရပ်သံ ကြားလိုက်ပါသည်။

'အို...အမေမတို့ပါလား'

ဆိုတဲ့ ဆရာမလေးအသံလည်း ကြားပြီး အိမ်ရှေ့ထွက်သံ ကြားလိုက်ပါသည်။ ဧည့်သည်ရောက်လာပြီဆိုတော့ အိပ်နေလို့မရတော့ဘူးလေ။ ကုန်းထလို့ အိမ်ရှေ့ထွက်လာပါသည်။ တစ်ယောက်က ဝဝ၊ တစ်ယောက်က ပိန်ပိန်၊ အပျို အရွယ်ကောင်မလေး မျက်မှန်နက်နှင့်ပါ၊ ဝဝကတော့ ကြီးပုံရသည်။ ပါဝါမျက်မှန်နှင့် ဖြစ်ပါသည်။

အိမ်ပေါ်ရောက်တော့ ဆရာမလေးက မိတ်ဆက်ပေးပါသည်။

'ဆရာကြီး... ဒါ ကျွန်မအမေ ဇီးချိုင်မှာ နေပါတယ်။ ဒါက ညီမလေးပါ။ ဂျမ်းကာပ ရွာမှာ ဆရာမဖြစ်နေပါတယ်၊ ကျောင်းပိတ်လို့ လာလည်တာပါ'

လို့ဆိုတော့ ကျွန်တော်လည်း ပြုံးပြ နှုတ်ဆက်လျက် ဧည့်ခန်းမှာ နေရာချပေးလိုက်ပါသည်။

**၇–၈–၂၀၁၇နေ့က ဖြစ်ပါသည်။** ကျွန်တော့်အမျိုးသမီးကလည်း ထုံးစံအတိုင်း လက်ဖက်သုပ်တစ်ပွဲ လာချပေးရင်း ထိုင်သည်။ စုမိပြီး အကြောင်းအရာမျိုးစုံ ရောက်သွားပါသည်။

ဆရာမလေးက စတင်၍...

'အမေတို့ငယ်ငယ်က သွားကစားကြတဲ့ ပဿူးချိုင်က သဘော်ပျက်ကြီး အကြောင်းဆရာကြီးကို ပြောပြလိုက်ပါဦး။ ဆရာကြီးက စာရေးဆရာလေ'

ဟု ပြောပါသည်။ ကျွန်တော်က လည်း...

'ပြောပြပါဦး အစ်မရဲ့ဇာတ်လမ်းလေးကို ကျွန်တော်သိထားတာနဲ့ တူရဲ့လားလို့ပါ'

ဟု ဆက်မေးလိုက်ပါသည်။

ဆရာမလေးကလည်း လက်ဖက်သုပ်တစ်ဇွန်း ကောက်ဝါးလိုက်ပြီး...

'ဒီလို ငါ့မောင်ရဲ့ တို့ငယ်ငယ် အပျိုပေါက်(၁၄/၁၅)နှစ်သမီးအရွယ်လောက်က အဲဒီနေရာ ပဿူးချိုင်နဲ့ ငါတို့နေတဲ့ ဇီးချိုင်ရွာက တစ်ဆက်တည်းရှိတာလား၊ သိပ်မဝေးလို့ ခရကောက်၊ ဂျင်းခပ်၊ ငါးသယ်ပိုက်ချ၊ ကွန်ပစ်ဆိုသလို အမြဲရောက်ပါတယ်။

သဘော်ပျက်ကြီးတစ်စင်း ဦးပိုင်းပေါ်နေတယ်ကွယ့်။ ကျောက်ကြိုး ကြီးတွေ၊ စက်သီးကြီးတွေ၊ ကျောက်

ဆုံးကြီးတွေတောင် ထိုးထိုးထောင်ထောင်ပေါ်နေတုန်း ရှိသေးတယ်။

တစ်ဖက်စောင်းပြီး မြုပ်နေတာ၊ တက်မကြီးနဲ့ ပန်ကာတွေတောင် ရှိသေးတယ်။ အဲဒီတုန်း မယူမကိုင်ကြပါ။ ရိုးသားတဲ့လူတွေဆိုတော့ တစ်နေ့ပိုင်တဲ့သူ လာယူမယ်ထင်တာပေါ့။

အခု အစ်မလဲ (၆၅)နှစ်ရှိပြီလေ။ နောက်ပိုင်း သံဖြတ်သမားတွေ လာပြီး ဖြတ်တောက်ယူကြတယ်၊ ပျဉ်ခွာယူကြတယ်နဲ့ အခုတော့ ဘာမှကို မကျန်တော့ပါဘူး။

ပါးစပ်ရာဇဝင်တစ်ခုတော့ တို့ အဘိုးတွေက ပြောခဲ့တာပေါ့ မှတ်မိသေးတယ်။

ဒီသင်္ဘောပျက်ကြီးဟာ သုံးပင်တိုင်ရွက်သင်္ဘောကြီးတဲ့။ မုန်တိုင်းကြီးတိုက်တဲ့တစ်ညမှာ ပင်လယ်ထဲကနေပြီး ညဘက်ကြီး ချိုင်ထဲဝင်လာတာ၊ ကျောက်ဆောင်နဲ့ငြိလို့ မြုပ်တယ်လေ။

အသားမည်းမည်းနဲ့ ကုလားတွေ လူပေါင်း(၆၀)ကျော်လောက်ရှိမယ်။ သူ့စကားကိုယ်နားမလည်၊ ကိုယ့်စကားသူနားမလည်နဲ့ ရွာထဲ တချို့ ရောက်လာကြသေးတယ်။

လေငြိမ်မှ ခပ်လှေကြီးကြီး(၂)စင်းနဲ့ ပင်လယ်ထဲ ပြန်ထွက်သွားကြတယ်။ နောက်တော့ ပြန်ရောက်လာတာ မတွေ့ဘူးကွယ့်တဲ့။

အဲဒီညက မီးတွေ၊ မီးတုတ်တွေ တထိန်ထိန်နဲ့ ဘာတွေလုပ်နေကြတယ် မသိပါဘူး၊ မည်းမည်းပဲ မြင်ရသတဲ့။ လှေထဲကနေပြီး ထင်းရှူး



သေတ္တာပုံးတွေကို ကြိုးဆိုင်းပြီး ရှစ်ယောက်တစ်တွဲ ကုန်းပေါ် ထမ်းတင်ကြတယ်။

အုန်းတော၊ သစ်တောတွေထဲလဲ ဝင်သွားကြတာ တွေ့ရတဲ့သူတွေ တွေ့ကြသတဲ့။ တချို့ တောင်ချိုး၊ တောင်အကြေ့တွေမှာ ရပ်လို့၊ ခပ်ဝေးဝေးဆိုတော့ သေချာ မသိရဘူး ကွယ့်။

သူတို့တွေ ပင်လယ်ထဲ လှေငယ်သက်ကယ်လှေခေါ်မှာပေါ့။ (၂)စင်းနဲ့ ပင်လယ်ထဲ ပြန်ထွက်သွားကြတော့ ခန့်မှန်းခြေ တစ်စင်း လူ(၄၀)လောက်ပဲ ပါသွားကြပြီး လူ(၁၀)ယောက်လောက် ပျောက်နေတယ်လို့ အဝေးက ချောင်းကြည့်နေတဲ့ လူက ပြောလို့ သိရတာ။

သေနတ်သံတွေကြားပြီး နောက်ဆုံးဆင်းသွားတဲ့ လူအဖွဲ့(၁၀)ယောက်လောက်မှာ (၂)ယောက်သာ သေနတ်တွေနဲ့ ပြန်လာတာ တွေ့လို့ ကျန်တဲ့(၈)ယောက်လောက် ပြန်တက်မလာဘူး။ နောက်မှ သတင်းသန့်သန့် ရပါတယ်တဲ့။ **အစောင့်ထားသလိုပေါ့။**

ဒါ့ကြောင့် နောက်ပိုင်းမှာ **ကုလားရှစ်ယောက်စောင့်တဲ့ပဿူးရတနာသိုက်ကြီး ပဿူးချိုင်မှာ ရှိတယ်** ဆိုတဲ့သတင်း ကြီးပြီးလာတယ်လေ။ ရသံတော့ မကြားသေးဘူး၊ မြေပုံနဲ့လာတဲ့လူတွေလဲ ရှိတယ်။

**သိုက်ဆရာ ဦးသက်ပန်ဆိုသူ** တပည့်လေးယောက်နဲ့ ရောက်လာတယ်။ ဟို သုံးလေးနှစ်လောက်က သိုက်တူးတယ်ဆိုပဲ။

မနက်သွားကြည့်တော့ တောင်စပ် သဲပြင်ခြုံကြားမှာ ရေကူးနေတာတွေ့လို့ ရေမရှိတဲ့နေရာမှာ ဘာဖြစ်လို့ ရေကူးနေသလဲဆိုပြီး ရွာသားတချို့တွေ့လို့ ရွာကိုခေါ်လာကြပြီးမေးတော့မှ…

'မပြောပါနဲ့ဗျာ…၊ ကုလားကြီးမည်းမည်းကြီးတွေ ရှစ်ကောင်ပိုင်းလာပြီး ရိုက်ကြသတ်ကြလို့ ပြေးခဲ့ရတယ်။ ရေမတွေ့ကလဲ ဘယ်ကမသိအောင် ဗိုင်းကြီးပတ်ပတ်တက်လာတော့ မထူးဘူးဆိုပြီး ရေကူးပြေး

နေကြတာပါဗျ'

တဲ့…။

'တော်တော်ဆိုးပြီး ကြောက်စရာလဲ ကောင်းလိုက်တာ မပြောပါနဲ့။ ကုလားရှစ်ယောက်ဝိုင်းပြီး ထိုးကြ ခုတ်ကြလို့ မိရင်မလွယ်ဘူးဆိုပြီး ဆရာကစပြေးတော့ ဘယ်ရမလဲဗျာ ကျွန်တော်တို့လဲ နောက်ကျ ခြေထောက် သစ္စာဖောက်ဆိုပြီးပြေးတာ ရှေ့မှာ ရေအိုင်ကြီး တွေ့ပြန်ပါတယ်'

တဲ့…။

'ဟော့…မထူးဘူး ကုလားသတ်တော့ မခံဘူး ရေနစ်သေချင် သေပါစေတော့ဆိုပြီး ကူးနေကြတာ၊ ခင်ဗျားတို့လာကယ်လို့ မဟုတ်ရင် သေမှာ ကျေးဇူးတင်ပါတယ်။ နောက်မလာတော့ပါဘူး ကြောက်ပါပြီဗျ'

ဆိုပြီး ထမင်းတောင်ကျွေးလို့မစားဘူး။ ကြောက်တယ် ကြောက်တယ်ဆိုလျက် ရွာထဲစုန်ပြေးနေလို့ ဝိုင်းချုပ်ပြီး သင်္ဘောဆိပ် လိုက်ပို့လိုက်တယ်။

မြို့ပြန်သွားကြလေရဲ့၊ အစ်မတို့ရှေ့မှာတင်ဖြစ်တာဆိုတော့ နောက် ဒီချိုင်ကို လူမစုမိရင် မသွားကြတော့ဘူး ဆိုပါတော့ကွာ။ သူတို့တွေမှာလဲ ဘာမျှရသွားတာ မတွေ့ရပါဘူး။

နောက် မြေပုံနဲ့ အင်္ဂလိပ်လိုလို၊ ကုလားလိုလို လူတစ်ယောက် ရောက်လာသေးတယ်။ ဟိုရှာဒီရှာနဲ့ လုပ်ခဲ့သေးတယ်။ တွေ့မသွားပါဘူးတဲ့။ မင်းကော စိတ်ဝင်စားနေလို့လား။ ငါတို့ရွာလာခဲ့လေ၊ ခုအဆက်ရပြီပဲ ဗဟုသုတအဖြစ်လိုက်ပြပေးမယ်နော်။

တစ်ယောက်တည်းဖြစ်ဖြစ်၊ အဖွဲ့နဲ့ဖြစ်ဖြစ် သတ္တိရှိရင် စမ်းလိုက်ပါလားတဲ့ အသင့်ရှိနေပါတယ်ကွာ။ ပဉ္စုုူးချိုင် ဘယ်မှပြေးလို့မရပါဘူး။ မင်းတို့လူငယ်တွေက အတွေးအခေါ် ကောင်းတာပဲ တည့်တည့်ကျရမှာနော်။

ရှေ့လူကြီးတွေက ရိုးတယ်၊ အ,တယ်၊ ကြောက်တတ်တယ်၊ အစွဲအလမ်းကြီးကြတော့ မသွားဝံ့မရှာဖွေဝံ့ကြပါဘူး။ ဒီချိုင်ကို ကုလားသရဲရှစ်ကောင်ရှိတယ်ဆိုပြီး အခုတိုင် ခပ်လန့်လန့်ပဲ လူစုပြီးမှ သွားဝံ့တာကလား ဘယ်လိုရတော့မှာလဲ။ သတ္တိဗျတ္တိနဲ့ အရဲစွမ်းပြီး အယူမသီးတဲ့ သူ့အတွေးအခေါ် ကောင်းကောင်းနဲ့ စဉ်းစားပြီး ရှာရင်တော့ ပြန်ရလိမ့်မယ် ထင်ပါတယ်တဲ့…။

**ပင်လယ်စားပြရွာ သင်္ဘောကြီးလို့** အဘိုးတို့ပြောခဲ့တာပါ။ သက်ကယ်လှေနဲ့ ပင်လယ်ထဲ ပြန်ထွက်သွားတဲ့ကောင်တွေလဲ သေသည် ရှင်သည်မသိရတာ အခုတိုင်ဆိုပါတော့ ငါ့မောင်ရယ်ဆိုပြီး မောသွားထင်ရဲ့ ရေနွေးပန်းကန်ပူပူ မှုတ်သောက် နေပါတော့တယ်'

နားပါဦးမည်…။

*လေးစားစွာဖြင့်…*

**ကလောင်စာဆို ပျိုးလက်ညို**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ဖတ်ရှုလိုသူများသို့…

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လစဉ်ဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေးပေးချေစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀ိ/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လစဉ်ဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
[မှတ်ချက် ။ ။ ဓလယာဉ်မှုနှင့်သာ ပို့နိုင်ရသောဒေသများသို့ ပို့ခရလျှင် တစ်အုပ်ကို၃၀၀၀ိ-ကျပ် ကျသင့်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။]
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၁၀-ပထမထပ်၊
၂၉-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉-၇၇၆၃၄၉၇၈၅
၀၉-၄၄၃၂၅၇၂၂၀



မောင်ပညာ

ကျွန်ုပ်နှင့်

# ပရလောကသားများ

**၁၉၈၁ ခုနှစ်က** ဖြစ်ပါသည်။ ကျွန်တော်သည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။

ကျွန်တော်သည် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၏ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံအဖြစ် တာဝန်ဝတ္တရားများ ထမ်းဆောင်လျက် ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ပတ်သက်၍ လိုအပ်သည့် လုပ်ငန်းစစ်ဆေးလုပ်ငန်းများနှင့် ပတ်သက်ပြီး တာဝန်ခံဆောင်ရွက်ရပါသည်။

ဧရာဝတီတိုင်းဒေသကြီးသို့လည်း ကွင်းဆင်းဆောင်ရွက်ရလေ့ ရှိပါသည်။

တစ်နေ့တွင် ဧရာဝတီကျောင်း သင်တန်းကျောင်းသို့ လုပ်ငန်းစစ်ဆေးရေး ဝင်ရောက်ခဲ့ရပါသည်။ ကျွန်တော်က အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ဝင်(၃)ဦးပါ အဖွဲ့နှင့် သွားရောက်စစ်ဆေး ဆောင်ရွက်ရပါသည်။

ကျွန်တော်သည် နေ့စဉ် ဘုရားရှိခိုး ပုတီးစိပ်ခြင်းကို တစ်နေ့လျှင် အနည်းဆုံး(၂)ကြိမ် ဆောင်ရွက်လေ့ရှိပြီး အခြားအချိန်များ၌ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဖြင့် ဂါထာတော်,ဂုဏ်တော်များ ရွတ်ဖတ်ပွားများခြင်း အမြဲတမ်း ပြုလုပ်လျက်ရှိသူ ဖြစ်ပါသည်။

သို့အတွက် ကျွန်တော်နှင့် ပရလောကသားများသည် အမြဲတမ်းနီးပါး တွေ့ဆုံစကားပြောဆိုခြင်း၊ မေတ္တာပွား

ပို့ခြင်း၊ အမျှပေးဝေခြင်းများကို အချိန်ပြည့်နီးပါး ပြုလုပ်လျက်ရှိသူ ဖြစ်ပါသည်။

ယခု ဧရာဝတီတိုင်းဒေသကြီး သင်တန်းကျောင်းကို လုပ်ငန်းစစ်ဆေးရေး ဝင်ရောက်ရသည့်အခါ ကျွန်တော်တို့အား သင်တန်းကျောင်း၏ အခန်းတစ်ခန်းတွင် ခုတင်(၄)လုံးနှင့် နေရာချထားပေးပါသည်။

ကျွန်တော်တို့လည်း ယင်းအခန်းမှာပင် နေထိုင်လျက် စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ နံနက်ပိုင်း တစ်ချိန်နှင့် ညပိုင်းတစ်ချိန် အမြဲတမ်း ဘုရားရှိခိုး မေတ္တာသုတ်ရွတ်ဖတ်ပြီး အမြဲတမ်း မေတ္တာပုတီးစိပ်၍ မေတ္တာပွားများခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း၊ မေတ္တာပွားပို့အမျှပေးဝေခြင်း ပြုလုပ်ပါသည်။

ထိုကဲ့သို့ ကျွန်ုပ်တို့ နေထိုင်သည့် ပတ်ဝန်းကျင်နှင့် ပုသိမ်မြို့ကို အဓိကထားပြီး မေ့တ္တာပွားများခဲ့ပါသည်။ **မေတ္တာပွားများနေစဉ် ထူးခြားမှုရှိသော ပုဂ္ဂိုလ်များ ရှိပါက မိမိအမြင်အာရုံတွင် မြင်တွေ့နေရပါသည်။**

ကျွန်တော် တွေ့မြင်ရသော ပုဂ္ဂိုလ်တို့မှာ အဘိုးကြီး တစ်ဦး၊ သူ့သမီး အသက်(၃၀)ခန့် တစ်ဦးနှင့် သူတို့ကလေး အသက်(၃)နှစ်ခန့်တစ်ဦး (၃)ဦးတို့ကို တွေ့ရပါသည်။ **သူတို့သုံး(၃)လုံးတွင် ပါးစပ်များ မပါဘဲ အလုံပိတ်ဖြစ်နေသည်ကို တွေ့ရပါသည်။**

သူတို့(၃)ဦးလုံးသည် အသားအရေ မွဲခြောက်ခြောက် ဖြစ်နေပြီး နံရိုးပြိုင်းပြိုင်းနှင့် အလွန်မတန် ဆာလောင်မွတ်သိပ်လျက် ရှိသည်ကို တွေ့နေရပါသည်။

သူတို့(၃)ဦးလုံးသည် အလွန်ညှိုးနွမ်း ပိန်လှီခြောက်ကပ်လျက်ရှိပြီး ငိုနေကြသည်ကို တွေ့ရပါသည်။

ကျွန်တော်သည်သူတို့အား မေတ္တာပို့ပေးခြင်းကိုသာ တတ်နိုင်ပါသည်။ ကျွန်တော်၏ မေတ္တာကို သူတို့ (၃)ဦးလုံး ခံယူနိုင်သော်လည်း သူတို့၏ ဆာလောင်မွတ်သိပ်မှုနှင့် ပါးစပ်ပေါက် မပါခြင်းကို ကျွန်တော် ဆောင်ရွက်မပေးနိုင်ပါ။

သူတို့အနေဖြင့် ကြီးမားသော ဝဋ်ဒုက္ခကြီးလိုက်လျက် ရှိသည်ကိုတော့ ခန့်မှန်းမိပါသည်။ မည်သည့် ဝဋ်ဒုက္ခ မှန်းတော့ ကျွန်တော်လည်း မသိပါ။

ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ကျွန်တော့်အနေဖြင့် တစ်ခါ



ဖူးမျှ မမြင်ဘူး မတွေ့ကြုံဘူးပါ။ သူတို့သည် မည်သည့် ပုဂ္ဂိုလ်ကို စော်ကားခဲ့သည်ကို မသိပါ။

ကျွန်တော်သည် ကျွန်တော်တတ်နိုင်သည့် မေတ္တာကိုသာ သူတို့အပေါ် ပွားများ ပို့သပေးနေမိပါတော့သည်။

ကျွန်တော် ထိုကဲ့သို့ မေတ္တာကို အကြိမ်ကြိမ် ပွားများ ပို့သပေးသော်လည်း သူတို့၏ အဓိက အခက်အခဲကိုတော့ ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပါ။ ကျွန်တော် များစွာ စိတ်မကောင်းဖြစ်မိပါသည်။

ညတစ်ညတွင် ကျွန်တော် အိပ်မက် မက်ခဲ့ပါသည်။ ထိုသူတို့(၃)ဦးသည် လူ့ဘဝတုန်းက သူတို့နှင့် ခြံစည်းရိုးချင်း ကပ်နေသော **ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှ ဘုန်းကြီးနှင့် ခြံမြေကိစ္စ စကားများ ရန်ဖြစ်ကြသည်ကို တွေ့ရပါသည်။**

သူတို့သည် ဘုန်းကြီးကျောင်းမြေကို တိုးချဲ့ ရယူထားပြီး သူတို့ကပင် ဘုန်းတော်ကြီးအား ရန်တွေ့ပြီး အလဇ္ဇီဖရုသဝါစာများ ပြောခဲ့ကြပါသည်။

**ဘုန်းတော်ကြီးအား ဆဲဆရေးသည့် ပြစ်မှုများကို လွယ်လွယ်ကူကူ ကျူးလွန်ခဲ့ကြပါသည်။ ထိုကဲ့သို့ လွန်ကျူးခဲ့ကြပြီး မိမိတို့ မှားယွင်းကြောင်းကိုလည်း ဘုန်းတော်ကြီးထံတွင် ဝန်ချတောင်းပန်ခြင်း မရှိဘဲ ယခုကဲ့သို့ သေဆုံးလာခဲ့ကြသဖြင့် ဤသို့ရတာဝသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။**

သံဃာတော်အား ယခုကဲ့သို့ စော်ကားကျူးလွန်မှု ပြုခဲ့သဖြင့် ကံကြီးထိုက်ပြီး ဝဋ်လိုက်နေခြင်းဖြစ်ကြောင်း တွေ့သိရသဖြင့် ဝဋ်ကြွေးကုန်အောင် ခံဖို့သာ ရှိတော့ကြောင်း သဘောပေါက်ရပါတော့သည်။

မောင်ပညာ

# နှစ်ရာကျော် ညောင်ပင်ကြီး

လဲကျသည့် ဖြစ်ရပ်ဆန်း

ဒေါ်ခင်မြ
(ကသာ)

စာရေးသူသည် ကျန်းမာရေး အခြေအနေကြောင့် စာဖတ်တာရော စာမူရေးသားပေးပို့မှုများပါ အချိန်ကာလ အတော်ပင် ကြာမြင့်နေခဲ့ရပြီ ဖြစ်ပါသည်။

စာမူများ မရေးသား မပေးပို့ စာမဖတ်ဖြစ်ခဲ့ရသော်လည်း နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းကိုတော့ဖြင့် သတိတရ ဖြစ်နေဆဲ ရှိသည်။

စာရေးသူမှာ ယခုနှစ် **၂၀၁၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ကူးသင်္ကြန်ကာလမှာ** မြန်မာနိုင်ငံအောက်ပိုင်း အပန်းဖြေခရီးမှ အပြန် နေအိမ်သို့ရောက်ရောက်ချင်းမှာပင် စာရေးသူ နေအိမ်နှင့် အလှမ်းမဝေးလှသည့် အရှေ့တောင်နားမှာရှိသည့် နှစ်ချို့ ညောင်ပင်ကြီး လဲသွားပြီး... တော်တော် အံ့သြစရာကောင်းတာက လေမတိုက် မိုးမရွာ ငလျင်လည်း မလှုပ်ရပါဘဲ သူ့အလိုလို လဲသွားလိုက်တာ...

အပင်ကြီး အနီးအနားက ဘယ်အိမ်ကိုမှလည်း မထိ၊ လူတွေလည်း အန္တရာယ် တစ်ယောက်မှ မဖြစ်ဘဲ သူ့အလိုလို လဲသွားတာဟု လူပြောသူပြော များနေခဲ့သည်ကို စာရေးသူ ကြားသိလိုက်ရပါသည်။

F.31A. October, 2018.



● ပျက်သင်းသွားပြီး ကျန်ရှိနေခဲ့သည့်ပုံ

စာရေးသူ နားထဲ စွဲကျန်နေရစ်တာကတော့...

'အုံ့ညြစရာ ကောင်းလိုက်တာ'

စကားပင်ဖြစ်ပြီး ထို "**အုံ့ညြစရာ ကောင်းလိုက်တာ**" ဟူသော စကား၏ နောက်ကွယ်မှ ထူးခြားသော လုပ်ရပ်တို့ ဖြစ်စဉ်တို့ ရှိတတ်ကြသည့် သဘော သဘာဝအတိုင်း ထိုထိုသော အကြောင်းအရာများကို စူးစမ်းလေ့လာပြီး စာရေးသားနိုင်လျှင် စာဖတ်သူများအတွက် အကျိုးများမည်ဟူသော အတွေးဖြစ်ပေါ်လာရသည်နှင့် ထိုနှစ်ချို့ညောင်ပင်ကြီးနှင့် ပတ်သက်ယှက်နွယ်နေသည်များကို မေးမြန်းခြင်းနှင့် စူးစမ်းလေ့လာမှုများ ပြုလုပ်လိုက်ခဲ့မိပါတော့သည်။

ညောင်ပင်ကြီး၏ သက်တမ်းအမှန်ကို **အသက်(၈၀)/(၉၀)ကျော်အရွယ် အဘိုး,အဘွားများပင်** အတိအကျ မှန်အောင် မပြောနိုင်ကြဘဲ ခန့်မှန်းခြေ နှစ်(၁၀၀)ကျော် သက်တမ်း ရှိနိုင်သည်ဟု သိရသည်။

အပင်၏ ခြေရင်းတစ်ဝိုက်တွင် ဂျပန်ခေတ်က ဗုံးဒိုကျင်းများပင် ရှိနေသေးကြောင်းနှင့် ဘယ်လောက်တောင် ကြီးမားလိုက်သလဲဆိုလျှင် လွန်ခဲ့သည့် နှစ်(၅၀)ခန့်လောက်က **ပေါင်းမိုးပါသည့် ဆန်ကုန်သည်နွားလှည်း အစီး(၂၀)အထိပင်** လှည်းမှ နွားများကို ဖြုတ်ပြီး **လှည်းသမားကုန်သည်များ** ချက်ပြုတ်စားသောက် အပန်းဖြေ နွားများပါ နားနေနိုင်ခဲ့သည် အထိပင်ဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရပါသည်။

ယခုအချိန်တွင် ထိုညောင်ပင်ကြီး ပတ်ပတ်လည်တွင် သွပ်မိုး ဝါးထရံကာ လူနေအိမ်များ ဆောက်လုပ်နေထိုင်ကြသည်ကို "**ညောင်ပင်စုရပ်ကွက်**" ဟု ခေါ်ဝေါ်သမုတ်ကြပြီး အပင်ကြီးနားရှိ လမ်းမကြီးကိုကတော့ "**ညောင်ပင်လမ်း**" ဟုပင် ခေါ်ဝေါ် အသိအမှတ်ပြုထားကြသည် ဖြစ်ပါသည်။

အပင်ကြီးနား ပတ်ပတ်လည်ရှိ လူနေအိမ်များထဲမှာမှ အနီးရောယ် အများဆုံး အပင်အောက်ခြေတည့်တည့်မှာရှိ လူနေအိမ် တစ်အိမ်သို့ စာရေးသူကိုယ်တိုင် သွားရောက် မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့သည်။

ထိုအိမ်မှ **အသက်(၇၈)နှစ်အရွယ် ဦးမောင်ငယ်နှင့် အသက်(၆၈)နှစ်အရွယ်ရှိ ဒေါ်ညီမ်းခင် ဇနီးမောင်နှံနှင့်** အပျိုဖျန်းအရွယ် သူတို့၏သမီးထံမှ တစ်ယောက်တစ်လှည့် တစ်ယောက်တစ်မျိုးစီ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြကြရှာပါသည်။

**အဘဦးမောင်ငယ် ပြောပြသည်များမှာ...**

'အဘတို့အိမ်က ညောင်ပင်အောက်ခြေ ကျနေတော့ အိမ်ခေါင်မိုးပေါ်က အကိုင်းကြီးကြီးတွေကို မကြာခဏ ခုတ်,ခုတ်ပစ်ရတယ်။ ဒီလိုလုပ်ရင်လဲ...

"ဒီကိုင်းကြီးကို ကျွန်တော် မဖြစ်မနေ ခုတ်ပစ်ရပါတော့မယ်။ မခုတ်ချင်ဘဲ ခုတ်ရတဲ့အတွက် အမှားဖြစ်နေရင်လဲ ခွင့်လွှတ်ပေးကြပါ"

အနီးရောယ်နဲ့ လွတ်ကင်းမယ်ထင်တဲ့ နောက်ထပ် ကိုင်းတစ်ကိုင်းကို တရိတသေ လက်နှစ်ဖက်နဲ့ စုံကိုင်ပြီး "ခုတ်ပစ်လိုက်တဲ့ကိုင်းမှာ မှီတင်းနေထိုင်ကြတဲ့ အစောင့်အရှောက်များ ရှိပါက ကျွန်တော်မျိုး ပြတဲ့ နောက်ထပ်ကိုင်းမှာ ပြောင်းရွှေ့ နေထိုင်ပေးကြပါရန် အနူးအညွတ် ရှိသေလေးစားစွာ တောင်းပန် လျှောက်ထားအပ်ပါသည်"

လို့ ပြောပြီးမှ လုပ်ဖြစ်တယ်။


အိမ်မှာရှိတဲ့ သားသမီး မြေးမြစ်တွေကိုလဲ စားသတိ အိပ်သတိ နေထိုင်ကြရန် သတိပေးမှာကြားထားရတယ်ကွယ့်'

ထို နှစ်ချို့ညောင်ပင်ကြီးမှာ ဆွေးမြည့်အက်ကွဲသည့် နေရာက ကွဲ၊ အသစ်ပြန်ထွက်လာသည့် နေရာက အညွန့်တဝေဝေနှင့် ရွက်စိမ်းများ ပြန်ထွက်သည့် နေရာက ထွက်နှင့်...အိမ်ထောင်ဦးစီး တစ်ယောက်အနေနှင့် ရတက်မအေး ဖြစ်နေရသည်များကို စိတ်ရှည်လက်ရှည် ပြောပြနေပုံမှာ အသက်(၇၈)နှစ်အရွယ် ဆိုသော်လည်း မောရပန်းရမှန်း မသိသလို ဖြစ်နေရှာပါသည်။

နောက်တစ်ခုက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ဘယ်နေ့ဘယ်ရက်မှာ လေကြီးမိုးကြီး ကျနိုင်သည်ဟု မိုးလေဝသ သတင်းထုတ်ပြန်တာမျိုး ရှိခဲ့လျှင် ထိုညောင်ပင်စုရပ်ကွက် အိမ်လေးများရှိရာသို့ ထိုရပ်ကွက်အပိုင် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးကိုယ်တိုင် ဦးဆောင်ပြီး သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ လာရောက်



F.31B. October, 2018.



• လူနေအိမ်တွေကြား လဲလျောင်းသွားသည့် အပင်အိုကြီး

ပါသည်။

ထို့နောက် ဒီနေ့ ဒီရက် ဒီညောင်ပင်ကြီးအောက် အိမ်များမှ ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းနေပေးကြပါရန် သတိပေး နှိုးဆော်မှုများ မကြာခဏ ဆိုသလို ရှိခဲ့ရသည့်အထိ အန္တရာယ်များလွန်းလှပါပေသည်။

**အသက် (၆၈)နှစ်အရွယ် ဒေါ်ညိမ်းခင် ပြောပြသည်မှာ...**

'အဒေါ်က ဒီအပင်ကြီးမှာ ရှိတတ်တဲ့ အစောင့်အရှောက်တွေကို ရည်စူးပြီး ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဆွမ်းဆိုရင်လဲ ဘုရားဆွမ်းတော်ပြီးရင် ဦးဦးဖျားဖျား ထမင်းဖြူကပ်တယ်။ သစ်သီးဆိုရင်လဲ အခွံခွာရမယ့်ဟာဆို အခွံခွာ အစိတ်လေးတွေစိတ် တစ်ရက်မှ မပြတ်ရအောင် သတိထား အလေးထားပြီး လုပ်ဆောင်ဖြစ်တယ်။

အဒေါ်တို့ တစ်အိမ်တည်းမှ မဟုတ်ဘူး။ ဒီနားတစ်ဝိုက်မှာရှိတဲ့ အိမ်တွေအားလုံးလိုလို မမေ့မလျော့ ပူဇော်ဖြစ်ကြတယ်ကွယ့်'

**သူတို့၏သမီး အပျိုဖျန်းအရွယ်လေး ပြောပြသည်များကတော့...**

"ဒီအပင်ကြီး ဘယ်လောက်တောင်ကြီးမားလိုက်သလဲဆိုရင် ကသာမြို့မှာ အကြီးမားဆုံးလို့ ပြောရင်တောင် မှားမယ် မထင်ပါဘူး။ ကသာမြို့ အနီးမှာရှိတဲ့ ရာဇဂြိုဟ် ဘုရားတောင်ကပဲ ကြည့်ကြည့်... သူတောင်မေါ်ကပဲ ကြည့်ကြည့်...အမှတ်(၇)ရပ်ကွက် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းရှိ ဘုံခုနစ်ဆင့်ပေါ်ကပဲကြည့်ကြည့်... တသီးတခြားထီးထီးမားမား ညောင်ရွက်ကလေးတွေက အဝေးကနေကြည့်ရင် ဆည်းလည်းလေးတွေ လှုပ်ခါယမ်းနေသလိုမျိုး မြင်ရတာ။

နောက်တစ်ခု ရှိသေးတယ်။ ကျွန်မတို့အဖေ ဦးမောင်ငယ် မကြာသေးခင်အချိန်က နာမကျန်းဖြစ်နေတာ ရန်ကုန်၊ မန္တလေးမှာ ရှိတဲ့ ဆေးရုံဆေးခန်းတွေ စုံနေပြီ။ ဘာရောဂါမှလဲ ရှာမတွေ့၊ ဆေးထိုး

ဆေးသောက်လုပ်လို့လဲ နေကောင်း မလာ...

ကျွန်မလဲ ကြံရာမရဖြစ်ပြီး နောက်တစ်ခေါက် မန္တလေး ဆေးရုံ သွားပြရန် ကားပေါ်တက်ခါနီး ညောင်ပင်ကြီးကို ရှိခိုးပြီး **"အဖေ့ကို စောင့်ရှောက်ကြပါရန်နှင့်၊ အမှား ပြုလုပ်ခဲ့မိရင်လဲ ခွင့်လွှတ်ပါရန်"** တောင်းပန်၊ အပင်ကြီးနဲ့ ပတ်သက်ပြီး ကောင်းမှုများ ပြုလုပ်ခဲ့တာကို တိုင်တည်မှု ပြုလုပ်ပြီးမှ သွားခဲ့တယ်။ အဲဒီနောက် အဖေ သိသိ သာသာ ကျန်းမာလာတယ်'

ညောင်ပင်ကြီး လဲသည့်နေ့ **၁၃၈၀ ပြည့်နှစ်၊ သကြၤန်အကျနေ့ နံနက် (၄း၄၅)နာရီအချိန်ခန့်က** တကျိုကျိုမြည်သံက မတိုးမကျယ်။ **ဦးမောင်ငယ်က...**

'ကလေးတွေပါမကျန် အိမ်အပြင် ထွက်ကြဟေ့...ညောင်ပင်ကြီး လဲတော့မယ် ထင်တယ်'

ဟု ပြောအပြီး အိမ်ရှိ ကလေး လူကြီးအကုန် ညောင်ပင်ကြီးနှင့် လွတ်ရာသို့ ထွက်ပြေးပြီး မလှမ်း မကမ်း နေရာမှ ကြည့်နေလိုက်ကြ သည်။

ထိုအခါ သူတို့ အိမ်ခေါင်မိုး တည့်တည့်မှာရှိသည့် ခုတ်ပစ်ရန် မလွတ်ဘဲ ကျန်ရှိနေသည့် အလွန် ကြီးမားလှသော ညောင်ကိုင်းကြီးကို တစ်စုံတစ်ယောက်မှ အသာအယာ ဆွဲဖယ်လိုက်သလိုမျိုး ဆုံလည်ကြီး လည်သလို တရွေ့ရွေ့နှင့် လည် ထွက်ပြီး မည်သူ့အိမ်ကိုမှ မထိဘဲ လဲကျသွားသည်။

ထိုသို့ လဲကျသွားပုံမှာ စက် ကိရိယာများ လူအများတို့ဖြင့် ဝိုင်း ဝန်းခုတ်ထွင်လျှင်တောင်မှ ယခုလို ဖြစ်ရပ်မျိုး... အန္တရာယ်ကင်း ဘေး ရှင်းပြီး အိမ်ခြေတွေကြား စင်းစင်း ကြီး လဲအိပ်သွားသလိုမျိုး ဖြစ်ရန် နှင့်...ယခုလို ဖြစ်ရပ်မျိုး ကွက်တိ ဖြစ်ဖို့ရန် မလွယ်ရေးချ မလွယ်ကူ လှပါ။

ယခုလို သဘာဝ ဘေးအန္တရာယ် များပြီး ဆိုးဝါးလွန်းလှပြီဖြစ်သည့် ခေတ်ခါမျိုးကြီးထဲမှာ မကောင်းတာ လုပ်လျှင် မကောင်းကျိုး ပြန်လည် ခံစားရတာ မြန်လှပြီ ဖြစ်သလို... ကောင်းတာ လုပ်လျှင်လည်း ကောင်းကျိုးများ ပြန်လည်ခံစားရပုံ ကို သက်သေသာဓက ပြလိုက် သလိုမျိုး ဖြစ်နေရပါသည်။


တရားဟော ဆရာတော်တစ်ပါး ဟောပြောထားသည့် ကောင်းတာ များ ပြုလုပ်ဆောင်ရွက်နေပါက ထို သူ၏ ကမ္ဘာလေးသည် သာယာလှပ နေမည်ဖြစ်ပြီး... မကောင်းမှုများ ပြုလုပ် ဆောင်ရွက်နေသူအဖို့က တော့ သူ၏ ကမ္ဘာသည် ပြယုဂ်များ ဆိုးပြီး အကျည်းတန်သည့် ကမ္ဘာ ကိုသာ ဖန်တီးပေးနေမည်ဆိုသည် များကို သတိတရ ဖြစ်မိပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၏ စာဖတ်ပရိသတ်များ အကျိုး အတွက် ပြန်လည် မျှဝေခံစား ရေးသားပေးလိုက်ရခြင်းပင် ဖြစ်ပါ သည်။

ဒေါ်ခင်မမ(ကသာ)

စာ မူ ပို့ လို ကြ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၁၀ (ပထမထပ်)၊
၂၉-လမ်း (အထက်)၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-
၀၉-၇၇၆၃၄၉၇၈၅
၀၉-၄၄၃၂၅၇၂၂၀



နိုင်ပြင်းဦး

# နဂါးကို လှည့်စားခဲ့သူ

## တစ်ယောက်အကြောင်း

'စျေးသုံးလည်းမလွယ်နဲ့ ရေးထုံးလည်းမပယ်နဲ့'

ဆိုတဲ့ ဆိုရိုးရှိပါတယ်။

အဓိပ္ပာယ်ကတော့...

**"စျေးသုံးလွယ်တော့ မွဲတတ်တယ်"၊ "ရေးထုံးပယ်တော့ လွဲတတ်တယ်"** ဆိုတာကို ညွှန်းဆိုတာပါ။

ဗုဒ္ဓဘာသာဝင်မှန်သမျှ ပူဇော်အထူးကို ခံယူထိုက်တော်မူသော အတုမရှိ မြတ်စွာဘုရားရှင်လို့ ဗုဒ္ဓဘုရားကို ရှိသေလေးမြတ်စွာ ယုံကြည်သက်ဝင် ကိုးကွယ်လျက်ရှိကြသော်ငြား တစ်ဖက်မှာလဲ လူမျိုးဒေသနဲ့ မိရိုးဖလာဓလေ့ထုံးတမ်းစဉ်လာအရ အခြားအခြားသော မိမိတို့ဆိုင်ရာပိုင်ရာလေးတွေကိုလဲ ပူဇော်ပသလေ့ ရှိပါတယ်။

ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း သယ်ယူဆင်းသက်လာတဲ့ အတွက်ကြောင့်လဲ ဒါကို အပြစ်တစ်ခုလို့ မယူဆတန်ကောင်းပါဘူး။

သက်ဝင်ယုံကြည်ရာအလိုက် သူ့အကျိုးပေးနဲ့သူလဲ ရှိနေပြန် ဟုတ်နေပြန်လို့ မယုံကြည်ရင်နေ မနှောင့်ယှက် မစော်ကားပါနဲ့လို့ ပြောပြောနေကြတာ ဖြစ်မှာပါ။

တောရွာတွေမှာ မလေ့နဲ့ ရိုးရာအရ ဒီကနေ့အထိ အလေးထား လိုက်နာလေ့ရှိတဲ့ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ "**နတ်နဲ့နဂါး မလှည့်စားနဲ့**"ဆိုတဲ့ ဆိုရိုးပါ။

စာရေးသူ ဖြတ်သန်းခဲ့တဲ့ ဘဝတစ်လျှောက်မှာ အဲဒီဆိုရိုးနဲ့ ပတ်သက်ပြီး တိုက်ဆိုင်တယ်ပဲ ဆိုဆို၊ ဖြစ်ချိန်တန်လို့ပဲပြောပြော မြင်တွေ့ခဲ့သမျှကတော့ တကယ် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ ရှိနေတယ်ဆိုတာကို လေးလေးနက်နက် ပြောလိုတာပဲ ဖြစ်ပါတယ်။

**လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ခန့်က** ကိုယ်တိုင် ကြုံတွေ့ခဲ့ရတာကို သာဓကတစ်ခုနဲ့ တင်ပြလိုပါတယ်။ သာဓကအဖြစ် "**နဂါးကို လှည့်စား**"ပြီး ဝယ်ယူခဲ့တဲ့နွား၊ နှစ်ရက်အတွင်း သေဆုံးသွားတဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။

ဒီဇာတ်လမ်းက ကျွန်တော် အလယ်တန်း ကျောင်းသားဘဝ ကျွန်တော့်အိမ်မှာ တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါ။

ကျွန်တော့်အဖေဟာ တပ်မတော်ကနေ သက်ပြည့်ပင်စင်နဲ့ အငြိမ်းစားယူခဲ့သူ စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်ပြီး၊ ရှမ်းပြည်နယ်မှာပဲ စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြု ခေါင်းချမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဇာတိဖြစ်တဲ့ စစ်ကိုင်းကိုတောင် မပြန်တော့ပါဘူး။



တပ်ကထွက်ပြီ ဆိုမှတော့ စုဆောင်းထားတဲ့ ရင်းနှီးငွေလေးတွေနဲ့ မြို့အနောက်ဘက်မှာ အသင့်အတင့်ကျယ်တဲ့ မြေလေးတစ်ကွက် ဝယ်လိုက်ပါတယ်။

စိုက်ပျိုးရေး လုပ်ကိုင်စားသောက်မှာဖြစ်လို့ ကျွဲလေး၊ နွားလေးတွေလဲ ဝယ်ယူရပြန်တယ်။ ဒီ[illegible] ကျွန်တော်တို့မိသားစု ရာသီအလိုက် သီးနှံတွေ စိုက်ပျိုးစားသောက်ရင်း အေးအေးချမ်းချမ်းပဲ နေထိုင်ခဲ့ကြတယ်။

ဒီနေရာမှာ စကားမစပ် တပ်မတော်အငြိမ်းစား ဖခင်ကြီး အကြောင်း အနည်းငယ် မိတ်ဆက်ပေးလိုပါတယ်။ သိတဲ့အတိုင်း "ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်"ဆိုတဲ့ "တစ်သွေး တစ်သံ တစ်မိန့်" အောက်မှာ နေလာသူဖြစ်တော့ တပ်က ထွက်ထွက်ချင်း အရပ်ဘက် လူမှုဆက်ဆံရေးမှာ ဘယ်လို မှကို အဆင်မပြေခဲ့ပါဘူး။

စကားပြောရာမှာ မာကျော ပြင်းထန်လွန်းလို့ ဘယ်အလုပ်သမားမှ အလုပ်လာမဆင်းလိုကြဘူး။ မိုးရွာလို့ အလုပ်ဆင်းနေတဲ့ အလုပ်သမားတွေ နားခိုရရှာရင်း "**မိုးတွင်းပဲ မိုးရွာမှာပေါ့။ အဆန်းလား။ ရော့ မိုးကာနဲ့ခမောက် အလုပ်ဆက်လုပ်**"ဆိုတဲ့ လူစားမျိုး။

အဲဒီခေတ်တုန်းက အလုပ်သမားတစ်ယောက်ရဲ့ နေ့စားခက တစ်ရက်မှာ ကျပ်(၁၂၀) ပေါက်ဈေး ရှိပါတယ်။ နံနက်(၈)နာရီဆို ခြံထဲ အရောက်လာရတယ်။ အကြောင်းတစ်ခုခုကြောင့် (၁၀)မိနစ်၊ မိနစ်(၂၀)ခန့် အလုပ်နောက်ကျခဲ့ရင်...

'ပင်း အလုပ်လာတာ နောက်ကျတယ်၊ ဒါကြောင့် ဒီလောက်ဖြတ်တယ်'

ဆိုပြီး **ညနေခင်း အလုပ်ဆင်းလို့** ငွေရှင်းရင်...

'တစ်ရက်မှာ အလုပ်ချိန် (၈)နာရီ (၈)နာရီမှာ မိနစ်ပေါင်းဘယ်လောက် နောက်ကျ မိနစ်အတွက် ဒီလောက် နုတ်တယ်'

ဆိုပြီး တစ်ရက်စာလုပ်ခကနေ ဖြတ်တဲ့အဆင့်ထိ စည်းကမ်းကြီး တာပါ။ (တချို့ကတော့ ဖခင်ကြီးကို ကွယ်ရာမှာ ဘူစွာအရင်းရှင်ကြီးလို့ ခေါ်ကြတယ်။)

တပ်ထဲမှာတော့ ဟုတ်မှာပေါ့ အဲဒီမူ အဲဒီစနစ်နဲ့ ကြာလာတော့ ကျွန်တော်တို့ခြံထဲ ဘယ်သူမှ[illegible]



အလုပ်လာမဆင်းကြတော့ဘူး။

အဲဒီလို အလုပ်လာမဆင်းလို့ မိသားစုဝိုင်းပြောရင် လျှော့တယ်ဆင်လိုက်နဲ့ဦး။ ငါ ဖြတ်သန်းလာတဲ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ သူ့ရှိမှ၊ သူတို့ပါမှ ဖြစ်တယ်ဆိုတာ မရှိခဲ့ဖူးဘူး။ သူတို့မပါလဲ ငါ့ဘဝဖြစ်တယ်ဆိုပြီး နောက်တစ်နေ့မနက် (၃)နာရီ လင်းအားကြီးချိန်မှာ ပေါက်ပြားတစ်လက်နဲ့ စိုက်ခင်းထဲ ရောက်နေပြီ။ အဲဒီလို ခေါင်းမာတတ်တဲ့ ကျွန်တော့်ဖခင်ကြီးပါ။

အထက်မှာ ဆိုခဲ့သလို နွေရာသီအလုပ်ပါးရင်တော့ ဒေသမှာရှိတဲ့ ငါးရက်တစ်ဈေးနေ့တွေမှာ ကန့်တလူက အဖေ့အစ်ကို၊ ကျွန်တော့်ဘကြီးလို နွားအရောင်းအဝယ် (နွားပွဲစား) လိုက်လုပ်ပါတယ်။

သူ့နဲ့ လက်တွဲဖော်ကတော့ လက်သမားလဲကျွမ်း၊ နွားအကြောင်းလဲ အတော်အသင့် နားလည်တဲ့ ကိုတင်ဝင်းဆိုသူပါ။ ကျန်တဲ့သူတွေနဲ့သာ အဆင်မပြေတာ၊ အဲဒီ ကိုတင်ဝင်းနဲ့ကတော့ လေပေးအတော်ဖြောင့်ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ မြို့အနောက်ဘက် ငါးရက် တစ်ဈေးခင်းတဲ့ **ဖောင်းတောဈေး**ကို သူတို့နှစ်ယောက် နွားသွားဝယ်ကြတယ်။ သွားခင်မှာ…

'ဆရာကြီး… ဒီနေ့တော့ အကြိုက်နွားရှာထားရုံပဲနော်။ ကြိုက်တယ်ဆိုပြီး သွားမဝယ်လိုက်နဲ့၊ တပေါင်းလကြီး။ "ပေါင်းကူး ဆုန်နောက်"တဲ့။ နဂါးခေါင်းက အနောက်ကို လှည့်နေတာ။ ဝယ်ရင် အနောက်ရပ်(ဈေး)ကနေ အရှေ့အရပ် (အိမ်)ကို ဆွဲလာရမှာ။ နဂါးခံတွင်းကြီး' လို့ ဦးတင်ဝင်းက သတိပေးပြောဆိုလိုက်တော့ ဖခင်ဖြစ်သူက…

'ဟေ့ကောင်… ငါ့ လျှာလာမရှည်နဲ့။ ဘာနဂါးလဲ၊ ငါ့အမိန့်နဲ့ ငါဝယ်မယ်။ ဘယ်ကောင် တားရဲမတုံး'

လို့ ပြန်ပြောပါတယ်။ ဖခင်ကြီးကို ကြောက်ရတဲ့သူဆိုတော့ နောက်ထပ် ဘာစောဒကမှ ထပ်မတက်ဝံ့ပါဘဲ နှစ်ယောက်သား လယ်ကွင်းတွေကိုဖြတ်လို့ ဈေးရှိရာ အနောက်ဘက်ဆီ တက်သွားပါတော့တယ်။

အဲဒီနေ့က ဘယ်လိုမှ ပြောမရဆိုမရနဲ့ သူ့အကြိုက်ဆုံး နွားငယ်တစ်ကောင်ကို ငွေ(ရ၀၀)ကျပ်ပေးဆွဲလာတယ်။ **[အဲဒီကာလမှာ အရွယ်ရောက်နွားကြီးတစ်ကောင်မှ ငွေကျပ်(၁၂၀၀)သာ ပေးရပြီး၊ ရွှေတစ်ကျပ်သားမှ ကျပ် (၆၀၀၀) ခေတ် ဖြစ်ပါတယ်။]**


ဖောင်းတောဈေးက နွားရောင်းသူကော၊ တစ်ခြားနွားပွဲစားတွေကော ဝိုင်းပြောလိုက်တယ်နဲ့တူပါတယ်။ ဝယ်လာတဲ့ နွားပေါက်ကို အိမ်ဆီ တိုက်ရိုက်ဆွဲမလာဘဲ အိမ်ရဲ့ တောင်ဘက်အရပ်မှာရှိတဲ့ ဂနိုင်ကြီးရွာက သူကြီးဦးလှထွန်းအိမ်မှာ တစ်ညသိပ်တယ်။

ဖောင်းတောဈေးလွန် တစ်ရက်မနက်ကျမှ ဦးတင်ဝင်းကို သွားဆွဲခိုင်းတာ၊ "တောင်ဘက်အရပ်ကနေမှ နဂါးကျောကုန်းကိုဖြတ်ပြီး ဝင်လာတာပေါ့လေ။

အများအမြင်မှာတော့ နဂါးခံတွင်းနဲ့လွတ်ရာ 'တောင်ဘက်အရပ်ဆီက ဆွဲဝင်လာတာပေါ့။ နဂါးအပေါ်ကို သူ "ကြော" နိုင်ပြီဆိုတဲ့ အတွေးနဲ့ စိုးရိမ်စိတ်တွေ ကိန်းအောင်းနေတဲ့ မိသားစုရဲ့မှာ "ငါ့အကြံမိုက်တာ မဟုတ်လား" ဆိုတဲ့ပုံစံ ခေါင်းမော့မေးချီပြီး နေပြပါတယ်။

သူ့ရဲ့ မာထန်တဲ့စိတ်ဓာတ်ကို မလျှော့ချင်လို့သာ နေပြနေတာ။ မိသားစုအလစ်မှာ သူ့နွားပေါက် စားကျက်မှာ အစာမှ စားရဲ့လား။ တစ်ခုခုများ ဖြစ်ပြီလားဆိုပြီး ထ,ထ ချောင်းကြည့်တာကို ကျွန်တော်တို့ မသိတာကျလို့…

အမှန်တော့ ရှေးထုံးပယ်လို့ လွဲခဲ့ပြီဆိုတာကို ကျွန်တော့်ဖခင်ကြီး သတိမထားမိခဲ့ဘူး။ အဖြေက ညနေ နွားရိုင်းသွင်းချိန် ခြံထဲစားကျက်မှာ လှန်ထားတဲ့ နွားတွေအားလုံး အစ်ကိုငယ်ဖြစ်သူ သွားသိမ်းတာမှ သိကြရပါတော့တယ်။



'အမေ့...အမေ ဝယ်ထားတဲ့ နွားငယ် ဘာဖြစ်တာလဲ မသိဘူး။ ပထနိုင်ဘူး။ လာကြည့်ပါဦး'

ဆိုတဲ့ အစ်ကိုငယ်ဖြစ်သူရဲ့ စကားကို ကြားလိုက်တဲ့ ချက်ချင်းမှာပဲ မျက်စိမျက်နှာပျက်ပျက်နဲ့ စားကျက်ရှိရာကို ကမန်းကတန်း ထပြေးသွားတဲ့ ဖခင်ကြီးကို ကျွန်တော်တို့ မိသားစု သနားစဖွယ် မြင်လိုက်ရတယ်။

မိသားစုလဲ ဖခင်ကြီးဖြစ်သူနဲ့ မရှေးမနှောင်း ရောက်သွားပြီး လဲနေတဲ့နွားပေါက်ကို ဝိုင်းအုံငုံ့ကြည့်ကြပါတယ်။ နွားပေါက်က မျက်လုံးလေး ကလယ်ကလယ်နဲ့ မသေသေးဘူး။ အသက်လဲ ပုံမှန်ရှူနေတယ်။

လယ်ကွင်းထဲ နွားအုပ်ကျောင်းနေတဲ့ ဂေါ်ရခါးမိတ်ဆွေတချို့လဲ ရောက်လာကြတယ်။ ဒီနေရာမှာ ထင်ကြေးတွေကတော့ အမျိုးမျိုးပေါ့။ မြွေကိုက်တာလား။ အစာအဆိပ်သင့်တာလား။ ထောင့်တန်းရောဂါလား၊ သွက်ချာပါဒလား စသဖြင့်ပေါ့...

တော်ရုံတန်ရုံနဲ့ ကိစ္စတစ်ခုကို အရှုံးမပေးတတ်တဲ့ ဖခင်ကြီးက မြောက်ဘက်ရွာက တိရစ္ဆာန်ဆေးကု လက်မှတ်ရထားတဲ့ ဘကြီးကြည်မောင်ဆီ ရွာသားတစ်ယောက်ကို အခေါ်လွှတ်ပါတယ်။

နာရီဝက်လောက် ကြာတော့ ဘကြီးကြည်မောင် ရောက်လာပြီး နွားငယ်တစ်ကိုယ်လုံးကို စမ်းသပ်တယ်။ အဖျားတိုင်းတယ်။ ဝမ်းချုတယ်။ လိုအပ်မယ်ထင်တဲ့ဆေးတွေ ထိုးပေးတယ်။ လျှာပွတ်ဆေး တိုက်တယ်။

ဆေးဆရာ လုပ်သမျှကို ငြိမ်ငြိမ်သက်သက် ခံနေရင်းကနေ ဘာအဖြေမှ မည်မည်ရရ မထုတ်နိုင်ပါဘဲနဲ့ ည(၈)နာရီလောက်မှာတော့ ဖခင်ကြီးဝယ်ခဲ့တဲ့ နွားလေး သေသွားပါတယ်။

အဖြစ်သနစ်စုံကို နောက်မှသိရပြီး မချိတင်ကဲနဲ့ ဘကြီးကြည်မောင် ပြောခဲ့တဲ့ စကားကိုတော့ ကျွန်တော့်ဖခင်ကြီး ဘာတစ်ခုမှကို ခွန်းတုံ့မပြန်နိုင်ပါဘူး။ ခေါင်းကြီး ငိုက်စိုက်ချလို့သာ နေပါတော့တယ်။

တပ်ထွက်ချင်း အတူတူ မွေးမြူရေးတပ်ကထွက်ပြီး သူ့ထက် စီနီယာကျတဲ့သူ ဖြစ်တာလဲ ပါ,ပါလိမ့်မယ်။

သူ့ဘက်မှာ တစ်မဲမှ မရဘဲ နဂါးကြီးဘက်ကနေ ထောက်ခံမဲတွေ အပြတ်အသတ်နဲ့ အနိုင်ရသွားတာလဲ ဖြစ်နိုင်ပါတယ်။ ဘကြီးကြည့်မောင် ပြန်ခါနီး ဖခင်ကြီးကို ပြောခဲ့တာကတော့...

'ပေါ့ကောင် စိန်မြ...ငါ့ အတွေ့အကြုံအရ မင်းနွားမှာ ဘာရောဂါမှ မရှိသလို ဘာပြဿနာမှ မတွေ့ဘူး။ အားလုံး အကောင်းကြီး။ အမှန်တော့ မင်းက မင်းကိုမင်း ဟုတ်လှပြီထင်ပြီး နဂါးကိုမှ သွားလှည့်စားတာကိုး စိန်မြရ... ခံပေါ့ကွာ'

ဆိုတဲ့ စကားပါပဲ။

ဒါကြောင့် ရှေးဆိုရိုး ရှိပါတယ်။ **"နဂါးကို မလှည့်စားကြပါနဲ့"** ဆိုတာ။

**နိုင်မင်းညို**



ဦးစန်းမြောင်
မြန်မာ့စိုက်ပျိုးရေး(ငြိမ်း)

# ကိုယ်ဝန်ဆောင် လက်ဖျံရိုး

နှင့် လျှောမွေးလက်ညှိုး

စာရေးသူ အထက်တန်းကျောင်းသားဘဝ အတွေ့အကြုံတစ်ခုကို တင်ပြလိုပါတယ်။

ဆရာမှီးချင်တဲ့ လူငယ်သဘာဝကို ပါတယ်၊ လူငယ်ဦးပဉ္စင်းနှစ်ပါးက ဆောင်ရွက်ခဲ့ပါတယ်။

ဓနုဖြူမြို့မှာ ခင်မကန်တိုက် ဘုန်းတော်ကြီးကျောင်း ရှိပါတယ်။ ကျောင်းမှာ စာကျက်ရအဆင်ပြေတဲ့အတွက် စာမေးပွဲနီးချိန် ညအိပ်ဖြစ်ခဲ့ပါတယ်။

ခင်မကန်တိုက်မှာ ကံသာကျောင်းဟာ စာရေးသူတို့ စာကျက်ရာဖြစ်တယ်။ ကံသာဆရာတော်ကြီးနဲ့လဲ ရင်းနှီးခွင့်ရခဲ့ပါတယ်။

ဆရာတော်ကြီးဟာ ငယ်စဉ်က အတွေ့အကြုံများကို အခါအားလျော်စွာ မိန့်ကြားလေ့ ရှိပါတယ်။ လောကီလုပ်ရပ်များ၊ ဗိုဒ်ထိုးခြင်းများ ဝါသနာထုံပါတယ်။

သက်တော်(၆၀)ခန့် အရပ်မြင့် ပိန်ပိန်ပါးပါး ဥပဇိရုပ်ကောင်းပါတယ်။

တစ်ညမှာတော့ ဆရာတော်ကြီးကို အညောင်းပြေစေရန် ဝတ်ပြုခွင့်ရပါတယ်။ လူငယ်ဘာဝ ဆရာတော်ကြီးရဲ့ ငယ်စဉ် အတွေ့အကြုံများ စပ်စုမိပါတယ်။

'မောင်ကျောင်းသားရေ... ကိုများရဟန်းငယ်တဝက လောကီအစီအရင်များ တော်တော်လိုက်စားခဲ့တယ်။

သတင်းထူးရင် လက်တွေ့လုပ်ကြည့်ချင်စိတ် ရှိတယ်။

တစ်နေ့ တောထွက်ကိုယ်တော်ကြီးတစ်ပါးထံမှ ကိုယ်ဝန်ဆောင်အစိမ်းသေ လက်ဖုံ့ရိုးစွမ်းကြောင်း ဘယ်လိုယူရမယ် အသေးစိတ် ပြောပြပါတယ်။

ဘုန်းကြီးနဲ့ရွယ်တူ ဦးပဥ္စင်းတစ်ပါးနဲ့ လက်တွေ့ စ,ပါတယ်။ ညလသာသာ လူခြေတိတ်ချိန် သုသာန်သို့ သွားခဲ့တယ်။

လောလောလတ်လတ် သေသွားတဲ့ ကိုယ်ဝန်ဆောင် အလောင်းကို ဖော် လက်ဖုံ့ရိုးကို ဖြတ်ယူခဲ့တယ်။

လူခြေကလဲတိတ်၊ လေတိုက်သံတရှဲရှဲ ဟိုနားက လှုပ်လှုပ်ရွရွ လူကြီးကပဲ မြောက်တက်လာသလို လေတစ်ချက် တိုက်လိုက်တဲ့ခါ "ဖုန်း"ဆို ကျလာတာက သစ်ကိုင်းခြောက်။

လားလား ကိုယ်တော်နှစ်ပါး ဖဝါးနဲ့တင်ပါး တစ်သားတည်း ကျောင်းပြေးခဲ့ရတာပေါ့။

ကျောင်းပြန်ရောက်တော့ ဘေး



နားက ဇရပ်ပေါ် လက်ဖုံ့ရိုးကိုတင်။

**"နင် ဒီမှာနေ ငါ့အမိန့်မရဘဲ ဘယ်မှမသွားနဲ့"**

ပြောပြီး ကျောင်းထဲဝင်ခဲ့တယ်။

ခွေးတွေကလဲ တစီစီနဲ့မို့ ဆရာတော်ကြီးက...

"ဟဲ့... ဘယ်သူတွေတုန်း အချိန်မတော်ကြီး"

"တပည့်တော်တို့ပါ ဘုရား။ ကျောင်းက ဦးပဥ္စင်းတွေပါ"

"ညကြီးမင်းကြီး နင်တို့ တော်တော်ရှုပ်။ အိပ်ကြတော့ ညဉ့်နက်နေပြီ"

"တင်ပါ့ ဘုရား"

ပြောပြောဆိုဆို ခုမှ ကြောက်စိတ်ဝင်လာပြီး သက်န်းခေါင်းမြီးခြုံ ကွေးခဲ့တယ်'

တောထွက်ကိုယ်တော်ကြီး ပြောစကားအရ ဘယ်ရပ်ကွက်၊ ဦးဘယ်သူ၊ ဒေါ်ဘယ်သူအိမ်သွား။ ငါ့ဆီက ကြွေးယူထားတာ ကြာပြီ။ ရအောင်ပြောထားလို့ အမိန့်ပေးလိုက်တယ်။

ညတွင်းချင်း သွားပြောကြောင်းနောက်နေ့ ကြွေးသွားတောင်းတဲ့ခါ ယခင်က နေ့ရွှေ့ညရွှေ့ လုပ်နေတာ ခုတော့ ချက်ချင်း ငွေပြန်ပေးပါတယ်။

ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့ မသိပါ။ စမ်းသပ်ချင်စိတ်က လူငယ်ဘာဝပဲ။

ဒီလိုနဲ့ ရက်တစ်ပတ်လောက်ကြာတဲ့အခါ ဒကာနှစ်ယောက် ညဦးပိုင်းတစ်ညတာ တည်းခိုလိုကြောင်း ပြောလို့ ဇရပ်မှာ အိပ်လို့ရကြောင်း ပြောခဲ့တယ်။

ညသန်းခေါင်မှာ ဇရပ်ထဲက ဆူဆူညံညံတွေကြားလို့ ချောင်းကြည့်တော့ ဒကာနှစ်ယောက် တစ်စုံတစ်ဦးနဲ့ သတ်ပုတ်နေကြတာ တွေ့ရပါတော့တယ်။

ဒကာနှစ်ယောက်လဲ ဇရပ်ပေါ်မှ ဒရောသောပါး ပြေးထွက်သွားတာ မြင်လိုက်တယ်။ ကိုယ်ဝန်ဆောင် လက်ဖုံ့ရိုးကအကြောင်း ပြ... ပေါ့။ ဆရာတော်ကြီး ပြောစကား မှတ်သားရပါတယ်။

ဆရာတော်ကြီး ကျောင်းက အသားနှစ်ထပ်ကျောင်း။ အပေါ်ထပ်မှာ ကျိန်းပြီး အောက်ထပ်မှာ ဆွမ်းစားဧည့်ခံလေ့ ရှိပါတယ်။

ဆရာတော်ကြီးကျောင်း အနီး...

(ကျောင်းအမည် မမှတ်မိ) ဆရာတော်တစ်ပါးဟာ နေ့စဉ်လိုလို အတူစကားပြော လက်ဖက်ရည်မုန့် သာပြီး ဘုဉ်းလေ့ရှိပါတယ်။

အဲဒီဆရာတော်ကြီးက စာရေးသူတို့ကို သူ့အတွေ့အကြုံတစ်ခု ပြောပါတယ်။

'မင်းတို့ကျောင်းက ကိုယ်တော်ကြီးက နယ်နယ်ရရမဟုတ်။ တစ်နေ့မှာ ထုံးစံအတိုင်း သူ့ကျောင်းရောက်တော့ ဆရာတော်ကြီး မတွေ့။

"ကံသာဆရာတော်… ကံသာဆရာတော်"

"ဘုရား"

ကျောင်းပေါ်ကအသံ ကျောင်းပေါ်တက်ကြည့်တော့ ဘာမှမတွေ့ အပေါ်ထပ်ကနေ…

"ကံသာဆရာတော်… ကံသာဆရာတော်"

"ဘုရား"

ကျောင်းအောက် ထူးသံ။ ရော… ခက်ပြီ အသံသာကြား လူကမတွေ့၊ မဖြစ်ခြေဘူး။ လစ်မှဆိုပြီး ပြန်ခဲ့ရတယ်။

## လျှောမွေးလက်ညှိုး

တစ်နေ့မှာ ကျောင်းပိတ်ရက် ဆရာတော်ကြီးကို ဝတ်ပြုခွင့် ရခဲ့ပြန်ပါတယ်။

ဆရာတော်ကြီးထံမှ သည်းထိတ်ရင်ဖို ဇာတ်လမ်းတစ်ခု ရခဲ့ပြန်ပါတယ်။

**လျှောမွေးလက်ညှိုးတဲ့…**

ကိုယ်ဝန်ဆောင်မိခင် သားအသေမွေး တစ်နည်း သားလျှောခြင်းဖြစ်…

တစ်နေ့မှာ တို့ ကိုယ်တော်နှစ်ပါး သတင်းအရ သုသာန်သွား ကလေးအလောင်းကို ဖော်လိုက်တယ်။

ည(၁၀)နာရီကျော် လူခြေတိတ်ချိန်ပေါ့။ တိတ်ဆိတ်နေတဲ့ သုသာန်ထဲမှာ တောင်ကောင်တစ်ကောင်ရဲ့ "ဂစ်"ဆိုတဲ့အသံဟာ တောခွေးတစ်ကောင် ဖြတ်ပြေး…

ကိုယ်တော်နှစ်ပါးလဲ ကလေးရဲ့ လက်ညှိုးလေးကို လက်ကိုင်ပဝါနဲ့ အုပ်၊ သွားနဲ့ကိုက်ဖြတ်လိုက်ချိန် ပါးကို တဖတ်ဖတ်နဲ့ ရိုက်တာခံလိုက်ရတယ်။

လက်ညှိုးလေး ကိုက်ဖြတ်ပြီး သုသာန်ထဲက အမြန်ပြန်ပြေးခဲ့တယ်။

ကျောင်းထဲ တိတ်တိတ်ပြန်ဝင်။

အဲ… လက်ညှိုးလေးကိုတော့ ဇရပ်ပေါ်မှာ ထားခဲ့တာပေါ့။

လက်ညှိုး ဘာစွမ်းလဲ…

အဲဒီလက်ညှိုးလေးကို အခြောက်လှမ်း အဆောင်အဖြစ် ယူသွားရင် အမျိုးသမီးတိုင်းဟာ မိမိကို သားယယ်အသွင် ချစ်ခင်ကြောင်း သိရတယ်။

'ဟုတ်.မဟုတ်တော့ မသိဘူး'

ဆရာတော်ကြီးရဲ့ ပြောစကား မှတ်သားခဲ့ဖူးပါတယ်။

ကိုယ်တိုင် နာကြားခဲ့ရတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။ မယုံရင် ပုံပြင်လို့ မှတ်နိုင်ပါတယ်။

**ဦးစန်းမောင်**
*မြန်မာ့စိုက်ပျိုးရေး(ငြိမ်း)*


**စာမူရှင်များသို့ …**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**


**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်…*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



ရှိမ္မကာဒ်မြို့လေးသည် ဧရာဝတီမြစ်၏ လက်ယာဘက် (အနောက်ဘက်) ကမ်းဘေးတွင် တည်ရှိသော အညာမြို့လေးဖြစ်သည်။ ရွှေဘိုခရိုင်အတွင်း၌ရှိ၍ တောင်ယာလုပ်ကိုင်ခြင်း၊ ဆိတ်နွားမွေးမြူခြင်း၊ ကူးသန်း ရောင်းဝယ်ခြင်း စသော အလုပ်အကိုင်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။

ထုတ်ယူသုံးချ

# ရှုဝင်တားဘဝ

မောင်မြတ်ဝင်းဖန်း

မြို့၏ တောင်ဘက်မှာ မြစ်ကမ်း အနီး ရေဝန်းရပ်တွင် နေဝန်း အမည်ရှိသော သနပ်ဖက် ဆေးလိပ် ခုံ တစ်ခုံရှိသည်။ ထိုဆေးလိပ်ခုံ ထောင်သူများမှာ ဦးအေးမောင်-ဒေါ်လှကြည်တို့ ဖြစ်သည်။

**ဦးအေးမောင်သည် တိုင်းရင်းဆေး ဆရာတစ်ဦးလည်း ဖြစ်ပြီး စာပေသမား**

**တို့ကို အထူးထိုသနားကြီး၍ ပွဲပြောက် ရွှင်လှသောသနားပိုင် ပထမချမ်းသာ ကြီး ဆရာတော်၏ တပည့်ရင်းလည်း ဖြစ်သည်။ ဒုတိယချမ်းသာကြီး ဆရာ တော်၏ မြေးလည်းဖြစ်သည်။**

ဦးအေးမောင်နှင့် ဒေါ်လှကြည်တို့တွင် သားသမီး(၆)ယောက်ရှိပြီး အားလုံးကို ခေတ်ပညာတတ်များအဖြစ် ပြုစုပျိုးထောင်နိုင်ခဲ့သည်။

သားသမီး (၆)ယောက်တွင် ဒုတိယကလေးမှာ**မောင်သန်းထွန်းအေး** ဖြစ်သည်။ သူ့အထက် အစ်ကိုကြီးမှာ **မောင်ဝင်းအေး** ဖြစ်သည်။ မောင်သန်းထွန်းလေး ငယ်စဉ် စကားပြောတတ်စ ကလေးဘဝ တစ်နေ့တွင် ကစားနေရာမှ စားပွဲခုံအောက်တွင် ပြေးဝင်ပုန်းအောင်းလိုက်သောအဖြစ်ကို ဖခင်နှင့် အနီးရှိ လူကြီးများက သတိထားမိလိုက်သည်။ ဖခင်ဖြစ်သူက…

'ငါ့သား စားပွဲခုံအောက် ဘာလုပ်နေတာလဲ၊ အပြင်ထွက်လေ'

မောင်သန်းထွန်းလေးက ခေါင်းယမ်းပြသည်။

'အောက်ကြီးမှာ မနေနဲ့၊ ဖုန်တွေသဲတွေနဲ့…လာ လာ အဖေ့ဆီလာ'

ဖခင်က လက်ကမ်းပေးလိုက်သောအခါ မောင်သန်းထွန်းက ဖခင်အပေါ်တက်၍ မျက်နှာကို ရင်ခွင်ထဲ ဝှက်ထားသည်။

'ဘာလို့လဲသားရဲ့'

'ကြောက်…ကြောက်'

'ဘာ…ကြောက်တာလဲ'

မောင်သန်းထွန်းက ဘာမျှ မပြောဘဲ စားပွဲတစ်ဖက်မှ တန်းလျားပေါ်တွင် ခုမှ ဝင်ရောက်ထိုင်နေသော



ဦးဘအေးကို လှည့်မကြည့်ဘဲ လက်ညှိုးထိုးပြသည်။

'ဩော်…ကိုဘအေးကိုလား၊ ဦးဘအေးက ဒါတိုင်းလဲ လာဖူးတာပဲ ဥစ္စာ၊ သားက ဘာလို့ ခုမှ ကြောက်နေတာလဲ'

မောင်သန်းထွန်းက မဖြေဘဲ ခေါင်းကိုသာ ယမ်းနေသည်။

'ဦးဘအေးများ ဘာကြောက်စရာရှိလဲ၊ တောင်ဘက်အိမ်ကကြီးဒေါ် ငွေရှန်တို့၊ မမနက်ကြူတ်တို့ဆီ အမြဲလာနေတာ တစိမ်းမှ မဟုတ်တာ'

'သူတို့က သိပ်ဆိုးတာ၊ လှည်းအောက်က ဖြတ်သွားတဲ့ မြွေကိုတောင် ရိုက်သတ်ပြီး ချက်စားကြတာ'

လှည့်မကြည့်ဘဲ ပြောလိုက်သော မောင်သန်းထွန်း စကားကြောင့် ဦးအေးမောင်ရော၊ ကိုဘအေးပါ ရုတ်တရက် ကြောင်တက်တက် ဖြစ်သွားကြသည်။

'မဟုတ်က ဟုတ်ကနဲ့ သားရယ်'

'ဟုတ်တယ်… တကယ်ရိုက်သတ်ကြတာ'

'သားကို ဘယ်သူက ပြောတာလဲ'

'သားမြင်တာပေါ့'

စကားပြောတတ်စ ကလေးက ကျကျနန တတ်တတ်တူတူ ပြောနေသဖြင့် လူကြီးတွေအဖို့ စဉ်းစားစရာ ဖြစ်နေတော့သည်။ သည်ကလေးက ဘယ်မှ သိပ်မသွား။ လမ်းတောင်ဘက်က ဦးလင်းနှင့် ဒေါ်ငွေရှန်တို့ အိမ်ဘက်က သွားတတ်သည်။

ကိုဘအေးက ဒေါ်ငွေရှန်ညီမ မအေးကြည်၏ ခင်ပွန်းသည်ဖို့ ဦးလင်းတို့သမီး မနက်ကြူတ်က ခေါ်ယူ ထိန်းကျောင်းပေးသောအခါ တွေ့ရတတ်သော်လည်း သည်အဖြစ်မျိုးက မကြုံကြိုက်ဘူးမို့ စဉ်းစားမရ။

'ငါ့တူကို ဘယ်သူပြောတာလဲ'

'ကျွန်တော် မြင်တာပါဆို'

မောင်သန်းထွန်းက ဖခင် ရင်ခွင်ထဲမှ ကိုဘအေးကို တစ်ချက်လှည့်ကြည့်ကာ ပြောလိုက်သည်။

'ဘယ်မှာ မြင်တာလဲကွယ့်'

'ပယ်သူကြီးမှာလေ'

ပယ်သူကြီးရွာမှာ ရှိမွကား အနောက် (၅)မိုင်လောက်ဝေးသည်။

'ပယ်သူကြီးကို ရောက်ဖူးလို့လား'

'ရောက်ဖူးတာပေါ့၊ ဦးလေးဘအေးတို့ပဲ ခေါ်သွားတာလေ။ ပယ်သူကြီးရောက်တော့ ကျွန်တော့်ကို သစ်ပင်ရိပ်အောက်က လှည်းပေါ်မှ ထားခဲ့ပြီး တဲထဲမှာ အရက်ချက်ပြီး သောက်ကြတာ။

လှည်းအောက်က မြွေကြီးတစ်ကောင် ဖြတ်သွားလို့ ကျွန်တော်က လန့်အော်တော့ ဦးလေးဘအေးတို့က ရိုက်သတ်ပြီး အရက်နဲ့ မြည်းကြတာ၊ ရှိမွကားရောက်ရင် လူကြီးတွေ မပြောနဲ့ဆိုလို့

ကျွန်တော် မပြောတာ'

ကိုဘအေး တစ်ချက်တွေသွားသည်။ သည်ကလေးကို အခြားရွာသို့ ခေါ်သွားလောက်အောင် မရင်းနှီး။ ကလေးပြောနေသည့်ကလည်း ဂဃနဏမို့လည်း စဉ်းစားစရာ ဖြစ်နေသည်။ တအောင့်မျှ ကြာသောအခါ...

'ဟား...ဟား...ဟား... ပေါ်ပြီကွ...ကိုအေးမောင်...ပေါ်ပြီ'

'ဘာများပေါ်တာလဲ မောင်ဘအေးရေ'

'ခပ်ဗျားသားပြောတာ ဟုတ်တယ်ဗျ။ လက်စသတ်တော့ မောင်သန်းထွန်းက လူဝင်စားပဲ'

'ဟော...ဘာလို့လဲ'

'ဒီလိုလေဗျာ... ပွဲသူကြီးကို ခေါ်သွားတာက အစ်မ မငွေရှန်ရဲ့သား ဖိုးထူးရယ်ဗျ။ တစ်ခါက ဖိုးထူးလေးကို ခေါ်ပြီး ပယ်သူကြီးရွာသွားတာ အပေါင်းအသင်းတွေနဲ့တွေ့တော့ တစ်ခွက်တစ်ဖလားသွယ်ကြတာပေါ့။ ဖိုးထူးကိုတော့ တဲအပြင်က သစ်ပင်အောက်က လှည်းပေါ်ထားတာပေါ့။

မြွေတစ်ကောင်က လှည်းအောက်မှာဖြတ်သွားတာမြင်တော့ ကလေးက လန့်အော်တာပေါ့။ ကျုပ်တို့လဲ အဲဒီကောင်ကြီးကို ရိုက်သတ်ပြီး ချက်မြည်းကြတာ။ ဒီကောင် အတော် မှတ်မိတာပဲ။ ကျုပ်တောင် မနည်းစဉ်းစားရတာ'

ကိုဘအေး ရှင်းပြလိုက်သောအခါ ဦးအေးမောင်တို့မှာ လိပ်ပတ်လည်သွားတော့သည်။ မောင်သန်းထွန်းလေးကို ထပ်မံ မေးမြန်းသော်လည်း ဘာမျှ မပြောတော့။ ယခု





ဘဝတွင် ဦးဘအေးအား မြင်တွေ့ကာ ပထမဆုံး အတိတ်ဘဝက ဖိုးထူး၏ဖြစ်စဉ်ကို သတိရမြင်မိခြင်း ဖြစ်သည်။

ဖိုးထူးသည် ဦးအေးမောင်တို့ အိမ်၏ တောင်ဘက်မှ ဦးလင်းနှင့် ဒေါ်ငွေရှန်တို့၏သားဖြစ်သည်။ သူ့တွက် အစ်မဖြစ်သူ မနက်ကြူတ်နှင့် မောင်နှမနှစ်ယောက်တည်း ဖြစ်သည်။ ထို့ကြောင့် လမ်းမြောက်ဘက်မှ ဦးအေးမောင်၏သား မောင်ဝင်းအေးကို ထိန်းရင်း ဆော့ကစားတတ်သည်။

မောင်ဝင်းအေး လေးမှာလည်း ဖိုးထူးအပေါ်တွင် ခင်မင်တွယ်တာလျက်နေသည်မှာ အခြားသူများ ဘယ်လောက်ချော့ချော့ ကောက်နေတတ်သော်လည်း ဖိုးထူးက အသံပေးကာ "ညီလေးရေ" ဟု ခေါ်လိုက်လျှင် ချက်ချင်းတိတ်ကာ အတူ လိုက်ပါသွားတော့သည်။

တစ်ခါသော် ရှိမ္မကား တောင်ဖျားသဲချောင်းကြီး တောင်ဘက်ရှိ စံကျောင်းအတွင်း ဖိုးထူးနှင့် သူငယ်ချင်းတစ်စုသည် ခုန်ပေါက်ကစားနေကြစဉ် သစ်ပင်ပေါ်၌ လေယာဉ်ပျံ အရုပ်ကလေး တင်နေသည်ကို တစ်ယောက်က တွေ့မြင်သောအခါ ထိုလေယာဉ်ပျံလေးကို ခဲဖြင့် ပစ်၍ ထုချကြသည်။

သို့သော် လွဲချော်နေ၍ လေယာဉ်ပျံမှာ တင်လျက်ပင် ရှိနေသည်။ ထိုသို့ ပစ်ချရာတွင် သူတို့ထက်ကြီးသော ကျောင်းသားကြီး ကိုချစ်စရာလည်းပါသည်။ ထိုအခါ ကျောင်းသားငယ်ဖြစ်သော ဖိုးထူးက အနီးရှိ ခဲတစ်လုံးကို ကောက်ယူကာ သစ်ပင်ထက်မှ လေယာဉ်ပျံကို ချိန်ရွယ်ပစ်လိုက်ရာ ထိမှန်၍ လေယာဉ်လေးမှာ ဝဲပျံကာ အောက်သို့ ကျလာသည်။

ထိုသို့ ဖိုးထူး၏ ကလေးဘဝ ကစားခဲ့ကြပုံကို မောင်သန်းထွန်းလေးမှာ တစ်ယောက်ယောက်သော်လည်းကောင်း၊ အဖြစ်အပျက်တစ်ခုခုကိုသော် လည်းကောင်း မြင်တွေ့ပြီး အမှတ်ရခြင်း မဟုတ်ဘဲ သူ့မျက်စိတွင် ရုပ်ရှင်အခန်းတစ်ခုကို ကြည့်နေရသကဲ့သို့ ပြန်မြင်ရခြင်း ဖြစ်သည်။

ငယ်စဉ် စကားပြောတတ် လမ်းလျှောက်တတ်စကပင် မောင်သန်းထွန်းလေးသည် ဒေါ်ငွေရှန်တို့အိမ်ဘက်သို့ ကူးကူးသွားတတ်သည်ကို လူကြီးများက အမှတ်ထားမိသော်လည်း အိမ်နီးချင်းလည်းဖြစ် ဒေါ်ငွေရှန်၊ မနက်ကြူတ်တို့ကလည်း ခေါ် ယူထိန်းကျောင်းပေးတတ်

သောကြောင့်ဟုသာ အောက်မေ့ခဲ့ကြသည်။

ထိုအချိန်က ဒေါ်ငွေရှိန်၏ ခင်ပွန်းဦးလင်းမှာ ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ ဆေးလိပ်သမများနှင့် ရှုပ်နေသော မိမိတို့အိမ်ဘက်မှ အေးဆေး ကျယ်လွင့်သော ဒေါ်ငွေရှိန်တို့ဘက်တွင် ကူးသွား ကစားနေတတ်သည်။

တစ်နေ့သော် ဒေါ်ငွေရှိန်၏ ညီမဒေါ်အေးရီကလည်း ရှိနေရာ မောင်သန်းထွန်းက ကောက်ကာ ငင်ကာ မေးလိုက်သည်။

'ဒေါ်လေးရီ ဒေါ်အေးရီ တစ်ခါတုန်းက ဒေါ်လေးရီတို့ ဦးညွှန့်(ဒေါ်အေးရီ၏ခင်ပွန်း) တို့နဲ့ ပွဲဈေးရောင်းသွားကြတာ ပွဲဈေးခင်းက သောင်ပြင်ကြီးပေါ်မှာလေ။ အဲဒီမှာ ကျွန်တော်နဲ့ ကောင်လေးတစ်ယောက်က လှေဆိပ်က လှေတစ်စင်းဖြုတ်ပြီး မြစ်ထဲမှာ လှော်ကြပါရောလား။

ကျွန်တော်က ပဲ့ကလှော်၊ သူက ရှေ့က ထိုင်လှော်နဲ့ မလှော်တတ်တော့ လှေက ဝဲရာခတ်ပြီး ရေစုန်မျောပါသွားလို့ အော်ကြတာ။ ဒေါ်အေးရီတို့ ဦးလေးညွှန့်တို့ လှေတစ်စင်းနဲ့ လိုက်ဆယ်ရတာ မဟုတ်လား...အဲဒါ ဘာဘုရားပွဲလဲ'

မြေပြင်တွင် အိုးပုတ်များနှင့် ကစားနေသော မောင်သန်းထွန်း၏ အမေးကြောင့် ဒေါ်အေးရီမှာ စဉ်းစားရ ကျပ်သွားတော့သည်။ မောင်သန်းထွန်းကိုခေါ် ဘယ်ပွဲဈေးမျှ သွားမရောက်ခဲ့ဘူး။ သူ့မိဘများကလည်း ပွဲဈေးရောင်းရာသို့ မည်သို့မျှ ထည့်မည်မဟုတ်။

ရှိမှကားမှ အချို့သော သူတို့မှာ



(၁၂)ပွဲဈေးကို လိုက်လံရောင်းချပြီး အသက်မွေးကြသည်။ စစ်ကိုင်း ရှင်ဖြူရှင်လှ ဘုရားပွဲဈေး၊ စဉ့်ကိုင် ရှင်ပင်ဆိပ်ပေါက် ဘုရားပွဲဈေး၊ မင်းကွန်း ကျွန်းပင်ဘုရားပွဲဈေး၊ တောင်ပြုန်းပွဲဈေး၊ မတ္တရာတောပု၊ မြွေအံတော်၊ စကျင်၊ စဉ့်ကူး၊ ကျောက်မြောင်း စသဖြင့် မြစ်ရိုးတတန်းမှ ဘုရားပွဲများတွင် မိမိတို့ ရောင်းသော ကုန်ပမဏာအလျောက် လှေကြီးလှေငယ်များဖြင့် သွားရောက် ရောင်းချတတ်ကြသည်။

ကုန်များမှာလည်း ရွာသစ်ကလေးမှ မြေအိုး၊ မြေခွက်၊ ဆား၊ ငါးပိ၊ အုန်း၊ ငှက်ပျော စသည်တို့ကို ရောင်းတတ်ကြသည်။

မောင်သန်းထွန်း ပြောသော သောင်ပြင်ကြီးပေါ်မှ ဘုရားပွဲဆိုသည်ကိုလည်း အတွေးတွေ့ မပေါ်သဖြင့် ဒေါ်ငွေရှိန်နှင့် ဒေါ်အေးရီတို့ ညီအစ်မနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိကြသည်။

မောင်သန်းထွန်းကမူ မေးပြီး ခပ်တည်တည်ပင် သူ့အိုးပုတ်များနှင့် ကစားနေသည်။

'ဟဲ့...အေးရီ ညည်းတို့ ဖိုးထူးတုန်းက ဘယ်ခေါ်သွားဖူးလဲ'

ဒေါ်ငွေရှိန်က သတိရကာ ဒေါ်အေးရီကို လက်တို့မေးလိုက်၏။ ထိုအခါမှ ဒေါ်အေးရီလည်း အတွေးပေါက်သွားကာ အားရပါးရ ရယ်မောသဘောကျသွားတော့သည်။

'ဟား...ဟား...ဟား... ဪ... ဟုတ်ပြီ...ဟုတ်ပြီ ဒီကောင်လေးနှယ် ကြံကြံဖန်ဖန် မှတ်မိနေတယ်။ မြေထွန်းရွာ ဘုရားပွဲတုန်းက ဖိုးထူးကို ခေါ်သွားတာလေ။

ကျုပ်တို့က ပွဲဈေးတန်းမှာ ကုန်တွေ ခင်းနေတုန်း ပွဲဈေးသည်ရဲ့ ကလေး တစ်ယောက်နဲ့ ကမ်းစပ်က လှေကို ဖြုတ်ပြီး လှော်ကြတာ၊ ရေစီးထဲပါသွားလို့ ကိုညွှန့်နဲ့ မနည်းလိုက်ဆယ်ကြရတာ။

ကျုပ်တို့လဲ အစ်ပကြောက်တာနဲ့ မပြောဖြစ်တာ။ ကြည့်...သင်းက အခု မဟ် ကောင်လုပ်နေတာပေါ့။ ဟင်း...ဟင်း'

ဒေါ်အေးရီမှာ သဘောကျလွန်းသောကြောင့် တဟင်းဟင်းနှင့် ဖြစ်နေသော်လည်း မောင်သန်းထွန်းကတော့ ကစားမပျက်ချေ။ သူကစားနေသော အိုးပုတ်ချိုးရုပ်တို့နှင့် အဖူ့ သစ်သားကို ထွင်းထားသော လောင်းလှေ အသေးလေးလည်း ပါရှိသည်။

ထိုလှေကလေးမှ တစ်ဆင့် အတိတ်ဘဝ ဖိုးထူးတို့ ရောဝတီ မြစ်ထဲ မျောပါခဲ့သည်ကို ပြန်လည်မြင်ယောင်သဖြင့် မေးမိခြင်းဖြစ်သည်။

မောင်ဖိုးထူးကား ဆယ်နှစ်သား

ခန့်တွင် ချက်ချင်းလက်ငင်း ကိုယ်ပူကာ အဖုအကျိတ်များ ထွက်ပြီး ကွယ်လွန်ခဲ့ရှာသည်။ ထိုအချိန်က ပုလိပ်ရောဂါများ ဖြစ်ပွားကြရာ ထိုကပ်ရောဂါ ဖြစ်မည်ဟုသာ ကောက်ချက်ချကြသည်။

မောင်ဝင်းအေးလေး အပေါ် သံယောဇဉ်ကြီးသော ဖိုးထူးသည် မိခင်ကြီးနှင့်လည်းနီးသော ဦးအေးမောင်၏ဇနီး ဒေါ်လှကြည်ထံတွင် ပဋိသန္ဓေဝင်၍ လူ့ဘဝသို့ တစ်ဖန်ပြန်လည် ရောက်ရှိခဲ့တော့သည်။

တစ်ခါသော် ဒေါ်ငွေရှန်၊ မနက်ကြူတ်တို့သည် သူတို့၏ ဇာတိရွာဖြစ်သော မြစ်အရှေ့ဘက်ကမ်း စကျင်တောင်၏ တောင်ဘက်ရှိ မတ္တရာမြို့နယ်အတွင်းမှ တောပုရွာသို့ အလည်သွားကြရာ မောင်သန်းထွန်းကလေးကိုလည်း ခေါ်ခဲ့ကြသည်။

တောပုရွာ ရောက်သောအခါ ဆွေမျိုးများအိမ်ကို တစ်အိမ်တက်ဆင်း လည်ပတ်ကြပြီး၊ ရွာမြောက်ဖျားမှ တောပုဘုရားကို သွားဖူးကြသည်။ တောင်ဘက် စောင်းတန်းမှ ပရိဝုဏ်အတွင်းရှိ အာရုံခံအတွင်း ဝင်ကာ ဘုရားရှိခိုးကြသည်။

စေတီတော်မှာ အရှေ့ဘက်လှည့်သော တဝဂ္ဂဘုရား ဖြစ်သောကြောင့် လိုဏ်အတွင်းမှ ဆင်းတုတော်ကို ဝင်ရောက်ဖူးမြော်ပြီး အရှေ့ဘက်စောင်းတန်းကို လျှောက်ခဲ့ကြသည်။

စောင်းတန်းအဆုံး မုခ်ပေါက်သို့ ရောက်သောအခါ ခြေရင်းတွင် မြစ်တိမ်ချောင်းက စီးနေသည်။ ချောင်း အရှေ့ဘက်ကမ်းဆီသို့ မောင်သန်းထွန်းက လှမ်းမျှော်ငေးငိုင်သွားသည်။ အရှေ့ဆီမှ ကုန်းမြင့်ကြီးပေါ်ရှိ ညောင်ပင်ကြီးကို လက်ညှိုးထိုးကာ စကားသံထွက်လာသည်။

'အမေ့ သေတုန်းက ကြေကြီးခါကြီးပေါ့။ အဲဒီညောင်ပင်ကြီးနားက သချိုင်းကသဲရေတွေပြုပ်နေတော့ အဖေ့အလောင်းကို မြေမြှုပ်စရာမရှိလို့ သချိုင်းက ကိုင်းပင်ဒယ်ဒိုးပုတ်တွေပေါ်မှာ ဒီအတိုင်း ထိုးတင်ပစ်ထားခဲ့ရတာ'

မောင်သန်းထွန်းစကားကို ကြားရသောအခါ ဒေါ်ငွေရှန်၏ ဆွေမျိုးများမှာ နားမလည်နိုင်ဘဲ မောင်သန်းထွန်းကိုသာ ကြည့်နေမိကြသည်။

ထိုအခါ ဒေါ်ငွေရှန်က မောင်သန်းထွန်းမှာ သူ့သားဖိုးထူး ဝင်စားခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဖိုးထူးအဖေ သူ့ခင်ပွန်းဦးလင်း တောပုရွာတွင် အလည်လာရင်း ဆုံးပါးစဉ်က အကြောင်း ရှင်းပြသောအခါမှ နားလည် သဘောပေါက်သွားကာ အံ့သြပြီး ဟုတ်မှန်ကြောင်း ထောက်ခံကြတော့သည်။

ဖိုးထူးဘဝက အဖြစ်အပျက်တို့ကို ပြန်လည်မြင်ယောင်ရာတွင် မောင်သန်းထွန်းလေးမှာ ရုပ်ရှင်ဇာတ်လမ်းများကဲ့သို့ စဉ်ဆက်မပြတ် မြင်ယောင်သတိရခြင်းမဟုတ်ဘဲ လှုပ်ရှားလို ပဇ္ဇည်းတစ်ခုရှ၊ အဖြစ်အပျက်တစ်ခုခုကို မြင်တွေ့ရပြီးသော်လည်းကောင်း၊ တစ်ခါတစ်ရံ အကြောင်းရင်းခံ မရှိဘဲ အိပ်မက်ကို သတိရလိုက်သကဲ့သို့ လည်းကောင်း ပြန်လည် မြင်မိသည်ဟု ဆိုသည်။

သို့သော် (၁၄–၁၅)နှစ်သားနောက်ပိုင်းတွင် ပြန်လည် အမှတ်ရခြင်းမျိုး မရှိတော့ဘဲ ယခင်က မြင်ယောင်ခဲ့သည်တို့ကိုသာ အမှတ်ရတော့သည်ဟု ဆိုပါသည်။

အတိတ်ဘဝက ဖိုးထူး၏ အောက်နှုတ်ခမ်း ညာဘက်အောက်နားတွင် အမည်းအမှတ်ကလေး ရှိခဲ့သည်။ ယခု မောင်သန်းထွန်းအေးဘဝတွင်လည်း ထိုအမှတ်ကလေး ပြန်လည်ပါရှိခြင်းလည်း ထူးခြားမှုပင် ဖြစ်သည်။

ဖိုးထူး၏မိခင် ဒေါ်ငွေရှန်၊ အစ်မ မနက်ကြူတ်ရော၊ ဦးအေးမောင်၊ ဒေါ်လှကြည်တို့ကပါ ဖိုးထူးနှင့် မောင်သန်းထွန်းအေးတို့မှာ ရုပ်ခြင်းဆင်တူသည်ဟု ဆိုကြသည်မှာလည်း ထူးသည်ဟု ဆိုရပေမည်။

သို့သော် ဖိုးထူးသည် ငယ်ရွယ်စဉ်ကလေးဘဝတွင် ကွယ်လွန်ခဲ့သော်လည်း မောင်သန်းထွန်းလေးမှာ ယနေ့တိုင် ဦးသန်းထွန်းအေးအဖြစ် ဝိပဿနာတရား ဘာဝနာများကို အားထုတ်ကာ ပြန်လည်ရရှိသော လူ့ဘဝကို အကျိုးရှိရှိ အသုံးချနေထိုင်လျက် ရှိနေပေတော့သည်။

သံသရာမှတ်တမ်းတွင် မဆန်းပြားသော ဇာတ်လမ်းတစ်ခုဖြစ်သော်လည်း လူ့ဘဝ အတ္တုပတ္တိတွင်မူ ယူတတ်လျှင် **ဆောင်အပ်ရှောင်အပ် ကျင့်သုံးအပ်သော သင်ခန်းစာ** တစ်ခုပင် ဖြစ်ပါတော့သတည်း။

မောင်အောင်ဝင်းမန်း

ထူးထူးဆန်းဆန်း

# ပတ်လည်နတ်

ကာသ သင်းမြွေ



လွန်ခဲ့သော နှစ်,နှစ်ဆယ်ကျော်ခန့်က မှတ်မှတ်ရရ ကဆုန်လဆန်း(၁၄)ရက်တွင် ဖြစ်သည်။ နေပူကျဲကျဲတွင် လူနှစ်ယောက်က ထမ်း၍… လူသုံးယောက်က ပြေးပြေးလွှားလွှားလိုက်ကာ ဟဲနားရွာချောင်းရိုးအတိုင်း **"ကစော့တောလယ်"**သို့ သွားနေကြသည်။

ချောင်း၏တစ်ဖက် နှစ်ဖာလုံခန့်တွင် နွားများကို စောင့်ကြည့်နေကြသော လူနှစ်ယောက်က ထို လူငါးယောက် သွားသည်ကို မြင်ကြရာ မနက်ဖြန် ကဆုန်လပြည့်ဖြစ်၍ ဝက်ပေါ်ရန် ဝက်တစ်ကောင်အား ထမ်းသွားကြသည်ဟု ထင်မြင်ကြပါသည်။

"ကစော့တော"လယ်ရှိ ဦးဘိုးလှိုင်လယ်တောကို ဖြတ်ရမည်ဖြစ်သည်။

ဦးဘိုးလှိုင်လယ်တဲတွင် ဝက်သတ်ပြီး အသားပေါ ရောင်းကြမည်ဟုလည်း တွေးထင်ကြသည်။

တစ်ယောက်ကိုတစ်ယောက် အချီအချ ပြောကြပြီးနောက် ဦးဘိုးလှိုင်၏ လယ်တဲသို့ လိုက်သွားကြရန် ဆုံးဖြတ်ပြီး ခွားမတိုများကိုင်လျက် ဦးဘိုးလှိုင်၏ လယ်တဲသို့ လိုက်လာခဲ့ကြသည်။



▲ ထူးထူးဆန်းဆန်း ပတ်လည်နတ် ကိုးပုံကို ပြောပြသော မိုးဟားကြီးရွာမှ ဒေါ်ကြည်ဝင်းမုံ

ဝက်သတ်ပြီး အသားပေါ်လျှင် သူတို့လည်း ဖျက်ကူပြီး တစ်တွဲစီ(တစ်ပိဿာ)ဆွဲ ဝယ်ကြမည်။

ပိုပိုသာသာ ရမည်။ ကိုယ့်စိတ်ကြိုက် အသားတွဲကို ရမည်ဖြစ်သည်။ ထို့ပြင် အရက်ဖြင့် ကလီစာများကို မြည်းကြရမည်။ အကြွေးရ၍ လာတောင်းမှ ပေးရမည်ဟူသော အတွေးကိုယ်စီဖြင့် လိုက်လာကြခြင်း ဖြစ်သည်။

ထိုစဉ် ဦးမြင့်ထွန်းကလည်း **ဝေပေါင်တောရကျောင်း**မှ သူ၏လယ်တဲရှိရာ ''ကစော့တော''သို့ ခေတ္တပြန်သည်နှင့် ထိုနွားကျောင်းနေကြသော လူနှစ်ယောက်နှင့်ဆုံရာ ဦးဘိုးလှိုင်တဲတွင် ဝက်ပေါ်မည်ဖြစ်၍ လာကြကြောင်း ဦးမြင့်ထွန်းလည်း သိသွားသည်။

ဦးမြင့်ထွန်းသည် သူ၏လယ်တဲသို့ ပြန်ရာတွင် ဦးဘိုးလှိုင်တဲနားမှပင် ဖြတ်သွားနေကျဖြစ်သည်။

အမှန်မှာ လူသုံးယောက်နှင့် လူနှစ်ယောက် ထမ်းသွားသည်မှာ ဝက်မဟုတ်ပါ။ လူမမာ ဖြစ်ပါသည်။ ဖျင်ကြမ်းစောင်ကို ပုခက်လုပ်ပြီး ဝါးဆစ်ပိတ် ဝါးထမ်းပိုးဖြင့် လျှိုထမ်းလာခဲ့ကြခြင်း ဖြစ်ပါသည်။

ဦးဘိုးလှိုင်၏တဲရှေ့ ရောက်၍ သရက်ပင်ရိပ်အောက်တွင် ခဏရပ်နားကြပြီး လူလဲထမ်းရန် ဖြစ်ပါသည်။

ထိုစဉ် တဲပေါ်တွင် ထိုင်နေသော ဦးဘိုးလှိုင်က...

'ဘယ်လိုဖြစ်ခဲ့တာလဲ'

ဟု ထိုလူများကို မေးပါသည်။

'မပြောတတ်ပါဘူး ဘကြီးလှိုင်ရယ်၊ ထမင်းစားပြီးလို့ ထိုင်ကာရှိသေးတယ်။ ကောက်ကာငင်ကာ ဗိုက်ထဲနာတယ်ဖြစ်ပြီး လူးလှိမ့်နေတော့တာပဲ'

ဟု တစ်ယောက်သောသူက ဝင်ဖြေလိုက်ပါသည်။ ထိုသူများကို ဦးဘိုးလှိုင်က သိပါသည်။ မိုးတားကြီး ရွာသားများ ဖြစ်ကြပါသည်။

'ဗိုက်နာနေတုန်းလား'

ဟု ဦးဘိုးလှိုင်က မေးရာ...

'ဟုတ်တယ် နာတုန်းပဲ'

ဟု ပြန်ဖြေပါသည်။

'ဗိုက်နာနေတုန်းဆိုရင် တဲပေါ်တင်ခဲ့စမ်း၊ ငါစမ်းကြည့်ဦးမယ်'

ဟု ဦးဘိုးလှိုင်က ပြောရာ ထိုလူငါးယောက်လည်း



ဗိုက်နာနေသော လူနာအား တဲပေါ်တင်ပေးလိုက်ပါသည်။

လူနာကို လဲလျောင်းနေစေ၍ သီးခုံ၏ တစ်ဖက်တစ်ချက်စီ၊ ဗိုက်နေရာ၊ ရင်ညွန့်တစ်ဖက်တစ်ချက်စီတို့၌ နှိပ်စမ်းပြီး...

'ပင်းတို့လူနာက ရောဂါမဟုတ်ဘူး။ နတ်ဖမ်းစားထားတာ ဘာမှားသလဲ၊ "ကိုး"လိုက်ရင် ပျောက်သွားမှာပါ။ ငါလုပ်ပေးပါ့မယ်'

ဟု ဦးဘိုးလှိုင်က ပြောလိုက်ပါသည်။

လူနာအား ထမ်းလာခဲ့သော လူငါးယောက်ကလည်း **''ဘကြီးလှိုင် ''ကိုး''တတ်ရင် ''ကိုး''ပေးပါ''**ဟု အားကိုးတကြီး ပြန်ပြောပါသည်။

**''ကိုး''သည် ဆိုသည်မှာ နတ်အား တစ်စုံတစ်ခု တင်သပသပြီး တောင်းပန်ခြင်း ဖြစ်ပါသည်။**

ဦးဘိုးလှိုင်က တဲနောက်တွင်ရှိသော ငှက်ပျောရုံမှ ငှက်ပျောညွန့် ခုတ်ခိုင်းပြီး ငှက်ပျောညွန့်ကို နှစ်ခြမ်းခွဲလိုက်သည်။ တစ်ရွက်တွင် ဆန်လက်တစ်ဆုပ် ထည့်၍ အထုပ်တစ်ထုပ် လုပ်သည်။

ကျန်တစ်ရွက်တွင် ကွမ်းစားဆေးခေါင်းထုပ်မှ ဆေးပေါင်း(ဆေးရွက်ကြီး) လက်တစ်ဆုပ်ကိုထည့်၍ ထုပ်လိုက်သည်။ ထိုအထုပ်ကလေး နှစ်ထပ်ကို ပူးကပ်၍ နှီးဖြင့် ချည်လိုက်သည်။

လူမမာအား ထိုင်ခိုင်းလိုက်သည်။ ဦးဘိုးလှိုင်က...

'ပတ်လည်နတ်မင်းခင်ဗျား...ယခုလူကို ဖိုက်နာအောင် လုပ်ထားလျှင် သက်သာပျောက်ကင်းသွားအောင် လုပ်ပေးပါ။ သူ့ကိုယ်စား တောင်းပန်ပါတယ်'

ဟု နှုတ်ကလည်း ပြောရင်း ပူးချည်ထားသော အထုပ်ကလေးနှစ်ထုပ်အား လူမမာ၏ ခေါင်းပေါ်တွင် ဝဲလိုက်သည်။

ထိုသို့ သုံးကြိမ် ပြုလုပ်ပြီးသောအခါ ဦးဘိုးလှိုင်က လူမမာအား...

'ဖိုက်နာသေးလား'

ဟု မေးရာ...

'ဘကြီးလှိုင် မနာတော့ဘူးဗျာ'

ဟု ဖြေပါသည်။

အကယ်၍ ဖိုက်နာမပျောက်သေးလျှင် ထပ်ပြီး တောင်းပန်ရပါဦးမည်။ ထိုသို့ ဦးဘိုးလှိုင်က နတ်ကိုး နေစဉ် ဦးမြင့်ထွန်းနှင့် ဝက်သတ်မည်အထင်နှင့် လိုက်လာကြသော လူနှစ်ယောက်လည်း ရောက်လာကြသည်။

ဖြစ်ကြောင်းကုန်စင် သိကြသောအခါ အားလုံးက ငိုအားထက် ရယ်အားသန် ဖြစ်ကြပါတော့သည်။

**နတ်ကို ''ကိုး''သော ဆေးရွက်ကြီးထုပ်နှင့် ဆန်ထုပ်တို့ကို တဲ၏ ပြတင်းသို့ လူမမာကိုယ်တိုင်အား ပစ်ခိုင်းလိုက်ပါသည်။**


ဤကား ဦးမြင့်ထွန်းကိုယ်တိုင် တွေ့သိခဲ့ရခြင်း ဖြစ်ပါသည်။

* * *

'အဲဒါပါပဲ ဆရာကြီးရယ်... ကျွန်တော်ကိုယ်တွေ့ ကြုံမှပဲ ပတ်လည်နတ်ဆိုတာ ရှိမှန်း သိရတယ်။

ကျွန်တော်တို့ဒေသမှာက ဒီလိုနတ်မျိုး ရှိတယ်လို့ မသိခဲ့ပါဘူး။ ကြုံလဲ မကြုံတော့ပေါ့လေ။ ရွာရောက်ရင် အသက်ကြီးတဲ့ လူကြီးတွေကို မေးကြည့်ပါလား'

ဟု ဦးမြင့်ထွန်းက မှာကြားပါသည်။



(၃၀–၃–၂၀၁၈)ရက်နေ့က မိုးတားကြီးသို့ ဆွမ်းဖိတ်စာရသဖြင့် သွားခဲ့ရပါသည်။ ဦးမြင့်ထွန်းက မလာအားသဖြင့် မလာခဲ့ပါ။ ဦးသောင်းညွှန့်နှင့် တွေ့ပြီး ဦးမြင့်ထွန်းပြောခဲ့သော **''ငအောင်တိုင်နတ်''**နှင့် **''ပတ်လည်နတ်''**အကြောင်း ပြောပြပြီး သိရှိသော လူကြီးများအား မေးရန် လမ်းညွှန်ခိုင်းပါသည်။

ပထမဆုံး **ဦးကံကြီး(ရ၄–နှစ်)**အိမ်သို့ သွားမေးရာတွင် ''ငအောင်တိုင်နတ်''အကြောင်းနှင့် **''ကိုး''**ပုံ **''ကိုး''နည်း** ပြောပြပါသည်။

''ပတ်လည်နတ်''အကြောင်းကိုတော့ ရွာအနောက်ပိုင်းရှိ **ဒေါ်ကြည်ဝင်း**ဆီ သွားမေးရန် လမ်းညွှန်လိုက်ပါသည်။

ထို့ကြောင့် ဒေါ်ကြည်ဝင်းအိမ်သို့သွားပြီး ''ငအောင်တိုင်နတ်''နှင့် ''ပတ်လည်နတ်''အကြောင်း မေးပါသည်။ ဦးကံကြီး ပြောသကဲ့သို့ ''ငအောင်တိုင်နတ်'' အကြောင်း ပြောပြပါသည်။(ထိုအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပို့ပြီးဖြစ်သည်။ ယခု ဆက်လက်၍ ''ပတ်လည်နတ်''အကြောင်း ပေးပို့ခြင်း ဖြစ်ပါသည်။

* * *

ဒေါ်ကြည်ဝင်းက ပြောပြသည်မှာ တောထဲမှာဆိုလျှင် လွယ်လွယ်ကူကူ ဆန်လက်တစ်ဆုပ်၊ ဆေးရွက်ကြီး လက်တစ်ဆုပ်တို့ကို ဆုပ်ပြီး ပတ်လည်နတ်ကို "ကိုး" ၍ ရပါသည်။

သို့သော် မပျောက်ပါက ရွာသို့ လူနာကို ခေါ်လာပြီး လူနာ၏အိမ်တွင် အောက်ပါအတိုင်း ပတ်လည်နတ်ကို "ကိုး" ရမည် ဖြစ်ပါသည်။

ရှမ်းစကားအားဖြင့် "**ချင်စော**"ဟု ခေါ်၍ ပမာလို "**မြက်ကွက်ခြင်းကျား**"အသေး ရက်ရမည်။ ဟင်း သောက်ပန်းကန်လုံးအရွယ်ဆိုလျှင် ရပါသည်။

**ခြင်းကျား၏ အမြိတ်များကို မဖြတ်ရ။ တစ်စည်း မကွပ်ရပါ။**

ထိုမြက်ကွက်ခြင်းကျားတွင် အောက်က ဖက်ခံ၍ **ဆန်နို့ဆီဘူးတစ်လုံး(နီးပါး)** ထည့်ရမည်။ ဆန်ပေါ်တွင် ကြက်ဥတစ်လုံး တင်ရမည်။

ခြင်းကျားအမြိတ်များကို စုစည်း၍ ချည်လိုက်ပါ။ ပြီးနောက် "ပတ်လည်နတ်" ဖမ်းစားထားသဖြင့် ဖိုက်နာနေသူအား ထိုင်ထားစေ၍ လူနာ၏ ခေါင်းပေါ်တွင် ခြင်းကျားကို သုံးကြိမ်သုံးခါ ဝဲရပါမည်။ နှုတ်မှလည်း...

'...နေ့သားသမီးဖြစ်သော မောင်...၊ မ...အား အရှင်ပတ်လည်နတ်ပင်က မကျေနပ်လို့ ဖမ်းစားထားရင် ဖြေပေးပါ။ ဖိုက်နာသည်ကို ပျောက်အောင်လုပ်ပေးပါ။ တောင်းပန်ပါတယ်။ ပတ်လည်နတ်ကိုလဲ တင်သပါတယ်။ ပေးပါတယ်'

ဟု ပြောရပါမည်။

ထိုခြင်းကျားကို လူနာအိမ်၏ လေှကားရင်းအပေါ်တွင် ချိတ်ဆွဲထားရမည်။ ခေတ္တခဏမျှကြာသော် ဖိုက်နာပျောက်သွားပါက ထိုမြက်ကွက်ခြင်းကျားကို ယူပြီး "ပတ်လည်နတ်"ကို ရည်ရွယ်၍ "**နောက်ကို မလာပါနဲ့တော့**"ဟု ပြောကာ အိမ်ဝင်းခြံအပြင်သို့ ရောက်အောင်ပစ်လိုက်ရပါမည်။

ဒေါ်ကြည်ဝင်းက အထက်ပါအတိုင်း "ပတ်လည်နတ်"ကို "ကိုး"ရသည့်အကြောင်းပြောပြီး စာရေးသူသည်လည်း ဒေါ်ကြည်ဝင်းနှင့် စကားပြောဖြစ်ပါသည်။

ဒေါ်ကြည်ဝင်းက...

'ငါတို့က ရှမ်းအနွယ်တွေပါ။ မိုးတားကြီးအေသဟာ မိုးညှင်းရှမ်းအနွယ်နဲ့ မကောင်းကြပါဘူး။ တို့က တောထဲ တောင်ထဲ လယ်ယာ လုပ်ကိုင်စားကြရတယ်။ ကလေး၊လူကြီး ဖျားနာ ဖိုက်နာရင် သောက်ဖို့ တောဆေးတောမြစ်တွေ စုဆောင်းထားရတယ်။ မြှတ်သောက်ရတာတို့ ထမင်းနဲ့ မြှုပ်ပြီး စားရတာတို့ အမျိုးမျိုးပေါ့။

ရောဂါကြောင့် မဟုတ်ဘဲ တောနတ်တွေရဲ့ ဖမ်းစားခံရရင်လဲ ဘယ်လိုကုစားရမယ်ဆိုတာ သိထားရတယ်။

ဥပမာ ကလေးက အစားမှားလို့ မဟုတ်ဘဲ ဖိုက်နာတာ မဟုတ်တဲ့ ညညည ငိုငိုနေရင် သနပ်ခါးကျောက်ပျဉ်မှာ ဇရုတ်ကျည်ပွေ့ကို ရေလေးဖျန်းပြီး အသက်အောင့်လို့ ခုနစ်ခါသွေးလိုက်၊ ပြီးရင် သွေးထားတဲ့ ဇရုန့် နဖူးကို တို့ပြီး နှာရောင်အတိုင်း သပ်ချလိုက်၊ ကလေး အငိုတိတ်သွားမယ်။ ဒီလိုတွေလဲ သိထားဖို့ လိုတယ်'

ဟု ပြောပြပါသည်။

ဒေါ်ကြည်ဝင်း ပြောသကဲ့သို့ ဂမ္ဘီရဆန်ဆန် နည်းကလေးတွေ သိထားရန် လိုပါသည်။ နောင်အလျဉ်းသင့်လျှင် ဒေါ်ကြည်ဝင်းအား မေးပြီး ဂမ္ဘီရဆန်ဆန် နည်းကလေးများကို ရေးသားဖော်ပြပေးပါဦး မည်။



*ကောင်းမှုတစ်ခု နေ့စဉ် ပြုနိုင်ကြပါစေ။*

ကသာ သင်းမွှေး

# ခေမံ

တစ်ညနေခင်းမှာပါ။

ကျောင်းမှာက ပရိသတ်ရှင်းနေတယ်။ ကျွန်တော်တို့ မိသားစုပဲ ဆရာတော်ရှေ့မှာ ရှိနေတယ်။

အဲဒီမှာ သားငယ်က ရေတံခွန်တောင် ဆရာတော်ကြီးကို ဝတ်ဖြည့်ပေးနေတယ်။ ကျွန်တော်တို့က ဆရာတော့် အမိန့်စကား နားထောင်နေတယ်။

'အဲ့...ဟဲ့ မင်း လက်အုပ်ချီစမ်းပါရဲ့'

ဆရာတော်ကြီးက သားကို ရုတ်တရက် မိန့်တော့ တယ်။ **(ဆရာတော်က ဝတ်ဖြည့်တာ ဘာညာ လက်မခံဘူး။ အခုဟာက ကလေးမို့လို့သာပါ)**

လက်အုပ်ချီလာတဲ့ သားလက်ကလေးတွေကိုလဲ တစ်ပူးချင်း လက်ထိပ်ကလေးတွေ ဖိနှိပ်ကြည့်ပေးနေ တယ်။

သားဟာ ကျွန်တော့်သားသမီးတွေထဲမှာ တတိယ မြောက်။ ငယ်လဲငယ် ဆိုတော့ လက်ချောင်းကလေးတွေ နှစ်ဖက်ပူးမှ ခဲတံချောင်းသာသာ ရှိနေရတာ။

အဲဒီမှာ...

'မင်း ရေထုပ်နိုင်ပြီလား'

နဲ့ ဆရာတော်ကြီးက သားကို မေးတော့တယ်။

သားက မဖြေတတ်ဘူး။ ကျွန်တော်တို့ဘက် လှည့် ကြည့်နေတယ်။ တစ်ခုခု ပေးတော့မယ်ဆိုတာ သိနေတဲ့ ကျွန်တော်ကသာ...

'တင်ပါ့'

ဝင်လျှောက်ပေးလိုက်ရတယ်။

'အေး အဲဒါဆို ရေးထုပ်...

သဝေထိုး ခချွေရေ ခေ၊ မ သေးသေးတင် မံ ဆိုတာကိုရေး။ ရေးပြီးရင်တော့ ပြန်ပြန်လှတ်နော်။ ရေသရဲက ထွက်လိုက်တော့တာ။ အဲဒါ ကာယပြီးတော့တာပဲ'

နဲ့ မိန့်တော့တယ်။ ရေးနည်းကိုလဲ လက်ဟန်နဲ့ ပြ ပေးနေတယ်။

သားကတော့ မျက်လုံးလေး ကလယ်ကလယ်နဲ့



ပြုံးပြီး ဆရာတော့်ကို ကြည့်လိုက်၊ ကျွန်တော်တို့ကို ကြည့်လိုက်နဲ့ပါ။


**ခေမံ့ ဆိုတာ ဘေးမရှိလို့** သိထားတဲ့ ကျွန်တော် ကသာ သားကို မသိမသာ ခေါင်းညိတ်ပြလိုက်ရတယ်။

ဒီတော့ တော့...


'တင်ပါ ဘုရား'

တဲ့။ သားက လျှောက်တော့တယ်။

***




**ဝမ်း(စက်မှုတက္ကသိုလ်)**



နီနီအောင်ခိုင်
(မြဝတီ)

# အဝေးကြားလည်း ချစ်နေမယ်

စာရေးသူကျွန်တော်သည် ပရသူလေးတစ်ယောက်နှင့် (၂)ကြိမ်(၂)ခါ ဆုံတွေ့ဖူးပါသည်။ ထိုပရသူလေးနှင့် ပထမအကြိမ် ဆုံတွေ့ရသည်ကို **၂၀၀၇ ခုနှစ်၊ အောက်တိုဘာလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း။ အမှတ် (၃၇၅)တွင် "ကိုယ်ထင်ပြခဲ့သော ပရသူလေး ပန်းနုရောင်"** ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါသည်။ ထိုပရသူလေးနှင့် တွေ့ဆုံရသည့် ရက်စွဲမှာ (၄-၇-၂၀၀၇)ရက်နေ့က ဖြစ်ပါသည်။

ထိုပရသူလေးနှင့် ဒုတိယအကြိမ် ဆုံတွေ့ရသည့် ရက်စွဲမှာ **(၁၀-၄-၂၀၁၈)ရက်နေ့**ဖြစ်ပါသည်။

ကျွန်တော်သည်(၁၀-၄-၂၀၁၈)ရက်နေ့တွင် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်ရှိ မိုးကုတ်စက်ဝိုင်းကျောင်းတွင် သားသမက်တစ်ယောက်နှင့် မြေးသုံးယောက်အား ရဟန်းခံရှင်ပြု အလှူဒါနတစ်ခု ပြုခဲ့ပါသည်။

ကျွန်တော့်ဘဝတွင် စိတ်ချမ်းသာပျော်ရွှင်ရဆုံးနေ့တစ်နေ့ပါ။ ကျွန်တော့်ထက် စိတ်ချမ်းသာပြီး ပိုလို့ပိုလို့ ပျော်ရွှင်နေသည်ကတော့ ကျွန်တော့်ဇနီးသည်ပါ။

ပြုံးပျော်ရွှင်လန်းချမ်းမြွေနေသည့် ကျွန်တော့်ဇနီးသည်၏မျက်နှာကို ကျွန်တော့်တဝတစ်သက် မေ့နိုင်တော့မည်မထင်ပါ။

ထိုနေ့က မောင်ရင်လောင်းများ ဆံချပြီး ကိုရင်ဝတ်ကြရပါသည်။ ညနေပိုင်းမှာတော့ ဦးပဉ္စင်းဝတ်မည့် ကိုရင်ကြီး သိမ်တက်ရပါသည်။ ၁၁-၄-၂၀၁၈ ရက်နေ့မှာတော့ ဆွမ်းကျွေးတရား နာကြရပါသည်။

သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းကပ်လှူပြီးသောအခါ ကျောင်းထိုင်ဆရာတော်ကြီးမှ တရားဟောပါသည်။ တရားဟောပြီးသောအခါ ကဲ... ရေစက်ချမယ် အားလုံးလိုက်ဆိုကြဟု မိန့်ပါသည်။

*　　*　　*

ကျွန်တော်လဲ ကျွန်တော့်ရှေ့တွင်ရှိသော ရေစက်ခွက်ကိုဆွဲယူပြီး ရေစက်ခွက်ကို ကိုင်လိုက်ပါသည်။ ထိုအခါ ကျွန်တော်၏ဘယ်ဘက်တွင် ထိုင်နေသော ကျွန်တော့်ဇနီးသည်က ကျွန်တော်၏ထောက်ထားသော ဘယ်ဘက်လက်ကို သူ၏ ညာဘက်လက်ဖြင့် ဆုပ်ကိုင်လိုက်ပါသည်။ **(ရေစက်အတူချသည့် သဘောပါ။)**

ထိုအချိန်တွင် ကျွန်တော်၏ညာဘက်မှ လက်တစ်ဖက်ထွက်လာပြီး သူ့ညာဘက်လက်ဖြင့် ကျွန်တော့်ရေစက်ခွက်ကိုင်ထားသော လက်ကောက်ဝတ်ကို လာကိုင်ပါတော့သည်။

ကျွန်တော်လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ကို ပြုံး၍ ကြည့်နေပါတော့သည်။ အမျိုးသမီးချောလေး တစ်ယောက် **"မှတ်မိလား"**ဟု မေးပါ၏။

ကျွန်တော် အံ့ဩခြင်းကြီးစွာဖြင့် ကြောင်ပြီး ကြည့်နေမိ၏။ ကျွန်တော် မှတ်မိပါပြီ။ ဝတ်ထားသည်က ပန်းနုရောင်၊ သူ၏ ရှည်လျားများပြားသော ဆံပင်ကို

ညာပခုံးတင်ပြီး ပဝါသဖွယ် ခင်းထားတာတွေ တွေ့လိုက်တော့ မမှတ်မိဘဲ နေပါ့မလား။

သို့သော် စကားပြောချိန် မရတော့ပါ။ ဆရာတော်ကြီး ရေစက်ချနေပါပြီ။ ခေါင်းပဲညိတ်ပြလိုက်ရပါတော့သည်။

* * *

ရေစက်ချပြီးသောအခါ ပရိသတ်များ ထမင်းစားကြဖို့ ထကြပါပြီ။ ထိုအချိန်တွင် ပန်းနုရောင်လေးက…

'ဦး… ကျွန်မကို ကျောင်းအဝင်အထွက်အဝထိလိုက်ပို့ပေးပါ'

ဟု ပြောပါသည်။

'မင်း…ထမင်းစားဦးလေ၊ လာ… ဦးတို့နဲ့အတူစားမယ်'

'ဦး… ကျွန်မက သက်သတ်လွတ် စားတာရှင့်'

တဲ့…။

'မစားပါရစေနဲ့၊ ဦးသာလိုက်ပို့ပေးပါ'

ဟု ပြောပါသည်။

ဤသို့ဖြင့် နှစ်ယောက်သား ကျောင်းပေါ်ကဆင်းပြီး ထွက်ခဲ့ကြပါသည်။ ပထမအကြိမ် တွေ့စဉ်ကလိုပင် သူလေးက ကျွန်တော်၏ဘယ်လက်မောင်းကို ကိုင်ပြီး တွဲလာလေ၏။

'မင်း… အိမ်လိုက်လည်ပါလား'

ဟု ကျွန်တော်ပြောလိုက်ရာ…

'ရောက်ဖူးပြီးပါပြီဦးရယ်။ တစ်ညတောင် အိပ်ခဲ့ဖူးပါတယ်။ ဦးနဲ့ဟိုတစ်ခါ သင်္ချိုင်းကုန်းမှာ ဆုံတုန်းကလေ ကျွန်မလိုက်လာခဲ့တယ်လေ။

ညကျတော့ ကျွန်မက ဘုရားခန်း ခြေရင်းဘက်မှာ အိပ်တယ်။ ဦးတို့ဇနီးမောင်နှံက အိပ်ခန်းထဲမှာအိပ်ကြတယ်။ မနက် (၄)နာရီထိုးတော့ ဦးတို့ ဆွမ်းထချက်ကြတယ် မဟုတ်လား။

အဲဒီချိန် ကျွန်မအိပ်ရာထပြီး ဘုရားရှိခိုးတယ်။ ဦးနဲ့အစ်မကြီးကို ကန်တော့ပြီးမှ ပြန်ခဲ့တယ်။ မမှတ်မိတော့ဘူးလား'

ဟု ပြောပါသည်။ **''မှတ်မိပါတယ် မိန်းကလေးရယ်''** ဟုသာ ပြောလိုက်ရပါသည်။

ဤသို့ဖြင့် ကျောင်းအဝင်အထွက်အဝသို့ ရောက်လာကြပါ၏။ သူလေးက…

'ဦးရယ်… ရှေ့နားနည်းနည်း လိုက်ပို့ပေးပါဦး'

ဟု ပြောလာသဖြင့် ကျွန်တော် ကိုက်(၁၀၀)ခန့်လိုက်ပို့ရပြန်တော့သည်။ ကျွန်တော်က…

'မင်း… အခု ဘယ်သွားမလဲ'

ဟု မေးလိုက်ရာ…

'ကျွန်မ ရွာတစ်ရွာက ကထိန်သွားမလို့ပါ'

'ဘယ်ရွာလဲ၊ ရွာက ဘာရွာလဲ'

ဟု ထပ်မေးလိုက်ရာ…

'ကျွန်မလဲမသိဘူး၊ ဝေးတော့ဝေးတယ်လို့တော့ပြောတယ်။ ရောက်လဲမရောက်ဖူးဘူး'

'ဒါဆို မင်းဘယ်လိုသွားမလဲ'

'ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့သွားမှာ၊ သူက ရောက်ဖူးတယ်လေ'

ဟု ပြန်ဖြေ၏။

'ဩော်… သူက ဘယ်မှာလဲ'

ဟု မေးလိုက်ရာ…

'ကြခင်းအထွက်မှာစောင့်နေတယ်၊ ကျွန်မသွားတော့မယ်နော်'

ဟု ပြောကာ ကျွန်တော့် ဘယ်ဘက်လက်မောင်းကို ကိုင်ထားသော သူ့လက်ကိုလွှတ်လိုက်ပြီး ကျွန်တော့်လက်ဖျားလေးများကို သူ့လက်များဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားလေ၏။

ကျွန်တော့်ရင်ထဲမှာ စာဖြင့် ရေးသားဖော်ပြခြင်းမပြုနိုင်သည့် ခံစားမှုတစ်မျိုး ခံစားနေမိ၏။

'ဩော်… ပရသူလေး'

ထိုအခါ ကျွန်တော်က…

'ဘယ်တော့ပြန်ဆုံဦးမလဲ'

ဟု မေးလိုက်ရာ…

'ဆုံမှာပေါ့ ဦးရယ်၊ ဦး အလှူအတန်းလုပ်ရင် ကျွန်မစိတ်က သိသိနေတယ်လေ၊ လာခဲ့မှာပေါ့'

ဟု ပြောပြီး ကျွန်တော့်ကို ပြုံးကြည့်နေပါ၏။ သူ့မျက်နှာလေး ကျွန်တော်ကြည့်ရသည်မှာ ပထမအကြိမ်ဆုံတွေ့ရသည်ထက်ပင် ပိုလို့လှနေသလိုပင်။

'သွားတော့မယ်နော်'

ဟု နှုတ်ဆက်ပြီး ထွက်ခွာသွားပါတော့ပြီ။

* * *

ကျွန်တော်လည်း သူလေးရဲ့ကျောပြင်လေးကို ကြည့်

ပြီး ရပ်ကျန်ရစ်ခဲ့ပါတော့သည်။ ထိုအချိန်တွင် ကျွန်တော့် အလှူကိုလာကြသော သူငယ်ချင်းလင်မယား ရောက်လာပြီး ကျွန်တော့်ကိုတွေ့တော့...

'ဆရာကြီး ဘာလာလုပ်နေတာလဲ'

ဟု မေးရာ...

'ညော့သည်လာပို့တာပါ'

ဟု ပြောပြီး ပန်းနုရောင်လေးကို လှမ်းကြည့်လိုက်တော့ မတွေ့တော့ပါ။

ကျောင်းပြန်ရောက်တော့ ဇနီးသည်က...

'ယောက်ျားရယ် ဘယ်ထွက်သွားလိုက်တာလဲ၊ မိန်းမက ထမင်းစားဖို့စောင့်နေတာ'

ဟု ဆီးပြောပါသည်။

'စားမယ်ကွာ၊ အိမ်ပြန်ရောက်မှ ပြောပြမယ်'

ဟု ပြောပြီး ထမင်းစားကြပါသည်။ ကျွန်တော် ထမင်းစားမပျော်ပါ။ ပန်းနုရောင်လေးကို သတိရနေ၏။

အိမ်ပြန်ရောက်တော့ ကျွန်တော့်ဇနီးသည်က...

'ပြော...ယောက်ျား ဘယ်ထွက်သွားတာလဲ၊ ပြော...ပြော မြန်မြန်ပြော'

ဟု မေးပါတော့ပြီ။

'အေးကွာ... ပြောပါမယ်'

ဟု ပြောပြီး...

'၂၀၀ဂုနှစ်က ငါ့သူငယ်ချင်းကြီး ဦးမောင်လွင်ဆုံးတုန်းက ငါ အသုဘလိုက်ပို့တယ်လေ။ အဲဒီတုန်းက သင်္ချိုင်းကုန်းမှာဆုံခဲ့တဲ့ ပရသူလေး ပန်းနုရောင်နဲ့ ငါအခု တစ်ခါ ပြန်ဆုံရတယ်'

ဇနီးဖြစ်သူက...

'ဘုရား...ဘုရား။ ယောက်ျားဆက်ပြော ဆက်ပြော'

ဟု ပြောကာ ဘုရားပင် တနေပါတော့သည်။

* * *

ကျွန်တော်လည်း ရေစက်ချသည့်အချိန်မှစ၍ ကျောင်းဝအလွန်အထိ လိုက်ပို့ရသည့်အကြောင်း၊ ပရသူလေးနှင့် ပြောခဲ့ကြသည့်စကားတွေ အစမှအဆုံး အလုံးစုံပြောပြလိုက်ရာ၊ ဇနီးသည်က...

'ယောက်ျားနှင့်သူလေးက ဘယ်ဘဝမှာ ဘယ်လိုတော်ခဲ့ကြတယ် ဆိုတာ မသိနိုင်သလို လူကြီးတွေ ပြောပြောနေတဲ့ ပဋ္ဌာန်းဆက်ဆိုတာ ယောက်ျားတို့အဖြစ်မျိုးကို ပြောတာဖြစ်မှာပေါ့၊ မေတ္တာပို့ အမျှဝေပေးပါ ယောက်ျားရယ်။



သူလေးယောက်ျားအပေါ် တော်တော် သံယောဇဉ်ရှိပုံရတယ်။ ယောက်ျား အလှူအတန်းလုပ်တိုင်း သူသိနေတယ်၊ လာခဲ့မယ် ဆိုတာလေ'

ဟု ပြောပါတော့သည်။ အဲဒါ သူ့ရင်ထဲက ခံစားချက်ပဲ ဟု ပြောပါတော့သည်။

ထိုနေ့က ဘုန်းကြီးကျောင်းရောက်ပြီးကတည်းက သင်းပျံ့ပျံ့မွှေးနံ့လေး ရနေသည်ကိုတော့ ကျွန်တော် သတိပြုမိပါ၏။ ကျွန်တော့်သမီးတွေ ရေမွှေးဆွတ်လာကြတာပဲဟု ယူဆမိ၏။ ပန်းနုရောင်လေးကို သတိမရခဲ့ပါ။

သူလေးနှင့် ပထမအကြိမ်ဆုံတွေ့ခဲ့ရပြီး နှစ်ပေါင်းများစွာ ကြာခဲ့ပါမှ ဒုတိယအကြိမ် ပြန်ဆုံတွေ့ရပြန်တော့လည်း ကျွန်တော်၏ ရဟန်းခံရှင်ပြု အလှူပွဲမှာမှ ပြန်ဆုံရသည့်အဖြစ်ကို တွေး၍ တွေး၍ ကျွန်တော့်ရင်ထဲ ဝမ်းသာကြည်နူးခဲ့ရပါသည်။

**မှတ်ချက်**

(၁၁-၄-၂၀၁၈)ရက်နေ့က ကျွန်တော့်ဘဝမှာ အမှန်တကယ်တွေ့ကြုံခဲ့ရသည့် အဖြစ်မှန်ကို ရေးသား တင်ပြအပ်ပါသည်။

**ဝန်ခံချက်**

ကျွန်တော် အသက်(ရ၀)ကျော်ပါပြီ။ ယခုလို အတွေ့အကြုံများ မရှိခဲ့ဖူးပါကြောင်း ဝန်ခံပါသည်။

**ဦးမင်းညို (မြဝတီ)**



သိုင်းငယ်ထက် (မြန်မာစာ)

# ရွှေတောင်ကျော်နတ်ပင်

## နှင့် အလောင်းအစားပြုသူ လူမိုက်ကြီး မိုက်တွင်း

ဥရုချောင်းဆိုတာ ဟိုတစ်ချိန်တုန်းကတော့ "ဥရုမြစ်" အဖြစ် ကျော်ကြားခဲ့သော်လည်း ယခုအချိန်တွင် ချောင်း အမည်နှင့်သာ တွင်ကျယ်နေလျက်။

ဥရုချောင်းသည် ကချင်ပြည်နယ်၏ အသက်သွေး ကြောဟုပင် ပြောစမှတ်ပြုကြသည်။

ဥရုချောင်းကို အခြေခံ၍ ဘဝရပ်တည်နေကြသူတွေ ဒုနှင့်ဒေး။ အမြင့်ရောက်သွားသူတွေ ရှိသလို ဘဝပျက် သွားကြသူတွေလည်း တစ်ပုံတစ်ပင်။

ဥရုချောင်းတစ်လျှောက်လုံး ရွှေမျောလုပ်ငန်းတွေ နေရာလပ်မရှိအောင် ထိုးထိုးထောင်ထောင် မျောစင်ကြီး တွေ (၆)လုံးထိုး အင်ဂျင်စက်ကြီးတွေ၏ အသံတွေက ဥရုချောင်းရိုးတစ်လျှောက် ပိုးမွှန်အောင် ဆူညံနေ လျက်...

ရွှေဖောင်ကြီးတွေနှင့် ရွှေရှာသော လုပ်ငန်းကြီးကို တာခုတ်တာရ ကြိုးစားလုပ်ကိုင်နေကြသည့် ရွှေမှုဆိုးတွေ ဥရုချောင်း၏ ရေအရင်းအမြစ်တွေကို ရိုက်ချိုးဖျက်ဆီး နေကြ...

"ဘယ်သူသေသေ ငမောမာရင် ပြီးရော" ရွှေရဖို့ ရွှေလုပ်သားတွေကို အရက်နှင့် မူးယစ်ဆေးဝါးတွေ ကြိုက်သလို တိုက်၊ ရွှေသိုက်တူးရာမှာ မှားတာမှန်တာ လာမပြောနှင့် အသက်တစ်ချောင်းသတ်ဖို့ ဝန်လေးကြသူတွေ မဟုတ်။

ဥရုချောင်းရိုး စိမ်းညိုညိုတောင်တန်းတွေက ဥရုချောင်း၏အလှကို အသက်သွင်းပေးနေသော ပန်းချီကားတစ်ချပ်နှယ်...

လှပသကဲ့သို့ ကျောက်ခဲပုံကြီးတွေနှင့် ရွှေရှာရာမှ ထွက်ရှိလာသော မြေစာပုံကြီးတွေကလည်း တောင်ပုံယာပုံရှိနေခြင်းက ကျေးလက်ရွာ အနီးဝန်းကျင်နှင့် ရွှေလုပ်သားများအတွက် အန္တရာယ်ကို ခေါ်ယူနေသကဲ့သို့ပင်...

မိုးများလွန်း၍ မြေစာပုံတွေ ပြိုကျပြီး ရေတွေကြီး ဒုက္ခရောက်သူတွေ များစွာ ရှိခဲ့သည်။

**၁၉၉၆ ခုနှစ်က အဖြစ်အပျက်** ဖတ်လမ်းတစ်ပုဒ်ပါ။ ကချင်ပြည်နယ်အတွင်းရှိ ကားမိုင်းမြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စုအတွင်း၌ **ရွှေတောင်ကျော်ကျေးရွာ** တစ်ရွာရှိသည်။

ထို ရွှေတောင်ကျော်ရွာတွင်လည်း ရွှေမျောတိုက်သူ၊ မုံစုပ်စက်များဖြင့် ရွှေလုပ်ငန်း အကြီးအကျယ်လုပ်ကြသည်။

**ရွှေတောင်ကျော်ရွာတွင် ရွှေလုပ်ငန်းဖြင့် စီးပွားရှာနေသူများက ရွာဓလေ့အရ ဘက် နတ်ကွန်းနတ်နန်းကြီးသို့ သွားရောက်၍ ဖွမ်း,သစ်သီးခဲဖွယ်,အသားဟင်းလျာများ အရက်သေစာများမပါမကျန် ပဒေသာပင်တိုင်,ယမ်း,အဝတ်တိုင် များဖြင့် သွားရောက်ပူဇော်ကြသည်။**

ထိုပြင် ရွှေတောင်ကျော်အနီး ရှင်မလမော် စည်ကားစဉ်ကလည်း ရွှေလုပ်ငန်းလုပ်ကိုင်ကြသူ ရွှေလောပန်းက အစ ကျင်းသားအဆုံး လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်၊ ပါထန်အဆုံး ဖဲဝိုင်း၊ အရက်ဝိုင်းတွေနှင့် ဥပဒေစိုးမိုးမှုမရှိသည့် နေရာဟုပင် ပြောရမလားပင်။

သူတို့တစ်တွေကလည်း ရွှေတောင်ကျော် အရှင်နတ်နန်းကြီးကိုတော့ တရိုတသေ လုပ်ငန်းအောင်မြင်ရေး အစစအဆင်ပြေရေး သွားရောက်ပြီး ပူဇော်ပသကြသည်။

ထိုသို့ အများသူငါ ပူဇော်ပသကြသော်လည်း ရွှေတောင်ကျော်ရွာသား "မိုက်တွင်း"ဆိုသူကတော့ နာမည်နှင့်လိုက်အောင် မိုက်လည်း မိုက်လှသည်။ နတ်နန်းရှင်သခင်ကို ပူဇော်ထားသည့် အရက်သေစာ စားသောက်ဖွယ်ရာတွေကို ချစားချင်တာကြောင့် ရွှေတောင်ကျော် အရှင်ကြီးနတ်မင်းနှင့် ဖဲရိုက်ကာ အလောင်းအစား ပြုကြသည်။

မိုက်တွင်းက အနိုင်ယူပြီး ရွှေတောင်ကျော် အရှင်ကြီးနတ်မင်း ရှုံးတာကြောင့် မိုက်တွင်းက ပူဇော်ပသထားသည့် အရက်သေစာ ကြက်ကောင်လုံးကြော်ကအစ သစ်သီး,ငှက်ပျော,အုန်းပါ မကျန် သိမ်းယူပြီး ချစားသူဖြစ်သည်။

နောက်ဆုံး အရှင်ကြီးနတ်နန်းတွင် ပူဇော်ပသထားသည့် ခဲဖွယ်ဘောဇဉ်များ ပြတ်လပ်နေသည့်အခါတွင် မိုက်တွင်း အကြံဉာဏ်ထုတ်သည်။

မိုက်တွင်းမှာ ရွှေမျောလည်း မချတတ်၊ ရွှေကျင်းများမှာ ရွှေလုပ်သားတစ်ယောက်အဖြစ်လည်း အပင်ပန်းခံ၍ ငွေကြေးရအောင် မလုပ်ချင်။ အချောင်ရမည့်လုပ်ငန်းကိုသာ ကြံစည်နေသည်။

လူတစ်ယောက်ကို အပြစ်မရှိဘဲ ရိုက်ရမလား၊ သတ်ရမလား လက်ယဉ်တတ်သူတစ်ဦးပင်။ အရက်မူးလာလျှင် ဟိုလူ့ကျိုထိုး ဂျိုကျ။

'မိုက်တွင်းကွ...နာမည်ကိုက မိုက်တွင်း။ ရွှေတောင်ကျော်ရွာမှာ တစ်ယောက်တည်းရှိတယ်။ ပင်းတိုလို ရွှေကျင်းသားတွေမပြောနဲ့ ငါလိုကောင်က ဟောဒီ ရွှေတောင်ကျော်နတ်မင်းကိုတောင် စိန်ခေါ်ရဲတယ်'

ရွှေလောပန်နှင့် ရွှေလုပ်သားများက မိုက်တွင်းအကြောင်း သိနေကြသည်။ ပြဿနာအဖြစ်မခံနိုင်၊ သည်းခံစိတ်နှင့် လုပ်ငန်းအောင်မြင်ဖို့သာ အဓိကထားကြသည်။ ရွှေတောင်ကျော်ရွာ၌ သူ့ကို လူမိုက်ကြီး မိုက်တွင်းဟု ခေါ်ကြသည်။

တစ်ရက်သောနေ့တွင် မိုက်တွင်းသည် ဘယ်ကမှ ဝင်ငွေမရသဖြင့် အကြံထုတ်ကာ ရွှေတောင်ကျော် အရှင်ကြီးနတ်နန်းသို့ သွားပြီး ရွှေတောင်ကျော် အရှင်ကြီးနတ်မင်းကို အလောင်းအစားလုပ်ဖို့ ပြောသည်။

'အရှင်ရွှေတောင်ကျော် အရှင်ကြီးနတ်မင်း... သင်နှင့် ကျွန် အလောင်းအစား လုပ်မယ်။ ဟောဒီက ဥရုချောင်းထဲမှာ ရေငုပ်ပြိုင်

မယ်။ သင်နှင့်ကျွန်ုပ် ဘယ်သူက ရေကြာကြာ ငုပ်နိုင်မလဲ။ ငုပ်နိုင်သူက နိုင်ရင် မငုပ်နိုင်ဘဲ ရေပေါ် အရင်ပေါ်သူက ရှုံးတဲ့ အနေနဲ့ ငွေ(၄၅)ကျပ်တန် အသေးတစ်ရွက် ပေးကြစတမ်း'

အဲဒီလို ပြောတာကို သူနှင့် လိုက်ပါလာသူ စိုးလင်းနှင့် မဲမောင်တို့ကလည်း ဘာတစ်ခွန်းမျှ ဝင်ပြောခြင်းမရှိ၊ မိုက်တွင်း လုပ်လေသမျှကိုသာ မဆန့်ကျင်ဘဲ ကြည့်နေကြသည်။

ပြောပြောဆိုဆိုပင် မိုက်တွင်းသည် နတ်ကွန်းနတ်နန်းပေါ်မှ ရွှေတောင်ကျော် အရှင်ကြီးနတ်ရုပ်တုကြီးကို မ,ယူလိုက်ပြီး လက်နှစ်ဖက်နှင့် ပွေ့ဖက်ကာ...

'ကဲ...အရှင်ကြီးနတ် ယခုအချိန်ကစပြီး ကျွန်ုပ်နှင့် အရှင်နတ်မင်း ရေငုပ်ပြိုင်ပြီ'

ဟု ဆိုကာ မိုက်တွင်းသည် ကျွန်းသားနှင့် ထုလုပ်ထားသော ရွှေတောင်ကျော် အရှင်ကြီးနတ်မင်းအား လက်နှစ်ဖက်ဖြင့် ပွေ့ဖက်လျက် ဥရုချောင်းတွင်းသို့ ခုန်ချသွားသည်။

စိုးလင်းနှင့် မဲမောင်တို့လည်း သူတို့၏ သူငယ်ချင်း မိုက်တွင်း၏ ပြုမူပုံ ကမ်းကုန်ချက်ကိုသာ ကြည့်နေကြသည်။

ဥရုချောင်းထဲတွင် အချိန် လေး၊ ငါးမိနစ်ခန့်ပင် မကြာလိုက်။ ရွှေတောင်ကျော် အရှင်ကြီးနတ်မင်း ရေပေါ်, ပေါ်လာသည်။

အကြောင်းမူ မိုက်တွင်းသည် အရှင်ကြီးနတ်ကို ဖက်ပြီး ရေငုပ်သွားသည်။ ရေငုပ်ပြီး ခဏအကြာ နတ်ရုပ်ကြီးအား ဖက်ထားရာမှ လွှတ်လိုက်သည်။

နတ်ရုပ်ကြီးမှာ ကျွန်းသားဖြင့် ထုလုပ်ထားသောကြောင့် ရေပေါ်သို့ ချက်ချင်း ပေါ်ခဲ့ခြင်းဖြစ်သည်။

နတ်ရုပ်ကြီး ရေပေါ်,ပေါ်လာပြီး မကြာမီအချိန်၌ မိုက်တွင်း တစ်ကိုယ်လုံး ရေတွေစိုရွှဲလျက် ရေပေါ်သို့ ပေါ်လာသည်။

ထို့နောက် နတ်ရုပ်တုကြီးကို သက်ဖြင့် ဆယ်ယူလျက် ဥရုချောင်း၏နံဘေး နတ်ကွန်းသို့ မ,ယူခဲ့သည်။

ပြီးနောက် မိုက်တွင်းက သူ၏ သူငယ်ချင်း စိုးလင်းနှင့် မဲမောင်တို့ကို အသိသက်သေထားလျက် ရွှေတောင်ကျော် အရှင်ကြီးနတ်ကို စကားဆိုသည်။

'ကဲ...ရွှေတောင်ကျော် အရှင်ကြီးနတ်မင်း...အရှင်နတ်မင်းနှင့်



ကျွန်ုပ် ဥရုချောင်းထဲမှာ ရေငုပ်ပြိုင်ပြီး အလောင်းအစား ပြုကြတာ အသင်က ရေမငုပ်နိုင်ဘဲ ရေပေါ် အရင်ပေါ်တယ်။ ကျွန်ုပ်က ရေထဲမှာ သင့်ထက် ကြာကြာငုပ်နိုင်တယ်။

အဲဒီတော့ အရှင်နတ်မင်း ရှုံးပြီ မင်းမှာသစ္စာ လူမှာကတိတဲ့ အရှင်နတ်မင်းကြီးလဲ ကတိ တည်ရမယ်။ ရှုံးတဲ့အတွက် ကျွန်ုပ်ကို (၄၅)ကျပ်တန် အသေးတစ်ရွက်ပေးရမယ်'

ဟု ပြောလေသည်။

ထိုသို့ပြောပြီး မကြာပါ၊ ရွှေတောင်ကျော်အရှင်ကြီး နတ်ထိန်းဖြစ်သူ ရွှေတောင်ကျော်ရွာနေ ဦးအိုက်တွန် ဆိုသူ နတ်ဝင်ပူးပါလေရော နတ်ထိန်းကြီး ဦးအိုက်တွန် တစ်ကိုယ်လုံး တုန်ခါပြီး...

'ငါနဲ့ မင်းတို့ရွာက မိုက်တွင်းဆိုတဲ့သူငယ်နဲ့ ဥရုချောင်းမှာ ရေငုပ် အလောင်းအစားပြုတယ်။ ရေငုပ်ပြိုင်ကြတဲ့အခါ ငါက ရှုံးလို့ ငါ့ကတိအတိုင်း သူ့ကို ငွေ(၄၅)ကျပ်ပေးရမယ်။

အဲဒါ အသင်နတ်ထိန်း (၄၅)ကျပ်ရအောင် ရှာပြီး မိုက်တွင်းဆိုတဲ့ သူငယ်ကိုသွားပေး။ သွားမပေးရင် ငါ ကတိမတည်ရာ ကျမယ်။ မဖြစ်မနေ မင်းတို့ ရွာသားတွေကို သွားပြော၊ မိုက်တွင်းကို အခု ချက်ချင်း ငွေ(၄၅)ကျပ် သွားပေးကြလို့'

နတ်ထိန်းဦးအိုက်တွန်လည်း အရှင်ကြီးနတ်ပြောသည့် အတိုင်းပင် ရွာသားများထဲမှ ငွေ(၄၅)ကျပ် စုစည်း ကောက်ခံပြီး မိုက်တွင်းကို ချက်ချင်း သွားပေးရသည်။

ထို့ကြောင့် လူကြမ်း နတ်ကြမ်းမခံနိုင်၊ လူမင်း ဘုန်းကြီး နတ်မင်းမနေသာဟု ဆိုသော ဆိုရိုးစကားများ...

ကချင်ပြည်နယ် **ကားမိုင်းမြို့နယ်၊ ဖောင်ပါးကျေးရွာအုပ်စုအတွင်း ရွှေတောင်ကျော်ရွာမှ** မိုက်တွင်းဆိုသူ လူမိုက်ကြီး ကံဇာတာမြင့်ချိန်မတော့ ရွှေတောင်ကျော် အရှင်ကြီးနတ်လည်း အလောင်းအစားလုပ်ရာ ရှုံးခဲ့သဖြင့် လောင်းကစားလျော်ကြေးငွေ လေးဆယ့်ငါးကျပ် ပေးလျော်ရသည့် ဇာတ်လမ်းတစ်ပုဒ်က ရွှေတောင်ကျော် ကျေးရွာတွင် ယနေ့တိုင် ပြောမဆုံးပေါင် တေသုံးတောင် ဆိုပါလာ။

ညိုမင်းထက်(မြန်မာစာ)



ထူးခြားဆန်းပြားသော

# ဒူးယားအင်း

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်း ဒူးယားကျေးရွာ ရှိပါသည်။ ယင်းကို တူးရော၊ ဒူးယာ၊ ဒူးယား ပါးစပ်ရာဇဝင် ရှိခဲ့ဖူးပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)အထက် လက်ရှိ ဒူးယားအင်းရေပြင်သည် ဧရာဝတီမြစ်နှင့် ဆက်စပ်သည့် မြစ်ကြောင်းတစ်ခုဖြစ်ခဲ့ပြီး ယင်းနောက်ပိုင်း ရေစီးကြောင်း ပြောင်းလဲ စီးဆင်း၍ ရေမြေသဘာအလျောက် မြစ်ကျိုးအင်းတစ်ခု ဖြစ်ခဲ့သည်မှာ ယခုတိုင်တည်ရှိနေပါသည်။

ဒူးယားကျေးရွာအင်းသည် မြစ်ကြောင်းပြောင်းလဲမှု မပေါ်ခင် နှစ်ပေါင်း(၂၀၀) အလွန်က ကုလားလူမျိုးတို့သည် ကုန်သွယ်သွားလာသော မီးသင်္ဘောတစ်စီး ဝင်ရောက်ခဲ့ရာ နစ်မြုပ်ခဲ့ဖူးကြောင်း...

ရှေးလူကြီးသူမများ ပြောစကားအရ ကျန်ရှိခဲ့ပြီး ဒူးယားအင်း၏ အရှေ့ဘက် ကျွန်းဆွယ်အောက်တွင် ရှိနေဆဲဖြစ်ကြောင်း...

ယနေ့ခေတ်တိုင် အစွလာမ်ဘာသာဝင်တို့ နှစ်စဉ်နှစ်တိုင်း လာရောက်ပူဇော်နေသည်ကို ကျွန်တော်တို့ မြင်တွေ့နေခဲ့ပါသည်။

နောက်ထပ် ရာဇဝင်တစ်ခုအနေဖြင့် ကုန်းဘောင်မင်းဆက်တွင် ပါဝင်သော ဘိုးတော်ဦးဝိုင်း(ခ)ဘိုးတော်မင်းတရားသည် အိမ်နိမ့်စံဘဝတွင် ငယ်ကျွန်များနှင့် မြစ်ကြောင်း ပြောင်းလဲပေါ်ထွန်းခဲ့သော မြစ်ကျိုးအင်းသို့ ရောက်ရှိနေထိုင်ခဲ့ပြီး အင်းသူကြီးဖိုးစံမှဲ့နှင့် ခင်မင်၍ အင်းသူကြီးဖိုးစံမှဲ့အား ဒူးယားအင်းကို အပိုင်စားပေးခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ဒူးယားကျေးရွာကို ဒူးယားကျေးရွာဟု ထပ်ဆင့်သမိုင်းဝင်စေခဲ့သည်မှာ တော်လှန်ရေးကောင်စီလက်ထက်က ကျင်းပပေးခဲ့သည့် ဒူးယား တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြောင့် ဖြစ်ပါသည်။

ဒူးယားအင်းသည် အလွန်သာယာလှသော အင်းဖြစ်ပါသည်။ (၇)မိုင်ပတ်လည် အကျယ်အဝန်းရှိပြီး ရေများလည်း တစ်နှစ်ပတ်လုံး ကြည်စိမ်းနေပါသည်။

ဒူးယားအင်းတွင် အခြားငါးများအပြင် လူကြိုက်များစားကောင်းသော ငါးသကြားထိုးငါး၊ ငါးဖေင်ရိုးမျိုးစိတ်ငါးသည် အခြားအင်းများတွင် မရှိဘဲ ဒူးယားအင်းတွင်သာ ရှိပါသည်။

**ထိုငါးများသည် လပြည့်လကွယ်ညများမှသာ ငါးကို ဖမ်းယူရရှိသည့် ထူးဆန်းသည့် ငါးမျိုးများဖြစ်ပါသည်။**

**၁၉၉၁ ခုနှစ်တွင်** ဒူးယားရွာမအား အင်းသာယာမြို့ကွက်သစ် ဖော်ဆောင်ရန် အကြောင်းပြုပြီး ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ကားလမ်းတစ်ဖက်သို့ ပြောင်းရွှေ့၍ မြေကွက်ရိုက် မြေနေရာများ ချထားခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် ရဲအရာရှိငယ်ဘဝဖြင့် ဒူးယားရဲစခန်းသို့ တာဝန်ထမ်းဆောင်ရန် စေလွှတ်ခံခဲ့ရပါသည်။

ဒူးယားရွာမအား ဖျက်သည့်နေရာ အင်းဘေးတွင်

ဘောလုံးကွင်းတစ်ကွင်း ရရှိခဲ့ပါသည်။ ထိုနှစ်၌ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲအား ထိုကွင်းတွင် ကျင်းပခဲ့ပါသည်။

ကွင်းစတည်ခါစတွင် အိမ်များ ဖျက်ထားသည့် နေရာဖြစ်၍ လည်းကောင်း၊ ကျေးရွာအုပ်စုပြိုင်ပွဲများ ဖြစ်၍ ဘောကန်ဖိနပ်မပါဘဲ ခြေဗလာဖြင့် ကစားကြ၍ ပုလင်းကွဲများ ရှပါသည်။

ထို့အတွက် ကျေးရွာဘောလုံး ဆပ်ကော်မတီမှ ဘေးချောင်အုပ်စု နတ်ကုန်းကျေးရွာ အင်းအလယ်ရှိ ဘောလုံးကွင်းသို့ ပြောင်းရွှေ့ကစားရန် တိုင်ပင်ပြီး ဘောလုံးအား ကစားကြပါသည်။

ဘောလုံးကစားစဉ် အုပ်စုပွဲမှ ရှုံးထွက်ပွဲစဉ်သို့ ရောက်ရှိလာရာ ရှုံးထွက်ပွဲစဉ်တွင် အုတ်ဖိုချောင်ကျေးရွာနှင့် ဘေးချောင်ကျေးရွာ ပြိုင်ပွဲ ဖြစ်ပါသည်။


ဒူးယားကျေးရွာတွင် ဒူးယားကျေးရွာ အင်းပတ်ဝန်းကျင်ရှိ ရွာများကို "**အင်းသား**"ဟု ခေါ်ပြီး ဟသ်ာတ–ဖလွန် ကားလမ်းဘေးရှိ ရွာများကို "**ကုန်းသား**"ဟု ခေါ်ကြပါသည်။

ယင်း ရှုံးထွက်ပွဲစဉ်အတွက် နတ်ကုန်းကျေးရွာ ဘောလုံးကွင်းသို့ အုတ်ဖိုချောင်ရွာမှ ဘောလုံးသမားများနှင့် ဘောပွဲကြည့်မည့်သူများ လှေဖြင့် ကူးရာတွင် လှေမှောက်၍ လူ(၅)ဦး ရေနစ်သေဆုံးခဲ့ပါသည်။

သေဆုံးသည့် (၅)ဦးစလုံးမှာ အင်းပတ်ဝန်းကျင်မှ လူများ မဟုတ်ဘဲ ကားလမ်းဘေးရှိ ကုန်းသားများဖြစ်၍ ကျွန်တော် အံ့ဩမိပါသည်။ လှေနစ်သည့်အတွက် ဘောလုံးပွဲ ရပ်ဆိုင်းခဲ့ရပါသည်။

ပျောက်ဆုံး လူ(၅)ယောက်ကို အင်းအတွင်းမှ ဆယ်ယူရန် ကျွန်တော်၊ ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ အင်းသူကြီး ဦးကျော်သန်းတို့နှင့်အတူ အလောင်းဆယ်ရန် အင်းအတွင်းရှိ ပိုက်များအား ခေါ်ယူ၍ နစ်မြုပ်သည့် နေရာသို့ ပိုက်ဖြင့် တိုက်ခဲ့ရာ နှစ်နာရီ၊သုံးနာရီခန့် ကြာသော်လည်း အလောင်းများ ရရှိခြင်း မရှိခဲ့ပါ။

ထိုအချိန်တွင် ဆယ်ယူနေသော အဖွဲ့ဖြစ်သည့် ဦးကျော်သန်းနှင့်အဖွဲ့မှ အုန်းပွဲ၊ငှက်ပျောပွဲများ အင်းစပ်မှ တင်မြှောက်ရန် ပြုလုပ်ပြီး အလောင်းများ မပေါ်သည့်အတွက် ကျွန်တော်တို့အဖွဲ့ နစ်မြုပ်သောနေရာမှ ခွာလို့မရပါ။



တာဝန်အရ အလောင်းများပေါ်မှ ရဲစခန်းတွင် သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ထိုစဉ် ရွာသူရွာသားများ ပြောကြားချက်အရ ကုလားမီးသဘော်နစ်မြုပ်ခဲ့သော ပတ်ဝန်းကျင်ဖြစ်၍ ကျွန်တော်မှ အင်းသူကြီးဦးကျော်သန်းအား တင်မြှောက်ထားသော **အုန်းပွဲ၊ငှက်ပျောပွဲအပြင် လက်ဖက်ရည်နှင့် ဗီလိဘေးလိပ်တို့အား ထပ်မံ တင်မြှောက်ခိုင်းခဲ့ရာ တစ်နာရီခန့်အကြာတွင် အလောင်းငါးလောင်းစလုံး** စုံပြုံ ပေါ်ပေါက်လာသည်ကို ကျွန်တော် အံ့ဩစွာ တွေ့ရပါသည်။

စာရေးသူသည် သိပ္ပံခေတ်တွင် ကြီးပြင်းသူဖြစ်၍ ပရလောကနှင့် နာမ်လောက ယုံကြည်မှု မရှိသော်လည်း ယခုဖြစ်စဉ်မှာ မယုံ၍ မရပါ။

လောကကြီးသည် ဆန်းကြယ်သော လောကကြီး ဖြစ်နေသည်ဟု **တွေးတောရင်း**...

'ဝဋ်ကြွေးမကုန်ခန်းသေးသူသည် ကျီဘဝ၌လည်း စိုးရိမ်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌လည်း စိုးရိမ်ရ၏'

ဟု ဆိုသည့် ဗုဒ္ဓဒေသနာကို စိတ်ထဲတွင် မှတ်သားရင်းဖြင့် သေဆုံးသူ ငါးဦးထဲတွင် ပါဝင်သော စာရေးလေး အောင်ကျော်ဆင့်အား ကောင်းရာသုဂတိ ရောက်ပါစေဟု ဆုတောင်းမိပါတော့သည်။

ဤဖြစ်ရပ်ဆန်းသည် လွန်ခဲ့သော (၂၆)နှစ်ခန့်က ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပါသည်။

**ငွင်းလေး**




# ကြက်ပွဲနှင်း

တစ်ပွဲတိုး ထုံးမနှိုး

ရိုးရှော့ (ထူးကြီး)

ခွပ်လက်အခါခါ ကြည့်လို့
အောင်ပွဲအဆင့်ဆင့်ရတဲ့
တိုက်ကြက်ဖဆိုတာ
သူ့လက္ခဏာနဲ့သူ
ရှိနေပါတယ်။
**"တောင်စွန်ဖြူ
မီးပုန်းကျားလို
ခြေကျေးသုံးဆယ်
ဝိုင်း တိုင်းပယ်၏"**
ဆိုတဲ့ စာဆိုတောင်
ရှိသေးတာ။
ကျွန်တော်တို့
ရှစ်တန်း
ကျောင်းသား
ဘဝ
အလွတ်
ပညာသင်
ကျောင်းမှာ
တစ်လကို
(၁၅/)ကျပ်နဲ့
လခပေးပြီး
စာသင်ခဲ့ရတယ်။ တစ်နေ့
ဆရာက စာသင်နေတုန်းမှာ
ဉာဏ်ဝင်းနဲ့ ကျွန်တော်တို့
ညနေကျောင်းဆင်းရင် ကြက်တိုက်ဖို့
တိုင်ပင်နေကြတာပေါ့။
တောင်ခြေက ဦးအုန်းရွှေ တိုက်ကြက်ဖောင်းစိမ်း
ကြီးဟာ အကောင်လဲ ထွား၊ ခွပ်လက်နားပြီး



အားစည်နေတဲ့ မဒရပ်ကြက်ကြီး၊ ဖောင်းစိမ်းနဲ့ အပေါင်ဆိုင်က "အဖြောင်"ရဲ့ ဩစတီးယားကြက်ဖနဲ့ တိုက်ဖို့ ကိစ္စပေါ့။

အဖြောင်ဆိုဆာ အပေါင်ဆိုင်ဖွင့်ထားတဲ့ တရုတ်။ ကြက်အကြောင်း ဘာမှမသိတဲ့သူ ဉာဏ်ဝင်းက ကြက်ဆွဲ၊ ကြက်ကုလဲ ဖြစ်၊ ကြက်ကျမ်းလဲ ကျေ၊ သေချာပေါက်နိုင်မယ့်အကွက်ကို ဆင်တာဖြစ်တယ်။

ဆရာက ပထမ ကျွန်တော့်ကို စာမေးတယ်၊ ဘာမှ မသိလို့ မဖြေနိုင်ခင်မှာ ဉာဏ်ဝင်းကို စာဆက်မေးပြန်တယ်။ သူလဲ ဘာမှ မသိလိုက်တော့ ပြုံးပြီး ငြိမ်နေပါတယ်။ သည့်တော့ ဆရာဦးကျော်စွာက...

'ပင်းတို့ ငါ စာသင်တာကို နားမထောင်ဘဲ ဘာတွေပြောနေလဲ' လို့ မေးတယ်။ ကျွန်တော်က "ဆရာ ကျွန်တော်တို့ ညနေ ကျောင်းဆင်းရင် ကြက်တိုက်ဖို့ ကြက်အကြောင်း ဆွေးနွေးတိုင်ပင်နေကြတာပါ"လို့ အမှန်အတိုင်း ရိုးသားစွာ ပြောလိုက်ပါတယ်။

ဒါနဲ့ ဆရာက "စာက အရေးကြီးလား၊ ကြက်တိုက်ဖို့က အရေးကြီးလား"လို့ ဆက်မေးပြန်ရော၊ ကျွန်တော်က "ဆရာ ကြက်တိုက်ဖို့က အရေးကြီးတယ်။ မကြာခင် လကုန်တော့မယ်။ လကုန်ရင် ဆရာ့ကို ကျောင်းလခ ပေးရမှာ ကြက်တိုက်လို့နိုင်မှ ကျောင်းလခ အဆင်ပြေမှာ"လို့ ရှင်းပြပါတယ်။

ဆရာက ဘဝင်မကျပေမယ့်"ထိုင် ထိုင်"ဆိုပြီး ထိုင်ခိုင်းတယ်။ ထိုအချိန်က မူလတန်းပြတစ်ယောက်ရဲ့ ကနဦး လစာ(၁၂၆)ကျပ်နဲ့ အလုပ်ဝင်ကြရတဲ့ ကာလပေါ့ဗျာ။ ညနေကျောင်းဆင်းတော့ ထူးကြီးမြိုင်ရဲ့ တောင်ခြေမှာ ရှိတဲ့ ဦးသန်းတို့ခြံကြီးထဲကို ကြက်တိုက်ဖို့ သွားကြတာပေါ့။

အဲသည်အချိန်မှာ ဝေးဝေးကနေ အသံချဲ့စက်အသံကို ကြားနေတယ်။

'ချစ်သူသာ ပန်မယ်ဆိုရင် မြောင်ခြေတတန့်မှ မောင်ခြေဆန့်ခါ ရှာပေးချင်ရဲ့ ပန်းပွင့်မွှေးမွှေး လှလှလေးတွေ အသွေး တကယ် ထူးတာလေးတွေ အပြေးကွယ်ခူးကာ ပေးမလေ၊ ရွေးချယ်ပို့ ချစ်သူရေ...ဘယ်ပန်းသာလို့ ယဉ်ပါပေ'

ဆိုတဲ့ တွံတေးသိန်းတန်ရဲ့ သီချင်းသံကလဲ မြိုင်သံနှောပြီး လွမ်းမောစရာလေးပေါ့။

ယောင်အုန်းရွှေရဲ့ကြက်ဖ ဖောင်းစိမ်းကို ကျွန်တော် ဝင်ယူသွားတယ်။ ချိန်းတဲ့နေရာကို အဖြောင်နဲ့ မိုးဆွေတို့ ရောက်နေကြပြီ။ မိုးဆွေက ဩစတီးယားကြက်ဖကို ပိုက်လို့ ကြက်ဖရဲ့ ခြေထောက်နဲ့ နှုတ်သီးမှာ ထုံးတွေ ပေနေတာကို သတိပြုလိုက်မိပေမယ့် ဩစတီးယားကြက်ဖကိုတော့ မဒရပ်က အပိုင်ပေါ့။

ကြေးထပ်ကြပြီ ကျွန်တော့်ရဲ့ ခမည်းပေးကျောက်နီ လက်စွပ်ကို (၅၅၀/)ကျပ်၊ ဉာဏ်ဝင်းက (၅၀၀/)ကျပ်၊ လှထွန်း၊ ဦးသန်းတို့နဲ့ပေါင်းလိုက်တော့ မဒရပ်ဘက်က ကြေး(၂၆၀၀/)ကျပ်ထွက်တယ်။

အဖြောင်တစ်ယောက်တည်း (၂၆၀၀/)ကျပ်ထွက်တယ်။ မဒရပ်ကို ဉာဏ်ဝင်းက ဆွဲ၊ ဩစတီးယားကို မိုးဆွေက ဆွဲနဲ့ ပထမတစ်ချီ စလွှတ်လိုက်တယ်။

မဒရပ်က အဝေးကနေ စုံပစ်တယ်။ တစ်ဖက်ကြက်ရဲ့ လည်ပင်းရိုးကို ခြေနှစ်ချောင်းနဲ့ ညှပ်ရိုက်တာ၊ ဒါပေမယ့် ဩစတီးယားကြက်ဖက ဘာမှ မဖြစ်ဘူး။

"မဒရပ်"က အထည်ကို ဖြိုတယ်။ လည်မွေးကို နှုတ်သီးနဲ့ ကိုက်ပြီး ညာခြေနဲ့ ဝါးချွန်ပြတ်ရိုက်တယ်။ တော်ရုံကြက်ဆိုရင် ခေါင်းငိုက်စိုက်ကျသွားစေတဲ့ ခွပ်လက်မျိုး၊ ဒါတောင် ဩစတီးယားကြက်ဖကြီး ဘာမှ မဖြစ်သလိုဘဲ။

ပထမ တစ်ရေကောက်ပြီး၊ ဒုတိယအချီထွက် လွှတ်

တယ်။ မဒရပ်ဆိုတာ သတ္တိပြောင်တဲ့အမျိုး။ မဒရပ် ခွပ်တယ်၊ ဩစတီးယားကြက်ဖကတော့ မခုန်နိုင်၊ မပျံနိုင် လည်စင်းခံနေတာ...

မဒရပ် ဖောင်းစီမ်းက ဖွဲ့အိတ်ကို ခွပ်ရသလို ဖြစ်နေတယ်။ သူလဲ မောနေပြီ။ နှစ်ရေမှာ နှစ်ကောင်လုံး မောနေပြီ။ ကြက်ကို ကောက်ပြီးကျ၊ ခေတ္တနားကြတယ်။

ဉာဏ်ဝင်းက ပြောတယ်။ ဩစတီးယားကို သည့်ဖောင်း ခွပ်ပုံမျိုးနဲ့ဆို ပုံကျနေလောက်ပြီ။ ခု ဩစတီးယားကြက်ဖက ဘာမှ မဖြစ်သလိုဘဲကွ၊ နည်းနည်း ထူးတယ်လို့ ကျွန်တော်တို့ကို ပြောတယ်။ လေးရေလောက် ခွပ်တော့ မဒရပ်ကြက်ဖ အတော်မောနေပြီ၊ မခုန်နိုင်တော့ဘူး။

သည်တော့မှ ဩစတီးယားကြက်ဖက ဆိတ်တယ်။ မခွပ်တတ်တော့ ဆိတ်ရုံပေါ့။ သူက ဆိတ်တော့ မဒရပ်က ခံခွပ်ပါသေးတယ်။

မဒရပ်မောလွန်းလို့ ရပ်နေတော့ ဩစတီးယားကြက်ဖက နှုတ်သီးကို ဆိတ်ပြီး၊ မဒရပ်ရဲ့ ကိုယ်ပေါ်တက်ပြီး ကုတ်တယ်၊ ဖိတယ်၊ မဒရပ်ကြက်ဖကြီးဟာ မောလွန်းပြီး ဘာမှ ပြန်မလုပ်နိုင်ဘဲ ငြိမ်နေတော့တယ်။

ဉာဏ်ဝင်းက မဒရပ်ကြက်ဖကြီးကို ကောက်ပြီး "စိုးဝင်း...မင်းလက်က ပိုက်ဆံ အကုန်လုံး အဖြောင်သာ ပေးလိုက်တော့" ဆိုပြီး မဒရပ်ဘက်က အရှုံးပေးလိုက်ရပါတော့တယ်။

မိုးဆွေက အဲသည်အချိန်ရောက်တော့မှ "ဒါမှ မေ့သားကြီးကွ" ဆိုပြီး သူ့ ဩစတီးယားကြက်ဖကို ကောက်ဖမ်းလိုက်တယ်။ ကြက်ဖကြီးဟာ ဘာမှ မခံစားရသလို လန်းလန်းဆန်းဆန်းပါပဲ။

ဒါကြောင့် အပိုင်တွက်ထားတဲ့ ကြက်ပွဲမှာ ကျွန်တော်တို့ ငွေလဲရှုံး၊ ကြက်လဲနာ မရှုမလှပါဘဲ။ မဒရပ်က ဩစတီးယားကို ရှုံးရတာ သိပ်တော့ မကျေနပ်ပါ။ ရာသီတွေ အလီလီပြောင်းလို့ "အဖြောင်"လဲ ထူးကြီးကနေ ရန်ကုန်ပြောင်း၊ ရန်ကုန်ကနေ အမေရိကန်ဒေလီစတီးပြောင်းနဲ့ နှစ်အတော်ကြာခဲ့ပါပြီ။

ဖြစ်ချင်တော့ ၂၀၁၈ ခုနှစ်၊ မတ်လမှာ "အဖြောင်" အမေရိကန်ကနေ ခဏပြန်လာတယ်။ ထူးကြီးမှာ ရဟန်း



ခံ၊ ရှင်ပြုလုပ်သွားတယ်။ ညဘက် သူငယ်ချင်းတွေ စုမိလို့ ထွေရာလေးပါး ပြောနေကြရင်း ကျွန်တော်က ကြက်ရှုံးတဲ့အကြောင်း ပြောပြမိပါတယ်။

"အဖြောင်"တရုတ်က ဘာပြောလဲဆိုတော့ "မိုးဆွေ"က သူ့ကို (၂၅၀/)ကျပ်ပေး၊ မင်း ဩစတီးယား နိုင်ကို နိုင်ရမယ်ဆိုပြီး ဩစတီးယားကြက်ဖကို ထုံးတွေ ကျွေးတာတွေ့တယ်လို့ ပြောတယ်။

သည်တော့မှ ကျွန်တော် သဘောပေါက်ပါပြီ။ မိုးဆွေက မန်းတတ်မှုတ်တတ်သူ ဆိုတော့ ကြက်ကို တစ်ပွဲတိုး ထုံးမန်း ကျွေးခဲ့ပုံရပါတယ်။ သူတစ်ပါးကို လှည့်ဖြားပြီး၊ ကြက်အကြောင်း နားမလည်တဲ့ "အဖြောင်'ကို မလိမ့်တပတ်ရိုက်စားလုပ်ဖို့ ကျွန်တော်တို့အကြံဟာ ထုံးမန်းကြောင့် အရှုံးဖြစ်ခဲ့ရတော့တယ်။


မဖြောင့်မှန်ခြင်းကြောင့် အရှုံးနဲ့သာ ရင်ဆိုင်ခဲ့ရလေပြီဆိုတာ နားလည်တော့တယ်။ ယခုတော့ ကျွန်တော်တို့တွေလဲ အသက်ကြီးလာလို့ ကြက်ရေး၊ ငှက်ရေး တစ်သက်ဝေးပါပြီဗျာ...

**အဖြစ်မှန်ကို ရေးသားခြင်းဖြစ်ပါသည်။**

**စိုးရွှေစံ(ထူးကြီး)**

# နှင်းနေခဲ့ ပါသွားပြီး

လွယ်ကြောင်းအောင်



စစ်အတွင်း ကာလလောက်ဆီကပေါ့။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ခေတ်ပျက် ခေတ်ဆိုးအရာရာကို ကြောက်လန့်နေချိန် ကျွန်တော်တို့ကလေးတွေကတော့ ပျော်ဖို့ ဆော့ဖို့ရာပဲ သိကြတယ်။

တစ်နေ့ လူကြီးတွေအလစ်မှာ လေးခွကိုယ်စီ ကိုင်ဆွဲပြီးတော့ ရွာရိုးကိုးပေါက် လျှောက်ကြရင်း ရွာသင်္ချိုင်းကုန်းဆီကို ရောက်ခဲ့ကြတယ်။

တွေ့သမျှ အကောင်,ပလောင်၊ ပစ်ခတ်လိုသမျှတွေကို မီးကင်စားမလို့ မီးမွှေးနေတုန်း ထင်းရှာတဲ့ ဖိုးအေး ရောက်လာပြီး...

'ဟိုနားက အုတ်ဂူတစ်ခုပေါ်မှာ ဘာကောင်ကြီးလဲမသိဘူး ထိုင်နေတယ်'

ဆိုတော့ ကျွန်တော်တို့လဲ လက်စွဲတော်လေးခွကို ကိုင်ဆောင်ပြီးတော့ ဖိုးအေးနောက်ကို ခြေသံလုံလုံနဲ့ လိုက်ခဲ့တယ်။

အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးအောက်က အုတ်ဂူပေါ်မှာတော့ ညိုညစ်ညစ်ပိန်ပိန် လူတစ်ယောက်ထိုင်နေတာ တွေ့လိုက်ရတယ်။

သရဲလား၊ လူလား ကွဲပြားအောင် တဖြည်းဖြည်း ချုံပုတ်အကွယ်ကနေ သေချာကြည့်လိုက်တော့ ရေချိုးသန့်ရှင်းဟန်မရှိသော သင်္ကန်းရောင်မည်းညစ်ညစ် ဆံပင်ကရှည်ရှည် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့ကလဲ ခပ်ရှည်ရှည်ဖြစ်နေတဲ့ မျက်စိမှိတ်ကာ မလှုပ်မယှက်ထိုင်နေတဲ့ ရဟန်းတော်တစ်ပါးဖြစ်နေတာ တွေ့လိုက်ရတယ်။

ကျွန်တော်တို့လဲ ကြည့်နေရင်းက ကြောက်စိတ်ဝင်လာကာ ထွက်ပြေးကြတယ်။ သင်္ချိုင်းအဝရောက်မှ နောက်လှည့်ကြည့်တော့ နဂိုအတိုင်းထိုင်နေတာ တွေ့ရတယ်။

ကျွန်တော့်အဖွဲ့ထဲက လေးခွပစ်တာ အလွန်တည့်တဲ့ ဘမောင်က လေးခွနဲ့ သေချာ ချိန်ပစ်တော့ (၃) ချက်တိတိ ဆက်ပစ်ပေမယ့် တစ်ချက်ကလေးမှ မထိဘူး။

ဒါနဲ့ ကျွန်တော်တို့ တစ်ချိုးတည်း ပြေးကြတာ ရွာကိုရောက်တဲ့ထိပဲ နောက်ကို လှည့်မကြည့်ကြတော့ဘူး။

အိမ်ပြန်ရောက်တော့ အဖေဟာ ခြေထောက် ငုတ်ထိုးမိလို့ ဒဏ်ရာ တော်တော်လေး ပြင်းထန်စွာ ခံစား နေရတာကို တွေ့လိုက်ရတယ်။ ရရာ ဆေးမြီတိုနဲ့ ကုသကြပေမယ့် ဘယ်လိုမှ မသက်သာဘူး။

အဲဒီအချိန်က လေယာဉ်ပျံကလဲ မည်းမည်းမြင်ရာ ပုန်းကြ၊ စက် သေနတ်နဲ့ ပစ်နေတဲ့အချိန် ညဆို မီးတောင် မထွန်းရဲကြဘူး။

အဖေ့ခြေထောက်က ဒဏ်ရာက တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာ တယ်။ ဆေးဆရာတွေတစ်ယောက် ပြီးတစ်ယောက် ပြောင်းလဲကုပေ မယ့် အားလုံး လက်လျှော့လာကြ တယ်။ အစားအသောက် လဲ မဝင် တော့ဘူး။

အမေကတော့ အဖေ့အနာကို ဖန်ရည်ဆေးပေး၊ ဆေးထည့်ပေး တာကိုတော့ ပုံမှန် လုပ်ပေးတယ်။ ကျွန်တော့်တာဝန်က အဖေသောက် ဖို့ရာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အမြဲမီးညှိပေးရတယ်။

အဖေကတော့ မီးမသေအောင် ကို မဖွာနိုင်ရှာတော့ပါဘူး။ တဖြည်း ဖြည်း လုံးပါးပါးလာလိုက်တာ အရိုးပေါ်အရေတင်ဟိုဘက်ဒီဘက် ပြောင်းချင်တာတောင် ဘေးကနေ ကူညီဆောင်ပေးကြရတယ်။ အဖေ့ အခြေအနေက နေ့လား,ညလား စိုးရိမ်စရာ ရောက်နေပါပြီ။

တစ်ညမှာတော့ တစ်ရွာလုံး



ခွေးတွေ ဆူညံနေအောင် ဟောင်ကြ တယ်။ ရွာထိပ်ကနေ စ,ဟောင်တာ ရွာလယ်လမ်း တစ်လမ်းလုံး လိုက် ဟောင်ကြတယ်။ မီးလဲမထွန်းရဲ၊ ဘယ်သူမှလဲ ထွက်မကြည့်ရဲကြဘူး ပေါ့။

တစ်ရွာလုံး တုတ်တုတ်မှ မလှုပ်ရဲ ကြဘူး။ ခွေးဟောင်သံတွေက တဖြည်းဖြည်း ကျွန်တော်တို့အိမ်နဲ့ နီးသထက် နီးလာနေတယ်။

ကျွန်တော်ဆို စောင်ခြုံထဲမှာ ကြောက်လွန်းလို့ ဖောချွေးတွေ ပြန် တာ တစ်ကိုယ်လုံး ရွှဲနစ်နေတာပဲ။ ခွေးဟောင်သံအပြင် ခြေသံလဲ ကြား လာရတယ်။

ခြေသံဟာ ကျွန်တော်တို့အိမ်ရှေ့ တည့်တည့်မှာပဲ ရပ်သွားတယ်။ အသံဩဩမာမာနဲ့…

'ဟေ့…အထဲက တံခါးဖွင့်စမ်း'

ကျွန်တော်တို့ တစ်အိမ်လုံး ဘယ် သူမှ မလှုပ်ရဲဘူး။ ကျွန်တော်တို့ ထွက်ပြေးဖို့ထိ စိတ်ကူးမိတယ်။ တစ်အောင့်ကြာတော့ ကျွန်တော်တို့ အိမ်ပျဉ်ထောင်ကို တောင်ဝှေးနဲ့ တပုန်းပုန်း ရိုက်တော့တာပဲ။

'ဟေ့…အထဲကလူတွေ ငါပြောနေတာ မကြားဘူးလား။ မြန်မြန်ဖွင့်စမ်း'

တံခါးကို အတင်းဆွဲဖွင့်တော့မယ့် ပုံ ပေါက်လာတာနဲ့ အမေက ထပြီး တော့ ဖွင့်ပေးလိုက်တယ်။

လရောင်ပျပျအောက်မှာ ဝတ်ရုံ မည်းညစ်ညစ် ပိန်ပိန်ပါးပါး အရပ် ရှည်ရှည်နဲ့လူတစ်ယောက် တောင် ဝှေးကိုင်ပြီးတော့ ရပ်နေတာတွေ့ လိုက်ရတော့ ကျွန်တော်တစ်ကိုယ် လုံး ကြက်သီးမွေးညင်းတွေ တဖြန်း ဖြန်း ထပြီးတော့ ကြောက်ဒူးတွေ တောင် ဘဆတ်ဆတ် တုန်နေမိ တယ်။

'မီးထွန်းကြစမ်း'

အမိန့်ပေးသံကြောင့် အမေက ကျွန်တော့်ကို နှိုးတယ်။

ကျွန်တော် အိပ်ချင်ယောင် ဆောင်နေပေမယ့် အမေက စောင်ခြုံကို လာဖွင့်ပေးတာကြောင့် ကျွန်တော် ကြောက်ကြောက်နဲ့ ထ, လိုက်တာ ဒူးတွေ ခွေညွှတ်ပြီးတော့ ပြန်လဲကျသွားတယ်။

'ကောင်လေး…မင်းက အခုမှ ကြောက် ရသလား။ မီးထွန်းလိုက်စမ်း'

ကျွန်တော်ဟာ ကြောက်ကြောက် နဲ့ မီးခွက်ရှိရာ ဖင်တရွတ်ဆွဲပြီးတော့ မှောင်ထဲမှာ မီးခွက်ကို စမ်းရှာနေ စဉ်…

'ကောင်လေး မင်းရှေ့တည့်တည့် မှာ'

အမေက လေသံတိုးတိုးနဲ့ လေယာဉ်ပျံ ကြောက်ရပါတယ်

တောင်းပန်ပေမယ့် မရဘူး။

'ငါ... အမိန့်ပေးနေတယ်။ ဘာမှ မကြောက်နဲ့'

မီးခတ်နဲ့ခြစ်ပေမယ့် လက်တွေက တုန်နေတော့ တော်တော်လေး ခြစ်လိုက်ရတယ်။

မီးတောက်ရောင်နဲ့ ထိုပုဂ္ဂိုလ်ကြီးကို မရဲတရဲကြည့်မိတော့ အားပါးပါး ဟိုနေ့က သင်္ချိုင်းထဲတွေ့ခဲ့တဲ့ လူကြီးပါလား။ ထိုပုဂ္ဂိုလ်ကြီးဟာ ဘုရားခန်းရှိရာကို တန်းသွားတယ်။ ဘုရားဝတ်ပြုတယ်။

ရေတစ်ခွက် ခပ်ခိုင်းတယ်။ နှုတ်ကနေ တတွတ်တွတ် ရွတ်ဆိုနေသံကြားရပေမယ့် ဘာတွေမှန်းတော့ နားမလည်ဘူး။ နောက် ထိုပုဂ္ဂိုလ်ကြီးက အဖေ့ရှိရာသွားပြီးတော့ သေသေချာချာ ကြည့်တယ်။

'လောလောဆယ်တော့ ငါမနိုင်သေးဘူး'

ရေမန်းနဲ့ ရေစင်လေးတွေ အဖေ့ကိုယ်ပေါ်ကို ဖောက်ပေးသွားပြီးတော့ ထိုင်တောင်မထိုင်ဘူး ပြန်ဆင်းသွားတယ်။

သူပြန်သွားပြီးတော့ သိပ်မကြာပါဘူး။ ကျွန်တော်တို့တစ်အိမ်လုံး သိမ့်သိမ့်ခါသွားတယ်။

ကြည့်လိုက်တော့ အဖေဟာ ဒဏ်ရာရထားတဲ့ ခြေထောက်နဲ့ ကြမ်းပြင်ကို ပေါက်လိုက်တာဖြစ်တယ်။

ကျွန်တော်ရော အမေရော အဖေရှိရာဆီကို အပြေးသွားပြီးတော့ ခြေထောက်ကို ဖမ်းကိုင်ထားပေမယ့် မရဘူး။ အတင်းရုန်းပြီးတော့ ကြမ်းပြင်ကို ခြေထောက်နဲ့ ဆောင့်နေတာ



အချက်ရေများစွာပဲ။ ဘေးအိမ်တွေကရော ဆွေမျိုးသားချင်းတွေကရော အပြေးရောက်လာကြတယ်။

လူငယ်တွေ ဝိုင်းချုပ်ထားပေမယ့် မရဘူး။ အဖေ့ခန္ဓာကိုယ်ထဲ ဘယ်လိုအင်အားတွေ ဝင်ရောက်လာသလဲ မသိဘူး။ ခြေထောက်က ဒဏ်ရာကို ကြည့်တော့လဲ ဒီလောက်ကြမ်းပြင်နဲ့ ဆောင့်ချနေတာတောင် ဘာမှ မဖြစ်တော့ အားလုံး အံ့သြကြရတယ်။

အဖေ့မျက်လုံးတွေက ခါတိုင်းထက်ပိုပြီးတော့ ပြူးထွက်နေတယ်။ ဒါပေမယ့် ဘာကိုမှ မြင်ရဟန်မတူတော့ဘူး။ ချွေးတွေလဲ တစ်ကိုယ်လုံး ရွှဲနစ်နေတယ်။

လူတွေကတော့ တီးတိုးနဲ့ ဒီတောင်က မကျော်နိုင်တော့ဘူး ဆိုပြီးတော့ ပြောကြတယ်။ ညအိမ်မှာပဲ စုကြဖို့ တိုင်ပင်လိုက်ကြတယ်။

ဒီလိုနဲ့ပဲ ရင်တထိတ်ထိတ်နဲ့ ညဟာ ကုန်ဆုံးပေမယ့် အဖေက မသေခဲ့ဘူး။ အရုဏ်တက်တာနဲ့ အိမ်ရှေ့မှာ မနေ့ညက ရောက်လာတဲ့ ပုဂ္ဂိုလ်ကြီး ရောက်လာတယ်။ နေရာထိုင်ခင်းပေးပေမယ့် မထိုင်ဘဲ အဖေရှိရာဆီကို တန်းသွားတယ်။

အဖေ့ဘေးမှာရပ်ပြီးတော့ ဂါထာတွေ ရွတ်တော့တာပဲ။ အဲဒီအချိန်မှာပဲ အဖေ့ခြေထောက်က မြှောက်တက်လာတယ်။

ထိုပုဂ္ဂိုလ်ကြီးဟာ လက်ထဲအသင့် ကိုင်ဆောင်ထားတဲ့ တောင်ဝှေးနဲ့ ဒိုင်းခနဲ ဖြတ်ရိုက်ချလိုက်တာ ကြည့်နေသူအားလုံးဟာခနဲ ဖြစ်သွားကြတယ်။

အဖေကတော့ တုတ်တုတ်မှ မလှုပ်ဘူး။ နာကျင်သံ ထွက်မလာဘူး။ ထိုပုဂ္ဂိုလ်ကြီး ဂါထာကို ဆက်ရွတ်ပြန်တယ်။

နောက် ခြေထောက်မြှောက်တက်လာတယ်။ ဗုန်းခနဲ ရိုက်ချလိုက်တယ်။ ဒီတစ်ခါတော့ လူတွေဟာ ကြည့်ကောင်းကောင်းနဲ့ပဲ ကြည့်နေကြတယ်။

အဖေဟာ ခြေထောက်ကြွတက်လာလိုက်တိုင်း ရိုက်ရိုက်ချပေမယ့် ခြေထောက်မှာ ဘာဒဏ်ရာမှ မကျန်ရစ်ဘူး။ အရင်က အနာကိုတောင် ထိမိရင် အဖေဟာ ညည်းရှာတာ။ ခုတော့ အဖေဟာ ဘာမှကို ခံစားချက် မရှိတော့သလိုပဲ။

ခဏကြာတော့ ထိုပုဂ္ဂိုလ်ကြီးဟာ



ဘုရားခန်းရှေ့ သွားရပ်ပြီးတော့ တတွတ်တွတ် ရွတ်ပြန်တယ်။ ရေတစ်ခွက်ခပ်ခိုင်းပြီးတော့ မန်းမှုတ်ရပြန်တယ်။

နောက် အဖေရှိရာ ပြန်လာပြီးတော့ ရေမန်းနဲ့ ပက်ဖျန်းတော့တာပဲ။ အဖေဟာ အသက်တောင် မရှူတော့သလိုဘဲ ငြိမ်ကျသွားတယ်။

နောက် ထိုပုဂ္ဂိုလ်ကြီးဟာ ငှက်ပျောပင်ခုတ်ခိုင်းလိုက်တယ်။ ရလာတော့ အရွက်တွေခုတ်ဖြတ်၊ အဖေ့အရပ်နဲ့တိုင်းပြီးတော့ သုသာန်ကို ပို့ခိုင်းတယ်။

'ကောင်လေး မင်းအဖေသေပြီ သုသာန်ကို ပို့ရတော့မယ်'

ဆိုတော့ ကျွန်တော်ဟာန်မဆောင်နိုင်တော့ဘဲ ငိုတော့တာပဲ။

'ဟေ့…နင့်ယောက်ျားသေပြီကြားလား။ သုသာန်ပို့ရမယ်'

အဝတ်ပုဆိုးပတ် ဖျာနဲ့လိပ်ပြီးတော့ လူတွေကို ပို့ခိုင်းတယ်။

လူတွေကတော့ သူခိုင်းတဲ့အတိုင်း လုပ်ကြတာပေါ့။

'ဟေ့ကောင်လေးတွေ သုသာန်ရောက်ရင် "နင်နေခဲ့ပါသွားပြီ"လို့ ပြောကြရမယ်ကြားလား'

ကျွန်တော့်အဖေ နာမည်ကို **'အောင်ငြိမ် မင်းနေခဲ့ နင်သွားတော့'** ဆိုပြီးတော့ ငှက်ပျောတုံးကို တောင်ဝှေးနဲ့ ရိုက်လိုက်သေးတယ်။

ကျွန်တော်လဲ လူတွေနဲ့ ရောယောင်ပြီးတော့ သုသာန်ထိတောင် လိုက်ကြည့်မိတယ်။ ခွေးတွေတစ်ရွာလုံး ဆူညံနေတာပဲ။

ငှက်ပျောတုံးကို သဲသဲမဲမဲ ဝိုင်းဟောင်ကြတယ်။ သုသာန်ရောက်ခါနီးလေ ငှက်ပျောတုံးကြီး လေးလံလာလေလေ။ ယောက်ျားလေး (၃)ယောက် တော်တော်ကို ထမ်းယူကြရတယ်။

သုသာန်ထဲ ရောက်တာနဲ့ ငှက်ပျောတုံးကို ပစ်ချလိုက်တာ ဝုန်းခနဲ ဆူညံသွားတာပဲ။ ပွဲတင်သံတောင် ထပ်ကျန်ရစ်ခဲ့တယ်။

ကျွန်တော်လဲ အဖေသေလောက်ပြီလို့ထင်တာ အိမ်ပြန်ရောက်တော့ အဖေဟာ ထ,ထိုင်ပြီးတော့ ဆေးလိပ် သောက်နေလိုက်သေးတယ်။

နောက်မကြာပါဘူး။ ထမင်းတောင်းတော့တာပဲ။ မရှိသေးဘူးပြောပေမယ့် မရဘူး။ ဖွတ်တောင်းတာနဲ့ ထမင်းကြမ်းခဲကို ဆီဆမ်းပြီးတော့ ပေးလိုက်ရတယ်။ ထမင်းတစ်ပန်းကန် ခဏလေးနဲ့ ပြောင်သွားတယ်။ ထိုပုဂ္ဂိုလ်ကြီးလဲ ပြန်သွားတယ်။

အမေက သတိရတော့ ခု ဆောင်ထားတဲ့ငွေလေးတွေ အကုန်ထုတ်ပြီးတော့ ထိုပုဂ္ဂိုလ်ကြီးနောက်ကို ကျွန်တော့်ကို လိုက်ပေးခိုင်းတာ တော်တော်လေး ပြေးလိုက်ရတယ်။

နေလဲထွက်လာပြီမို့ ကျွန်တော် ကြောက်စိတ်ကုန်သွားပြီလေ။ ထိုပုဂ္ဂိုလ်ကြီးကို မီလာတော့…

'ဘုန်းဘုန်း ခဏ ရပ်တော်မူပါဘုရား'

ဆိုတော့ သူဟာ ရပ်နေတယ်။ နောက်တော့ လှည့်မကြည့်ဘူး။ ကျွန်တော်မီလာတော့…

'ဘာလဲ လူလေး'

'အမေက ပေးခိုင်းလိုက်တာ'

ဆိုတော့ သူက…

'ဘာလဲ ဖွင့်လိုက်စမ်း'

ငွေတွေလဲ မြင်လိုက်ရော…


'မင်းပဲ ပြန်ယူသွား။ ငါ မလိုဘူး။ ငွေမရှိဘဲနေတတ်မှ ဘဝက ချမ်းသာတာ။ ငွေမယူတဲ့ ဆေးကုတတ်မှ ဆေးစွမ်းထက်တာ။ ရေတစ်ခွက်ကစလို့ ဆေးဖက်ဝင်တာတွေ ငွေမပါဘဲ ခရီးသွားတတ်မှ ခရီးပေါက်ပြီး ဝေးဝေးရောက်တာကွ'

ဟု ပြောပြီးတော့ တရွေ့ရွေ့ ထွက်ခွာသွားသော ထိုဘုန်းတော်ကြီးကိုကြည့်ကာကျွန်တော်ဝမ်းနည်းလာပြီး ငိုချလိုက်မိတယ်။

ကျောပြင်ကိုကြည့်ရင်း ထိုင်၍ ရှိခိုးလိုက်မိတော့တယ်။ ထိုအချိန်မှစ၍ ကျွန်တော်ဟာယ်တော့မှ လူတွေကို ကိုယ့်ကြောင့် ဒုက္ခရောက်အောင် မလုပ်မိတော့ပါ။ သူတစ်ပါးအသက်တွေကိုလဲ မသတ်ဖြတ်တော့ပါ။

ကျွန်တော့်အဖေလဲ ထိုအချိန်မှစ၍ ကျန်းမာရေး လုံးဝ ကောင်းမွန်သွားခဲ့ပါသည်။ ထိုဘုန်းတော်ကြီးကိုတော့ ကျွန်တော် ဘယ်သောအခါမှ ပြန်လည် မတွေ့မြင်ရတော့ပါ။

**လွယ်ကောင်းအောင်**



ကွန်းရင်
(သဖန်းကိုင်း)

# ငါး လေးကောင်

ကျွန်ုပ်သည် တံငါသည် တစ်ယောက်ဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်သည် မြုပ်ကြီးတန်း,တန်းရန် တွက် မြစ်အောက်ပိုင်းဘက်သို့ စုန်ဆင်းလာခဲ့သည်။

**မြုပ်ကြီးတန်းဆိုသည်မှာ ငါးများ ချိတ်အကြီးစားများကို အသုံးပြု၍ မြားတန်းကြီးကို ရေအောက် မြေပြင်ထိ မြုပ်တန်းကာ ငါးဖမ်းခြင်းပင် ဖြစ်သည်။**

မြုပ်ကြီးတန်းသည် မြားသေး တန်းကဲ့သို့ ခဏခဏဖော်,မ၍ လိုက် နေစရာမလို။ ညနေပိုင်းတွင် မြုပ် ကြီးတန်းကို ချတန်းထားပြီး ညသန်း ခေါင်လောက်တွင် တစ်ခါ၊ မနက် မိုးလင်းလျှင် တစ်ခါ၊ နှစ်ခါလောက် သာ မြားတန်းကို ဖော်ကြရုံဖြင့် လုံလောက်သည်။

မြုပ်ကြီးတန်းတွင် မိသော ငါးများမှာ အရွယ်အစားကြီးမားသည်။ ငါး ဆယ်သားခန့်မှစ၍ အချိန် လေး ဆယ်,ငါးဆယ် ငါးကြီးများအထိ မိနိုင်သည်။

ငါးအမျိုးအစားမှာ ငါးမျှားချိတ် တွင် တပ်ထားသော အစာပေါ် မူတည်၍ ကွဲပြားသည်။

ဥပမာ– **ဆပ်ပြာအစာဆိုလျှင်** ငါးထွေ၊ သဖန်းကတိုးသီးမှည့် အစာဆိုလျှင် ငါးဖန်း၊ **ငါးပုပ်အစာဆိုလျှင်** ငါးပတ်၊ **ပုစွန်တုပ် အရှင်စာဆို** လျှင် ငါးရွှ့ ငါးကြောင်း စသည်ဖြင့် ဖမ်းမိနိုင်သည်။

ကျွန်ုပ်သည် တုန်းပေါ်ရွာ တောင်ဘက်ရှိ ကျောက်ဆောင်သို့ ရောက်သောအခါ ကျောက်ဆောင် အထက်နားတွင် မြုပ်ကြီးတန်းကို ချတန်းလိုက်သည်။

ငါးစာအဖြစ် ငါးရူအရှင်စာနှင့် ပုစွန်တုပ် အရှင်စာများကို တပ်ထား လိုက်သည်။

မြုပ်ကြီးတန်းချပြီးချိန်တွင် နေဝင် စမျှသာ ရှိသေးသည်။

'အင်း...တော်တော် စောသေးတယ်။ အားနေတာနဲ့ ပိုက်မျှောကြည့်ဦးမှပါ'

ကျွန်ုပ်တွင် (၄၅)ကွင်း ပိုက်ကဲ့ မျှောပိုက် တစ်ထုပ်ပါလာရာ ထိုမျှော ပိုက်ဖြင့် ပိုက်မျှောကြည့်ရန် စိတ်ကူး မိပြီး ကျွန်ုပ် လှေကို ရေလယ်ဘက် လှော်ထွက်လိုက်ကာ မျှောပိုက်ကို ချမျှောလိုက်သည်။

ပထမတစ်လား မျှောပိုက်ကို ဖော်,မ၍ ကြည့်လိုက်သောအခါ ငါးကလောင်နှစ်ကောင်နှင့် ငါးလူး တစ်ကောင် မိထားသည်ကို တွေ့ရ သည်။ ပိုက်ကဲ့ငါးဆိုတော့ မသေး လှ။ ငါးသုံးကောင်၏ အလေးချိန် သည်ပင် လေးဆယ်သားခန့် ရှိချိမ့် မည်။

လှေကို အထက်သို့ ပြန်ဆန်၍ ဒုတိယတစ်လား မျှောကြည့်ပြန် သောအခါ ငါးလူးတစ်ကောင်သာ

မိသည်။

တတိယတစ်ကြိမ် မျှောသော အခါတွင်ကား ငါးတစ်ကောင်မျှ မမိတော့ချေ။ စတုတ္ထအကြိမ်လည်း ငါးတစ်ကောင်မျှ မမိ။

'ပိုက်ငါးကလဲ မတိုးဘူးကွာ။ နားတာပဲ ကောင်းပါတယ်'

ကျွန်ုပ်လည်း ပိုက်ငါးမတိုးသဖြင့် ဆက်၍ မမျှောတော့ဘဲ ကျွန်ုပ်၏ မြုပ်ကြိုးတန်းရှိရာသို့ လှေကို လှော်ခတ်လာခဲ့ပြီး မြုပ်ကြိုးတန်း လက်စတိုင်အနီးရှိ ရေစပ်တွင် ပေါက်နေသော ရင်းရဲချုံအကိုင်း၌ လှေကို ချည်ထားလိုက်သည်။

ရရှိထားသော ငါး လေးကောင်ကိုတော့ လှေဦး ကပ်အောက်တွင် သေသေချာချာ ထည့်ထားလိုက်လေ၏။

အချိန်က ည ရှစ်နာရီခန့်ရှိပြီး ကျွန်ုပ်လည်း အနီးအနားတွင် အခြား စကားပြောဖော် တံငါလှေကလည်းမရှိ။ အခြားလုပ်စရာ အလုပ်ကလည်း မရှိသဖြင့် လှေတွင် ပေါင်းမိုးကို တပ်၊ အိပ်ရာကို ပြင်ပြီး အိပ်ရာထဲ၌ လှဲနေလိုက်တော့သည်။

ပေါင်းမိုးအတွင်း၌ မှောင်မိုက်နေသော်လည်း ပေါင်းမိုးအဝဘက်တွင်တော့ မှုန်ဝါးဝါး အလင်းရောင်ရှိနေသည်။ ပေါင်းမိုးအဝမှနေ၍ ကောင်းကင်ရှိ ကြယ်ကလေးများကိုလည်း လှမ်းမြင်နေရသည်။

ကျွန်ုပ်မှာ အိပ်ရာထဲ လှဲနေသော်လည်း မျက်စိကြောင်နေပြီး တော်တော်နှင့် အိပ်မပျော်ချေ။ ည(၁၀) နာရီခန့်အချိန်ထိ ကျွန်ုပ် အိပ်မရ



သေး။

ထိုအခိုက် ကျွန်ုပ်. နှာခေါင်းထဲတွင် အပုပ်နံ့ကို ရှူရှိုက်လိုက်မိ၏။

'ဟာ...ဘာကောင်ပုပ်လဲဟ၊ နံစော်ထောင်းနေတာပဲ'

အပုပ်နံ့သည် ပို၍ ပို၍ နံလာရာ ကျွန်ုပ်လည်း အပုပ်ကောင် တစ်ကောင်ကောင် မျောလာပြီး ပါးနေသည် ထင်သဖြင့် ပေါင်းမိုး အဝသို့ ထွက်ပြီး ဓာတ်မီးဖြင့် နေရာအနှံ့ ရှာကြည့်ရာ မည်သည့် အပုပ်ကောင်ကိုမျှ မတွေ့ရချေ။

ရင်းရဲချုံထဲတွင် သေသေချာချာ ရှာသော်လည်း ဘာမျှ မတွေ့ရသဖြင့် ကျွန်ုပ်လည်း အိပ်ရာထဲသို့ ပြန်လည် ဝင်ရောက် လဲလျောင်းနေလိုက်ပြန်တော့၏။

အပုပ်နံ့ကား ပျောက်သွားလိုက်၊ ပြန်နံလိုက်ဖြင့် ဖြစ်နေလေသည်။ အချိန်အတော် ကြာသည်အထိ အပုပ်နံ့က နံနေလေရာ လှေကို နေရာပြောင်းရန် ကျွန်ုပ် ဆုံးဖြတ်လိုက်တော့သည်။

သို့သော် ယင်းခဏမှာပင် ကျွန်ုပ်၏ လှေသည် တစ်စုံတစ်ယောက် လှမ်းတက်လိုက်သကဲ့သို့ လူးလူးလဲလဲ ဖြစ်သွားလေ၏။

ပေါင်းမိုးအဝမှ မှုန်ဝါးဝါးအလင်းရောင်မှာလည်း တစ်ခုခုနှင့် ကာလိုက်သလိုဖြစ်ပြီး မှောင်မိုက်သွားလေတော့၏။

ကျွန်ုပ်သည် ရုတ်တရက်မို့ လန့်ဖျပ်သွားပြီး ဘာလုပ်ရမှန်းမသိ ငေးကြောင်နေမိလေ၏။

အတန်ကြာမှ သတိဝင်လာကာ အနီးရှိ ဓာတ်မီးကိုယူပြီး ခလုတ်နှိပ်လိုက်၏။ သို့ရာတွင် မီးမလင်းလာချေ။

ထိုစဉ် လှေသည် လူးလူးလဲလဲ ဖြစ်သွားပြန်၏။ ကျွန်ုပ် နောက်တစ်ကြိမ် ဓာတ်မီးခလုတ်ကို နှိပ်လိုက်ပြန်ရာ သည်တစ်ခါတော့ မီးအလင်းရောင် ကောင်းစွာ ထွက်ပေါ်လာလေ၏။

မီးလင်းလာသော်လည်း လှေပေါ်တွင် မည်သည့်အရာကိုမျှ မတွေ့ရချေ။ ကျွန်ုပ်သည် ပေါင်းမိုးအဝဘက်သို့ ပြေးထွက်ပြီး နေရာအနှံ့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သော်လည်း ထူးမခြားနားပါ။ ဘာကိုမျှ မမြင်တွေ့ရ။

'ဟာ...ဒီနေရာမှာ နေလို့တော့ မဖြစ်ချေဘူး။ နေရာရွှေ့မှ'

ကျွန်ုပ်သည် ကြောက်တတ်သူ မဟုတ်သည့်တိုင် ကိုယ်တွေ့ကြုံရသောအခါ အတော်ပင် ထိတ်လန့်မိ၏။ အမြန်အဆန် လှေကြိုးကို ဖြုတ်ကာ ရေလယ်ဘက်သို့ လှော်

ထွက်လိုက်၏။ ပြီးလျှင် ကမ်းနှင့် ခပ်ဝေးဝေး ရေလယ်တွင် ကျောက်ချ ထားလိုက်တော့၏။

'ကမ်းစပ်မှာနဲ့စာရင် ရေလယ်ဘက်ကတော့ အနှောင့်အယှက် ကင်းလောက်ပါရဲ့'

ကျွန်ုပ်၏ အထင် မှန်ပါသည်။ ရေလယ်ဘက်သို့ ရွှေ့ပြီးသည့်နောက် နောက်ထပ် ဘာအနှောင့်အယှက်မှ မတွေ့ရတော့ပါ။ အပုပ်စော်လည်း မနံတော့ပါ။

ကျွန်ုပ်သည် ညသန်းခေါင်တွင် မျှစ်ကြိုးတန်းကို ဖော်မကြည့်တော့ဘဲ နံနက်မိုးလင်းမှသာ တစ်ကြိမ်တည်း ဖော်ကြည့်လိုက်တော့၏။ မျှစ်ကြိုးတန်းတွင် ငါးတစ်ကောင်မျှ မိမလားချေ။ သည်မနေ့တော့ မနေ့ ထွက်ရှုံးပြီ။

ကျွန်ုပ်လည်း စိတ်ပျက်စွာဖြင့် မျှစ်ကြိုးတန်းကို ရုပ်သိမ်း၍ အိမ်ပြန်ရန်အတွက် လှေကို ရေဆန်အတိုင်း လှော်ခတ်လာခဲ့တော့၏။ မိနစ် ငါးဆယ်ခန့်မျှ ကြာသောအခါ လှေဆိပ်သို့ ရောက်ပါသည်။

'အင…မျှစ်ကြိုးတန်း ငါးမရပေမယ့် ပိုက်မျှောထားမိလို့ ဟင်းစား ငါးကလေး ရခဲ့တာ တော်သေးတာပေါ့'

ကျွန်ုပ်သည် ယင်းသို့ စဉ်းစားပြီး ကျွန်ုပ် ရရှိထားခဲ့သော ငါး လေးကောင်ကို ခြင်းတောင်းထဲ ထည့်ရန်အတွက် လှေကာဝ်ကို ဖွင့်လိုက်သောအခါတွင်ကား…

လှေကာဝ်အောက်၌ **ကျွန်ုပ် သေသေချာချာ ထည့်ထားခဲ့သော ငါးလေးကောင်သည့် တစ်ကောင်မျှ မရှိတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်ကို အံ့သြဖွယ်**ရာ တွေ့မြင်လိုက်ရပါတော့သတည်း။

**ထွန်းရင်(သဖန်းကိုင်း)**

ဆရာဖန်၏ မန်းဆေးတောင့်နှင့်

# မြန်မာ့အားဆေး



မြန်မာ့ တိုင်းရင်းဆေးနည်းလေး နှစ်ခုကို ရေးသားလိုက်ပါတယ်။ အဲဒါကတော့ လွန်ခဲ့တဲ့ နှစ်တစ်ရာက လူတိုင်း သုံးစွဲနိုင်ဖို့ လူတိုင်း ဖော်စပ်ရတာ လွယ်ကူတဲ့ ဆေးနည်းလေးပါ။ တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေမယ့် လိုအပ်တဲ့အခါ ကိုယ်တိုင်ဖော်စပ်ပြီး အသုံးပြုနိုင်သလို လှူချင်ရင်လဲ ဒါနပြုနိုင်ပါတယ်။ဆေးရဲ့အမည်ကတော့ "**ဆရာဖန်၏ မန်းဆေးတောင့်**"ပါပဲ။

ကွမ်းရွက်ခြောက် (၁)ကျပ်သား
ရှိန်းခို (၁)ကျပ်သား
ရေနံချေး (၁)ကျပ်သား
ယူကာလစ်ဆီ (၁)ကျပ်သား
ထင်းရှူးဆီ (၁)ကျပ်သား

တို့ကို ရောနှောပြီးကြိတ်ပါ။ **(ဆုံသန့်သန့်နဲ့လဲ ထောင်းနိုင်တယ်။)** အဖု အကျိတ် မန်းဝင်တဲ့ အနာမှန်သမျှကို အနာဝ ဖော်ချန်ထားပြီး လိမ်းမယ်ဆိုရင် အစွမ်းထက်ပါ တယ်ဗျာ။ ဆရာဖန်၏ မန်းဆေးတောင့်ပေါ့။

နောက်ထပ် ဆေးနည်းကတော့ မြန်မာ့အားဆေးပါ။ ကိုယ်တိုင် ဖော်စပ်ပြီး သောက်သုံးလို့ရပါတယ်။

ပျားရည်စစ်စစ် (၁)ကျပ်သား
ကြံ့သွေးစစ် (၁)ကျပ်သား
ကျောက်သွေး (၁)ကျပ်သား (အစစ်အမှန်ကို ကရင်ပြည်နယ် ကုလားမ တောင်ကြောတစ်ဝိုက်တွင် ရနိုင်တယ်)
နွယ်ချိုစစ်စစ် (၁)ကျပ်သား
ဆင်တုံးမနွယ် (၁)ကျပ်သား

အဲဒီ ပဥ္စငါးပါးကို မီးခွေးခွေးနဲ့ ရောကျိုပြီးတော့ မနက်တစ်ဇွန်း ညတစ်ဇွန်း စားပါတဲ့။ ယောက်ျား ဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကုန်ခန်းသွားတဲ့ ခွန်အားတွေကို ပြန်လည် ဖြည့်စွမ်းပေးပါလိမ့်မယ်တဲ့။

**အေးစံပယ်**

မိန်းမပျိုလေး၏ မျက်နှာပေါ်က

# အလှတရားအတွက်

ကူဿရ မူလီရွက်

ကျွန်မရဲ့အသက်က (၂၅)နှစ်ပါ။ အပျိုစင်ဖြစ်ပါတယ်။ ကျွန်မက ထမင်းစားရင် အပူ၊ အစပ်၊ အငံတွေကို ကြိုက်နှစ်သက်ပါတယ်။

လွန်ခဲ့တဲ့နှစ်လလောက်ကစပြီး ကျွန်မရဲ့ မျက်နှာပြင်မှာ ဝက်ခြံအဖုအပိမ့်တွေ အများကြီး ဖြစ်လာခဲ့ပါတယ်။ အဲဒီဝက်ခြံတွေကတစ်ဆင့် အနာတွေ ပေါက်လာပါတယ်။ မျက်နှာတစ်ခုလုံး နေရာလွတ်မရှိအောင် ဖြစ်လာတာပါ။

နေ့ရောညပါ သနပ်ခါးရေကျဲလိမ်းလိုက်၊ သနပ်ခါး ထူထူလိမ်းလိုက်၊ ဆေးခန်းသွားပြီး ဆေးထိုးလိုက်၊ သောက်ဆေး/လိမ်းဆေးတွေ စားသောက်လိုက်နဲ့ စဉ်ဆက်မပြတ်လုပ်ပေမယ့် သက်သာပျောက်ကင်းခြင်း မရှိခဲ့ပါဘူး။

ကျွန်မတို့ရဲ့ မိသားစုလိုဖြစ်နေတဲ့ မိတ်ဆွေတစ်ဦးက သူစိုက်ပျိုးထားတဲ့ဆေးပင်က အကိုင်းရင့် ၃/၄ကိုင်းချိုး ယူခိုင်ပြီး အဲဒီအရွက်တွေကို ထုထောင်းအရည်ညှစ်ပြီး မျက်နှာမှာလိမ်းဖို့၊ ညဘက်မှ ထုထောင်းထားတဲ့ အရွက်ဖတ်တွေကို မျက်နှာမှာအုံထားပေးဖို့ ပြောပါတယ်။

ကျွန်မလိုပဲ မိန်းမပျိုလေးတစ်ယောက်မျက်နှာမှာ ဝက်ခြံတွေ၊ အနာဖုတွေပေါက်တာ၊ ဆေးခန်းကဆေးနဲ့ နှစ်ပတ်လောက် ကုသပေးလို့ မသက်သာတာ၊ အဲဒီဆေးပင်က ဆေးရွက်လိမ်းလိုက်လို့ ပျောက်ကင်းသက်သာသွားတယ်လို့ အဲဒီမိတ်ဆွေကပြောပြတယ်။

ကျွန်မလဲ အဲဒီဆေးရွက်တွေကို ရေစင်အောင်ဆေးကြောပြီး၊ သံဆုံမှာထောင်းပါတယ်။ သတ္တုရည်ကို မျက်နှာမှာလိမ်း၊ ဆေးထောင်းဖတ်တွေကို မျက်နှာမှာ အုံပါတယ်။ တစ်ခါတစ်ရံမှာ **နို့သာဖြူနဲ့ ကရမက်ကို သွေးလိမ်းပါတယ်။** အပူစာ၊ အစပ်စာနဲ့ အငံစာတွေကို ရှောင်ပြီး တတ်နိုင်သမျှ လျှော့စားပါတယ်။



• ကူဿရမူလီပိုင်း

(၃/၄)ရက်အတွင်းမှာ မျက်နှာပေါ် ဝက်ခြံတွေ၊ အနာတွေ ခြောက်ကပ်သွားပြီး တစ်ပတ်လောက်အတွင်းမှာ သက်သာသွားတယ်။ နှစ်ပတ်လောက်ကြာတော့ မျက်နှာဟာ မူလအတိုင်း ချောမွေ့လာပလာပါတယ်။

ဒီဆေးရွက်ကို ထောင်းထုလိုက်ရင် သူ့အနံ့က ကြောင်ပန်းရွက်ထက် ပိုစူးရှပါတယ်။ အနံ့ပြင်းလို့ ပထမတော့ သိပ်မလိမ်းပါဘူး။ နောက်တော့မှ အနံ့နဲ့ ယဉ်သွားပြီး များများကြာကြာ လိမ်းဖြစ်ပါတယ်။

အဲဒီဆေးပင်ကို ဘယ်လိုခေါ်လဲမေးတော့ **"ကူဿရ မူလီအရိုင်း"**လို့ ပြောပါတယ်။ **အရွက်မှာ ခွေးသွားစိပ်တွေပါတယ်။ ချုံပင်အမျိုးအစားပါပဲ။** လူတစ်ရပ် ကျော်လောက်မြင့်ပါတယ်။ အကိုင်း အညိုရောင်၊ အရွက် စိမ်းစိမ်းဖြစ်ပါတယ်။

မဒါးဒါး



မောင်မျိုးသန့်
(မအူပင်)


# သိုက်နန်းရှင်မ

အသိပေးသည့် ဖြစ်ရပ်ဆန်း

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့၊ ရတနာပုံရွှေမြို့တော်(မန္တလေးမြို့)မှ **သီပေါအရှင်နှစ်ပါး ပါတော်မူသည့်အချိန်။**

ဘုရင့်အနွယ်တော် မင်းညီမင်းသား မိသားစုများမှာ အောက်ပြည့်အောက်ရွာသို့ လှေကြီးများဖြင့် ရှောင်တိမ်း စုန်ဆင်းလာခဲ့ကြရလေသည်။

"ကိုးမြစ်"ကမ်းတွင် တည်ရှိသော မအူပင်မြို့တွင် အခြေချနေထိုင်ခဲ့ကြပြီး မြစ်ဆိပ်နှင့် မနီးမဝေးတွင် တောများခုတ်ထွင်ရှင်းလင်းကာ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များ၊ ရွှေငွေကျောက်သံပတ္တမြားများအား ဌာပနာပြုလျက် (၁၆)တောင်အမြင့်ရှိသော စေတီတော်မြတ်တစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြလေသည်။



စေတီတော်၏ဘွဲ့တော်မှာ "**အကျော်ဆူလျှံ မြတ်သုံးတန်**"ဖြစ်လေသည်။ ခေတ်ကာလ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ စေတီတော်မှာ မြို့၏အလယ် ကမ်းနားလမ်းမကြီးဘေးတွင် သပ္ပာယ်စွာဖြင့် တည်နေ သီတင်းသုံးလျက်ရှိပါသည်။

၁၃၃၄ခု နှစ်ဦးတွင် စေတီတော်မှ ထူးကဲစွာ တန်ခိုးပြလေသည်။ ထိုနေ့နံနက်(၆)နာရီမှ ည(၈)နာရီထိ စေတီတော်မြတ်၏ ငှက်မြတ်နားတော်၊ ထီးတော်၊ စိန်ဖူးတော်တို့မှ ထူးကဲစွာ ဓာတ်တော်များ ကွန့်မြူးခြင်းအား တွေ့မြင် ဖူးမြော်ကြရပါသည်။

**ဓာတ်တော်များ ကွန့်မြူးစဉ်တွင် စေတီတော်၏ လုံးပတ် အတွင်းထဲမှ စည်သံ ဆောင်းသံများ ထွက်ပေါ်လာလျှက် ရှိနေပါတော့သည်။**

နံနက်မှညအထိ ဖူးမြော်သူများ တိုး၍မပေါက်အောင် စည်ကားလျက် ရှိနေပါလေသည်။

**၁၃၅၅ခုနှစ်တွင်** စေတီတော် ဂေါပကအဖွဲ့နှင့် အကျိုးတော်ဆောင် လူငယ်များ တိုင်ပင်ဆွေးနွေးကာ စေတီတော်အား လုံးပတ်တော်ဖွင့်ခြင်း၊ ဉာဏ်တော်မြှင့်ခြင်း၊ ငှက်မြတ်နားတော်၊ ထီးတော်၊ စိန်ဖူးတော် အသစ်တင်လှူခြင်းကိစ္စရပ်များ ဆောင်ရွက်ရန် ဆုံးဖြတ်ကြလေသည်။

စာရေးသူအပါအဝင် အကျိုးတော်ဆောင် လူငယ်များမှာ စေတီတော်၏ ရင်ပြင်တော်ပေါ်တွင် အလှူခံမဏ္ဍပ်ဖွင့်ကာ အချိန်ကာလအားဖြင့် (၁)နှစ်ကျော် အလှူခံခဲ့ရလေသည်။

စေတီတော်အား ဘက်စုံပြုပြင် မွမ်းမံခဲ့ရာ ဉာဏ်တော်အမြင့်မှာ (၂၇)တောင်အထိ ပူဇော်နိုင်ခဲ့ပြီးသည်နှင့် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူ ပူဇော်ခဲ့ကြလေသည်။

စေတီတော်အား ငှက်မြတ်နားတော်၊ ထီးတော်၊ စိန်ဖူးတော်အသစ်များ တင်လှူရန် ပြင်ဆင်ရပါတော့သည်။

ဆိုင်ရာပွဲများဖြစ်သော ဘုရားငါးဆူပွဲ၊ သာသနာစောင့် နတ်မင်းကြီးများပွဲ၊ သိကြားမင်းပွဲ၊ ဝိဇ္ဇာပေါင်းချုပ်ပွဲ၊ သိုက်ချုပ်ပွဲများအား အကျိုးတော်ဆောင် "စောလှရွှေ" မှ တာဝန်ယူ ဆောင်ရွက်ထားလေသည်။

ဘုရားမှ ပြန်ချိန်မှာ ည(၁၁)နာရီကျော်ခန့် ရှိလေပြီ။ နေအိမ်ဘုရားခန်းတွင် ဝတ်တက်ပြီးသည်နှင့် ထီးတော်တင်လှူပွဲအား ချောမောစွာ အောင်မြင်စေရန် သစ္စာပြု လိုက်ပါသည်။

**ထို့နောက် ပုတီးစိပ်ရာတွင် ကျွန်ုပ်၏ မျက်ဝန်းထဲ၌ "အကျော်ဆူလျှံ မြတ်သုံးတန်" စေတီတော်အား ထင်ရှားစွာ တွေ့မြင်ရလေသည်။ စေတီ၏ မြေအောက်ပိုင်းတွင် သိုက်နန်းဝတ်အစားနှင့် သံပင်ဖြင့်ချည်ထားသော မိန်းမပျိုတစ်ဦးအား ကန်တော့ပွဲထွက်ထားသည်ကို အတန်ကြာ တွေ့မြင်နေရလေသည်။**

ကျွန်ုပ်အား ချိုသာသောအပြုံးဖြင့်...

'မောင်ကြီးတို့ ပြင်ထားတဲ့ပွဲတွေမှာ ရာဇသိုက်အတွက် ပွဲတစ်ပွဲ လိုနေသေးလို့ လာရောက်အသိပေးတာပါဘုရား... ကျွန်မတို့မှာ ဤစေတီအား စတင်တည်ထားတဲ့ မင်းမျိုးတွေ ဖြစ်ပါတယ်။ ဘဝကူးရမည့်အချိန်မှာ စေတီကို စွဲလမ်းခဲ့ကြပါတယ်။ ဒါကြောင့် ရာဇသိုက်အဖြစ် အကျော်ဆူလျှံ မြတ်သုံးတန်စေတီမှာ စောင့်ရှောက်နေရပါတယ်။ ငွေအင်္ဂါများလဲ ကိုယ်တိုင်လာရောက်လှူဒါန်းကုသိုလ်ယူပါ့မယ်မောင်ကြီး'

ဟု ပြောကြားပြီးသည်နှင့် ကျွန်ုပ်၏ အမြင်အာရုံမှ ပျောက်ကွယ်သွားပါလေတော့သည်။

နံနက်လင်းသည်နှင့် "စောလှဌေး" ထံ သွားရောက်ရလေသည်။ တွေ့မြင်ခဲ့ရသော အဖြစ်အပျက်များအား ပြောပြရသည်။ ထိုအခါ စောလှဌေး၏ဇနီးဖြစ်သူ မလှသန်းမှ ညက အိပ်မက်တွင် အခု ဆရာပြောပြသည့်အတိုင်း အိပ်မက်မြင်မက်ကြောင်း ရှင်းလင်းပြောပြလေသည်။

ထို့ကြောင့် ကျွန်ုပ်နှင့် စောလှဌေးတို့မှာ ဘုရားသို့ သွားရောက် ကန်တော့ပွဲများအား စစ်ဆေးရလေသည်။ ရာဇာသိုက် လိုအပ်နေကြောင်း သိရှိရ၍ ပွဲသစ်တစ်ပွဲ ထပ်မံပြင်ဆင်ကာ စေတီတော်၏ အနောက်တောင်ထောင့်တွင် ရာဇာသိုက်ပွဲအား လှူဒါန်းလိုက်လေသည်။

ဘုရားထီးတော်တင်ပွဲ နီးကပ်လာလေပြီ။ ကဆုန်လဆန်း(၁၄)ရက်၊ ည(၇)နာရီ(၄၅)မိနစ်တွင် ဘုရား၏ အဝင်ဝရှိ အလှူခံမဏ္ဍပ်တွင် တိုးဝှေ့မရလောက်အောင် လှူဒါန်းသူများ များပြားလွန်းလှပေသည်။

ထိုအချိန်တွင် ရှမ်းဘောင်းဘီအနက်ရောင် ဝတ်ဆင်ထားသော အသက်(၈၀)ကျော်အရွယ် အဘိုးအိုနှင့် အသက်(၁၅–၁၆)အရွယ် မိန်းမပျိုလေးမှာ တိုးဝှေ့ဝင်ရောက်လာပြီး နီညိုရောင် အိတ်ရှည်အတွင်းမှ ငွေဒင်္ဂါး ချပ်ရေ (၅၅)ချပ်အား လှူဒါန်းလေသည်။

စာရင်းရေးသွင်းရန် အလှူရှင်အမည်အား မေးမြန်းသော်လည်း လုံးဝပြောဆိုခြင်းမပြုဘဲ စေတီတော်လိုဏ်အတွင်းသို့ ဝင်ရောက်သွားပါလေတော့သည်။

ထူးခြားသည်မို့ မလှမ်းမကမ်းမှ လိုက်လံစောင့်ကြည့်ရာ စေတီတော်၏ အနောက်တောင်ထောင့်သို့ ရှေ့ရှု၍ သွားလေသည်။

ရာဇာသိုက်ပွဲထားရှိရာသို့ ရောက်သည်နှင့် အဘိုးအိုနှင့် မိန်းမပျိုလေးတို့မှာ အသီးသီးရပ်၍ လက်အုပ်ချီလျက် ဘုရားအား ပွဲလှူဒါန်းမှုပြုလေသည်။ ယင်းနောက် နှစ်ဦးစလုံး ကျွန်ုပ်၏မြင်ကွင်းမှ အလိုလို ပျောက်ကွယ်သွားပါလေတော့သည်။

သို့ဖြင့် ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဗြိဿရာသီတွင် စန်းပြည့်ဝိသာခါနက္ခတ်နှင့် တံငါတာရာ စန်းယှဉ်



နက္ခတ်မိချိန် နံနက် (၉)နာရီ (၉)မိနစ်၊ (၉)စက္ကန့် ပုဗ္ဗာဏှရှင်ဘုရင်ဖြစ်သော ကိန်းအချိန်တွင် နာယက ဆရာတော်ကြီးများ၊ ဂေါပကများ၊ အကျိုးတော်ဆောင်များနှင့် မြို့သူမြို့သားများမှ ပါဝင်ကြည်ညိုကာ "**အကျော်ဆူလျှံ မြတ်သုံးတန်**" စေတီတော်မြတ်ကြီး၏ ပုက်မြတ်နားတော်၊ ထီးတော်နှင့် စာရေးသူကိုယ်တိုင် စိန်ဖူးတော်မြတ်အား ကောင်းမြတ်သော ပိတိအဟုန်ဖြင့် သိုက်နန်းရှင်အား အမျှကုသိုလ်ပေးဝေရင်း ချောမောအောင်မြင်စွာ တင်လှူနိုင်ခဲ့ကြပါလေတော့သတည်း။

**(မှတ်ချက် ။ ။ သီပေါဘုရင်၏ အနွယ်တော်များ တည်ထားကိုးကွယ်ခဲ့သည့် ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့မှ ရှေးဟောင်းသမိုင်းဝင် "အကျော်ဆူလျှံ မြတ်သုံးတန်" စေတီတော်မြတ်ကြီး၏ ဖြစ်ရပ်မှန်အား ရေးဖွဲ့တင်ပြခြင်းဖြစ်ပါသည်။**

**မောင်မျိုးသန့်** *(မအူပင်)*

# ထူးဆန်းအံ့ဖွယ်

# သူယောင်မယ်

နှင့် နောက်ဆက်တွဲ ဇာတ်လမ်းများ (နောက်ဆက်တွဲ)

မောင်ဖြေး(ဩ)
(မီးပွားရေး)



၂၀၁၈ ခုနှစ်၊ မေလ(၂၉)ရက်နေ့တွင် ဇနီးသည်၏ မိခင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အဖြစ် ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၌ ဆွမ်း ဆက်ကပ် ဖြစ်ခဲ့ပါသည်။

ခင်မင်ရင်းနှီးသော မိတ်ဆွေအနည်းအကျဉ်းကိုသာ အသိပေး ဖိတ်ကြားခဲ့ပါသည်။ အထူးသဖြင့် ဇနီးသည် ငယ်စဉ်က နေထိုင်ခဲ့သော ရွာမှ ဖြစ်ကြပါသည်။

စကားစမြည်ပြောကြရင်းမှ သူယောင်မယ်အကြောင်း ရောက်သွားခဲ့သည်။ မိတ်ဆွေတစ်ဦးက သူမှတ်မိသမျှ ပြောပြခဲ့ပါသည်။

'ဟုတ်တယ်…ရွာမှာ ခုထိရှိတယ်။ ခုဆို အဲဒီသူယောင်မယ်က အသက်(၅၅၊ ၅၆)နှစ်လောက် ရှိမလား မသိဘူး'

တဲ့။

'သူ ဘယ်လိုလုပ် အဲဒီအိမ်ကို ရောက်လာတာလဲ' ဟု စာရေးသူ မေးတော့…

'တောထဲမှာ အိမ်ဆောက်ဖို့ သစ်သွားခုတ်တော့ မြွေနှစ်ကောင်ကို တွေ့တာတဲ့။ တစ်ကောင်က ပျောက်

သွားပြီး တစ်ကောင်က သူတို့ဆီ ပါလာတာလို့ ကြားမိတယ်။ ဘယ်ပုံဘယ်နည်းတွေ့တယ်၊ ဘယ်လို ပျောက်သွားတယ်။ သူတို့အိမ်ကို ပါလာပုံပါလာနည်းတွေတော့ မမှတ်မိတော့ပါဘူး'

'ဟုတ်ပါပြီဗျာ…နှစ်တွေကလဲ အတော်ကြီးကြာနေမှကိုး။ ဘာတွေဆက်ဖြစ်သလဲ၊ မှတ်မိသလောက် ပြောပါဦး'

စာရေးသူ တောင်းဆိုတော့…

'အိမ်ကို စရောက်ပြီး အိပ်မက်ပေးတုန်းက ငယ်ငယ်လေးပဲ ရှိသေးတယ်။ အိမ်ရှင်မှာက သားအကြီးလေးရှိတယ်။ ဒုတိယက သမီး၊ နို့စို့အရွယ်ပေါ့။

သူက အိပ်မက်ပေးပြီး နေခွင့်တောင်းတယ်။ ပြီးတော့ အိမ်ရှင်သမီးနဲ့အတူ တစ်ယောက် တစ်ဖက်စီ နို့အတူစို့ခဲ့တာ၊ အရွယ်လေးလဲ ရောက်လာရော အိမ်ရှင်ရဲ့ သားအကြီးကို သူက ကြိုက်နေပါလေရော'

'မြတ်စွာဘုရား'

သူ့စကားကြောင့် စာရေးသူတို့ ဘုရားတ,မိပြီး မျက်လုံးတွေတောင် ပြူးကုန်ကြရတယ်။ သူက ဆက်ပြောတယ်။

'အမယ်…ဒါတင် ဘယ်ကမလဲ၊ သူနဲ့ လက်ထပ်ပေးပါဆိုပြီး တောင်းဆိုသတဲ့လေ။ သားအကြီးလေးကလဲ ကြောက်တော့တာပေါ့။ ဒါနဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ် ပိုက်တယ်။ ကလေးတွေ ဘာတွေရပြီးမှ ကွဲသွားကြတယ်။ အဲဒီ သူယောင်မယ် လိုက်နှောင့်ယှက်ပုံရတယ်။

တစ်ခါ တခြားမိန်းကလေးတစ်ယောက်နဲ့ ထပ်ပြီး အိမ်ထောင်ပြုတယ်။ ကလေးနှစ်ယောက်လား ရပြီးမှ လင်မယားတွေ ကွဲပြန်ရော'

'သူရောက်လာပြီးမှ အိမ်ရှင်တွေ အရမ်းစီးပွားတက်တယ်ဆို'

တစ်ယောက်က မေးတော့…

'ဟုတ်တယ် ပါးဖပ်စက်လေးတွေ တစ်စီးပြီး တစ်စီး ဝယ်နိုင်တယ်။ အုန်းခြံတွေလဲ အများကြီးပဲ။ တကယ့်ကို အကျိုးပေးတယ်။ "မ" တယ်လို့ ပြောရမှာပါပဲ။

တစ်ခုခု အကြံအစည်ရှိလို့ သူ့ကိုပြောရင် သူက ဘာကို ဘယ်လိုလုပ် ဆိုပြီး ပြောတာ အောင်မြင်တာချည်းပါပဲ'

မိတ်ဆွေက သူ့စကားကို ဆက်ပြောလာသည်က…



'ဟိုး ငယ်စဉ်က ခုလို ဥပဒေတွေ ဘာတွေ စိုးမိုးမှု သိပ်မရှိဘူးလေ။ ရွာမှာက အလယ်တန်းကျောင်းတောင် အနိုင်နိုင်။ ရဲစခန်းလေးလောက်ရှိတာ။ ရွာက မျက်နှာဖုံးတွေက တစ်ခါတစ်ရံ ချိန်းပြီး ဖဲရိုက်လေ့ရှိကြတယ်။ ရွာထဲမှာတော့ ဘယ်ဟုတ်မလဲ၊ တစ်ယောက်ယောက်ရဲ့ အုန်းခြံထဲမှာပေါ့။

အုန်းခြံတွေမှာက အစောင့်တွေ ထားရတယ်။ အိမ်လေးဘာလေး ဆောက်ပေးရတယ်။ အဲဒီအိမ်လေးတွေမှာ ကစားကြတာ။

အဲဒါဆို သူယောင်မယ်က အဖေလုပ်တဲ့သူကို ပုဆိုးဘာအရောင်၊ အင်္ကျီ ဘာအရောင် ဝတ်သွားပါ၊ ဘယ်နေရာမှာ ထိုင်ပါ စသဖြင့် လမ်းညွှန်မှုပေးတယ်။ ကစားတိုင်း နိုင်တာချည်းပဲတဲ့'

'ခုနောက်ပိုင်းရော ဘာသတင်းတွေများ ကြားရသေးလဲ'

မိတ်ဆွေတစ်ယောက်က မေးတော့…

'ရွာမရောက်ဖြစ်တာတောင် ကြာလှပြီ၊ ပြီးတော့ ဒီအကြောင်းတွေကလဲ ရွာမှာ ရိုးတောင်နေပြီဆိုတော့ အထူးအဆန်းလုပ်ပြီး သိပ်မပြောဖြစ်ကြတော့ပါဘူး။

ဒီသူယောင်မယ် ရှိနေသေးတယ် ဆိုတာရယ်၊ ခုနပြောသလို နှစ်တွေကို ပြန်တွက်ကြည့်ရင်၊ အသက်(၅၅၊ ၅၆)နှစ်လောက် ရှိနေပြီ ဆိုတာရယ်ကတော့ သေချာပါတယ်'

တဲ့ဗျာ။

**ရှင်လန်းချမ်းမြေ့ကြပါစေ။**

**မောင်အေးကြူ(*စီးပွားရေး*)**



နှင်းနွယ်
(ကြို့ပင်ကောက်)

# စခန်းပေါ်က သရဲ

တပ်စခန်းတွင်
စခန်းချထိုင်ခဲ့စဉ်က
ညနေ(၅)နာရီခန့် တပ်ဖွဲ့ဝင်များ
အား တန်းစီစစ်ဆေးချိန်...

'ရဲဘော်တို့ ဘာသတင်းပို့စရာ
ရှိသလဲ၊ မရှိရင် တန်းဖြုတ်'
လို့ ပြောသောအခါ...
'ရှိပါတယ် ဆရာကြီး'
'ရှိရင် ပြော'

သရဲတစ္ဆေ တကယ် ရှိသည်/မရှိသည်ကို မငြင်းလိုပါ။ အတိုက်အခံ မပြောချင်ပါ။ အမှတ်(၉၉) ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အဖြစ်အပျက်ကလေးတစ်ခု ကြုံဆုံခဲ့ရပုံကို ရေးသားတင်ပြလိုက်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲ

လို့ ပြောဆိုသောအခါ…

ထိုအချိန်…

'ကျွန်တော် ကိုယ်ပိုင်အမှတ်(…) ရဲဘော်သံချောင်းပါ။ ည(၁၀)နာရီမှ (၁၂)နာရီအထိ ကင်းချိန်မှာ သရဲခြောက်ခံရပါတယ်'

'ဟေ…ဘယ်လိုလဲ၊ ပြန်ပြောစမ်းပါဦးကွ၊ သရဲအခြောက်ခံရတယ်။ ဟင်း…ဟင်း'

'ဒီလိုပါ ဆရာကြီး… ကင်းချိန်မို့လို့ တဲဘက်ပြန်အလာမှာ (ကျီဖိုး) လက်မှာစွဲပြီး ဝဝမည်းမည်း ရဲဘော်ပုံစံ လူကြီးတစ်ယောက် တော့ဆောင်းဦးထုပ် ခပ်စိုက်စိုက် ဆောင်းထားပြီး မျက်နှာကို သေသေချာချာ တော့ မမြင်ရဘူး၊ ဆေးလိပ်မီး ရဲခနဲ ဖွာပြီး ဆက်သွယ်ရေးမြောင်းထဲ ဆင်းသွားပါတယ်။

ဒါနဲ့ ကျွန်တော်လဲ လန့်ပြီး တပ်စိတ်မှူးကို နှိုးပြီး သတင်းပို့လိုက်ပါတယ်'

ဆရာဝင်းကိုမှ…

'ဟုတ်တယ် ဆရာကြီး။ လိုက်ရှာလိုက်ရတာ တပ်စိတ်တစ်ခုလုံးက ရဲဘော်တွေ အိပ်လို့ကို မရဘူး။ ဒီကောင် အိပ်ချင်မူးတူးနဲ့ ပြောတာဘာမှ မတွေ့ပါဘူး'

ရဲဘော်သိန်းအောင်မှ…

'ကျွန်တော် ကင်းစောင့်ရင်း အိပ်ငိုက်မိတဲ့အချိန် ဖြောင်းခနဲ ပါးရိုက်ခံလိုက်ရတယ်။ ဆရာကြီး ကင်းလာစစ်လို့ ကျွန်တော် ငိုက်နေတာကို တွေ့ပြီး အရိုက်ခံလိုက်ရတယ်လို့ ထင်ပြီး မျက်စိဖွင့်ကြည့်တော့ ဘာဆိုဘာမှ မတွေ့ရဘူး။ ဆရာကြီး မယုံမှာစိုးလို့ မပြောဘဲ ငြိမ်နေတာပါ'

'ကဲ…ကဲ…တော်ပြီ၊ နားထောင်ကြဟာ ယောက်ျားတွေ၊ ယောက်ျားစစ်သား၊ လူသေကောင်နဲ့ အိပ်လာခဲ့ရတဲ့ ကောင်တွေ၊ စစ်ဦး ဘီလူးလို ကြမ်းခဲ့တယ်။ နေ့ည ဘာကိုမှ မကြောက် တိုက်ပွဲဝင်လာခဲ့ကြတဲ့ ရဲဘော်တွေ။

မင်းတို့ကို သရဲသတ်လို့ မသေဘူး၊ ရန်သူတွေ သတ်မှ သေမှာ၊ အေး… အဲဒီတော့ နောက်တစ်ခါ ငါ့ကို သရဲတစ္ဆေအကြောင်း ဘယ်တော့မှ သတင်းမပို့နဲ့။ ရှိလဲ မရှိဘူး။ နောက်တစ်ခါ ပြောတဲ့ကောင် အရိုက်ခံရမယ်။

ကင်းတွေ သေသေချာချာစောင့်၊ ထူးခြားရင် သတင်းပို့၊ မင်းတို့ပြောတဲ့ကောင် တွေ့ရင်လဲ ငါနဲ့ လာတွေ့လို့ ပြောလိုက်၊ ကြားလား… တန်းဖြုတ်ပေးလိုက်မယ်'



ရဲဘော်များ စုတန်းကာ တဲများဆီသို့ အသီးသီး ပြန်သွားကြသည်။

ဒီနေ့ ဒီဇင်ဘာ(၂၅)ရက် ခရစ္စမတ်နေ့ ညနေခင်း (၅)နာရီလောက် ကတည်းက တောင်ခြေမှာ မြူနှိုးတွေ တောင်တစ်ခုလုံး ငွေခြည်ချင်းဝတ်ထားသလို ဖွေးဖွေးလှုပ်နေတာကို မြင်တွေ့နေရတယ်။

နေဝင်ဆည်းဆာ သဘာဝအလှ မှိုင်းညို့ညို့ တောင်တန်းတွေကို ငေးကြည့်နေမိတယ်။ အင်း… အအေး ဓာတ်ပိုမယ်။ ရေချိုးမှပဲလို့ တစ်ယောက်တည်း ပြောရင်း ရေကန်မှာ ရေချိုးပြီး ကျွန်တော်နေတဲ့ စခန်းအလယ် တပ်စုရုံးထဲ ပြန်အလာ လက်နက်ခဲယမ်းအပို ထားတဲ့ ဂိုဒေါင်နားအရောက်မှာ "ဂွမ်း… ဂလုံ"ဆိုတဲ့အသံကြားလိုက်ရတယ်။

'ဘယ်လိုလဲဟ… အထဲက ကြွက်လား၊ ခွေးတော့ မဝင်နိုင်ပါဘူး'

တံခါးနား တိုးကပ်မှီလိုက်တဲ့အခါ ညည်းညူသံလိုလို သက်ပြင်းချလိုက်သံပါ ကြားလိုက်မိတယ်။ ရင်ထဲ ဒိန်းခနဲ အနည်းငယ် စိုးရိမ်စိတ် ဝင်မိခဲ့တယ်။

ဒါပေမယ့် ခြံစည်းရိုးအထပ်ထပ် ကင်းအထပ်ထပ် ချထားတဲ့ စခန်းအလယ်က ဂိုဒေါင်ထဲ ဘာကောင်လာလို့ရမှာလဲ တံတွေးမျိုချ စိတ်ကို တင်းပြီး ချက်ကိုဖြုတ် ကျီခနဲ မြည်

သွားသော အသံနဲ့အတူ ပွင့်သွားတဲ့ တံခါးပေါက်ကနေ အထဲကို ခေါင်း ပြူကြည့်လိုက်တဲ့အခါမှာ...

'ဟား...ဘာကြီးလဲဟ'

ခေါင်းဆံပင်မွေးများ ထောင်သွား သလားမသိ၊ လူကိုယ်လုံး ဓာတ် လိုက်သွားသလိုပဲ... ကြည့်ပါဦး၊ လက်နက်ကြီး ပုံးသီး ထည့်ထား တဲ့ ပုံးပေါ်မှာ နောက်ခိုင်းထိုင်ပြီး (ဂျိုမိုး) BIA(64) မောင်းပြန်ရိုင်ဖယ် ဒေါ်းမှာ ဒေါက်ထောက်ထားပြီး ဆေးလိပ်မီးခိုးများ မှုတ်ထုတ်နေတဲ့ လူဝဝကြီး။

ယူနီဖောင်းကလဲ ပေရေစုတ်ပြတ် လို့... တကယ့်ထိတ်လန့်စရာ လူ ဘီလူးကြီးလိုပဲ မည်းပြောင်နေ တယ်။ လန့်ပြီး တံခါးဆွဲပိတ်ပစ် လိုက်တယ်။

'ဝုန်း...ဂျလောက်'

အပြင်က ချက်ထိုးပြီး အိပ်ရာကို အမြန် ပြန်ပြေးပြီး ကာဘိုင်သေနတ် ကောက်ယူ ကျည်ထိုးလိုက်တယ်။ ''ဂျောက်''အသံကြားလို့ ဆက် သွယ်ရေးတပ်သား ကိုနိုင်က...

'ဆရာကြီး ဘာဖြစ်လို့လဲ'

အနားရောက်လာတယ်။

'သိချင် သေနတ်ယူပြီး နောက်က လိုက်ခဲ့'

ဆိုပြီး တဲကထွက်တော့ ကိုနိုင် ဆိုတဲ့ကောင် နောက်က အပြေး တစ်ပိုင်း လိုက်လာတယ်။

ခဲယမ်းဂိုထောင်နား ရောက်တော့ သေနတ်နဲ့ ချိန်ပြီး...

'ဟေ့ကောင် ဖွင့်လိုက်စမ်း'

လို့ ပြောကော့...

'အထဲမှာ ပေါက်ကွဲစရာတွေနဲ့ နော်ဆရာကြီး၊ ဘာတွေ့မိလို့လဲ'

'လျှာမရှည်နဲ့ ငါ သိတယ်။ တံခါး ဖွင့်မှာသာ ဖွင့်ပါ'

ကိုနိုင် ချက်ဖြုတ်ပြီး ဆွဲဖွင့်လိုက် တယ်။ ''ကျွီ'' ဆိုပြီး ပွင့်သွားတာနဲ့ အထဲတိုးဝင်ပြီး သေနတ်နဲ့ ချိန်လိုက် တယ်။

'ဟာ... ဟိုကောင်ကြီး ဘယ် ရောက်သွားတာလဲဟ၊ တံခါး ချက် ချထားတာ၊ ထွက်စရာ အပေါက်လဲ မရှိပါဘူး'

'ဘာကောင်ကြီးလဲ ဆရာ'

'အင်း...ဟို...ဟို... ကြွက်ကြီး အကြီးကြီးပဲကွာ၊ ခုနက ငါ တွေ့ခဲ့ တာ'

'ဘာများလဲလို့၊ အလန့်တကြား ဆရာကြီးရာ...ကြွက်ဆို ထွက်သွား ရင်ထွက်သွား၊ ဒါမှမဟုတ် တွင်းထဲ ဝင်သွားမှာပေါ့'

'အေး...အေးကွာ၊ တံခါးပိတ် လိုက်တော့ကွာ၊ တဲကို ပြန်ကြမယ်'

တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ မာန်မဲမိတဲ့ ရဲဘော်ကလေးကို စိတ် မကောင်း ဖြစ်မိတယ်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ ကိုယ်က စခန်း မှူးကိုး။ ဒီလိုပဲ ပြောရမှာပဲလေ။ နောက်မှပဲ ဘုန်းကြီးပင့်ပြီး ပရိတ် ရွတ်ပစ်ရတော့မှာပဲလေ။ သြော်... ဒါမျိုး လူ့ဘဝမှာ ကြုံမှပဲ ယုံရပါ တော့လား...

**[အပတ်စဉ် 8179 ရဲဘော်များ အမှတ်တရ...]**

နှင်းနွယ်(ကြို့ပင်ကောက်)

မညီ
သူ
မ
ဆို
ပါ
ဘင်
ရေးသား
ဆိုင်ပါသည်...
စာမူပို့လိုက...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၁၀ (ပထမထပ်)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-
၀၉-၇၇၆၃၄၉၇၈၅
၀၉-၄၄၃၂၅၇၈၂၀

တမလွန်အနားစွန်းမှ

# ကွင်းစိုင်ကြီး ဦးသိ

အပိုင်း(၁)

ဘုန်းမြတ်ဝေ
(မအူပင်)




[၁]

သတ္တဝါများသည် မိမိကျင်လည်ခဲ့ရသည့် အတိတ်ဘဝများတွင် မိဘ၊ ဇနီး၊ လင်ယောက်ျား သမီးနှင့်သား၊ ဆရာနှင့်တပည့်၊ အရှင်နှင့်ကျေးကျွန် အစရှိသည့် အသွင်အမျိုးမျိုးတို့ဖြင့် ကျင်လည်ခဲ့ကြရသည်။

ပြုခဲ့ဖူးသည့်သစ္စာ တောင်းဆုခြွေခဲ့ကြသည့် ဆန္ဒတို့ဖြင့် အဆင်ပြေသည့် ဘဝများတွင် ပြန်လည်ဆုံတွေ့ကြရပြန်သည်။ ထိုအခါ အတိတ်ဘဝ၏ အသွင်အတိုင်း ပြန်လည် ဆုံချင်မှ ဆုံကြရမှာပါ။

မတူညီသည့် ဘဝများဖြင့်လည်း ပြန်လည် ဆုံတွေ့ကြရပြန်သည်။ ထို့ကြောင့် ဥပါဒါန်အစွဲအလမ်း သံယောဇဉ်ကြီးသည်ကား သံသရာ



အဆက်ဆက်တွင် တုပ်နှောင်မြဲ တုပ်နှောင်ထားကြပြီး မဆုံးနိုင်သည့် သံသရာဝဲသြဂ ဒုက္ခနယ်ကြီး အတွင်း ရုန်းမထွက်နိုင်ကြတော့ပါ။

တစ်ခုတည်းသော အတိတ်ဘဝ တွင် ကျွန်စစ်သားမင်းကြီးသည် ယခုဘဝ ပုဂံပြည်ကြီးတွင် မင်းဖြစ်သကဲ့သို့ မင်းဖြစ်ခဲ့ဖူးသည်။ ထိုအချိန်တွင် မဟာဂီရိနတ် အလောင်းသည်ကား သူဌေးသား ဖြစ်ခဲ့ပါသည်။

သူတို့နှစ်ဦးသည် ချစ်ခင်ရင်းနှီးခဲ့ကြသည့် မိတ်ဆွေများ ဖြစ်ခဲ့ကြပါသည်။ သူတို့သည် ယခုဘဝတွင် တစ်ဦးက ဘုရင်၊ တစ်ဦးက (၃၇)မင်းနတ်တွင် တစ်ပါး အပါအဝင်ဖြစ်သည့် နတ်ဖြစ်ကြပါသည်။

တစ်နေ့တွင် ကျွန်စစ်သား စစ်သူကြီးသည် မင်းမျက်သင့်ခြင်း ခံရသည်။ ထိုအခါ ဖခမည်းတော် အနော်ရထာ မင်းတရားကြီးသည် ကျွန်စစ်သားအား ကြိုးဖြင့် တုပ်နှောင်ထားသည်။

ထို့နောက် အနော်ရထာမင်းကြီး ကိုယ်တိုင် လက်စွဲတော်လှံဖြင့် ရင်ဝတည့်တည့် ထိုးလိုက်ပါသည်။ သို့သော် မထိပါ။ အဘယ်ကြောင့်ဆိုသော် မိတ်ဆွေဖြစ်ခဲ့ဖူးသော မဟာဂီရိနတ်မှာ လှံအား ဖယ်ရှားလိုက်ပြီး တုပ်နှောင်ထားသော ကြိုးအား ထိစေလိုက်ပါတော့သည်။

ထိုအခါ ကျွန်စစ်သားသည် သေဘေးမှ လွတ်ရာသို့ ထွက်ပြေးခဲ့ရသည်ဟု **မှန်နန်းရာဇဝင်တော်ကြီး**တွင် ရေးလာမှတ်သားရပါသည်။

ဤသို့ သိရှိခဲ့ရခြင်းမှာ စာတွေ့မှသော်လည်းကောင်း၊ တစ်ဆင့်စကား တစ်ဆင့်ကြားခြင်းဖြင့်လည်းကောင်း သိရှိခဲ့ရပါသည်။

စာရေးသူကိုယ်တိုင် လက်တွေ့တွေ့ကြုံခဲ့ရသည့် မယုံကြည်နိုင်စရာကောင်းပြီး "ပြောမယုံ ကြုံဖူးမှသိ" ဟူသည့် အဖြစ်အပျက်တစ်ခုအား အောက်ပါအတိုင်း ရေးသားတင်ပြပါမည်။

[ ၂ ]

စာရေးသူသည် **၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့တွင်** လက်ထောက် မူလတန်းဆရာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ စာရေးသူ နေထိုင်ရာမြို့နှင့် ဆယ့်လေး၊ ငါးမိုင်ခန့် ဝေးကွာသောကြောင့် တာဝန်ကျရာ ရွာတွင် သွားနေရပါသည်။

ကျောင်းပိတ်ရက် ဖြစ်သော တစ်ပတ် တစ်ခါ အဖိတ်၊ဥပုသ်နေ့များတွင် ပြန်လာရပါသည်။

တာဝန်ကျရာ ကျောင်းတွင် နေရသည်။ ရောက်ရောက်ချင်း သုံးရက်မြောက်ညတွင် အိပ်မပျော်တပျော် အိပ်မက်လိုလို တကယ်လိုလို ပြောဆိုကြုံတွေ့နေရသလို ခံစားနေရပါသည်။

အသက်လေးဆယ်ခန့် အသားဖြူဖြူ ထိပ်ပြောင်ပြောင် အင်္ကျီမပါ ပုဆိုးအစိမ်းကွက်အား ခပ်တိုတို ဝတ်ထားသည့် လူကြီးတစ်ယောက်သည် စာရေးသူ၏ ညာဘက်လက်အား ကိုင်ထားသည်။ အရှေ့ဘက်တွင် ရှမ်းဝတ်ရှမ်းစား၊ ရှမ်းလွယ်အိတ်၊ ရှမ်းဓား၊ ရှမ်းခမောက် ဆောင်းထားလိုက်ပြီး ဆေးတံအား ဖွာနေသည်။

စာရေးသူအား ပြုံးလျက် ကြည့်နေသည်။ မကြာပါ စာရေးသူလက်အား ကိုင်ထားသည့် စောစောစောမှ လူကြီးသည် ရှမ်းဝတ်စုံအပြည့် ဝတ်ထားသည့် လူကြီးလက်သို့ လွှဲပြောင်းလိုက်သည်။

ထို့နောက် ရှမ်းဝတ်စုံ ဝတ်ထားသည့်သူသည် ခေါင်းညိတ်လိုက်သည်။ အင်္ကျီမပါ ပုဆိုးစိမ်းကွက် ဝတ်ထားသည့် လူကြီးသည် ကျွန်တော့်အား တစ်ချက်ပြုံးကြည့်လိုက်ပြီး အနောက်ဘက်သို့ အလွန်

လျှင်မြန်စွာ လေထဲတွင် ပျံ့ဝဲနေသည့်အလား ပျောက်ကွယ်သွားပါတော့သည်။

နံနက် မိုးလင်းသောအခါ ကျောင်းအုပ်ဆရာမကြီးအား အရေးကြီးသော ကိစ္စရှိသည်ဆိုပြီး ခွင့်ပန်ကာ စာရေးသူ နေသည့် မအူပင်မြို့သို့ ပြန်လာပါသည်။ အိမ်ရောက်သောအခါ မိခင်ကြီးသည် ကျွန်တော့်အား...

'သား ကျောင်းတောင် မပိတ်သေးဘူး။ ဘာကိစ္စရှိလို့ ပြန်လာရတာလဲ၊ အမေ့ပြောစမ်း...သားနေမကောင်းဘူးလား၊ မကောင်းရင်လဲ အလုပ်ထွက်လိုက်ပါကွာ'

'ကောင်းပါတယ် အမေရယ်၊ သား ဘာကိစ္စမှ ထူးထူးထွေထွေ မရှိပါဘူး၊ အရေးလဲ မကြီးပါဘူး။ သားသိချင်တာလေး တစ်ခုရှိလို့ ပြန်လာတာ။ သား အားလုံး အဆင်ပြေပါတယ် အမေ'

အမေနှင့်အဖေ စိတ်ပူနေသောကြောင့် စာရေးသူသည် ပြုံးရွှင်စွာ ပြောလိုက်သည်။ ညနေဘက် ထမင်းစားပြီး ကျွန်တော့်အိပ်မက်အား အဖေနှင့်အမေကို ပြောလိုက်ပါသည်။

ထိုအခါ အဖေနှင့်အမေသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး အမေသည် သက်ပြင်းချလိုက်ကာ ကျွန်တော့်အား ကလေးတစ်ယောက်ပမာ ပါးလေးအား နမ်းလိုက်သည်။

ထို့နောက် ကြေကွဲဆို့နစ်စွာ ကျွန်တော့်အိပ်မက်နှင့် ပတ်သက်ပြီး အမေသည် တစ်လုံးချင်း ပြောလိုက်ပါသည်။



[၃]

**တံခွန်တိုင်ရွာကြီး ဝါးခယ်မပိုင်ကမ်းများပြိုသောကြောင့် ယခုတွင် အဘိုး၊ အဘွားတို့ ခြံမြေနေရာ အိမ်များသည် မြစ်ပြင်ကြီးအလယ် ရောက်သွားသည်ပင်** ဖြစ်သည်။

အမေသည် တစ်ဆယ့်လေးနှစ်သမီးအရွယ်ပင် ဖြစ်သည်။ သူ့အမေသည် အဖေ့အား မွေးမွေးချင်း မီးတွင်းတွင် သေသွားပါသည်။

ဦးကြီး၊ ဒေါ်လေးတို့ ပြုစုစောင့်ရှောက်ခြင်း ခံခဲ့ရပြီး ဖခင်ကြီးနှင့် အတူနေ အတူစားဖြစ်သည်။ ဖခင်ကြီးသည် မဟုတ်မခံ ဆတ်ဆတ်ကြဲ ဖြစ်သည်။ အရက်သောက်တတ်သည်။

သို့သော် ထိန်းမနိုင် သိမ်းမရလဲပြိုနေသော အရက်သမားကြီးတော့ မဟုတ်ပါ။ မိုးဦးကျအချိန် ဖြစ်သည်။

'သားအဘိုးဟာ တစ်ညနေ အရက်တွေ သောက်လာပြီး...

"ဟေ့...ငါ့ယ်သူမှ အရေးမစိုက်ဘူး။ ညွှန့်ရဲ့ညီ ငွေနှံ့ကွ။ ဘာမှတ်လိုလဲ အားလုံး သေကုန်မယ်။ ဦးသီဆိုတာ တစ်သီတည်း ရှိတယ် မှတ်ထားကွ။ ဟား...ဟား...ဟား"

ဝါလဲ မင်းအဘိုးကို "အဖေရယ် ဒီအရက်တွေကို သောက်လာရသလား၊ နောက်ပြီး မပြောကောင်း ပြောကောင်း ဘာဖြစ်လို့ "ညွှန့်ညီ" လို့ ပြောရတာလဲ အဖေရယ်" လို့ အမေလဲ ငိုပြီး ပြောလိုက်တယ်

သား'

'အမေ "ညွှန့်" ဆိုတာ ဘယ်သူလဲ'

'ညွှန့် ဆိုတာက မင်းအဘိုးနဲ့ ညီအစ်ကိုတစ်ဝမ်းကွဲ တော်တယ်။ ငါ့ရှာရင်း လှေမှောက်ပြီး သေသွားတယ်။ နောက် ဒီတံခွန်တိုင်ကွင်းမှာ ကွင်းပိုင်ကြီး ဖြစ်နေတယ် သား။ မြင်ရသူတွေက အရွယ်တွေတောင် ဂုဏ်ပျောဖူးလောက်ရှိတယ်လို့ ပြောစမှတ် ပြုကြတယ်သား'

ဤသို့ အမေသည် ကျွန်တော့်အား ရှင်းပြနေပါသည်။ ကျွန်တော်လည်း စိတ်ဝင်တစား အမေ ဘာဆက်ပြောမည်ကို ဆက်နားထောင်နေပါသည်။

'မိုးဦးကျ တစ်ညနေပေါ့။ မိုးလေး တစ်ပြိုက်၊ နှစ်ပြိုက် ရွာလိုက်ပြီး၊ နွားရိုင်းသွင်းချိန် အမေတို့ အိမ်မှာ ဝက်သားချက်တယ်။ မင်းအဘိုးဟာ သူ့တူလေးစားဖို့ဆိုပြီး ဟင်းခွက် သွားပေးတယ်။

မှတ်မှတ်ရရ ပုဆိုးအစိမ်းကွက်လေး ဝတ်ထားတယ်သား၊ ခါးတောင်းလေးတောင် ကျိုက်ထားသေးတယ်။

အပြန်မှာ မြွေကိုက်ခံရပြီး အိမ်ကို လာပို့ကြတာပဲ။ အမေလဲ ဘာလုပ်ရမှန်းမသိဘူး။ ရွာထဲက အမျိုးတွေကို အော်ခေါ်လိုက်တယ်။

မကြာပါဘူးကွာ... မင်းအဘိုး သေသွားရှာတယ်။ မြွေဆရာ ရောက်တော့ သူ့ပညာစခန်းနဲ့ ကြည့်လိုက်တော့ တိုက်မြွေလို့ ပြောသံကြားလိုက်ရတယ်။

သား... အမေလဲ ထူပူသွားပြီး



အဖေဆုံးလို့ ဝမ်းနည်းတာရယ်၊ နောက်ပြီး အမေ့မှာ အားကိုးမရှိတာရယ် တွေးတွေးပြီး ငိုလိုက်ရတာသားရယ်၊ ခုနစ်ရက်စေ့ ရက်လည်လုပ်ပြီး နောက်နေ့ညနေဘက် အမေ့အဒေါ်ကို ဝင်ပူးပြီး အမေ့ကို အတင်းဆွဲထားတယ်။

အမေလဲ အစက ဘယ်သိမလဲ၊ နောက်တော့ အမေ့အစ်ကိုဝမ်းကွဲ ရောက်လာတယ်။ အစ်ကိုက **"ခင်ဗျား ဘယ်သူလဲ ဘယ်ကလဲ"** လို့ မေးလိုက်တော့ မပြောပါနဲ့တော့

သားရယ်၊ လက်သီးလက်မောင်း တန်းပြီး...

"ငါ့ကို ဘာမှတ်လို့လဲ၊ သေသွားချင်လား"

လို့ ပြောတယ်။ အနီးအနားမှ အမျိုးတွေ တဖြည်းဖြည်း အသံကြားတော့ စိတ်ပူပြီး ရောက်လာကြတယ်။ နားလည်တဲ့ အမေ့အဒေါ်ကြီးက တောင်းပန်တယ်။

"ဘယ်သူလဲဆိုတာ ပြောပါ။ ကြောက်ပါတယ်၊ ရှုံ့ပါတယ်၊ ပြောမှ သိရမှာပါ"

အဲဒီအခါကျမှ...

"ငါ့သမီးလေးကို အောက်မေ့လို့ လာတာ၊ ငါ စိတ်မချလို့၊ ငါ ဦးသိကွ မင်းတို့ မှတ်ထားကြ။ ကွင်းပိုင်ကြီး ဦးညွှန့်နေရာမှာ ငါဝင်လိုက်ပြီ၊ ဦးညွှန့်

ပြောင်းသွားပြီကွ”

လို့ ပြောလိုက်တော့မှ အမေလဲ အဖေဖြစ်မှန်း သိလိုက်ရတော့ ဝမ်းသာဝမ်းနည်းပေါ့ သားရယ်... ငိုလိုက်ရသေးတယ်။ ကွင်းပိုင်နတ်ဝင်နေတဲ့ အမေ့အဒေါ်ဟာလဲ မျက်လုံးပြူးပြူးကြီးနဲ့ အမေ ငိုနေတာကို ကြည့်ပြီး သူလဲ ဝမ်းနည်းနေတဲ့သဘောပေါ့ကွာ'

ကျွန်တော်သည် အမေ ရှင်းပြနေသည်ကို ဂရုတစိုက် နားထောင်နေခဲ့ပါသည်။ အဘိုးဦးသိသည် မကောင်းသည့် နိမိတ်အသံကြောင့် သူ၏ နှုတ်ဖွေအတိုင်း “ဦးညွန့်” ဟူသည့် ကွင်းပိုင်ကြီးနှင့် လူချင်းလဲသွားခြင်းပင် ဖြစ်ပါတော့သည်။

ကျွန်တော်သည် ကွင်းပိုင်ကြီး ဦးသိနှင့် ပတ်သက်ပြီး ဆက်လက်မေးကြည့်ရာ တံခွန်တိုင်ရွာတွင် (၃၇)မင်းနတ်ပွဲ ကရာမှ ဦးမင်းကျော်ဝင်လာရာ မကြာမီ အဘိုးဦးသိ ကွင်းပိုင်ဝင်လာပြီး ဦးမင်းကျော် လက်တွင်းမှ ဆက်ထားသည့် အရက်နှင့် ကြက်ကြော်တို့အား အတင်းလုပြီး...

'အစ်ကိုကြီး...ညီတော်ကြီးကို စွန့်ပြီး'

ဤသို့ ပြောလိုက်သောအခါ နတ်ဝင်နေသော ဦးမင်းကျော်မှ “ဒီကောင် တော်တော်ရှုပ်တယ်” ဆိုပြီး သူကိုင်ထားသည့် အရက်ပုလင်းနှင့် ကြက်ကြော်အား ပေးလိုက်ပြီး ချက်ချင်း ထွက်သွားပါတော့သည်။

အဘိုး ကွင်းပိုင်ဦးသိသည် ပျော်ရွှင်စွာ ကခုန်နေပါသည်။



ကျွန်တော်သည် တာဝန်ကျရာ ကျေးရွာ၌ သုံးနှစ်ခန့်နေပြီး မအူပင် အနောက်ခြမ်း ကရင်ရွာလေး တစ်ရွာသို့ ပြောင်းရွှေ့လိုက်သည်။

ပထမ တာဝန်ကျသည့် ရွာနှင့် နီးသွားသည်။ မအူပင်မြို့မှ တစ်နာရီ သာသာ သွားရသည်။

တစ်နေ့ ကျောင်းပိတ်ရက်တွင် ညနေဘက်တွင် အဖေ၊အမေ၊ ညီမလေးများနှင့် စကားပြောနေရာ အမေသည် ရုတ်တရက် သမ်းလိုက်ပါသည်။ ထိုအခါ အဖေသည် အမေ့အား...

'နင်ကလဲ အစောကြီးရှိသေးတယ်။ အိပ်ချင်ပြီလား'

ဤသို့ အဖေပြောလိုက်သော အခါ အမေသည် လက်သီးလက်မောင်းတန်းပြီး...

'ငါ့ကို ဘာထင်လို့လဲ၊ ငါ ဖိုးသိကွ... ငါ့သမီးကို စိတ်မချလို့လာတာ ငါ ပြန်ခေါ်မယ်။ သား...ငါ့နားလာစမ်း၊ မင်းကိုလဲ ခေါ်မယ်။ ငါ အောက်မေ့တယ်'

ကွင်းပိုင်ဝင်နေသော အမေသည် သွားအား တကျစ်ကျစ် မြည်အောင် ကျိတ်နေသည်။

လက်နှစ်ဖက်မှလည်း ပါးစပ် အဖျားနှစ်ဖက်အား ပွတ်နေသည်။

အမေသည် မျက်ထောက်နီကြီးဖြင့် ကျွန်တော့်အား စိုက်ကြည့်နေပြီး သူ့နားသို့ ခေါင်းညိတ်ခေါ်နေသည်။

အနားသို့ သွားလိုက်သောအခါ သူ့လက်တစ်ဖက်ဖြင့် အတင်းဆုပ်ထားသည်။ ထိုအခါ အဖေမှ ကွင်းပိုင်ကြီးအား...

'ကွင်းပိုင်ကြီးရယ်... မခေါ်ပါနဲ့ ကိုယ့်မြေးလေးကိုလဲ စောင့်ရှောက်ပါ။ ရှိသေ

ပါတယ်...မြောက်ပါတယ်။ ကိုယ့်သမီး ကိုယ့်မြေးတွေကို ချစ်ရင် အဝေးက စောင့်ရှောက်ရတယ်။

ကွင်းပိုင်ကြီးအတွက် အလှူလုပ်ပေးမယ်။ ကွင်းပိုင်ကြီး ဘာစားမလဲ ပြောပါ'

**"ဒီသာမဏေပေါက်စလေးတွေ။ ဒီဘာမှ မစားရရှာတွေ။ ဗိုသီးနဲ့ ဗိုမြေ ကို အောက်မေ့လို့ လာတာ၊ ပါသွားတော့မယ်"**

ဤသို့ ပြောလိုက်ပြီး ကွင်းပိုင်ကြီး ထွက်သွားသည်။

ကျွန်တော်သည် မိုးဦးကျ ကျောင်းအဖွင့်တွင် အလွန်ပျော်ပါသည်။ ရွာရှိ သူငယ်ချင်းများနှင့် ဖားရိုက်ထွက်ကြသည်။ ကျွန်တော်သည် ဖားမရိုက်တတ်ပါ။ တစ်ညတွင် ရွာအနောက်ကွင်းဘက် အရောက် တိုးတိုးပြောလိုက်သည်။

'အဘကွင်းပိုင်ကြီး... သားကို ဖား လေး,ငါး,ဆယ်ကောင်လောက် ပေးပါ။ အဘကိုလဲ မြှောက်ပါ့မယ်'

ဤသို့ ပြောလိုက်ပြီး ကျွန်တော် လက်နှိပ်ဓာတ်မီးနှင့် ကျွန်တော့် ဘေးပတ်ပတ်လည် ထိုးလိုက်သော အခါ ကျွန်တော် လန့်သွားပါသည်။

စားဖားကြီးများ မှိန်းမှေးဝေးတွင် အကောင်နှစ်ဆယ်ခန့် မလှုပ်မယှက် ငြိမ်သက်နေသည်။ ဝမ်းသာအားရ လက်ထဲတွင် ကိုင်ထားသည့် တုတ်ဖြင့် တစ်ကောင်စီ လိုက်ရိုက်ပါတော့သည်။

သူငယ်ချင်းများနှင့်အတူ ပြန်လာကြပြီး ညတွင်းချင်း ချက်စားကြသည်။ ကျွန်တော့် ကတိအတိုင်း အဘိုးကွင်းပိုင်ကြီးအား မြှောက်လိုက်သည်။ သူငယ်ချင်းများအား ဘာမှ မရှင်းပြတော့ပါ။



ကျွန်တော်သည် ကျောင်းတွင် လွတ်လွတ်လပ်လပ် နေပါသည်။ ထို ကရင်ရွာလေး၏ နှစ်မိုင်ကျော် ကျော်လောက်တွင် အလယ်တန်း ကျောင်း ရှိပါသည်။ သူငယ်ချင်းများသည် အလယ်တန်းပြများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်။

ထို အလယ်တန်းကျောင်း တည်ရှိရာ ရွာနှင့် ကျွန်တော် စာသင်သည့် ရွာနှစ်ရွာကြားတွင် သုသာန် ရှိသည်။ သူငယ်ချင်းများသည် တစ်ခါတစ်ရံ ကျွန်တော့် တာဝန်ကျရာ ကျောင်းသို့ ကျောင်းပိတ်ရက် များတွင် လာရောက် ပျော်ပွဲလာ စားကြသည်။

ယခုအပတ် စနေ,တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် သူတို့ထံ လာရန် ဖိတ်ထားသည်။ လာလျှင် တောအရက်နှစ်လုံး၊ ကြက်ဥ၊ ဘဲဥ ပါ ယူလာရန် မှာထားသည်။

ထို့ကြောင့် သောကြာနေ့ စာသင် အပြီး ညနေ(၅)နာရီတွင် မှာထားသည့် ပစ္စည်းများအား လွယ်အိတ်ဖြင့် ထည့်ပြီး ထွက်လာလိုက်ပါသည်။

ရွာနှစ်ရွာကြား သုသာန်နှင့် တည့်တည့် ကန်သင်းရိုးနား ရောက်သောအခါ ကျွန်တော် လန့်သွားသည်။

ခြေသလုံးလောက်ရှိသော မြွေပွေးကြီးတစ်ကောင်သည် ကန်သင်းရိုးအား ခွလျက်သား ဖြစ်နေသည်။ ထိုစဉ် ကျွန်တော်သည် ဟင်းစားရ တာပဲဆိုပြီး သုသာန်အတွင်း ဝင်လိုက်ကာ ဝါးလုံးအား ဆွဲလိုက်ပြီး ထိုမြွေပွေးအား ရိုက်ရန် ပြင်လိုက်သောအခါ ထိုမြွေပွေးသည် လုံးဝ မတွေ့တော့ပါ။

သုသာန်သည် ကန်သင်းရိုးနှင့် ကပ်လျက်ရှိနေသည်။ မှောင်စပျိုးနေသည်။ သူငယ်ချင်းများ မျှော်နေမည် ဖြစ်သောကြောင့် ဆက်သွားလိုက်သည်၊ သူငယ်ချင်းများထံတွင် သောက်စားပျော်ပါးခဲ့ကြသည်။

အိမ်သို့ တစ်ပတ်တစ်ခါ အပတ်တိုင်း ပြန်လာသည်။ စနေနေ့တွင် နေ့လယ်သင်္ဘောဖြင့် အိမ်သို့ ပြန်လာလိုက်ပါသည်။

သင်္ဘောဆိပ် ရောက်သောအခါ အမေနှင့် အဖေ့အား တွေ့လိုက်ရသည်။ အမေသည် ကျွန်တော့် အိတ်အား လှမ်းယူလိုက်သည်။ အဖေသည် ကျွန်တော့်အား...

'သား... တို့လိုက်လာမလို့ မင်းကလဲ ဘာဖြစ်လို့ မနက်သင်္ဘောနဲ့ မလာလဲ၊ မင်းအမေက စိတ်ပူနေတာ။

ဟိုဆရာကြီး လာသွားသေးတယ်။ အိမ်မှာ ပြောင်းဆန်နေတာပဲ။ မင်း တော်တော်မိုက်တယ်။ အိမ်ကျမှ ပြောမယ်'

သို့နှင့် ကျွန်တော်သည် အိမ်သို့ ရောက်သောအခါ အမေမှာမပြေအား အဖေသည် အဘိုးကွင်းပိုင်မှ မြွေကြီးနှင့်တားခဲ့သည်၊ မရဟု အမေ့အား ဝင်ပူးပြောပုံအား ကျွန်တော့်ကို အသေးစိတ် ပြောနေပါသည်။

ညနေဘက်တွင် အမေ၊ အဖေ၊ ညီမလေးတို့နှင့် အာလာပသလ္လာပ ပြောနေစဉ် အမေသည် သမ်း၊ သမ်း လာပါသည်။

မကြာပါ...ကွင်းပိုင်ကြီး ဝင်လာပါတော့သည်။ သူဝင်နေကျအတိုင်း မျက်နှာတစ်ခုလုံး ညိုပုပ်သွားပြီး သွားကျိတ်နေသည်။ မျက်ထောက်နီကြီးဖြင့် ကျွန်တော့်အား ကြည့်လိုက်ပြီး...

'ဒီကောင် ငါ့စကား နားမထောင်ဘူး။ လူများအလုပ်ပမခံဘူး။ ပါမခါမယ်။ ဒါမျိုး



တွေ ငါမကြိုက်ပါဘူးလို့ ပြောနေတာ'

ဤသို့ ပြောလိုက်သောအခါ အဖေသည် ခါတိုင်းလို တောင်းပန်နေကျအတိုင်း တောင်းပန်သည်။

'ကွင်းပိုင်ကြီးရယ်... ဒီတစ်ခါတော့ ခွင့်လွှတ်ပါ။ ကျွန်တော် တောင်းပန်ပါတယ်။ ကွင်းပိုင်ကြီးကို မလေးစားလို့ မဟုတ်ပါဘူး။ ကိုယ့်မြေးသားပဲ လူငယ်ဆိုတာ တစ်ခါတလေတော့ လုပ်မိမှာပေါ့'

'ကျွန်တော် နောက် ဘယ်တော့မှ အရက်မသောက်တော့ပါဘူး။ ဒီတစ်ခါ သောက်ရင် ကွင်းပိုင်ကြီး အကြိုက်လုပ်ပါ။ သားကိုလဲ ဖောင့်ရောက်တာ အဘိုး ကွင်းပိုင်ကြီးကို ကျေးဇူးတင်ပါတယ်'

ကျွန်တော် ကွင်းပိုင်ဝင်နေသော အမေ့လက်ကလေးအား ဖွဖွလေး ကိုင်လိုက်ပြီး ပြောလိုက်ပါသည်။ ကွင်းပိုင်ကြီးသည် ကျွန်တော့်အား ဖက်လိုက်ပြီး သူ့ရင်ခွင်အတွင်း ကျွန်တော့်ကို ထည့်ထားလိုက်သည်။

ထိုစဉ် ကျွန်တော်သည် တကယ့် ဘိုးအေနှင့် တွေ့ရသလို ခံစားမိပါသည်။ ကျွန်တော် သူ့ဘဝကြီးကို သနားမိပါသည်။ မကြာပါ... ထွက်သွားပါတော့သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းမြတ်ဝေ(မအူပင်)**

# လေနာအတွက်

## ဆေးတစ်ခွက်



တစ်နေ့သော ရက်တစ်ရက်တွင် ကျွန်တော်၏ညီ ကိုအောင်ဇော်၏ ရေဒီယို၊ ကက်ဆက်၊ တီဗွီပြင်ဆိုင်ကို လာရောက်ပြုပြင်သော သိမ်ကုန်းရွာမှ ဦးမောင်ကိုနှင့် စကားလက်ဆုံကျရာမှ ကျွန်တော့်အမျိုးသမီးမှာ **လေထိုး၊ လေအောင့်၊ ဗိုက်အောင့် ရောဂါဝေဒနာ ခံစားနေရကြောင်း** ပြောတော့ သူ့ညီမလည်း လေထိုး၊ လေအောင့်၊ ဗိုက်အောင့်ဖြစ်ပြီး မနေနိုင်မထိုင်နိုင် ဆေးရုံတက်ရမည့် အခြေအနေ ရောက်နေသည်။

ထိုစဉ် တော်ကုန်းရွာ အဒေါ်ဖြစ်သူက ပြောပြသော ဆေးနည်းဖြင့် ဖော်စားရာတွင် သက်သာပျောက်ကင်းပြီး အသားအရေ စိုပြည်၍ ကျန်းမာရွှင်လန်း၍ လေထိုး၊ လေအောင့်၊ ဗိုက်အောင့်ရောဂါဝေဒနာ ပျောက်ကင်းကြောင်း ပြောပြပါသည်။

'ညီလေး အမျိုးသမီးမှာ ဖြစ်နေတဲ့ (လေထိုး၊ လေအောင့်၊ ဗိုက်အောင့်) ရောဂါဝေဒနာကို ဒီဆေးနည်း ဖော်ပြီး စားကြည့်ပါ။ အကျိုးထူးခံစားရမှာ၊ ငွေလဲ မကုန်၊ လူလဲ မပင်ပန်းဘူး'

ဆို၍ ဖော်စားခဲ့ရာ (၁၅)ရက်၊ တစ်လရှိသောအခါ သက်သာပျောက်ကင်းပြီး ကျန်းမာရွှင်လန်း၍ မျက်နှာကြည်လင် လန်းဆန်းလာသည်ကို တွေ့ရှိရပါသည်။

ယခုအခါတွင် ရောဂါဝေဒနာ သက်သာရုံတင်မကဘဲ စားသောက်ကောင်း၍ ကျန်းမာရွှင်လန်းလျက်ရှိပါသည်။ မြန်မာ့တိုင်းရင်းဆေးကို အစဉ်အမြဲ နှစ်ရှည်လများ စားသုံးပေးသွားခြင်းဖြင့် အကျိုးထိရောက်ကြောင်း ဖော်ပြပေးလိုက်ရပါသည်။

**ဆေးဖော်စပ်နည်းမှာ...**


၁။ ဆင်တုံးမနွယ်စဉ်းပြီးသား ၂၅ ကျပ်သား။
၂။ ဆား ၂၅ ကျပ်သား။
၃။ ရှောက်သီးသင့်သင့် (၃)လုံး

ယင်း(၃)မျိုးကို မြေအိုးမှာထည့်၊ ရေသင့်ရုံထည့်ပြီး ပြုတ်။ ဒရေခန်းအောင် ပြုတ်ပြီးလျှင် နေပူမှာလှန်း၊ ခြောက်သွေ့သွားပါက အမှုန့်ပြု၍ နေ့စဉ် တစ်နေ့(၃)ကြိမ် စားပေးသွားခြင်းဖြင့် လေထိုး၊ လေအောင့်၊ ဗိုက်အောင့်၊ ရင်ပြည့်၊ ရင်ကယ် ဝေဒနာရှင်များ ကျန်းမာရွှင်လန်းစေဖို့ လက်ဆင့်ကမ်း၍ မျှဝေပေးလိုက်ရပါသည်။

**ဆေးနည်း ပြောပြပေးသော သိမ်ကုန်းရွာမှ ဦးမောင်ကိုအား အထူး ကျေးဇူးတင်လျက်...**

*ချမ်းသာသုခ ပြည့်ပါစေ။*

ချောင်းနက်သား



ကိုဝင်းတင် (လယ်လှ)
အထက်မြင်းလှ

ကျွန်တော်သည် လူဝင်စားတို့ရဲ့ အကြောင်းကို မဂ္ဂဇင်းစာစောင် အသီးသီးတို့၌ ဖတ်ရှုမှတ်သားရဖူး ပါတယ်။

လူအချို့တို့သည် ယခင်ဘဝမှ သေလွန်ပြီး ယခုဘဝ၌ ယခင်ဘဝ အကြောင်းအရာများကို မှတ်မိပြီး

ထူးခြားသည့်

# သုံးဘဝ လူဝင်စား

ပြန်လည် ပြောပြတဲ့ လူဝင်စား တော်တော်များများ ရှိကြပါတယ်။

ထိုသို့ အတိတ်ဘဝ အကြောင်း အရာများ မှတ်မိနေခြင်းကို ဇာတိ

F.38A. October, 2018.

သဿရဉာဏ်လို့လဲ ခေါ်ပါတယ်။

ထိုသို့ လူဝင်စားတို့ရဲ့အကြောင်းကို ဖတ်ရဖန် များလာသောအခါ ကျွန်တော်လဲ လူဝင်စားများ အကြောင်းကို စိတ်ဝင်စားလာပါတော့တယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ရွာထဲ၌ ဘယ်လို လူဝင်စားတွေများ ရှိလေမလဲလို့ စပ်စုကြည့်မိသောအခါ လူဝင်စား တော်တော်များများကို တွေ့ရပြီး သူတို့အထဲမှ ထူးခြားသော သုံးဘဝစံ လူဝင်စားတစ်ဦးကို တွေ့ခဲ့ရပါတယ်။

ထိုလူဝင်စားမှာ အခြားသော လူဝင်စားတို့ကဲ့သို့ ယခင်ဘဝ တစ်ဘဝတည်းကိုသာ သိရှိမှတ်မိနေတာ မဟုတ်။

ယခင်အတိတ်က ဘဝနှစ်ဘဝကို ပြန်လည်ပြောပြ မှတ်မိနေတာကို အံ့ဩဖွယ်ရာ ကျွန်တော် တွေ့ခဲ့ရပါသည်။ သူ့နာမည်က "**ကိုလှတိုး**" တဲ့။

သူက အသက်(၄၀)နှစ်ရှိပြီ။ ကျွန်တော်နဲ့ ငယ်သူငယ်ချင်း ကျောင်းနေဖက်၊ ရွှံ့တော၊ ဖုန်တော ထဲမှာ **အတူကစားဖက်**။ အဲဒီ တုန်းက သူဟာ လူဝင်စားဆိုတာ လောက်ပဲ သိခဲ့တာ၊ ယခုလောက် ထိ ကောင်းကောင်း မသိခဲ့။

ကျွန်တော်တို့ကလဲ ကလေးဘဝ တွေဆိုတော့ ဒါတွေကို သိပ်ပြီး စိတ်မဝင်စားခဲ့။

ယခု ကျွန်တော် စာတွေ ရေး လာမှသာ သူ့အကြောင်းကို စိတ်ဝင်စားလာခဲ့ခြင်းပင်။

ဒါနဲ့ ကျွန်တော်သူ့အကြောင်းကို စာရေးချင်လို့ သူ့ထံအလည်ရောက်ခဲ့ရာ ဆိုက်ဆိုက်မြိုက်မြိုက် သူ့ကို အိမ်မှာ တွေ့ခဲ့ရတယ်။ သူနဲ့အတူ သူ့အမေ၊ အဘွား ဒေါ်မြရင်ပါ အိမ်မှာ ရှိနေတယ်။

'ဟ...စာရေးဆရာပါလား။ ဘာကိစ္စရှိလို့လဲ...လာဟေ့'

'မင်းကလဲကွာ... ကိစ္စရှိမှ လာရမှာလားကွ'

'လုပ်မနေနဲ့... အကြောင်းသိတွေ ဟော့ကောင်'

ကျွန်တော်က ဘာမှ ပြန်မပြောတော့ဘဲ လှတိုးရဲ့အမေ အဘွား ဒေါ်မြရင် အနားသွားထိုင်လိုက်ပြီး...

'အဘွား နေကောင်းရဲ့လား'

'ဟဲ့...နင်ဘယ်သူတုံး'

အဘွားမှာ အသက်(၈၀)ကျော်သွားသော်လဲ တောင်ဝှေး တစ်ချောင်းနဲ့ သွားလာနိုင်တုန်းပင်။ သို့သော် အမြင်အာရုံကတော့ သိပ်မကောင်းတော့။ သူက အနားကို ကပ်ပြီး အသေအချာကြည့်ကာ...

'ဩော်... သိပြီ၊ နင် ဘိုဝင်း မဟုတ်လား'

'ဟုတ်ကဲ့ အဘွား။ ကျွန်တော် သိချင်တာလေး နည်းနည်းရှိလို့ အဘွားတို့နဲ့ တွေ့ရအောင် လာခဲ့တာ'

ကျွန်တော့်စကားကြောင့် လှတိုးက...

'ထင်သားပဲ... မင်းလိုကောင်၊ ဘာစပ်စုဦးမလို့လဲ'

'ဟဲ...ဟဲ... သူငယ်ချင်းကလဲ ညနေကျရင် ထန်းရည်တိုက်ပါ့မယ်ကွ'

'တော်စမ်းပါကွာ၊ ဟုတ်တာလဲ မဟုတ်ဘဲနဲ့...ဘာသိချင်တာရှိလဲ'

'မင်းအကြောင်း'

ကျွန်တော့်စကားကြောင့် လှတိုးက အံ့ဩသွားတယ်။

'ဘာ... ငါ့အကြောင်း ဟုတ်လား'

'အေး...ဟုတ်တယ်'

'မင်းက ငါ့အကြောင်းသိချင်ရအောင် ငါ့မှာ ဘာထူးခြားတာ ရှိလို့လဲ'

'ဒီလိုကွာ... ငါ လူဝင်စားတွေ အကြောင်း စာရေးချင်လို့ အဲဒါ ရွာထဲမှာ လေ့လာကြည့်တော့ **နှစ်ဘဝပြန်လူဝင်စားတွေကတော့** လေး၊ ငါး၊ ခြောက်ယောက်လောက် တွေ့ရတယ်။

အဲဒီအထဲမှာမှ မင်းက သူများတွေလို **နှစ်ဘဝပြန်လူဝင်စား မဟုတ်ဘဲ သုံးဘဝပြန် လူဝင်စားလို့** သိရတယ်။ အဲဒါ ကြောင့် မင်း အကြောင်းကို ငါစာရေးချင်လို့'

'ဟာ...ဒီအကောင်ကွာ'

ဆိုပြီး ရယ်နေတယ်။ ပြီးမှ...

'အဲဒီအကြောင်းတွေက ယိပ်ပြောလို့ မကောင်းဘူး။ အဲဒီအကြောင်းတွေ ပြန်ပြောရင် ခေါင်းတွေ မူးလာရော။ ဒီလို လုပ်...အမေ့ကို မေးကွာ၊ ငါက လိုတဲ့ နေရာလောက်ပဲ ဝင်ပြောမယ်'

'ဟာကွာ...မင်းကလဲ အဘွားကို အားနာစရာ'

'ရပါတယ် ငါ့သားရယ်...အဘွား ပြောပြပါ့မယ်'



လို့ ဆိုကာ အောက်ပါအတိုင်း ပြောပြခဲ့ပါတော့တယ်။

'ဒီလိုကွယ့်... အဘွားတို့မှာ ပထမဦးဆုံး သမီးလေးတစ်ယောက် မွေးတယ်။ သူ့နာမည်က **မလှလှ** တဲ့။ နာမည်နဲ့လိုက်အောင် လှုကလဲ လှတယ်။ သူ့ကို (၄)တန်းအောင်ရုံပဲ ကျောင်းထားခဲ့ရတယ်။

ကျောင်းက ထွက်တော့ အဘွားတို့နဲ့အတူ တောင်သူယာလုပ် အလုပ်တွေကို ကူလုပ်ရတာပေါ့။

အဲဒီလို ဝိုင်းကူလုပ်ပေးရင်းနဲ့ တစ်နေ့မှာ ဝါခေါင်လထဲမှာပေါ့... လယ်စိုက်လိုက်တာ။ အဲဒီနေ့က နေကာလဲပူ၊ ရေကလဲပူနဲ့ လယ်စိုက်ကအပြန် ညဘက်လဲ ရောက်ရော ဖျားတော့တာပါပဲ။ ချွေးငုပ်သွေးငုပ် ဖြစ်တာတဲ့။

အဲဒီလို ဖျားပြီး နောက်နေ့မနက် အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ မျက်နှာသစ်တော့ မူးတယ်...မူးတယ် ဆိုပြီး ကွပ်ပျစ်ပေါ်ကနေ အောက်ကို ဦးဖောက်ထိုးကျသွားတာ။

သူ ကျသွားမှန်းသိလို့ ပြေးပြီး ထူလိုက်တော့ သမီးလေးက အသက် မရှိတော့ပါဘူးကွယ်။ အဲဒီတုန်းက အဘွားတို့မှာ ရူးမတတ်ဘဲပေါ့။ သားဦးသမီးဦးဆိုတော့ ပိုဆိုးတာပေါ့ကွယ်။

ဒီလိုနဲ့ သူ့ပစ္စည်းတွေကို ဘယ်သူကိုမှ အကိုင်မခံခဲ့ဘူး။ သူထားခဲ့တဲ့အတိုင်း ခြေရာလက်ရာမပျက် သိမ်းထားခဲ့ကြတယ်။

သူဆုံးသွားတော့ သူ့အသက်က (၁၅)နှစ်ပဲ ရှိသေးတယ်။ နောက် လေး,ငါးလကြာတော့ သူက အိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ သူသေတုန်းက အလောင်းပြင်ထားတဲ့အတိုင်း သနပ်ခါးတွေကလဲ ဖွေးလို့ ပန်းတွေကလဲ တစ်ခေါင်းလုံးမှာဝေလို့ သူက...

"အမေ သမီး အမေတို့နဲ့ ပြန်နေချင်တယ် ပြန်လာနေမယ်နော်"

တဲ့။ အမေကလဲ...

"ပြန်လာပေါ့ သမီးရယ်... ကိုယ့်အိမ်ကိုယ် ပြန်လာတာပဲ၊ ဘာဖြစ်လဲ ပြန်လာခဲ့ပေါ့"

လို့လဲ ပြောလိုက်ရော သူလဲ ပျောက်သွားတော့တာပဲ။ ထားပါတော့ ဒီလိုနဲ့ အဘွားမှာ နောက်ထပ် သားလေးတစ်ယောက် မွေးတယ်။

အဘွားတို့ကတော့ ပျော်လို့ပေါ့။ သေသွားတဲ့ သမီးလေးက သားလေးအဖြစ်နဲ့ ပြန်လာတာဆိုပြီး အဲဒီသားလေးကိုတော့ **မောင်တိုးဝင်း** လို့ နာမည်ပေးခဲ့တယ်'

အဘွားက စကားပြောလို့ မောသွားတာလား၊ ဒါမှမဟုတ် အတိတ်က စိတ်မကောင်းစရာ အကြောင်းတွေကို ပြန်ပြောပြနေရလို့ စိတ်မကောင်းလို့ဘဲလား မပြောတတ် စကားစ ခဏဖြတ်ထားပြီး သက်ပြင်းတစ်ချက်ချတယ်။

'အဲဒီ ကိုတိုးဝင်းကရော သူဟာ မလှလှပါဆိုတာ ဘယ်လိုလုပ်သိတာလဲ



အဘွား'

'ဒီလိုကွယ့်... စကားပြောတတ်စ အရွယ်ကစပြီး စကားပြောရင် မိန်းကလေးလိုပဲ ပြောတယ်။ ကစား ပြန်တော့လဲ မိန်းကလေးတွေနဲ့ပဲ ကစားတယ်။

ဒီလိုနဲ့ သူ စကားကောင်းကောင်း ပြောတဲ့အရွယ် ရောက်လာတော့ သူက အိမ်ရှေ့ကွပ်ပျစ်နားကို မသွား ရဲဘူး။ ကြောက်တယ်တဲ့။ သူက အဲဒီအပေါ်ကနေ မျက်နှာသစ်ရင်း လိမ့်ကျခဲ့တာလို့ ပြောတယ်။

ဒါနဲ့ အဘွားတို့ကလဲ မသိချင် ယောင်ဆောင်ပြီး...

"နင်က ဘယ်တုန်းက လိမ့်ကျဖူးလို့လဲ" လို့ မေးတော့ ''သူ နေမကောင်း နေတုန်း မျက်နှာသစ်တာမှာ လိမ့်ကျ တာ'' တဲ့။

''နင် ဘယ်တုန်းက နေမကောင်း ဘူးလို့လဲ...နင်က ဘယ်သူတုံး'' နဲ့ လျှောက်မေးတော့...

"သူ့နာမည်က လှလှတဲ့။ လယ်စိုက်က အပြန် ညမှာ ဖျားတာတဲ့၊ နောက်တစ်နေ့ မျက်နှာသစ်တာမှာ လိမ့်ကျတာ"

လို့ သူက ပြောတယ်။

အဘွားကလဲ...

"နင်ဟာ ဖိုးသမီးလှလှဆိုရင် နင့် အဝတ်အစားတွေ ယူပြစမ်း"

ဆိုတော့ သူက သမီးလေးရဲ့ အဝတ်အစားတွေကို အကုန်လုံး ထုတ်ပြတယ်။ အရင်ဘဝက သူ့နဲ့ အတူ လယ်စိုက်ခဲ့တဲ့ သူ့သူငယ်ချင်း တွေကိုလဲ အကုန်လုံး မှတ်မိနေ တယ်။

အဲဒီအချိန်တုန်းက အဘွားတို့ အရမ်းကို ဝမ်းသာသွားတာပေါ့။ ဘာဖြစ်လို့ဆိုတော့ ကိုယ့်သမီး လေးပြန်လာတာဆိုတာ သေချာ သွားပြီလေ။

ဒီလိုနဲ့ မောင်တိုးဝင်းကလေး (၈)နှစ်သားအရွယ်လဲ ရောက်ရော ကလေးအချင်းချင်း ကစားကြရာက အိမ်ခေါင်းရင်းက ထန်းပင်ပေါ်ကို တက်တာ ထန်းတက်တဲ့ မောင်း တက်က အဆွေးဆိုတော့ မောင်း တက် ပဲ့ကျပြီး သေသွားခဲ့တယ်။

သူသေတော့ အဘွားတို့က အိမ် မှာမရှိဘူး။ လယ်တောကို သွားနေ တာ။**[မှတ်ချက် ။ ။ မောင်းတက် ဆိုသည်မှာ ထန်းပင်တက်ရာတွင် ခြေနင်းရန် ဝါးရဲ့ ဘေးတက်များ ကို အစွန်း (၆)လက်မခန့် ချန်၍ ဖြတ်ထားသော ဝါးကို ဆိုလိုပါ တယ်။စာရေးသူ]**

အဲဒီအချိန်တုန်းကလဲ အဘွားတို့ မှာ သောကတွေ ပင်လယ်ဝေခဲ့ရ တာပေါ့။ တိုတိုပြောကြပါစို့...

ဒီလိုနဲ့... အဘွားတို့မှာ နောက် သားလေးတစ်ယောက် ထပ်ပြီး မွေးခဲ့တယ်။ အဲဒါကတော့ ခု... မင်းသူငယ်ချင်း **မောင်လှတိုး**ပဲ'

'ဪ...'

ကျွန်တော်လဲ ဝမ်းနည်းတာ လား၊ အံ့ဩတာလား မပြောတတ်။ ဘာစကားမှ မပြောနိုင်။ နောက် မှ...

'ဂဲ... သူငယ်ချင်း. အဘွားလဲ မောရော့မယ်။ ဒီတစ်ခါ မင်း အလှည့်'

'အင်း... မင်းက မေးလို့သာ ငါက ပြောရမှာ။ သိပ်တော့ မပြောချင်ဘူး။ ပြောလို့ကောင်းတဲ့ စကားတွေလဲ မဟုတ်တော့။ ဒီလိုကွာ...ငါပထမဦးဆုံး စ,ပြီး မှတ်မိတာ ဟို"မလှလှ"ဘဝကို စ,မှတ်မိတာ။

အမေတို့က လယ်စိုက်အောင်သွား တော့ ငါလဲ လိုက်သွားတယ်။ အဲဒီလယ် ကိုလဲ ရောက်ရော ငါ ဒီနေရာတွေကို ရောက်ဖူးသလိုလိုနဲ့... ဘယ်တုန်းက ရောက်ဖူးမှန်းလဲ မသိဘူး။

နောက်တော့မှ ငါ "မလှလှ"ဘဝက

လယ်စိုက်ခဲ့တာတွေ၊ လယ်စိုက်က အပြန် တောင်ကန်စွန်းပန်း ခူးပန်တာတွေ အဲဒါတွေကို စ,မှတ်မိတာ။

နောက်တော့ လယ်ပွဲရဲ့ အလယ်က ဥသျှစ်ပင်နဲ့ တဲကို မှတ်မိလာတာ။ ဒါပေမယ့် ငါ ဒီဘဝကိုရောက်တော့ အဲဒီတဲနဲ့ ဥသျှစ်ပင်ကြီးက မရှိတော့ဘူး'

'ဟုတ်တယ် သား၊ သူက အမေ အရင်တုန်းက တဲက ဒီအနားမှာ မဟုတ်ဘူးတဲ့။ လယ်ပွဲအလယ်မှာတဲ့။ တဲဘေးနားမှာ ဥသျှစ်ပင်ကြီးလဲ ရှိတယ်တဲ့။ အဲဒါတွေကို စ,ပြောတာ။

နောက်ကျတော့ ဘယ်လယ်စိုက်တုန်းက ဘယ်သူတွေပါတယ်။ ပျိုးက ဘယ်လောက်ကာတယ် ဆိုတာကအစ အကုန်ပြောတာ။ အဘွားတို့လဲ အဲဒီအချိန်မှာ ဝမ်းသာဝမ်းနည်းကြီးပေါ့။

ဒါနဲ့ အဘွားတို့လဲ မောင်တိုးဝင်းရဲ့ ဘဝကို အစဖော်မပေးခဲ့ဘူး။ သူဘာပြောမလဲ မှတ်မိဦးမလား မမှတ်မိတော့ဘူးလားပေါ့။ စမ်းတဲ့အနေနဲ့ မောင်တိုးဝင်းအကြောင်းကို မပြောဘဲ ထားတာ'

အဘွားက ဆက်မပြောဘဲ စကားစ ရပ်သွားတယ်။

'ဒါနဲ့ သူငယ်ချင်း မင်း ကိုတိုးဝင်းဘဝကို ဘယ်လို စ,မှတ်မိတာလဲ'

'ဒီလိုကွာ...ငါ အဲဒီလယ်တောက ပြန်ရောက်ပြီ လေး,ငါးရက်လောက်မှာ တိုက်ဆိုင်ချင်တော့ ပိုဦးလေးက ငါ့ကို ထန်းသီးချိုင်စားအောင် ခေါ်လို့ ထန်းပင်ကို လိုက်သွားတယ်။ ထန်းပင်ရောက်တော့ ဦးလေးက ထန်းပင်ပေါ်ကို အတက်မှာ



ပိုမျက်စိထဲမှာ မောင်းတက်ဝါးပဲ ကျတာကို မြင်ယောင်လာတယ်။

'ငါ မောင်းတက်ဝါး ပဲ့ကျဖူးတယ်။ ဘယ်တုန်းကပါလိမ့်နဲ့ စဉ်းစားတော့ စဉ်းစားလို့ မရသေးဘူး။ မိန်းကလေးဘဝက ကွပ်ပျစ်ပေါ်က ကျတာကို မြင်ယောင်လိုက်၊ မောင်းတက်ဝါးပဲ့ကျတာကို မြင်ယောင်လိုက်နဲ့...

နောက်ကျတော့မှ ငါ ကိုတိုးဝင်းဘဝကို မှတ်မိလာတာ။ ဒါတွေဟာ ငါ့ရဲ့ အရင်ဘဝတွေက ဖြစ်ခဲ့တာတွေပါလား ဆိုတာကို သိလာပြီးမှ အမေတို့ကို ပြောပြတာ'

သူငယ်ချင်း လှတိုးက သူ့စကားကို ဖြတ်လိုက်တယ် ဆိုရင်ပဲ...

'ဟုတ်တယ်သားရဲ့၊ မင်းသူငယ်ချင်းက အဘွားတို့ကို အဲဒီအကြောင်းတွေ ပြောပြတော့ အဘွားတို့မှာ ဝမ်းသာလိုက်ရတာ သူလိမ္မာကျတုန်းက အတူကစားခဲ့ကြတဲ့ လူတွေကိုလဲ သူက မှတ်မိတယ်။

အဲဒီ လူတွေနဲ့တွေ့ရင် အဲဒီဘဝက ခေါ်သလိုမျိုးပဲ ခေါ်တယ်။ အဘွားတို့မှာ ဝမ်းသာရတာလဲ တစ်ပိုင်း။ ဘယ်နေ့မှာ ငါ့သားလေး ဘာများ ဖြစ်ဦးမလဲ ဆိုတဲ့ အတွေးကလဲ ဒီနေ့အထိ တွေးပြီး စိုးရိမ်ရတုန်းပါပဲ သားရယ်'

'ဟုတ်ပါတယ် အဘွား။ အဘွားတို့ စိုးရိမ်မယ် ဆိုလဲ စိုးရိမ်စရာပေါ့။ အခုလိုမျိုး ပြောပြတာကိုလဲ ကျေးဇူးတင်ပါတယ် အဘွား။ ကဲ... သူငယ်ချင်း ငါ မင်းအကြောင်းကို စာရေးမယ်'

'သိသားပဲ မင်းအကြောင်း'

ဆိုပြီး သူက ရယ်နေတယ်။

'ငါက ဖြစ်နိုင်ရင် မင်းမာတ်ပုံပါ ထည့်ချင်တာ'

'မလုပ်ပါနဲ့ကွာ... ငါ့အကြောင်း စာရေးရရင်ပဲ တော်ရောပေါ့။ တကယ်လို့ မယုံကြည်လို့ တွေ့ချင်တဲ့ လူရှိရင်တော့ ခေါ်ခဲ့ပေါ့ကွာ၊ ငါ ခုလိုပဲ ရှင်းပြ ပြောပြပေးမှာပေါ့'

ကဲ... စာရှုသူအပေါင်း သင်ရော မည်သို့ယူဆပါသလဲ၊ စာရေးသူ အနေနဲ့ကတော့ ဗုဒ္ဓဘာသာဝင်ဖြစ်လို့ ဒါတွေဟာ သူ့ရဲ့ အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ကုသိုလ်,အကုသိုလ်ကံတရားတွေကြောင့်လို့သာ ယူဆနေရုံမှအပ...


***သတ္တဝါအများ ကျန်းမာချမ်းသာကြပါစေ။***

**ကိုဝင်းတင်(လယ်လှ)**
**အထက်မင်းလှ**

# ဆီးချိုသွေးချို ရောဂါရှင်များအတွက်

မင်းသျှမ်းမြေ့
(ပုသိမ်)

ဆေးဖက်ဝင် အာဟာရ Diet ဟင်းလျာ စီမံနည်းများ[ ၆ ]











ဆီးချိုသွေးချို ရောဂါသမားများ အစားရှောင်နေရပြီး ဟင်းသီးဟင်းရွက်များကိုသာ စားသောက်နေရတာမို့ မြိုးမြိုးမြက်မြက် အသားအရသာလေးတွေကို စားချင်ကြပေမည်။

ဆီးချိုရောဂါရှင်များ **အဆီမများသော အသားများ**ကို စိတ်ကြိုက် စားသုံးနိုင်ကြပါသည်။ **ကြက်သား အရေခွံခွာထားသည့် ကြက်သား၊ ဝက်သား အသားသီးသန့် ဆီတ်သားမပါင်သားတို့**ကို စိတ်ကြိုက် စားသုံးနိုင်ပါသည်။

အကယ်၍ အသားမကြိုက်ပါက **ငါး၊ ပုစွန်၊ ပင်လယ်စာ(Sea Food)**တွေကို သဘောရှိ သုံးဆောင်နိုင်ပါသည်။ သို့သော် **ကလီစာ ဝမ်းတွင်းသားများကိုတော့** လုံးဝ ရှောင်ကျဉ်ရပါမည်။

အသားများကို စားသုံးကြမည်ဆိုလျှင် အသားများတွင် ပါဝင်နေသော Protein...Zinc...Iron စသော အသားဓာတ်၊ ဇင့်နဲ့ သံဓာတ်တို့ကြောင့် ဆီးချိုရောဂါသမားများ ဝမ်းချုပ်ခြင်းကို ဖြစ်စေသောကြောင့် **အမျှင်ဓာတ်ပေါ်များစွာ ပါဝင်နေသော ဟင်းသီးဟင်းရွက်များများ**နှင့် တွဲ၍ စားပေးသင့်ပါသည်။

ဒါမှမဟုတ် ဗီတာမင်စီဓာတ် ကြွယ်ဝသော **သံပရာသီး၊ ဆီးသီး၊ ရှောက်သီး၊ မရန်းသီး** စသော အချဉ်ဓာတ်ပါဝင်နေသော အသီးအရွက်များနှင့် တွဲဖက်၍ စားသုံးပေးပါက အလွန်သင့်တော်ပြီး ဝမ်းကိုလည်း မှန်ကန်စွာ သွားစေပါသည်။

နောက်တစ်ခုက ဆီးချိုသမားများအတွက် White Meatခေါ်တဲ့ ကြက်သား၊ ငါး၊ ပုစွန်နဲ့ ဝက်သား အသားသီးသန့်တို့သည် အသင့်တော်ဆုံးဖြစ်ပါတယ်။

Red Meat ခေါ်သည့် အမဲသား၊ သိုးသား၊ ဆိတ်သား၊ ကျွဲသားနှင့် တောကောင်သားများကို သတိနှင့် စားသုံးတတ်ရန် လိုအပ်ပါသည်။

အကယ်၍ အဆီများသည့် အသားများနှင့် ပရိုတင်းဓာတ်မြင့်မားတဲ့ Red Meatလို အသားများကို အလွန်စားမိခဲ့ပါက ခန္ဓာကိုယ်အတွင်း ဇီဝကမ္မလုပ်ငန်းစဉ်များ ရှုပ်ထွေးမှု များပြားလာ၍...

ဆီးချိုသမားအများစုတွင် **အသည်းမှာ အဆီတွေစုပုံလာပြီး** Hepatic Steatosis(သို့မဟုတ်) Fatty Liverဟုခေါ်သည့် အသည်းအဆီဖုံးခြင်းကို ဖြစ်ပေါ်စေတတ်ပါသည်။

သည့်ကြားထဲ အသည်းရောင် ဘီပိုး၊ စီပိုးများ အခံရှိနေသည့် ဆီးချိုရောဂါသမားများဆိုလျှင် အသည်းကင်ဆာရောဂါ ဖြစ်နိုင်ခြေကို ပိုများစေတတ်ပါသည်။

ဤအချက်များကို ကြောက်ရွံ့လို့ အသားစားသုံးခြင်း

ကို ရှောင်ခဲ့မည်ဆိုလျှင်လည်း ခန္ဓာကိုယ်တည်ဆောက်ရေးအတွက် လိုအပ်လှသော ပရိုတင်း အသားဓာတ်များ အားနည်းလာ၍ ကိုယ်ခံအားဓာတ်များ လျော့နည်းလာပြီး တီဘီရောဂါကဲ့သို့သော ကူးစက်ရောဂါများ အလွယ်တကူ ဝင်ရောက်၍ လာနိုင်ခြေရှိပါသည်။

ဒါကြောင့် ဆီးချိုရောဂါရှင်များအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ပရိုတင်းဓာတ် ပြည့်ဝစွာ ရရှိစေရန်အတွက် ဆီးချိုသမားများနှင့် အလွန်သက့်တော်သော ကြက်သားနှင့် စိမ်ချက်ပြုတ်ရသော...

**"ကြက်သားသံပရာပေါင်း"** Diet ဆီးချိုရောဂါ ဆေးဓာတ်စာဟင်းလျာကို တင်ပြပေးပါမည်။

ပါဝင်ပစ္စည်းများ

| | | |
|---|---|---|
| ၁။ | မြန်မာကြက်(၁)ကောင် | (၆၀)သားခန့် |
| ၂။ | သံပရာသီး | (၃)လုံး။ |
| ၃။ | ကြက်သွန်ဖြူ ဥတစ်လုံး | (၁၀)ဥ |
| ၄။ | စပါးလင် | (၃)ပင်၊ |
| ၅။ | ကြက်သွန်နီ | (၃)ဥ၊ |
| ၆။ | ချင်း လက်နှစ်လုံးခန့် | |
| ၇။ | ပဲငံပြာရည်အကြည် စားပွဲဇွန်း (၁)၊ | |
| ၈။ | မြေအိုးအသစ် | (၁)လုံး |

ပါဝင်ပစ္စည်းများ စုံလျှင် ကြက် အကောင်လိုက်ကို ခေါင်း၊ ခြေထောက်ဖြတ်ပြီး ဝမ်းတွင်းကလီစာများကို ထုတ်လိုက်ပြီး ရေစင်အောင် ဆေးထားပါ။

ပြီးရင် ချင်းကို ညက်အောင်ထောင်း၍ အရည်ညှစ်ယူပြီး ချင်းရည်နှင့်အတူ ပဲငံပြာရည်၊ **သံပရာသီး(၁)လုံး အရည်**တို့ကို ရောစပ်၍ ကြက်တစ်ကောင်လုံး အတွင်းအပြင် နှံ့အောင်နယ်၍ ပေးပါ။

ပြီးရင် ကြက်သွန်အဖြူအနီ အခွံခွာ၍ လေးစိတ်ခွဲပြီး စပါးလင်ကို ဓားပြားရိုက်၍ အားလုံးကို ကြက်ဝမ်းတွင်းထဲသို့ ထည့်ပါ။

**[အကယ်၍ အခါးအရသာကို ကြိုက်နှစ်သက်သူများဆိုလျှင် သံပရာသီး(၂)လုံးကို ထက်ခြမ်းခွဲ၍ တစ်ပါတည်း ထည့်လိုက်ပါ။]**

သံပရာသီး၏ အခွံမှထွက်လာသည့် ရနံ့အဆီဓာတ်ကို အာနိသင်ကြောင့် ကြက်ပေါင်းဟင်း၏ အရသာမှာ အခါးဓာတ်ကို ပေးစေပါသည်။

အားလုံးအသင့်ဖြစ်လျှင် မြေအိုးအသစ်တွင် အသင့်ပြင်ထားသည့် ကြက်ကောင်လုံးကို ထည့်လိုက်ပြီး ရေကို နို့ဆီဘူးနဲ့ တစ်ဘူးစာအနေ ထည့်လိုက်ပြီး အဖုံးကို သေချာ လုံအောင်ပိတ်၍ အောက်ခံ ရေနွေးအိုးပေါ်တွင် တင်၍ (၂) နာရီခန့် ပေါင်းလိုက်ပါက ရပါပြီ။

အကယ်၍ ပရက်ရှာပေါင်းခံအိုး အသင့်ရှိလျှင်လည်း ပေါင်းအိုးနှင့် ပေါင်းနိုင်ပါသည်။ ပေါင်းခံမြေအိုးထဲမှ ကြက်သားသည် နူးအိနေပြီး အရသာမှာ အနေတော်ဖြစ်ပါသည်။ အခါးအရသာ မကြိုက်၍ သံပရာသီးအခြမ်းထည့် မပေါင်းထားလျှင်...

**သီးသန့် အချဉ်(Souse)အနေဖြင့်** သံပရာရည်၊ ကြက်သွန်ဖြူ၊ ငရုတ်စိမ်း၊ ငံပြာရည်တို့ကို ရောစပ်၍ စိတ်ကြိုက်ဖျော်စပ်ပြီး ကြက်ပေါင်းနှင့် တွဲဖက်၍ စားသုံးနိုင်ပါသည်။

ဤ ကြက်သံပရာပေါင်း **Diet** ဟင်းလျာသည် ဆီးချိုရောဂါသမားများအတွက် နှုတ်မြိန်စေပြီး ဆေးဖက်ဝင်သည့် ဟင်းလျာကောင်း ဖြစ်ပါသည်။

ကြက်သားမှာ ပါဝင်နေသော **Protein**ဓာတ်၊ သံဓာတ်၊ ဇင့်ဓာတ်၊ ကယ်လ်ဆီယမ်ဓာတ်၊ ကိုလာဂျင်ဓာတ်တို့အပြင် ပါဝင်ပစ္စည်းများဖြစ်ကြသော ကြက်သွန်အဖြူအနီ၊ ချင်း၊ စပါးလင်နှင့် သံပရာသီးစသော ဟင်းချက်သီးနှံများတွင်လည်း...

သွေးအချိုဓာတ်ကို ထိန်းညှိပေးစေနိုင်ပြီး သွေးချိုကို တက်စေတတ်တဲ့ **ကာဗိုဟိုက်ဒြိတ် ကစီဓာတ် လုံးဝ ပါဝင်မှုမရှိပါ။**

၎င်းပြင် **Anti-oxidant** အင်တီအောက်ဆီဒင့်ဓာတ်များ ကြွယ်ဝစွာ ပါဝင်နေပြီး ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှု **(Anti-Inflammation)**ကို အထူးလျော့ချပေးစေနိုင်သည့် သတ္တုဓာတ်များနှင့် ပြည့်စုံနေသော ဆေးဖက်ဝင် **Diet** ဟင်းလျာကောင်း ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

**မင်းချမ်းမြေ့(ပုသိမ်)**

## ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှာ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၈ ခုနှစ်၊အောက်တိုဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၁၉ |
| **အောက်တိုဘာလ** + | ၁၀ |
| **ခုနှစ်** | ၂၀၁၈ |
| | ၂၀၄၇ = ၁၃ = ၄ |

**အကြိမ်,လ,ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက "၄" ဂဏန်းရသည်။

သို့ဖြစ်၍ ၂,၄,၈,၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။ ထိပ်ဆုံးဂဏန်းများအဖြစ်လည်း ရွေးချယ်ပါ။ •

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၂...၂ | ၄...၂ | ၈...၂ | ၉...၂ |
| ၂...၄ | ၄...၄ | ၈...၄ | ၉...၄ |
| ၂...၈ | ၄...၈ | ၈...၈ | ၉...၈ |
| ၂...၉ | ၄...၉ | ၈...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၁,၇,၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်း မပါဘဲ "**လ**" ဂဏန်းနှင့် "**ခုနှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၁၀ + ၂ + ၀ + ၁ + ၈)= ၂၁ = ၃ ဂဏန်း ရရှိသည်။ သို့ဖြစ်၍ "**၃**"ဂဏန်းကို ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...

| စ... ဆုံး | | | | | |
|---|---|---|---|---|---|
| ၂... | ၂၊ | ၃၊ | ၄၊ | ၈၊ | ၉ |
| ၄... | ၄၊ | ၈၊ | ၉၊ | ၃၊ | ၂ |
| ၈... | ၈၊ | ၉၊ | ၃၊ | ၂၊ | ၄ |
| ၉... | ၉၊ | ၃၊ | ၂၊ | ၄၊ | ၈ |

ဤလတွင် **အင်္ဂါသားသမီးနှင့် ဗုဒ္ဓဟူးသားသမီးများ** ထီကံပွင့်နေပါသည်။

မိမိတို့ဒေသရှိ တန်ခိုးကြီး ဘုရားတစ်ဆူ၏ မိမိမွေးနံ့ အရပ်/ထောင့်တွင်ရှိ ဘုရားတွင် တတ်နိုင်သမျှ ရွှေသင်္ကန်းကပ်လှူပေးပါ။ ရင်ပြင်တော်ကို သန့်ရှင်းရေး (၃)ရက် ဆက်တိုက် ဆောင်ရွက်ပေးပါ။ "အရဟံသိဒ္ဓိ" ဂုဏ်တော်ကို နေ့စဉ် ပုတီးပတ်ရေ မိမိသက်စေ့ စိပ်ပွား ပူဇော်ပါ။

အထက်ပါ အဓိဋ္ဌာန်များပြီးမှ မိမိပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများအား တတ်နိုင်သမျှ အာဟာရဒါနပြုပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။



အထူးဂဏန်း

✦၂၉၄၈၉၂ ✦၄၂၂၈၈၉

✦၈၃၂၄၈၉

*ထီကံ ပွင့်ပါစေ။*

**ဆရာရဲထက်**

**(သုတေသီ)**




# မြစင်ရော်

အမှတ်တံဆိပ်

## အစာအိမ်ဆေး

လေတိုးလေအောင့်၊ အစာမကြေ ရင်ပြည့်ရင်ကယ်၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ လေပွခြင်း၊ လေပူထခြင်း၊ ပျို့အန်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

TMR 007633 (0817)




# မြစင်ရော်

အမှတ်တံဆိပ်

## အနီးပွင့်ဆေး

အအေးမိ၊ နှာစေးချွဲထုပ်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ အသားအရေပူလိုက်ချမ်းလိုက်ဖြစ်ခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ ရာသီအကူးအပြောင်းတွင် ဖြစ်တတ်သည့် တုပ်ကွေးဖျားနှင့် အဖျားရောဂါများ၊ ခေါင်းအုံဖက်လေးခြင်း၊ အမျိုးသမီးများ မီးယပ်သွေးတိမ်ခြင်း၊ ဓမ္မတာလာစဉ်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

# တစ္ဆေခြောက်သော ရေကန်ကြီး

မောသစ္စာရှင်
(ဘုတလင်)



လုဦးသည် ငါးမျှားခြင်းကို အလွန်ဝါသနာပါသူ တစ်ယောက်ဖြစ်သည်။ ဝါသနာပါလွန်းလှသဖြင့် မြစ်များ၊ ချောင်းများ၊ ရေအိုင်များသို့သွား၍ တစ်နေကုန် တစ်နေခန်း ထိုင်၍ ငါးမျှားလေ့ရှိသည်။ စီးပွားရေး မပြေလည်သော ကြောင့် ငါးမျှားခြင်းမျိုးမဟုတ်။

လုဦး၏ မိဘများသည် လုဦး ငါးမျှားသည်ကို မကြိုက်ကြပေ။ သို့သော် ပြောဆို၍ မရသဖြင့် လွှတ်ထားကြသည်။

ဖမ်း၍ရသောငါးများကို မိဘများက မကြိုက်သောကြောင့် အိမ်သို့ ဘယ်သောအခါမျှ ယူဆောင်လေ့မရှိ၊ ဆွေမျိုးများနှင့် အိမ်နားနီးချင်းများကို ပေးဝေပစ်လေ့ ရှိသည်။

နေ့တိုင်း နေ့လယ်ထမင်းစားပြီးသည်နှင့် သူ့ရဲ့လက်စွဲတော် ငါးမျှားချိတ်၊ ငါးစာဘူး၊ ငါးထည့်ရန် အဖွင့်အပိတ်ပါသော ခြင်းတောင်းတစ်လုံး၊ သူကြိုက်နှစ်သက်လှသော ဆေးလိပ်နှင့် မီးခြစ်ထည့်ထားသော လွယ်အိတ်တို့ကိုယူ၍ အိမ်မှထွက်လေ့ရှိသည်။

ရုတ်တရက် ဘယ်ကိုသွား၍ ငါးမျှားရမည် မသိသေး။ ယခုတလော မြစ်အနီးတစ်ဝိုက်တွင် ငါးမျှားနေကျဖြစ်သော်လည်း စိတ်ကျေနပ်လောက်အောင် ငါးသိပ်မရ။

ဒါနဲ့ မြစ်ဘက်သို့ မသွားတော့ဘဲ မြို့မြောက်ဘက်ရှိ (…)ရေကန်ကြီးဆီသို့ထွက်လာခဲ့သည်။ ထိုရေကန်မှာ နာမည်ကောင်းဖြင့် သတင်းမထွက်ဘဲ တစ္ဆေခြောက်သည်ဆိုသော နာမည်ဆိုးဖြင့် နာမည်ကျော်နေသည်။

သို့သော် လုဦး မကြောက်ပါ။ ထိုရေကန်ထဲမှာ

ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်း၊ ငါးရုံ့မစသော ငါးများ ပေါများနေပေလိမ့်မည်။

လှဦး ကန်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ မည်သူ တစ်ဦးတစ်ယောက်မျှ ရှိမနေသောကြောင့် အေးအေး ဆေးဆေး ငါးမျှားရန်နေရာ ရှာလိုက်သည်။ တွေ့လိုက် ပါပြီ...။ **လက်ပံပင်ကြီးတစ်ပင်...။**

ထိုလက်ပံပင်နားမှာထိုင်ပြီး ငါးမျှားရန်နေရာချလိုက် သည်။ လက်ပံပင်ကြီးမှာ ရေစပ်မှာပေါက်နေပြီး လက်ပံ ပင်မြစ်က ရေထဲမှာ ရောက်နေသောကြောင့် အမြစ်ပေါ် သို့တက်၍ ငါးမျှားရန်ပြင်လိုက်သည်။

ဆေးပေါ့လိပ်မီးညှိပါးစပ်မှာခဲ၍ ငါးစာကို ငါးမျှားချိတ် မှာချိတ်ကာ ရေထဲပစ်ချလိုက်ပြီး အေးဆေးစွာ ငါးမျှား နေလိုက်သည်။

လှဦး ငါးမျှားနေသည်မှာ အချိန်အတော်ကြာပြီဖြစ် သည်။ မှောင်ရိပ်ပျိုးတော့မည်ဖြစ်သော်လည်း ငါးများက အလွန်ရလှသောကြောင့် ပြန်ချင်စိတ်မဖြစ်မိသေး။

ထိုစဉ် သူ့နောက်မှ ခြေသံလိုလို တရှပ်ရှပ် ကြားရ သည်။ သစ်ရွက်ခြောက်များပေါ်သို့ လူတစ်ယောက် နင်းဖြတ်လျှောက်လာသလို အသံများ ကြားရသည်။

သူ့နောက်ကျောကို ငါတစ်ယောက်ယောက်က စိုက် ကြည့်နေသလို ခံစားမိသည်။ ယခင်က မကြောက်ပေ မယ့် ယခု ကြောက်စိတ်များ ဝင်လာသည်။

''ပြန်တော့မည်'' ဟု ဆုံးဖြတ်ပြီး ပစ္စည်းများကိုသိမ်း၍ နောက်ကို လှည့်လိုက်တဲ့အခါမှာတော့ သူ့နောက်မှာ အသက်(၂၀)ဝန်းကျင်ရှိသော မိန်းမပျိုတစ်ဦး။ သူမကို မြင်လိုက်တဲ့အခါမှာ လှဦး အသည်းတွေ၊ ကလီစာတွေ ပြောင်းပြန်ဖြစ်သွားလောက်ထိ ကြောက်လန့်မိလေ သည်။

လှဦးမြင်လိုက်ရတဲ့ သူမမျက်နှာက ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မျက်နှာကြီးနှင့် မျက်လုံးများက အပြင်သို့ ထွက်မတတ် ပြူးကျယ်နေလျက် လှဦးဘက်ကို လက် ညှိုးထိုးကာ...

'ငါ့နေရာမှာ ငါးလာမျှားတာ မကျေနပ်ဘူး။ ငါ့ ငါးတွေ အကုန် ပြန်ထားခဲ့'

ဟူသော အသံနက်ကြီးဖြင့် ပြောလိုက်တဲ့အခါ လှဦး



တစ်ယောက် ပစ္စည်းများကိုပင် မယူနိုင်တော့ဘဲ အိမ် သို့ သုတ်ခြေတင်ကာ ပြေးခဲ့ရတော့သည်။

အိမ်သို့ရောက်သောအခါ...

'တစ္ဆေမကြီး... တစ္ဆေမကြီး လက်ညှိုးထိုးပြီး ငါးတွေကိုပြန်တောင်း နေတယ်၊ ကယ်ကြပါဦး... ကယ်ကြပါဦး'

ဟု ဗလုံးဗထွေးပြောပြီး သတိလစ်သွားလေသည်။

ပရိတ်ရေတိုက်ခြင်း၊ ပရိတ်ရေဖျန်းခြင်း၊ ဘုန်းကြီးပင့် ကာ ပရိတ်ရေရွတ်ခြင်းတို့ဖြင့် လှဦး၏မိဘများနှင့် ဆွေမျိုးများအားလုံး အလုပ်ရှုပ်ကုန်ကြလေသည်။ ထိုသို့ ပရိတ်တန်ခိုးတော်ကြောင့် လှဦး သတိပြန်ရလာလေ သည်။

လှဦးသည်လည်း ထိုအချိန်မှစကာ သူဝါသနာပါလှ သော ငါးမျှားခြင်းကို ထာဝရစွန့်လွှတ်လိုက်လေတော့ သည်။

**[ဖြစ်ရပ်မှန်ဇာတ်လမ်းကို အမည်နာလွှဲ၍ ခံစား တင်ပြအပ်ပါသည်။]**

*လိုအင်ဆန္ဒ ပြည့်ဝနိုင်ကြပါစေ...။*

**မေသစ္စာရှင် (ဘုတလင်)**

# ရွှေပြာသဇ္ဇိရသာယန အားဆေးများ

(၁)ကိုယ်/စိတ်ဖြစ်ပေါ်သောရောဂါများသက်သာပျောက်ကင်းစေသည်။

(၂)သက်ကြီးသော်လည်း နုပျိုနေမည်။

(၃)ပညာဉာဏ်၊ အသိအတွေးအမြော်တိုးတက်လာမည်။

(၄)ခန္ဓာကိုယ်ရှိ ဓာတ်(၇)ပါးစင်ကြယ်သန့်ရှင်းတိုးပွားလာမည်။

(၅)ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်အားများ တိုးတက်လာမည်။

(၆)ရွှေပြာသဇ္ဇိ ဥသျှာ အရည်ကို သောက်ခြင်း၊ လိမ်းခြင်း၊ အသုံးပြုခြင်းဖြင့် နုဖွေးလတ်ဆန်းလာပြီး ကျန်းမာလာမည်။



ရသာယနအားဆေး ကိုယ်ခံစွမ်းအားတိုးဆေး ရသာယနများရည်ဆေး ဥသျှာအားဆေးရည်များ

ရွှေပြာသဇ္ဇိ တိုင်းရင်းဆေးကုဆေးခန်း - အမှတ်-၅၂၄/ဂ၊ မဟာဗလလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၇၅၀၃၅

---



# ကြယ်ပါ်ဖျူမင်း

အမှတ်တံဆိပ်

**ဆီးချို၊ သွေးချိုရောဂါဆေး**

ဆီးချိုသွေးချိုကြောင့် မကြာခဏ ဖရင်တပ်ခြင်း။ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း။ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း။ မွေးပွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း နုံးချိခြင်း။ ဖောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း။ လေးလံထိုင်းမှိုင်းခြင်း။ မျက်စိ ဝေဝါးမှုန်ခြင်း။ သားနာပေါက်ခြင်း။ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း။ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

**အမြို့မြို့ရှိ မြန်မာဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**



မှတ်ပုံတင် - TMR ၀၁၁၂၉၄(၁၆၁၅)

လိုင်စင် ၂/၂၈၀၃၊တအဆထလ၊(၂၃၈၅)

ပင်ရုံး **ကြယ်ဖြူမင်း ဆေးတိုက်** အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်ချမ်းလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ။ ၀၉-၇၃၅၀၁၀၄၀၄၄၊ ၀၉-၅၀၀၀၀၄၃၆၊ ၀၉-၅၁၃၈၀၇၈၅

ဖြန့်ချိရေး

(ပြည်မြို့-ဖေးနန်းတော်ကြီးဆေးဆိုင်) (မော်လမြိုင်မြို့-ရွှေပင်ရွှေပင်သက်န်းတိုက်) (မုံရွာမြို့-မြဝတ်ပွင့်ဆေးခန်း) (ပခုက္ကူမြို့-ထက်ဆေးခန်း) (ဖျာပုံမြို့-ဦးတင်မောင်ဆွေ)

(ရန်ကုန်-ကြည့်မြင်တိုင်ဈေး-သီရိမင်္ဂလာ၊ ပွင့်လန်းဆေးဆိုင်)

(ရန်ကုန်-ကျောက်မြောင်း-ကောင်းထက်မောင်ဆေးဆိုင်၊ သုဝဏ္ဏလမ်းထိပ်)

(မော်လမြိုင်ဥက္ကလာပ-စီတာဆေးဆိုင်)

✱ ကိုဝင်းမြင့်-မဟာဘီဆေးမျိုးစုံဆိုင်၊ (၁၅)လမ်းထိပ်၊ ရန်ကုန်မြို့

✱ ကမ္ဘာလုံး ဦးဘညိန်ဆေးတိုက်၊ အမှတ်(၁၆၇)၊ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း၊ ရန်ကုန်မြို့ ဖုန်း - ၂၅၆၄၁၁ (လိုင်းခွဲ-၇၂၅)


စကြာမင်းဆေးတိုက်မှ ထုတ်လုပ်သော
ယမင်းမျို
ရာသီမှန် သွေးသန့် မီးယပ်ဆေး
အမျိုးသမီးများအတွက် ...
ရာသီမှန်တယ် ... သွေးသန့်တယ် ...
မီးယပ်ရောဂါကင်းဝေးစေချင်တယ် ဆိုရင်
ယမင်းမျို သုံးစွဲဖို့ ဖြစ်မယ်...
သွေးဆုံးရောဂါစင်
အသားအရေ စိုပြည်ဝင်းပ
ကျန်းမာဖွံ့ဖြိုး အလှတိုး
ယမင်းမျို့ဆေးတန်ခိုး


ခန္ဓာကိုယ်သွယ်လျ အဆီကျလှပစေတဲ့...
ဆရာမဒေါ်အေးကြင်
အမှတ်တံဆိပ်
ကောရှောက်သီး
အဆီကျဆေး
အဝလွန်သူများနဲ့ အဆီကျဖို့ကျချပ်လိုသူများအတွက်....
ဆရာမဒေါ်အေးကြင်အမှတ်တံဆိပ် ကောရှောက်သီး အဆီကျဆေးသည်
သွေးအတွင်းရှိအဆီပိုများပါ ဖယ်ရှား၍ ခန္ဓာကိုယ်သွယ်လျ
စိုပြည်လှပပြီး ကျန်းမာသွက်လက်စေတဲ့
ဆရာမဒေါ်အေးကြင် အဆီကျဆေး...

# ရွှေနှင်းနှင်း

(အမျိုးသမီးသီးသန့်)

**ဆေးမြစ်စုံဖြင့်...ဆေးကြပ်ထုပ်ထိုးခြင်း၊**

**ဆေးဆီလိမ်းခြင်း၊ ချွေးပေါင်းခြင်း၊ ဆေးပြုတ်ရည်ချိုးခြင်း၊ စိမ်ခြင်း**

❖ လေဖြန်း၊ လေဖြတ်၊ လေးဖက်နာ၊ ကျီးပေါင်းတက်၊ အရိုးပွ၊ ထိခိုက်ရောင်ရမ်း၊ အတွင်းကြေဒဏ်ရာ၊ အကြောအားနည်း၊ အကြောပိတ်၊ အကြောထုံး၊ အကြောလွဲ၊ အကြောကပ်၊ အကြောညှပ်၊ အကြောတက်၊ ခြေလက်ထုံကျဉ်၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ ဇက်ခိုင်၊ အုံးလွဲ၊ ဇက်ကြောတက်၊ လက်ပြင်ဒုပ်၊ ကျောရိုးအောင့်၊ ရင်ဘတ်နာ၊ ရင်သားအကျိတ်၊ ခါးနာ၊ ဒူးနာ၊ အသားပြင်၊ အဆီပြင်၊ သွေးလုံး၊ လေလုံး၊ ဆီးစပ်ကိုက်ခဲ၊ နှာစေးနှာပိတ်၊ ဖောရောင်၊ တစ်ကိုယ်လုံးတောင့်တင်း၊ ညောင်းညာ၊ ကိုက်ခဲ၊ လေးလံထိုင်းမှိုင်း၊ အထိုင်အထခက်၊ ပင်ပန်းနွမ်းနယ်၊ အိပ်မပျော်၊ စားမဝင်၊ လူကမကျန်းမာ၊ ရောဂါလဲ ရှာမတွေ့ခြင်းများကို ယူပစ်လိုက်သလို ချက်ချင်းသက်သာစေပြီး၊ ပြန်လည်သန်စွမ်းကျန်းမာလာစေမည်။ သားဖွားပြီးခါစ အမျိုးသမီးများကို သွေးပုပ် စင်ကြယ်စေ၍ တစ်သားမွေး တစ်သွေးလှဖြစ်စေမည်။ ဓမ္မတာမမှန်၍ ဖြစ်တတ်သော မီးယပ်ရောဂါများကို ဓမ္မတာမှန်ပြီး ပြန်လည်ကျန်းမာလာစေမည်။ မျက်နှာနှင့်အသားအရေကို စိုပြည်ဝင်းပလာစေမည်။ အဆီတိုး၍ ဝဖြိုးနေသူများ အဆီကျပြီး သွယ်လျကျစ်လျစ် လာစေမည်။ ပေါ့ပါးသွက်လက်တက်ကြွရွှင်လန်းကာ အရွယ်တင်နုပျိုလာစေမည်။

*[အချိန် တစ်နာရီခွဲကို ကျသင့်ငွေ ကျပ်( ၂ )သောင်းမျှသာ။]*

အမှတ်(ရှေ့)၊ ဦးဝိစာရလမ်း (၁၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၇၉၉၅ ၆၀၇ ၄၈၅၊ ၀၉-၄၅၀ ၅၇၀ ၉၈၅၊

၀၉-၄၅၈ ၅၈၆ ၁၂၂၊ ၀၉- ၄၄၄ ၅၁၅ ၀၁၁။

*(ကြိုတင်စာရင်းပေးပါ။)*

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နယ်လှည့်အယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူ

## တရုတ်ရိုးရာ မြေကြန်(ဖုန်းရွှေ)ပညာ
## နှင့်
## တရုတ် ဇာတာခွင် သုတေသီ

# Wu Jin Zhi

# ဆရာ ထက်မင်းကျော်စွာ

ထံတွင်




* တရုတ်ဇာတာခွင် (BaZi) ဇာတာ စစ်ဆေးခြင်း။
* ဂူယှဉ်းလက္ခဏာ စစ်ဆေးခြင်း။
* အိမ်ဂေဟာ၊ အလုပ်ခန်း၊ အလုပ်ရုံ မြေကြန် စစ်ဆေးခြင်း။
* မင်္ဂလာဆောင်နံ့ ဇာတာ တိုက်ဆိုင်စစ်ဆေးခြင်း။
* တရုတ်ရိုးရာ အဆောင်အကာ (Fú)များ ပြုလုပ်ခြင်း

တို့အတွက် အောက်ပါ Viber ဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါသည်။

**○ 09 767 171 324**

**○ 09 795 758 005**

**○ 09 253 325 027**

ဆရာနှင့် တွေ့ဆုံနိုင်သည့် နေရပ်လိပ်စာ

Wu Jin Zhi

**ဆရာ ထက်မင်းကျော်စွာ**

အမှတ် ၁၃၄၊ နီဗွာန်လမ်း၊ ပေါင်မြို့ မွန်ပြည်နယ်။

# ဆရာ ရန်အောင်ဟိန်း [B.Sc]

## ခရစ်ရှနားမူတီးပဒ္ဓတိ ရွှေ့ဆောင်နက္ခတ် ဗေဒင်ပညာရှင်

- ▲ ကေပီစနစ်၊ မူလဇာတာ၊ ဟူးရားဇာတာစနစ်များဖြင့် မေးလိုသော အမေး ပြဿနာများကို တိကျပြတ်သားစွာ ဟောကြားပေးနေပါသည်။
- ▲ မွေးချိန်အတိအကျ မသိသူများအတွက် မွေးချိန်အမှန် ရှာ၍ တိကျသော မွေးဇာတာ ထုတ်ပေးပါသည်။
- ▲ ကေပီစနစ် သင်တန်းများလည်း ပေးနေပါသည်။ လွယ်ကူရှင်းလင်းသော စနစ်ဖြင့် အမြန်ဆုံး တတ်မြောက်ရန် သင်ကြားပေးနေပါသည်။
- ▲ ကေပီစနစ် ကွန်ပျူတာ ပရိုဂရမ်များ ရနိုင်ပါသည်။ အသုံးပြု၍ လွယ်ကူစေရပါမည်။
- ▲ ကလေးနာမည်ပေး၊ လုပ်ငန်းများနာမည်ပေး၊ ဆိုင်းဘုတ်အတွက် အရောင်ရွေးချယ်ခြင်း ဆိုင်းဘုတ် တင်သင့်သည့်အချိန် အစီအရင်များ အထူးဆောင်ရွက်ပေးပါသည်။
- ▲ ဆန်းကျမ်းဗေဒင်ပညာ၊ မဟာဘုတ်ဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာဗေဒင်ပညာများ သင်ကြားလိုက ဆက်သွယ်နိုင်ပါသည်။

**ဟောခန်းလိပ်စာ...**


**ဆရာ ရန်အောင်ဟိန်း [B.Sc]**

**ခရစ်ရှနားမူတီးပဒ္ဓတိ ရွှေ့ဆောင်နက္ခတ် ဗေဒင်ပညာရှင်**

**အမှတ်- ၁၈၂ (က) မြေညီထပ်၊ ၃၃-လမ်း၊ အထက်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**Ph: - 01374545, 09 966732993,**

**09 261447766, 09 73119826.**

## ဝန်ထမ်းအမျိုးသမီးတို့၏ အလုပ်အကိုင်ကိစ္စများ ဆန္ဒပြည့်ဝစေမည်

- ❒ လက်ရှိအလုပ်အကိုင်မှာ အဆင့်ရာထူးလစာ အမြန်ဆုံး တိုးတက်ရရှိစေဖို့။
- ❒ လက်ရှိအလုပ်ထက် ပိုကောင်းပြီး လစာဝင်ငွေလည်း ပိုကောင်းသည့် အခြားအလုပ်အကိုင်သစ်တစ်ခုကို အမြန်ဆုံးရှာဖွေရရှိစေဖို့။
- ❒ လက်ရှိအလုပ်နေရာ မြို့ရွာဒေသမှ မပြောင်းမရွှေ့ရဘဲ၊ ဆက်လက်ကြာရှည်နိုင်မြဲစွာ လုပ်ကိုင်နေရစေဖို့။
- ❒ လက်ရှိအလုပ်နေရာဌာန မြို့ရွာဒေသမှ မိမိပြောင်းရွှေ့ချင်သော အလုပ်နေရာဌာန၊ မြို့ရွာဒေသသို့ အမြန်ဆုံး ပြောင်းရွှေ့ခွင့်ရစေဖို့။ လက်ရှိအလုပ်မှ အမြန်ဆုံးထွက်ခွင့်ရစေဖို့။ လက်ရှိလုပ်ငန်းခွင်မှာကြုံတွေ့နေရသော အတိုက်အခံ၊ အနှောင့်အယှက်၊ အခက်အခဲ၊ အကျပ်အတည်း၊ အစွပ်အစွဲအတိုင်အတော ပြဿနာများ အမြန်ဆုံးကင်းရှင်းသွားစေဖို့။

# ဆရာမဒေါ်နှင်းသူဇာဦး (အမျိုးသမီးသီးသန့်)

လက္ခဏာဗေဒင်ယတြာအစီအရင်

တိုက်(၄၀)၊ A-2၊ (ပထမထပ်)၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉-၅၀၉ ၃၈၉၃၊ ၀၉-၇၃၁ ၄၇၀ ၂၄၊ ၀၉-၅၀၆ ၂၈၄၃၊
၀၉-၂၅၀ ၇၇၃ ၆၃၆၊ ၀၉-၇၃၀ ၁၅၉ ၂၄။

(ရပ်ဝေးနယ်မြို့များမှလည်း ဆက်သွယ်နိုင်ပါသည်။)



မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ

# ဆရာကြီး မင်းယက္ခ [နက္ခတ္တရောင်ခြည်]

B,A(MAR),H.G.P.R.A, R.I.D.T.MED(ADVOCATE)

## နက္ခတ်ရောင်ခြည် ဗေဒင်ဟောခန်း

★ ကျမ်းပြုအကျော် သွေးဆေးကန်ဆရာတော် ဦးပညာသီဟ၊ ✝ဗေဒဝိဇ္ဇာ ဆရာ ဦးမောင်ကြီး၊ ✝ထွက်ရိုးပါရဂူ ပုဏ္ဏား ဆရာကာလာစန်၊ ✝ပုဏ္ဏားတော် ဆရာရှိန်၊ ✝ဆရာကြီး လျှပ်စစ် ဦးအုန်းသင်၊ ✝ဆရာကြီး ဖျဉ်းမနား ဦးသန်းမောင်၊ ✝ဆရာကြီး မိုးတား ဦးထွန်းရှိန်၊ ✝ဆရာကြီး ဦးမြင့်သွင်(R.A)၊ ✝ဆရာကြီး မန္တလေးဦးမြကြီး၊ ✝ဆရာကြီး ရန်ကုန် ကျော်ရင်၊ ✝ဆရာ ဦးအေးကျော်၊ ✝မဟာဘုတ်ပါရဂူ ဆရာကြီး ဦးကြာမြင့်တို့၏ ပညာရပ်များနှင့် ဗေဒင်ပညာသက် နှစ်ပေါင်း ငါးဆယ်ကျော်ကို အရင်းတည်လျက် ''ပညာ၊စေတနာ၊မေတ္တာ၊သစ္စာတရား''တို့အပေါ်တွင် အခြေခံကာ ဟောပြော အကြံပေးသည်။

★ ရိုးရိုးဟော၊ အထူးဟော မခွဲခြားဘဲ သိလိုသမျှ ဟောပြောပေးသည်။[၅၀၀၀-ကျပ်]

★ ကလေးအမည်ပေး (၅၀၀၀)ကျပ်၊ ဆိုင်, လုပ်ငန်း, ကုမ္ပဏီ အမည်ပေး (၃၀၀၀၀)ကျပ်၊ (၅၀၀၀၀)ကျပ်။

★ ဟောစာတမ်း (၁၀၀၀၀)ကျပ်**(နှစ်,လ,ရက်,မွေးချိန် သိလျှင်,ဇာတာ)**တို့ကို ဖော်ပြ၍ **(ဦးထွန်းစိန် ၁၂/တမန(နိုင်)၀၁၆၆၉၉၊ ကမ္ဘောဇဘဏ်၊ သဃ်န်းကျွန်းဘဏ်ခွဲ ဖဝန၊ ရန်ကုန်မြို့)**သို့ ငွေလွှဲပါ။ ဟောစာတမ်းမှာလျှင်၊ ငွေလွှဲလျှင် ဖုန်းဆက်အကြောင်းကြားပါ။

★ လိုအပ်လျှင် ဗေဒင်ပညာသာမက ဥပဒေပညာ၊ စီးပွားရေးပညာ၊ အသုံးချ စိတ်ပညာတို့ဖြင့်ပါ ဆွေးနွေး အကြံပေးသည်။

**ဟောခန်း**

**အမှတ် (၂၅၂)၊ အောင်ရတနာ (၁၇)လမ်း၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉-၇၃၀၁၄၅၉၂။**

**[၂၀၉၊ ၂၁၀-အထူး၊ ၅၂၊ ၁၆၁၊ ၄၀-အဝါ၊ ၃၆-အနီ၊ ၃၈-အစိမ်း၊ ၁၉၇-ရွှေအင်းဝ၊ ကမ္ဘာကျော်၊ ပဲခူးကား၊ ဒါးဝိန်ကား စီး၍ လေးထောင့်ကန်လမ်းမကြီးနှင့် မောင်းမကန်လမ်းထောင့် ''နတ်စင်''ကားမှတ်တိုင်တွင် ဆင်းပါ။]**

# ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့)

[လက္ခဏာဗေဒင်ပညာသုတေသီ]

✻ လင်မယား၊ တကျက်ကျက်ရန်မဖြစ်တော့ဘဲ အိမ်ထောင်ရေးအဆင်ပြေ သာယာပျော်ရွှင်ဖို့။ ✻ နောက်ကွယ်မှာ ခြေမများတော့ဘဲ ခြေငြိမ်အိမ်ကပ်ပြီး မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်းသံယောဇဉ်ကြီးနေစေဖို့။ ✻ မိမိပြောစကားအောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့။✻အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီး အဆက်အသွယ်ပြတ်သွားကြဖို့။ ✻အခြားသူပြောစကားနားမယောင်ဘဲ မိမိပြောစကား နားဝင်ပြီး ယုံကြည်လာစေဖို့။ ✻အပေါင်းအသင်းမမက်ဘဲ အချိန်တန် အိမ်ပြန်မှန်မှန်ပြန်လာစေဖို့။ ✻အသောက်အစား၊ အပျော်အပါး၊ လောင်းကစားတွေ အမြန်ဆုံး ကင်းပြတ်သွားစေဖို့။ ✻ လင်မယားကြား အထင်လွဲမှားအောင် နှောင့်ယှက်နေသူ အိမ်မှ အမြန်ဆုံးထွက်သွားစေဖို့၊ ✻ အိမ်မှထွက်သွားသော (ခင်ပွန်း/ဇနီး)အိမ်ကို အမြန်ဆုံးပြန်လာစေဖို့။

(အစွမ်းထက် ယတြာအစီအရင်ပညာဖြင့် တာဝန်ယူပါရစေ။)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၀၉-၅၀ ၆၂၈၄၃၊ ၀၉-၅၁ ၇၇၆၂၂

၀၉-၂၅၂ ၃၀၆၆၇၅၊ ၀၉-၂၆၀ ၄၄၄၈၀၈၊ ၀၉-၇၉၅ ၆၈၇၄၈၅၊ ၀၉-၄၅၀ ၅၇၀၉၈၅၊

၀၉-၄၅၈ ၅၈၆၁၂၂၊ ၀၉-၂၅၀ ၁၆၄ ၂၄၆။

✌ ယုံကြည်အားကိုးမှသာ ဆက်သွယ်ဆောင်ရွက်ပါ ✌





အမိဌာန်အောင်မြင်တဲ့ အပရာဇိတာဆံတော်ရှင် ကျိုက်ပိုင်းဘုရားကြီးမှ

## အမိဌာန်ပါရမီ အကြားအမြင် ဂေါ်သမနောပညာရှင်

# ဆရာမ နန်းစန္ဒာ

ဘဝအခက်အခဲနှင့် ကြုံတွေ့ကြသူတိုင်း ဆရာမရဲ့ အမိဌာန်ကျင့်စဉ်ပညာစွမ်းနဲ့ ဟောပြောပြုလုပ်ပေးရာမှာ အခက်အခဲမရှိ အောင်မြင်ကြောင်းကို ဆရာမရဲ့ သားတပည့် အပေါင်း သိပြီး ဖြစ်ပါတယ်။ "လာခဲ့ပါ" မိတ်သစ်ပဌာန်းဆက်များကို ဖိတ်ခေါ်လိုက်ပါတယ်။ အမိဌာန်ပါရမီအကြားအမြင် ဂေါ်သမနောပညာစွမ်းဖြင့် မရေးမတွက် ရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ရုံမျှဖြင့် သင် ယခုကြုံတွေ့ခံစားနေရတဲ့ ကိစ္စမှန်သမျှကို အံ့သြလောက်အောင် မှန်ရမည်။

အိမ်ထောင်ရေး၊ စီးပွားရေး၊ အချစ်ရေး၊ ခြံ၊ မြေ၊ အိမ်၊ အမွေ၊ နာမည်ခိုက်၊ ဘေးဥပဒ်အန္တရာယ်၊ အမှုအခင်းပြဿနာနဲ့ ကားအရောင်းအဝယ်၊ ပညာရေးအခြေအနေ၊ စာမေးပွဲအောင်/ရှုံးတို့ကို တိကျပြတ်သားစွာ ဟောပြောပြုလုပ်ပေးလို့ စိတ်တိုင်းကျစေရမည်။ သင့်ကံကြမ္မာကို ကျင့်စဉ်၊ ဒေဝယတြာ၊ ဂမ္ဘီရယတြာနည်းတို့ဖြင့် ဇာတာမြှင့်ပေးပါမည်။

ကံဇာတာ စစ်ကြည့်ကြရအောင်၊ ရာထူးအတက်အကျ၊ ထီပေါက်ကိန်းရှိနေရင်တော့ ကျိန်းသေ ထီပေါက်ရမည်။

(နိုင်ငံခြားသွားဖို့ အခက်အခဲရှိနေပြီဆိုရင်တော့ အမြန်ဆုံးသာ လာခဲ့ပါ။)

## သင့်ဘဝ အောင်မြင်ရေးအတွက် ကျိုက်ပိုင်းဘုရားကြီးမှာ

# ဆရာမ နန်းစန္ဒာ ရှိတယ်။

ဟောခန်းဖွင့်ချိန်။ ။ နံနက်(၈)နာရီမှ ညနေ(၅)နာရီထိ(လပြည့်၊ လကွယ်နေ့တိုင်း နားမည်။)

အခန်းအမှတ်(၁၁)၊ ကျိုက်ပိုင်းဘုရား၊ အနောက်ဘက်မုခ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၄၇၀၃၄၁၂၂



သမားစဉ်ဆက် ၊ ဆေးစွမ်းထက်မြက်
စိန်ဘယက်
တိုင်းရင်းဆေးစွမ်းကောင်းများ


စမ်းသပ်လိမ်းကြည့်ပါ။
မည်သည့်ဆေးနှင့်မှမတူ တစ်မူထူးခြားသည့်
B.Sc. အမှတ်တံဆိပ်
B.Sc. တောရှောက်မြစ်
B.Sc. သွားကိုက်ပျောက်ဆေးရည်
ပျောက်ကင်းနိုင်သောရောဂါများ
အဆစ်အမြစ်ကိုက်ခဲခြင်း၊ လေးဖက်နာဖြစ်ခြင်း
လေဖြန်းခြင်း၊ လေဖြတ်ခြင်း၊ သွေးတိုးခြင်း
ခေါင်းကိုက်ခြင်း၊ မူးခြင်း၊ မောခြင်း
ထိခိုက်ရှနာဖြစ်ခြင်း၊ သီမှု၊ မီးပူ
လေထိုးလေအောင့်၊ သဲဝဲစားခြင်း
အံ့သြလောက်အောင်
ဆေးအစွမ်းထက်ကြောင်း
သိပါလိမ့်မည်။
ဆေးအစွမ်းထက်လို့ စွဲသွားသည့်
အထိကြိုက်သွားမှာပါ။
အတုအပသတိပြုပါ။
B.Sc. BRAND
TOOTHACHE
LOTION
ပင်ရင်း-B.Sc တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ပုလဲလမ်း၊ မြို့သစ်၊ ဇေယျဝတီမြို့ ပဲခူးတိုင်း။
09-538 5785,09-444 463317,09-260 669 577,09-5390227,09-792566559,054-85084,054-85185.
K.T.K

ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်
သမားတော် ဒေါက်တာ စင်မောင်လှ C.T.M.P (တဆ -၀၂၂၉၀) Ph.D (Alternative Medicine)(India)
ဆရာမ ကြည်ကြည်မြင့် B.Sc. (Zoo) C.T Medicine(တဆ -၀၃၇၇၂)

# ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါ အမျိုးမျိုး။

နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊အကျိတ်၊အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်စံ၍ ကုသပေးသည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

ဆေးခန်းဖွင့်ချိန် - နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

၀၉ ၄၃၁၉၅၄၄၇၉

အမှတ် - ၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီးမြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့ ☎ -၅၇၇၆၄၄၉၊ ၀၉ ၈၅၁၁၃၁၆၆

မဟာဘုတ်ပါရဂူ ဆရာကြီး ဦးကြာမြင့် နှင့် ဆရာဦးစိုးလင်းတို့၏ တပည့်

## ဆရာဦးခင်ဇော်

သင်၏ တန်ဖိုးရှိသော အချိန်ကို အကျိုးရှိစွာအသုံးချမည်ဆိုလျှင် -

သင်၏ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ရေရှည်အကျိုးစီးပွားဖြစ်စေမည့် အခွင့်အလမ်းများကို ပိတ်ဆို့ဟန့်တား သော့ခတ်ထားခြင်းခံထားရသည့် တံခါးအထပ်ထပ်ကို "နဝင်းစီးပညာ" ဟူသော သော့တံဖြင့် တစ်ချပ်ပြီး တစ်ချပ် ဖွင့်လှစ်ကြည့်ချင်တယ်ဆိုလျှင် - ကျွန်ုပ်နှင့် တွေ့ဖို့လိုပါလိမ့်မည်။

ဘာကြောင့်လဲဆိုရင် - အဲဒီသော့တံလေးဟာ ကျွန်ုပ်ထံမှာ ရှိနေလို့ပါပဲ။

ဆရာဦးခင်ဇော်

အမှတ် (၁၂) မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာမြို့

(ဥက္ကလာပ၊ ဘုတာအနီး)၊ ဖုန်း 09 5097356 / 09 73018801





# မေတ္တာဖြင့် ကူညီမည်



ပါရမီရှင် ဆရာမကြီး ဒေါ်မြမြစိုး ဟောပြောခန်းဖွင့်၍ ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

- ◆ အိမ်ထောင်ရေး ပြိုကွဲနေသူများ။
- ◆ မျှော်လင့်ချက်ကင်းပြီး စီးပွားကျနေသူများ။
- ◆ ချစ်သူ ပစ်ခွာစိမ်းကားသလား။
- ◆ မိမိအား မေတ္တာသက်ဝင် ချစ်ခင်လာစေချင်သလား။
- ◆ ချစ်ခင်သူ မိမိထံ လာစေချင်သလား။
- ◆ ထီပေါက်ကိန်း ရှိပါက ထီနံပါတ်များကို ရွေးချယ်ပေးခြင်း။
- ◆ အရောင်းအဝယ်ကောင်း၍ သွားလေရာ မျက်နှာပွင့်လန်းပြီး ချင်ခင်သူများစေချင်သလား။
- ◆ ရင်သွေးငယ်များ၏ ဘဝခရီး ကြီးပွားတိုးတက်စေရန် ကလေးနှင့်လူကြီးများ၏ အမည်များကို မှန်ကန်စွာ တွက်ချက်ပေးခြင်း။

ဉာဏ်ပူဇော်ခမှာလည်း စေတနာကြေးမျှသာဖြစ်၍ မြောက်၍မဟော၊ ခြောက်၍မဟော၊ အတိအကျ ဟောကြားပေးနေပါသည်။

ရုံးခန်း။ ။ အမှတ် (၂၄၁)၊ အပေါ်ထပ်၊ (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၊ အင်ဝအအေးဆိုင်ရှေ့၊ အနော်ရထာလမ်းမပေါ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

အချိန်။ ။ နံနက် (၁၀)နာရီမှ ညနေ (၅)နာရီထိ နေ့စဉ်ဟောကြားပေးနေပါသည်။ ဖုန်း- ၀၉ ၅၁၅၈၁၃၀

# ပိန္နဲကလေး

အမှတ်တံဆိပ်

## မီးယပ်သွေးပေါ်ဆေး



မီးယပ် သွေးပေါ်ချိန်တွင် မီးယပ်သွေးမပေါ်ခြင်း၊ မီးယပ် သွေးပေါ်နည်းခြင်း၊ မီးယပ်သွေးမမှန်ခြင်း၊
မီးယပ်သွေးချုပ်ခြင်း၊ မီးယပ်သွေးပေါ်ခါနီးအချိန်၊ မီးယပ်သွေးပေါ်နေစဉ်အချိန်တွင်
ခါး၊ တင်၊ ပေါင်၊ ဆီးစပ်၊ ဆီးအုံ ကိုက်ခဲနာကျင်နေသူ အမျိုးသမီးများ
အတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- **TMR** ၀၀၄၂၉၂ (၁၂၁၇)
လိုင်စင်အမှတ် ၄/၂၀၁၆-တဆထလ/တိုး (၀၈၄၁)
ကြော်ငြာခွင့်ပြုချက်-တဆဝက (စာနယ်ဇင်း)၁၀၉/၀၉၁၄

ပင်ရင်း-အမှတ်(၇၇၆)၊ ဗိုလ်ဗလ(၁)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

- လှထုမေတ္တာဆေးမျိုးစုံဆိုင် (၂၄-လမ်း)
- ကိုဝင်းမြင့်+မဘောဘီ ဆေးမျိုးစုံဆိုင်(၁၅-လမ်း)
- သိမ်ကြီးဈေး

၁။ မိဘမေတ္တာဆေးဆိုင်
၂။ ဦးမြင့်ဆွေ-သားများဆေးဆိုင်
၃။ အာရောဂျံဆေးဆိုင်
၄။ ကိုလှစိုးဆေးဆိုင်

- မင်္ဂလာဈေး

၁။ NEOဆေးမျိုးစုံဆိုင်
၂။ ကိုသက်နိုင်ဆေးဆိုင်
၃။ သုခရှမ်းသာဆေးမျိုးစုံဆိုင်
၄။ အာရောဂျံဆေးဆိုင်
၅။ အောင် ဆေးဆိုင်

# ဆရာမ ဒေါ်အေးလဘ်ချမ်း

[လက္ခဏာဗေဒင်+ယတြာအစီအရင်] (အမျိုးသမီးသီးသန့်ဗေဒင်ဟောခန်း)

- ချစ်သူ/ခင်ပွန်းမှ တခြားမိန်းကလေးများ စိတ်မဝင်စားဘဲ မိမိကိုသာ တမ်းတမ်းစွဲဖြစ်နေဖို့။
- ချစ်သူ/ခင်ပွန်းအပေါ် မိမိစကားများကသာ အောင်မြင်စေဖို့။
- ချစ်သူ/ခင်ပွန်း လုပ်ငန်းခွင်တွင် အနှောင့်အယှက်ကင်း၍ အလုပ်အကိုင်အဆင်ပြေစေဖို့။
- ချစ်သူ/ခင်ပွန်းမှ အပေါင်းအသင်း အပျော်အပါး မိန်းမကိစ္စကင်း၍ အိမ်မြဲစေဖို့။
- မိမိတို့ချစ်ခရီးလမ်းတွင် ကြားလူအနှောင့်အယှက်ကင်း၍ ခိုင်မြဲစေဖို့။
- ချစ်သူ/ခင်ပွန်း ရှာဖွေသမျှ မိမိကိုသာ အကုန်အပ်နှံစေဖို့ (သို့မဟုတ်) မိမိတောင်းသလောက် ငွေကြေးများ လွယ်ကူစွာ ရရှိစေဖို့။
- အဆက်အသွယ်ပြတ် ကွဲကွာနေသူထံမှ အဆက်အသွယ်ပြန်ရဖို့ (သို့မဟုတ်) အဆက်အသွယ်ပြန်လုပ်လာစေဖို့။

(ပိတ်ရက်မရှိ)နေ့စဉ် နံနက်(၉း၀၀)နာရီ မှ ညနေ(၄း၀၀)နာရီအထိ ဟောခန်းဖွင့်ပါသည်။

တိုက်-၁၉၉၊ [B-1]၊ မဟာမြိုင်အိမ်ရာ၊ ဦးဖိုးစံရလမ်းမပေါ်၊ ၄၁-ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁ ၉၁၇၆၈၊ ၀၉-၇၃၀ ၄၃၇၁၁၃။

[ယုံကြည်မှုရှိမှ လာ လာခဲ့ပါ]



## ဝိဇ္ဇာဓရ၊ ဂမ္ဘီရ၊ အာဆင့်မြင့်ကိုယ်တွေ့ ပြဒါးဓာတ်ဆေး၊
## ကျမ်းပြုသမားတော် မင်းတင်မောင် တိုင်းရင်း (ဗိတက) အထူးကုဆေးခန်း

၁။ နှလုံးအာရုံကြော အားနည်းရောဂါများ။ (ကျား+မ)သွေးတိုးရောဂါများ။
၂။ နီကင်ဆာ၊ လည်ပင်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အဆုပ်ရောဂါများ။
၃။ ဒူလာသွေးဝမ်း။ မီးယပ်သွေးဝမ်း။ သွေးအန်၊ သွေးလျှံ၊ သွေးခန်းခြောက်ရောဂါများ။
၄။ သုက်လွှတ်မြန်ခြင်း၊ အလိုလိုသုက်ယိုခြင်း။ ရိုဖြူအဆင်းများခြင်း။ ဘီပိုးစီပိုးရောဂါများ။
၅။ အရိုး၊ အဆစ်၊ အကြော ရောင်ရမ်းနာကျဉ်ကိုက်ခဲခြင်း။ လေဖက်နာရောဂါများ။
၆။ မကြာခဏ ကိုယ်ရေယား၊ ချွဲသလိပ်ကျပ် ကလေးသူငယ်နာရောဂါများ။

### ဆရာကိုယ်တိုင် ကုသဓာတ်ဆေးများ

၁။ အာရုံကြောရွှေဓာတ်ဆေး။ ၂။ ရသာယနရွှေပြာဆေး။ ၃။ ရသာယနသံဓာတ်ပြာဆေး။ ၄။ ဟော်မုန်းသွပ်ဓာတ်ပြာဆေး။ ၅။ သွေးအားကောင်း ပြဒါးဆိုး ဓာတ်ပြာဆေး။ ၆။ လေငန်းသေးအန်းဓာတ်ဆေး။ ၇။ အစာဖျက်ဓေတဖော သလေဓာတ်ပြာဆေး။ ၈။ ပိုးခေသရောင်ဓာတ်ဆေးများကို ၁၉၉၄ခုနှစ်မှစ၍ ဆရာကိုယ်တိုင် စမ်းသပ်စားသုံးပြီး(သွေးထွက်ဆိုးကျိုးကင်းကြောင်း)သိပြီးမှ ကုသပေးခြင်းဖြစ်သည်။ ဖော်ပြပါ ဓာတ်ဆေးများကို နေ့စဉ် ယနေ့ထိကိုယ်တိုင် စားသုံးနေ၏။

"ဓာတ်မသေလျှင် လူမသေမည်။ ဓာတ်သေလျှင် သက်ရှည်ကျန်းမာမည်"

အမှတ်-၅၇၉၊ ဘိုကုန်းရပ်၊ သံလွင်ဥယျာဉ်လမ်း။ သံလွင်ဈေး(ရေတွင်းရှေ့)၊ မော်လမြိုင်မြို့။
ဖုန်း-၀၉ ၄၅၅၃၈၉၁၁၀၊ ဖုန်း-၀၉ ၄၂၅၂၉၉၅၅၃၊ ဖုန်း-၀၉ ၂၅၅၉၄၄၄၂၀။



ပွဲလမ်းအလှူအိမ်မှာသုံး လက်ဆောင်ပေးရန်အကောင်းဆုံး
YUZANA
LEPHETandASSORTEDFRIES
ယုဇနလက်ဖက်နှင့်အကြော်စုံ
ယုဇနလက်ဖက်နှင့်အကြော်စုံ
အမှတ်-၂၂ နဝဒေးလမ်း
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁၂၄၂၅၂၆၊ ၀၁၂၅၅၅၂၅၊ ၀၁၂၅၅၆၃၅
MaungMaungHlaMyint